# ဓမ္မဗိမာန်

# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်

ဓမ္မဗိမာန်ကျမ်းစာ အမှတ်(၄)

သာသနာ-၂၅၄၇ ကောဇာ-၁၃၆၅ ခရစ်-၂၀၀၃

# ဓမ္မဗိမာန်

# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်

ဓမ္မဗိမာန် ကျမ်းစာအမှတ်(၄)

သာသနာ -၂၅၄၇ ကောဇာ -၁၃၆၅ ၂၀၀၃ -ခုနှစ်

၂၇၈၀၉

ပုံနှိပ်ခြင်း

၂၀၀၃-ခုနှစ်၊ မေလ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်မောင်
(မှတ်ပုံတင် အမှတ် ၅၂၄/၀၂၄၀၅)က ထုတ်ဝေ၍-
သာသနာရေးဦးစီးဌာနအတွက်-
ဦးဝင်းမြိုင်(၀၂၄၈၆)၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၁၃၊ ၃၄-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

# ဓမ္မဗိမာန်ဆရာတော်
# အရှင်သာသန၏ အမှာစာ

မိမိ၏ ပစ္စည်းလေးပါး ဒကာမကြီး ဒေါက်တာဒေါ်ခင်ခင်ရီသည် မိခင်ကြီး ဒေါ်စန်းရီ၏ ပရိယတ္တိသာသနာတော်ကို အထူး အားပေးထောက်ပံ့ လှူဒါန်းရန် တဖွဖွ မှာကြားချက်ကို ဦးထိပ်ပန်ဆင်၍ ဓမ္မဗိမာန် တည်ထောင်ရန် နဝကမ္မ ဝတ္ထု ကျပ်သိန်းတစ်ရာ မတည်လှူဒါန်းခဲ့သည်။ ထိုနဝကမ္မဝတ္ထုဖြင့် ဓမ္မဗိမာန်ကို ၁၃၆၃-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၂)ရက် (၃၊ ၁၀၊ ၂၀၀၁)နေ့၌ တည်ထောင်ခဲ့သည်။ ဓမ္မဗိမာန် မိသားစု၏ အဓိက ဦးတည်ချက်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားရေးပင် ဖြစ်သည်။ ဓမ္မဗိမာန်၏ ရည်ရွယ်ချက် များစွာ အနက် စာပေပြိုင်ပွဲ ကျင်းပခြင်းနှင့် ပိဋကတ်ဝတ္ထု ပြုစုရေးသားခြင်းတို့ကို စတင် အကောင်အထည်ဖော်ခဲ့သည်။ ဤနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်မှာ ပိဋကတ် ဝတ္ထုများထဲမှ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ပိဋကတ်သုံးပုံလာ ဝတ္ထု အားလုံးကို ဆရာ(၃၆)ဦးအား အသီးသီး ခွဲဝေ၍ မြန်မာပြန်ဆို ရေးသား စေခဲ့သည်။ ထို(၃၆)ဦးထဲ၌ **ဆရာဦးငွေသန်း(B.A; R.A; CPA)**အား ဤနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ကို ရေးသား စေခဲ့သည်။ အဓိက ရည်ရွယ်ချက်မှာ အခြားဝတ္ထုများကို မရိုက်နှိပ်မီ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ကို ဦးဦးဖျားဖျား ရိုက်နှိပ် ပူဇော်ရန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓ၏အကြောင်းကို ကောင်းကောင်းကြီး သိထားသင့်သည်။ ဗုဒ္ဓ၏ အကြောင်းကို ကောင်းကောင်း မသိသေးလျှင် ဗုဒ္ဓဘာသာဝင် မပီသသေးချေ။ ဒေါင်ဒေါင်မြည် ဗုဒ္ဓဘာသာဝင် မဟုတ် သေးပေ။ သို့ဖြစ်၍ ကလေးသူငယ်များမှစပြီး ဗုဒ္ဓ၏ အကြောင်းကို ကောင်းကောင်းကြီး သိစေရန် ရည်သန်၍ ဤဗုဒ္ဓဝင်ကျမ်းစာကို စီစဉ် ရပါသည်။

ဤဗုဒ္ဓဝင်ကျမ်းစာကို ဖတ်ရှုခြင်းကြောင့် ရရှိနိုင်သော အကျိုးများမှာ ဘုရားရှင်အပေါ်၌ ဂါရဝတရား ကြီးမားခြင်း၊ ကြည်ညိုမှုသဒ္ဓါတရား ကြီးမားခြင်း၊ သတိတရား ကြီးမားခြင်း၊ ပညာတရား ကြီးမားခြင်း၊ ကောင်းမှု ကုသိုလ် များပြားခြင်း၊ များစွာ နှစ်သက်ဝမ်းမြောက်ရခြင်း၊ ဘေးရန် အန္တရာယ် တို့ကို သည်းခံနိုင်ခြင်း၊ ဆင်းရဲဒုက္ခကို သည်းခံနိုင်ခြင်း၊ ဘုရားရှင်၏ ရှေ့တော်မှောက်မှာ နေရသကဲ့သို့ မှတ်ထင်ခြင်း၊ ခန္ဓာကိုယ်မှာ စေတီကဲ့သို့

ပူဇော်ထိုက်ခြင်း၊ ဘုရားဖြစ်ရန် ဆန္ဒအထိ ဖြစ်ပေါ်တတ်ခြင်း၊ အပြစ်ကျူးလွန် ဖွယ်ရာ ကြုံတောင်မှ ဘုရားရှင်ကို မျက်စိထဲ မြင်၍ မကျူးလွန်တော့ခြင်း၊ နောင်တမလွန်၌ ကောင်းသော ဘဝသို့ လားရောက်နိုင်ခြင်း စသည်တို့ ဖြစ်သည်။

ဤကျမ်းစာကို ပြုစုရာ၌ အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဆောင်ရွက်၍ သာသနာပြုကုသိုလ် ယူကြကြောင်း မှတ်တမ်းတင် အပ်ပါသည်။

(၁) ဆရာတော် ဦးသာသန(ဓမ္မာစရိယ၊ အမ်. အေ) (စီစဉ်သူ)
(၂) ဆရာဦးလှသိန်းထွဋ်(ဓမ္မာစရိယ၊ ဘီ. အေ၊ ဗဟိုတရားရုံးရှေ့နေ) (စာတည်း)
(၃) ဆရာဦးထွန်းဦး(မဟာဓမ္မာစရိယ၊ အမ်. အေ၊ ပါဠိပါရဂူ၊ ပိဋကတ္တယပါရဂူ) (စာတည်း)
(၄) ဆရာဦးငွေအောင်မွန်(ဓမ္မာစရိယ၊ ဘီ. အေ၊ ဘီ. အီး. ဒီ၊ ပါဠိပါရဂူ) (စာတည်း)
(၅) ဆရာဦးခင်မောင်အစ်(ဓမ္မာစရိယ၊ ဘီ. အေ) (စာတည်း)
(၆) ဆရာဦးစန်းလွင်(ဓမ္မာစရိယ၊ ဒီယဘာဏက) (စာတည်း)
(၇) ဆရာဦးထွန်းနိုင်(ဓမ္မာစရိယ) (စာတည်း)
(၈) မခင်ခင်သိန်း (ကွန်ပျူတာစာစီ)
(၉) ကိုသန်းဇော်ဦး (ကွန်ပျူတာစာစီ)
(၁၀) မနှင်းရီ (ကွန်ပျူတာစာစီ)
(၁၁) ကိုကောင်းထွဋ်ဇော် (ကွန်ပျူတာစာစီ)
(၁၂) ကိုကျော်သက်ဇော် (ကွန်ပျူတာစာစီ)
(၁၃) ကိုဖိုးလုံး (ရုံးအကူ)

အထက်ပါ ပုဂ္ဂိုလ်များမှာ ဤကျမ်းစာကိုသာမက ဣတိဝုတ် ပါဠိတော်နိဿယ၊ သီလက္ခန် အဋ္ဌကထာ မြန်မာပြန်၊ ပိဋကတ်ဝတ္ထုလမ်းညွှန် စသော ကျမ်းစာများကိုပါ ရိုက်နှိပ် ထုတ်ဝေရန် စီစဉ်နေကြပြီ ဖြစ်ပါသည်။

အရှင်သာသန
၂၄၊ ၄၊ ၂၀၀၃

# နိဒါန်း

ဗုဒ္ဓဝင်ဆိုသည်မှာ "ဗုဒ္ဓဝံသ" ပါဠိမှ ဖြစ်လာသော ပါဠိသက် မြန်မာဝေါဟာရ ဖြစ်၏။ ဘုရားရှင်တို့၏ ဖြစ်စဉ်၊ ဘုရားရှင်တို့၏ အကြောင်းအရာ၊ ဘုရားရှင်တို့၏ အတ္ထုပ္ပတ္တိ-ဟု အဓိပ္ပါယ်ရသည်။ ထိုအဓိပ္ပါယ်ကို ရည်၍ "ဘုရားကြောင်းအင်၊ ဗုဒ္ဓဝင်ကို၊ နာလျှင်ဉာဏ်သွား၊ သူတော်များတို့"ဟု ဗုဒ္ဓုပ္ပတ္တိပျို့၌ စာဆိုအကျော် အရှင်မဟာသီလဝံသ ဆရာတော် ဖွဲ့ဆိုတော်မူခဲ့သည်။

လောကတွင် ဘာသာတိုင်း ဘာသာတိုင်း၌ ဘာသာဝင်တို့သည် မိမိတို့ ကိုးကွယ်နေသော ဘုရား၏ ဖြစ်တော်စဉ် အကြောင်းအရာများကို သိရှိနားလည်ထားကြရသည်မှာ လောကဓမ္မတာပင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည်လည်း မိမိတို့ကိုးကွယ်နေသော ရှင်တော် ဗုဒ္ဓဂေါတမ၏ ဘုရားကြောင်းအင် ဗုဒ္ဓဝင်ကို တလေးတစား နားလည်ထားသင့်ကြပေသည်။

အမှန်ဆိုရသော် ဗုဒ္ဓဘာသာဝင် လူငယ်လူရွယ်တို့မှာ မိဘတို့က ဗုဒ္ဓဘာသာ ဖြစ်ကြသဖြင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြ၏။ ထို့ကြောင့် မိမိတို့ဘာသာ၌ နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှု သဒ္ဓါစစ် သဒ္ဓါမှန်နှင့် ပြည့်စုံသူများကား ရှားကြ၏။ ထိုယုံကြည်မှု သဒ္ဓါမျိုးဖြစ်လာရန်မှာ "ဗုဒ္ဓကြောင်းရာ၊ ကောင်းစွာသိမှ၊ ဗုဒ္ဓကို လည်းကြည်ညိုမည် (ယုံကြည်မည်)"ဟု အမရပူရ မဟာဂန္ဓာရုံဆရာတော် ဘုရားကြီး လမ်းညွှန်ဆုံးမ ထားတော်မူသည့်အတိုင်း မိမိတို့ကိုးကွယ်နေသည့် ဗုဒ္ဓ၏ အကြောင်းအရာများကို ပထမဆုံး များစွာ သိရှိနားလည်ထားရန် လိုပါသည်။

ဘုရားရှင်ကို ကြည်ညိုမှ ဘုရားဟောတရားနှင့် ဘုရား၏ တပည့်သာဝက သံဃာများကိုလည်း ကြည်ညိုမည်။ ယုံကြည်မည်။ ဤသို့ ရတနာသုံးပါးတို့ကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သည့် သဒ္ဓါတရားမျိုးရှိပါမှ သရဏဂုံ ဆောက်တည်လျှင် သရဏဂုံတည်၍ ဗုဒ္ဓဘာသာဝင် ဥပါသကာ ဖြစ်လာနိုင်၏။

ထို့ကြောင့်ရှေးကျမ်းဂန်တတ် ဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ မိမိတို့ ကိုးကွယ်နေသည့် ဂေါတမဘုရားရှင်၏ ဖြစ်စဉ်ကြောင်းရာတို့ကို ကောင်းစွာသိရှိ နားလည်ကြစေရန် ရည်ရွယ်ပြီး —

၁။ တထာဂတဥဒါနဒီပနီကျမ်း (ဒီပဲယင်းဆရာတော်၊ အတွဲ-၅တွဲ၊ နှာ-၁၄၁၅)

၂။ မာလာလင်္ကာရကျမ်း (ဒုတိယမဲထီးဆရာတော်၊ အတွဲ-၅တွဲ၊ နှာ-၃၃၅)

၃။ ဇိနတ္ထပကာသနီကျမ်း (ကျီးသဲလေးထပ်ဆရာတော်၊ နှာ-၈၂၀)

၄။ ဇမ္ဗူ့မိတ်ဆွေ မဟာဗုဒ္ဓဝင်ကျမ်း (ငါးခုံဆရာတော်၊ အတွဲ-၃တွဲ၊ နှာ-၆၀၀)

၅။ မူလဗုဒ္ဓဝင်ကျမ်း (ကျမ်းပြုသူမပါ၊ နှာ-၁၇၁)

၆။ သုဓမ္မဝတီ ဗုဒ္ဓဝင်ဝတ္ထု (ဗုဒ္ဓဝင်ဦးထွန်းစိန်၊ နှာ-၅၁၂)

၇။ ဝိုင်အမ်ဘီအေ ရုပ်စုံဗုဒ္ဓသာသနာဝင် (မဟာဂန္ဓာရုံဆရာတော်၊ နှာ-၆၅)

၈။ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် (မင်းကွန်း တိပိဋကဓရဆရာတော်၊ အတွဲ-၆တွဲ၊ နှာ-၄၆၀၃)

စသည်ဖြင့် ဗုဒ္ဓဝင်ကျမ်း အစောင်စောင်တို့ကို ကြိုးစားပြုစုခဲ့ကြသည်။

ဤသို့ ရှေးဆရာတော်ဘုရားကြီးများသည် ဗုဒ္ဓဝင်ကျမ်းများကို အကျဉ်းအကျယ်တစ်မျိုး၊ အလယ်အလတ်တစ်ဖုံ စုံနေအောင် ပြုစုရေးသား ခဲ့ကြသော်ငြားလည်း ထိုဗုဒ္ဓဝင်စာအုပ်များကို လူတို့ဖတ်ရကောင်းသော စာအုပ်များဟူ၍ သိသည့် ဗုဒ္ဓဘာသာဝင်များကား အလွန်ရှား၏။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင် လူလတ်ပိုင်း၊ လူကြီးပိုင်းများပင် ဗုဒ္ဓဝင်လာ အကြောင်းအရာများကို ကောင်းစွာ မသိရှိကြချေ။

ဝိုင်အမ်ဘီအေအသင်းကြီး၌ အခြေခံဗုဒ္ဓအဘိဓမ္မာ သင်တန်းကို ပို့ချခဲ့စဉ်က အဘိဓမ္မာသင်တန်းသားအချို့ကို "ဘုရားအလောင်းဟာ ဒုက္ကရစရိယကို ဘယ်နေရာမှာ ကျင့်ခဲ့သလဲ၊ ဒုက္ကရစရိယ-၆နှစ် ကျင့်လို့ဘုရား ဖြစ်တာလား၊

စျာန်ကျင့်စဉ်တွေကို ဘုရားလောင်းသင်ယူခဲ့တဲ့ ဂိုဏ်းဆရာရသေ့ကြီး နှစ်ဦးဟာ ဘယ်သူတွေလဲ၊ ဒီလိုသင်ယူခဲ့ပါလျက် ဘုရားမှာ ဆရာမရှိဟု ဘယ်လိုပြောနိုင်သလဲ၊ "ရသေ့ညီနောင် ရှင်တစ်ထောင်" ဆိုတာကော သိသလား၊ ရသေ့ညီနောင်သုံးဦးတို့ရဲ့ နာမည်က ဘယ်လိုခေါ်သလဲ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီး နောက်ဆုံး မှာကြားချက်က ဘာလဲ စသည်ဖြင့် ဗုဒ္ဓဝင်မေးခွန်းများကို မေးမြန်းခဲ့ဖူး၏။ မေးမြန်းချက် အားလုံးလိုလိုကိုပင် မဖြေနိုင်ကြသဖြင့် တအံ့တသြ ဖြစ်ခဲ့ရ၏။ အလွယ်ဆုံးဖြစ်သည့် ဒုက္ကရစရိယကျင့်သော နေရာကိုပင် "မိဂဒါဝုန်တော"ဟု ချည်း ဖြေကြသဖြင့် သူတို့ဗုဒ္ဓဝင်ကို သေသေချာချာ မသိကြောင်း မလေ့လာ မဖတ်ရှုဖူးကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ဤသို့ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ "ဗုဒ္ဓကြောင်းရာ ဗုဒ္ဓဝင်ကျမ်းအများ"ကို မလေ့လာမဖတ်ရှုဖြစ်ကြခြင်းသည် ယခုရှိနေသော ဗုဒ္ဓဝင်ကျမ်းစာအုပ်များမှာ အလွန်ကျယ်လွန်း၊ အလွန်စာမျက်နှာများလွန်းသောကြောင့် ဖြစ်သည်"ဟု ယူဆပါသည်။ ဥပမာ စာမျက်နှာ (၈၂၀)ရှိ ဇိနတ္ထပကာသနီကျမ်း၊ အတွဲ-၆တွဲ(အုပ်ရေ-၈အုပ်) စာမျက်နှာပေါင်း(၄၆၈၃)ရှိသော ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင် ကျမ်းကြီးများ ကဲ့သို့ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်သူတော်စင် လူကြီး လူငယ် လူရွယ် လူလတ်အားလုံးတို့ ဖတ်ရှုချင်လာအောင်, ဖတ်ရှုဖြစ်အောင် စိတ်ဝင်စားဖွယ်ရာ, ကြည်ညိုချင်ဖွယ်ရာ ဗုဒ္ဓတ္ထစရိယ၊ လောကတ္ထစရိယ၊ ဉာတတ္ထစရိယ စသော အဓိက အချက်အလက်များ စုံစုံလင်လင် ပါဝင်သော အနှစ်ချုပ် ဂေါတမဗုဒ္ဓဝင်ကျမ်း တစ်ကျမ်း ဗုဒ္ဓဘာသာဝင်များ အဖို့ အထူးလိုအပ်နေပါသည်။ ထိုလိုအပ်ချက် ကွက်လပ်ကို ဖြည့်ပေးရန် အတွက် ဤဗုဒ္ဓဝင်ကျမ်းကို ရေးသားပြုစုရခြင်းဖြစ်ပေသည်။ ဤသည်ပင်လျှင် ဤဗုဒ္ဓဝင်ကျမ်းကို ရေးသားပြုစုခြင်း၏ အကြောင်းရင်း နိဒါန်း ဖြစ်ပေသည်။

## မိတ်ဆက်လွှာ

ဤကျမ်းစာအုပ်ကို မဖတ်ရှု မလေ့လာမီ စာဖတ်ပရိသတ်များအား ဤစာအုပ်နှင့်မိတ်ဆက်ပေးလိုပါသေးသည်။ ဤစာအုပ်တွင် နှစ်ကိုပ်ရှစ်ဆူ

ဗုဒ္ဓဝင်နှင့် သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်ဟူ၍ အပိုင်းကြီး ၂-ပိုင်း ခွဲ၍ တင်ပြထားပါသည်။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်တွင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အတွင်း၌ တဏှင်္ကရာဘုရားအစ အရိမေတ္တေယျဘုရားအဆုံး နှစ်ကျိပ် ကိုးဆူသော မြတ်စွာဘုရားများ ပွင့်တော်မူရာတွင် ဂေါတမဘုရားလောင်းသည် တဏှင်္ကရာဘုရား၊ မေဓင်္ကရာဘုရား၊ သရဏင်္ကရာဘုရား ဤဘုရားသုံးဆူတို့ ထံတော်များ၌ ဗျာဒိတ်မရခဲ့ဘဲ၊ ဒီပင်္ကရာဘုရားမှ စ၍ ကဿပဘုရားအထိ နှစ်ကျိပ် လေးဆူသော ဘုရားများ၏ ထံတော်၌သာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့သည်။ ဤအခန်း၌ ဂေါတမဘုရားလောင်း ဗျာဒိတ် ပန်ဆင် ခဲ့သည့် နှစ်ကျိပ်လေးဆူသော ဘုရားရှင်တို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ်များ အပြင် ဗုဒ္ဓဝင်များတွင် ဖေါ်ပြလေ့မရှိသော တဏှင်္ကရာ၊ သရဏင်္ကရာ၊ မေဓင်္ကရာ ဘုရားသုံးဆူတို့၏ ဗုဒ္ဓဝင်အကျဉ်းချုပ်များကိုပါ ဖေါ်ပြထားရာ ၂၈-ဆူ ဘုရားရှင်တို့၏ ဗုဒ္ဓဝင်များကို တဝကြီး ဖတ်ရှုကြရမည် ဖြစ်သည်။

အခန်း (၂)မှာ ဂေါတမဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံတော်မှ နိယတဗျာဒိတ်ခံယူတော်မူခန်းဖြစ်၏။ သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်ကိုမူ သုမေဓာရသေ့ကလေး ဆုတောင်းခန်းမှ စ၍ ဘုရားရှင် ပရိနိဗ္ဗာန်စံခန်းအထိ အခန်းပေါင်း(၁၅)ခန်း ခွဲကာ စီစဉ် တင်ပြထား၏။

အခန်း(၁)မှာ သုမေဓာဆုတောင်းခန်းဖြစ်သည်။ ထိုအခန်းတွင် ဘဝအကျဉ်းထောင်မှ လွတ်မြောက်ကြောင်းလမ်းစဉ် ရှာမှီးရေးနှင့် ပတ်သက်၍ "ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဖို့ရာ၊ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ချေ။ မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွက်မရှိလေ" စသည်ဖြင့် သုမေဓာသူဌေးသား ကလေး၏ အဆင့်မြင့်၍ သဘာဝကျပြီး မြင်နိုင်ခက်သော စဉ်းစားတွေးခေါ် ချက်များကိုလည်းကောင်း၊ သုမေဓာရသေ့နှင့် သုမိတ္တာသူဌေးသမီးတို့၏ ဆုပန်ကြပုံကိုလည်းကောင်း ပွဲဦးထွက် စိတ်ဝင်တစား ဖတ်ရှုလေ့လာကြရ ပေမည်။ ပါရမီများဖြည့်ကျင့်ခန်းကား အခန်း(၃) ဖြစ်၏။ ဘုရားဖြစ်ရန် ပါရမီ များကို ဖြည့်ကျင့်ရသည် ဖြစ်သောကြောင့် ပါရမီများကို ဖြည့်ကျင့်ခြင်းသည်

စရိယသုံးပါးတွင် ဗုဒ္ဓတ္ထစရိယ ဖြစ်သည်။ ထိုအခန်း၌ ဘုရားအလောင်းတော် သူမြတ်၏ ဒါနစသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ ဖြည့်ကျင့်ခဲ့ပုံတို့ကို သက်ဆိုင်ရာ ဝတ္ထုသာဓက အထောက်အထားများစွာတို့ဖြင့် တန်ဆာဆင်၍ တင်ပြထားရာ ဘုရားရှင်အား ဘုရားလောင်းဘဝမှာပင် ကြည်ညိုသဒ္ဓါစိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်ကို တွေ့ရှိခံစားကြရမည် ဖြစ်ပါသည်။

အလောင်းတော် ပဋိသန္ဓေယူခန်းမှစ၍ ဘုရားရှင် ပရိနိဗ္ဗာန်စံခန်း အထိ ကျန်(၁၂)ခန်းတို့ကား ရှင်တော်ဗုဒ္ဓ၏ နောက်ဆုံးဘဝ ဖြစ်တော်စဉ်များ ဖြစ်၍၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော် မူသော ဘုရားရှင်၏ ထိုဖြစ်တော်စဉ်များကို မကျဉ်းမကျယ်၊ သိပ်သိပ် သည်းသည်း၊ အချက်အလက်စုံစုံ၊ အကွက်စေ့စေ့ လွယ်ကူသော ဝေါဟာရ အသုံးအနှုန်း များဖြင့် ရေးသားတင်ပြထားပါသည်။

ထို့ကြောင့် ထိုအခန်းများတွင် အံ့သြဖွယ်ရာ၊ ချီးကျူးဖွယ်ရာ၊ စိတ်ဝင်စား ဖွယ်ရာ၊ ကြည်ညိုသဒ္ဓါ အဖြာဖြာဖြစ်ဖွယ်ရာ၊ စိတ်ကြည်နူးချမ်းမြေ့ဖွယ်ရာ အကြောင်းအရာ အဖြာဖြာတို့ကို စုံလင်စွာ ဖတ်ရှုကြရပြီး မိမိတို့ကိုးကွယ်သော သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအပေါ်၌ ရှေးကနှင့်မတူ တစ်မူထူးခြားစွာ မတုန်မလှုပ် သက်ဝင်ယုံကြည်မှု ကြည်ညိုမှု သဒ္ဓါတရားများ တဖွားဖွား ပေါ်ပေါက်လာကြမည် ဖြစ်ပါသတည်း။

ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)
မဟာသဒ္ဓမ္မဇောတိကဓဇ

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ | က |
| | နိဒါန်း | ဂ |


## နှစ်ကိုပ်ရှစ်ဆူဗုဒ္ဓဝင်

| | | |
|---|---|---|
| ၁။ | ဘုရားပွင့်ရာကပ်ကမ္ဘာ | ၁ |
| ၂။ | တဏှင်္ကရဗုဒ္ဓဝင် | ၄ |
| ၃။ | မေဓင်္ကရဗုဒ္ဓဝင် | ၆ |
| ၄။ | သရဏင်္ကရဗုဒ္ဓဝင် | ၈ |
| ၅။ | ဒီပင်္ကရဗုဒ္ဓဝင် | ၁၀ |
| ၆။ | ကောဏ္ဍညဗုဒ္ဓဝင် | ၁၉ |
| ၇။ | မင်္ဂလဗုဒ္ဓဝင် | ၂၇ |
| ၈။ | သုမနဗုဒ္ဓဝင် | ၃၈ |
| ၉။ | ရေဝတဗုဒ္ဓဝင် | ၄၅ |
| ၁၀။ | သောဘိတဗုဒ္ဓဝင် | ၅၂ |
| ၁၁။ | အနောမဒဿီဗုဒ္ဓဝင် | ၅၉ |
| ၁၂။ | ပဒုမဗုဒ္ဓဝင် | ၆၅ |
| ၁၃။ | နာရဒဗုဒ္ဓဝင် | ၇၂ |
| ၁၄။ | ပဒုမုတ္တရဗုဒ္ဓဝင် | ၈၀ |
| ၁၅။ | သုမေဓဗုဒ္ဓဝင် | ၈၇ |
| ၁၆။ | သုဇာတဗုဒ္ဓဝင် | ၉၄ |
| ၁၇။ | ပိယဒဿီဗုဒ္ဓဝင် | ၁၀၁ |
| ၁၈။ | အတ္ထဒဿီဗုဒ္ဓဝင် | ၁၁၁ |
| ၁၉။ | ဓမ္မဒဿီဗုဒ္ဓဝင် | ၁၁၈ |
| ၂၀။ | သိဒ္ဓတ္ထဗုဒ္ဓဝင် | ၁၂၅ |
| ၂၁။ | တိဿဗုဒ္ဓဝင် | ၁၃၂ |
| ၂၂။ | ဖုဿဗုဒ္ဓဝင် | ၁၃၉ |
| ၂၃။ | ဝိပဿီဗုဒ္ဓဝင် | ၁၄၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | သိခီဗုဒ္ဓဝင် | ၁၅၂ |
| ၂၅။ | ဝေဿဘူဗုဒ္ဓဝင် | ၁၅၈ |
| ၂၆။ | ကကုသန္ဓဗုဒ္ဓဝင် | ၁၆၅ |
| ၂၇။ | ကောဏာဂမနဗုဒ္ဓဝင် | ၁၇၁ |
| ၂၈။ | ကဿပဗုဒ္ဓဝင် | ၁၇၇ |


## သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်

### သုမေဓာ ဆုတောင်းခန်း


| | | |
|---|---|---|
| ၁။ | လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအစ | ၁၈၄ |
| ၂။ | ဘဝ၏ကျဉ်းကျပ် ဆင်းရဲမှုကို ဆင်ခြင်မိခြင်း | ၁၈၄ |
| ၃။ | သုမေဓာပုဏ္ဏား တောထွက်တော်မူခြင်း | ၁၈၆ |
| ၄။ | ဒီပင်္ကရာဘုရားရှင် လောက၌ ပွင့်တော်မူခြင်း | ၁၈၇ |
| ၅။ | ဒီပင်္ကရာဘုရားရှင် ကြွလာတော်မူခြင်း | ၁၈၈ |
| ၆။ | ဒီပင်္ကရာဘုရားရှင်ထံ ဆုပန်ခြင်း | ၁၉၀ |
| ၇။ | ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူခြင်း | ၁၉၁ |
| ၈။ | နတ်လူတို့ကြွေးကြော်၍ ဆုတောင်းကြခြင်း | ၁၉၃ |
| ၉။ | သုဒ္ဓါဝါသဗြဟ္မာကြီးများ လာရောက် လျှောက်ထားကြခြင်း | ၁၉၃ |
| ၁၀။ | မုချဘုရားဖြစ်မည်ဟု ဆင်ခြင်တော်မူခြင်း | ၁၉၅ |
| ၁၁။ | ဘုရားဖြစ်ရန် အကျင့်ကိုရှာမှီး၍ ကျင့်တော်မူခြင်း | ၁၉၆ |


### ပါရမီများ ဖြည့်ကျင့်တော်မူခန်း


| | | |
|---|---|---|
| ၁၂။ | အလောင်းတော် ပါရမီဖြည့်ကျင့်တော်မူခြင်း | ၁၉၉ |
| ၁၃။ | ဒါနပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၁၉၉ |
| ၁၄။ | သီလပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၁ |
| ၁၅။ | နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၄ |
| ၁၆။ | ပညာပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၆ |
| ၁၈။ | ခန္တီပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၆ |
| ၁၉။ | သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၇ |
| ၂၀။ | အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၀၉ |
| ၂၁။ | မေတ္တာပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၁၀ |
| ၂၂။ | ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခြင်း | ၂၁၁ |
| ၂၃။ | စရိယာသုံးပါး | ၂၁၁ |
| ၂၄။ | စွန့်ခြင်းကြီးငါးပါး(ပဉ္စမဟာပရိစ္စာဂ) | ၂၁၂ |
| ၂၅။ | ပါရမီဆယ်ပါး အပြားသုံးဆယ် | ၂၁၃ |

**အလောင်းတော်ပဋိသန္ဓေ ယူတော်မူခန်း**

| | | |
|---|---|---|
| ၂၆။ | အလောင်းတော် သေတကေတုနတ်သားဖြစ်ခြင်း | ၂၁၅ |
| ၂၇။ | ဘုရားပွင့်မည့်အကြောင်း ကောလာဟလဖြစ်ခြင်း | ၂၁၅ |
| ၂၈။ | လူ့ပြည်၌ ပဋိသန္ဓေယူရန် နတ်ဗြဟ္မာတို့ တောင်းပန်ခြင်း | ၂၁၆ |
| ၂၉။ | ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူခြင်း | ၂၁၇ |
| ၃၀။ | နတ်ဗြဟ္မာတို့အား ဝန်ခံကတိပြုတော်မူခြင်း | ၂၁၉ |
| ၃၁။ | မယ်တော်မာယာ နက္ခတ်ပွဲသဘင်ခံစားခြင်း | ၂၁၉ |
| ၃၂။ | အိပ်မက်တော် မြင်မက်ခြင်း | ၂၂၀ |
| ၃၃။ | အလောင်းတော် ပဋိသန္ဓေတည်နေတော်မူခြင်း | ၂၂၁ |
| ၃၄။ | မယ်တော်မာယာ၏ အိပ်မက်ကို ပုဏ္ဏားတို့ဖတ်ကြားခြင်း | ၂၂၁ |
| ၃၅။ | နတ်မင်းကြီးတို့ စောင့်ရှောက်ကြခြင်း | ၂၂၂ |
| ၃၆။ | မယ်တော်ဝမ်းတိုက် စေတီထိုက်ခြင်း | ၂၂၂ |
| ၃၇။ | ဝမ်းတွင်းရှိ ဘုရားအလောင်းတော်ကို မြင်ရခြင်း | ၂၂၃ |

**အလောင်းတော် ဖွားမြင်တော်မူခန်း**

| | | |
|---|---|---|
| ၃၈။ | မဟာမာယာဒေဝီ ဒေဝဒဟသို့ ကြွချီခြင်း | ၂၂၄ |
| ၃၉။ | လုမ္ဗိနီအင်ကြင်းတော | ၂၂၄ |
| ၄၀။ | အလောင်းတော် ဖွားမြင်တော်မူခြင်း | ၂၂၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၄၁။ | အလောင်းတော် ရဲရဲတောက်စကား ကြုံးဝါးတော်မူခြင်း | ၂၂၆ |
| ၄၂။ | ဖွားဖက်တော်ခုနစ်ဦး | ၂၂၇ |
| ၄၃။ | ကာဠုဒေဝီလရသေ့ကြီး | ၂၂၈ |
| ၄၄။ | နာလကလုလင် ရဟန်းပြုခြင်း | ၂၂၉ |
| ၄၅။ | အမည်မှည့်မင်္ဂလာနှင့် လက္ခဏာနိမိတ်ဖတ်ကြားခြင်း | ၂၃၀ |
| ၄၆။ | နိမိတ်ကြီးလေးပါးကို မမြင်ရန် အစီအမံပြုခြင်း | ၂၃၁ |
| ၄၇။ | မယ်တော်နတ်ရွာစံကံတော်ကုန်ခြင်း | ၂၃၂ |
| | **လယ်ထွန်မင်္ဂလာပြုခန်း** | |
| ၄၈။ | လယ်ထွန်မင်္ဂလာပြုခြင်း | ၂၃၃ |
| ၄၉။ | အလောင်းတော် အာနာပါနပဉ္စမဈာန်ကို ရတော်မူခြင်း | ၂၃၄ |
| ၅၀။ | သုဒ္ဓေါဒနမင်းကြီး သားတော်ကို နှစ်ကြိမ်မြောက်ရှိခိုးခြင်း | ၂၃၄ |
| ၅၁။ | နန်းပြာသာဒ်သုံးဆောင် ဆောက်လုပ်ခြင်း | ၂၃၅ |
| | **လေးတော်တင်ခန်း** | |
| ၅၂။ | လေးအတတ်ပညာကို ပြခြင်း | ၂၃၆ |
| ၅၃။ | နန်းတက်တော်မူခြင်း | ၂၃၈ |
| | **အလောင်းတော် တောထွက်တော်မူခန်း** | |
| ၅၄။ | မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူခြင်း | ၂၃၉ |
| ၅၅။ | သူအိုနိမိတ်ကို မြင်တော်မူခြင်း | ၂၃၉ |
| ၅၆။ | သူနာနိမိတ်ကို မြင်တော်မူခြင်း | ၂၄၀ |
| ၅၇။ | သူသေနိမိတ်ကို မြင်တော်မူခြင်း | ၂၄၁ |
| ၅၈။ | ရဟန်းနိမိတ်ကို မြင်တော်မူခြင်း | ၂၄၂ |
| ၅၉။ | သားတော်ရာဟုလာ ဖွားမြင်ခြင်း | ၂၄၃ |
| ၆၀။ | သာကီဝင်မင်းသမီး ကိသာဂေါတမီ အငြိမ်းကဗျာ ကျူးရင့်ခြင်း | ၂၄၃ |
| ၆၁။ | အလောင်းတော်သံဝေဂရ၍ တောထွက်တော်မူခြင်း | ၂၄၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | ဝသဝတ္တီ မာရ်နတ်သားဟန့်တားခြင်း | ၂၄၇ |
| ၆၃။ | နတ်ပြဟ္မာတို့ အနော်မာမြစ်သို့ ပို့ကြခြင်း | ၂၄၇ |
| | **ဆံတော်ပယ်၍ ရဟန်းပြုတော်မူခန်း** | |
| ၆၄။ | ဆံတော်ပယ်၍ အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ မြှောက်ခြင်း | ၂၄၉ |
| ၆၅။ | ဃဋိကာရပြဟ္မာ လှူဒါန်းသော ပရိက္ခရာဖြင့် ရဟန်းပြုတော်မူခြင်း | ၂၄၉ |
| ၆၆။ | ဆန္နအမတ် ပြည်တော်ပြန်ခြင်းနှင့် ကဏ္ဍကမြင်းတော် ရင်ကွဲနာကျခြင်း | ၂၅၀ |
| ၆၇။ | ရာဇဂြိုဟ်ပြည်သို့ကြွချီတော်မူခြင်း | ၂၅၀ |
| ၆၈။ | ဗိမ္ဗိသာရမင်းနှင့် တွေ့တော်မူခြင်း | ၂၅၁ |
| ၆၉။ | အာဠာရဂိုဏ်းဆရာကြီးထံ နည်းခံခြင်း | ၂၅၂ |
| ၇၀။ | အာဠာရဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း | ၂၅၃ |
| ၇၁။ | ဥဒကဂိုဏ်းဆရာကြီးထံ ရောက်ပြန်ခြင်း | ၂၅၄ |
| ၇၂။ | ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း | ၂၅၅ |
| | **ဒုက္ကရစရိယာ ကျင့်တော်မူခန်း** | |
| ၇၃။ | ဥရုဝေလတောအုပ်သို့ ကြွတော်မူခြင်း | ၂၅၆ |
| ၇၄။ | ဥပမာသုံးမျိုး ထင်လာခြင်း | ၂၅၆ |
| ၇၅။ | ပဉ္စဝဂ္ဂီငါးဦး | ၂၅၇ |
| ၇၆။ | ပဓာနအလုပ် ဒုက္ကရစရိယာ ကျင့်တော်မူခြင်း | ၂၅၈ |
| ၇၇။ | ကြွေကျသော သစ်သီးဖြင့် မျှတခြင်း | ၂၅၈ |
| ၇၈။ | လက်ကတီးကြားမှ ချွေးများယိုထွက်ခဲ့ခြင်း | ၂၅၉ |
| ၇၉။ | နားတော်မှ လေတို့ ပြင်းထန်စွာ တိုးထွက်ကုန်ခြင်း | ၂၅၉ |
| ၈၀။ | ဦးခေါင်းကို ချွန်းဖြင့် ထိုးဆွသကဲ့သို့ ခံစားရခြင်း | ၂၅၉ |
| ၈၁။ | ဝမ်းဗိုက်ကို ဓားငယ်နှင့် ခွဲသကဲ့သို့ ခံစားရခြင်း | ၂၆၀ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၈၂။ | မီးကျီးတွင်း၌ မီးကင်သကဲ့သို့ ပူလောင်မှု ခံစားရခြင်း | ၂၆၀ |
| ၈၃။ | စကြံအတွင်း လဲကျခဲ့ခြင်း | ၂၆၁ |
| ၈၄။ | အစာကိုလျှော့၍ စားသုံးခြင်း | ၂၆၁ |
| ၈၅။ | အရိုးပြိုင်းပြိုင်း ကျတော်မူခြင်း | ၂၆၂ |
| ၈၆။ | ကိုယ်ရေအဆင်း ပျက်စီးကုန်ခြင်း | ၂၆၃ |
| | **ဘုရားဖြစ်တော်မူခန်း** | |
| ၈၇။ | အကျင့်ပြောင်း၍ ကျင့်ရန် ကြံစည်တော်မူခြင်း | ၂၆၄ |
| ၈၈။ | ပဉ္စဝဂ္ဂီတို့ အလောင်းတော်ကို စွန့်ခွါကြခြင်း | ၂၆၅ |
| ၈၉။ | အိပ်မက်ကြီးငါးပါး မြင်မက်တော်မူခြင်း | ၂၆၅ |
| ၉၀။ | သုဇာတာ ဃနာနို့ဆွမ်းကပ်လှူခြင်း | ၂၆၆ |
| ၉၁။ | နတ်ပြဟ္မာတို့ ကူညီကြခြင်း | ၂၆၇ |
| ၉၂။ | နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း | ၂၆၉ |
| ၉၃။ | ရွှေခွက် မျှောတော်မူခြင်း | ၂၇၀ |
| ၉၄။ | သောတ္ထိယ မြက်ထမ်းပုဏ္ဏားထံမှ မြက်ရှစ်ဆုပ်အလှူခံခြင်း | ၂၇၁ |
| ၉၅။ | ပလ္လင်တော်၌ ထိုင်နေတော်မူခြင်း | ၂၇၁ |
| ၉၆။ | မာရ်နတ်စစ်သည်တို့ ချီတက်လာခြင်း | ၂၇၂ |
| ၉၇။ | လက်နက်ကြီး ကိုးမျိုးဖြင့် တိုက်ခိုက်ခြင်း | ၂၇၄ |
| | (က) လေမုန်တိုင်းလက်နက် | ၂၇၄ |
| | (ခ) ရေအလျဉ်လက်နက် | ၂၇၄ |
| | (ဂ) ကျောက်ခဲမိုးလက်နက် | ၂၇၄ |
| | (ဃ) ဓားစသောလက်နက် (လက်နက်မိုး) | ၂၇၅ |
| | (င) မီးကျီးခဲမိုးလက်နက် | ၂၇၅ |
| | (စ) ပြာပူမိုးလက်နက် | ၂၇၅ |
| | (ဆ) သဲပူမိုးလက်နက် | ၂၇၅ |
| | (ဇ) ညွန်မိုးလက်နက် | ၂၇၅ |
| | (ဈ) အမိုက်မှောင်လက်နက် | ၂၇၆ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၉၈။ | မာရ်နတ်သား စက်လက်နက်များ လွှတ်ပြန်ခြင်း | ၂၇၆ |
| ၉၉။ | မာရ်စစ်သည်တို့ကို တိုက်ခိုက်စေရန် တိုက်တွန်းခြင်း | ၂၇၆ |
| ၁၀၀။ | မဟာပထဝီမြေကြီးက သက်သေပြုခြင်း | ၂၇၈ |
| ၁၀၁။ | နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခြင်း | ၂၇၈ |
| ၁၀၂။ | နတ်ပြဟ္မာတို့က ကြွေးကြော်ခြင်း | ၂၇၉ |
| ၁၀၃။ | ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း | ၂၇၉ |
| ၁၀၄။ | ဘုရားဖြစ်တော်မူသောအခါ အံ့ဩဖွယ်တို့ ဖြစ်ပေါ်လာခြင်း | ၂၈၀ |
| ၁၀၅။ | ဥဒါန်းကျူးရင့်တော်မူခြင်း | ၂၈၁ |
| | **သတ္တဋ္ဌာနစံနေတော်မူခန်း** | |
| | **ပလ္လင်္ကသတ္တာဟ** | |
| ၁၀၆။ | အပရာဇိတပလ္လင်တော်၌ ခုနစ်ရက်သီတင်းသုံးတော်မူခြင်း | ၂၈၂ |
| | **အနိမိသ သတ္တာဟ** | |
| ၁၀၇။ | ဗောဓိပင်နှင့် ပလ္လင်တော်ကို ခုနစ်ရက် စူးစိုက်ကြည့်နေတော်မူခြင်း | ၂၈၃ |
| | **စင်္ကမသတ္တာဟ** | |
| ၁၀၈။ | စင်္ကြံကြွ၍ ခုနစ်ရက် နေတော်မူခြင်း | ၂၈၃ |
| | **ရတနာဃရသတ္တာဟ** | |
| ၁၀၉။ | ရတနာဃရရွှေအိမ်၌ ခုနစ်ရက် စံနေတော်မူခြင်း | ၂၈၄ |
| | **အဇပါလသတ္တာဟ** | |
| ၁၁၀။ | ဆိတ်ကျောင်းညောင်ပင်၌ ခုနစ်ရက်သီတင်းသုံးတော်မူခြင်း | ၂၈၄ |
| ၁၁၁။ | မာရ်နတ်သမီးသုံးယောက် လာရောက်ဖြားယောင်းခြင်း | ၂၈၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| | **မုစလိန္ဒာသတ္တာဟ** | |
| ၁၁၂။ | မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ ခုနစ်ရက်သီတင်းသုံး နေတော်မူခြင်း | ၂၈၆ |
| | **ရာဇာယတနသတ္တာဟ** | |
| ၁၁၃။ | လင်းလွန်းပင်ရင်း၌ ခုနစ်ရက် သီတင်းသုံးနေတော်မူခြင်း | ၂၈၇ |
| ၁၁၄။ | တပုဿနှင့် ဘလ္လိက ဒွေဝါစိက သရဏဂုံတည်ခြင်း | ၂၈၇ |
| | **တရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူစခန်း** | |
| ၁၁၅။ | ဘုရားရှင်သည် တရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူခြင်း | ၂၈၉ |
| ၁၁၆။ | သဟမ္ပတိဗြဟ္မာကြီး တရားဟောရန် တောင်းပန်လာခြင်း | ၂၈၉ |
| ၁၁၇။ | ဘုရားရှင် သတ္တလောကကို ကြည့်တော်မူခြင်း | ၂၉၀ |
| ၁၁၈။ | ဘုရားရှင်နှင့် တွေ့သော်လည်း ဘုရားမှန်းမသိသော ဉပက | ၂၉၀ |
| | **သတ္တဝါတို့အား ချေချွတ်တော်မူစခန်း** | |
| ၁၁၉။ | ဘုရားရှင် ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း | ၂၉၂ |
| ၁၂၀။ | ယသသူဌေးသား ရဟန်းပြုတော်မူခြင်း | ၂၉၃ |
| ၁၂၁။ | ရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြု စေလွှတ်တော်မူခြင်း | ၂၉၄ |
| ၁၂၂။ | ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို ဆုံးမတော်မူခြင်း | ၂၉၄ |
| ၁၂၃။ | ရသေ့ညီနောင် သုံးဦးတို့ကို ချေချွတ်တော်မူခြင်း | ၂၉၄ |
| ၁၂၄။ | ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း | ၂၉၅ |
| ၁၂၅။ | ဘုရားရှင် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းစားကြွတော်မူခြင်း | ၂၉၆ |
| ၁၂၆။ | ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဉယျာဉ်ကို လှူဒါန်းတော်မူခြင်း | ၂၉၆ |
| ၁၂၇။ | ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့ ဘုရားရှင်ထံ ရောက်လာခြင်း | ၂၉၇ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁၂၈။ | သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားကို ပင့်တော်မူခြင်း | ၂၉၈ |
| ၁၂၉။ | မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း | ၃၀၀ |
| ၁၃၀။ | နိဂြောဓသောကီဝင်မင်းဥယျာဉ်၌ သီတင်းသုံးတော်မူခြင်း | ၃၀၁ |
| ၁၃၁။ | တန်ခိုးပြာဋိဟာ ပြတော်မူခြင်း | ၃၀၁ |
| ၁၃၂။ | ဘုရားရှင် ကပိလဝတ်ပြည်တွင်း ဆွမ်းခံဝင်တော်မူခြင်း | ၃၀၃ |
| ၁၃၃။ | ဘုရားရှင် ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း | ၃၀၅ |
| ၁၃၄။ | ညီတော်နန္ဒမင်းသား ရဟန်းပြုခြင်း | ၃၀၆ |
| ၁၃၅။ | သားတော်ရာဟုလာ အမွေတောင်းခြင်း | ၃၀၆ |
| ၁၃၆။ | ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူခြင်း | ၃၀၇ |
| ၁၃၇။ | ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူခြင်း | ၃၀၇ |
| ၁၃၈။ | သတ္တလောက၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခြင်း | ၃၀၈ |
| ၁၃၉။ | ဘုရားရှင်နေ့စဉ် ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းများ | ၃၀၉ |
| ၁၄၀။ | နံနက်ခင်းဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ | ၃၀၉ |
| ၁၄၁။ | ဆွမ်းစားပြီးနောက် ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ | ၃၁၂ |
| ၁၄၂။ | ညဉ့်ဦးယံပိုင်း ဘုရားရှင် ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ | ၃၁၃ |
| ၁၄၃။ | သန်းခေါင်ယံပိုင်း ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ | ၃၁၄ |
| ၁၄၄။ | မိုးသောက်ယံပိုင်း ဘုရားရှင် ဆောင်ရွက်တော်မူမြဲ ဖြစ်သော လုပ်ငန်းရပ်များ | ၃၁၄ |
| ၁၄၅။ | ဂေါတမဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်ခဲ့သော အရေအတွက် | ၃၁၅ |

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| | **ဘုရားရှင်ပရိနိဗ္ဗာန်စံခန်း** | |
| ၁၄၆။ | ဘုရားရှင် အိုမင်းရင့်ရော်ချိန် ကြွရောက်ခဲ့သော ခရီးစဉ် | ၃၂၁ |
| ၁၄၇။ | ဝေဠုဝရွာ၌ ဝါဆိုတော်မူခြင်း | ၃၂၂ |
| ၁၄၈။ | အရိပ်အယောင် ပြတော်မူခြင်း | ၃၂၄ |
| ၁၄၉။ | မာရ်နတ်တောင်းပန်ခြင်း | ၃၂၅ |
| ၁၅၀။ | အာယုသင်္ခါရ လွှတ်တော်မူခြင်း | ၃၂၆ |
| ၁၅၁။ | မြေငလျင် ပြင်းစွာလှုပ်ခြင်းအကြောင်းကို မေးမြန်းလျှောက်ထားခြင်း | ၃၂၆ |
| ၁၅၂။ | အရှင်အာနန္ဒာ လျှောက်ထားတောင်းပန်ခြင်း | ၃၂၇ |
| ၁၅၃။ | သာသနာ အရှည်တည်တံ့ရေး သုံးဆယ့်ခုနစ်ပါး | ၃၂၉ |
| ၁၅၄။ | ဝေသာလီကို နောက်ဆုံးကြည့်တော်မူခြင်း | ၃၂၉ |
| ၁၅၅။ | ကိုးကားပြောဆိုသော တရားစကားတို့ကို အမှားအမှန် ဝေဖန်ဆုံးဖြတ်ရန် နည်းလမ်းဥပဒေများ | ၃၃၀ |
| ၁၅၆။ | စုန္ဒရွှေပန်းတိမ်သည်၏ ဝက်ပျို့သားကို ဘုဉ်းပေးတော်မူခြင်း | ၃၃၁ |
| ၁၅၇။ | သောက်ရေ ဆောင်စေတော်မူခြင်း | ၃၃၂ |
| ၁၅၈။ | ပုက္ကုသမလ္လမင်းသားနှင့် တွေ့ဆုံခြင်း | ၃၃၄ |
| ၁၅၉။ | မလ္လမင်းတို့၏ အင်ကြင်းဉယျာဉ်သို့ ကြွတော်မူခြင်း | ၃၃၅ |
| ၁၆၀။ | အရှင်ဥပဝါဏမထေရ်အား ဖယ်ခိုင်းခြင်း | ၃၃၆ |
| ၁၆၁။ | သံဝေဂရစေတတ်သော ဌာနလေးပါး | ၃၃၇ |
| ၁၆၂။ | အရှင်အာနန္ဒာ၏ မေးမြန်းချက်များ | ၃၃၇ |
| ၁၆၃။ | စေတီထိုက်သော ပုဂ္ဂိုလ်များ | ၃၃၈ |
| ၁၆၄။ | အရှင်အာနန္ဒာ စိုးရိမ်ငိုကြွေးခြင်း | ၃၃၉ |
| ၁၆၅။ | ကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်မပြုရန် အရှင်အာနန္ဒာ လျှောက်ထားခြင်း | ၃၃၉ |
| ၁၆၆။ | မလ္လမင်းတို့ကို အကြောင်းကြားစေခြင်း | ၃၄၀ |

| စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁၆၇။ | မလ္လမင်းတို့ ဘုရားရှင်အား လာရောက်ရှိခိုးခြင်း | ၃၄၀ |
| ၁၆၈။ | သုဘဒ္ဒပရိဗိုဇ်၏ သံသယကို ပယ်ဖျောက်တော်မူခြင်း | ၃၄၁ |
| ၁၆၉။ | ဘုရားရှင်၏ နောက်ဆုံးစကားတော်နှင့် ပရိနိဗ္ဗာန်ပြုတော်မူခြင်း | ၃၄၂ |
| ၁၇၀။ | ရာဂမကင်းသောသူများ ငိုကြွေးကြခြင်းနှင့် ရာဂကင်းသူများ သံဝေဂယူကြခြင်း | ၃၄၄ |
| ၁၇၁။ | မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ကြခြင်း | ၃၄၅ |
| ၁၇၂။ | သရီရဓာတ်တော်များ ခွဲဝေခြင်း | ၃၄၇ |

# နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဘုရားပွင့်ရာ ကပ်ကမ္ဘာ

သတ္တဝါတစ်ဦး တစ်ယောက်သည် သံသရာကျင်လည်ရာ၌ မရေမတွက်နိုင်သော ကပ်ကမ္ဘာတို့ကို ကျော်လွှားဖြတ်သန်းခဲ့ရသည်။ သန္တိသုခဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုမှသာ သံသရာအလည် ပြတ်၍ ကပ်ကမ္ဘာတို့ကို ကျော်ဖြတ်ရမှုမှ ကင်းဝေးတော့၏။ ထိုသို့ ကျော်ဖြတ်ခဲ့ရသော မရေမတွက်နိုင်သော ကပ်ကမ္ဘာများအနက် ဘုရားရှင်များပွင့်ရာ ကပ်ကမ္ဘာသည် လွန်မင်းစွာ နည်းပါးပြီး ဘုရားရှင်များမပွင့်သော သုညကပ်ကမ္ဘာများကသာ မရေမတွက် နိုင်လောက်အောင် များလှပါသည်။ ဘုရားရှင်များပွင့်သော ကမ္ဘာသည်–

(၁) သာရကမ္ဘာ
(၂) မဏ္ဍကမ္ဘာ
(၃) ဝရကမ္ဘာ
(၄) သာရမဏ္ဍကမ္ဘာ
(၅) ဘဒ္ဒကမ္ဘာ ဟု ငါးမျိုးရှိသည်။

ထိုငါးမျိုးသော ကပ်ကမ္ဘာတို့အနက် သာရကမ္ဘာတွင် ဘုရားရှင်တစ်ဆူသာ၊ မဏ္ဍကမ္ဘာတွင် ဘုရားရှင်နှစ်ဆူ၊ ဝရကမ္ဘာတွင် ဘုရားရှင်သုံးဆူ၊ သာရမဏ္ဍကမ္ဘာတွင် ဘုရားရှင်လေးဆူတို့ အသီးသီးပွင့်တော်မူခဲ့ကြပြီး ဤဘဒ္ဒကမ္ဘာတွင် ဘုရားရှင်ငါးဆူတို့ ပွင့်တော်မူ ကြပါမည်။ ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက် ဂေါတမဘုရားရှင် ပွင့်တော်မူပြီးဖြစ်၍ ယခုအချိန်သည် ထိုဂေါတမဘုရားရှင်၏ သာသနာတော်တွင်း ကာလဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်သည် အလောင်းတော်ဘဝဖြင့် ဘုရားဖြစ်ဖို့ရန် **စိတ်တော်၌ ကြံစည်ဆုတောင်းခဲ့သည့် ကာလက ခုနစ်အသင်္ချေ၊ နှုတ်တော်မြွက်၍ ဆုတောင်းပေးခဲ့သော ကာလက ကိုးအသင်္ချေ၊**

ကိုယ်နှုတ်စိတ်တို့ဖြင့် ဆုတောင်းခဲ့သော ကာလက လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပေါင်းအသင်္ချေနှစ်ဆယ်နှင့် ကမ္ဘာတစ်သိန်းတို့တိုင်တိုင် ဆုတောင်းခဲ့ပါသည်။ ထိုသို့ဆုတောင်းခဲ့သော ကာလများအနက် ဘုရားဖြစ်ရန် ကျိန်းသေသော နိယတဗျာဒိတ်ခံယူရရှိခဲ့သည့် ကာလမှာ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဖြစ်၏။ ထိုလေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း နောက်ဆုံး ပွင့်တော်မူသော ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင် အပါအဝင် ပွင့်တော်မူပြီး ဘုရားရှင်များမှာ –

(၁) တဏှင်္ကရာ ဘုရားရှင်
(၂) မေဓင်္ကရာ ဘုရားရှင်
(၃) သရဏင်္ကရာ ဘုရားရှင်
(၄) ဒီပင်္ကရာ ဘုရားရှင်
(၅) ကောဏ္ဍည ဘုရားရှင်
(၆) မင်္ဂလ ဘုရားရှင်
(၇) သုမန ဘုရားရှင်
(၈) ရေဝတ ဘုရားရှင်
(၉) သောဘိတ ဘုရားရှင်
(၁၀) အနောမဒဿီ ဘုရားရှင်
(၁၁) ပဒုမ ဘုရားရှင်
(၁၂) နာရဒ ဘုရားရှင်
(၁၃) ပဒုမုတ္တရ ဘုရားရှင်
(၁၄) သုမေဓ ဘုရားရှင်
(၁၅) သုဇာတ ဘုရားရှင်
(၁၆) ပိယဒဿီ ဘုရားရှင်
(၁၇) အတ္ထဒဿီ ဘုရားရှင်
(၁၈) ဓမ္မဒဿီ ဘုရားရှင်
(၁၉) သိဒ္ဓတ္ထ ဘုရားရှင်
(၂၀) တိဿ ဘုရားရှင်

(၂၁) ဖုဿ ဘုရားရှင်
(၂၂) ဝိပဿီ ဘုရားရှင်
(၂၃) သိခီ ဘုရားရှင်
(၂၄) ဝေဿဘူ ဘုရားရှင်
(၂၅) ကကုသန္ဓ ဘုရားရှင်
(၂၆) ကောဏာဂမန ဘုရားရှင်
(၂၇) ကဿပ ဘုရားရှင်
(၂၈) ဂေါတမ ဘုရားရှင်

ဟူ၍နှစ်ဆယ့်ရှစ်ပါး (နှစ်ကျိပ်ရှစ်ဆူ) တို့ဖြစ်ပါသည်။ ထိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့အနက် နှစ်ဆယ့်လေးပါးသော ဘုရားရှင်တို့၏ အထံတော်တွင် ကျွန်ုပ်တို့၏ ဂေါတမဘုရားရှင်သည် နိယတဗျာဒိတ်တော်ကို ဆင်မြန်းရရှိတော်မူခဲ့သည်။

ဂေါတမဗုဒ္ဓလောင်းလျာသည် ထိုသာရမဏ္ဍကမ္ဘာ၌ ပွင့်တော်မူသော ဘုရားရှင်လေးဆူတို့အနက် နောက်ဆုံးဖြစ်သော ဒီပင်္ကရာ ဘုရားရှင် ထံတော်မှောက်၌ နိယတဗျာဒိတ်ကို စတင်ခံယူခဲ့ပါသည်။ ဒီပင်္ကရာ ဘုရားရှင်နှင့် ကပ်ကမ္ဘာတူတွင် ပွင့်တော်မူကြသော ဘုရားရှင်သုံးဆူကိုပါ ထည့်သွင်း၍ ဤဗုဒ္ဓဝင်၌ ဖော်ပြထားသည်။

## တကျော်ရဗုဒ္ဓဝင်

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း အထက်၌ ဘုရားရှင်လေးဆူပွင့်တော်မူသည့် သာရမဏ္ဍကမ္ဘာတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုသာရမဏ္ဍကမ္ဘာ၌ တဏှင်္ကရာဘုရားရှင်၊ မေဓင်္ကရာ ဘုရားရှင်၊ သရဏင်္ကရာဘုရားရှင်၊ ဒီပင်္ကရာဘုရားရှင်ဟူ၍ ဘုရားရှင်လေးဆူ ပွင့်တော်မူခဲ့ရာ တဏှင်္ကရာဘုရားရှင်သည် ထိုကမ္ဘာဝယ် ရှေးဦးစွာသော အန္တရဆုတ်ကပ် လူတို့၏ သက်တမ်းတစ်သိန်းသို့ ရောက်သောအခါ ပွင့်တော် မူခဲ့သော ဘုရားရှင်ဖြစ်သည်။

### တဏှင်္ကရာဘုရား အလောင်းတော် ဖွားမြင်တော်မူခြင်း

တဏှင်္ကရာဘုရားအလောင်းတော်သည် တစ်ဆယ့်ခြောက်အသင်္ချေ နှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး သည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ပြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည် သို့သက်ဆင်းကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ပြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာ နတ်ပြည်မှ စုတေ၍ လူ့ပြည် **ပုပ္ဖဝတီ**မြို့တော် **သုနန္ဒ**မင်းကြီး၏ တောင်ညာ စံဒေဝီ အဂ္ဂမဟေသီ **သုနန္ဒာ**မိဖုရားခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့၏။ ဆယ်လ စေ့မြောက် အချိန်ရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်း တော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ကို ပဋိသန္ဓေ နေတော်မူသောအခါ၊ ဖွားမြင်တော်မူသော အခါတို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့် အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် တဏှင်္ကရာမင်းသားသည် အရွယ်တော်သို့ရောက်သော အခါ နန်းရပ်ထီးဖြူ စိုးစံတော်မူ၍ ကြင်ရာတော် ရံရွေတော်တို့၏ ဖျော်ဖြေ

လုပ်ကျွေးမှုကို ခံယူကာ နှစ်ပေါင်းတစ်သောင်းတို့ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။

## ဘုရားဖြစ်တော်မူခြင်း

ဘုရားအလောင်းတော် တဏှင်္ကရာမင်းသားသည် ထိုသို့မင်းစည်းစိမ်ကို ခံစားနေတော်မူစဉ် နတ်တို့ဖန်ဆင်းပြခဲ့သော သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့၍ ကြီးစွာသော သံဝေဂဖြစ်ကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ ဒုက္ကရစရိယာခေါ် လူသာမန်တို့ ကျင့်နိုင်ခဲသော မြတ်သောအကျင့်တော်မြတ်ကို ခုနစ်ရက်ကျင့်တော်မူပြီးနောက် ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူကာ မဟာဗောဓိ စရည်းပင်အရင်း အပရာဇိတ ပလ္လင်ထက်၌ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့၏။

## ဂေါတမဘုရားအလောင်းတော် ဘုရားဖြစ်ရန် ဆုပန်တော်မူခဲ့ခြင်း

ဂေါတမဘုရားအလောင်းတော်သည် တဏှင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခဲ့ရပြီး ထိုဘုရားရှင်၏ အထံတော်၌ လွန်လွန်ကဲကဲဖြစ်သော ကုသိုလ်ကောင်းမှုကို ပြု၍ ဘုရားဖြစ်ရန် ဆုပန်ခဲ့သည်။ သို့သော် တဏှင်္ကရာဘုရားရှင်က နိယတဗျာဒိတ်ကို ပေးတော်မမူခဲ့။ ဂေါတမဘုရားအလောင်းတော်သည် တဏှင်္ကရာဘုရားရှင်ထံ၌ နိယတဗျာဒိတ်ကို ရတော်မမူဘဲ ထိုဘဝမှစုတေသော် နတ်ပြည်၌ ဖြစ်ခဲ့လေသည်။

## တဏှင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

တဏှင်္ကရာဘုရားရှင်သည် လူတို့၏ အသက်တမ်း အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူခဲ့၏။ ထိုအနှစ်တစ်သိန်း အာယုကပ်ပတ်လုံး တည်နေတော်မူ၍ သတ္တဝါတို့ကို သံသရာဝဲစလုတ်မှ ကယ်ထုတ်တော်မူခဲ့၏။ ဘုရားရှင်မှန်သမျှ ပြုလုပ်မြဲဖြစ်သော ဘုရားကိစ္စ၊ ဘုရားရှင်တစ်ပါး ဆောင်ရွက်ရသည့် လုပ်ငန်းအဖြာဖြာတို့ကို ဆောင်ရွက်တော်မူကာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသည်။

## မေဓင်္ကရဗုဒ္ဓဝင်

တဏှင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဘုရားလေးဆူပွင့်တော်မူရာ ထိုသာရမဏ္ဍကမ္ဘာ၌ပင် လူတို့၏အသက်တမ်း အနှစ်တစ်သိန်းတမ်းမှ တဖြည်းဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်သက်တမ်းသို့ ရောက်ပြီး ထိုမှတစ်ဖန် တိုးတက်ပြန်ကာ အသင်္ချေယျတမ်း၊ ထိုအသင်္ချေယျတမ်းမှ တစ်ဖန်ဆုတ်ယုတ်ပြန်ရာ **အနှစ်ကိုးသောင်း** တမ်းသို့ ရောက်လေလျှင် မေဓင်္ကရာဘုရားရှင် ပွင့်တော်မူသည်။

**မေဓင်္ကရာဘုရား အလောင်းတော် ဖွားမြင်တော်မူခြင်း**

မေဓင်္ကရာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်ရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်မှုကို လက်ခံတော်မူပြီးနောက် တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ယဃရမြို့တော် သုဒေဝ** မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **ယသောဓရာမိဖုရားခေါင်ကြီး**၏ သန္တ့ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ကို ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် မေဓင်္ကရာမင်းသားသည် အရွယ်ရောက်သောအခါ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့၍ ကြင်ရာတော် ရံရွေတော်တို့၏ ဖျော်ဖြေလုပ်ကျွေးမှုကိုခံယူကာ နှစ်ပေါင်းအနှစ်ရှစ်ထောင်တို့ ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဘုရားအလောင်းတော် မေတ္တေယျ မင်းသားသည် ထိုသို့ မင်းစည်းစိမ်ကို ခံစားနေတော်မူစဉ် နတ်တို့ဖန်ဆင်းပြသခဲ့သော သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့၍ ကြီးစွာသော သံဝေဂဖြစ်ကာ တောထွက် ရဟန်းပြုတော်မူခဲ့သည်။ ဒုက္ကရစရိယာခေါ် လူသာမန်တို့ ကျင့်နိုင်ခဲသော မြတ်သော အကျင့်တော်မြတ်ကို လခွဲ ကျင့်တော်မူပြီးနောက် မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူကာ မဟာဗောဓိ **ပေါက်ပင်ရင်း** အပရာဇိတ ပလ္လင်တော်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုံသုံးပါး၌ ဘုရား စင်စစ် ဖြစ်တော်မူခဲ့သည်။

**ဂေါတမဘုရား အလောင်းတော် ဘုရားဆုပန်ခြင်း**

ဂေါတမဘုရားအလောင်းတော်သည် မေတ္တေယျဘုရားရှင်ကို ဖူးတွေ့ ခဲ့ရပြီး ထိုဘုရားရှင်အထံတော်၌ လွန်လွန်ကဲကဲဖြစ်သော ကုသိုလ်ကောင်းမှုကို ပြု၍ ဘုရားဖြစ်ရန် ဆုပန်ခဲ့သည်။ သို့သော် မေတ္တေယျ ဘုရားရှင်ကလည်း ဧကန်ဘုရားဖြစ်ရန် နိယတဗျာဒိတ်ကို ပေးတော်မမူခဲ့။ ဂေါတမဘုရား အလောင်းတော်သည် မေတ္တေယျဘုရားရှင်ထံ၌ နိယတဗျာဒိတ်ကို ရတော် မမူဘဲ၊ ထိုဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်ခဲ့လေသည်။

**မေတ္တေယျဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

မေတ္တေယျဘုရားရှင်သည် လူတို့၏ အသက်တမ်း၊ အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူခဲ့၏။ ထိုအနှစ်ကိုးသောင်း အာယုကပ်ပတ်လုံး တည်နေတော်မူ၍ သတ္တဝါတို့ကို သံသရာဝဲစလုတ်မှ ကယ်ထုတ်တော်မူခဲ့၏။ ဘုရားရှင်မှန် သမျှ ပြုလုပ်မြဲဖြစ်သော ဘုရားကိစ္စ၊ ဘုရားရှင်တစ်ပါး ဆောင်ရွက်ရသည့် လုပ်ငန်းအဖြာဖြာတို့ကို ဆောင်ရွက်တော်မူကာ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ လေသည်။

## သရဏာက်ရစ္စဒ္ဓဝင်

မေဓင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘုရားလေးဆူပွင့်တော်မူရာ ထိုသာရမဏ္ဍကမ္ဘာ၌ပင် လူတို့၏အသက်တမ်း၊ အနှစ်ကိုးသောင်းတမ်းမှ တဖြည်းဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်သက်တမ်း၊ ထိုမှတစ်ဖန်တိုးတက်ပြန်ရာ အသင်္ချေယျတမ်း၊ ထိုအသင်္ချေယျတမ်းမှတစ်ဖန်ဆုတ်ယုတ်ပြန်ရာ အနှစ်ကိုးသောင်းတမ်းသို့ ရောက်လေလျှင် သရဏင်္ကရာဘုရားရှင် ပွင့်တော်မူခဲ့သည်။

### သရဏင်္ကရာဘုရား အလောင်းတော် ဖွားမြင်တော်မူခြင်း

သရဏင်္ကရာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့ကအလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်ရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်မှုကို လက်ခံတော်မူပြီးနောက် တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ဝိပုလမြို့**တော် **သုမင်္ဂလမင်းကြီး**၏ တောင်ညာစံဒေဝီ၊ အဂ္ဂမဟေသီ **ယသဝတီ**မိဖုရားခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော်ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါမယ်တော်မိဖုရားကြီးသည် အလောင်းတော်ကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ကို ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသော အခါတို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သရဏင်္ကရာမင်းသားသည် အရွယ်တော်သို့ရောက်သောအခါ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ကြင်ရာတော် ရံရွေတော်တို့၏ဖျော်ဖြေလုပ်ကျွေးမှုကို ခံယူကာ နှစ်ပေါင်းခုနစ်ထောင်တို့ ကာလပတ်လုံးမင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဘုရားအလောင်းတော် သရဏင်္ကရာမင်းသားသည် ထိုသို့ မင်းစည်းစိမ်ကို ခံစားနေတော်မူစဉ် နတ်တို့ဖန်ဆင်းပြသခဲ့သော သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့၍ ကြီးစွာသော သံဝေဂဖြစ်ကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ ဒုက္ကရစရိယာခေါ် လူသာမန်တို့ ကျင့်နိုင်ခဲသော မြတ်သောအကျင့်တော်မြတ်ကို **တစ်လမျှ** ကျင့်တော်မူပြီးနောက် မဟာဗောဓိ မဏ္ဍိုင်သို့ ကြွတော်မူကာ မဟာဗောဓိ **သခွတ်ပင်ရင်း** အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့သည်။

**ဂေါတမဘုရားအလောင်းတော် ဘုရားဆုပန်ခြင်း**

ဂေါတမဘုရားအလောင်းတော်သည် သရဏင်္ကရာ ဘုရားရှင်ကို ဖူးတွေ့ခဲ့ရပြီး ထိုဘုရားရှင်အထံတော်၌ လွန်လွန်ကဲကဲဖြစ်သော ကုသိုလ်ကောင်းမှုကို ပြု၍ ဘုရားဖြစ်ရန် ဆုပန်ခဲ့သည်။ သို့သော် သရဏင်္ကရာ ဘုရားရှင်က ဧကန်ဘုရားဖြစ်ရန် နိယတဗျာဒိတ်ကို ပေးတော်မမူခဲ့။ ဂေါတမဘုရားအလောင်းတော်သည် သရဏင်္ကရာဘုရားရှင်ထံ၌ နိယတဗျာဒိတ်ကို ရတော်မမူဘဲ ယင်းဘဝမှ စုတေသော် နတ်ပြည်၌ဖြစ်ခဲ့လေသည်။

**သရဏင်္ကရာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

သရဏင်္ကရာဘုရားရှင်သည် လူတို့၏အသက်တမ်း၊ အနှစ်ကိုးသောင်းတမ်း၌ ပွင့်တော်မူခဲ့၏။ ထိုအနှစ်ကိုးသောင်း အာယုကပ်ပတ်လုံး တည်နေတော်မူ၍ သတ္တဝါတို့ကို သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့၏။ ဘုရားရှင်မှန်သမျှ ပြုလုပ်မြဲဖြစ်သော ဘုရားကိစ္စ၊ ဘုရားရှင်တစ်ပါး ဆောင်ရွက်လေ့ရှိသည့် လုပ်ငန်းအဖြာဖြာတို့ကို ဆောင်ရွက်တော်မူကာ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေသည်။

# ဒီပင်္ကရ ဗုဒ္ဓဝင်

သရဏင်္ကရာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဘုရားလေးဆူ ပွင့်တော်မူရာ ထိုသာရမဏ္ဍကမ္ဘာ၌ပင် လူတို့၏ အသက်တမ်း၊ အနှစ်ကိုးသောင်းတမ်းမှ တဖြည်းဖြည်းဆုတ်ယုတ်၍ ဆယ်နှစ်သက်တမ်း၊ ထိုမှ တစ်ဖန် တိုးတက်ပြန်ရာ အသင်္ချေယျတမ်း၊ ထိုအသင်္ချေယျတမ်းမှ တစ်ဖန် ဆုတ်ယုတ်ပြန်ရာ အနှစ်တစ်သိန်းတမ်းသို့ ရောက်လေလျှင် ဒီပင်္ကရာ ဘုရားရှင် ပွင့်တော်မူခဲ့သည်။

**ဒီပင်္ကရာဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

ဒီပင်္ကရာဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်ရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေ နေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်မှုကို လက်ခံတော်မူပြီးနောက် တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ရမ္မာဝတီ**မြို့တော်၊ **သုဒေဝ**မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **သုမေဓာ**မိဖုရားခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော်မူခဲ့သည်။ ဆယ်လပြည့်မြောက် အချိန်ရောက်သောအခါ မယ်တော်မိဖုရားကြီးမှ သားတော် အလောင်းမင်းသားကို ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်မင်းသားကို "ဒီပင်္ကရာမင်းသား"ဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။ ဒီပင်္ကရာ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

ဒီပင်္ကရာ အလောင်းမင်းသားသည် အရွယ်တော်ရောက်သောအခါ **ပဒုမာ**မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။

နှစ်ပေါင်းတစ်သောင်းတို့ ပတ်လုံး ဟံသ ဟဿာ ရွှေနန်းဆောင်၊ ကောဉ္စကြိုးကြာ ရွှေနန်းဆောင်၊ မယူရ ဥဒေါင်း ရွှေနန်းဆောင်၊ နန်းပြာသာဒ်သုံးဆောင်တို့မှ မောင်းမမိဿံ သုံးသိန်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းမင်းသား၏ သားတော်မှာ ဥသဘက္ခန္ဓမင်းသား ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်ဒီပင်္ကရာမင်းသားသည် အခြွေအရံတို့နှင့်တကွ ရွှေနန်းသုံးဆောင်တွင် မင်းစည်းစိမ်ကို ခံစားနေစဉ် ဥယျာဉ်ကစားရန် ထွက်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း-ဟူသော နတ်တမန်နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူ၍ သံဝေဂဖြစ်ခဲ့ပြီး ရမ္မာဝတီမြို့တော်သို့ ပြန်ဝင်တော်မူခဲ့သည်။ တစ်ဖန် အလောင်းတော်မင်းသားသည် ဥယျာဉ်ကစားရန် ထွက်တော်မူလိုပြန်သည်။ ဝိသကြုံနတ်သားသည် ဒီပင်္ကရာအလောင်းတော်မင်းသားအား အဝတ်တန်ဆာများကို လာရောက်ဆင်ယင်ပေးခဲ့သည်။ အလောင်းတော်မင်းသားသည် ဆင်ပေါင်း ရှစ်သောင်းလေးထောင်ခြံရံလျက် စီးတော်ဆင်၌ တက်စီး၍ များစွာသော စစ်သည်ဗိုလ်ပါ အခြံအရံနှင့်ဥယျာဉ်တော်သို့ ထွက်ခဲ့ပြန်သည်။ ဥယျာဉ်တော်သို့ ရောက်သောအခါ စီးတော်ဆင်မှ ဆင်းသက်၍ ဥယျာဉ်တော်အတွင်း လှည့်လည်ရှုစားပြီးနောက် အေးမြနှစ်သက်ဖွယ်ကောင်းသော ကျောက်ဖျာထက်၌ ထိုင်တော်မူခဲ့သည်။ အလောင်းတော်မင်းသားသည် ကျောက်ဖျာထက်၌ ထိုင်နေစဉ် ရဟန်းပြုရန် စိတ်အကြံဖြစ်ခဲ့၏။

**ဘုရားဖြစ်တော်မူခြင်း**

ထိုအခါ သုဒ္ဓါဝါသဘုံမှ ရဟန္တာဖြဟ္မာကြီးသည် ပရိက္ခရာရှစ်ပါးကို ဆောင်ယူခဲ့၍ အလောင်းတော်၏ မျက်မှောက် မြင်လောက်ရာအရပ်၌ ထားလေလျှင် ရဟန်း၏ အသုံးအဆောင်များဖြစ်ကြောင်း သိခဲ့ရ၏။ ပရိက္ခရာ ရှစ်ပါးကို ယူလျက် မင်းဝတ်တန်ဆာတို့ကို ချွတ်ကာ လက်သုံးတော်သန်လျက်ဖြင့် ဆံတော်ကိုပယ်ပြီး ရဟန်းပြုခဲ့လေသည်။ အလောင်းတော်မင်းသား ရဟန်းပြုတော်မူကြောင်း သတင်းစကား ကြားသိကုန်သော

လူအပေါင်းတို့သည် အလောင်းတော်မင်းသားကို အတူလိုက်ကာ ရဟန်းပြု ခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းများနှင့်အတူ တောတွင်း၌ ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်တော်မြတ်ကို ကျင့်တော်မူ၍ ညောင်ကြတ်ပင်ရင်း၌ ငါးဆယ့်သုံးတောင်ပမာဏရှိသော အပရာဇိတပလ္လင်တော်ဝယ် လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ဒီပင်္ကရာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိ ညောင်ကြတ်ပင်အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော် မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး၍ သုနန္ဒာရာမအရပ် အသရေရှိသော ကျောင်းတော်၌ ဓမ္မစကြာတရားဦးကို ဟောတော်မူခဲ့သည်။ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခဲ့ကြကုန်၏။

**ဒေသစာရီ လှည့်လည်တော်မူခြင်း**

ဒီပင်္ကရာ ဘုရားရှင်သည် ဓမ္မစကြာတရားဦး ဟောတော်မူပြီးနောက် သတ္တဝါတို့၏အကျိုးငှာ ဒေသစာရီ လှည့်လည်တော်မူလျက် ရမ္မာဝတီပြည်သို့ ရောက်ကာ သုဒဿနကျောင်းတော်၌ သီတင်းသုံးနေတော်မူခဲ့၏။ ရမ္မာဝတီ ပြည်သူပြည်သားတို့က နောက်ပါသံဃာများနှင့်တကွသော ဘုရားရှင်ကို ဆွမ်းလုပ်ကျွေးပြီးလျှင် ထိုဒီပင်္ကရာ ဘုရားရှင်အား ကိုးကွယ်ရာဟု ဆည်းကပ် ခဲ့ကြကုန်၏။ ဘုရားရှင်သည် အချို့သော ပုဂ္ဂိုလ်ကို သရဏဂုံ၌ တည်စေခဲ့၏။ အချို့သော ပုဂ္ဂိုလ်ကို ငါးပါးသီလတို့၌ မြဲစေခဲ့၏။ အချို့သော ပုဂ္ဂိုလ်ကို ဆယ်ပါးသီလ ဆောက်တည်စေခဲ့၏။ အချို့သောပုဂ္ဂိုလ်အား အရိယမင်္ဂ လေးပါး၊ ဖိုလ်လေးပါးတို့ကို ပေးတော်မူခဲ့၏။ အချို့သော ပုဂ္ဂိုလ်တို့အား အတုမရှိသော ပဋိသမ္ဘိဒါတရား လေးပါးတို့ကိုလည်းကောင်း၊ မြတ်သော သမာပတ်ရှစ်ပါးတို့ကိုလည်းကောင်း၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါးတို့ ကိုလည်းကောင်း ပေးတော်မူကာ လူအပေါင်းကို ချီးမြှောက်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုနည်း အစီအစဉ်အားဖြင့် လူအပေါင်းကို ဆုံးမတော်မူကာ

ဘုရားရှင်၏ အဆုံးအမကြောင့် ဘုရားရှင်၏ သာသနာတော်သည် ပွင့်လင်းထွန်းကားလာခဲ့သည်။

ခြင်္သေ့မင်း၏ မေးနှင့်တူသော မေးရှိတော်မူ၍ နွားလားဥသဘ၏ ပခုံးနှင့်တူသော ပခုံးရှိတော်မူသော ဒီပင်္ကရာဘုရားရှင်သည် များစွာသော သတ္တဝါတို့ကို ကယ်တင်တော်မူကာ ဒုဂ္ဂတိဘုံဘဝမှ လွတ်မြောက်စေတော်မူခဲ့သည်။ ဘုရားရှင်သည် သစ္စာလေးပါးကို သိစေထိုက်သော သတ္တဝါကို ရွေးချယ်တော်ကွန်ရက်တွင် ထင်တော်မူလာက ယူဇနာတစ်သိန်း ကွာဝေးသော အရပ်၌ တည်သော ထိုသတ္တဝါထံသို့ တစ်ခဏချင်းဖြင့် ချဉ်းကပ်၍ ကယ်မ စောင့်ရှောက်တော်မူခဲ့သည်။

**ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံခြင်း**

တစ်နေ့တွင် ဒီပင်္ကရာ ဘုရားရှင်သည် ခနောက်ပါရဟန္တာ လေးသိန်းခြံရံလျက် ရမ္မာဝတီပြည်သို့ ကြွတော်မူလာခဲ့ရာ လမ်းခရီးတွင် ဂေါတမဘုရားအလောင်းသုမေဓာ ရှင်ရသေ့အား “နောက်လာမည့် ဘဒ္ဒကမ္ဘာတွင် ဂေါတမမည်သော ဘုရားဖြစ်လတ့်”ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ ဒီပင်္ကရာဘုရာရှင်သည် ဗျာဒိတ်စကား မြွက်ကြားတော်မူပြီးနောက် ဆွမ်းပင့်ရာ ဌာနသို့ ကြွတော်မူပြီးလျှင် ရမ္မာဝတီပြည်သူတို့၏ ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူနေသောအခါ သုမေဓာရှင်ရသေ့သည် ပါရမီတော်တို့ကို ဆင်ခြင်တော်မူခဲ့သဖြင့် တရား၏တန်ခိုး အာနုဘော်အားဖြင့် မြေကြီးသည် ပြင်းထန်စွာ တုန်လှုပ်ခဲ့လေသည်။ ထိုသို့မြေလှုပ်သဖြင့် ဆွမ်းကျွေးမွေးနေသူ လူအပေါင်းတို့သည် ကြောက်ရွံ့ကြ၍ ဒီပင်္ကရာဘုရားရှင်အား လျှောက်ထား ကြရာ “ကြောက်ရွံ့ဖွယ်မရှိ၊ သုမေဓာရှင်ရသေ့၏ တရားတော်ကို ဆင်ခြင်ခြင်းအတွက် မြေလှုပ်ခြင်းဖြစ်သည်”ဟု ဟောတော်မူခဲ့၏။ လူအများတို့သည် သုမေဓာရှင်ရသေ့ထံသို့ သွားကာ ကောင်းချီးပေးကြကုန်၏။

## ဒီပင်္ကရာဘုရားရှင်၏ တပည့်သာဝကများ

ဒီပင်္ကရာမြတ်စွာဘုရား၏ (အဂ္ဂသာဝက) မြတ်သောတပည့် အစုံတို့ကား အရှင်သုမင်္ဂလမထေရ်နှင့် အရှင်တိဿမထေရ်တို့ ဖြစ်ကြကုန်ပြီး အရှင်သာဂတမထေရ်ကား ဘုရားရှင်၏ အလုပ်အကျွေးပင်ဖြစ်ခဲ့သည်။ အရှင်မနန္ဒာထေရီနှင့် အရှင်မ သုနန္ဒာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မ အစုံတို့ဖြစ်ကြကုန်၍ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကား ညောင်ကြတ်ပင်ဖြစ်ခဲ့၏။ အလုပ်အကျွေးဒါယကာ (အဂ္ဂဥပဋ္ဌာက)တို့ကား တပုဿနှင့် ဘလ္လိကတို့ဖြစ်ကုန်၍ အလုပ်အကျွေးဒါယိကာမ(အဂ္ဂဥပဋ္ဌိကာ)တို့သည် သိရိမာနှင့် ကောဏာတို့ ဖြစ်ခဲ့ကြသည်။ ဒီပင်္ကရာ ဘုရားရှင်၏ အရပ်တော်မှာ အတောင်ရှစ်ဆယ် မြင့်တော်မူ၍ အလျှံတဝင်းဝင်း ထွန်းလင်းတောက်ပသော ဆီမီးတိုင်ကြီးကဲ့သို့လည်းကောင်း၊ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးကဲ့သို့လည်းကောင်း တင့်တယ်တော်မူလှဘိ၏။ ဒီပင်္ကရာ မြတ်စွာဘုရား၏ ရောင်ခြည်တော်သည် ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာတိုင်အောင် ပကတိ အလိုလိုပျံ့နှံ့၍ ထွန်းလင်း၏။ ထိုရောင်ခြည်တော်ကို တန်ခိုးတော်ဖြင့် အထူးဖန်ဆင်းရခြင်း မရှိခဲ့ပေ။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ဒီပင်္ကရာ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် သုနန္ဒာရာမအရပ်မြတ်သောကျောင်းတော်၌ ဓမ္မစကြာတရားဦးကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်ရာသော လူနတ်ပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

တစ်ဖန် ဒီပင်္ကရာ ဘုရားရှင်သည် သားတော် ဥသဘက္ခန္ဓမင်းသား၏ ဉာဏ်ရင့်ကျက်ချိန်ကို သိတော်မူ၍ သားတော်ကိုအမှူးထားကာ တရားနာရန် ရောက်လာကြကုန်သော သတ္တဝါတို့အား ဆုံးမဟောကြားတော်မူခဲ့သော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။

ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ဒီပင်္ကရာ ဘုရားရှင်သည် အမရဝတီမြို့တော် တံခါးဝ၌ ပေါက်ရောက်နေသော ကုက္ကိုပင်ကြီးအရင်း၌ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူကာ တိတ္ထိတို့ကို နှိမ်နှင်းတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူခဲ့၏။ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီတင်းသုံးတော်မူကာ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို အမှူးထား၍ အဘိဓမ္မာတရား ဟောကြားတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော နတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ဒီပင်္ကရာ ဘုရားရှင် လက်ထက်တော်၌ တပည့်သာဝက အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ သုနန္ဒာရာမအရပ်၌ အရပ်ထက်ဝန်းကျင်မှ ကုဋေတစ်သိန်းသော ရဟန္တာအရှင်မြတ်ကြီးများ အထူးလာရောက် စည်းဝေးခဲ့ကြသည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော တပည့်သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

ဒီပင်္ကရာ ဘုရားရှင်သည် လေးသိန်းသော ရဟန်းတို့ ခြံရံလျက် ဒေသစာရီ လှည့်လည်တော်မူခဲ့ရာ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော နာရဒကူဋ တောင်သို့ရောက်တော်မူခဲ့၏။ ထိုတောင်ကို နရဒေဝနတ်ဘီလူးသည် အပိုင်စားရထား၍ ထိုတောင်၌နေ၏။ ထိုတောင်ပတ်ဝန်းကျင်ရှိ လူအပေါင်းတို့သည် ဗလိနတ်စာအလို့ငှာ လူကိုပင်ဆောင်ယူ၍ ထိုနတ်ဘီလူးကို နှစ်စဉ် မပြတ်ပူဇော်ခဲ့ကြရ၏။ ဒီပင်္ကရာဘုရားရှင်သည် ထိုလူအပေါင်းတို့၏ ရှေးကောင်းမှုကို မြင်တော်မူ၍ ကယ်တင်စောင့်ရှောက်ရန်အတွက် ရဟန်းသံဃာတို့ကို ခေါ်ဆောင်တော်မမူဘဲ တစ်ပါးတည်းသာ နာရဒကူဋတောင်ထိပ်သို့ တက်တော်မူခဲ့၏။ ထိုအခါ ဘီလူးသည် ပြင်းစွာအမျက်ထွက်၍ တောင်ကြီးကို

တုန်လှုပ်စေကာ ဘုရားရှင်ကို ခြောက်လှန့်ထွက်ပြေးစေခဲ့သည်။ သို့သော် ဘုရားရှင်က လုံးဝကြောက်ရွံ့ခြင်းမရှိဘဲ ပကတိကြည်လင်စွာ သီတင်းသုံး နေတော်မူသည်ကို ဘီလူးကြီးမြင်ရသည်ရှိသော် "ဤရဟန်းကြီးကား အံ့သြဖွယ်ရှိပေစွ။ တန်ခိုးအာနုဘော် ကြီးပေစွ။ ငါပြုခဲ့သောအမှုသည် ငါ့အပေါ်သာ ကျရောက်ခဲ့ပေပြီ။ ဤရဟန်းကြီးမှတစ်ပါး ငါ့အား ကိုးကွယ်ရာ မရှိပြီ။ ဤရဟန်းကြီးကိုပင် ကိုးကွယ်ဆည်းကပ်တော့အံ့"ဟု အကြံဖြစ်ခဲ့ လေသည်။ နရဒေဝနတ်ဘီလူးသည် တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင် တင့်တယ်တော်မူသော ဘုရားရှင်၏ ခြေတော်အစုံ၌ ဦးတိုက်ကာ လွန်ကျူးခဲ့သော အပြစ်ကို ဝန်ချတောင်းပန်၍ ဘုရားရှင်အား ဆည်းကပ် ကိုးကွယ်ခဲ့လေသည်။

ဒီပင်္ကရာဘုရားရှင်သည် နတ်ဘီလူးအား တရားဟောတော်မူခဲ့ရာ တရားတော်၏အဆုံး၌ အခြံအရံ နတ်ဘီလူးတစ်သောင်းနှင့်တကွ နတ်ဘီလူး ကြီးသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။ ထိုနရဒေဝနတ်ဘီလူး သောတာပန် တည်သော နေ့၌ကား ဇမ္ဗူဒိပ်ကျွန်းအလုံး၌ နေကုန်သော လူတို့သည် နရဒေဝနတ်ဘီလူးအား ပူဇော်ပွဲပြုလုပ်ရန် တစ်ရွာ တစ်ရွာမှ တစ်ယောက် တစ်ယောက်သော လူကိုလည်းကောင်း၊ ပူဇော်ဖွယ်ပစ္စည်း ဝတ္ထုတို့ကို လည်းကောင်း ဆောင်ယူခဲ့ကြကုန်၏။ နရဒေဝနတ်ဘီလူးသည် ထိုလူတို့ ယူဆောင်ခဲ့သော ပူဇော်ဖွယ်ဝတ္ထုပစ္စည်းတို့ကို လူတို့အား ပြန်ပေးကာ ဗလိနတ်စာပြုရန် ဆောင်ယူခဲ့သော လူတို့ကိုကား ဘုရားရှင်အား အပ်နှင်း တော်မူခဲ့လေသည်။ ဘုရားရှင်သည် ထိုလူတို့ကို ဧဟိဘိက္ခုခေါ်တော်မူ၍ ရဟန်းပြုပေးခဲ့၏။ ထိုရဟန်းတို့ကား ခုနစ်ရက်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ဒီပင်္ကရာ ဘုရားရှင်သည် နာရဒကူဋ္ဋတောင်၌ပင် ရဟန္တာကုဋေတစ်ရာတို့၏ အလယ်၌ နေတော်မူကာ တပို့တွဲလပြည့်နေ့၌ အင်္ဂါလေးပါးနှင့်ပြည့်စုံသော သာဝက အစည်းအဝေးကြီးတွင် ဩဝါဒ ပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးကြီးကား ဒီပင်္ကရာ ဘုရားရှင်၏ နှစ်ကြိမ်မြောက် သာဝက(သန္နိပါတ)အစည်းအဝေးပင် ဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ဒီပင်္ကရာ မြတ်စွာဘုရားသည် သုဒဿနတောင်ထိပ်၌ ဝါကပ်တော်မူခဲ့၏။ ထိုအခါ ဇမ္ဗူဒိပ်ကျွန်းနေကုန်သော လူတို့သည် နှစ်စဉ် နှစ်တိုင်း သီတင်းကျွတ်လ၌ တောင်ထိပ်ပွဲသဘင် ဆင်ယင်ကျင်းပမြဲဖြစ်ရာ သုဒဿနတောင်ထိပ်သို့ ရောက်လာခဲ့ကြကုန်၏။ ထိုလူတို့ကို တရားဟောတော်မူခဲ့၏။ ထိုလူတို့သည် ဘုရားရှင်၏ တရားတော်ကို နာရ၍ ရဟန်းပြုခဲ့ကြလေသည်။ ဘုရားရှင်သည် (မဟာပဝါရဏာနေ့)သီတင်းကျွတ် လပြည့်နေ့၌ ထိုရဟန်းတို့အား တရားဟောပြန်ရာ တရားတော်၏ အဆုံး၌ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြလေသည်။ ထိုအခါ ဒီပင်္ကရာ ဘုရားရှင်သည် ကုဋေကိုးသောင်းသော ရဟန္တာတို့နှင့်အတူ ပဝါရဏာ ပြုတော်မူခဲ့၏။ ထိုအစည်းအဝေးကြီးကား ဒီပင်္ကရာ ဘုရားရှင်၏ သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

ဒီပင်္ကရာ ဘုရာရှင်သည် (ဓမ္မာဘိသမယ) တရားပွဲကြီး သုံးကြိမ်၊ သာဝက (သန္နိပါတ)အစည်းအဝေးကြီး သုံးကြိမ်တို့မှတစ်ပါး ရိုးရိုးတရား ဟောတော်မူရာ တစ်သောင်းသော သတ္တဝါ၊ နှစ်သောင်းသော သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကာ ကျွတ်တမ်းဝင်ခဲ့ကြသည့်အပြင် တစ်ဦးစီ နှစ်ဦးစီသော ကျွတ်တမ်းဝင်ခဲ့ကြသည့် သတ္တဝါတို့ကား အမှန်းအဆ ဂဏန်း ပြု၍ မရနိုင်အောင်ပင် ဖြစ်ခဲ့လေသည်။ ဒီပင်္ကရာ ဘုရားရှင်၏ သန့်ရှင်း စင်ကြယ်သော သာသနာတော်သည် ပျံ့နှံ့၏။ လူသိများ၏။ ပြည့်စုံ၏။ စည်ကား၏။ ကောင်းစွာပွင့်လင်းသော သာသနာတော်သည် တာဒိဂုဏ်နှင့် ပြည့်စုံကာ အာသဝေါကင်းကုန်၍ ကိလေသာအညစ်အကြေး မရှိကုန်သော ရဟန္တာတို့ဖြင့် အခါခပ်သိမ်း အလွန်တင့်တယ်လျက် ရှိခဲ့လေသည်။

**ပရိနိဗ္ဗာန် စံတော်မူခြင်း**

ဒီပင်္ကရာဘုရားရှင်သည် အနှစ်တစ်သိန်းသော ကာလပတ်လုံး တည်နေလျက် များစွာသော သတ္တဝါအပေါင်းတို့ကို ကယ်တင်တော်မူခဲ့၏။ မီးပုံကြီးသည် အလျှံတပြောင်ပြောင် ထွန်းပပြီး ငြိမ်းသွားသကဲ့သို့ တပည့် သာဝကများနှင့် အတူ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

"ဒီပင်္ကရာ ဘုရားရှင်၏ တန်ခိုးတော်သည်လည်းကောင်း၊ တပည့်သာဝက လေးသိန်းစသော အခြံအရံအပေါင်းတို့သည်လည်းကောင်း၊ ခြေတော် အစုံတို့၌ပါရှိသော စက်လက္ခဏာတို့သည်လည်းကောင်း ချုပ်ဆုံး ကွယ်ပျောက် သွားခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းအနှီးသာ ဖြစ်ကုန်စွတကား"

## စေတီတော် တည်ထားကိုးကွယ်ခြင်း

မာရ်ငါးပါးကို အောင်မြင်တော်မူသော ဒီပင်္ကရာဘုရားရှင်သည် နန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုကျောင်းတိုက်အတွင်း၌ပင် ဘုရားရှင်၏ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြရာ စေတီတော်၏ အမြင့်သည် သုံးဆယ့်ခြောက်ယူဇနာ ရှိခဲ့သည်။ သက်တော်ရှည်ကြာသော မြတ်စွာဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းတည်ရှိသော (အသမ္ဘိန္န)ဓာတ်တော်ကို ထိုစေတီတော်ကြီးအတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေကုန်သော လူတို့သည် အညီအညွတ်လာကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

**အမှာစာ** ။ ။ ကျွန်ုပ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ဂေါတမဗုဒ္ဓရှင်တော် မြတ်ဘုရားသည် ဤဘုရားရှင်၏ ထံတော်ပါးတွင် သုမေဓာရှင်ရသေ့ဘဝဖြင့် နိယတဗျာဒိတ်ခံယူ ရရှိခဲ့သည်။ ဂေါတမဗုဒ္ဓဝင်အကျယ်ကို ဆက်လက်တင်ပြထားပါသည်။ နိယတဗျာဒိတ် ခံယူပြီးနောက်မှ ပွင့်တော်မူ ကြကုန်သည့် ဘုရားရှင်တို့၏ ဗုဒ္ဓဝင်ကိုလည်း အဆက်မပြတ်ကြည်ညိုသဒ္ဓါ ပွားစေနိုင်ရန် ဤအခန်း၌ပင် တစ်ဆက်တည်း ဖော်ပြထားပါသည်။ ထိုထို ဘုရားရှင်တို့၏ ထံပါးဝယ် ဂေါတမဗုဒ္ဓလောင်းလျာ နိယတဗျာဒိတ် ဆက်လက်ခံယူပုံကိုလည်း တွဲဖက်၍ ဖော်ပြထားပါသည်။

## ကောဏ္ဍညဗုဒ္ဓဝင်

ဒီပင်္ကရာဘုရားရှင် ပွင့်တော်မူသော ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ကမ္ဘာ တစ်သင်္ချေလွန်ခဲ့ပြီ။ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် သုံးအသင်္ချေနှင့်ကမ္ဘာ တစ်သိန်းအထက်၌ ဘုရားတစ်ဆူသာ ပွင့်တော်မူသည့် သာရကမ္ဘာ တစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုသာရကမ္ဘာ၏ ဆုတ်ကပ် လူတို့၏အသက်တစ်သိန်း တမ်း၌ ကောဏ္ဍညဘုရားရှင် ပွင့်တော်မူခဲ့သည်။

### ကောဏ္ဍညဘုရားအလောင်း ဖွားမြင်တော်မူခြင်း

ကောဏ္ဍညဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော် မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေနေတော်မူရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်ကို လက်ခံတော်မူ၍ တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည် **ရမ္မာဝတီ** နေပြည်တော် **သုနန္ဒ**မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **သုဇာတာ** မိဖုရားခေါင် ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ မယ်တော်မိဖုရားကြီးမှ သားတော် အလောင်းတော်မင်းသားကို မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်မင်းသားအား ကောဏ္ဍညအနွယ်ကို အစွဲပြု၍ "ကောဏ္ဍညမင်းသား"ဟု အမည်မှည့်ခေါ်ခဲ့ကြသည်။ အလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ ပုဗ္ဗနိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာ အတိုင်း အထူးအံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ကောဏ္ဍညမင်းသားသည် အရွယ်ရောက်သောအခါ နှစ်သက်ဖွယ် အရောင်အဆင်း တင့်တယ်ခြင်းရှိသော **ရုစိဒေဝီ**မင်းသမီးနှင့်

ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ နှစ်ပေါင်းတစ်သောင်းတို့ ပတ်လုံး လွန်စွာ မွေ့လျော်ဖွယ်ကောင်းသော သုစိ ရွှေနန်းဆောင်၊ သုရုစိရွှေ နန်းဆောင်၊ သုဘ ရွှေနန်းဆောင် နန်းပြာသာဒ်သုံးဆောင်ဝယ် မောင်းမမိဿံ သုံးသိန်းတို့၏ ပြုစုယုယမှုကို ခံယူလျက် ဥတုသုံးလီ ရာသီအလိုက် လှည့်လည် စံနေတော်မူခဲ့သည်။ အလောင်းမင်းသား၏ သားတော်မှာ **ဝိဇိတသေန** မင်းသားဖြစ်၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့ ထီးနန်းစိုးစံတော်မူခဲ့ရာ ရုစိဒေဝီ မိဖုရားကြီးမှ ဝိဇိတသေန သားတော်ကို ဖွားမြင်သောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နတ်တမန်၊ နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး ဖြစ်၍ **အာဇာနည်မြင်း**ကသော ရထားကိုစီးလျက် တောထွက်ကာ ရဟန်းပြုတော်မူ ခဲ့သည်။ အလောင်းတော် ကောဏ္ဍညမင်းသား တောထွက်၍ ရဟန်းပြုတော် မူသည်ကို ဆယ်ကုဋေသော လူတို့သည် အတုလိုက်၍ ရဟန်းပြုတော်မူခဲ့ ကြ၏။ အလောင်းတော်သည် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင် ခဲသော အကျင့်ကို ကျင့်တော်မူခဲ့၏။ ဆယ်လပြည့်သောအခါ ကဆုန်လပြည့် ဘုရားဖြစ်အံ့သော နေ့တွင် သုနန္ဒရွာသူ ယသောဓရာသူဌေးသမီး လှူဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ထိုအရပ်ရှိ အင်ကြင်းတော အတွင်းမှာပင် နေ့သန့်စင်တော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတောတွင် နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြွေအရံ ရဟန်းအပေါင်းကို စွန့်ခွာ ခဲ့သည်။ တစ်ပါးတည်း မဟာဗောဓိပင်ရှိရာ အရပ်သို့ ကြွတော်မူခဲ့၏။ လမ်းခရီးအကြား၌ သုနန္ဒာအမည်ရှိသော တက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်ကို ခံယူတော်မူခဲ့ပြီး ကြောင်လျှာဗောဓိပင်သို့ ရောက်လျှင် သုံးကြိမ်လက်ယာရစ်လှည့်၍ အရှေ့အရပ်သို့ မျက်နှာမူကာ **ကြောင်လျှာ ဗောဓိပင်**ကို နောက်ကျောပြု ရပ်နေတော်မူခဲ့သည်။ လမ်းတွင် အလှူခံခဲ့သော

မြွက်ရှစ်ဆုပ်ကို ကြောင်လျှာဗောဓိပင်ရင်း၌ အဓိဋ္ဌာန်ပြု ကြဲဖြန့်လေလျှင် ငါးဆယ့်ခုနစ်တောင်မြင့်သော အပရာဇိတပလ္လင်တော် ပေါ်ပေါက်ခဲ့၏။

ထိုအပရာဇိတ ပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည် အားထုတ်တော်မူခဲ့၍ ထိုနေ့ နေမဝင်မီ မာရ်စစ်သည် ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။ အလောင်းတော်သည် တစ်ဆက်တည်းပင် ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူခဲ့သည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ အစုန်အဆန်အားဖြင့် သုံးသပ်တော်မူပြီး အာနာပါန စတုတ္ထဈာန်ကို ဝင်စားတော်မူခဲ့၏။ ထိုဈာန်မှထပြီးလျှင် ခန္ဓာငါးပါးတို့ကို ဆင်ခြင်တော်မူလျှင် ထိုခန္ဓာငါးပါး၏ ဖြစ်ခြင်းပျက်ခြင်းနှင့် စပ်သော ငါးဆယ်သော လက္ခဏာတို့ကို အမြင်ရကာ ဂေါတြဘူဉာဏ်တိုင်အောင် ဝိပဿနာကို ပွားများတော်မူခဲ့၏။ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အသာဓာရဏဉာဏ်စသော အလုံးစုံသော ဘုရားဂုဏ်တော်တို့ကို ထိုးထွင်းသိမြင်တော်မူကာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ကောဏ္ဍညဘုရားရှင်သည် ဗောဓိပင်ရင်း၌ ဘုရားဖြစ်တော်မူပြီးနောက် ဗောဓိပင်အနီးမှာပင် ခုနစ်ပါးသောဌာနတို့၌ ခုနစ်ရက်စီ ဖလသမာပတ်ချမ်းသာဖြင့် စံနေတော်မူခဲ့သည်။ ရှစ်ခုမြောက် သတ္တာဟ၌ တရားဟောရန် ဗြဟ္မာမင်း တောင်းပန်ခြင်းကို ဝန်ခံတော်မူပြီးလျှင် "ငါသည် အဘယ်သူအား ရှေးဦးစွာ တရားဟောရပါမည်နည်း"ဟု စဉ်းစား ဆင်ခြင်တော်မူခဲ့သည်။ ကိုယ်တော်မြတ်ကို အတူလိုက်၍ ရဟန်းပြုကြကုန်သော ဆယ်ကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ "ယခုအခါ ထိုရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကြည့်ရှုပြန်သော် ဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာကွာဝေးသော အရုန္ဓဝတီမြို့ ဒေဝဝနခေါ် နတ်သစ်ပင်တော၌ နေတော်မူကြသည်ကို မြင်တော်မူခဲ့၏။ ထိုအခါ ဘုရားရှင်သည် သပိတ်သင်္ကန်းကို

ယူဆောင်တော်မူ၍ တန်ခိုးတော်ဖြင့် ခဏချင်းပင် ထိုတောသို့ ကြွတော်မူလေသည်။

ရဟန်းတို့သည် ဘုရားရှင် ကြွလာသည်ကို အဝေးမှပင် မြင်ခဲ့ကြကုန်၍ ကြည်ညိုလှစွာသော စိတ်ဖြင့် ဘုရားရှင်ကို ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်း လှမ်းယူခြင်း၊ နေရာတော် ခင်းကျင်းခြင်း၊ အရိုအသေပြုခြင်းတို့ကို ပြုလုပ်ကြပြီး ဘုရားရှင်ကို ခြံရံလျက် သင့်တင့်လျောက်ပတ်သော နေရာတွင် ထိုင်နေခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ဆယ်ကုဋေသော ရဟန်းတို့အား ရှေးဘုရားရှင်တို့ ဟောတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့လေသည်။ ဓမ္မစကြာဒေသနာတော်၏ အဆုံး၌ ရဟန်းတော်ဆယ်ကုဋေအမျိုးရှိသော နတ်လူကုဋေတစ်သိန်းတို့ သစ္စာလေးပါးတရားကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြလေသည်။

**ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံယူခြင်း**

ဂေါတမဘုရား အလောင်းတော်သည် ထိုအချိန်က ဝိဇိတာဝီမည်သော **စကြာမင်း** ဖြစ်ခဲ့၍ စန္ဒဝတီပြည်၌ အုပ်စိုး၍နေခဲ့၏။ ထိုစကြာမင်းသည် များသော အခြံအရံရှိကာ တိုင်းသူပြည်သားတို့အား အပြစ်ဒဏ်ပေးခြင်း၊ လက်နက်ဖြင့် ဖိနှိပ်ခြင်း အလျဉ်းမရှိဘဲ တရားနှင့်ညီစွာ သမုဒ္ဒရာလေးစင်းတို့၏ အဆုံးအထိ စကြဝဠာတိုက်တစ်ခုလုံးကို အုပ်စိုးတော်မူခဲ့၏။ ထိုအခါ ကောဏ္ဍညဘုရားရှင်သည် ရဟန္တာကုဋေတစ်သိန်း ခြံရံလျက် ဒေသစာရီ ကြွချီတော်မူခဲ့ရာ စန္ဒဝတီပြည်သို့ ရောက်တော်မူလာခဲ့သည်။ အလောင်းတော်သည် အခြံအရံ သံဃာတော်များနှင့်တကွ ကောဏ္ဍည ဘုရားရှင်အား ပင့်ဖိတ်၍ ဆွမ်းကပ်လှူခဲ့၏။ လောက၏ရှေ့သွား ကောဏ္ဍညဘုရားရှင်သည် အလောင်းတော် ဝိဇိတာဝီစကြာမင်းကို "ဤကမ္ဘာမှ မရေမတွက်နိုင်သော ကမ္ဘာလွန်ပြီးနောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားဖြစ်လတ့်။ ညောင်ဗုဒ္ဓဟေ ပင်ရင်း၌ ပွင့်လတ့်"ဟူ၍ ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ဗျာဒိတ်စကား ကြားရသောအခါ လွန်စွာဝမ်းမြောက်လှသဖြင့် ကြီးစွာသော ထီးနန်းစည်းစိမ်တို့ကို ကောဏ္ဍညဘုရားရှင်အား လှူဒါန်း၍ ရဟန်းပြုကာ သမာပတ်ရှစ်ပါး၊

အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေလျက် အသက်အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရောက်ခဲ့လေသည်။

## ကောဏ္ဍညဘုရားရှင်၏ တပည့်သာဝကများ

ကောဏ္ဍညဘုရားရှင်၏(အဂ္ဂသာဝက) မြတ်သော တပည့်အစုံတို့ကား အရှင်ဘဒ္ဒမထေရ်နှင့် အရှင်သုဘဒ္ဒမထေရ်တို့ ဖြစ်ကြကုန်ပြီး အလုပ်အကျွေး ရဟန်းကား အရှင်အနုရုဒ္ဓမထေရ် ဖြစ်ခဲ့သည်။ အရှင်မ တိဿာထေရီနှင့် အရှင်မ ဥပတိဿာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့ ဖြစ်ခဲ့ကြသည်။ ဘုရားရှင် ပွင့်တော်မူရာ ဗောဓိပင်သည် ကြောင်လျှာပင် ဖြစ်ခဲ့၏။ အလုပ်အကျွေး ဒါယကာ (အဂ္ဂဥပဋ္ဌာက)တို့ကား သောဏနှင့် ဥပသောဏတို့ ဖြစ်ကုန်၍ အလုပ်အကျွေးဒါယိကာမ (အဂ္ဂဥပဋ္ဌိကာ) တို့သည် နန္ဒာနှင့် သိရိမာတို့ ဖြစ်ခဲ့ကြလေသည်။ ကောဏ္ဍည ဘုရားရှင်၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၍ လမင်းကဲ့သို့ လည်းကောင်း၊ နေမင်းကဲ့သို့လည်းကောင်း တင့်တယ်တော်မူပါပေ၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ကောဏ္ဍညဘုရားရှင်သည် အရုန္ဓဝတီမြို့ ဒေဝဝနခေါ် နတ်သစ်ပင်တော၌ ကိုယ်တော်မြတ် တောထွက်တော်မူစဉ်က အတုလိုက်၍ ရဟန်းပြု ခဲ့ကြသော ရဟန်းတော် ဆယ်ကုဋေတို့ကို အမှူးထား၍ နတ်လူကုဋေ တစ်သိန်းတို့အား ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောတော်မူသည့် တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ရဟန်းတော်ဆယ်ကုဋေ အမှူးရှိသော နတ်လူကုဋေတစ်သိန်းတို့ သစ္စာလေးပါး တရားကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက် အခါတစ်ပါးဝယ် မင်္ဂလသုတ္တန် ဒေသနာတရားပွဲကြီး၌ စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့သည် ဤစကြဝဠာမှာပင် စည်းဝေးခဲ့ကြကုန်၏။ ထိုအစည်းအဝေးကြီး၌ အမျိုးအမည် မထင်ရှားသော နတ်သားတစ်ယောက်သည် ကောဏ္ဍည ဘုရားရှင်အား "ဤလောက၌ သတ္တဝါများ ကြီးပွားကြောင်းခေါ် မင်္ဂလာတရားတော်သည် အဘယ်တရားများ

ပါနည်း"ဟု မင်္ဂလာပြဿနာကို မေးလျှောက်ခဲ့သည်။ ထိုနတ်သားကို တရားထောက်ပြု၍ မင်္ဂလာတရား ဟောကြားခဲ့သော တရားပွဲကား ဒုတိယ အကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ကုဋေကိုးသောင်းသော နတ်လူပြဟ္မာတို့ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြ ကုန်၏။ အောက်မဂ်၊ အောက်ဖိုလ်ကို မျက်မှောက်ပြုကြသော ပုဂ္ဂိုလ်တို့ကား အပိုင်းအခြားမရှိအောင် များပြားခဲ့သည်။

ကောဏ္ဍညဘုရားရှင် ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကိုပြ၍ တိတ္ထိတို့ကို ဆုံးမတော်မူစဉ် ကောင်းကင်၌ တည်တော်မူလျက် ဟောတော် မူသော တရားပွဲသည် တတိယသုံးကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ လူနတ်ပြဟ္မာ ကုဋေရှစ်သောင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၍ အောက်မဂ်အောက်ဖိုလ်တို့ကို မျက်မှောက် ပြုခဲ့ကြသော လူနတ်ပြဟ္မာသတ္တဝါတို့ အရေအတွက်ကား မရေမတွက် နိုင်အောင်ပင် ဖြစ်ခဲ့သည်။

## သာဝက (သန္နိပါတ) အစည်းအဝေးများ

ကောဏ္ဍညဘုရားရှင် လက်ထက်တော်တွင် တပည့်သာဝက အစည်းအဝေး သုံးကြိမ်ဖြစ်ခဲ့သည်။ ဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် စန္ဒဝတီမြို့ကို အမှီပြု၍ စန္ဒာရာမကျောင်းတိုက်၌ ပထမဝါကပ်တော်မူခဲ့၏။ ထိုစန္ဒဝတီမြို့၌ သုစိန္ဓရပုဏ္ဏား၏သား ဘဒ္ဒလုလင်နှင့် ယသောဓရာပုဏ္ဏား၏သား သုဘဒ္ဒလုလင် နှစ်ယောက်တို့သည် ဘုရားရှင်၏ မျက်မှောက်တော်၌ တရားတော်ကို နာကြားခဲ့ရ၍ ကြည်ညိုလှသဖြင့် လုလင်အပေါင်း တစ်သောင်း တို့နှင့် တကွ ဘုရားရှင်ထံ၌ ရဟန်းပြုခဲ့ကြသည်။ ထိုရဟန်း တို့သည် မကြာမတင် ရဟန္တာများ ဖြစ်ခဲ့ကြ၏။ ကောဏ္ဍည ဘုရားရှင်သည် နယုန်လပြည့်နေ့၌ သုဘဒ္ဒမထေရ်အမှူးရှိသော ရဟန္တာပေါင်း ကုဋေ တစ်သိန်း ခြံရံလျက် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်း အဝေးကား ရှေးဦးစွာသော သာဝက အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ကောဏ္ဍညဘုရားရှင်သည် သားတော် ဝိဇိတသေနမင်းသား ရဟန်းပြုပြီးနောက် အရဟတ္တဖိုလ်သို့ ရောက်သည့်နေ့တွင် ထိုဝိဇိတသေန

မထေရ်အမျိုးရှိသော ရဟန္တာကုဋေတစ်သောင်းတို့ အလယ်၌ သီတင်းသုံးကာ၊ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးကား ဒုတိယအကြိမ်မြောက် သာဝက အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ကောဏ္ဍညဘုရားရှင်သည် ဇနပုဒ်များသို့ ဒေသစာရီ လှည့်လည်တော်မူခဲ့ရာတွင် ကုဋေကိုးဆယ် အခြံအရံရှိသော ဥဒေနမင်းကို အခြံအရံပရိသတ်နှင့်တကွ ရဟန်းပြုပေးတော်မူခဲ့၏။ ထိုရဟန်းတော်များ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် ကောဏ္ဍညဘုရားရှင်သည် ဥဒေန ရဟန်းအမျိုးရှိသော ရဟန္တာပေါင်း ကုဋေကိုးဆယ်တို့၏ အလယ်၌ သီတင်းသုံးတော်မူလျက် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးကား တတိယအကြိမ်မြောက် တပည့်သာဝက အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ကောဏ္ဍညဘုရားရှင်သည် (ဓမ္မာဘိသမယ) တရားပွဲကြီး သုံးကြိမ် သာဝက (သန္နိ ပါတ) အစည်းအဝေးကြီး သုံးကြိမ်တို့မှတစ်ပါး အကြောင်း အတ္ထုပ္ပတ်အားလျော်စွာ တရားဟောတော်မူရာ၌ ကျွတ်တမ်းဝင်ခဲ့သော လူနတ်ပြဟ္မာသတ္တဝါတို့ကား မရေမတွက်နိုင်အောင်ပင် များပြားခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ဘုရားပွင့်တော်မူရာ မဟာပထဝီမြေကြီးသည် ကိလေသာအညစ်အကြေး ကင်းသော ရဟန္တာတို့ဖြင့် လှပ၏။ ဆန်းကြယ်၏။ မိုးကောင်းကင်သည် နက္ခတ်တာရာတို့ဖြင့် တင့်တယ်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားရှင်သည်လည်း ကိလေသာကင်းကွာ ရဟန္တာအခြံအရံတို့ဖြင့် တင့်တယ်တော်မူပါပေ၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့သည် ဂုဏ်အားဖြင့် နှိုင်းယှဉ်ဖွယ်ရာကင်း၏။ များသောအကျော်အစောရှိသော ရဟန္တာပုဂ္ဂိုလ်တို့သည် လျှပ်စစ်ပြက် သကဲ့သို့ တန်ခိုးတော်ကိုပြပြီးလျှင် ပရိနိဗ္ဗာန်ပြုတော်မူကြလေကုန်၏။ ကောဏ္ဍညဘုရားရှင်ကား ပရိနိဗ္ဗာန်ပြုခဲ့လေပြီ။ ဘုရားရှင်၏ အတုမရှိသော တန်ခိုးတော် ဉာဏ်ဖြင့် ပွားစေအပ်သော သမာဓိတော်တို့သည် ကွယ်ပျောက် ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် အနှစ်မရှိကုန်။ မတည်မြဲကြဘဲ အချည်းနှီးတို့သာ ဖြစ်ကြလေကုန်ပြီ။

## စေတီတည်ထားကိုးကွယ်ခြင်း

သစ္စာလေးပါးတရားကို သိတော်မူသော ကောဏ္ဍညဘုရားရှင်သည် စန္ဒာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုကျောင်းတိုက်အတွင်း၌ပင် ဘုရားရှင်၏ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြရာ စေတီတော်၏ အမြင့်သည် ခုနစ်ယူဇနာရှိခဲ့သည်။ သက်တော်ရှည်ကြာသော မြတ်စွာဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်း တည်ရှိသော (အသမ္ဘိန္န) ဓါတ်တော်သည် ရွှေဆင်းတုကဲ့သို့ တည်တော်မူခဲ့၏။ ထို(အသမ္ဘိန္န) ဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော လူတို့သည် အညီအညွတ်လာကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# မင်္ဂလဗုဒ္ဓဝင်

ကောဏ္ဍညဘုရားရှင် ပွင့်တော်မူသော ကမ္ဘာကုန်ဆုံးပြီးနောက် ကမ္ဘာအသင်္ချေလွန်ခဲ့ပြီ။ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်၌ ဘုရားလေးဆူ ပွင့်တော်မူသော သာရမဏ္ဍကမ္ဘာတွင် ဆုတ်ကပ်ကာလ အသက်တစ်သိန်းတမ်း၌ မင်္ဂလဘုရားရှင် ပွင့်တော်မူခဲ့သည်။ ဘုရားလေးဆူပွင့်သော ထိုသာရမဏ္ဍကမ္ဘာ၌ မင်္ဂလဘုရားရှင်သည် ရှေးဦးစွာ ပွင့်သော ဘုရားရှင် ဖြစ်ခဲ့သည်။

## မင်္ဂလဘုရားအလောင်း ဖွားမြင်တော်မူခြင်း

မင်္ဂလဘုရားအလောင်းတော်သည် ပါရမီဖြည့်ရာ ကာလ တစ်ဆယ့်ခြောက် အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော် တို့၏ ထုံးစံအရ တုသိတာ နတ်ပြည်၌ စံနေတော်မူစဉ် နတ်အများတို့၏ ဘုရားဖြစ်ရန် တောင်းပန်မှုကို ဝန်ခံတော်မူ၍ လူ့ပြည်သို့ ဆင်းသက်တော် မူခဲ့သည်။ ထိုအချိန်၌ **ဥတ္တရ**နေပြည်တော်တွင် ဥတ္တရမင်းကြီး ထီးနန်း အုပ်ချုပ် မင်းလုပ်ကာ စိုးစံတော်မူခဲ့၏။ ထိုမင်းကြီး၏ တောင်ညာစံ ဒေဝီ အဂ္ဂမဟေသီ မိဖုရားကြီးကား ဥတ္တရာမည်သော မိဖုရားကြီး ဖြစ်ခဲ့သည်။ အလောင်းတော်သည် ဥတ္တရာမိဖုရားကြီး၏ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာ တိုက်၌ ပဋိသန္ဓေတည်နေတော်မူခဲ့၏။ မင်းကြီးသည် မိဖုရားနှင့် သားတော် အလောင်းမင်းသားအတွက် ကြီးစွာသော အဆောင်အယောင် အစောင့် အရှောက်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆယ်လပြည့် မြောက်သော အခါ ဖွားမြင်တော်မူခဲ့၏။ ဖွားမြင်သောခဏ၌ နိမိတ်ကြီးများ ထင်ခဲ့သည့် အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်ရသည့် ဓမ္မတာ အတိုင်း အထူးအံ့ဩဖွယ်ရာ များဖြစ်ပေါ်ခဲ့သည်။

## မယ်တော်မှ ကိုယ်ရောင်ထွက်ခြင်း

မင်္ဂလဘုရား အလောင်းတော် ကိုယ်ဝန်ရှိချိန်ကစ၍ မိဖုရားကြီး၏ ကိုယ်ရောင်သည် ပတ်ဝန်းကျင်အတောင်ရှစ်ဆယ်အတွင်း ပျံ့နှံ့၏။ လရောင် နေရောင်များပင် မလွှမ်းမိုးနိုင်လောက်အောင် ဖြစ်၏။ မိဖုရားကြီးသည်

အခြားသော မီးရောင်စသည်ကို အသုံးမပြုရဘဲ မိမိ၏ကိုယ်မှ ထွက်သော အရောင်ဖြင့်ပင် အမိုက်မှောင်ကို ပယ်ဖျောက်၍ ရုံရွှေတော်မတို့၏ အပြုအစုကို ခံကာ လှည့်လည်ကျက်စားသွားလာနေထိုင်ခဲ့၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော်မင်္ဂလမင်းသားသည် အရွယ်ရောက်သောအခါ အရောင်အဆင်း တင့်တယ်ခြင်းရှိသော ယသဝတီမိဖုရားနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ အလွန်နှစ်သက်ဖွယ်ကောင်းသော သုစိမန္တရွှေနန်းဆောင်၊ အလွန်အသရေရှိသော သိရိမန္တရွှေနန်းဆောင်၊ အလွန်ကျော်စောလှသော ယသဝန္တရွှေနန်းဆောင်တို့၌ ကချေသည် အပေါင်းသုံးသောင်းခြံရံလျက် နှစ်ပေါင်းကိုးသောင်းတို့ပတ်လုံး နတ်စည်းစိမ်ချမ်းသာနှင့် တူသော မင်းစည်းစိမ်ချမ်းသာကို ခံစားကာ ထီးနန်းစိုးအုပ် မင်းလုပ်တော်မူခဲ့သည်။ အလောင်းတော်မင်းသား၏ သားတော်မှာ သီလဝမင်းသားဖြစ်၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့မင်းစည်းစိမ်ကို ခံစားခဲ့ရာ ယသဝတီမိဖုရားကြီးမှ သားတော်သီလဝမင်းသားကို ဖွားမြင်တော်မူသောအခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟု ဆိုအပ်သော နတ်တမန် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး ကောင်းစွာ တန်ဆာဆင်အပ်သော ပဏ္ဍုရမည်သော **အာဇာနည်မြင်း**တော်ကို စီးလျက်တောထွက်၍ ရဟန်းပြုတော်မူခဲ့၏။ ထိုသို့ အလောင်းတော် တောထွက်၍ ရဟန်းပြုသည်ကို အတုလိုက်၍ သုံးကုဋေသော လူတို့သည်လည်း လိုက်ပါရဟန်းပြုခဲ့ကြလေသည်။ အလောင်းတော်သည် ထိုသုံးကုဋေသော ရဟန်းတို့နှင့်အတူ ရှစ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်မြတ်ကို ကျင့်တော်မူခဲ့၏။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သော နေ့၌ **ဥတ္တရ**ရွာသူ **ဥတ္တရာ**သူဌေးသမီး လှူဒါန်းသော ယနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး ထိုအရပ်ရှိ အင်ကြင်းတောမှာပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ တစ်ပါးတည်းဗောဓိမဏ္ဍိုင်သို့ ကြွတော်မူ၍ လမ်းခရီး၌ ဥတ္တရတက္ကတွန်းလှူဒါန်းသော မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့သည်။ မဟာဗောဓိကံ့ကော်ပင်သို့ ရောက်လေသော် ကံ့ကော်ပင်ရင်း၌ မြက်ရှစ်ဆုပ်တို့ကို ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်တော်မူခဲ့သည်။ ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်ကာ ဝိပဿနာတရားကို အားထုတ်တော်မူခဲ့၏။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်ဗိုလ်ပါတို့ကို အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူပြီးလျှင် မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ အစုန်အဆန်သုံးသပ်ကာ ဝိပဿနာကို ဆက်လက်ပွားများသည်ရှိသော် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**မင်္ဂလဘုရားရှင်၏ ကိုယ်တော်ရောင်**

မင်္ဂလဘုရားရှင်၏ ကိုယ်တော်ရောင်သည် တန်ခိုးတော်ဖြင့် ဖန်ဆင်းခြင်း မရှိဘဲ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း စကြဝဠာတိုက်တစ်သောင်းကို ပျံ့နှံ့၍ ထွန်းတောက်ပတော်မူခဲ့၏။ ရောင်ခြည်တော်သည် အခြားဘုရားရှင်များထက် ပိုမို၍ ထွက်တော်မူခဲ့သည်။ ပတ်ဝန်းကျင်ရှိသမျှ သစ်ပင်၊ မြေပြင်၊ တောတောင်၊ သမုဒ္ဒရာ၊ အိုးအိမ်တိုက်တာ အဆောက်အအုံနှင့်တကွ ထမင်းအိုး၊ ဟင်းအိုးစသည်တို့ကိုပင် ရွှေပြားဖြင့် ပတ်လွှမ်း၍ ထားသကဲ့သို့ ဝင်းဝင်းပြောင်ပြောင် ထွန်းလင်းတောက်ပ၍ နေခဲ့ကြကုန်၏။ မင်္ဂလဘုရားရှင် ပွင့်တော်မူသော သက်တမ်းမှာ အနှစ်ကိုးသောင်းတမ်းဖြစ်၍ ထိုမျှ လောက်သော ကာလအတွင်း အရာဝတ္ထုမှန်သမျှ ရွှေသွေးရွှေရောင် လွှမ်းမိုးတောက်ပြောင်၍ နေခဲ့သည်။ လ၊ နေ၊ နက္ခတ်တာရာ စသည်တို့၌

အရောင်အလင်းဟူ၍ မရှိခဲ့။ နေရောင်မရှိသဖြင့် ညဉ့်နှင့်နေ့ဟူသော အပိုင်းအခြားပင် မထင်တော့။ ဘုရားရှင်၏ ရောင်ခြည်တော်ဖြင့် ညမှောင်ကင်းပျောက် နေ့အသွင်သာ အမြဲရောက်ခဲ့သည်။ ညချမ်း၌ ပွင့်လေ့ရှိသော ပန်းများ၊ နံနက်စောစော မြည်တွန်လေ့ရှိသည့် ကျေးငှက်သာရကာတို့၏ အသံများကို အမှတ်အသား ပြုကာ နေ့၊ ညဉ့်ဟု ပိုင်းခြားခဲ့ရတော့၏။

မင်္ဂလဘုရားရှင်သည် အလောင်းတော်ဖြစ်စဉ် ကာလက ခရဒါဠိက ဘီလူးသည် ပုဏ္ဏားအသွင်ဖန်ဆင်း၍ အလောင်းတော်ထံ ချဉ်းကပ်ကာ သားတော်နှင့် သမီးတော်ကို တောင်းရမ်းအလှူခံခဲ့၏။ အလောင်းတော်သည် ရွှင်လန်းဝမ်းမြောက်စွာ မဟာပထဝီ မြေကြီးကို တုန်လှုပ်စေသည့်တိုင် သားတော်နှင့် သမီးတော်ကို ပေးလှူခဲ့သည်။ ဘီလူးသည် အလောင်းတော်မြတ် ရှုစားနေတော်မူစဉ်ပင် သားတော်နှင့်သမီးတော်ကို ဝါးစားခဲ့လေသည်။ မီးတောက်မီးလျှံကဲ့သို့ ရဲရဲတောက်သွေးအလျှံ အန်ထွက်၍လာသော ဘီလူး၏ ပါးစပ်ကို မြင်ရသော်လည်း ဆံခြည်ဖျားလောက်မျှ စိတ်နှလုံးတော် မသာမယာ မဖြစ်ဘဲ "သားတော်သမီးတော်တို့၏ ကိုယ်မှ ထွက်သောသွေး အလျှံများ တောက်ပသည့် နည်းတူ၊ ငါဘုရားဖြစ်သော အခါ ငါဘုရား၏ ကိုယ်တော်မှ ရောင်ခြည်တော်တို့သည် ထွက်စေကုန်သတည်း"ဟု ဆုတောင်းမှုကို ပြုတော်မူခဲ့သည်။ ဆုတောင်းသည့်အတိုင်းပင် ဘုရားဖြစ်တော်မူသည့် အခါ ဆုတောင်းပြည့်ခဲ့လေသည်။

မင်္ဂလမြတ်စွာဘုရားသည် အလောင်းတော်ဘဝက အခြားကောင်းမှု တစ်မျိုး ရှိတော်မူခဲ့သေးသည်။ တစ်ဆူသော မြတ်စွာဘုရား၏ စေတီတော်ကို ဖူးမြော်ရ၍ ရွှင်လန်းဝမ်းမြောက်စွာဖြင့် "ငါသည် ဘုရားရှင်အတွက် အသက်စွန့်ခြင်းငှါ သင့်၏"ဟု ကြံစည်ပြီးလျှင် အလောင်းတော်၏ တစ်ကိုယ်လုံးကို ထောပတ်ဆီဆွတ်သော အဝတ်ဖြင့် ရစ်ပတ်၍ အဖိုးတစ်သိန်းတန် ရွှေခွက်ကို ထောပတ်ဆီဖြင့် ပြည့်စေပြီးလျှင် ရွှေခွက်တွင်းရှိ မီးစာကို မီးညှိ၍ ဦးခေါင်းပေါ်၌ ရွက်ကာ အလောင်းတော်၏ ကိုယ်ကိုပါမီးညှိပြီး စေတီတော်မြတ်ကို လက်ယာရစ်လှည့်၍ တစ်ညဉ့်ပတ်လုံး မီးပူဇော်ခဲ့၏။ အရုဏ်တက်သည့်တိုင် အလောင်းတော်၏ မွေးညင်းတွင်းကိုမျှ အပူငွေ့

မဟာပ်ခဲ့။ ထိုကောင်းမှု၏ အကျိုးဆက်ကလည်း မင်္ဂလဘုရားရှင်၏ ပကတိ ကိုယ်ရောင်တော်ကို စကြဝဠာ တိုက်တစ်သောင်းကို ပျံ့နှံ့၍ တည်စေခဲ့သည်။

**ဓမ္မစကြာတရားဟောတော်မူခြင်း**

မင်္ဂလဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူခဲ့ပြီး "ငါဘုရားသည် အဘယ်သူတို့အား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်တော်မူခဲ့သည်။ ကိုယ်တော်မြတ် တောထွက်စဉ် အခါက အတူလိုက်၍ ရဟန်းပြုခဲ့ကြသော ရဟန်းသုံးကုဋေတို့၏ မဂ်ဖိုလ်၏ ဥပနိဿယပစ္စည်း အားကြီးသော အကြောင်းနှင့်ပြည့်စုံမှုကို မြင်တော်မူခဲ့၏။ "ထိုရဟန်းတို့အား ရှေးဦးစွာ တရားဟောတော့အံ့"ဟု ကြံစည်တော်မူလျက် သပိတ်သင်္ကန်းတို့ကို ယူဆောင်တော်မူကာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ဝေးကွာသော ထိုရဟန်းတို့ နေထိုင်ရာ သိရိဝဍ္ဎနမြို့ သိရိဝနတောအုပ်သို့ ကောင်းကင် ခရီးဖြင့် ခဏချင်း ကြွသွားတော် မူခဲ့သည်။

ထိုရဟန်းသုံးကုဋေတို့သည် ဘုရားရှင်ကြွလာတော်မူသည်ကို မြင်ကြလေလျှင် ကြည်ညိုလှသော စိတ်ဖြင့် ဘုရားရှင်ကို ခရီးဦးကြိုဆိုခြင်း၊ သပိတ်သင်္ကန်းတို့ကို လှမ်းယူခြင်း၊ နေရာတော်ကို ခင်းကျင်းခြင်း၊ အရိုအသေ ရှိခိုးဝတ်ပြုခြင်းတို့ကို ပြုကာ ဘုရားရှင်ကို ခြံရံလျက် သင့်တင့်လျောက်ပတ်ရာ နေရာ၌ ထိုင်နေခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ရှေးဘုရားတို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တန သုတ်ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။ ထိုသို့ ဓမ္မစကြာတရားဦး ဟောတော်မူသောအခါ ရဟန်းတော် သုံးကုဋေတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကုန်၍ နတ်လူ ဗြဟ္မာ သတ္တဝါကုဋေတစ်သိန်းတို့ကား သစ္စာလေးပါးတရားကို သိမြင်ခဲ့ကြကုန်ပြီး ကျွတ်တမ်းဝင်ခဲ့ကြလေသည်။

**ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံခြင်း**

မင်္ဂလဘုရားရှင် လက်ထက်တော်၌ **ဂေါတမဘုရား** အလောင်းတော်သည် သုရုစိပုဏ္ဏားရွာ၌ သုရုစိမည်သော ပုဏ္ဏားဖြစ်ခဲ့၍ ဗေဒင်ကျမ်းတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ခဲ့၏။ အလောင်းတော် သုရုစိပုဏ္ဏားသည် ဘုရားရှင်ထံချဉ်းကပ်၍ ဘုရားရှင်၏ တရားတော်ကို ကြားနာရလေလျှင် သရဏဂုံ၌ တည်ခဲ့၏။ ဘုရားရှင်၌ ကြည်ညိုလှသဖြင့် ဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းသော ရဟန်းတော်တို့ကိုပါ ဆွမ်းဖိတ်တော်မူခဲ့၏။ အလောင်းတော်သည် အိမ်သို့ပြန်ရောက်လေလျှင် "ငါသည် ဤမျှလောက်သော ရဟန်းတို့အား ယာဂုဆွမ်း၊ သင်္ကန်းလျာ အဝတ်အထည်တို့ကို လှူဒါန်းခြင်းငှာ စွမ်းနိုင်ပါ၏။ သို့သော်နေရာထိုင်ခင်းကား အဘယ်သို့ ဆောင်ရွက်ရပါအံ့နည်း"ဟု ဆင်ခြင်စဉ်းစားလေသော် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူနွေးသော အခြင်းအရာကို ဖြစ်စေခဲ့သည်။ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၏ ပူနွေးသော အခြင်းအရာကို စူးစမ်း ဆင်ခြင်သည့်အခါ အလောင်းတော်သုရုစိပုဏ္ဏား၏ ဘုရားရှင်နှင့် သံဃာတော်များ အတွက် မဏ္ဍပ်ဆောက်ရန် စိတ်ပူပန်မှုကို သိခဲ့လေသည်။ ထိုအခါ ကုသိုလ် အဖို့အစုကို ရယူရန်အတွက် လက်သမားအသွင် ဖန်ဆင်းကာ လက်နက် ကိရိယာတို့ကို ဆွဲကိုင်ပြီး အလောင်းတော် ပုဏ္ဏား၏ ရှေ့၌ ထင်ရှားစွာ ပေါ်လာခဲ့သည်။

အလောင်းတော်ပုဏ္ဏားသည် သိကြားမင်းလက်သမားကို မြင့်လေလျှင် "ငါသည် နက်ဖန်ဘုရားရှင်နှင့် တကွ ကုဋေတစ်သိန်းသော ရဟန်းတို့ကို ဆွမ်းဖိတ်ထား၏။ ဘုရားရှင်နှင့် ရဟန်းတို့အတွက် နေရာထိုင်ခင်းကို အမောင် ဆောက်လုပ်နိုင်ပါမည်လော"ဟု မေးလေလျှင် သိကြားမင်း လက်သမားက "တန်ရာ တန်ရာ အဖိုးအခကို ရပါက ဆောက်လုပ်နိုင်ပါကြောင်း" ပြန်ကြားခဲ့သည်။ ထို့နောက်သိကြားမင်းသည် အာနုဘော်ဖြင့် ဆန်းကြယ် ကောင်းမွန်သော မဏ္ဍပ်ကို မြေမှ ပေါက်စေခဲ့ပြီး အလောင်းတော် သုရုစိ ပုဏ္ဏားအား မဏ္ဍပ်ကိုလွှဲအပ်လေသော် အလောင်းတော်သည် မဏ္ဍပ်ကို ကြည့်နေဆဲမှာပင် အလောင်းတော်၏ တစ်ကိုယ်လုံး၌ ငါးပါးသော ပီတိ တွေ့ထိကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့လေသည်။

အလောင်းတော်သုရုစိပုဏ္ဏားက "ဤမဏ္ဍပ်ကို ဆောက်လုပ်သူ လက်သမားသည် လူသားမဟုတ်၊ သိကြားမင်းသာဖြစ်ချေမည်။ ငါသည် ဤသို့သဘောရှိသော မဏ္ဍပ်၌ တစ်ရက်မျှသာ အလှူပေးခြင်းငှာ မသင့်"ဟု ကြံစည်တော်မူလျက် ခုနစ်ရက်ပတ်လုံး ထိုမဏ္ဍပ်၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား အထူးစီမံ ချက်ပြုတ်အပ်သော နွားနို့ ဆွမ်း သောက်ဖွယ် အလှူတို့ကို နေ့စဉ်ပေးလှူခဲ့၏။ ခုနစ်ရက်မြောက်သော နေ့တွင် သပိတ်တော်အားလုံးကို ဆေးအလို့ငှာ ထောပတ်၊ ဆီဦး၊ ပျားသကာတို့ဖြင့် ပြည့်စေလျက် သင်္ကန်းသုံးထည်နှင့်တကွ လှူဒါန်းတော်မူခဲ့၏။ အငယ်ဆုံးရဟန်း ရရှိသည့် သင်္ကန်းလျာသည်ပင် အဖိုးတစ်သိန်းထိုက်တန်ခဲ့၏။

ထိုအခါ မင်္ဂလဘုရားရှင်သည် "ဤသုရုစိပုဏ္ဏားသည် ဤသို့သဘောရှိသော အလှူကြီးကို ပေးလှူ၏။ ဤမျှသော ကပ်ကမ္ဘာကို လွန်သည်ရှိသော် ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိတော်မူသော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော် သုရုစိပုဏ္ဏားသည် ဘုရားရှင်၏ ဗျာဒိတ်စကားကြားရသော် ရွှင်လန်းဝမ်းမြောက်စွာဖြင့် စည်းစိမ်ဥစ္စာတို့ကို မငဲ့မကွက် ရက်ရက်ကြီးစွန့်တော်မူ၍ မင်္ဂလဘုရားရှင် အထံတော်၌ပင် ရဟန်းပြုခဲ့သည်။ သာသနာတော်တွင် သမာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေလျက် အသက်တော်အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားရောက်တော်မူခဲ့လေသည်။

**မင်္ဂလဘုရားရှင်၏ တပည့်သာဝကများ**

မင်္ဂလဘုရားရှင်၏(အဂ္ဂသာဝက)မြတ်သော တပည့်အစုံတို့ကား အရှင်သုဒေဝမထေရ်နှင့် အရှင်ဓမ္မသေနမထေရ်တို့ ဖြစ်ကြကုန်ပြီး အလုပ်အကျွေးရဟန်းကား အရှင်ပါလိတ မထေရ်ဖြစ်ခဲ့သည်။ အရှင်မ သီဝလာ ထေရီနှင့် အရှင်မ အသောကာ ထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သောတပည့်မအစုံတို့ဖြစ်ခဲ့ကြကုန်၍ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင် ဖြစ်ခဲ့၏။ မြတ်သောအလုပ်အကျွေးဒါယကာ (အဂ္ဂဥပဋ္ဌာက) တို့မှာ နန္ဒသူဌေးနှင့် ဝိသာခသူဌေးတို့ ဖြစ်ခဲ့ကြကုန်ပြီး မြတ်သောအလုပ် အကျွေး (အဂ္ဂဥပဋ္ဌိကာ)တို့မှာ အနုလာဒါယိကာမနှင့် သုတနာဒါယိကာမတို့

ဖြစ်ခဲ့ကြကုန်သည်။ မင်္ဂလာဘုရားရှင်၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူ၍ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော် တို့သည်ကား တစ်သောင်းသော လောကဓါတ်တိုင် ပျံ့နှံ့၍ ထွက်ကြွကွန့် မြူးခဲ့ကုန်၏။

## (ဓမ္မာဘိသမယ)တရားပွဲကြီးများ

မင်္ဂလာဘုရားရှင်၏ ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီး၌ သတ္တသတ္တာဟ-စံနေတော်မူပြီး အဋ္ဌမသတ္တာဟတွင် ကိုယ်တော်မြတ် တောထွက်၍ ရဟန်းပြုစဉ်က အတုလိုက်ရဟန်းပြုခဲ့ ကြကုန်သော သုံးကုဋေသော ရဟန်းတို့ကို အမှူးထား၍ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူခဲ့သော ရှေးဦးစွာသော (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ သုံးကုဋေသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ နတ်လူပေါင်း ကုဋေတစ်သိန်းတို့သည် သစ္စာလေးပါးကို သိမြင်ကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

မင်္ဂလာဘုရားရှင်၏ စိတ္တမည်သော မြို့ကို အမှီပြု၍ သီတင်းသုံးတော်မူနေစဉ် ထိုမြို့တံခါးဝရှိ စကားပင်ရင်း၌ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလျက် တိတ္ထိတို့၏ မာန်ကို ချိုးနှိမ်တော်မူခဲ့သည်။ ထို့နောက် တာဝတိံသာနတ်ပြည်သို့ ကြွကာ ပင်လယ်ကသစ်ပင်ရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်တွင် သီတင်းသုံးကာ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို အမှူးထား၍ အဘိဓမ္မာတရားကို ဟောတော်မူခဲ့သည်။ ထိုတရားပွဲသည် ဒုတိယအကြိမ်မြောက်(ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ကုဋေတစ်သိန်းသော နတ်ဗြဟ္မာတို့ သစ္စာလေးပါး တရားကိုသိကြကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

မင်္ဂလာဘုရားရှင် ပွင့်တော်မမူမီ သုရဘိမြို့၌ သုနန္ဒမင်းကြီးသည် စကြာရတနာ ရောက်ကြောင်း ကျင့်ဝတ်ကောင်းတို့ကို ဖြည့်ကျင့်ပြည့်စုံခြင်းကြောင့် စကြာရတနာကို ရရှိခဲ့သည်။ မင်္ဂလာဘုရားရှင်ပွင့်တော်မူသောအခါ ထိုစကြာရတနာသည် တည်နေရာမှ နိမ့်ကျဆုတ်နစ်ခဲ့သည်။ ထိုအကြောင်းကို မင်းကြီးသည် စိတ်နှလုံးမသာမယာဖြင့် ပုဏ္ဏားပညာရှိတို့ကို မေးမြန်းခဲ့ရာ

ပုဏ္ဏားပညာရှိတို့က "အရှင်မင်းကြီး. . . စကြာရတနာဆုတ်နစ် နိမ့်ကျခြင်းသည် စကြာမင်းအသက်ကုန်ခါနီးလျှင်၊ သို့မဟုတ် စကြာမင်းရဟန်း အဖြစ်သို့ ကပ်ရောက်လျှင်၊ သို့မဟုတ် လောက၌ ဘုရားရှင်များပွင့်လျှင် ဖြစ်တတ်ပါသည်။ အရှင်မင်းကြီးသည် သက်တော်အလွန်ရှည်မည်ဖြစ်၍ အရှင်မင်းကြီး အသက်ကုန်မည့် အကြောင်းလည်း မဖြစ်နိုင်ပါ။ စင်စစ်သော်ကား မင်္ဂလဘုရားရှင်သည် ယခုအခါ လောက၌ ပွင့်တော်မူလျက် ရှိပါသည်။ ထိုအကြောင်းကြောင့်သာ ဖြစ်နိုင်သည်"ဟု ပြန်လည်လျှောက်ထားခဲ့ကြလေသည်။

ထိုအခါ သုနန္ဒစကြာမင်းသည် ၎င်း၏ အခြွေအရံတို့နှင့်တကွ ထိုစကြာရတနာကို ဦးညွှတ်ရှိခိုးလျက် "ငါသည် အသင်စကြာရတနာ၏ တန်ခိုးအာနုဘော်အားဖြင့် မင်္ဂလဘုရားရှင်ကို အရိုအသေပြုပါဦးအံ့။ ထိုသို့ ပြုနေသည့်အချိန်အတွင်းမှာ အသင်စကြာရတနာသည် မကွယ်မပျောက်ပါလင့်ဦး"ဟု တောင်းပန်ခဲ့၏။ ထိုအခါ စကြာရတနာသည် နဂိုတည်မြဲနေရာ၌သာ တည်လေ၏။ သုနန္ဒစကြာမင်းသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် သုံးဆယ့်ခြောက်ယူဇနာ အပြည့်ရှိသော ပရိသတ်ခြံရံလျက် မင်္ဂလဘုရားရှင်ထံ ချဉ်းကပ်ခဲ့သည်။ ဘုရားရှင်နှင့်တကွ ကုဋေတစ်သိန်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား အဝတ်သက်န်းတို့ဖြင့် ကြီးကျယ်သော အလှူကြီးကို ပေးလှူခဲ့၏။ ထိုအခါ သုနန္ဒစကြာမင်းအမှူးရှိသော ထိုလူတို့အား မင်္ဂလဘုရားရှင်သည် တရားဟောတော်မူရာ တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရား ပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ် မျှသော ပရိသတ်တို့သည် ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ခဲ့ကြကုန်သည်။ ဘုရားရှင်သည် ထိုပုဂ္ဂိုလ်တို့အား "ဧဟိဘိက္ခု"ခေါ်တော်မူကာ ရဟန်းပြုပေးတော်မူခဲ့သည်။

**သာဝက (သန္နိပါတ) အစည်းဝေးများ**

မင်္ဂလဘုရားရှင်သည် မေခလပြည်၌ သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝက အလောင်းအလျာ သုဒေဝလုလင်နှင့် ဓမ္မသေနလုလင်တို့ ဧဟိဘိက္ခုရဟန်း ဖြစ်တော်မူပြီးနောက် ထိုအဂ္ဂသာဝကနှစ်ပါး ရဟန္တာဖြစ်သည့် တပို့တွဲလပြည့်

နေ့၌ ကုဋေတစ်သိန်းသော ရဟန်းတို့၏ အလယ်တွင် သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ဤကားရှေးဦးစွာသော (သန္နိပါတ) သံဃာ့ အစည်းအဝေးကြီးပင် ဖြစ်ခဲ့၏။

တစ်ဖန် ဥတ္တရအမည်ရှိသော ဥယျာဉ်ကြီးအတွင်း ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ရဟန်းပြုခဲ့ကြကုန်သော ကုဋေတစ်ထောင်သော ရဟန်းတော်တို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်၏။ ထို(သန္နိပါတ)သံဃာ့အစည်းအဝေးကြီးကား နှစ်ကြိမ်မြောက် အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

သုနန္ဒစကြာမင်းရဟန်းအမျှုးရှိသော ရဟန်းတော် ကုဋေကိုးဆယ်တို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထို(သန္နိပါတ)သံဃာ့ အစည်းအဝေးကြီးကား သုံးကြိမ်မြောက် အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

မင်္ဂလဘုရားရှင်သည် အနှစ်ကိုးသောင်းကာလပတ်လုံး တည်နေတော်မူလျက် များစွာသော သတ္တဝါအပေါင်းတို့ကို ကယ်တင်တော်မူခဲ့၏။ သမုဒ္ဒရာ၌ လှိုင်းတံပိုးတို့ကို ရေတွက်ခြင်းငှာ မစွမ်းနိုင်ကုန်သကဲ့သို့ ထို့အတူပင် ထိုဘုရားရှင်၏ တပည့်သာဝကတို့ကို ရေတွက်ခြင်းငှာ မစွမ်းနိုင်ခဲ့ကုန်။ ဘုရားရှင်၏ သာသနာတော်သည် ပွင့်လင်းစည်ပင်ခဲ့၏။ ထိုသာသနာတော် တည်နေသမျှကာလပတ်လုံး ဘုရားရှင်၏ တပည့်သာဝကတို့သည် ကိလေသာနှင့် တကွ သေခြင်းသည် မရှိခဲ့ပါချေ။ များသောအခြံအရံ အကျော်အစော ရှိတော်မူသည့် ထိုမြတ်စွာဘုရားရှင်သည် တရားတည်းဟူသော ဆီမီးတိုင်ကို ညှိထွန်းတော်မူခဲ့ပြီး၍ သတ္တဝါအပေါင်းကို ကယ်တင်တော် မူခဲ့ပြီးလျှင် တောက်လောင်ပြီး မီးပုံကြီးကဲ့သို့ လည်းကောင်း၊ ဝင်သွားသော နေမင်းကြီး ကဲ့သို့လည်းကောင်း ငြိမ်းအေးခြင်းသို့ ရောက်တော်မူခဲ့လေပြီ။ ပရိနိဗ္ဗာန် စံတော်မူခဲ့လေပြီ။

## စေတီတော်တည်ထား ကိုးကွယ်ခြင်း

မာရ်ငါးပါးကို အောင်မြင်တော်မူသော မင်္ဂလဘုရားရှင်သည် ဝဿရမည်သော ဥယျာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့၏။ ထိုဥယျာဉ်၌ပင် ဘုရားရှင်၏ စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြရာ စေတီတော်၏ အမြင့်သည် ယူဇနာသုံးဆယ်ရှိတော်မူခဲ့၏။ သက်တော်ရှည်ကြာသော မြတ်စွာဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ၊ တစ်ခဲတည်းသော (အသမ္ဘိန္န) ဓာတ်တော်ကို ထိုစေတီတော်ကြီးအတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော လူတို့သည် အညီအညွတ်လာကြကုန်၍ ရတနာခုနစ်ပါးတို့ဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကြီးကို ပြီးဆုံးစေခဲ့ကြ ကုန်သတည်း။

## သုမနဗုဒ္ဓဝင်

မင်္ဂလဘုရားရှင် ရှေးဦးစွာပွင့်တော်မူသည့် ဘုရားလေးဆူ ပွင့်တော်မူသော သာရမဏ္ဍကမ္ဘာတွင် မင်္ဂလဘုရားရှင်ပွင့်တော်မူပြီးနောက် ဒုတိယမြောက် ဘုရားရှင်အဖြစ် သုမနဘုရားရှင် ပွင့်တော်မူခဲ့သည်။ မင်္ဂလဘုရားရှင်၏ ကိုယ်တော်မှ ထွက်တော်မူသော ရောင်ခြည်တော်တို့ဖြင့် စကြဝဠာတိုက် တစ်သောင်း ထွန်းလင်းနေခဲ့ရာမှ မင်္ဂလဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသော အခါ လောကဓါတ်စကြဝဠာတိုက်တစ်သောင်း မှောင်အတိကျသကဲ့သို့ ဖြစ်ခဲ့သည်။ ထိုမင်္ဂလဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာ အသက်တမ်းနှစ် ကိုးသောင်းမှ ဆုတ်ယုတ်၍ အသက်ဆယ်နှစ်တမ်းသို့ ရောက်ခဲ့သည်။ တစ်ဖန်ထိုအသက်ဆယ်နှစ်တမ်းမှ တိုးတက်လာကာ အသင်္ချေယျတမ်းသို့ ရောက်ခဲ့ပြန်သည်။ ထိုအသင်္ချေယျတမ်းမှ တစ်ဖန်ဆုတ်ယုတ်ပြန်၍ အနှစ် ကိုးသောင်းတမ်းသို့ ရောက်လေလျှင် သုမနဘုရားရှင် ပွင့်တော်မူခဲ့လေသည်။

### သုမနဘုရားအလောင်း ဖွားမြင်တော်မူခြင်း

သုမနဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော် မူပြီးသည့်အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ နတ်ဗြဟ္မာတို့သည် အလောင်းတော် နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်ဆင်းရန် တောင်းပန်တော်မူကြရာ အလောင်းတော်သည် နတ်ပြည်မှ နတ်သက်ချွေ၍ လူ့ပြည် **မေခလနေပြည်တော် သုဒတ္တမင်းကြီး**၏ အဂ္ဂမဟေသီ **သိရိမာဒေဝီ** မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်နေတော်မူခဲ့သည်။ မင်းကြီးသည် မိဖုရားနှင့် သားတော် အလောင်းမင်းသားအတွက် ကြီးစွာသော အဆောင် အယောင် အစောင့်အရှောက်တို့ကို ပေးကာ ချီးမြှောက်ခဲ့သည်။ ဆယ်လ ပြည့်သောအခါ ဖွားမြင်တော်မူ၍ "သုမနမင်းသား"ဟု အမည် ပေးတော် မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်တော် မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော် ဟူသမျှ တို့၌ ဖြစ်ပေါ်ရသည့် ဓမ္မတာအတိုင်း အထူး အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့ ကြသည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် သုမနမင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်သို့ ရောက်သောအခါ **ဝဋံသိကာ** အမည်ရှိသော မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ နှစ်ပေါင်းကိုးသောင်းတို့ပတ်လုံး လွန်စွာ မွေ့လျော်ဖွယ်ကောင်းသော စန္ဒရွှေနန်းဆောင်၊ သုစန္ဒရွှေနန်းဆောင်၊ ဝဋံသရွှေနန်းဆောင်ဟူသော နန်းမသုံးဆောင်တို့၌ ဝဋံသိကာမိဖုရား အမှူးရှိသော ရံရွေတော် သုံးသန်းခြောက်သိန်းတို့နှင့်တကွ နတ်တို့တမျှ စည်းစိမ်ကို ခံစား စံစားတော်မူခဲ့သည်။ အလောင်းမင်းသား၏သားတော်မှာ **အနုပမမင်းသားဖြစ်ခဲ့၏။**

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့ထီးနန်းအုပ်ချုပ်မင်းလုပ်နေရာတွင် ဝဋံသိကာ မိဖုရားကြီးမှ အနုပမမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ ဖန်ဆင်းပြသည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူပြီး အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တို့ ဆင်ယင်ပေးအပ်သော အံဝတ်တန်ဆာတို့ဖြင့် ဆင်ယာဉ်ကိုစီးကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်သုမနမင်းသား တောထွက်၍ ရဟန်းပြုတော်မူကြောင်းကို တွေ့မြင်သိရှိကြားသိကြသော လူပေါင်းကုဋေသုံးဆယ်တို့သည် အလောင်းတော်ကို အတုလိုက်၍ ရဟန်းပြု ခဲ့ကြ၏။ အလောင်းတော်သည် ဆယ်လတို့ပတ်လုံး ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်ကို ကျင့်တော်မူခဲ့၏။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သော နေ့တွင် အနောမနိဂုံးသူ အနောမမည်သော သူဌေးသမီး လှူဒါန်းသော ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူပြီး ထိုအရပ်ရှိ အင်ကြင်းတောအတွင်း၌ပင် နေခိုတော် မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

- အလောင်းတော်သည် အင်ကြင်းတောတွင် နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြွေအရံ ရဟန်းအပေါင်းတို့ကို

စွန့်ခွါပြီး တစ်ပါးတည်း မဟာဗောဓိပင်ရှိရာ အရပ်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ အနုပမမည်သော တက္ကတွန်းသည် လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့ပြီး **ကံ့ကော်ဗောဓိပင်အရင်း၌** ဖြန့်ခင်းလိုက်သည်နှင့်တစ်ပြိုင်နက် အတောင်းသုံးဆယ် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့သည်။

ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်ကာ ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူခဲ့၍ ထိုနေ့ နေမဝင်မီ မာရ်စစ်သည် ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။ အလောင်းတော်သည် တစ်ဆက်တည်းပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူခဲ့သည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံ၊ ပဋိလုံ အစုန်အဆန်အားဖြင့် သုံးသပ်တော်မူပြီး ဝိပဿနာဉာဏ်ကို ပွားများတော် မူခဲ့၏။ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တမဂ် ဉာဏ်နှင့်တကွ အသာဓာရဏဉာဏ်တော်စသော ဘုရားဂုဏ်တော်တို့ကို ထိုးထွင်း သိမြင်တော်မူကာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော် မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

သုမနဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်၏ အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် အရဟတ္တဖိုလ်ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ တရားဟောရန် ပြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူခဲ့ပြီး ဘုရားရှင်အလောင်းတော်ဘဝ တောထွက်စဉ်က လိုက်ပါတောထွက်ခဲ့ကြသော ရဟန်းတော်ကုဋေသုံးဆယ်တို့ရှိရာ မဟာဗောဓိပင်မှ တဆယ့်ရှစ်ယူဇနာကွာဝေးသော မေခလမြို့၊ မေခလဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏချင်းကြွတော်မူခဲ့သည်။ ရဟန်းကုဋေသုံးဆယ်တို့သည် ဘုရားရှင်အား ခရီးဦးကြိုဆိုကြကုန်လျက် သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ကြကာ ဘုရားရှင်ကို ဆည်းကပ်ခဲ့ကြသည်။ ထိုအခါ သုမနဘုရားရှင်သည် ဥယျာဉ်မှူးကို စေခိုင်းကာ ကိုယ်တော်မြတ်နှင့် မိကွဲဖတူ ညီတော်သရဏမင်းသားနှင့်

ပုရောဟိတ်ပုဏ္ဏားဏ်သား ဘာဝိတတ္တလုလင်တို့ကို ခေါ်စေတော်မူပြီး ရဟန်းတော်ကုဋ္ဌေသုံးဆယ် သရဏမင်းသား၊ ပုရောဟိတ်သား ပုဏ္ဏားလုလင်တို့နှင့်အတူ ကုဋ္ဌေတစ်သိန်းသော လူနတ်ပြဟ္မာတို့အား ဘုရားရှင်တို့ ဟောကြားတော်မူမြဲ ဖြစ်သည့် ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။ ဒေသနာတော်၏ အဆုံး၌ ကုဋ္ဌေတစ်သိန်းသော လူနတ်ပြဟ္မာသတ္တဝါတို့သည် သစ္စာလေးပါးတရားကို သိမြင်တော်မူခဲ့ကြသည်။

## ဂေါတမဘုရား အလောင်းတော် ဗျာဒိတ်ခံခြင်း

သုမနဘုရားရှင်၏ လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် တန်ခိုးအာနုဘော်ကြီးမားသော **အတုလနဂါး**မင်းဖြစ်တော်မူ၍ "လောက သုံးပါး၌ ဘုရားပွင့်တော်မူပြီ"ဟု ကြားသိခဲ့သည်။ နဂါးမင်းသည် ဆွေမျိုးအပေါင်း ခြံရံလျက် ဘုရားရှင်ထံ ချဉ်းကပ်ကာ သုမနဘုရားရှင်နှင့်တကွ အခြံအရံ ရဟန်းကုဋ္ဌေတစ်သိန်းတို့အား နတ်၌ဖြစ်သော တူရိယာမျိုးတို့ဖြင့် ပူဇော် သက္ကာရပြုခြင်း၊ ဆွမ်းအဖျော်တို့ကို လှူဒါန်းခြင်း၊ ရဟန်းတော် တစ်ပါးတစ်ပါးအား တစ်စုံစီသော သင်္ကန်းလျာ ပုဆိုးတို့ကို လှူဒါန်းခြင်းတို့ဖြင့် အသဒိသဒါန အလှူကြီးကို ပေးလှူတော်မူခဲ့သည်။

သုမနဘုရားရှင်သည် ထိုအတုလနဂါးမင်းကို "ဤနဂါးမင်းသည် နောင်လာမည့် ဘဒ္ဒကမ္ဘာတွင် ဂေါတမ မြတ်စွာဘုရားဖြစ်တော်မူလတ့ံ"ဟု ဗျာဒိတ်ခံစကား မိန့်ကြားတော်မူခဲ့သည်။ နဂါးမင်းသည် ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရလေလျှင် အလွန့်အလွန်စိတ်ကို ကြည်လင်စေ၍ ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်တော်မူရန် မြဲမြဲစွာ ဆောက်တည်ခဲ့လေသည်။

## သုမနဘုရားရှင်၏ တပည့်သာဝကများ

သုမနဘုရားရှင်၏(အဂ္ဂသာဝက) မြတ်သောတပည့်အစုံတို့ကား အရှင်သရဏမထေရ်နှင့် အရှင်ဘာဝိတတ္တမထေရ်တို့ ဖြစ်ခဲ့ကြကုန်၏ အလုပ်အကျွေးရဟန်းကား ဥဒေနမထေရ်ဖြစ်ခဲ့လေသည်။ (အဂ္ဂသာဝိကာ) မြတ်သော

တပည့်မ အစုံတို့သည် အရှင်မ သောဏာထေရီနှင့် အရှင်မ ဥပသောဏာထေရီတို့ ဖြစ်ခဲ့ကြကုန်၍ မဟာဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်ခဲ့၏။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေးဒါယကာတို့ကား ဝရုဏာသူဌေးနှင့် သရဏာသူဌေးတို့ ဖြစ်ခဲ့ကြကုန်၍(အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေးဒါယိကာမတို့သည် စာလာနှင့် ဥပစာလာတို့ ဖြစ်ခဲ့ကြကုန်၏။ သုမနဘုရားရှင်၏ အရပ်တော်မှာ အတောင်ကိုးဆယ် မြင့်တော်မူခဲ့၏။ ရွှေတိုင်ကြီးနှင့် တူတော်မူ၍ စကြဝဠာ တိုက်တစ်သောင်းကို ထွန်းလင်း တောက်ပသော ကိုယ်တော်ရောင်ဖြင့် အထူးပင် တင့်တယ် သပ္ပါယ်တော် မူခဲ့သည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

မေခလမြို့ မေခလဥယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူသော သုမနဘုရားရှင်၏ တရားပွဲသည် ရှေးဦးစွာ ဓမ္မာဘိသမယ တရားပွဲကြီးဖြစ်တော်မူခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူနတ်ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါးကို သိမြင်ကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။ တစ်ဖန် သုမနဘုရား၏ သုနန္ဒဝတီမြို့ သရက်ပင်၏ အနီး၌ တိတ္ထိတို့၏ မာန်ကို ချိုးနှိမ်တော်မူခြင်းငှာ လွန်စွာဆန်းကြယ် အံ့ဩဖွယ်ကောင်းသော ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလျက် လူနတ်ပြဟ္မာ သတ္တဝါတို့အား ဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်း ကုန်သော သတ္တဝါတို့ သစ္စာလေးပါး တရားထူးကို သိမြင်ကာ ကျွတ်တမ်းဝင် ခဲ့ကြသည်။

ထို့နောက်တစ်ဖန် စကြဝဠာတိုက်တစ်သောင်းမှ လာခဲ့ကြကုန်သော နတ်ပြဟ္မာတို့နှင့် ဤစကြဝဠာနေ နတ်လူပြဟ္မာတို့သည် စုဝေးမိကြပြီး ထိုအစုအဝေး၌ "နိရောဓသမာပတ်ကို အဘယ်သို့ဝင်စားသနည်း။ အဘယ်သို့ နိရောဓသမာပတ်ရောက်သူ ဖြစ်သနည်း။ နိရောဓသမာပတ်မှ အဘယ်သို့ ထသနည်း" စသည်ဖြင့် သံသယဝင်ကာ ပြဿနာဖြစ်ခဲ့ကြကုန်၏။ သမ္မုတိနတ်ဖြစ်သော အရိန္ဒမမင်းနှင့်အတူ လောကသုံးပါး၏ ကိုးစားရာ သုမနဘုရားထံ ချဉ်းကပ်ကြကုန်၍ မေးလျှောက်ခဲ့ကြကုန်၏။

ထိုအခါ သုမနဘုရားရှင်က ထိုပြဿနာကို ဖြေရှင်းဟောကြားတော်မူခဲ့သည်။ ထိုတရားပွဲသည် သုံးကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲတွင် ကုဋေကိုးသောင်းကုန်သော နတ်လူပြဟ္မာသတ္တဝါတို့ သစ္စာလေးပါးကို သိကာ ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးများ**

သုမနဘုရားရှင်၏ သာဝက (သန္နိပါတ) အစည်းအဝေး သုံးကြိမ် ဖြစ်ခဲ့၏။ သုမနဘုရားရှင်သည် မေခလမြို့ကို အမှီပြု၍ ဝါကပ်တော်မူပြီးလျှင် ဝါကျွတ်သော သီတင်းကျွတ် လပြည့်နေ့၌ ရဟန္တာပေါင်း ကုဋေတစ်သိန်း တို့နှင့်အတူ ပဝါရဏာ ပြုတော်မူခဲ့သည်။ ဤကား ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

အခါတစ်ပါးဝယ် သက်ဿမြို့၏ မနီးမဝေးသောအရပ် တစ်ယူဇနာ အတိုင်းအရှည်ရှိသော ရွှေတောင်ထက်၌ သီတင်းသုံးနေတော်မူသောအခါ အရိန္ဒမမင်းကို ခြံရံလျက် လာကြကုန်သော မင်းယောက်ျားကုဋေကိုးသောင်း တို့ကို တရားဟောကြားဆုံးမတော်မူကာ ဧဟိဘိက္ခုရဟန်းတော်ချည်း ဖြစ်စေကုန်၍ ထိုနေ့၌ပင် ရဟန္တာများ ဖြစ်ခဲ့ကြကုန်သည်။ ထိုရဟန်းတို့ ခြံရံလျက် သုမနဘုရားရှင်သည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးကား ဒုတိယ အကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

တစ်ဖန်အခါတစ်ပါးဝယ် သိကြားမင်းသည် ဘုရားရှင်ကို ဖူးမြင်ခြင်းငှာ ဆည်းကပ်လာခဲ့၏။ ထိုအခါ၌ ကုဋေရှစ်သောင်း ရဟန္တာအပေါင်းတို့၏ အလယ်တွင် သီးတင်းသုံးကာ ပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်း အဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံတော်မူခြင်း**

သုမနဘုရားရှင်သည် ကယ်တင်ထိုက်သူတို့ကို ကယ်တင်တော်မူ၍ သစ္စာလေးပါးတရားကို သိစေထိုက်သူတို့ကို သိစေတော်မူကာ လမင်းကြီးသည် ကွယ်ဝင်သွားသကဲ့သို့ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေသည်။

"သုမနဘုရားရှင်၏ အတုမရှိသော ဉာဏ်တော်သည်လည်းကောင်း၊
အတုမရှိသော ရတနာတို့သည်လည်းကောင်း ကွယ်ပျောက်ခဲ့လေပြီ။
အလုံးစုံသော သင်္ခါရတရားတို့သည် တည်မြဲသော အနှစ်မရှိ။
အချည်းနှီးသာ ဖြစ်ကုန်လေစွ"

**စေတီတည်ထားကိုးကွယ်တော်မူခြင်း**

အခြံအရံအကျော်အစောကို ဆောင်တော်မူသော သုမနဘုရားရှင်သည် အင်္ဂါရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုကျောင်းတိုက်၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် လေးယူဇနာမြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသောဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္န ဓာတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာ သွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

## ရေဝတဗုဒ္ဓဝင်

ဘုရားရှင်လေးဆူပွင့်သော သာရမဏ္ဍကမ္ဘာတွင် ဒုတိယမြောက်ပွင့်တော်မူသည့် သုမနဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် လူတို့၏ သက်တမ်းကိုးသောင်းမှ ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်ခဲ့ပြီး တစ်ဖန် ဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းထိ တိုးတက်ခဲ့ပြန်သည်။ ထိုအသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့ပြန်ရာ အသက်တမ်းခြောက်သောင်းသို့ ရောက်လေလျှင် ရေဝတဘုရားရှင် ပွင့်တော်မူခဲ့သည်။

### ရေဝတဘုရားအလောင်း ဖွားမြင်တော်မူခြင်း

ရေဝတဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည့်အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ နတ်သက်ချွေ၍ လူ့ပြည် **သုဓညဝတီ**နေပြည်တော် **ဝိပုလ**မင်းကြီး၏ အဂ္ဂမဟေသီ **ဝိပုလာ**မည်သော မိဖုရားကြီး၏ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ စိတ္တကုဋ္ဋတောင်မှ ရွှေဟင်္သာမင်း ထွက်တော်မူသကဲ့သို့ မယ်တော်၏ ဝမ်းကြာတိုက်မှ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်ရသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ရေဝတမင်းသားသည်တရွေ့ရွေ့ကြီးမြောက် အရွယ်ရောက်လာသောအခါ **သုဒဿနာ**အမည်ရှိသော မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ အထူးထူး အပြားပြား တင့်တယ်

လှပသော သုဒဿန ရွှေနန်းဆောင်၊ ရတနဂ္ဃိရွှေနန်းဆောင်၊ အာဝေဠ ရွှေနန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ သုဒဿနာမိဖုရား အမျိုးရှိသော ရံရွှေတော် သုံးသောင်းသုံးထောင်တို့၏ ခယလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်းခြောက်ထောင်တို့ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူခဲ့သည်။ အလောင်းတော် မင်းသား၏ သားတော်မှာ **ဝရုဏမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့ထီးနန်းစည်းစိမ်ကို ခံစားနေတော်မူရာတွင် သုဒဿနာမိဖုရားကြီးမှ ဝရုဏမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ ဖန်ဆင်းပြသည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါး တို့ကို မြင်တော်မူပြီး အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တို့ ဆင်ယင်ပေးအပ်သော အဝတ်တန်ဆာတို့ဖြင့် အာဇာနည်မြင်းကသော ရထားကို တက်စီးလျက် ဆင်၊ မြင်း၊ ရထား၊ ခြေလျင် ဟူသော အင်္ဂါလေးပါး ရှိသော စစ်တပ်ကြီးဖြင့် ကြီးကျယ်စွာ တောထွက်တော် မူခဲ့သည်။ ကိုယ်တော်မြတ် ဆင်ယင်လာခဲ့သော အဝတ်တန်ဆာတို့ကို ဘဏ္ဍာစိုးအား ပေးအပ်၍ ဆံတော်တို့ကို လက်သုံးတော်သန်လျက်ဖြင့် ပယ်ဖြတ်ကာ ကောင်းကင်သို့ ပစ်လွှင့်တော်မူခဲ့၏။ သိကြားမင်းသည် ဆံတော်တို့ကို ရွှေပန်းတောင်းဖြင့် ခံယူ၍ တာဝတိံသာနတ်ပြည်၊မြင်းမိုရ်တောင်ထိပ်၌ စေတီတည်ထားကိုးကွယ်ခဲ့သည်။ အလောင်းတော်သည် ဗြဟ္မာမင်း လှူဒါန်းသည့် ကြာသင်္ကန်းကို ဝတ်ရုံကာ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော် တောထွက်၍ ရဟန်းပြုကြောင်း ကြားမြင်သိရှိကြသည့်အခါ အလောင်းတော်ကို အတုလိုက်၍ တစ်ကုဋေ အရေအတွက်ရှိသော ပြည်သားတို့သည် ရဟန်းပြုတော်မူ ခဲ့ကြသည်။ အလောင်းတော်သည် ထိုရဟန်းတို့နှင့်အတူ ခုနစ်လကြာ ဒုက္ကရစရိယာခေါ် ပြုနိုင်ခဲသော အကျင့်မြတ်တို့ကို ကျင့်ကြံကြိုးကုတ်အားထုတ်တော် မူခဲ့လေသည်။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့တွင် သာခုဒေဝီ အမည်ရှိသော သူဌေးသမီးလှူဒါန်းအပ်သည့် ယနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော် မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတောတွင် နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြွေအရံရဟန်းအပေါင်းကို စွန့်ခွါပြီး တစ်ပါးတည်း မဟာဗောဓိပင်ရှိရာ အရပ်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ မထင်ရှားသော တဏ္ဍုတွန်းတစ်ယောက် လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံတော်မူခဲ့၍ မဟာဗောဓိ ကုံကော်ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်တော်မူလာခဲ့သည်။

ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ ကမ္မဋ္ဌာန်းတရား အားထုတ်တော်မူပြီး ထိုနေ့ နေမဝင်မီ မာရ်စစ်သည် ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။ အလောင်းတော်သည် တစ်ဆက်တည်းပင် ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်တို့ကို ရတော်မူခဲ့သည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ အစုန်အဆန် အားဖြင့် သုံးသပ်တော်မူခဲ့ရာ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အာသဝက္ခယဉာဏ်တော်မြတ်ကို ထိုးထွင်း သိမြင်တော်မူကာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦးဟောတော်မူခြင်း**

ရေဝတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ လေးဆယ့်ကိုးရက် အရဟတ္တဖိုလ်ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်ခြင်းကို လက်ခံတော်မူခဲ့ပြီး ဘုရားရှင် အလောင်းတော် ဘဝ တောထွက်စဉ်က လိုက်ပါတောထွက်ခဲ့ကြသော တစ်ကုဋေသော ရဟန်းတော်တို့ရှိရာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ကွာဝေးသော ဝရုဏာဉယျာဉ်သို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်းကြွသွားတော်မူခဲ့၏။ တစ်ကုဋေသော ရဟန်းတော်တို့သည် ဘုရားရှင်အား ခရီးဦးကြိုဆိုကြကုန်လျက်

သင့်တင့်လျောက်ပတ်သော အရပ်၌ နေထိုင်ကြကာ ဘုရားရှင်ကို ဆည်းကပ်ခဲ့ကြသည်။ ထိုအခါ ရေဝတဘုရားရှင်သည် ထိုရဟန်းတော်တို့အား ဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သည့် ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။ ဒေသနာတော်၏ အဆုံး၌ တစ်ကုဋေသော ရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့ ကြကုန်၏။ အောက်မဂ် အောက်ဖိုလ်၌ တည်သောသတ္တဝါ အရေအတွက် ကာလအပိုင်းအခြား မရှိ များပြားခဲ့ကုန်၏။

**ဂေါတမဘုရား အလောင်းတော်ဗျာဒိတ်ခံခြင်း**

ရေဝတဘုရားရှင်၏ လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် ပုဏ္ဏားတို့၏ အတတ်ပညာတို့၌ အထွတ်အထိပ်ရောက်သော အတိဒေဝပုဏ္ဏား ဖြစ်ခဲ့သည်။ ထိုပုဏ္ဏားသည် ရေဝတဘုရားရှင်ကို ဖူးတွေ့ခဲ့ရ၍ တရားတော်ကို နာကြားတော်မူခဲ့လေရာ လွန်စွာကြည်ညိုလှသဖြင့် သရဏဂုံ သုံးပါး၌ တည်ခဲ့သည်။ ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ဂါထာ တစ်ထောင်ဖြင့် ချီးကျူးလျှောက်ဆိုခဲ့၏။ အဖိုးကျပ်တစ်ထောင် ထိုက်တန်သော အပေါ်ရုံအဝတ်ကို ဘုရားရှင်အား လှူဒါန်းပူဇော်ခဲ့၏။ ထိုအခါ ရေဝတဘုရားရှင်သည် အလောင်းတော် အတိဒေဝပုဏ္ဏားကို "ဤကမ္ဘာမှနောက် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်သို့ရောက်သော် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်တော်မူလတ္တံ့"ဟု ဗျာဒိတ်စကား ကြားတော်မူခဲ့သည်။

အလောင်းတော် အတိဒေဝပုဏ္ဏားသည် ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားရလေလျှင် အလွန်ဝမ်းမြောက် လက်ပမ်းပေါက်ခတ်လျက် ပါရမီတော် တို့ကို တိုးတက်ဖြည့်ကျင့်တော်မူရန် မြဲမြံစွာ ဆောက်တည်ခဲ့လေသည်။

**ရေဝတဘုရားရှင်၏ တပည့်သာဝကများ**

ရေဝတဘုရားရှင်၏(အဂ္ဂသာဝက)မြတ်သော တပည့်အစုံတို့ကား အရှင်ဝရုဏမထေရ်နှင့် အရှင်ဗြဟ္မဒေဝမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေး ရဟန်းတော်မှာ အရှင်သမ္ဘဝမထေရ်ဖြစ်ခဲ့လေသည်။ (အဂ္ဂသာဝိကာ)တပည့်မ

အစုံတို့ကား အရှင်မဘဒ္ဒါထေရီနှင့် အရှင်မ သုဘဒ္ဒါထေရီတို့ ဖြစ်ခဲ့ကြကုန်၍ ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်ခဲ့လေသည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေးဒါယကာတို့ကား ပဒုမသူဌေးနှင့် ကုဥ္စရသူဌေးတို့ ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဥပဋ္ဌိကာ)မြတ်သော အလုပ်အကျွေးဒါယိကာမတို့သည် သိရိမာနှင့် ယသဝတီတို့ ဖြစ်ခဲ့ကြကုန်၏။ ရေဝတဘုရားရှင်၏ အရပ်တော်မှာ အတောင်ရှစ်ဆယ် မြင့်တော်မူခဲ့၍ ကိုယ်တော်မှထွက်သော ပကတိရောင်ခြည်တော်သည် နေ့နေ့ညဉ့်ညဉ့် ပတ်ဝန်းကျင်တစ်ယူဇနာတိုင်တိုင် ပျံ့နှံ့တော်မူခဲ့သည်။

## (ဓမ္မာဘိသမယ)တရားပွဲကြီးများ

ရေဝတဘုရားရှင်၏ ဝရုဏဥယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်တော်မူခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်ရာသော ရဟန်းတော်များ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့၍ အောက်မဂ်၊ အောင်ဖိုလ်၌တည်သော သတ္တဝါတို့ကား မရေမတွက်နိုင်အောင် များပြားခဲ့သည်။

တစ်ဖန် ဥတ္တရမြို့၌ အရိန္ဒမမင်း မင်းပြုနေစဉ် ရေဝတဘုရားရှင်သည် ဒေသစာရီ ကြွချီတော်မူခဲ့၍ ဥတ္တရမြို့သို့ ရောက်တော်မူခဲ့ရာ အရိန္ဒမမင်းသည် လူပေါင်းသုံးကုဋေခြံရံလျက် ဘုရားရှင်အား ခရီးဦးကြိုဆိုခဲ့သည်။ ဘုရားရှင်အား ဖူးတွေ့ရသည့်အခါ လွန်စွာကြည်ညိုလှသဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ပင့်ဖိတ်၍ ခုနစ်ရက်တိုင်တိုင် ကြီးစွာသော အလှူကြီးကို ပေး၍ သုံးဂါဝုတ်ကျယ်ပြန့်သော ဆီမီးပူဇော်ပွဲကြီးဖြင့် ပူဇော်ခဲ့လေသည်။ ထိုအခါ ရေဝတဘုရားရှင်က အရိန္ဒမမင်းကြီးနှင့် လိုက်လျောညီထွေဖြစ်သော ဆန်းကြယ်သော တရားတော်ကို ဟောကြားတော်မူခဲ့သည်။ ထိုတရားပွဲကြီးကား နှစ်ကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီးတွင် နတ်လူပေါင်း ကုဋေတစ်ထောင်တို့ သစ္စာလေးပါးတရားကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် အခါတစ်ပါးဝယ် ရေဝတဘုရားရှင်သည် ဥတ္တရနိဂုံးကို အမှီပြု၍ သီတင်းသုံးနေတော်မူစဉ် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို

ဝင်စားတော်မူခဲ့၏။ နိဂုံးနေလူအပေါင်းတို့သည် ယာဂု၊ ဆွမ်းခဲဖွယ်စသည်တို့ကို ယူဆောင်၍ သံဃာတော်တို့အား ပေးလှူခဲ့ကြသည့်အပြင် ဘုရားရှင်ကို မဖူးမြင်ခဲ့ရ၍ သံဃာတော်များအား မေးတော်မူခဲ့ကြရာ သံဃာတော်များက ဘုရားရှင်သည် နိရောဓသမာပတ်ဝင်စားနေကြောင်း ပြန်လည်အမိန့်ရှိခဲ့ကြသည်။ ခုနစ်ရက်မြောက်၍ နိရောဓသမာပါတ်မှ ထတော်မူလာသော ဘုရားရှင်ကို လူအပေါင်းတို့ ဖူးမြင်ရလေလျှင် လွန်စွာကြည်ညိုခဲ့ကြ၏။ ဘုရားရှင်အား ဆည်းကပ်လုပ်ကျွေးခဲ့ကြကုန်၏။ ထို့နောက် နိရောဓသမာပတ်၏ ဂုဏ်ကျေးဇူးတို့ကို မေးမြန်းလျှောက်ထားခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်က နိရောဓသမာပတ်၏ အကျိုးအာနိသင်တို့ကို ဟောကြားတော်မူခဲ့သည်။ ထိုတရားပွဲသည် သုံးကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့လေသည်။ ထိုတရားပွဲကြီး၌ နတ်လူအပေါင်း ကုဋေတစ်ရာ သစ္စာလေးပါးကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ရေဝတဘုရားရှင်လက်ထက်တော်တွင် သာဝကအစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ရေဝတဘုရားရှင်သည် သုဓညဝတီမြို့၌ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုတော်မူခဲ့ကြသည့် မရေမတွက်နိုင်သော ရဟန္တာအရှင်မြတ်တို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးကား ရှေးဦးစွာသော တပည့် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့သည်။

ထိုမှတစ်ဖန် မေခလမြို့၌ ဧဟိဘိက္ခု ရဟန်းအဖြစ်ဖြင့် ရဟန်းပြုတော်မူခဲ့ကြကုန်သော ရဟန္တာကုဋေတစ်သိန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဒုတိယအကြိမ်မြောက် ပါတိမောက်ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးကြီးကား ဒုတိယအကြိမ်မြောက် တပည့်သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ပညာအရာဧတဒဂ်ရတော်မူသော လက်ယာတော်ရံ အဂ္ဂသာဝက ဝရုဏမထေရ်သည် ကြီးစွာ မကျန်းမမာဖြစ်တော်မူခဲ့ရာ သူနာလာမေးခဲ့ကြကုန်သော လူအပေါင်းတို့အား လက္ခဏာရေးသုံးပါးကို

ပိုင်းခြားဖော်ပြလျက် တရားတော်ကို ဟောတော်မူခဲ့၏။ ကုဋေတစ်သိန်းသော လူတို့သည် ဧဟိဘိက္ခုရဟန်းတော်များ ဖြစ်ခဲ့ကြသည့်အပြင် အရဟတ္တဖိုလ်သို့လည်း ဆိုက်ရောက်တော်မူခဲ့ကြသည်။ ရေဝတ ဘုရားရှင်သည် ထိုရဟန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူ၍ အင်္ဂါလေးပါးရှိသော သာဝကအစည်း အဝေးကြီး၌ ပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင်ဖြစ်ခဲ့၏။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ရေဝတဘုရားရှင်သည် လူနတ်ပြဟ္မာသတ္တဝါတို့အား ဆယ်ပါးသော ဉာဏ်တော် အစွမ်းကို မြင်တော်မူစေကာ လောကကြီး၌ အမြိုက်တရားကို ဖော်ပြတော်မူ၍ မီးစာကုန်သဖြင့် ငြိမ်းစဲသွားသော မီးတောက် မီးလျှံကြီးပမာ ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်းတော်မူခဲ့လေသည်။

> "ရေဝတဘုရားရှင်၏ ရူပကာယ ကိုယ်တော်သည်လည်းကောင်း၊ ဆယ်ပါးသောတရားတော်သည်လည်းကောင်း၊ ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် တည်မြဲသော အနှစ်မရှိကုန်။ အချည်းနှီးသာ ဖြစ်ကုန်စွ"။

**ဓာတ်တော်များတည်ရှိခြင်း**

ရေဝတဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးတွင် "ငါဘုရား မရှိသည့်နောက် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ငါဘုရား၏ ဓါတ်တော်တို့သည် တစ်လုံးတစ်ခဲတည်း မတည်ဘဲ အစိတ်စိတ် အမွှာမွှာ ကွဲပြား ပျံ့နှံ့ကြစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူခဲ့ပြီး ကံ့ကော်တော ဥယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဘုရားရှင်၏ ဓါတ်တော်တို့သည် ဇမ္ဗူဒိပ်ကျွန်း တစ်ခွင်၌ ပျံ့နှံ့တည်ရှိ၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော် မူခဲ့လေသတည်း။

## သောဘိတဗုဒ္ဓဝင်

ဘုရားရှင်လေးဆူပွင့်သော သာရမဏ္ဍကမ္ဘာတွင် တတိယမြောက်ပွင့်တော်မူသည့် ရေဝတဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဆုတ်ကပ် လူတို့၏အသက်ကိုးသောင်းတမ်းသို့ ရောက်သောအခါ သောဘိတဘုရားရှင်ပွင့်တော်မူခဲ့သည်။

### သောဘိတဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

သောဘိတဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည့်အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ နတ်ပြဟ္မာတို့က အလောင်းတော်နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ပြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **သုဓမ္မ**နေပြည်တော် **သုဓမ္မမင်းကြီး**၏ အဂ္ဂမဟေသီ **သုဓမ္မာ**အမည်ရှိသော မိဖုရားကြီး၏ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေစွဲနေစံပျော်ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ သုဓမ္မဥယျာဉ်၌ မိုးတိမ်တိုက်မှ လပြည့်ဝန်းကြီးထွက်ပေါ်လာသကဲ့သို့ မယ်တော်၏ ဝမ်းကြာတိုက်မှ ထွက်ကြွ ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

### ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သောဘိတမင်းသားသည် တရွေ့ရွေ့ကြီးမြောက်အရွယ်တော်ရောက်သောအခါ မဏိလာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ တင့်တယ်လှပသော ကုမုဒရွှေနန်းဆောင်၊ နာဠိနရွှေနန်းဆောင်၊ ပဒုမရွှေနန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ မဏိလာဒေဝီမိဖုရားအမှူးရှိသော ရံရွှေတော် သုံးသောင်းခုနစ်ထောင်

တို့၏ ဖျော်ဖြေ လုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်းကိုး ထောင်တို့ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးအုပ်မင်းလုပ်ခဲ့သည်။ အလောင်းတော်၏သားတော်မှာ **သီဟမင်းသား** ဖြစ်ခဲ့သည်။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့ ထီးနန်းစည်းစိမ်ကို ခံစားနေတော်မူစဉ် မင်္ဂလာဒေဝီမိဖုရားကြီးမှ သီဟမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ဖန်ဆင်းပြသခဲ့သည့် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူခဲ့ပြီးဖြစ်၍ သံဝေဂဉာဏ် ကြီးစွာဖြစ်လျက် **နန်းတော်မှာပင်** ရဟန်းပြုတော်မူခဲ့သည်။ အာနာပါနဘာဝနာကို ပွားများ၍ စတုတ္ထစျာန်တိုင်အောင် ရရောက်တော်မူသောအခါ နန်းတော်မှာပင် ခုနစ် ရက်ပတ်လုံး ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူခဲ့သည်။ အလောင်းတော် သည် ဘုရားဖြစ်မည့်ကဆုန်လပြည့်နေ့၌ မင်္ဂလာဒေဝီမိဖုရားကြီး လှူဒါန်းအပ်သော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက်—

> "ငါနေသော ပြာသာဒ်သည် တန်ဆာဆင်မြဲအတိုင်း လူအများ ကြည့်ရှုနေစဉ် ကောင်းကင်သို့ ပျံတက်၍ ဗောဓိပင်ကို ဗဟိုထားပြီး မြေအပြင်သို့ သက်ပါစေသတည်း။ နန်းတွင်းသူ မင်း, မိန်းမတို့ သည်လည်း ငါအလောင်းတော် ဗောဓိပင်အနီး၌ နေသည်ရှိသော် တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသာဒ်မှ ထွက်ခွါသွားကြစေကုန် သတည်း"ဟု တောထွက်ဖို့ရန် စိတ်သန် အဓိဋ္ဌာန်ပြုတော်မူ ခဲ့သည်။

အလောင်းတော်သည် အဓိဋ္ဌာန်ပြုသည်နှင့် တစ်ပြိုင်နက် အလောင်း တော်စံရာ **နန်းပြာသာဒ်**သည် ကောင်းကင်သို့ ပျံတက်ခဲ့သည်။ နန်းပြာသာဒ်သည် ကောင်းကင်အလယ်၌ အလွန် ထွန်းလင်းတောက်ပခဲ့၏။ လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်ခဲ့၏။ မြင်ရသူလူအပေါင်းတို့သည် ရင်သပ်ရှုမော အံ့ဩချီးကျူးခဲ့ကြကုန်၏။ အလောင်းတော်၏ အင်္ဂါလေးပါး ရှိသော စစ်တပ်ကြီးသည်လည်း နတ်စစ်တပ်ကြီးပမာ ရှုမငြီးဖွယ် ဖြစ်လျက်

မြေအပြင်မှာကဲ့သို့ပင် ကောင်းကင်အပြင်မှာလည်း ပြာသာဒ်တော်ကို ဝန်းရံလိုက်ပါလာခဲ့သည်။ ပြာသာဒ်ကြီးသည် ကောင်းကင်ခရီးဖြင့် သွား၍ ရှစ်ဆယ့်ရှစ်တောင်အမြင့်ရှိသော မဟာဗောဓိ **ကံ့ကော်ပင်**ကို အလယ်ဗဟို ပြုကာ မြေသို့ သက်၍ တည်ခဲ့လေသည်။ မောင်းမအပေါင်းတို့သည်လည်း အလောင်းတော်က တစ်စုံတစ်ရာမပြောဆိုရဘဲ ပြာသာဒ်တော်မှ သက်ဆင်း၍ ထွက်ခွါသွားခဲ့ကြကုန်၏။ အထက်ပါအတိုင်းပင် အလောင်းတော်သည် ပြာသာဒ်ယာဉ်ဖြင့် တောထွက်တော်မူခဲ့သည်။

## ဘုရားဖြစ်တော်မူခြင်း

သောဘိတဘုရားအလောင်းတော်သည် များစွာသော လူအပေါင်းခြံရံ လျက်ပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုရားဖြစ်တော်မူခဲ့သည်။

## ဓမ္မစကြာတရားဦး ဟောတော်မူခြင်း

သောဘိတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် အရဟတ္တဖိုလ် ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ရောက်သောအခါ တရားဟောတော်မူရန် ဗြဟ္မာမင်း၏တောင်းပန်ခြင်းကို လက်ခံတော်မူခဲ့ပြီး "အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း"ဟု ဆင်ခြင်လေသော် ကိုယ်တော်မြတ်၏ ဖတူမိကွဲညီတော်များဖြစ်သော အသမမင်းသားနှင့် သုနေတ္တမင်းသား တို့ကို မြင်တော်မူခဲ့သည်။ ထိုအခါ ဘုရားရှင်သည် ကောင်းကင်ခရီးဖြင့် တစ်ခဏခြင်း ကြွသွားခဲ့၍ သုဓမ္မ ဥယျာဉ်အတွင်း သက်ဆင်းတော်မူကာ မင်းသားနှစ်ဦးတို့ကို ဥယျာဉ်မှူးအား အခေါ်လွှတ်တော်မူခဲ့၏။ ထိုမင်းသား နှစ်ဦးတို့သည် အခြံအရံများနှင့်တကွ ဥယျာဉ်သို့ ရောက်ရှိလာသောအခါ အထက်ဘဝဂ် အောက်အဝီစိတိုင်များမြောင်လှစွာသော လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အလယ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြား တော်မူခဲ့သည်။ ဒေသနာတော်ဆုံးသောအခါ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါးတရားကို သိမြင်ခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

သောဘိတဘုရားရှင်၏ လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် **သုဇာတပုဏ္ဏားဖြစ်၍** ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် သရဏဂုံ တည်ခဲ့သည်။ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဝါတွင်းသုံးလပတ်လုံး ကြီးစွာသော အလှူဒါနကို ပေးလှူတော်မူခဲ့၏။ သောဘိတဘုရားရှင်သည် သုဇာတပုဏ္ဏားအား "နောင်အခါ ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိသော ဘုရား ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ ဂေါတမဘုရားအလောင်းတော် သုဇာတပုဏ္ဏားသည် ဗျာဒိတ်စကား ကြားရလေလျှင် အလွန်ဝမ်းမြောက်စွာဖြင့် ဘုရားအဖြစ်သို့ ရောက်ရန်အတွက် တိုးတက်၍ ဝီရိယကို ပြုတော်မူခဲ့သည်။

**သောဘိတဘုရားရှင်၏ တပည့်သာဝကများ**

သောဘိတဘုရားရှင်၏ (အဂ္ဂသာဝက)မြတ်သော တပည့်အစုံတို့ကား အရှင်အသမမထေရ်နှင့် အရှင်သုနေတ္တမထေရ်တို့ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်အနောမ မထေရ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ)တပည့်မအစုံတို့ကား အရှင်မ နကုလာထေရီနှင့် အရှင်မ သုဇာတာတို့ဖြစ်ခဲ့ကြကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်ကား ကံ့ကော်ပင်ဖြစ်ခဲ့လေသည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ ရမ္မသူဌေးနှင့် သုဒတ္တသူဌေးတို့ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဥပဋ္ဌိကာ)မြတ်သော အလုပ်အကျွေး ဒါယိကာမအစုံတို့ကား နကုလဥပါသိကာမနှင့် စိတ္တာဥပါသိကာမတို့ဖြစ်ခဲ့ကြကုန်၏။ သောဘိတဘုရားရှင်၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်၍ ထွန်းလင်းတောက်ပသော နေလုလင်ပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို အလိုတော်ရှိသမျှ တောက်ပနိုင်သော ကိုယ်တော်ရောင်တို့ဖြင့် လွှန်မင်းစွာ တင့်တယ်တော်မူခဲ့၏။

**(ဓမ္မာဘိသမယ)တရားပွဲကြီးများ**

သောဘိတဘုရားရှင်၏ သုဓမ္မဉယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ)

တရားပွဲကြီးဖြစ်တော်မူခဲ့သည်။ ထိုတရားပွဲကြီး၌ မရေမတွက်နိုင်သော လူနတ်ပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါးတရားကို သိကြကာ ကျွတ်တမ်းဝင် ခဲ့ကြသည်။

ထို့နောက် အခါတစ်ပါးဝယ် သုဒဿနမြို့တံခါးအနီး သခွတ်ပင်ကြီး အရင်း၌ ရေမီးအစုံစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် တာဝတိံသာ နတ်ပြည်သို့ကြွကာ ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက်၌ သီတင်းသုံး၍ အဘိဓမ္မာတရားကို ဟောတော်မူခဲ့သော တရားပွဲကြီးကား ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ကုဋေကိုးသောင်းသော နတ်ပြဟ္မာအပေါင်းတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ၏။

ထို့နောက် တစ်ဖန် သုဒဿနမြို့၌ ဇယသေနမင်းသားသည် တစ်ယူဇနာ ပမာဏရှိသော ကျောင်းတော်ကို ဆောက်လုပ်၍ အရာမ်နှင့်တကွသော ဇယသေနကျောင်းတော်ကြီးကို သောဘိတဘုရားရှင်နှင့် သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ထိုကျောင်းလှူတ်ပူဇော်ပွဲကြီး၌ မဟာဒါနကို ချီးမွမ်း ဟောကြားသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူနတ် ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

သောဘိတဘုရားရှင် လက်ထက်တော်တွင် သာဝကအစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ သုနန္ဒမြို့၌ ဥဂ္ဂတမင်းသည် သုနန္ဒာရာမကျောင်းတိုက်ကြီး တည်ဆောက်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား လှူဒါန်း ခဲ့သည်။ ထိုကျောင်းလှူတ်အလှူပွဲကြီး၌ ဧဟိဘိက္ခုရဟန်းဖြစ်ကြကုန်သော ရဟန္တာပေါင်း ကုဋေတစ်ရာတို့အလယ်၌ သောဘိတဘုရားရှင်သည် ပါတိမောက်ပြတော်မူခဲ့၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့၏။

တစ်ဖန် မေခလမြို့ ဓမ္မဂဏခေါ် သူတော်ကောင်းအသင်းကြီးသည် ဓမ္မဂဏာရာမမည်သော မြတ်သောကျောင်းတိုက်ကြီးကို တည်ဆောက်၍ ဘုရား အမှူးရှိသော သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ပရိက္ခရာမျိုးစုံကိုပါ လှူဒါန်းခဲ့ကြပြန်သည်။ ထိုကျောင်းအလှူပွဲ၌ ဇဟိဘိက္ခု ရဟန္တာပေါင်းကုဋေကိုးဆယ် စည်းဝေးမိခဲ့ကြလေသည်။ ထိုအစည်းအဝေး၌ သောဘိတဘုရားရှင်သည် ဩဝါဒပါတိမောက် ပြတော်မူခဲ့၏။ ထိုအစည်း အဝေးကား ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေး ကြီးပင်ဖြစ်ခဲ့သည်။

သောဘိတဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူပြီး ဝါကျွတ်၍ ပဝါရဏာပြုတော်မူရန် နတ်ဗြဟ္မာအပေါင်းခြံရံလျက် လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့သည်။ လူ့ပြည်သို့ ရောက်တော်မူသည့်အခါ ရဟန္တာပေါင်း ကုဋေရှစ်ဆယ်တို့နှင့်တကွ အင်္ဂါလေးပါးရှိသော အစည်းအဝေး၌ ပဝါရဏာပြုတော်မူခဲ့သည်။ ထိုအစည်း အဝေးကား သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေး ကြီးဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

သောဘိတဘုရားရှင်သည် သက်တမ်းကိုးသောင်းပတ်လုံး တည်နေလျက် များစွာသော သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့၏။ ကိုယ်တော့်မျက်မှောက် ကျွတ်တမ်းမဝင်ရောက်ကြကုန်သေးသော ဝေနေယျသတ္တဝါတို့အား တစ်ကြိမ်ဆုံးမခြင်း၊ အကြိမ်ကြိမ်ဆုံးမခြင်းကို ပေးတော်မူပြီး၍ မီးသည် ထွန်းတောက်ပ၍ ငြိမ်းသွားသကဲ့သို့ တပည့်သာဝကများနှင့်တကွ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

> "ရှေးဘုရားရှင်တို့နှင့်သာ တူတော်မူသော သောဘိတဘုရားရှင်သည်လည်းကောင်း၊ အဘိညာဉ်စသော စွမ်းအားသို့ ရောက်တော်မူကြကုန်သော တပည့်သာဝကတို့သည်လည်းကောင်း အလုံးစုံတို့သည် ချုပ်ဆုံးကွယ်ပျောက်ခဲ့လေပြီ။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းနှီးသာ ဖြစ်ကုန်စွ"

## ဓါတ်တော်များ တည်ရှိခြင်း

သောဘိတဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ခါနီးတွင် "ငါဘုရားမရှိသည့်နောက် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ငါဘုရား၏ ဓါတ်တော်တို့သည် တစ်လုံးတစ်ခဲတည်း မတည်ကြကုန်ဘဲ အစိတ်စိတ် အမြွာမြွာကွဲပြား ပျံ့နှံ့တည်ကြစေကုန်သတည်း"ဟု မိန့်ဍာန်တော်မူခဲ့ပြီး သီဟဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ဘုရားရှင်၏ ဓါတ်တော်တို့သည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ဖြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသတည်း။

# အနောမဒဿီဗုဒ္ဓဝင်

သောဘိတဘုရားရှင်ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးသည်နောက် မရေမတွက်နိုင်လောက်အောင် များပြားသော ဘုရားမပွင့်သည့် သုညကမ္ဘာ တစ်သင်္ချေကို လွန်ပြီးမှ တစ်ခုသော ဝရကမ္ဘာတွင် ဘုရားသုံးဆူပွင့်တော်မူ ခဲ့သည်။ ထိုဝရကမ္ဘာသည် ဤဘဒ္ဒကမ္ဘာမှပြန်၍ ရေတွက်သည်ရှိသော် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်ဖြစ်သည်။ ထိုဝရကမ္ဘာ၌ အနောမဒဿီ မြတ်စွာဘုရား၊ ပဒုမမြတ်စွာဘုရားနှင့် နာရဒမြတ်စွာဘုရားတို့ ပွင့်တော်မူခဲ့ကြရာ ရှေးဦးစွာ ပွင့်တော်မူသော ဘုရားရှင်မှာ အနောမဒဿီ ဘုရားရှင် ဖြစ်ခဲ့သည်။

**အနောမဒဿီဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

အနောမဒဿီဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ပြဟ္မာတို့က အလောင်းတော် နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းရန် တောင်းပန် ခဲ့ကြသည်။ အလောင်းတော်သည် နတ်ပြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **စန္ဒဝတီ** နေပြည်တော် **ယသဝ**မည်သော မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **ယသောဓရာ** မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော် မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ရောက်သောအခါ မယ်တော် မိဖုရာကြီးသည် အလောင်းတော်မင်းသားကို သုစန္ဒနဉယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေ နေသော နေ့၌ ကောင်းကင်မှ ရတနာခုနစ်ပါးတို့ တဖွားဖွားကျရောက်လာခဲ့၍ အနောမမည်သော ရတနာတို့ဖြစ်ကြောင်းကို အစွဲပြုကာ "အနောမဒဿီ မင်းသား"ဟု မှည့်ခေါ်ခဲ့ကြသည်။ အလောင်းတော်မင်းသား ပဋိသန္ဓေ နေတော်မူသော အခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်တို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာ များဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် အနောမဒဿီမင်းသားသည် တရွေ့ရွေ့ ကြီးမြောက် အရွယ်တော်ရောက်သောအခါ **သီရိမာဒေဝီမင်းသမီးနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ တင့်တယ်လှပသော သိရိရွှေနန်းဆောင်၊ ဥပသိရိရွှေနန်းဆောင်၊ ဝမ္မရွှေနန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင် တို့၌ သီရိမာမိဖုရားအမှူးပြုသော ရံရွေတော် နှစ်သောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်းတစ်သောင်းတို့ပတ်လုံး နတ်စည်းစိမ်နှင့်တူသော စည်းစိမ်ချမ်းသာကို ခံစားတော်မူကာ ထီးနန်း စိုးအုပ် မင်းလုပ်ခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **ဥပဝါဏမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်သည် ထိုသို့ ထီးနန်းစည်းစိမ်ကို ခံစားနေတော်မူစဉ်၊ သိရိမာမိဖုရားကြီးမှ ဥပဝါဏသားတော်ကို ဖွားမြင်တော်မူသောအခါ နတ်တို့ ဖန်ဆင်းပြသခဲ့သည့် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူခဲ့ပြီးဖြစ်၍ သံဝေဂဉာဏ် ကြီးစွာဖြစ်လျက် **ရွှေထမ်းစင်စီးကာ** တောထွက်၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော် မင်းသား ရဟန်းပြုလေလျှင် အလောင်းတော်မင်းသားကို အတုလိုက်၍ သုံးကုဋေရှိသော ယောကျ်ားတို့သည် လိုက်ပါရဟန်းပြုခဲ့ကြကုန်၏။ ထိုရဟန်းတို့ ခြံရံလျက် အလောင်းတော်သည် ဆယ်လတိုင်တိုင် ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူခဲ့သည်။ ဒုက္ကရစရိယာ ဆယ်လကြာအောင် ကျင့်တော်မူပြီးနောက် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့ဝယ် အနုပမ ပုဏ္ဏားရွာသို့ ဆွမ်းခံဝင်ခဲ့သည်။ အနုပမာအမည်ရှိသော ပုဏ္ဏား သူဌေးသမီး လှူဒါန်းအပ်သည့် ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူလျက် ထိုအရပ်ရှိ အင်ကြင်းတောအတွင်း၌ နေခိုခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါ၍ မဟာဗောဓိပင်ရှိရာသို့

တစ်ပါးတည်း ကြွတော်မူရာ လမ်းခရီးအကြား၌ အနောမတက္ကတွန်း လှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့၏။ ထောက်ကြံ့ဗောဓိပင်သို့ ရောက်လေလျှင် အလှူခံခဲ့သော မြက်ရှစ်ဆုပ်ကို ထောက်ကြံ့ဗောဓိပင်ရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် သုံးဆယ့်ရှစ်တောင်ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာခဲ့သည်။ ထိုအပရာဇိတပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူခဲ့၏။ ထိုနေ့နေမဝင်မီ မာရ်စစ်သည်ဗိုလ်ပါတို့ကို အောင်မြင်တော်မူကာ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

အနောမဒဿီဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် မဟာဗောဓိပင်အနီးမှာပင် အရဟတ္တဖိုလ် ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလော ကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော် ကိုယ်တော်မြတ် တောထွက်စဉ်က လိုက်ပါ ရဟန်းပြုခဲ့ကြသော သုံးကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းတော်များနေထိုင်ရာ သုဒဿနဉယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွရောက်တော်မူခဲ့သည်။ သုဒဿန ဉယျာဉ်ကြီးသို့ ရောက်လေလျှင် ထိုရဟန်းတော် သုံးကုဋေနှင့်အတူ နတ်လူ ပရိသတ်တို့၏ အလယ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောတော်မူခဲ့၏။ ဒေသနာတော်ဆုံးသောအခါ ကုဋေတစ်ရာသော သတ္တဝါတို့ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

အနောမဒဿီဘုရားရှင်၏ လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် တန်ခိုးအာနုဘော်ကြီးမားလှသည့် ကုဋေပေါင်းများစွာသော

ဘီလူးတို့ကို အစိုးရသော **ဘီလူးစစ်သူကြီး** ဖြစ်ခဲ့သည်။ ဘီလူးစစ်သူကြီးသည် လောက၌ အနောမဒဿီဘုရား ပွင့်တော်မူကြောင်း ကြားသိလေလျှင် အလွန်ဘင့်တယ် ရှုချင်ဖွယ်ရာ ရတနာခုနစ်ပါးဖြင့် ပြီးသော မဏ္ဍပ်ကြီးကို ဖန်ဆင်း၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ခုနစ်ရက်ပတ်လုံး ဆွမ်းအဖျော် စသည်တို့ဖြင့် လှူဒါန်းပူဇော်ခဲ့သည်။ ထိုအခါ အနောမဒဿီ ဘုရားရှင်သည် အလောင်းတော် ဘီလူးစစ်သူကြီးအား "ဤကမ္ဘာမှနောက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်သောအခါ ဘဒ္ဒကမ္ဘာ၌ ဂေါတမဘုရား ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရလေလျှင် ဝမ်းသာပီတိဖြစ်ခဲ့ပြီး ဘုရားဖြစ်ဖို့ရန် ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်တော်မူခဲ့သည်။

**အနောမဒဿီဘုရားရှင်၏ တပည့်သာဝကများ**

အနောမဒဿီဘုရားရှင်၏ (အဂ္ဂသာဝက) မြတ်သော တပည့်အစုံ တို့ကား အရှင်နိသဘမထေရ်နှင့် အရှင်အနောမ, မထေရ်တို့ဖြစ်ခဲ့ကြပြီး အလုပ်အကျွေး ရဟန်းကား အရှင်ဝရုဏမထေရ် ဖြစ်လေသည်။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့သည် အရှင်မသုန္ဒရီထေရီနှင့် အရှင်မ သုမနာထေရီတို့ဖြစ်ခဲ့ကုန်၍ ပွင့်တော်မူရာ ဗောဓိပင်ကား ထောက်ကြံ့ဗောဓိပင်ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာအစုံတို့မှာ နန္ဒိဝဍ္ဎသူဌေးနှင့် သိရိဝဍ္ဎသူဌေးတို့ဖြစ်ခဲ့ကြကုန်ပြီး (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမအစုံတို့သည် ဥပ္ပလာ ဥပါသိကာမနှင့် ပဒုမာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်သည်။ ဘုရားရှင်၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်လျက် ဘုရားရှင်သက်တမ်းမှာ တစ်သိန်းတမ်းဖြစ်ခဲ့သည်။ ထိုမျှလောက်သော ကာလပတ်လုံး သတ္တဝါတို့ အား သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့သည်။

**(မဟာဘိသမယ) တရားပွဲကြီးများ**

အနောမဒဿီဘုရားရှင်၏ သုဘဝတီမြို့အနီး သုဒဿနဉယျာဉ် တော်ကြီး၌ သုံးကုဋေသော ရဟန်းတော်တို့နှင့် နတ်လူတို့အား ဓမ္မစကြာ

တရားဟောသော တရားပွဲသည် ရှေးဦးစွာ (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့၏။ ထိုတရားပွဲ၌ ကုဋေတစ်ရာသော သတ္တဝါတို့ သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ခဲ့ကြသည်။

တစ်ဖန် အခါတစ်ပါး၌ ဩသဓိမြို့အနီး ပိတောက်ပင်ကြီးအရင်း၌ ရေမီး အစုံ အစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် တာဝတိံသာနတ်ပြည်သို့ ကြွကာ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ၌ ဝါတွင်းသုံးလ ပတ်လုံး အဘိဓမ္မာဒေသနာဟောကြားတော်မူသော တရားပွဲသည် ဒုတိယ အကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ကုဋေရှစ်ဆယ်သော နတ်ဗြဟ္မာတို့ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင် ခဲ့ကြသည်။

ထိုနောက် အခါတစ်ပါး၌ မင်္ဂလာပုစ္ဆာပြဿနာကို ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားဖြေဆိုတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ခုနစ်ဆယ့်ရှစ် ကုဋေသော သတ္တဝါတို့ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြသည်။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

အနောမဒဿီဘုရားရှင် လက်ထက်တော်တွင် သာဝက အစည်းအဝေး ကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ထိုသုံးကြိမ်တို့တွင် အနောမဒဿီဘုရားရှင်သည် သောရေယျမြို့၌ ဣသိဒတ္တမင်းအား တရားဟောသည်ရှိသော် မင်းနှင့်တကွ သောသူတို့သည် သဒ္ဓါတရားကြီးစွာ ဖြစ်ကြကုန်လျက် ဧဟိဘိက္ခုရဟန်း အဖြစ်ဖြင့် ရဟန်းပြုခဲ့ကြသည့် ရဟန္တာရှစ်သိန်း တို့၏အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့သည်။

တစ်ဖန် အနောမဒဿီဘုရားရှင်သည် ရာဓဝတီမြို့၌ သုန္ဒရိန္ဓရမည်သော မင်းအား တရားဟောသည်ရှိသော် မင်းနှင့်တကွသော သူတို့သည် သဒ္ဓါတရားကြီးစွာ ဖြစ်၍ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြသော ရဟန္တာခုနစ်သိန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်၏။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်း အဝေးကြီးဖြစ်ခဲ့သည်။

တစ်ဖန် အခါတစ်ပါးဝယ် သောရေယျမြို့၌ပင် သောရေယျမင်းနှင့်တကွ ဗဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြသော ရဟန္တာခြောက်သိန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်၏။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း**

တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာတို့ကြောင့် အနောမဒဿီဘုရားရှင်၏သာသနာတော်သည် ကောင်းစွာပွင့်လင်းခဲ့၏။ သာသနာတော်သည် ရဟန္တာတို့ဖြင့် တင့်တယ်ခဲ့၏။ အနောမဒဿီဘုရားရှင်သည် အနှစ်တစ်သိန်း သက်တမ်းအတိုင်း သတ္တဝါအပေါင်းကို ကယ်တင်တော်မူ၍ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။

"မနှိုင်းယှဉ်အပ်သော အခြံအရံ အကျော်အစောရှိတော်မူသော ဘုရားရှင်သည်လည်းကောင်း၊ တပည့်သာဝကတို့သည်လည်း ကောင်း ကွယ်ပျောက်ခဲ့လေပြီ။ သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်သာရမရှိကုန်။ အချည်းအနှီးတို့သာ ဖြစ်ကြလေကုန်စွ"

**စေတီတည်ထား ကိုးကွယ်တော်မူခြင်း**

မာရ်ငါးပါးကို အောင်မြင်တော်မူသော အနောမဒဿီဘုရားရှင်သည် ဓမ္မာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုကျောင်းတိုက်အတွင်း ၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် နှစ်ဆယ့်ငါးယူဇနာမြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်း တို့သည် ရတနာခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေ ခဲ့ကြကုန်သတည်း။

# ပဒုမဗုဒ္ဓဝင်

အနောမဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အန္တရကပ် တစ်ခု၏ဆုပ်ကပ် လူတို့၏ သက်တမ်းတစ်သိန်းသို့ရောက်သောအခါ အနောမဒဿီမှ အစ ဘုရားသုံးဆူပွင့်သော ဝရကမ္ဘာ၌ ဒုတိယမြောက် ပဒုမဘုရားရှင် ပွင့်တော်မူခဲ့သည်။

## ပဒုမဘုရားအလောင်း ဖွားမြင်တော်မူခြင်း

ပဒုမဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက် ပဋိသန္ဓေယူရန် တောင်းပန်ခဲ့ကြသည်။ အလောင်း တော်သည် နတ်ဗြဟ္မာတို့တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ဆင်းသက်ကာ **စမ္ပက**နေပြည်တော် **အသမမင်းကြီး**၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **အသမာ**အမည်ရှိသော မိဖုရားကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်း တော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ကာလရောက်သောအခါ စမ္ပက ဥယျာဉ်တော်အတွင်း၌ မယ်တော်မိဖုရားကြီးသည် အလောင်းတော် မင်းသားကို ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသားကို ဖွားမြင် သောနေ့၌ ကောင်းကင်မှ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး သမုဒ္ဒရာဆုံးအောင် ပဒုမ္မာ ကြာပန်းမိုး ရွာသွန်းဖြိုးခဲ့သည်။ ထို့ကြောင့် အလောင်းတော်မင်းသားကို အမည်မှည့်သောနေ့တွင် "မဟာပဒုမမင်းသား"ဟု အမည်မှည့်ခဲ့ကြကုန်၏။ အလောင်းတော်မင်းသားကို ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော် မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်တို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော်မင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်တော်သို့ ရောက်သောအခါ ဥတ္တရာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ တင့်တယ်လှပသော နန္ဒုတ္တရရွှေနန်းဆောင်၊ ဝသုတ္တရ ရွှေနန်းဆောင်၊ ယသုတ္တရရွှေနန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင် တို့၌ ဥတ္တရာဒေဝီမိဖုရားအမှူးရှိသော ရံရွေတော် သုံးသောင်းသုံးထောင်တို့၏ ဖျော်ဖြေ လုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း တစ်သောင်းတို့ ကာလပတ်လုံး ခံစားတော်မူကာ ထီးနန်းစိုးစံတော်မူခဲ့၏။ အလောင်းတော်၏ သားတော်မှာ ရမ္မမင်းသားဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် မဟာပဒုမမင်းသားသည် ထိုသို့ ထီးနန်းစည်းစိမ်ကို ခံစားတော်မူနေစဉ် ဥတ္တရာဒေဝီမိဖုရားကြီးမှ ရမ္မသားတော်ကို ဖွားမြင်တော် မူသောအခါ နတ်တို့ဖန်ဆင်းပြသခဲ့သည့် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး ဖြစ်၍ သံဝေဂဉာဏ်ကြီးစွာ ဖြစ်လျက် **အာဇာနည်မြင်း**ကသော **ရထားကို**စီးကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော်မင်းသား ရဟန်းပြုကြောင်း ကြားမြင် တွေ့ရှိကြသော် တစ်ကုဋေအရေအတွက်ရှိသော သူအပေါင်းတို့သည်လည်း အလောင်းတော်နှင့်အတူ ရဟန်းပြုတော်မူခဲ့ကြသည်။ အလောင်းတော် မင်းသားသည် ထိုရဟန်းများနှင့်တကွ ရှစ်လပတ်လုံး ဒုက္ကရစရိယာ အကျင့်ကို ကျင့်တော်မူခဲ့၏။ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော် မူခဲ့ပြီးနောက် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့ဝယ် ဓညဝတီမြို့ သုဓည သူဌေးကြီး၏သမီး ဓညဝတီသမီးပျို လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူလျက် ထိုအရပ်ရှိ အင်ကြင်းတော၌ပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက် သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါ၍ မဟာဗောဓိပင်ရှိရာ အရပ်သို့

တစ်ပါးတည်း ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ တိတ္ထကအမည်ရှိသော တက္ကတွန်းလှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ပြီး မဟာဗောဓိပင်သို့ ရောက်တော်မူလေလျှင် မဟာဗောဓိ ကြောင်လျှာကြီးပင် အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် သုံးဆယ့်ရှစ်တောင်ပမာဏရှိသော အပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို နှင်ထုတ်အောင်မြင်တော်မူပြီးနောက် ညဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ပဒုမဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက်တို့ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ် တောထွက်စဉ်က လိုက်ပါ ရဟန်းပြုခဲ့ကြသော တစ်ကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့သည်။ ဘုရားရှင်သည် ထိုရဟန်းတော်များ နေထိုင်ရာ ဓညဝတီ မြို့အနီး ဓနဥ္စယဥယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် ခဏချင်းကြွသွားတော်မူခဲ့၏၊ ထိုဥယျာဉ်သို့ ရောက်လေသော် တစ်ကုဋေသော ရဟန်းတို့ ခြံရံလျက် လူနတ်ဗြဟ္မာ သတ္တဝါတို့၏အလယ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောတော် မူခဲ့၏။ ဒေသနာတော်ဆုံးသောအခါ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ပဒုမဘုရားရှင်သည် တစ်ခုသော တောအုပ်အတွင်း၌ သီတင်းသုံးနေတော်မူစဉ် ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ထိုတောအုပ်၌ ခြင်္သေ့မင်းဖြစ်ခဲ့၏။ ထိုအလောင်းတော် ခြင်္သေ့မင်းသည် ခုနစ်ရက်ပတ်လုံး

နိရောဓသမာပတ်ဝင်စားတော်မူနေသော ပဒုမဘုရားရှင်ကို ဖူးမြင်ရသော အခါ အလွန်ကြည်ညိုလျက် ဘုရားရှင်ကို သုံးကြိမ်လက်ယာရစ် လှည့်၍ အရိုအသေပြုခဲ့သည်။ ဝမ်းမြောက်ဝမ်းသာဖြင့် သုံးကြိမ်တိုင်တိုင် ဟောက်၍ အသံဖြင့် ပူဇော်ခဲ့သည်။ ခုနစ်ရက်ပတ်လုံး ဘုရားရှင်ကို အာရုံပြုလျက် အစာရှာရန် ထွက်ခွါသွားခြင်းမပြုဘဲ အသက်ကိုပင် စွန့်လျှုကာ ဘုရားရှင်၏ အနီးတွင် ရိုသေစွာ ဆည်းကပ်ရပ်တည်နေခဲ့သည်။ ဘုရားရှင်သည် နိရောဓသမာပတ်မှ ထတော်မူသောအခါ ထိုအလောင်းတော်ခြင်္သေ့မင်းကို တွေ့တော်မူခဲ့၍ "ထိုခြင်္သေ့မင်းသည် သံဃာတော်တို့၌လည်း ကြည်ညိုမှု သဒ္ဓါဖြစ်ပါစေ"ဟု ကြံစည်တော်မူကာ "ရဟန်းသံဃာတော်များ ဤအရပ်သို့ လာစေသတည်း"ဟု အမိန့်ရှိ ပြုတော်မူခဲ့သည်။ ရဟန်းသံဃာတော် များလည်း ဘုရားရှင်၏ အမိန့်တော်အရ ကြွလာခဲ့ကြကုန်၏။ ထိုအခါ ပဒုမဘုရားရှင်သည် "ဤခြင်္သေ့မင်းကား နောင်သောအခါ ဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားစင်စစ် ဖြစ်လိမ့်မည်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူ ခဲ့သည်။ အလောင်းတော် ခြင်္သေ့မင်းသည် ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရသောအခါ စိတ်ကို ကြည်လင်စေပြီး ဘုရား ဖြစ်ရေးအတွက် ပါရမီတော်တို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့လေသည်။

**ပဒုမဘုရားရှင်၏ တပည့်သာဝကများ**

ပဒုမဘုရားရှင်၏(အဂ္ဂသာဝက) မြတ်သော တပည့်အစုံတို့ကား အရှင်သာလမထေရ်နှင့် အရှင်ဥပသာလမထေရ်တို့ဖြစ်ခဲ့ကြပြီး အလုပ်အကျွေး ရဟန်းမှာ အရှင်ဝရုဏမထေရ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့ကား အရှင်မ ရာမာထေရီနှင့် အရှင်မ သုရာမာထေရီတို့ ဖြစ်ခဲ့ကုန်လျက် ပွင့်တော်မူရာ ဗောဓိပင်ကား ကြောင်လျှာ ကြီးပင် ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာအစုံ တို့ကား ဘိယျသူဌေးနှင့် အသမသူဌေးတို့ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမအစုံတို့သည် ရုစိဥပါသိကာမနှင့် နန္ဒရာမာ ဥပါသိကာမတို့ဖြစ်ခဲ့ကြကုန်၏။ ပဒုမမြတ်စွာဘုရား၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်ခဲ့၍ ကိုယ်တော်မှထွက်သော

ရောင်ခြည်တော်တို့သည် အလုံးစုံသော အရပ်မျက်နှာတို့သို့ အလိုတော်ရှိသမျှ ထွက်ကြွကွန့်မြူး တော်မူခဲ့လေသည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ပဒုမဘုရားရှင်၏ ဓညဝတီမြို့အနီး ဓနဥယျာဉ်တော်ကြီး၌ လူနတ်ပြဟ္မာသတ္တဝါတို့အား ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီးတွင် ကုဋေတစ်ရာသော လူနတ်ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထိုမှတစ်ဖန် ပဒုမဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ဖတူမိကွဲညီတော်များဖြစ်ကြသော သာလမင်းသားနှင် ဥပသာလမင်းသား (အဂ္ဂသာဝက) အလောင်းလျာတို့ကို အခြံအရံ ပရိသတ်နှင့်တကွ ရဟန်းပြုစေတော်မူ၍ ထိုအစည်းအဝေး၌ ဟောသော တရားပွဲသည် ဒုတိယမြောက် (ဓမ္မာဘိသမယ)တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ ကြီး၌ ကုဋေကိုးဆယ်သော လူနတ်ပြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကုန်လျက် ကျွတ်တမ်းဝင်ခဲ့ကြ၏။

ထို့နောက် တစ်ဖန် ပဒုမဘုရားရှင်သည် သားတော်ဖြစ်သော အရှင်ရမ္မအား အဆုံးအမတရားဟောကြားတော်မူခဲ့သော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ကုဋေရှစ်ဆယ်သော လူနတ် ပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါးတရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

ပဒုမဘုရားရှင်၏ လက်ထက်တော်တွင် သာဝကအစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ အခါတစ်ပါး၌ သုဘာဝိတတ္တမင်းသားသည် ပဒုမဘုရားရှင်အထံတော်၌ အခြံအရံပရိသတ် ကုဋေတစ်သိန်းတို့နှင့်တကွ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြကုန်၏။ ထိုအစည်းအဝေးကြီး၌

ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ)အစည်းအဝေးကြီးဖြစ်ခဲ့သည်။

ထို့နောက် ပဒုမဘုရားရှင်သည် ဥသဘဝတီမြို့ကို အမှီပြု၍ ဝါကပ်တော်မူစဉ် ဘုရားဖူးရန် လာရောက်ကြကုန်သော မြို့သူမြို့သားအပေါင်းတို့အား တရားဟောတော်မူခဲ့၏။ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ထိုရဟန်းတော်တို့နှင်တကွ အခြားသော ရဟန်းတော်များ စုစုပေါင်း ရဟန္တာ သုံးသိန်းတို့နှင့် ပဝါရဏာပြုတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ဒုတိယ အကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့သည်။

ပဒုမဘုရားရှင်သည် အခါတစ်ပါး၌ ဂေါသိင်္ဂအင်ကြင်းတောနှင့်တူသော တောကြီးတစ်ခုအတွင်း၌ ဝါကပ်တော်မူခဲ့၏။ ထိုတောကြီးအတွင်း၌ ရဟန်း သံဃာများနှင့်အတူ ဝါကပ်တော်မူသော ဘုရားရှင်ကို လူအပေါင်းတို့ ဖူးမြင်ကြရ၍ တရားတော်ကို ကြားနာရသောအခါ သဒ္ဓါကြည်ညိုဖြစ်ခဲ့ကြကုန်ပြီး ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြကုန်၏။ ထိုအခါ နှစ်သိန်းသော ရဟန္တာများနှင့်အတူ ပဝါရဏာပြုတော်မူခဲ့၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ပဒုမဘုရားရှင်၏သက်တမ်းတော်သည် အနှစ်တစ်သိန်းဖြစ်ခဲ့၏။ ထိုအနှစ်တစ်သိန်းသော ကာလပတ်လုံး သတ္တဝါတို့ကို သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့၏။ ဘုရားရှင်သည် ဣန္ဒြေရင့်ကျက်သော သတ္တဝါတို့ကို အကြွင်းမဲ့အားဖြင့် သစ္စာလေးပါးကို သိမြင်စေ၍ ကြွင်းသော ဣန္ဒြေမရင့်ကျက် သေးသော သတ္တဝါတို့ကို အကြိမ်ကြိမ် ဆုံးမကာ တပည့်သာဝကတို့နှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ မြွေသည် အရေဟောင်းကို စွန့်သကဲ့သို့ လည်းကောင်း၊ သစ်ပင်သည် အရွက်ဟောင်းကို စွန့်သကဲ့သို့ လည်းကောင်း ပဒုမဘုရားရှင်သည် သင်္ခါရတရားအားလုံးစွန့်ကာ မီးပုံကြီးကဲ့သို့ ငြိမ်းအေး တော်မူခဲ့ပြီ။

**ဓါတ်တော်များ တည်ရှိခြင်း**

ပဒုမဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် "ငါဘုရားမရှိသည့်နောက် အလုံးစုံသော သတ္တဝါတို့ နတ်ရွာ နိဗ္ဗာန် ရောက်ကြစေရန် ငါဘုရား၏ ဓါတ်တော်တို့သည် သက်တော်ရှည်ဘုရားတို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်မဖြစ်စေဘဲ အစိတ်စိတ် အမြွာမြွာ ကွဲပြား ပျံ့နှံ့၍ တည်ကြပါစေသတည်း"ဟု မိန့်ဓ္ဓာန်တော်မူခဲ့ပြီး ဓမ္မာရာမ ကျောင်းတော်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ဘုရားရှင်၏ ဓါတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်း တစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ဗြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသတည်း။

# နာရဒဗုဒ္ဓဝင်

ပဒုမဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အန္တရကပ်တစ်ခု၏ ဆုတ်ကပ် လူတို့၏သက်တမ်း ကိုးသောင်းသို့ ရောက်သောအခါ အနောမဒဿီ မှအစ ဘုရားသုံးဆူပွင့်သော ဝရကမ္ဘာ၌ တတိယမြောက် နာရဒဘုရားရှင် ပွင့်တော်မူခဲ့သည်။

## နာရဒဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

နာရဒဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ပြဟ္မာတို့က အလောင်းတော် နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက် ပဋိသန္ဓေယူရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ပြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ဆင်းသက်ကာ **ဓညဝတီမြို့**တော် **သုဒေဝမင်းကြီး**၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **အနောမာ**အမည်ရှိသော မိဖုရားကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လ လွန်မြောက် အချိန်ကာလ ရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော်မင်းသားကို ဓနဥ္စယဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသားကို အမည်မှည့်အံ့သောနေ့၌ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးတွင် လူတို့အသုံးအဆောင်ဖြစ်သော အဝတ်တန်ဆာအမျိုးမျိုးတို့သည် ကောင်းကင်မှ မိုးကြီးရွာချသည့်ပမာ အလိုလို ကြွေကျလာခဲ့ကုန်၏။ ပညာရှိ တို့သည် လူတို့အား လျောက်ပတ်သော အဝတ်တန်ဆာတို့ကို ပေးတတ်သည် ဟူသော အကြောင်းဗျူပွတ်ကို အစွဲပြု၍ အလောင်းတော်မင်းသားအား "နာရဒ"ဟူသော အမည်ကို မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းမင်းသား ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် နာရဒမင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်တော်သို့ ရောက်သောအခါ **ဝိဇိတသေနာဒေဝီမင်းသမီးနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့် လိုက်အောင် ဆောက်လုပ်ထားသော ဇိတရွှေနန်းတော်၊ ဝိဇိတရွှေနန်းတော်၊ အဘိရာမရွှေနန်းတော်တည်းဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ ဝိဇိတသေနာမိဖုရားအမှူးပြုသော ရံရွေတော် တစ်သိန်းနှစ်သောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် ဝိဇိတသေနာမိဖုရားကြီးနှင့်အတူ နှစ်ပေါင်းကိုးထောင်တို့ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစား စံစားတော်မူ ခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **နန္ဒုတ္တရမင်းသားဖြစ်၏။**

**တောထွက်တော်မူခြင်း**

အလောင်းတော်နာရဒမင်းသားသည် ထိုသို့မင်းစည်းစိမ်ကို ခံစားတော်မူ နေစဉ် ဝိဇိတသေနာမိဖုရားကြီးမှ နန္ဒုတ္တရသားတော်ကို ဖွားမြင်တော်မူသော အခါ နတ်တို့ ဖန်ဆင်းပြသခဲ့သည့် သူအို, သူနာ, သူသေ, ရဟန်း ဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး သတိသံဝေဂ ကြီးစွာ ရလျက် စစ်အင်္ဂါလေးပါး ခြံရံကာ မင်္ဂလာဉယျာဉ်တော်သို့ ခြေလျင်ထွက်ကြွ တော်မူခဲ့သည်။ ဉယျာဉ်တော်သို့ ရောက်လေလျှင် အဆင်တန်ဆာတို့ကို ချွတ်၍ ဘဏ္ဍာစိုးလက်သို့ အပ်နှင်းပြီး လက်သုံးတော်သန်လျက်ဖြင့် ဆံတော်ကို ပယ်ကာ ကောင်းကင်သို့ ပစ်လွှတ်တော်မူခဲ့သည်။ သိကြားမင်းသည် ထိုဆံတော်ကို ရွှေပန်းတောင်းဖြင့် ခံယူတော်မူ၍ တာဝတိံသာ နတ်ပြည်၌ သုံးယူဇနာအမြင့်ရှိသော စေတီတော်ကြီး တည်ထားခဲ့သည်။ အလောင်းတော် မင်းသားသည် ပြဟ္မာကြီးလှူဒါန်းသော သင်္ကန်းကို ဝတ်ရုံကာ ရဟန်းပြုတော် မူခဲ့သည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို ကြားသိခဲ့ကြ ကုန်သော ယောကျ်ားပေါင်းတစ်သိန်းတို့လည်း လိုက်ပါ ရဟန်းပြုခဲ့ကြ ကုန်၏။

နာရဒ ဘုရားအလောင်းတော်သည် ထိုမင်္ဂလာဉယျာဉ်တော်၌ပင် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူ၍ ကဆုန်လပြည့် ဘုရားဖြစ်မည့်

နေ့၌ ဝိဇိတသေနာမိဖုရားကြီးလှူသော ယနာနို့ဆွမ်းကို ဘုဉ်းပေးတော်မူလျက် ထိုမင်္ဂလာဥယျာဉ်တော်၌ပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဘုရားအလောင်းတော်သည် မင်္ဂလာဥယျာဉ်တော်၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါခဲ့ပြီး ဗောဓိပင်ရှိရာအရပ်သို့ တစ်ပါးတည်းကြွတော်မူခဲ့၏။ လမ်းခရီးအကြား၌ သုဒ္ဒသနအမည်ရှိသော ဥယျာဉ်မှူးလှူဒါန်းသည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူကာ မဟာဗောဓိ **ကြောင်လျှာကြီးပင်** အရင်း၌ ထိုမြက်ရှစ်ဆုပ်ကို ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါးဆယ့် ခုနစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော်မူလာခဲ့သည်။ ထိုအပရာဇိတပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်တော်မူခဲ့၏။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို ပယ်နှင်အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ သမ္မာသမ္ဗုဒ္ဓ အစစ် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

နာရဒဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက်ပတ်လုံး အရဟတ္တဖိုလ် ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ် တောထွက်စဉ်က လိုက်ပါ ရဟန်းပြုခဲ့ကြသော ရဟန်းတော်တစ်သိန်းတို့ကို မြင်တော်မူ၍ ထိုရဟန်းတို့ ရှိရာ ဓနဥယဉယျာဉ်တော်ကြီးသို့ ကောင်းကင် ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့၏။ ဓနဥယဉယျာဉ်တော်ကြီးသို့ ရောက်လေလျှင် ရဟန်းတစ်သိန်းခြံရံလျက် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ အလယ်၌

ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောတော်မူခဲ့သည်။ ဒေသနာတော်အဆုံး၌ ကုဋေတစ်သိန်းသော လူနတ်ဗြဟ္မာသတ္တဝါတို့ တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

နာရဒဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် ရသေ့ဖြစ်၍ ဟိမဝန္တာတောင်ယံ၌ သင်္ခမ်းကျောင်းဆောက်လုပ်နေထိုင်ခဲ့၏။ အလောင်းတော်ရသေ့သည် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့၌ လေ့လာနိုင်နင်းတော်မူခဲ့၏။ နာရဒ ဘုရားရှင်သည် ရဟန္တာပေါင်းကုဋေ ရှစ်ဆယ်၊ အနာဂါမ်ဥပါသကာဒါယကာအပေါင်း တစ်သောင်းခြံရံလျက် အလောင်းတော်ရသေ့၏ သင်္ခမ်းကျောင်းသို့ ကြွလာတော်မူခဲ့၏။ အလောင်းတော် ရသေ့သူမြတ်သည် ဘုရားရှင်ကို ဖူးမြင်ရသောအခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ဘုရားရှင်သီတင်းသုံးရန် သင်္ခမ်းကျောင်းကို ဖန်ဆင်း၍ ဘုရားနှင့်တကွ အခြံအရံတပည့်သာဝကနှင့် ဒါယကာများကို သီတင်းသုံးစေတော်မူခဲ့သည်။ တစ်ညဉ့်ပတ်လုံး မြတ်စွာဘုရား၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ချီးကျူးလျှောက်ထားခဲ့၏။ နံနက်မိုးသောက် အလင်းရောက်သော် မြောက်ကျွန်းသို့ အဘိညာဉ်တန်ခိုးဖြင့် သွားရောက်ပြီး ဆွမ်းစသော အစာအာဟာရကို ဆောင်ယူခဲ့၍ အခြံအရံသံဃာ၊ ဥပါသကာတို့နှင့်တကွ ဘုရားရှင်အား ဆွမ်းအလှူကြီးကို ပေးလှူတော်မူခဲ့သည်။ ထိုနည်းအတိုင်း ခုနစ်ရက်ပတ်လုံး ဆွမ်းအလှူကြီးကို ပေး၍ ဟိမဝန္တာမှ အဖိုးများစွာ ထိုက်တန်သော စန္ဒကူးနီကို ဆောင်ယူကာ ထိုစန္ဒကူးနီဖြင့် ဘုရားရှင်ကို ပူဇော်ခဲ့၏။ ဘုရားရှင်သည် တရားဟောတော်မူပြီးနောက် "ဤရသေ့သည် နောင်အခါ ဘဒ္ဒကမ္ဘာဝယ် ဂေါတမဘုရားစင်စစ် ဖြစ်လတ့်"ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့သည်။ အလောင်းတော် ရှင်ရသေ့သည် ဗျာဒိတ်စကားကို ကြားရလေလျှင် လွန်မင်းစွာ ရွှင်လန်း ဝမ်းမြောက်လျက် ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့လေသည်။

## နာရဒဘုရားရှင်၏ တပည့်သာဝကများ

နာရဒဘုရားရှင်၏(အဂ္ဂသာဝက) တပည့်မြတ်အစုံတို့သည် အရှင်ဘဒ္ဒသာလမထေရ်နှင့် အရှင်ဇိတမိတ္တမထေရ်တို့ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းမှာ အရှင်ဝါသေဋ္ဌမထေရ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ) မြတ်သောတပည့်မအစုံ တို့ကား အရှင်မ ဥတ္တရာထေရီနှင့် အရှင်မ ဖဂ္ဂုနီထေရီတို့ဖြစ်ကြကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်သည် ကြောင်လျှာနီပင် ဖြစ်ခဲ့၏။ (အဂ္ဂဉပဋ္ဌာက) မြတ်သော အလုပ်အကျွေးဒါယကာတို့မှာ ဥဂ္ဂရိန္ဒသူဌေးနှင့် ဝသဘသူဌေးတို့ ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဉပဋ္ဌိကာ) မြတ်သော အလုပ်အကျွေးဒါယိကာမတို့မှာ ဣန္ဒာဝရီဉပါသိကာမနှင့် ဝဏ္ဏီဉပါသိကာမတို့ဖြစ်ခဲ့ကြသည်။ နာရဒဘုရားရှင်၏ အရပ်တော်မှာ ရှစ်ဆယ့်ရှစ်တောင်မြင့်၍ ရွှေတိုင်ကြီးအလား တင့်တယ်တော်မူခဲ့ပါ၏။ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည် နေ့ညဉ့် စဉ်ဆက်မပြတ် တစ်ယူဇနာတိုင်အောင် ပျံ့နှံ့ကွန့်မြူးနေတော်မူခဲ့သည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

နာရဒဘုရားရှင်၏ ဓနဥ္စယဉယျာဉ်တော်ကြီး၌ လူနတ်ပြဟ္မာသတ္တဝါတို့အား ဓမ္မစကြာတရားဦးဟောတော်မူသော တရားပွဲသည် ရှေးဦးစွာ(ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်တော်မူခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူနတ်ပြဟ္မာသတ္တဝါတို့ တရားထူးကို ရကြကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

ထို့နောက် ဒေါဏမည်သော နဂါးမင်းသည် မဟာဒေါဏမြို့အနီး ဂင်္ဂါမြစ်ကမ်း၌ စိုးမိုး၍နေခဲ့၏။ ထိုအရပ်၌ နေသော သူတို့သည် အကယ်၍ နဂါးမင်းကို ပူဇော်မှုမပြုကြကုန်အံ့။ ထိုသူတို့၏ နေရာအရပ်ကို မိုးမရွာခြင်းဖြင့်လည်းကောင်း၊ အလွန်အမင်းမိုးရွာခြင်းဖြင့်လည်းကောင်း၊ ကျောက်စရစ်ခဲမိုးရွာစေခြင်းဖြင့်လည်းကောင်း ပျက်စီးစေခဲ့၏။ လူတို့ကို အလွန်ညှဉ်းဆဲနှိပ်စက်ခဲ့၏။ နာရဒဘုရားရှင်သည် ထိုလူအပေါင်းကို ကယ်မခြင်းငှာ နဂါးမင်းနေရာသို့ ရဟန်းတော်များခြံရံ၍ ကြွတော်မူလာခဲ့၏။ နဂါးမင်းသည် ၎င်းအတွက်ခင်းထားသော ပန်းအခင်းထက်၌ ထိုင်နေတော်မူသော

မြတ်စွာဘုရားကို တွေ့ရသည့်အခါ ဒေါသအမျက်ထွက်၍ အခိုးလွှတ်ကာ ဘုရားရှင်ကို ညှင်းဆဲတော့သည်။ ဘုရားရှင်သည် အဘိညာဉ်တန်ခိုးဖြင့် အခိုးပြန်လွှတ်ကာ နဂါးမင်းကို ဆုံးမခဲ့၏။ နဂါးမင်းသည် မီးတောက်မီးလျှံ လွှတ်ပြန်၏။ ဘုရားရှင်ကလည်း မီးတောက်မီးလျှံပြန်လှုန် လွှတ်၍ နဂါးမင်းကို ဆုံးမခဲ့၏။ နောက်ဆုံးတွင် နဂါးမင်းသည် ဘုရားရှင်ကို အဆိပ်လွှတ်၍ တိုက်ခိုက်သော်လည်း ဘုရားရှင်၏ မွေးညှင်းတော် တစ်ပင်မျှကိုပင် တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ခဲ့၍ နဂါးမင်းကြီး အရှုံးပေးကာ ဘုရားရှင်ကို ဆည်းကပ်ခဲ့ရလေတော့သည်။ နာရဒဘုရားရှင်၏ နဂါးမင်းကို ဆုံးမ၍ လူနတ်ပြဟ္မာသတ္တဝါတို့အား တန်ခိုးပြာဋိဟာပြ၍ တရားဟောသော တရားပွဲသည် ဒုတိယမြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးသောင်းသော လူနတ် ပြဟ္မာ သတ္တဝါတို့ တရားထူးရကြကာ ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက် နာရဒဘုရားရှင်၏ သားတော် နန္ဒုတ္တရမင်းသားကို ဆုံးမသည့်တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေရှစ်သောင်းသော နတ်လူပြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ထုလ္လကောဋ္ဌိတမြို့တွင် အဂ္ဂသာဝကဖြစ်တော်မူကြမည့် ဘဒ္ဒသာလနှင့် ဇိတမိတ္တပုဏ္ဏားလုလင် နှစ်ယောက်တို့သည် အမြိုက်တရားကို ရှာစဉ် နာရဒဘုရားရှင်ကို ဖူးတွေ့ခဲ့ရ၏။ ဘုရားရှင်၌ သဒ္ဓါတရားကြီးစွာဖြစ်ကုန်လျက် အခြံအရံပရိသတ်နှင့်တကွ ရဟန်းပြုခဲ့ကြကုန်၏။ ထိုရဟန်းတော်တို့ အရဟတ္တဖိုလ်သို့ ရောက်သောအခါ ရဟန်းတော်ပေါင်းကုဋေတစ်သန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးကား ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင်ဖြစ်ခဲ့၏။

အခါတစ်ပါးဝယ် နာရဒဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ အလယ်၌ ကိုယ်တော်မြင့် ဘုရားဆုကိုတောင်းတော်မူသည်မှစ၍ ဗုဒ္ဓဝင်

ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။ ထိုအစည်းအဝေး၌ ရဟန္တာပေါင်း ကုဋေကိုးသောင်းတို့ စုဝေးမိခဲ့ကြကုန်၏။ ထိုအစည်းအဝေးသည် ဒုတိယ အကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့၏။

ထို့နောက် အခါတစ်ပါး၌ မဟာဒေါဏ နဂါးမင်းကို ဆုံးမတော်မူရာတွင် ဝေရောစန နဂါးမင်းသည် ဘုရားရှင်အား လွန်စွာကြည်ညိုခဲ့၏။ ဂင်္ဂါမြစ် ကမ်းအနီးသုံးဂါဝုတ် ပမာဏရှိသော မဏ္ဍပ်ကြီးကို ဖန်ဆင်းဆောက်လုပ်၍ အခြံအရံသံဃာတော်များနှင့် တကွ ဘုရားရှင်ကို သီတင်းသုံးစေတော်မူခဲ့၏။ ဇနပုဒ်နေ လူအပေါင်းတို့အားလည်း အလှူမဏ္ဍပ်သို့ လာရောက်ကြည့်ရှုကြ ရန် ဖိတ်ကြားခဲ့၏။ နဂါးကချေသည် အပေါင်းတို့ကို တီးမှုတ်ကခုန်စေလျက် ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲကျင်းပခဲ့၏။ အလှူကြီးကိုလည်း ပေးလှူခဲ့သည်။ ထိုအခါ နာရဒဘုရားရှင်သည် သတ္တဝါအပေါင်းတို့အား တရားဟောတော် မူခဲ့ရာ ကြည်ညိုသဒ္ဓါရှိသူ လူအပေါင်းတို့က ရဟန်းပြုခွင့်တောင်းခံခဲ့ရာ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်တော်မူ၍ ရဟန်းပြုပေးတော်မူခဲ့သည်။ ထိုအခါ ဧဟိဘိက္ခုရဟန်းရှစ်သန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ပြတော်မူ ခဲ့သည်။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ကောင်းကင်သည် ကြယ်တာရာတို့ဖြင့် ဆန်းကြယ်လျက် တင့်တယ်သကဲ့သို့ နာရဒဘုရားရှင်၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် တင့်တယ်တော် မူခဲ့၏။ ရဟန္တာတို့မှ ကြွင်းသော ကျင့်ဆဲပုဂ္ဂိုလ်တို့ကို သံသရာရေအလျဉ်ကို ကူးမြောက်စေခြင်းငှာ မဂ်တရားတည်းဟူသော တံတားကို မြဲမြံစွာ ဖန်ဆင်းဆောက်၍ ပရိနိဗ္ဗာန်ပြုတော်မူခဲ့လေပြီ။

> "နာရဒဘုရားရှင်သည်လည်းကောင်း၊ တန်ခိုးကြီးသော ဘုရားရှင်၏ တပည့်ရဟန်းတို့သည်လည်းကောင်း ထိုအားလုံးတို့ပင် ကွယ်ပျောက်ခဲ့လေပြီ ခပ်သိမ်းသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်သာရမရှိကုန်။ အချည်းနှီး သာဖြစ်ကုန်စွ"

**စေတီတည်ထား ကိုးကွယ်တော်မူခြင်း**

မာရ်ငါးပါးကို အောင်မြင်တော်မူသော နာရဒဘုရားရှင်သည် သုဒဿန မြို့တော်၌ ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့၏။ ထိုမြို့တော်၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် လေးယူဇနာမြင့်တော်မူ ခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ် မကွဲ၊ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော် အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာ ခုနစ်ပါးဖြင့် မွမ်းမံခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ ကြကုန်သတည်း။

# ပဒုမုတ္တရဗုဒ္ဓဝင်

နာရဒဘုရားရှင်၏ သာသနာကွယ်ခဲ့ပြီးနောက် နာရဒဘုရားရှင် အပါအဝင် ဘုရားသုံးဆူပွင့်တော်မူရာ ဝရကမ္ဘာသည် ပျက်ခဲ့လေသည်။ ထိုကမ္ဘာမှနောက် မရေမတွက်နိုင်လောက်အောင် များပြားသော ဘုရားမပွင့်သည့် သုညကမ္ဘာတစ်သင်္ချေကို လွန်ပြီးမှ ဘုရားတစ်ဆူသာ ပွင့်သော သာရကမ္ဘာတွင် ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူခဲ့သည်။ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာတစ်သိန်းအထက်၌ ဖြစ်ခဲ့၏။

**ပဒုမုတ္တရဘုရားအလောင်း ဖွားမြင်တော်မူခြင်း**

ပဒုမုတ္တရဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်ပြီးသည့်အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား လောကသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်မှုကို ဝန်ခံတော်မူ၍ တုသိတာနတ်ပြည်မှ စုတေကာ လူ့ပြည် **ဟံသာဝတီနေပြည်တော် အာနန္ဒမင်းကြီး**၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **သုဇာတာမိဖုရားကြီး**၏ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ကာလရောက်သောအခါ မိဖုရားကြီးသည် အလောင်းတော်မင်းသားကို ဟံသာဝတီမင်္ဂလာဥယျာဉ်တော်ကြီး အတွင်း၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်မင်းသား ဖွားမြင်တော်မူသောနေ့၌ ပဒုမာကြာပန်းမိုး ရွာသွန်းဖြိုးသောကြောင့် အလောင်းတော်မင်းသားအား **ပဒုမုတ္တရ**မင်းသားဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ပဒုမုတ္တရမင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်တော်သို့ ရောက်သောအခါ ဝသုဒတ္တာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော နရဝါဟနရွှေနန်းဆောင်၊ ယသဝါဟန ရွှေနန်းဆောင်၊ ဝသဝတီရွှေနန်းဆောင်ဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ ဝသုဒတ္တာဒေဝီမိဖုရားအမှူးရှိသော ရံရွေတော်တစ်သိန်းနှစ်သောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း တစ်သောင်းတို့ ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစား စံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ ဥတ္တရမင်းသားဖြစ်ခဲ့၏။

## တောထွက်တော်မူခြင်း

အလောင်းတော် ပဒုမုတ္တရမင်းသားသည် ထိုသို့ မင်းစည်းစိမ်ကို ခံစားတော်မူနေစဉ် ဝသုဒတ္တာမိဖုရားကြီးမှ သားတော် ဥတ္တရမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ဖန်ဆင်းပြသခဲ့သည့် သူအို, သူနာ, သူသေ, ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး သတိသံဝေဂကြီးစွာဖြစ်ခဲ့၏။ ထိုအခါ "မြတ်သော တောထွက်ခြင်းအမှု ငါပြုတော့အံ့"ဟု ကြံစည်တော် မူသည်နှင့် တစ်ပြိုင်နက် ဝသဝတီ ရွှေနန်းပြာသာဒ်သည် အိုးထိန်းစက်ပမာ ချာချာလည်၍ ကောင်းကင်သို့ ပျံတက်ခဲ့၏။ နန်းပြာသာဒ်သည် ကောင်းကင်အပြင်ဖြင့် အစဉ်အတိုင်းသွား၍ မဟာဗောဓိပင်ကို အလယ်ဗဟိုပြုကာ မြေအပြင်သို့ သက်ဆင်းခဲ့၏။ အလောင်းတော်သည် ပြာသာဒ်တော်မှ သက်ဆင်း၍ ပြဟ္မာကြီး လှူဒါန်းသည့် ကြာသက်န်းကို ဆင်မြန်းဝတ်ရုံကာ ရဟန်းပြုတော်မူခဲ့၏။ ပြာသာဒ်တော်သည် တိုင်းပြည်သို့ ပြန်သွား၍ ၎င်း၏မူလတည်နေရာ၌ပင် တည်ခဲ့လေသည်။ အလောင်းတော်နှင့် အတူတကွ ပါလာခဲ့ကြသည့် ယောကျ်ားအားလုံးတို့သည် ရဟန်းပြုခဲ့ကြသည်။ ပဒုမုတ္တရဘုရား အလောင်းတော်သည် ခုနစ်ရက်ပတ်လုံး ဒုက္ကရစရိယာ အကျင့်မြတ်ကို ကျင့်တော်မူခဲ့၏။ ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့တွင် ဥရွေ့ေနိဂုံး၌ ရုစာနန္ဒသူဌေးသမီးလှူဒါန်းအပ်သည့် ယနာနို့ဆွမ်းကို

ဘုဉ်းပေးသုံးဆောင် တော်မူပြီးလျှင် ထိုအရပ်ရှိ အင်ကြင်းတော၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဘုရားအလောင်းတော်သည် အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် **ညနေချမ်း**အချိန်သို့ ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါခဲ့ပြီး **ဗောဓိ**ပင်ရှိရာ အရပ်သို့ တစ်ပါးတည်းကြွတော်မူခဲ့၏။ လမ်းခရီးအကြားတွင် သုမိတ္တတက္ကတွန်း လှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့၍ မဟာဗောဓိ**(ထင်းရှူး)**ပင်အရင်း၌ ဖြန့်ခင်းလေလျှင် သုံးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်ပေါ်ပေါက်တော်မူလာခဲ့သည်။ ထိုအပရာဇိတပလ္လင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်နေတော်မူခဲ့ပြီး အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်တော်မူခဲ့၏။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို ပယ်နှင်၍ အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ သမ္မာသမ္ဗုဒ္ဓအစစ် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘုရားဖြစ်သည်နှင့် တစ်ပြိုင်နက် စကြဝဠာတိုက်ပေါင်း **တစ်**သောင်းအတွင်း ပဒုမာကြာပန်းမိုး ရွာသွန်းဖြိုးခဲ့ပြန်သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ပဒုမုတ္တရဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် **အနီး**မှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာဖြင့် စံနေတော်မူခဲ့၏။ အဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ်နှင့် (မိကွဲဖတူ) ဒေဝလမင်းသားနှင့် သုဇာတမင်းသား "အဂ္ဂသာဝက" အလောင်းလျာတို့ကို မြင်တော်မူခဲ့သည်။ ထိုအခါ ဘုရားရှင်သည် ထိုမင်းသား နှစ်ပါးနေထိုင်ရာ မိထိလာမြို့တော်ဉယျာဉ်သို့ ကောင်းကင် ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့၏။ ဉယျာဉ်တော်သို့ ရောက်လျှင် ဉယျာဉ်မှူးကို စေလွှတ်ကာ

မင်းသားနှစ်ယောက်တို့ကို ခေါ်စေတော် မူခဲ့သည်။ ထိုမင်းသား နှစ်ယောက်တို့သည် အခြံအရံများနှင့်တကွ ပဒုမုတ္တရ ဘုရားရှင်ကို ချဉ်းကပ်၍ အရိုအသေပြုကာ သင့်တင့်လျောက်ပတ်သော နေရာအရပ်၌ ထိုင်နေခဲ့ကြကုန်၏။ ကြယ်တာရာအပေါင်းခြံရံကာ တင့်တယ် လှပသော လပြည့်ဝန်းကြီးကဲ့သို့ မင်းသားအခြံအရံတို့ဖြင့် တင့်တယ်တော် မူလှသည့် ပဒုမုတ္တရဘုရားရှင်သည် လာရောက်ကြကုန်သော နတ်လူပြဟ္မာ သတ္တဝါ တို့အားရှေးရှေး ဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောကြားတော်မူခဲ့သည်။ ထိုအခါ ကုဋေ တစ်သိန်းသော နတ်လူပြဟ္မာတို့သည် မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရားအလောင်းတော်သည် ပစ္စည်းဥစ္စာများစွာ ကြွယ်ဝသော ဇဋိလမည်သော သူဌေးတစ်ဦးဖြစ်တော်မူခဲ့၍ ဘုရားအမှူးရှိသော တပည့်သံဃာတော်တို့အား ဆွမ်းဘောဇဉ်နှင့်တကွ သင်္ကန်းလျာအဝတ်ပုဆိုးတို့ကို ပေးလှူတော်မူခဲ့၏။ ဘုရားရှင်သည် အလောင်းတော် ဇဋိလသူဌေးကြီးအား "နောင်အခါ ကမ္ဘာတစ်သိန်းအထက်၌ ဂေါတမမည်သော ဘုရားဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော် ဇဋိလသူဌေးကြီးသည် ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားတော်မူရသောအခါ လွန်မင်းစွာ ရွှင်လန်းဝမ်းမြောက်လှသဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူခဲ့၏။

**ပဒုမုတ္တရဘုရားရှင်၏ တပည့်သာဝကများ**

ပဒုမုတ္တရဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်အစုံတို့သည် အရှင်ဒေဝလမထေရ်နှင့် အရှင်သုဇာတမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သုမနမထေရ်ဖြစ်ခဲ့၏။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့မှာ အရှင်မအမိတာထေရီနှင့် အရှင်မအသမာထေရီတို့ဖြစ်ခဲ့ကြကုန်ကာ ပွင့်တော်မူရာ ဗောဓိပင်မှာ ထင်းရှူးပင်ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေးဒါယကာတို့သည် ဝိတိဏ္ဏသူဌေးနှင့်

တိဿသူဌေးတို့ဖြစ်ခဲ့ကြကုန်ပြီး (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့ကား အဣာဥပါသိကာမနှင့် ဝိစိတ္တာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ပဒုမုတ္တရဘုရားရှင်၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင် မြင့်တော်မူ၍ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့နှင့် ပြည့်စုံတော်မူကာ ပူဇော်ဖွယ်ရာ စိုက်ထောင်ထားသော ရွှေတိုင်ကြီးနှင့် တူတော်မူခဲ့၏။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်သည် ကျောက်တောင်စသည်တို့သည် ပိတ်ပင်တားဆီးမှု မပြုနိုင်ဘဲ ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာအတွင်း ထွန်းလင်းပျံ့နှံ့တော်မူခဲ့၏။

**(ဓမ္မာဘိသမယ) တရားပွဲကြီးများ**

ပဒုမုတ္တရဘုရားရှင်၏ မိထိလာမြို့တော် ဥယျာဉ်အတွင်း၌ လူနတ်ပြဟ္မာသတ္တဝါတို့အား ဓမ္မစကြာတရားဦးဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်တော်မူခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော နတ်လူတို့ မဂ်ဖိုလ်တရားထူးကို ရကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

ပဒုမုတ္တဘုရားရှင်သည် သရဒရသေ့၏ အယူဝါဒတူမျှသော ပုဂ္ဂိုလ်တို့ စည်းဝေးရာ အစည်းအဝေးသို့ ကြွတော်မူ၍ ငရဲသို့ ကျရောက်မည့်ဘေးကို ပြတော်မူကာ တရားဟောတော်မူခဲ့၏။ ထိုတရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ သရဒရသေ့၏ တပည့်များနှင့်တကွ နတ်လူပြဟ္မာသုံးသန်း ခုနစ်သိန်းတို့ မဂ်ဖိုလ်တရားထူးကို ရကာ ကျွတ်တမ်းဝင်ခဲ့ကြသည်။

အခါတစ်ပါး၌ ခမည်းတော် အာနန္ဒမင်းကြီးသည် အမတ်နှစ်ဆယ်တို့ကို မင်းချင်းယောကျ်ားနှစ်သောင်းတို့နှင့်အတူ ပဒုမုတ္တရဘုရားရှင်ရှိတော်မူရာ မိထိလာမြို့သို့ စေလွှတ်၍ ဘုရားရှင်အား မင်းကြီးနန်းတည်ရှိရာ ဟံသာဝတီမြို့သို့ ကြွရောက်ချီးမြှောက်တော်မူစေရန်အတွက် ပင့်ဖိတ်ရန် စေလွှတ်ခဲ့၏။ အမတ်များနှင့် မင်းချင်းယောကျ်ားများ ဘုရားရှင်ထံရောက်သောအခါ ဘုရားရှင်က တရားဟောတော်မူပြီး၊ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြု

ပေးတော်မူခဲ့သည်။ ထိုရဟန်းအပေါင်းခြံရံလျက် ဘုရားရှင်သည် ဟံသာဝတီမြို့တော်သို့ ကြွတော်မူကာ ခမည်းတော်မင်းကြီးအား ချီးမြှောက်လို၍ ထိုမြို့မှာပင် သီတင်းသုံးနေတော်မူခဲ့၏။ ဆွေတော်မျိုးတော်တို့ စုံညီအစည်းအဝေးတွင် ကောင်းကင်၌ ရတနာစင်္ကြံတော်ကို ဖန်ဆင်းကာ စင်္ကြံကြွတော်မူလျက် ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူခဲ့၏။ ထိုတရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ နတ်လူပြဟ္မာငါးသန်းတို့ မဂ်ဖိုလ်တရားထူးကို ရကြကာ ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

ပဒုမုတ္တရဘုရားရှင်လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီးသုံးကြိမ်ဖြစ်ခဲ့သည်။ ပဒုမုတ္တရဘုရားရှင်သည် တပို့တွဲလပြည့်နေ့၌ မိထိလာမြို့တော်အနီး မိထိလာဥယျာဉ်တော်ကြီးအတွင်း ကုဋေတစ်သိန်းသော ရဟန်းတို့၏အလယ်တွင် သီတင်းသုံးတော်မူလျက် ဩဝါဒပါတိမောက် ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးကား ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

အခါတစ်ပါး၌ ဘုရားရှင်သည် ဝေဘာရတောင်ထွတ်၌ ဝါကပ်တော်မူခဲ့၏။ ဝေဘာရတောင်ကို ကြည့်ရှုရန် လာရောက်ကြကုန်သော လူများအပေါင်းအား တရားဟောတော်မူ၍ ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုတော်မူပေးခဲ့၏။ ထိုကုဋေကိုးသောင်းသော ရဟန်းတို့၏ အလယ်တွင် ဘုရားရှင်သည် သီတင်းသုံးတော်မူလျက် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုသံဃာ့အစည်းအဝေးကား ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

ပဒုမုတ္တရဘုရားရှင်သည် လူအပေါင်းတို့အား ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်အောင် ချီးမြှောက်လိုသော ဆန္ဒတော်ဖြင့် မြို့ရွာနိဂုံး တို့သို့ ဒေသစာရီလှည့်လည်တော်မူခဲ့၏။ ထိုအခါ မြို့ရွာနိဂုံးနေ လူအပေါင်းတို့သည် အိမ်ရာတည်ထောင် လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းပြုခဲ့ကြကုန်၏။

ထိုသံယာ့အစည်းအဝေးသည် သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ပဒုမုတ္တရဘုရားရှင်သည် များစွာသော သတ္တဝါတို့ကို သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့၍ သတ္တဝါအားလုံးတို့၏ ခပ်သိမ်းသော ယုံမှားမှုကို ပယ်ဖျောက်တော်မူခဲ့ကာ မီးပုံကြီးကဲ့သို့ တောက်ပ၍ တပည့်သာဝကများနှင့်အတူ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏။

**စေတီတည်ထားကိုးကွယ်ကြခြင်း**

မာရ်ငါးပါးကို အောင်မြင်တော်မူသော ပဒုမုတ္တရဘုရားရှင်သည် နန္ဒာရာမဥယျာဉ်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုဥယျာဉ်တော်၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် တစ်ဆယ့်နှစ်ယူဇနာမြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ၊ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်း တို့သည် ရတနာခုနစ်ပါးဖြင့် ချယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြ ကုန်သတည်း။

## သုမေဓဗုဒ္ဓဝင်

ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားမပွင့်သည့် သုညကမ္ဘာခုနစ်သောင်းကို လွန်မြောက်ပြီးသောအခါ ဘုရားရှင် နှစ်ဆူပွင့်တော်မူသော မဏ္ဍကမ္ဘာပေါ်ပေါက်ခဲ့သည်။ ထိုမဏ္ဍကမ္ဘာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာပေါင်း သုံးသောင်းအထက်၌ ဖြစ်ခဲ့၏။ ပွင့်တော်မူခဲ့ကြသော ဘုရားရှင်နှစ်ဆူတို့မှာ သုမေဓဘုရားရှင်နှင့် သုဇာတဘုရားရှင်တို့ ဖြစ်ခဲ့ကြသည်။ ထိုနှစ်ဆူသောဘုရားရှင်တို့အနက် သုမေဓဘုရားရှင်က ရှေးဦးစွာ ပွင့်တော်မူခဲ့၏။

**သုမေဓဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

သုမေဓဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ပြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေယူရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ပြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **သုဒဿန**နေပြည်တော် **သုဒတ္တ**မင်းကြီး၏ တောင်ညာစံဒေဝီ၊ အဂ္ဂမဟေသီ **သုဒတ္တာ**ဒေဝီမိဖုရားကြီး၏သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော်၊ ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ကာလရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော်မင်းသားကို သုဒဿနမင်္ဂလာဥယျာဉ်တော်အတွင်း၌ မီးရှူးသန့်စင်၊ ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် သုမေဓမင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်တော်သို့ ရောက်သောအခါ **သုမနာဒေဝီ** မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ၊ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော သုစန္ဒနရွှေနန်းဆောင်၊ ကဥ္စနရွှေနန်းဆောင်၊ သိရိဝဍ္ဎရွှေနန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ သုမနာမိဖုရား အမှူးပြုသော ရံရွှေတော် လေးသောင်းရှစ်ထောင်တို့၏ ဖြေဖျော် လုပ်ကျွေးခြင်းကို ခံယူတော်မူလျက် နှစ်ပေါင်းကိုးသောင်းတို့ပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစား၊ **စံစားတော်မူခဲ့သည်**။ အလောင်းတော်၏သားတော်မှာ **ပုနဗ္ဗသုမင်းသားဖြစ်ခဲ့၏**။

**တောထွက်တော်မူခြင်း**

အလောင်းတော် သုမေဓမင်းသားသည် ထိုသို့ မင်းစည်းစိမ်ကို ခံစားတော်မူနေစဉ် သုမနာမိဖုရားကြီးမှ ပုနဗ္ဗသုသားတော်ကို မွေးဖွားတော်မူသောအခါ နတ်တို့ ဖန်ဆင်းပြသခဲ့သည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး၍ သတိသံဝေဂကြီးစွာဖြစ်လျက် **ဆင်ယာဉ်ကို စီးကာ** တောထွက်တော်မူ၍ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက်ကာ ကုဋေတစ်ရာသော ယောကျ်ားတို့ ရဟန်းပြုခဲ့ကြ၏။ သုမေဓ မြတ်စွာဘုရားအလောင်းတော်သည် ထိုရဟန်းတစ်ကုဋေတို့နှင့် အတူတကွ တစ်ဆယ့်ငါးရက်ပတ်လုံး ဒုက္ကရစရိယာခေါ် လွန်ကဲသော အကျင့်မြတ်တို့ကို ကျင့်တော်မူခဲ့၏။ ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့ဝယ် နကုလနိဂုံးနေ နကုလာအမည်ရှိသော **သူဌေးသမီးလှူဒါန်းသည့်** ယနာနို့ဆွမ်းကို ဘုဉ်းပေး**သုံးဆောင်တော်မူလျက်** ထိုအရပ်ရှိ အင်ကြင်းတော၌ပင် နေခိုတော်မူခဲ့၏။

**ဘုရားဖြစ်တော်မူခြင်း**

အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံရဟန်း**တို့ကို** စွန့်ခွာ၍ မဟာဗောဓိပင်ရှိရာအရပ်သို့

တစ်ပါးတည်း ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ သိရိဝဍ္ဎအမည်ရှိသော တက္ကတွန်းလှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူခဲ့ပြီး မဟာဗောဓိပင်သို့ ရောက်တော်မူလေလျှင် မဟာဗောဓိ(မအူကြီး)ပင်အရင်း ဖြန့်ခင်းလိုက်သည်နှင့် တပြိုင်နက် ငါးဆယ့်ခုနစ်တောင်ပမာဏရှိသော အပရာဇိတပလ္လင်တော်ပေါ်ပေါက်ခဲ့၏။ အလောင်းတော်သည် ထိုအပရာဇိတ ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်အားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို နှင်ထုတ်အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့်.တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း**

သုမေဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမ သတ္တာဟသို့ ရောက်သောအခါ တရားဟောရန် ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူပြီး၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင်၊ ကိုယ်တော်မြတ်နှင့် (ဖတူမိကွဲ)ညီတော် သရဏ မင်းသားနှင့် သဗ္ဗကာမမင်းသားတို့ကိုလည်းကောင်း၊ ကိုယ်တော်မြတ်နှင့် အတူ တောထွက်ရဟန်းပြုခဲ့ကြသည့် ရဟန်းတော် တစ်ကုဋေတို့ကို လည်းကောင်း မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းတော်များရှိရာ သုဒဿနမြို့ အနီး သုဒဿမင်းဥယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏခြင်း ကြွသွားတော်မူခဲ့၏။ ဥယျာဉ်တော်သို့ ရောက်တော်မူသည့်အခါ ဥယျာဉ်မှူးကို စေလွှတ်၍ မင်းသားနှစ်ပါးအား ခေါ်စေပြီး ထိုမင်းသားနှစ်ပါး၊ ရဟန်းတစ်ကုဋေတို့နှင့်တကွ တရားနာရန် ရောက်လာကြကုန်သော လူနတ် ဗြဟ္မာ သတ္တဝါတို့အား ဓမ္မစက္ကပဝတ္တသုတ် ဒေသနာတော်ကို ဟောတော်မူခဲ့သည်။ ဒေသနာတော် ဆုံးသောအခါ ကုဋေတစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ် တရားထူးကို ရခဲ့ကြကုန်၏။

## ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံခြင်း

သုမေဓဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် ဥစ္စာကုဋေရှစ်ဆယ်ကြွယ်ဝသည့် **ဥတ္တရလုလင်**ဖြစ်ခဲ့သည်။ အလောင်းတော် ဥတ္တရလုလင်သည် သိုမှီးထားသည့် ကုဋေရှစ်ဆယ်သော ပစ္စည်းတို့ကို ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းပြီးနောက် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ **သရဏဂုံ၌** တည်ခဲ့သည့်အပြင် ဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုခဲ့**လေသည်**။ ဘုရားရှင်သည် အလောင်းတော်အား "နောင်သောအခါ ဘဒ္ဒကမ္ဘာဝယ် ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်တော်မူလတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရသောအခါ အလွန်အမင်း ဝမ်းသာခြင်းဖြင့် ပါရမီတော်တို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့လေသည်။

## သုမေဓဘုရားရှင်၏ တပည့်သာဝကများ

သုမေဓဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်အစုံတို့ကား အရှင်သရဏမထေရ်နှင့် အရှင်သဗ္ဗကာမ မထေရ်တို့ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သာဂရမထေရ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မ အစုံတို့သည် အရှင်မ ရာမဏရီနှင့် အရှင်မသုရာမာထေရီတို့ဖြစ်ခဲ့ကြကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်ကား မအူကြီးပင်ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာ တို့သည် ဥရုဝေလသူဌေးနှင့် ယသဝါသူဌေးတို့ဖြစ်ခဲ့ကြကာ (အဂ္ဂဥပဋ္ဌိကာ) အလုပ်အကျွေး ဒါယိကာမအစုံတို့ကား ယသောဓရာဥပါသိကာမနှင့် သိရိမာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ သုမေဓဘုရားရှင်၏ အရပ်တော်သည် ရှစ်ဆယ့်ရှစ်တောင်မြင့်၍ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် ထက်ဝန်းကျင်တစ်ယူဇနာအတွင်း အမြဲပင် ထွန်းပေင်းပျံ့နှံ့၍ နေခဲ့၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

သုမေဓဘုရားရှင်သည် သုဒဿနမြို့အနီး သုဒဿနမင်္ဂလာ ဉယျာဉ်တော်ကြီး၌ ညီတော်မင်းသားနှစ်ပါး၊ ရဟန်းတော် တစ်ကုဋေတို့နှင့်တကွ

တရားနာရန် လာကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါ တို့အား ဓမ္မစကြာ တရားဦးဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်း သော နတ်လူဗြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကြပြီး ကျွတ်တမ်းဝင် ခဲ့ကြကုန်၏။

သုမေဓဘုရားရှင်သည် တစ်နေ့သောအခါ မိုးသောက်ယံအချိန်တွင် မဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူ၍ ကျွတ်ထိုက်သော သတ္တဝါတို့ကို ကြည့်ရှုဆင်ခြင်တော်မူခဲ့၏။ ထိုအခါ တစ်ခုသော တောအုပ်၌ ကြောက်မက်ဖွယ် ကောင်းသော အသွင်ကို ဆောင်ကာ လူသားတို့ကို စားသောက်တတ်သည့် ကုမ္ဘကဏ္ဏဘီလူးကို မြင်တော်မူခဲ့သည်။ ဘုရားရှင်သည် ထိုဘီလူးကြီးကို ချေချွတ်အံ့သောငှာ အဖော်မပါ တစ်ပါးတည်း ထိုဘီလူးကြီး၏ ဗိမာန်သို့ ကြွသွားတော်မူခဲ့သည်။ ဘီလူးကြီးသည် ဘုရားရှင်ကို တွေ့မြင်ရသော် လွန်စွာ ဒေါသထွက်သဖြင့် ကြောက်မက်ဖွယ်ကောင်းသော ပုံပန်းသဏ္ဌာန် အကြည့်ရဆိုးသော ဟန်အမူအရာဖြင့် ဘုရားရှင်၏ ရှေ့တော်တွင် ရပ်တည်ကာ ဘုရားရှင်အား ခြောက်လှန့်ခဲ့သည်။ ဘုရားရှင်က ကြောက်ရွံ့ခြင်း အလျဉ်း မရှိ၊ ပကတိတည်ငြိမ်သော ဣန္ဒြေတော်ဖြင့် ထိုင်တော်မူနေသည်ကို တွေ့ရပြန်သော် ဘီလူးကြီးသည် ပို၍ ဒေါသထွက်ကာ အခိုးအလျှံလွှတ်ခြင်း၊ ကျောက်ခဲမိုး၊ တောင်လုံးမိုး၊ မီးလျှံမိုး၊ ရေပူမိုး၊ ရွှံ့ညွန်မိုး၊ ပြာပူမိုး၊ လက်နက်မိုး၊ မီးကျီးမိုး၊ သဲပူမိုး စသည်တို့ကို ရွာစေခြင်းဖြင့် ဘုရားရှင်အား တိုက်ခိုက် ခြောက်လှန့်ခဲ့ပြန်သည်။ သို့သော်လည်း ဘုရားရှင်၏ မွေးညင်းတော် တစ်ပင်ကိုမျှ တုန်လှုပ်အောင် မစွမ်းဆောင်နိုင်ခဲ့။ နောက်ဆုံးတွင် ဘီလူးကြီးသည် ဘုရားရှင်အား "ပြဿနာပုစ္ဆာကိုမေး၍ သတ်အံ့"ဟု ကြံစည် ပြီးလျှင် ပြဿနာပုစ္ဆာများကို မေးခဲ့သည်။ ထိုအခါ သုမေဓဘုရားရှင်သည် ပြဿနာပုစ္ဆာတို့ကို ဖြေဆို၍ ကုမ္ဘကဏ္ဏဘီလူးကြီးကို ယဉ်ကျေးအောင် ဆုံးမတော်မူခဲ့လေသည်။ ထိုသတင်းကို ကြားကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့သည် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ကြကုန်၏။ ဘုရားရှင်သည် ထိုအခါ ဘီလူးနှင့်တကွ လာရောက်ကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့အား

ဟောကြားခဲ့သော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရား ပွဲကြီး၌ ကုဋေကိုးသောင်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရကာ ကျွတ်တမ်းဝင်ခဲ့ကြ၏။

ထို့နောက် အခါတစ်ပါး၌ သုမေဓဘုရားရှင်၏ ဥပကာရီမြို့အနီး သိရိနန္ဒနဥယျာဉ်ကြီးအတွင်း၌ နတ်လူပြဟ္မာသတ္တဝါအပေါင်းတို့အား သစ္စာလေးပါးတရားကို ဟောကြားတော်မူခဲ့သော တရားပွဲသည် တတိယ အကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌လည်း ကုဋေရှစ်သောင်းသော နတ်လူပြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကိုရကာ ကျွတ်တမ်းဝင်ခဲ့ကြပြန်သည်။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

သုမေဓဘုရားရှင်လက်ထက်တွင် သာဝကအစည်းအဝေးကြီး သုံးကြိမ် ဖြစ်ခဲ့သည်။ ဘုရားရှင်သည် တစ်နေ့သောအခါ သုဒဿနနေပြည်တော်သို့ ကြွသွားတော်မူခဲ့သည်။ ထိုအခါ ကုဋေတစ်ရာသော ရဟန္တာတို့ စည်းဝေးမိခဲ့ ကြကုန်၏။ ထိုအစည်းအဝေးကြီးကား ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထို့နောက် အခါတစ်ပါးဝယ် မြတ်စွာဘုရားရှင်သည် ဒေဝကူဋတောင်တွင် ဝါကပ်တော်မူခဲ့၏။ ဝါကျွတ်သောအခါ ထိုနေရာ၌ ကထိန်ခင်းပွဲသဘင် ဆင်ယင်ကျင်းပသဖြင့် ကုဋေကိုးဆယ်သော ရဟန်းတို့စုဝေးမိခဲ့ကြကုန်၏။ ထိုအစည်းအဝေးသည် ဒုတိယမြောက် သာဝက (သန္နိပါတ) အစည်းအဝေး ကြီးဖြစ်ခဲ့သည်။

ထို့နောက် တစ်ဖန် ဘုရားရှင်သည် လူနတ်ပြဟ္မာသတ္တဝါတို့၏ အကျိုးငှာ ဒေသစာရီလှည့်လည်တော်မူခဲ့၏။ ယင်းသို့ ကြွချီတော်မူရာ၌ နောက်တော်ပါ ဖြစ်သော ရဟန်းပေါင်း ကုဋေရှစ်ဆယ်တို့ စည်းဝေးမိခဲ့ကြပြန်သည်။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

သုမေဓဘုရားရှင်သည် အနှစ်ကိုးသောင်း အသက်တမ်း၌ ပွင့်တော်မူခဲ့သည်။ ထိုမျှလောက်သော အသက်တည်နေလျက် များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူခဲ့၏။ ဘုရားရှင်၏ သာသနာတော်သည် ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံကုန်၍ တန်ခိုးစွမ်းအားရှိကာ တာဒိဂုဏ်နှင့် ပြည့်စုံကုန်သော ရဟန္တာသူတော်ကောင်းတို့ဖြင့် တင့်တယ်တော်မူလှဘိ၏။ မနှိုင်းယှဉ်အပ်သော အခြံအရံ အကျော်အစော ရှိကုန်၍ ကိလေသာမှ ကင်းကုန်ကာ ဥပမိလေးပါးမရှိကုန်သော ဘုရား ရဟန္တာတို့သည် ပရိနိဗ္ဗာန်ပြုတော်မူခဲ့ကြကုန်ပြီ။

**ဓါတ်တော်များ တည်ရှိတော်မူခြင်း**

သစ္စာလေးပါးကို သိတော်မူသော သုမေဓဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် "ငါဘုရားမရှိသည့်နောက် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ငါဘုရား၏ဓါတ်တော်တို့သည် သက်တော်ရှည်ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်မဖြစ်စေဘဲ အစိတ်စိတ် အမွှာမွှာ ကွဲပြားပျံ့နှံ့၍ တည်ကြပါစေ သတည်း"ဟု ဓိဋ္ဌာန်တော်မူခဲ့ပြီး မေခာရာမကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ပြု တော်မူခဲ့၏။ သုမေဓဘုရားရှင်၏ ဓါတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံတော်မူခဲ့လေသတည်း။

# သုဇာတစေ့ဒ္ဓဝင်

သုဇာတဘုရားရှင်သည် ထိုမဏ္ဍကမ္ဘာ၌ပင် သုမေဓဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အန္တရကပ်တစ်ခု၏ဆုတ်ကပ် လူတို့၏အသက်တမ်းကိုးသောင်းတမ်း၌ ပွင့်တော်မူခဲ့သည်။

## သုဇာတဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

သုဇာတဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့ပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေခဲ့၍ လူ့ပြည် **သုမင်္ဂလ**နေပြည်တော် **ဥဂ္ဂတ**မင်းကြီး၏ တောင်ညာစံ ဒေဝီ၊ အဂ္ဂမဟေသီ **ပဘာဝတီ**အမည်ရှိသော မိဖုရားကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော်ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက် အချိန်ကာလရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော် မင်းသားကို ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ဖွားမြင်တော်မူသောအခါ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ လူအပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်းကို အစွဲပြု၍ အလောင်းတော်မင်းသားကို သုဇာတမင်းသားဟု အမည်တော်မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းတော်မင်းသားကို ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသော အခါတို့၌ ပုဗ္ဗနိမိတ်ကြီး များ ထင်ခဲ့သည့်အပြင်၊ အံ့ဩဖွယ်ရာများလည်း ဖြစ်ပေါ်ခဲ့ကြကုန်၏။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် သုဇာတမင်းသားသည် အရွယ်တော်ရောက်သောအခါ သိရိနန္ဒာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူစိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့် လိုက်အောင် ဆောက်လုပ်ထားသော သိရိရွှေနန်းဆောင်၊

ဥပသိရိရွှေနန်းဆောင်၊ နန္ဒရွှေနန်းဆောင်ဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ သိရိနန္ဒာမိဖုရားအမှူးရှိသော ရံရွှေတော် နှစ်သောင်း သုံးထောင်တို့၏ ဖြေဖျော် လုပ်ကျွေးမှုကို ခံယူလျက် နှစ်ပေါင်းကိုးထောင်တို့ ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့၏။ အလောင်းတော်၏ သားတော်မှာ **ဥပသေနမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် သုဇာတမင်းသားသည် ထိုသို့ မင်းစည်းစိမ်ကို ခံစားနေတော်မူစဉ် သိရိနန္ဒာမိဖုရားကြီးမှ ဥပသေနမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ ဖန်ဆင်းပြသခဲ့သော နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး ဖြစ်၍ သတိသံဝေဂ ကြီးစွာဖြစ်လျက် ဟံသဝဟမည်သော **မင်္ဂလာမြင်းတော်ကို** စီး၍ တောထွက်ကာ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက်၍ တစ်ကုဋေသော ယောကျ်ားတို့လည်း လိုက်ပါ ရဟန်းပြုခဲ့ကြကုန်၏။ သုဇာတဘုရားအလောင်းတော်သည် ထိုရဟန်းတော်တစ်ကုဋေတို့နှင့် အတူတကွ ကိုးလတိုင်တိုင် ဒုက္ကရစရိယာခေါ် လူသာမန်တို့ပြုနိုင်ခဲ့သော အကျင့်တော်မြတ်ကို ကျင့်တော်မူခဲ့၏။ ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့ဝယ် သိရိနန္ဒနမြို့နေ သိရိနန္ဒနသူဌေး၏ သမီးလျှုဒါန်းသည့် ယနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် ထိုအရပ်ရှိ အင်ကြင်းတော၌ပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွာ၍ မဟာဗောဓိပင်ရှိရာ အရပ်သို့ တစ်ပါးတည်းကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ သုနန္ဒတက္ကတွန်းလျှုဒါန်းသော မြက်ရှစ်ဆုပ်တို့ကို အလျှုခံတော်မူခဲ့ပြီး မဟာဗောဓိပင်သို့ ရောက်တော်မူလေလျှင် ထိုမြက်ရှစ်ဆုပ်တို့ကို **မဟာဗောဓိ (ကြံခတ်ဝါး)**ပင်အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် သုံးဆယ့်သုံးတောင်ပမာဏရှိသော

အပရာဇိတပလ္လင်တော်ပေါ် ပေါက်တော်မူခဲ့သည်။ အလောင်းတော်သည် ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်အားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို နှင်ထုတ်အောင်မြင်တော်မူပြီး၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့၏။

## ဓမ္မစကြာတရားဦး ဟောတော်မူခြင်း

သုဇာတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက်စံနေတော်မူခဲ့၏။ အဋ္ဌမ သတ္တာဟသို့ရောက်သောအခါ တရားဟောရန် ဗြဟ္မာမင်း၏တောင်းပန်မှုကို လက်ခံတော်မူပြီး၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူခဲ့သည်။ ထိုအခါ ကိုယ်တော်မြတ်နှင့် (ဖတူမိကွဲ) ညီတော် သုဒဿနမင်းသား နှင့် ပုရောဟိတ်၏သား သုဒေဝလုလင်တို့ကို မြင်တော်မူခဲ့၍ သုမင်္ဂလမြို့ အနီး သုမင်္ဂလမင်းဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ခဏခြင်း ကြွသွားတော်မူ ခဲ့၏။ ဥယျာဉ်တော်သို့ ရောက်တော်မူလေလျှင် ဥယျာဉ်မှူးကို စေလွှတ်၍ သုဒဿနမင်းသားနှင့် သုဒေဝလုလင်တို့ကို ခေါ်တော်မူစေပြီး ထိုသုဒဿနမင်းသား၊ သုဒေဝလုလင်တို့နှင့် အတူ တရားနာရန် ရောက်ရှိလာကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါတို့အား ဓမ္မစက္ကပဝတ္တနသုတ်ဒေသနာတော်ကို ဟောတော်မူခဲ့သည်။ ဒေသနာတော်အဆုံး၌ ကုဋေရှစ်ဆယ်သော လူနတ်ဗြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

## ဂေါတမဘုရားအလောင်း ဗျာဒိတ်ခံခြင်း

သုဇာတဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရားအလောင်းတော်သည် လေးကျွန်းလုံးကို အစိုးရ၍ ကောင်းကင်၌ လှည့်လည်နိုင်သော စစ်သည်ဗိုလ်ပါများစွာရှိသည့် **စကြဝတေးမင်း**ဖြစ်ခဲ့၏။ လောက၌ ဘုရားရှင်ပွင့်တော်မူကြောင်း ကြားသိရသောအခါ ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်ကို ဖူးမြင်ခဲ့ရသည်။ လေးကျွန်းလုံး၌ မြတ်သော မင်းအဖြစ်ကိုလည်းကောင်း၊

မြတ်သော ရတနာခုနစ်ပါးတို့ကိုလည်းကောင်း၊ သုဇာတဘုရားရှင်အား အပ်နှင်းလှူဒါန်း၍ ရဟန်းပြုခဲ့၏။ အရံစောင့် ကပ္ပိယတို့သည် ဇနပုဒ်၊ မြို့နယ်၊ ခရိုင်၊ တစ်ကျွန်းလုံးမှ ထွက်သော အခွန်အတုတ်တို့ကို စုပေါင်း၍ ရဟန်းသံဃာတို့၏ ပစ္စည်းလေးပါးအလို့ငှာ ကျောင်းတော်သို့ ပို့ဆောင်လှူဒါန်းခဲ့ကြကုန်၏။ လောကဓါတ်တစ်သောင်းကို အစိုးရသော ထိုမြတ်စွာဘုရားသည် "ဤစကြဝဠာမင်းသည် ကမ္ဘာသုံးသောင်းအထက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ဘုရားရှင်၏ ဗျာဒိတ်စကား ကြားနာရ၍ အလွန်ရွှင်လန်းဝမ်းမြောက်ခဲ့၏။ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ခြင်းငှာ ထက်မြက်သော အကျင့်ကို မြဲမြံစွာ ဆောက်တည်ခဲ့၏။ အလောင်းတော်သည် ရဟန်းဘဝဖြင့် သုတ္တန်ကိုလည်းကောင်း၊ ဝိနည်းကိုလည်းကောင်း၊ အင်္ဂါကိုးပါးရှိသော မြတ်စွာဘုရား၏ အဆုံးအမအားလုံးကိုလည်းကောင်း၊ သင်ကြား၍ ဘုရားရှင်၏ သာသနာတော်ကို တင့်တယ်တော်မူစေခဲ့၏။ ဘုရားရှင်၏သာသနာတော်၌ မမေ့မလျော့ဘဲနေလျက် ဗြဟ္မဝိဟာရ ဘာဝနာကို ပွား၍ အဘိညာဉ်တို့၌ အပြီးအဆုံးသို့ ရောက်ပြီးလျှင် ဗြဟ္မာ့ပြည်သို့ လားရောက်ခဲ့သည်။

**သုဇာတဘုရားရှင်၏ တပည့်သာဝကများ**

သုဇာတဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်အစုံတို့ကား အရှင်သုဒဿနထေရ်နှင့် အရှင်သုဒေဝထေရ်တို့ဖြစ်ခဲ့ကုန်၍ အလုပ်အကျွေး ရဟန်းတော်သည် အရှင်နာရဒထေရ်ဖြစ်ခဲ့၏။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့မှာ အရှင်မနာဂါထေရီနှင့် အရှင်မနာဂသမာလာထေရီတို့ ဖြစ်ခဲ့ကုန်ပြီး ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကား ကြခတ်ဝါးပင် ဖြစ်ခဲ့သည်။ ထိုကြခတ်ဝါးဗောဓိပင်သည် တစ်ခဲနက်စိမ်းညိုသော အရောင်ရှိခဲ့၏။ သေးငယ်သော အပေါက်ရှိခဲ့၏။ အရွက်တို့ဖြင့် ဖုံးအုပ်လျက် ရှိခဲ့၏။ ရှုချင်ဖွယ်ကောင်းခဲ့၏။ စိတ်ကို ပျော်မွေ့စေတတ်၏။ ပင်စည်တစ်ခု တည်းမှကြီးပွား၍ ခက်မငါးဖြာသည် ဖြာထွက်ခဲ့၏။ ဆူးတို့သည် မရှိခဲ့ကုန်။ ကျယ်ပြန့်သော အခက်၊ မကြဲသော အရွက်တို့ဖြင့် အေးမြသော အရိပ်ကို

ဖြစ်စေခဲ့၏။ (အဂ္ဂဉပဋ္ဌာက) မြတ်သော အလုပ်အကျွေးဒါယကာတို့ကား သုဒတ္တသူဌေးနှင့် စိတ္တသူဌေးတို့ဖြစ်ခဲ့ကုန်၍ (အဂ္ဂဉပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ သုဘဒ္ဒါနှင့် ပဒုမာတို့ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏အရပ်တော်မှာ အတောင်ငါးဆယ်ရှိတော်မူခဲ့၍ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် ထက်ဝန်းကျင်မှ ပြေးသွားကွန့်မြူးလျက် ရှိခဲ့ကုန်၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

သုဇာတဘုရားရှင်၏ သုမင်္ဂလမြို့အနီး သုမင်္ဂလဉယျာဉ်တော်ကြီး၌ သုဒဿနမင်းသား၊ သုဒေဝလုလင်နှင့် တရားနာရန် လာရောက်ခဲ့ကြကုန်သော နတ်လူတို့အား ဓမ္မစကြာတရားဦး ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေရှစ်ဆယ်သော လူနတ်ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

သုဇာတဘုရားရှင်သည် သုဒဿနဉယျာဉ်တော်တံခါးအနီး အင်ကြင်းပင်၏ အရင်း၌ ရေမီးအစုံစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တိတ္ထိတို့ကို နှိမ်နင်းတော်မူပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူကာ ဝါကပ်တော်မူခဲ့၏။ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို နတ်ပြဟ္မာတို့အား ဟောကြားတော်မူခဲ့၏။ ထိုတရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ သုံးသန်းခုနစ်သိန်းသော နတ်ပြဟ္မာတို့ သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ခဲ့ကြပြန်သည်။

အခါတစ်ပါးဝယ်သုဇာတမြတ်စွာဘုရားသည် သုမင်္ဂလမြို့တော် ခမည်းတော်မင်းကြီးထံသို့ ကြွသွားတော်မူခဲ့၏။ ထိုအခါ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ တရားဟောတော်မူခဲ့သည်။ ထိုတရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ခြောက်သန်းသော လူနတ်ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါးသိမြင် ကျွတ်တမ်းဝင်ခဲ့ကြပြန်သည်။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

သုဇာတဘုရားရှင်ထက်ထက်တော်၌ သာဝက (သန္နိပါတ)အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ဘုရားရှင်သည် သုဓမ္မဝတီမြို့အနီး သုဓမ္မဥယျာဉ်တော်ကြီး၌ ရောက်လာကြကုန်သော လူအပေါင်းတို့အား တရားဟောတော်မူပြီးနောက် ယောကျာ်းပေါင်း ခြောက်သန်းတို့ကို ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုပေးတော်မူခဲ့၏။ ထိုရဟန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ထိုအစည်းအဝေးသည်ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေး ကြီးဖြစ်ခဲ့သည်။

တစ်ဖန် ဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ ဝါကပ်တော်မူပြီးနောက် လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့ရာ ငါးသန်းသော ရဟန်းတော်တို့၏ အစည်းအဝေးသည် ဖြစ်ခဲ့သည်။ ထိုအစည်းအဝေးကား ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်ခဲ့သည်။

ထို့နောက် တစ်ဖန် ဘုရားရှင်၏ ညီတော် အဂ္ဂသာဝက အရှင်သုဒဿနမထေရ်သည် အခြံအရံရဟန်းတော်လေးသိန်းနှင့်အတူ ဘုရားရှင်ထံ ချဉ်းကပ်တော်မူခဲ့သည်။ ထိုသံဃာ့အစည်းအဝေး၌ ဘုရားရှင်သည် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးကား တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့သည်။

### ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

သုဇာတဘုရားရှင်၏ အသက်တမ်းသည် အနှစ်ကိုးသောင်းဖြစ်ခဲ့သည်။ ထိုမျှလောက်သော ကာလပတ်လုံး တည်နေတော်မူခဲ့၍ သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့၏။ သမုဒ္ဒရာ၌ လှိုင်းတံပိုးတို့သည် ဆန်းကြယ်သကဲ့သို့ ကောင်းကင်၌ ကြယ်တာရာတို့သည် ဆန်းကြယ်သကဲ့သို့ ဘုရားရှင်၏ သာသနာတော်သည် ရဟန္တာတို့ဖြင့် ဆန်းကြယ်ခဲ့၏။ တင့်တယ်ခဲ့၏။

> "အတုမရှိသော သုဇာတဘုရားရှင်သည်လည်းကောင်း၊ ဘုရားရှင်၏ တာဒိဂုဏ်တို့သည်လည်းကောင်း၊ ထိုအားလုံးတို့သည်

ကွယ်ပျောက်ခဲ့ကုန်ပြီ။ ခပ်သိမ်းသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ခဲ့ကြလေကုန်စွ”

**စေတီတည်ထားကိုးကွယ်ခြင်း**

သစ္စာလေးပါးကို သိမြင်တော်မူသော သုဇာတဘုရားရှင်သည် သီလာရာမကျောင်းတိုက်ကြီးအတွင်း၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီကို တည်ထား ကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် သုံးဂါဝုတ်တိုင်တိုင် မြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ချယ်လှယ်သော စေတီတော်ကို ပြီးဆုံး စေခဲ့ကြကုန်သတည်း။

# ပိယဒဿီဗုဒ္ဓဝင်

သုဇာတဘုရားရှင် ပွင့်တော်မူသော ကပ်ကမ္ဘာကုန်ဆုံးခဲ့ပြီးနောက် ဘုရားမပွင့်သော သုညကမ္ဘာ များစွာလွန်ခဲ့ပြီးမှ ဘုရားသုံးဆူပွင့်တော်မူသော ဝရကမ္ဘာ တစ်ခုပေါ်ခဲ့သည်။ ထိုဝရကမ္ဘာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေသော် ကမ္ဘာပေါင်း တစ်ထောင့်ရှစ်ရာအထက်၌ ဖြစ်ခဲ့သည်။ ထိုဝရကမ္ဘာတွင် ပိယဒဿီမြတ်စွာဘုရား၊ အတ္ထဒဿီမြတ်စွာဘုရား၊ ဓမ္မဒဿီမြတ်စွာ ဘုရားဟူ၍ ဘုရားသုံးဆူပွင့်တောမူခဲ့ရာ ရှေးဦးစွာ ပွင့်တော်မူသော ဘုရားရှင်မှာ ပိယဒဿီ မြတ်စွာဘုရားဖြစ်ခဲ့သည်။

## ပိယဒဿီဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

ပိယဒဿီ ဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး သည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့၏။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေ နေတော်မူပါရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ် ပြည်မှ စုတေ၍ လူ့ပြည် **သုဓညဝတီ** နေပြည်တော် **သုဒတ္တမင်းကြီး**၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **စန္ဒာဒေဝီ** မိဖုရားခေါင်ကြီး၏ သန့်ရှင်း သိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့ လေသည်။ ဆယ်လလွန်မြောက် အချိန်ကာလ ရောက်သောအခါ မယ်တော် မိဖုရားကြီးသည် အလောင်းတော်မင်းသားကို ဝရုဏာဥယျာဉ်တော်ကြီး အတွင်း၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာ အတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။ အလောင်းတော်မြတ်ကို အမည်မှည့်အံ့သောနေ့၌ ချစ်ခင်နှစ်သက်ဖွယ်ရာ ပြာဋိဟာအထူးပြသောကြောင့် "ပိယဒဿီမင်းသား"ဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် ပိယဒဿီမင်းသားသည် အရွယ်သို့ရောက်သောအခါ ဝိမလာဒေဝီမင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော သုနိမ္မလ ရွှေနန်းဆောင်၊ ဝိမလာ ရွှေနန်းဆောင်၊ ဂိရိဂုဟာ ရွှေနန်းဆောင်ဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ ဝိမလာဒေဝီမိဖုရား အမှူးပြုသော ရံရွေတော် သုံးသောင်း သုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးပြုစုခြင်းကို ခံယူတော်မူလျက် နှစ်ပေါင်းကိုးသောင်းတို့ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူ ခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **ကဥ္စနာဝေဠုမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ပိယဒဿီမင်းသားသည် ထိုသို့မင်းစည်းစိမ်ကို ခံစား တော်မူနေစဉ် ဝိမလာမိဖုရားကြီးမှ ကဥ္စနာဝေဠုမင်းသားကို ဖွားမြင်တော် မူသောအခါ နတ်တို့ဖန်ဆင်းပြသခဲ့သော နိမိတ်ကြီးလေးပါးတို့ကို မြင်တော် မူခဲ့ပြီး သတိသံဝေဂ ကြီးစွာဖြစ်လျက် အာဇာနည်မြင်း ကသော **ရထားကို စီးကာ** တောထွက်တော်မူခဲ့၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော် မင်းသား ရဟန်းပြုသည်ကို အတုလိုက် အားကျကာ တစ်ကုဋေသော ယောကျ်ားတို့ လိုက်ပါ ရဟန်းပြုကြလေသည်။ အလောင်းတော်သည် ထိုရဟန်း တစ်ကုဋေတို့နှင့်အတူတစ်ကွ ခြောက်လတို့ပတ်လုံး ဒုက္ကရစရိယာ ခေါ် လွန်ကဲသောအကျင့်မြတ်ကို ကျင့်တော်မူခဲ့၏။ ဘုရားဖြစ်မည့် ကဆုန်လပြည့် နေ့ဝယ် ဝရုဏမည်သော ပုဏ္ဏားရွာနေ ဝသဘပုဏ္ဏား၏သမီး လှူဒါန်းခဲ့သော ယနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ၍ ထိုအရပ်ရှိ အင်ကြင်းတော၌ နေခိုတော်မူခဲ့၏။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်း အချိန်သို့ ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါ၍ မဟာဗောဓိပင် ရှိရာအရပ်သို့ တစ်ပါးတည်းကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ သုဇာတ

တက္ကတွန်း လျှဒါန်းအပ်သော မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူခဲ့ပြီး ဗောဓိပင်သို့ ရောက်တော်မူလေလျှင် မဟာဗောဓိ(ရေခံတက်)ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့၏။ အလောင်းတော်သည် ထိုအပရာဇိတ ပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည် အားထုတ်တော်မူခဲ့သည်။ ထိုနေ့နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့်တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော် မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာ တရားဦး ဟောတော်မူခြင်း**

ပိယဒဿီ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမ သတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းခံမှုကို လက်ခံတော်မူပြီး တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုဆင်ခြင်တော် မူလေလျှင် ကိုယ်တော်မြတ်နှင့်အတူ တောထွက် ရဟန်းပြုခဲ့ ကြသည့် ရဟန်းတော် တစ်ကုဋေတို့ကို မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းများ ရှိရာ ဥသဘဝတီ မြို့တော်အနီး ဥသဘဝတီ ဥယျာဉ်တော်သို့ ကောင်းကင် ခရီးဖြင့် တစ်ခဏချင်းကြွသွားတော်မူခဲ့၍ ရဟန်းတော် တစ်ကုဋေ နှင့်တကွ တရားနာရန် ရောက်လာကြကုန်သော လူနတ်ဗြဟ္မာသတ္တဝါ တို့အား ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ ဒေသနာတော် ဆုံးသောအခါ ကုဋေတစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ် တရားထူးတို့ကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ပိယဒဿီ ဘုရားရှင်လက်ထက်တော်၌ ဂေါတမဘုရား အလောင်းတော်သည် ကဿပပုဏ္ဏားလုလင်ဖြစ်၍ ဗေဒင်ကို သရဇ္ဈာယ်တတ်၏။ ဗေဒင်ကို

ဆောင်နိုင်ခဲ့၏။ သုံးပါးသော ဗေဒင်ကျမ်းတို့၌ တစ်ဖက်ကမ်းရောက် တတ်မြောက်ခဲ့၏။ အလောင်းတော်ပုဏ္ဏားသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ကြည်ညိုသဒ္ဓါဖြစ်ခဲ့၏။ ကုဋေတစ်သိန်းသော အသပြာတို့ဖြင့် သံဃာ့အရံကို ဖန်ဆင်းဆောက်လုပ်ခဲ့ပြီး ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ သရဏဂုံ သုံးပါးတို့ကိုလည်းကောင်း၊ ငါးပါးသီလတို့ကိုလည်းကောင်း မြဲမြံစွာ ဆောက်တည်ခဲ့၏။ ထိုအခါ ပိယဒဿီဘုရားရှင်သည် "ဤပုဏ္ဏားသည် ကမ္ဘာတစ်ထောင့်ရှစ်ရာအထက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြား တော်မူခဲ့သည်။ ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြားနာခဲ့ရ၍ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ခြင်းငှာ လွန်ကဲသော အကျင့်ကို ဆောက်တည်ခဲ့သည်။

**ပိယဒဿီဘုရားရှင်၏ တပည့်သာဝကများ**

ပိယဒဿီဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်တို့ကား အရှင်ပါလိတမထေရ်နှင့် အရှင်သဗ္ဗဒဿီမထေရ်တို့ ဖြစ်ခဲ့ကုန်ပြီး အလုပ်အကျွေးရဟန်းတော်သည် အရှင်သောဘိတ မထေရ်ဖြစ်ခဲ့သည်။ အရှင်မ သုဇာတာထေရီနှင့် အရှင်မ ဓမ္မဒိန္နာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ)မြတ်သော တပည့်မများဖြစ်ခဲ့ကြကုန်ပြီး ထိုဘုရားရှင်၏ ဗောဓိပင်ကား ရေခံတက်ပင်ဖြစ်ခဲ့၏။ သန္ဓကသူဌေးသည်လည်းကောင်း၊ ဓမ္မကသူဌေးသည်လည်းကောင်း ဘုရားရှင်၏ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာတို့ ဖြစ်ခဲ့ကြကုန်၍ ဝိသာခါသည်လည်းကောင်း၊ ဓမ္မဒိန္နာသည်လည်းကောင်း (အဂ္ဂဥပဋ္ဌိကာ) မြတ်သောအလုပ်အကျွေး ဒါယိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏ အရပ်တော်မှာ အတောင်ရှစ်ဆယ်မြင့်တော်မူခဲ့၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်ကြီးနှင့် အလားသဏ္ဌာန် တူခဲ့ပေ၏။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် မီးရောင်, လရောင်, နေရောင်တို့ထက် သာလွန်၍ ထွန်းလင်းတောက်ပတော် မူခဲ့ပေသည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ပိယဒဿီ ဘုရားရှင်၏ ဥသဘဝတီမြို့အနီး ဥသဘဝတီဥယျာဉ်တော်၌ ရဟန်းတော်တစ်ကုဋေဝန်းရံလျက် လူနတ်ဗြဟ္မာသတ္တဝါတို့အား ဓမ္မစကြာ တရားဦး ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူ နတ် ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ ကြကုန်၏။

တစ်ဖန် ပိယဒဿီဘုရားရှင်သည် မိစ္ဆာဒိဋ္ဌိအယူရှိသော သုဒဿနနတ်မင်းကို ချေချွတ်တော်မူခဲ့၏။ ဥသဘဝတီမြို့အနီးရှိ သုဒဿနတောင်၌ သုဒဿန နတ်မင်းသည် စိုးအုပ်တည်ခဲ့၏။ ထိုနတ်မင်းသည် မိစ္ဆာဒိဋ္ဌိ အယူရှိ၏။ တန်ခိုးကြီး၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းသည် နှစ်စဉ်နှစ်တိုင်း ထိုနတ် မင်းအား အဖိုးတစ်သိန်းထိုက်သော ပူဇော်ဖွယ်ရာတို့ဖြင့် ပူဇော်ရမြဲ ဖြစ်ခဲ့၏။ ဘုရားရှင်သည် ထိုနတ်မင်း၏ မိစ္ဆာအယူကို ပယ်ဖျောက်လို၍ နတ်မင်း အစည်းအဝေး သွားနေခိုက် ထိုနတ်မင်း၏ ဗိမာန်သို့ကြွရောက်တော်မူကာ တန်ဆောင်မုန်းလ သရဒရာသီတွင် ယုဂန္ဓိုရ်တောင်ထိပ်မှ ထွက်ပေါ်လာ သော နေမင်းကဲ့သို့ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူး၍ သီတင်းသုံး နေတော်မူခဲ့သည်။ ထိုသုဒဿန နတ်မင်း၏ အခြံအရံ အလုပ်အကျွေးနတ် တို့သည် ပန်းနံ့သာစသည်တို့ဖြင့် ဘုရားရှင်အား ပူဇော်၍ ခြံရံကာ နေခဲ့ကြ ကုန်၏။ သုဒဿနနတ်မင်းသည် နတ်သဘင်အစည်းအဝေးမှ ပြန်လာသော အခါ ၎င်း၏ အိပ်ရာထက်၌ သီတင်းသုံး နေတော်မူသော ဘုရားရှင်ကို တွေ့ရသောအခါ ပြင်းစွာအမျက်ထွက်၍ ထိုသုဒဿနတောင်ကြီးတစ်ခု လုံးကို တစ်ခဲနက်မီးလျှံ ဖြစ်အောင်ပြုခဲ့တော့၏။ ရဟန်းဦးပြည်းသည် ဤမီးလျှံဖြင့် ပြာဖြစ်လေပြီဟူသော အထင်ဖြင့် ကြည့်ရှုသောအခါ များစွာသော ရောင်ခြည်တော်ကွန်ရက်တို့ ထွက်တော်မူလျက် ကြည်လင်သော မျက်နှာတော် အဆင်းရှိသည့် ဘုရားရှင်ကို တွေ့မြင်ခဲ့ရသည်။

ထိုအခါ သုဒဿနနတ်မင်းသည် ပို၍အမျက်ထွက်ခဲ့ပြန်သည်။ "မီးလောင်၍ မသေနိုင်သော ထိုရဟန်းကို ရေထုဖြင့် တိုက်မျှောနှစ်မြုပ်ပေတော့အံ့"ဟု ကြံစည်လျက် အလွန်နက်လှစွာသော ရေထုကြီးကို ဗိမာန်သို့ ရှေးရှု အလျှင်

အဟုန်ဖြင့် စီးသွားစေခဲ့ပြန်၏။ ရေပြည့်နေသော ဗိမာန်အတွင်း သီတင်းသုံးနေတော်မူသော ဘုရားရှင်၏သက်န်းတော် ချည်တစ်မျှင်မျှကိုသော်လည်းကောင်း၊ မွေးညင်းတော် တစ်ပင်မျှကိုသော်လည်းကောင်း ရေမစွတ်စိုခဲ့ချေ။ တစ်ဖန် သုဒဿနနတ်မင်းသည် ရေအထုကြီးကို မစီးဆင်းစေဘဲ ဘုရားရှင်၏ ပတ်ပတ်လည်၌သာ စုရုံးစေခဲ့ပြန်သည်။ ထိုသို့ ရေအထုဖြင့် စုရုံးနှစ်မြုပ်ပြန်သော်လည်း စိမ်းညိုသော ရေအလျဉ်ကြားတွင် အထူးထူးသော ရောင်ခြည်တော်တို့ကို လွှတ်လျက် ညဉ့်အခါ ထွန်းလင်း တောက်ပသည့် လမင်းကြီးပမာ နတ်ဘီလူးပရိသတ် ဝန်းရံလျက် ထိုင်နေ တော်မူသော ဘုရားရှင်ကို တွေ့မြင်ခဲ့ရပြန်သည်။ ထိုအခါ ယမ်းပုံမီးကျ ဒေါသဖြစ်လျက် နတ်မင်းကြီးသည် လက်နက်ကိုးမျိုး မိုးကြီးကို ရွာသွန်း စေခဲ့ပြန်သည်။ ထိုအခါ၌လည်း ဘုရားရှင်၏ တန်ခိုးတော်ကြောင့် အလုံးစုံသော လက်နက်မျိုးစုံတို့သည် ရနံ့ကြိုင်လှိုင်သည့် ပန်းခိုင် ပန်းကုံးများဖြစ်၍ မြတ်စွာဘုရား၏ ခြေတော်ရင်း၌ ဝပ်စင်းကျရောက်ခဲ့ကြ ပြန်သည်။

လက်နက်မျိုးစုံတို့သည် ပန်းခိုင်ပန်းကုံးများသဖွယ် ဖြစ်ကုန်၍ ဘုရားရှင်၏ ခြေတော်ရင်း၌ ကျရောက်ခဲ့ကြသည်ကို မြင်ခဲ့ရပြန်သော် သုဒဿနမင်းသည် မခံမရပ်နိုင်လောက်အောင် အမျက်ထွက်ခဲ့ရကား ၎င်း၏လက်နှစ်ဖက် ဖြင့် ဘုရားရှင်၏ ခြေတော်အစုံကို ဆွဲကိုင်ကာ သမုဒ္ဒရာကို ကျော်လွန်၍ စကြဝဠာတောင်သို့ အရောက်သွားပြီး ပစ်လွှင့်ခဲ့ပြန်သည်။ ဘုရားရှင်ကား ထိုနတ်မင်း၏ ဘုံဗိမာန်အတွင်း မူလနေရာ၌ပင် သီတင်းသုံးမြဲ သီတင်းသုံး နေခဲ့ပြန်သည်။ သုဒဿနနတ်မင်းသည် ဘုရားရှင်အား တိုက်ခိုက်ရန် လက်နက်လည်း ကုန်ချေပြီ။ ထိုထက်ပို၍ တန်ခိုးအစွမ်းလည်း မပြနိုင်ခဲ့တော့။ သုဒဿနနတ်မင်း လက်လျှော့ခဲ့ရချေပြီ။ ထိုအခါ သုဒဿနနတ်မင်းသည် "ဤရဟန်းကြီးကား ဘုံဗိမာန်မှ ဆွဲထုတ်၍ ရမည်မဟုတ်။ ငါကသာလျှင် ဤရဟန်းကိုရော ဘုံဗိမာန်ကိုပါ စွန့်ပစ်၍ သွားတော့အံ့"ဟု ကြံစည်ခဲ့လေသည်။ ထိုအကြံအစည်ကို ဘုရားရှင်သိတော်မူ၍ "ကိုယ်တော်မြတ်၏ ခြေတော်တို့၌ ဆုပ်ကိုင်လျက်နေသော သုဒဿနနတ်မင်းကြီးကို နတ်လူ အများ မြင်နိုင်ကြပါစေ"ဟု အဓိဋ္ဌာန်လိုက်သည်နှင့် တစ်ပြိုင်နက်

သုဒဿနနတ်မင်းသည် ထွက်ခွါမသွားနိုင်တော့ဘဲ ဘုရားရှင်၏ ခြေတော်တို့ကို ဆုပ်ကိုင်လျက်သာ တည်ရှိနေခဲ့ရတော့သည်။

ထိုနေ့သည်ကား ဇမ္ဗူဒိပ်ကျွန်းရှိ တစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့သည် သုဒဿနနတ်မင်းကြီးအား ပူဇော်ရန် စုဝေးလာရောက်ကြသောနေ့ ဖြစ်ခဲ့၏။ ထိုတစ်ရာ့တစ်ပါးသော မင်းအပေါင်းတို့သည် ဘုရားရှင်၏ ခြေတော်အစုံကို ကိုင်၍နေသော သုဒဿနနတ်မင်းကို မြင်ကြရကုန်၍ "သြ. . . ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့သည် ထူးကဲလွန်မြတ်ပေကုန်စွ"ဟူ၍ ဘုရားရှင်၌ ကြည်ညိုကြကုန်လျက် လက်အုပ်ချီမိုး ရှိခိုးကာ နေခဲ့ကြကုန်သည်။ ထိုအစုအဝေး၌ ဘုရားရှင်သည် သုဒဿန နတ်ဘီလူးမင်းကို အမျှုးပြု၍ တရားဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ ထိုတရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးသောင်းသော နတ် လူ ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင်ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ကိုးယူဇနာ ကျယ်ဝန်းသော ကုမုဒမြို့တော်တွင် ဂေါတမဘုရားရှင်၏ရန်သူ ဒေဝဒတ်ရဟန်းကဲ့သို့ ပိယဒဿီ ဘုရားရှင်လက်ထက်တော်၌လည်း ဘုရားရှင်၏ရန်သူ သောဏမည်သော ရဟန်းယုတ်တစ်ပါးရှိခဲ့၏။ ထိုသောဏရဟန်းယုတ်သည် ကုမုဒဘုရင်၏သားတော် မဟာပဒုမမင်းသားနှင့် တိုင်ပင်၍ မင်းသားက ခမည်းတော် ကုမုဒမင်းကြီးကို သတ်၍ မင်းပြုရန်နှင့် ရဟန်းယုတ်က ပိယဒဿီဘုရားရှင်ကိုသတ်၍ ဘုရားလုပ်ရန် စီစဉ်ခဲ့ကြသည်။ ရဟန်းယုတ်သည် ဘုရားရှင်ကိုသတ်ရန် အထူးထူးအထွေထွေကြံစည် အားထုတ်ခဲ့သော်လည်း မသတ်နိုင်ခဲ့သဖြင့် ဒေါဏမုခမည်သော မင်းစီးဆင်ကို မူးယစ်အောင်ပြုလုပ်၍ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလာသည့် ဘုရားရှင်အား တိုက်လေသည်။ ထိုအခါ ဒေါဏမုခဆင်သည် လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် လမ်း၌တွေ့သမျှသော ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ယောကျ်ား၊ မိန်းမတို့ကို နင်းသတ်၍ အဆောက်အအုံတိုက်တာအိုးအိမ်တို့ကို ဖျက်ဆီးခဲ့သည်။ ရဟန်းအပေါင်း ခြံရံလျက် ဆွမ်းခံဝင်လာတော်မူသော ဘုရားရှင်ကို မြင်လျှင်မြင်ချင်း ပြင်းထန်သော

အဟုန်ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့၏။ ထိုအခါ မြို့နေလူအပေါင်းတို့သည် ကြောက်ရွံ့သောစိတ် ပူပန်သောစိတ်တို့ဖြင့် ဆင်ကြီးအန္တရာယ်မှ အကာအကွယ်ယူကာ ဘုရားရှင်နှင့် ပြေးဝင်လာသော ဆင်ကြီးကို ကြည့်ရှု၍ နေခဲ့ကြ၏။ အချို့ဒါယကာများက ဆင်ကြီးကို တားမြစ်ရန် အမျိုးမျိုး အားထုတ်ခဲ့ကြကုန်၏။ ပိယဒဿီ ဘုရားရှင်သည် ကိုယ်တော်ထံ ပြေးဝင်လာသော ဆင်ကြီးကို မြင်လေလျှင် မဟာကရုဏာ ဖြန့်တော်မူကာ အေးမြသော မေတ္တာတော်ဖြင့် ထိုဆင်ကြီးကို ဖြန့်တော်မူခဲ့သည်။ ထိုအခါ ဒေါဏမုခဆင်ကြီးသည် ဘုရားရှင်၏ မေတ္တာတော် တစ်ကိုယ်လုံး ပျံ့နှံ့၍ နူးညံ့သော စိတ်နှလုံးရှိလာခဲ့သည်။ ဦးခေါင်းဖြင့် ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းခဲ့လေတော့၏။

ပိယဒဿီဘုရားရှင်သည် ကိုယ်တော်မြတ်၏ ခြေရင်း၌ ဝပ်စင်းနေသော ဒေါဏမုခ ဆင်ကြီး၏ ဦးထိပ်ကို လက်ဝါးတော်ဖြင့် သုံးသပ်တော်မူ၍ သင့်လျော်သော ဒေသနာတော်ဖြင့် ဆင်ကြီးကို ဆုံးမတော်မူခဲ့သည်။ ထိုအရပ်၌ ပေါင်းစပ် စုဝေးမိကြကုန်သော လူနတ်ပြဟ္မာသတ္တဝါတို့အားလည်း တရားဟောတော်မူခဲ့သည်။ ထိုတရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေ ရှစ်သောင်းသော လူနတ်ပြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ပိယဒဿီဘုရားရှင် လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ သုမင်္ဂလမြို့တော်ဝယ် ပါလိတမင်းသားနှင့် ပုရောဟိတ်၏သား သဗ္ဗဒဿီလုလင်ဟူသော အဂ္ဂသာဝက အလောင်း အလျာ သူငယ်ချင်း နှစ်ယောက်တို့သည် “ပိယဒဿီ ဘုရားရှင်သည် ဒေသစာရီလှည့်လည်ကြောင်း၊ ၎င်းတို့၏မြို့သို့ရောက်ကြောင်း ကြားသိခဲ့ကြ၍ ကုဋေတစ်သိန်းသော အခြွေအရံယောက်ျားတို့ကို ခေါ်ဆောင်ကာ ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ကြကုန်ပြီး ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူခဲ့ကြကုန်၏။

ဘုရားရှင်၏ တရားတော်ကို ကြားနာကြရသောအခါ ကုဋေတစ်သိန်းသော အခြွေအရံယောက်ျားတို့နှင့်တကွ ရဟန်းပြုခဲ့ကြကုန်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုကုဋေတစ်သိန်းသော ရဟန်းတို့၏အလယ်၌ ဘုရားရှင်သည် သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေး ကြီးပင် ဖြစ်ခဲ့၏။

ထို့နောက် သုဒဿနနတ်ဘီလူးမင်းကို ဘုရားရှင် ဟောကြားဆုံးမတော်မူရာ၌ ကုဋေကိုးဆယ်သော ယောကျ်ားတို့ ရဟန်းပြုခဲ့ကြ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြသည်။ ထိုကုဋေ ကိုးဆယ်သော ရဟန်းတို့၏အလယ်၌ ဘုရားရှင်သီတင်းသုံးနေတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးပင် ဖြစ်ခဲ့၏။

ထို့နောက်တစ်ဖန် ဒေါဏမုခဆင်ကို ဆုံးမချေချွတ်တော်မူရာ၌ ကုဋေရှစ်ဆယ်သော ယောကျ်ားတို့ ရဟန်းပြုခဲ့ကြ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် သီတင်းသုံးကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်၏။ ထိုအစည်း အဝေးသည် သုံးကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ပိယဒဿီဘုရားရှင် ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်ကိုးသောင်း တမ်းဖြစ်၍ ထိုမျှလောက်ကာလပတ်လုံး တည်နေတော်မူကာ များစွာသော လူနတ်ပြဟ္မာသတ္တဝါတို့ကို သံသရာရေအလျဉ်မှ ကယ်တင်တော်မူလျက် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေသည်။

> "အတုမရှိသော ဘုရားရှင်သည်လည်းကောင်း၊ ထိုဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်အစုံတို့သည်လည်းကောင်း ထိုအားလုံးတို့ပင် ကွယ်ပျောက်ခဲ့လေပြီ။အလုံးစုံသော သင်္ခါရတို့သည် ခိုင်မြဲသော အနှစ်သာရမရှိကုန်။ အချည်းနှီးသာ ဖြစ်ကုန်စွ"

**စေတီတည်ထား ကိုးကွယ်ကြခြင်း**

သစ္စာလေးပါးကို သိမြင်တော်မူသော ပိယဒဿီ ဘုရားရှင်သည် အသဿတ္ထာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြရာ စေတီတော်သည် သုံးယူဇနာတိုင်တိုင် မြင့်တော်မူခဲ့သည်။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္န ဓာတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာ သွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ် ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# အတ္ထဒဿီ ဗုဒ္ဓဝင်

ဘုရားသုံးဆူပွင့်တော်မူသော ထိုဝရကမ္ဘာ၌ပင် ပိယဒဿီဘုရားရှင် ပွင့်တော်မူပြီးနောက် ဒုတိယမြောက်ပွင့်တော်မူသော ဘုရားရှင်သည် အတ္ထဒဿီဘုရားရှင် ဖြစ်တော်မူခဲ့၏။ ပိယဒဿီဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး နောက် လူတို့၏အသက်တမ်း အနှစ်ကိုးသောင်းမှ တဖြည်းဖြည်းဆုတ်ယုတ်ကာ ဆယ်နှစ်သက်တမ်းသို့ရောက်၍ တစ်ဖန်တိုးတက်ပြန်ရာ အသင်္ချေယျတမ်းသို့ ရောက်ပြီးလျှင် နောက်တစ်ဖန် ဆုတ်ယုတ်ပြန်၍ လူတို့၏အသက်တမ်း အနှစ်တစ်သိန်းတမ်းသို့ ရောက်သော် အတ္ထဒဿီဘုရားရှင် ပွင့်တော်မူခဲ့သည်။

## အတ္ထဒဿီဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

အတ္ထဒဿီဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့၏။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် သောဘဏနေပြည်တော် သာဂရမင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ သုဒဿနာ မိဖုရားကြီး၏ သန္ဓေရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၍ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လစေ့ရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော်မင်းသားကို သုစိန္ဓနဉယျာဉ်တော်၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်မြဲသောဓမ္မတာအတိုင်း အထူးအံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။ အလောင်းတော်မင်းသား မွေးဖွားသည်နှင့်တစ်ပြိုင်နက် ဆွေမျိုးအဆက်ဆက်တို့ မြေ၌ ကြာမြင့်စွာက မြှုပ်ထားခဲ့သော ပစ္စည်းဥစ္စာတို့ကို ပစ္စည်းရှင်များက ယခင်မြှုပ်နှံခဲ့သော

နေရာများ၌ပင် တွေ့မြင်သိရှိကြပြီး ပြန်လည်ရရှိခဲ့ကြ သောကြောင့် နာမည်မှည့်သောနေ့၌ "အတ္ထဒဿီ မင်းသား"ဟု နာမည်မှည့်ခဲ့ကြကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် အတ္ထဒဿီမင်းသားသည် တရွေ့ရွေ့ကြီးပြောက် အရွယ်သို့ရောက်သောအခါ **ဝိသာခါဒေဝီမင်းသမီးနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့် လိုက်အောင် ဆောက်လုပ်ထားသော အမရဂိရိ ရွှေနန်းဆော်၊ သုဂိရိ ရွှေနန်းဆောင်၊ ဝါဟနရွှေ နန်းဆောင်ဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ ဝိသာခါမိဖုရား အမှူးရှိသော ရံရွေတော် သုံးသောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် ဝိသာခါမိဖုရားကြီးနှင့်အတူ နှစ်ပေါင်းတစ်သောင်းတို့ ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **သေလမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်အတ္ထဒဿီမင်းသားသည် ထိုသို့မင်းစည်းစိမ်ကို ခံစားနေတော်မူစဉ် ဝိသာခါမိဖုရားကြီးမှ သေလမင်းသားကို ဖွားမြင်တော်မူသော အခါ နတ်တို့ဖန်ဆင်းပြသခဲ့သည့် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး သတိသံဝေဂကြီးစွာဖြစ်လျက် သုဒဿနအမည်ရှိသော **မြင်းတော်**ကို စီးကာ တောထွက်၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော်မင်းသား တောထွက် ရဟန်းပြုသည်ကို အတုလိုက်အားကျကာ ကိုးကုဋေသော ယောကျ်ားတို့လည်း လိုက်ပါတောထွက်၍ ရဟန်းပြုခဲ့ကြကုန်၏။ အတ္ထဒဿီ ဘုရားအလောင်းတော်သည် ထိုရဟန်းတို့နှင့်အတူတကွ ဒုက္ကရစရိယာခေါ် လူသာမန်တို့ ပြုကျင့်နိုင်ခဲသော အကျင့်ကို ရှစ်လတိုင်တိုင် ကျင့်တော်မူခဲ့၏။ ဘုရား ဖြစ်တော်မူမည့် ကဆုန်လပြည့်နေ့၌ သုစိန္ဓရအမည်ရှိသော နဂါးမကို ပူဇော်ပသရန် ဃနာနို့ထမင်းကို လူအပေါင်းတို့က ယူဆောင်လာခဲ့ ကြသည်။ နဂါးမသည် ဃနာနို့ထမင်းကို လူအပေါင်းတို့ထံမှ ခံယူ၍ ၎င်းကိုယ်တိုင် မသုံးဆောင်ဘဲ လူအများမြင်စေရန် ကိုယ်ကိုထင်ရှားပြ၍ ဃနာ နို့ထမင်းကို ရွှေခွက်နှင့်တကွ အလောင်းတော်အား လှူဒါန်းခဲ့လေသည်။ အလောင်းတော်သည်

ထိုနဂါမ လျှုဒါန်းသော ဃနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူလျက် ထိုအရပ်ရှိ အင်ကြင်းတောဝယ် နေခိုတော် မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်း အချိန်သို့ ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါတော်မူခဲ့၍ မဟာဗောဓိပင်ရှိရာ အရပ်သို့ တစ်ပါးတည်းကြွတော် မူခဲ့သည်။ လမ်းခရီးအကြား၌ မဟာရစိအမည်ရှိသော နဂါးမင်းလှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူခဲ့၍ **မဟာဗောဓိ(စကား)**ပင်သို့ ရောက်သောအခါ ၎င်းမြက် ရှစ်ဆုပ်ကို စကားပင်ရင်း၌ ဖြန့်ခင်းလိုက်သည်နှင့်တစ်ပြိုင်နက် ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်ခဲ့လေသည်။ ထိုအပရာဇိတ ပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၍ အင်္ဂါလေးပါး ရှိသော ဝီရိယတော်ကို ဆောက်တည်အားထုတ်တော်မူခဲ့သည်။ ထိုနေ့နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူပြီးနောက် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုံသုံးပါး၌ ဘုရားဖြစ်တော် မူခဲ့သည်။

**ဓမ္မစကြာတရားဦးဟောတော်မူခြင်း**

အတ္ထဒဿီဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိ(စကား)ပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူပြီး တရားဟောရန်သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှု ဆင်ခြင်တော်မူလေလျှင် ကိုယ်တော်မြတ်နှင့်အတူ တောထွက်ရဟန်းပြုခဲ့ ကြသည့် ကိုးကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းများ ရှိရာ အနောမာမြို့၏အနီး အနောမာ ဥယျာဉ်ကြီးသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော် မူခဲ့၍ ထိုကိုးကုဋေသော ရဟန်းတို့ကို အစအဦး ပြုကာ တရားနာလာရောက်ကြကုန်သော နတ်လူဗြဟ္မာ သတ္တဝါအပေါင်းတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်

ဒေသနာတော်ကို ဟောကြားတော်မူခဲ့၏။ ဒေသနာတော် အဆုံး၌ ကုဋေ တစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်သည်။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ဂေါတမဘုရားအလောင်းတော်သည် စမ္ပကမြို့၌ **သုသီမအမည်ရှိသော ပုဏ္ဏား** သူကြွယ်ဖြစ်ခဲ့၏။ ထိုပုဏ္ဏားသည် ၎င်း၌ရှိသော ပစ္စည်းဥစ္စာတို့ကို ကိုးကွယ်ရာမဲ့သူ၊ ဆင်းရဲနွမ်းပါးသူ စသည်တို့အား ပေးကမ်းစွန့်ကြဲပြီး ဟိမဝန္တာသို့သွားကာ ရသေ့ဝတ်၍နေခဲ့၏။ သမာပတ်ရှစ်ပါး၊ အဘိညာဉ် ငါးပါးတို့ကိုရကာ တန်ခိုးကြီးသော ရသေ့တစ်ပါး ဖြစ်ခဲ့သည်။ လူအပေါင်း တို့အား ကုသိုလ်၊ အကုသိုလ်တရားတို့ကို ဟောကြားပြသကာ လောက၌ ဘုရားပွင့်မည့်အချိန်ကိုသာ စောင့်မျှော်၍နေခဲ့သည်။ နောင်သောအခါ အတ္ထဒဿီဘုရားရှင်လောက၌ ပွင့်တော်မူခဲ့၍ သုဒဿနမြို့တော်ကြီးဝယ် နတ်လူတို့အား အမြိုက်တရားမိုး ရွာသွန်းဖြိုးသည်ရှိသော် သုသီမရှင်ရသေ့သည် ဘုရားရှင်၏ တရားတော်ကို ကြားနာခဲ့ရ၍ လွန်စွာကြည်ညိုခဲ့၏။ ရှင်ရသေ့သည် နတ်ပြည်သို့တက်ရောက်ပြီး နတ်၌ဖြစ်သော မန္ဒာရဝပန်း၊ ပဒုမာကြာပန်း၊ ပင်လယ်ကသစ်ပန်းတို့ကို ယူဆောင်ခဲ့၍ ၎င်း၏တန်ခိုး အာနုဘော်ကို ပြလိုသဖြင့် ကိုယ်ထင်ရှားပြကာ အရပ်လေးမျက်နှာတို့၌ ပန်းမိုးကို ရွာစေခဲ့သည်။ ထက်ဝန်းကျင် ပန်းတို့ဖြင့် တန်ဆာဆင်အပ်သော ပန်းမဏ္ဍပ်ကြီးကို ဖန်ဆင်းဆောက်လုပ်လျက် မန္ဒာရဝနတ်ပန်းထီးကြီးဖြင့် ဘုရားရှင်ကို ပင့်ဖိတ်ပူဇော်ခဲ့သည်။ ထိုအခါ အတ္ထဒဿီဘုရားရှင်သည် သုသီမရှင်ရသေ့အား "ဤရှင်ရသေ့သည် နောင်ကမ္ဘာတစ်ထောင့်ရှစ်ရာ အထက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့သည်။ ဘုရားရှင်၏ ဗျာဒိတ်စကားကို ကြား ရသောအခါ အလောင်းတော် သုသီမရှင်ရသေ့သည် ပါရမီတော်တို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့သည်။

**အတ္ထဒဿီဘုရားရှင်၏ တပည့်သာဝကများ**

အတ္ထဒဿီဘုရားရှင်၏(အဂ္ဂသာဝက) တပည့်မြတ်အစုံတို့သည် အရှင်သန္တမထေရ်နှင့် အရှင်ဥပသန္တမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်

အကျွေး ရဟန်းတော်မှာ အရှင်အဘယမထေရ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ) မြတ်သောတပည့်မအစုံတို့မှာ အရှင်မ ဓမ္မာထေရီနှင့် အရှင်မ သုဓမ္မာထေရီတို့ ဖြစ်ခဲ့ကုန်၍ ပွင့်တော်မူရာ ဗောဓိပင်မှာ စကားဗောဓိပင် ဖြစ်ခဲ့၏။ (အဂ္ဂဥပဋ္ဌာက) မြတ်သောအလုပ်အကျွေး ဒါယကာများသည် နကုလသူဌေးနှင့် နိသဘသူဌေးတို့ဖြစ်ခဲ့ကြပြီး (အဂ္ဂဥပဋ္ဌိကာ)မြတ်သောအလုပ်အကျွေး ဒါယိကာမတို့မှာ မကိလာဥပါသိကာမနှင့် သုနန္ဒာဥပါသိကာမတို့ ဖြစ်ခဲ့ကြသည်။ အတ္ထဒဿီဘုရားရှင်၏ အရပ်တော်သည် အတောင်ရှစ်ဆယ်မြင့် တော်မူခဲ့၍ ပင်လုံးကျွတ်ပွင့်သော အင်ကြင်းပင်မင်းကဲ့သို့လည်းကောင်း၊ နက္ခတ်ကြယ်တာရာ အပေါင်းတို့၏ မင်းဖြစ်သော လပြည့်ဝန်းကြီးကဲ့သို့လည်းကောင်း၊ တင့်တယ်လှပတော်မူခဲ့ပေ၏။ ဘုရားရှင်၏ ကိုယ်တော်မှ တန်ခိုးတော်ဖြင့် ဖန်ဆင်းခြင်းမရှိဘဲ ပင်ကိုယ်ပကတိထွက်တော်မူနေသော ရောင်ခြည်တော်တို့သည် အထက်အောက် အရပ်ဆယ်မျက်နှာ တစ်ယူဇနာ တိုင်တိုင် ပျံ့နှံ့ကွန့်မြူးနေတော်မူခဲ့သည်။

## (ဓမ္မာဘိသမယ)တရားပွဲကြီးများ

အတ္ထဒဿီဘုရားရှင်၏ အနောမာမြို့အနီး အနောမာဥယျာဉ်ကြီး၌ ကိုးကုဋေသော ရဟန်းတို့ကို အစအဦးပြုကာ လူနတ်ဗြဟ္မာသတ္တဝါ တို့အား ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့မှတစ်ဖန် အတ္ထဒဿီဘုရားရှင်၏ တာဝတိံသာနတ်ပြည်သို့ ကြွချီတော်မူ၍ နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားဟောကြားတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ နတ်ဗြဟ္မာအပေါင်း ကုဋေတစ်သိန်းတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့မှတစ်ဖန် အတ္ထဒဿီဘုရားရှင်၏ ခမည်းတော် သာဂရမင်းကြီး စံရာ သောဘဏမြို့တော်သို့ ကြွသွားတော်မူပြီးလျှင် သာဂရမင်းကြီး အမှူးရှိသော ဆွေတော်မျိုးတော်အပေါင်းတို့အား တရားဒေသနာဟောကြားတော် မူသော

တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူတို့သည် သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြသည်။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

အတ္ထဒဿီဘုရားရှင်၏ လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ အတ္ထဒဿီဘုရားရှင်သည် နောက်ပါ တပည့်သံဃာအပေါင်းနှင့်တကွ သုစန္ဒကမြို့သို့ ဒေသစာရီကြွချီတော်မူလာ ခဲ့၏။ သန္တမင်းသားနှင့် ပုရောဟိတ်၏သား ဥပသန္တ တို့သည် အတ္ထဒဿီ ဘုရားရှင်၏ (အဂ္ဂသာဝက)တပည့်မြတ်များ ဖြစ်ကြမည့် ပုဂ္ဂိုဟ်များ ဖြစ်ခဲ့သည်။ ထိုမင်းသားနှင့် ပုရောဟိတ်သား သူငယ်ချင်းနှစ်ယောက် တို့သည် ဘုရားရှင် ဒေသစာရီကြွချီလာကြောင်း ကြားသိရလေလျှင် အခြံ အရံတစ်ထောင်တို့နှင့်တကွ မြို့ပြင်သို့ထွက်၍ ဘုရားရှင်နှင့် သံဃာတော်များအား ခရီးဦးကြိုဆိုခဲ့ကြကုန်၍ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာ တော်တို့အား ပင့်ဖိတ်တော်မူကာ အသဒိသမဟာဒါနကြီးကို ပေးလှူပူဇော် ခဲ့ကြသည်။ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်သည် ဆွမ်းအနုမောဒနာ ပြုကာ တရားဟောတော်မူခဲ့၏။ ထိုနေ့၌ ကိုးသောင်းရှစ်ထောင်သော လူအပေါင်းတို့သည် ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြကုန်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းပရိသတ်တို့၏ အလယ်၌ ဘုရားရှင်သည် သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထို့နောက် အတ္ထဒဿီဘုရားရှင်သည် ကိုယ်တော်မြတ်၏ သားတော် အရှင်သေလ ရဟန်းအား တရားဟောတော်မူသည်ရှိသော် ရှစ်သောင်းရှစ် ထောင်သော လူတို့သည် သဒ္ဓါတရားကြီးစွာဖြစ်ကာ ရဟန်းအဖြစ်ကို တောင်းခံခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ထိုပုဂ္ဂိုလ်တို့အား ဧဟိဘိက္ခု ခေါ်တော်မူကာ ရဟန်းပြုပေးခဲ့လေလျှင် ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် ဩဝါဒ

ပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

တစ်ဖန် မဟာမင်္ဂလာတရားတော်ကို နာကြားရန်ရောက်ရှိလာကြကုန်သော နတ်လူအပေါင်းတို့အား တရားတော်ကို ဟောတော်မူခဲ့လေလျှင် ခုနစ်သောင်းရှစ်ထောင်သောလူတို့ ရဟန်းပြုကြကုန်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

လူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် အနှစ်တစ်သိန်းတို့ ကာလပတ်လုံး လောက၌တည်နေတော်မူခဲ့၏။ ထိုဘုရားရှင်သည် အတုမရှိသော အရောင်အဝါတို့ကို ပြတော်မူ၍ နတ်နှင့်တကွသော လောကကို ထွန်းလင်းစေပြီးလျှင် မီးစာကုန်ခြင်းကြောင့် ငြိမ်းရသော မီးကဲ့သို့ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေပြီ။

**ဓာတ်တော်များ ပျံ့နှံ့တည်ရှိခြင်း**

အတ္ထဒဿီဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် "ငါဘုရားမရှိသည့်နောက် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန် ရောက်ကြစေရန် ငါဘုရား၏ ဓာတ်တော်တို့သည် သက်တော်ရှည်ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်မဖြစ်စေဘဲ အစိတ်စိတ် အမြွာမြွာ ကွဲပြားပျံ့နှံ့၍ တည်ကြပါစေသတည်း"ဟု မိန့်ဍ္ဍာန်တော်မူခဲ့ပြီး အနောမာရာမ ကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ပြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသတည်း။

# ဓမ္မဒဿီဗုဒ္ဓဝင်

အတ္ထဒဿီဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အန္တရကပ်တစ်ခု၏ ဆုတ်ကပ် လူတို့၏သက်တမ်း အနှစ်တစ်သိန်းတမ်းသို့ ရောက်ပြန်သော အခါ ပိယဒဿီဘုရားရှင်မှအစ ဘုရားသုံးဆူပွင့်သော ဝရကမ္ဘာ၌ တတိယမြောက် ဓမ္မဒဿီဘုရားရှင် ပွင့်တော်မူခဲ့သည်။

## ဓမ္မဒဿီဘုရားအလောင်းဖွားမြင်တော်မူခြင်း

ဓမ္မဒဿီဘုရားအလောင်းသည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား လောကတွင် ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ဆင်းသက် ပဋိသန္ဓေနေတော်မူရန် တောင်းပန်ခဲ့ကြသည်။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်သို့ ဆင်းသက်ကာ **သရဏ**နေပြည်တော် **သရဏ**မည်သော မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **သုနန္ဒာ**မည်သော မိဖုရား ခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်း တော်မူခဲ့သည်။ ဆယ်လလွန်မြောက်၊ အချိန်ကာလ ရောက်သော အခါ သရဏမည်သော မင်းဥယျာဉ်တော်ကြီး အတွင်း၌ မယ်တော်မိဖုရားကြီးသည် အလောင်းတော်မင်းသားကို ဖွားမြင်တော်မူ ခဲ့သည်။ အလောင်းတော် မင်းသားကို ဖွားမြင်တော်မူသော နေ့မှစ၍ ငြင်းခုံမှု အရပ်ရပ်တို့ကို ဆုံးဖြတ်ရာ ဓမ္မသတ်ကျမ်းစာတို့၌ တရားနှင့်မလျော်ညီသော ပညတ်ချက်တို့ အလိုလို ပျောက်ကွယ်ကုန်၍ တရားနှင့်လျော်ညီသော ပညတ်ချက်တို့သာ တည်ရှိကျန်ရစ်ခဲ့ကြ ကုန်သောကြောင့် အလောင်းတော်မင်းသားကို "ဓမ္မဒဿီ မင်းသား"ဟူ၍ အမည်မှည့်ခဲ့ကြကုန်၏။ အလောင်းတော် မင်းသားကို ပဋိသန္ဓေနေတော် မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်တို့၌ ဖြစ်ပေါ်လေ့ရှိသော ဓမ္မတာအတိုင်း အထူးအံ့ဩ ဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် ဓမ္မဒဿီမင်းသားသည် တရွေ့ရွေ့ကြီးပြောက် အရွယ်တော်သို့ရောက်သော် **ဝိစိကောဋီ**မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်မျှအောင် ဆောင်ရွက်ထားသော အရဇ ရွှေနန်းဆောင်၊ ဝိရဇ ရွှေနန်းဆောင်၊ သုဒဿန ရွှေနန်းဆောင် တည်းဟူသော နန်းပြာသာဒ်သုံးဆောင်တို့၌ ဝိစိကောဋီအမှူးရှိသော ရံရွှေတော်လေးသောင်းသုံးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးမှုကို ခံယူလျက် နှစ်ပေါင်းရှစ်ထောင်တို့ ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏သားတော်မှာ **ပုညဝဍ္ဎန**မင်းသားဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ဓမ္မဒဿီမင်းသားသည် ထီးနန်းစိုးစံတော်မူစဉ် နတ်တို့ဖန်ဆင်းပြသခဲ့သည့် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့သည်။ ဝိစိကောဋီ မိဖုရားကြီးမှ သားတော် ပုညဝဍ္ဎနမင်းသားကို ဖွားမြင်တော်မူသော နေ့၌ သန်းခေါင်ယံအချိန်ဝယ် အိပ်ရာမှထ၍ ကျက်သရေရှိသော အိပ်ရာထက်၌ ထိုင်နေတော်မူစဉ် အိပ်ပျော်ခြင်းသို့ရောက်ကုန်သော မောင်းမမိဿံတို့၏ ဖောက်ပြန်သော အမူအရာအမျိုးမျိုးတို့ကို မြင်ခဲ့ရ၏။ သုသာန်တစသင်းချိုင်းဝသို့ အလောင်းတော်၏ စိတ်တွင် ခံစားမိခဲ့၏။ သံဝေဂကြီးစွာရပြီးလျှင် တောထွက်တော်မူရန် စိတ်အကြံဖြစ်တော်မူခဲ့သည်။ ထိုသို့အကြံဖြစ်တော်မူသည်နှင့်တစ်ပြိုင်နက် အလောင်းတော်၏စံရာ သုဒဿန ရွှေနန်းပြာသာဒ်သည် ကောင်းကင်အပြင်သို့ ပျံတက်ကာ စစ်အင်္ဂါလေးပါးခြံရံလျက် နေမင်းကဲ့သို့လည်းကောင်း၊ နတ်ဗိမာန်ကဲ့သို့လည်းကောင်း ဗောဓိပင်ရှိရာသို့သွားကာ ဗောဓိပင်အနီး မြေအပြင်၌ သက်ဆင်းရပ်တည်ခဲ့လေသည်။ ဓမ္မဒဿီဘုရားရှင်၏ မဟာဗောဓိပင်ကား သံသတ်ပင်ဖြစ်ခဲ့၏။

အလောင်းတော်သည် ဗြဟ္မာလှူဒါန်းသည့် ကြာသင်္ကန်းကိုဝတ်ရုံကာ ရဟန်းပြုတော်မူခဲ့ပြီး ပြာသာဒ်ထက်မှ ဆင်းသက်တော်မူကာ မနီးမဝေး၌ ရပ်တည်ခဲ့၏။ ပြာသာဒ်တော်သည် ကောင်းကင်သို့ တစ်ဖန်ပျံတက်ကာ ဗောဓိပင်ကို အတွင်းပြုလျက် မြေ၌တည်ခဲ့၏။ မင်းမိန်းမအပေါင်းတို့သည်

အခြံအရံတို့နှင့်တကွ ပြာသာဒ်ထက်မှ ဆင်းကုန်၍ ဂါဝုတ်ဝက်မျှဝေးကွာသော အရပ်သို့သွား၍ နေခဲ့ကြကုန်၏။ ပြာသာဒ်၌ ပါလာသော ယောက်ျား အပေါင်းတို့သည် အလောင်းတော်ကို အတုယူကာ ရဟန်းပြုခဲ့ကြကုန်၏။ အတုယူကာ ရဟန်းပြုကြသူ အပေါင်းသည် ကုဋေတစ်သိန်းမျှ ဖြစ်ခဲ့သည်။ ဓမ္မဒဿီ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယခေါ် အကျင့်မြတ်ကို ခုနစ်ရက်ကြာ ကျင့်ပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ ဝိစိကောဠိ မိဖုရားကြီး လှူဒါန်းအပ်သည့် ယနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူ ပြီးလျှင် ထိုအရပ်ရှိ ဆီးတောကြီးအတွင်း၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဆီးတောကြီးတွင် နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ အခြံအရံရဟန်းတို့ကို စွန့်ခွါ၍ မဟာဗောဓိပင်ရှိရာ အရပ်သို့ တစ်ပါးတည်း ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ သိရိဝဍ္ဎန အမည်ရှိသော မုယောခင်းစောင့် လှူဒါန်းသည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော် မူခဲ့ပြီး **မဟာဗောဓိ(သံသတ်)ပင်** အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့်တစ်ပြိုင်နက် ငါးဆယ့်သုံးတောင်ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော် မူခဲ့၏။ ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယကိုဆောက်တည် အားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ် တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦးဟောတော်မူခြင်း**

ဓမ္မဒဿီဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမ သတ္တာဟသို့ ရောက်သောအခါ ပြဟ္မာမင်း၏တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော် မူလေလျှင်

ကိုယ်တော်မြတ် တောထွက်စဉ်က လိုက်ပါရဟန်းပြုခဲ့ကြသော ကုဋေ တစ်သိန်းသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ထိုရဟန်းတော်များရှိရာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာကွာဝေးသည့် ဣသိပတနအမည်ရှိသော မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူ ခဲ့သည်။ မိဂဒါဝုန်တောသို့ ရောက်လေသော် ထိုကုဋေတစ်သိန်းသော ရဟန်း တို့ကို အမှူးထား၍ တရားနာရန် လာရောက်ခဲ့ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူခဲ့သည်။ ထိုအခါ ကုဋေ တစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ် တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ဓမ္မဒဿီဘုရားရှင်လက်ထက်တော်တွင် ဂေါတမဘုရားအလောင်းတော် သည် နတ်တို့ကို အစိုးရသော **သိကြားမင်း** ဖြစ်ခဲ့သည်။ ထိုသိကြားမင်းသည် နတ်အပေါင်းခြံရံလျက် ဘုရားရှင်ထံမှောက် လာရောက်ခဲ့ပြီး နတ်၌ဖြစ်သော ပန်းနံ့သာတို့ကိုလည်းကောင်း၊ တူရိယာအမျိုးမျိုးတို့ဖြင့်လည်းကောင်း ပူဇော် ခဲ့၏။ ထိုအခါ ဘုရားရှင်က "ဤသိကြားမင်းသည် နောင်သောအခါ ဘဒ္ဒ ကမ္ဘာဝယ် ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ ဗျာဒိတ်စကားကို ကြားရလေလျှင် အလောင်းတော် သိကြားမင်းသည် အလွန်ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ဘုရားဖြစ်ရေး အတွက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်နိုင်ရန် မြဲမြံစွာ ဆောက်တည် ခဲ့သည်။

**ဓမ္မဒဿီဘုရားရှင်၏ တပည့်သာဝကများ**

အရှင်ပဒုမထေရ်သည်လည်းကောင်း၊ အရှင်ဖုဿဒေဝထေရ်သည် လည်းကောင်း ဓမ္မဒဿီဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်များ ဖြစ်ခဲ့ ကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သုနေတ္တမထေရ် ဖြစ်ခဲ့သည်။ အရှင်မခေမာသည် လည်းကောင်း၊ အရှင်မသဗ္ဗနာမာသည် လည်းကောင်း ဘုရားရှင်၏ (အဂ္ဂသာဝိကာ)မြတ်သောတပည့်မများ ဖြစ်ခဲ့ကုန်၍ ဘုရားရှင်၏ ပွင့်တော်မူရာ မဟာဗောဓိပင်သည် သံသတ်ပင်ဖြစ်ခဲ့သည်။ ဘုရားရှင်၏

(အဂ္ဂဥပဋ္ဌာက) မြတ်သောအလုပ်အကျွေး ဒါယကာတို့မှာ သုဘဒ္ဒသူဌေးနှင့် ကင္ဂိသဟသူဌေးတို့ဖြစ်ခဲ့ကုန်၍ (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ သာဋ္ဌိယာဥပါသိကာမနှင့် ကဋ္ဌိယာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏ အရပ်တော်သည် အတောင် ရှစ်ဆယ်မြင့်တော်မူ၍ တစ်သောင်းသောလောကဓါတ်၌ တန်ခိုး တော်ဖြင့် အလွှန်ပင်တင့်တယ်တော်မူခဲ့သည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ဓမ္မဒဿီ ဘုရားရှင်၏ ဣသိပတနအမည်ရှိသော မိဂဒါဝုန်တော၌ ကုဋေတစ်သိန်းသော ရဟန်းတို့ကို အမှူးထား၍ လူနတ်ပြဟ္မာသတ္တဝါတို့အား ဓမ္မစကြာတရားဦး ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော လူနတ်ပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထိုမှတစ်ဖန် တဂရအမည်ရှိသောမြို့ဝယ် သဉ္စယအမည်ရှိသော မင်းသည် ကာမဂုဏ်ငါးပါးတို့ကို ပယ်စွန့်ကာ ရသေ့ပြုခဲ့၏။ ထိုသဉ္စယမင်းကြီးကို အားကျ၍ ကုဋေကိုးဆယ်သော လူတို့လည်း ရသေ့ပြုခဲ့ကြကုန်သည်။ ထိုရသေ့တို့သည် အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့နှင့် ပြည့်စုံခဲ့ကြကုန်၏။ ဓမ္မဒဿီဘုရားရှင်သည် ထိုရသေ့များထံ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူခဲ့ပြီး သဉ္စယရသေ့၏ ကျောင်းသခ်မ်းသို့ ရောက်တော်မူလေလျှင် ကောင်းကင်၌ ရပ်တော်မူလျက် ထိုရသေ့တို့နှင့် သင့်လျော်သောတရားကို ဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် နတ်တို့ကို အစိုးရသော သိကြားမင်းသည် အခြွေအရံ ပရိသတ်နှင့်တကွ ဓမ္မဒဿီဘုရားရှင်ထံ ချဉ်းကပ်တော်မူခဲ့၍ ဘုရားရှင်က တရားဟောတော်မူခဲ့သည်။ ထိုတရားပွဲသည် သုံးကြိမ်မြောက် (ဓမ္မာ

ဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေရှစ်ဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ဓမ္မဒဿီဘုရားရှင်လက်ထက်တော်၌ သာဝက (သန္နိပါတ) အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ဓမ္မဒဿီဘုရားရှင်သည် သရဏမြို့တော်၌ ကိုယ်တော်မြတ်နှင့် (မိကွဲဖတူ) ဖြစ်ခဲ့ကြသည့် အဂ္ဂသာဝကအလောင်းအလျာ ပဒုမမင်းသားနှင့် ဖုဿဒေဝမင်းသားတို့ကို အခြံအရံပရိသတ်နှင့်တကွ ရဟန်းပြုစေပြီးလျှင် ထိုမြို့၌ပင် ဝါကပ်တော်မူခဲ့၏။ ဝါကျွတ်သောအခါ ဝါဦး၌ ရဟန်းပြုခဲ့ကြ၍ ဝါတွင်း၌ ရဟန္တာဖြစ်ခဲ့ကြကုန်သော ကုဋေတစ်သိန်းသော ရဟန်းတို့၏အလယ်၌ သီတင်းသုံးတော်မူကာ ရဟန္တာချည်း သန့်သန့်ဖြစ်သော ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေး ဖြစ်ခဲ့သည်။

တစ်ဖန် ဓမ္မဒဿီဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူခဲ့ပြီးနောက် သီတင်းကျွတ်သောအခါ နတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွတော်မူခဲ့သည်။ ထိုအခါ ကုဋေတစ်ရာသော ရဟန်းတို့ စုဝေးမိခဲ့ကြကုန်၏။ ထိုအစည်းအဝေးသည် ဒုတိယ အကြိမ်မြောက် သာဝက (သန္နိပါတ)အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထို့နောက် တစ်ဖန် ဓမ္မဒဿီဘုရားရှင်သည် သုဒဿနာရာမ ကျောင်းတိုက်ကြီး၌ ဓုတင်တစ်ဆယ့်သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို ဟောပြတော်မူ၍ အရှင်ဟာရိတအမည်ရှိသော မဟာသာဝက ရဟန္တာ အရှင်မြတ်အား ဓုတင်ဆောင်အရာ၌ ဧတဒဂ်ထားတော်မူခဲ့၏။ ထိုအခါ ကုဋေရှစ်ဆယ်သော ရဟန်းတို့ စုဝေးမိခဲ့ကြကုန်၏။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်ဝင်စံတော်မူခြင်း**

အတုမဲ့ တန်ခိုးရှိတော်မူသော ဓမ္မဒဿီဘုရားရှင်၏ အသက်တော်သည် လူတို့၏ အသက်နှင့် အညီအမျှပင်ဖြစ်ခဲ့၏။ ဘုရားရှင်သည် အနှစ်တစ်သိန်းတို့

ကာလပတ်လုံး လောက၌တည်တော်မူလျက် သတ္တဝါတို့အား သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့သည်။ သာသနာတော်ကို အညစ်အကြေးကင်းအောင် ပြုလျက် ကောင်းကင်၌ ရွှေလျှားသွားသော လမင်းကဲ့သို့ တပည့်သာဝကနှင့် တကွ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။

**စေတီတည်ထားကိုးကွယ်ကြခြင်း**

ဓမ္မဒဿီဘုရားရှင်သည် သာလာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့၏။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် သုံးယူဇနာတိုင်တိုင် မြင့်တော်မူခဲ့သည်။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာ သွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# သိဒ္ဓတ္ထဗုဒ္ဓဝင်

ဓမ္မဒဿီဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားမပွင့်သည့် သုညကမ္ဘာ တစ်ထောင့်ခုနစ်ရာခြောက်ကမ္ဘာ လွန်မြောက်ပြီးသောအခါ ဘုရားတစ်ဆူသာ ပွင့်သည့်သာရကမ္ဘာပေါ်ပေါက်ခဲ့သည်။ ထိုသာရကမ္ဘာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေသော် ကိုးဆယ့်လေးကမ္ဘာ အထက်၌ဖြစ်ခဲ့၏။ ထိုသာရကမ္ဘာတွင် လူတို့၏သက်တမ်း တစ်သိန်းတမ်း၌ သိဒ္ဓတ္ထဘုရားပွင့်တော်မူခဲ့သည်။

**သိဒ္ဓတ္ထဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

သိဒ္ဓတ္ထဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်တော်မူရန် ချိန်တန်သင့်မြတ်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေ နေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်ဝေဘာရ နေပြည်တော် ဥဒေနမင်းကြီး၏ တောင်ညာစံဒေဝီ၊ အဂ္ဂမဟေသီ **သုဖဿာ** အမည်ရှိသော မိဖုရားခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ကာလရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော် မင်းသားကို ဝိရိယအမည်ရှိသော ဥယျာဉ်တော်ကြီး၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများထင်ခဲ့သည့်အပြင် အလောင်းတော် ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် ဓမ္မတာအတိုင်း အံ့သြဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။ အလောင်းတော်မင်းသား ဖွားမြင်တော်မူသောအခါ သူခပ်သိမ်းတို့ ပြုလုပ်အပ်သော အမှုကြီးငယ်နှင့် တောင့်တအပ်သော အကျိုးတရားတို့သည် အောင်မြင်ပြီးစီးခြင်းသို့ ရောက်ခဲ့ကြကုန်သောကြောင့်

ဆွေမျိုးများက အလောင်းတော်မင်းသားကို “သိဒ္ဓတ္ထမင်းသား”ဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် တရွေ့ရွေ့ကြီးမြောက် အရွယ်တော်သို့ ရောက်သောအခါ **သောမနဿဒေဝီ မိဖုရားနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ၊ ရာသီနှင့် လိုက်အောင် ဆောက်လုပ်ထားသော ကောကရွှေနန်းဆောင်၊ သုပ္ပလ ရွှေနန်းဆောင်၊ ကောကနဒရွှေနန်းဆောင် တည်းဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ သောမနဿဒေဝီ မိဖုရားအမှူးရှိသော ရံရွှေတော် လေးသောင်းရှစ်ထောင် တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် အနှစ်တစ်သောင်းတို့ ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **အနုပမမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်ကို ခံစားတော်မူနေစဉ် နတ်တို့ဖန်ဆင်းပြခဲ့သော သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူခဲ့၏။ သောမနဿဒေဝီ မိဖုရားကြီးမှ သားတော်အနုပမ မင်းသားကို ဖွားမြင်တော်မူသောအခါ ဝါဆိုလပြည့်နေ့၌ ရွှေထမ်းစင်စီးပြီ တောထွက်တော်မူခဲ့သည်။ ဝီရိယဉယျာဉ်တော်သို့ ရောက်လေလျှင် မင်းဝတ်တန်းဆာတို့ကို ပယ်စွန့်၍ ဗြဟ္မာကြီးလှူဒါန်းသော ကြာသက်န်းဖြင့် ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော် မင်းသား ရဟန်းပြုသည်ကို အတုလိုက် အားကျကာ ကုဋေတစ်သိန်းမျှသော ယောက်ျားတို့လည်း ရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းတို့နှင့် အတူအကွ ဒုက္ကရစရိယခေါ် ကျင့်နိုင်ခဲသော အကျင့်တော်မြတ်ကို ဆယ်လကြာအောင် ကျင့်တော်မူခဲ့သည်။ ဘုရားဖြစ်မည့် ကဆုန်လပြည့် နေ့ဝယ် အသဒိသ ပုဏ္ဏားရွာ သုနေတ္တာအမည်ရှိသော ပုဏ္ဏေးမပျို၏ လှူဒါန်းအပ်သော ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် ထိုအရပ်ရှိ ဆီးတောကြီးအတွင်း၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

ဆီးတောကြီးအတွင်း၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သော်အခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါ၍ မဟာဗောဓိပင်ရှိရာသို့ တစ်ပါးတည်းကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ ဝရုဏအမည်ရှိသော မုယောခင်းစောင့် လှူဒါန်းသည့်မြက်ရှစ်ဆုပ်ကို အလှူခံတော်မူခဲ့ကာ မဟာဗောဓိ(မဟာလှေကား)ပင်သို့ ရောက်တော်မူလေလျှင် မြက်ရှစ်ဆုပ်ကို မဟာဗောဓိ(မဟာလှေကား)ပင်အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် အတောင်လေးဆယ်ပမာဏရှိသော အပရာဇိတပလ္လင်တော်ပေါ် ပေါက် တော်မူခဲ့၏။ အလောင်းတော်သည် ထိုအပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူပြီး အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်တော်မူကာ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကိုအောင်မြင်တော်မူ၍ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း**

သိဒ္ဓတ္ထဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက်စံနေတော်မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူပြီး တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါရဟန်း ပြုခဲ့ကြသော ကုဏ္ဍေတစ်သိန်းသော ရဟန်းတို့ကို မြင်တော်မူခဲ့သည်။ ဘုရားရှင်သည် ထိုရဟန်းများရှိရာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ်ယူဇနာ ကွာဝေးသော မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် ခဏချင်းကြွသွားတော် မူခဲ့၏။ မိဂဒါဝုန်တောသို့ ရောက်တော်မူသောအခါ ထိုရဟန်းတော် ကုဏ္ဍေတစ်သိန်းကို အမှူးထား၍ တရားနာရန် လာရောက်ကြကုန်သော

လူနတ်ပြဟ္မာသတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ် ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ တရားတော် ဆုံးသောအခါ ကုဋေတစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရား အလောင်းတော် ဗျာဒိတ်ခံခြင်း**

ဂေါတမဘုရား အလောင်းတော်သည် သုရသေနမြို့တွင် ဝေဒကျမ်းတို့၌ ကမ်းတစ်ဖက်ရောက်တတ်မြောက်သည့် မင်္ဂလမည်သော ပုဏ္ဏားဖြစ်ခဲ့၏။ အလောင်းတော် ပုဏ္ဏားသည် ၎င်းပိုင်ကုဋေပေါင်းများစွာသော ဥစ္စာတို့ကို ကိုးကွယ်ရာမဲ့သူ စသည်တို့အား စွန့်ကြဲလှူဒါန်းခဲ့ပြီး ရှင်ရသေ့ ဝတ်ခဲ့၏။ ရှင်ရသေ့သည် ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ထက်မြက်သောတန်ခိုးအာနုဘော်နှင့် ပြည့်စုံခဲ့သည်။ တစ်နေ့သော် လောက၌ သိဒ္ဓတ္ထဘုရားရှင်ပွင့်တော်မူကြောင်း ကြားသိရ၍ ဘုရားရှင်ထံ ချဉ်းကပ်ခဲ့၏။ ဘုရားရှင်၏တရားတော်ကို ကြားနာရသောအခါ လွန်စွာကြည်ညိုလှသဖြင့် ဇမ္ဗူသပြေပင်မှအသီးများကို ဆောင်ယူခဲ့၍ ဘုရားရှင်နှင့်တကွ တပည့်သံဃာ ကုဋေကိုးဆယ်တို့အား ဇမ္ဗူသပြေသီးတို့ဖြင့် လုပ်ကျွေးကာ နှစ်သိမ့်စေခဲ့သည်။ ထိုအခါ သိဒ္ဓတ္ထဘုရားရှင်က "ဤမင်္ဂလ ရသေ့သည် ဤကမ္ဘာမှ ကိုးဆယ့်လေးကမ္ဘာသို့ ရောက်သောအခါ ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူခဲ့၏။ ဘုရားရှင်၏ဗျာဒိတ်စကားကို ကြားရလေလျှင် အလောင်းတော်မင်္ဂလ ရသေ့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့လေသည်။

**သိဒ္ဓတ္ထဘုရားရှင်၏ တပည့်သားဝကများ**

သိဒ္ဓတ္ထဘုရားရှင်၏(အဂ္ဂသာဝက) မြတ်သောတပည့်အစုံတို့မှာ အရှင်သမ္ဗလမထေရ်နှင့် အရှင်သုမိတ္တမထေရ်တို့ဖြစ်ကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်ရေဝတ မထေရ်ဖြစ်ခဲ့သည်။ အရှင်မ သီဝလာထေရီနှင့် အရှင်မ သုရာမာထေရီတို့သည် ဘုရားရှင်၏(အဂ္ဂသာဝိကာ)မြတ်သော

တပည့်မတို့ ဖြစ်ခဲ့ကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်မှာ မဟာလေ့ကားပင်ဖြစ်ခဲ့၏။ (အဂ္ဂဥပဋ္ဌာက)မြတ်သော အလုပ်အကျွေး ဒါယကာတို့သည် သုပ္ပိယသူဌေးနှင့် သမုဒ္ဒသူဌေးတို့ ဖြစ်ခဲ့ကုန်၍ (အဂ္ဂဥပဋ္ဌိကာ)မြတ်သော အလုပ်အကျွေးဒါယိကာမများမှာ ရမ္မာဥပါသိကာမနှင့် သုရမ္မာဥပါသိကာမတို့ ဖြစ်ခဲ့ကြသည်။ သိဒ္ဓတ္ထ ဘုရားရှင်၏ အရပ်တော်သည် အတောင်ခြောက်ဆယ် မြင့်တော်မူခဲ့၍ ပူဇော်ဖွယ်ရာ စီမံထားသော ရတနာတိုက်ကြီးနှင့် တူတော်မူကာ တစ်သောင်းသောလောကဓါတ်၌ တင့်တယ်တော်မူခဲ့၏။

## (ဓမ္မာဘိသမယ)တရားပွဲကြီးများ

သိဒ္ဓတ္ထဘုရားရှင်၏ မိဂဒါဝုန်တော၌ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူခဲ့ကြသည့် ကုဋေတစ်သိန်းသော ရဟန်းတော်တို့ကို အမှူးထား၍ ဓမ္မစကြာတရားဦးကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော(ဓမ္မာဘိသမယ)တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက် အခါတစ်ပါးဝယ် သိဒ္ဓတ္ထဘုရားရှင်သည်ဘီမရထမင်း၏ ပင့်ဖိတ်ချက်အရ ဘီမရထမြို့သို့ ကြွသွားတော်မူပြီးလျှင် မြို့တော်၏ အလယ်၌ တင့်တယ်ခမ်းနားစွာ စီမံထားသော မင်းကွန်း၌ သီတင်းသုံးနေတော်မူလျက် သာယာနာပျော်ဖွယ်ကောင်းသော ဘုရားရှင်၏ အသံတော်ဖြင့် ဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် သိဒ္ဓတ္ထဘုရားရှင်သည် ဖွားတော်မူရာ ဝေဘာရမြို့တော်သို့ ကြွသွားတော်မူခဲ့၍ ခမည်းတော်ဥဒေနမင်းကြီး အမှူးပြုသော ဆွေတော်မျိုးတော်တို့၏ အစုအဝေး၌ ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူခဲ့သော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

သိဒ္ဓတ္ထဘုရားရှင်လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီး သုံးကြိမ် ဖြစ်ခဲ့သည်။ အမရမြို့တော်၌ သိဒ္ဓတ္ထဘုရားရှင်၏ (အဂ္ဂသာဝက)တပည့်မြတ်အလောင်းအလျာ ဖြစ်ကြကုန်သော သမ္ဘလမင်းသားနှင့် သုမိတ္တမင်းသား ညီနောင်နှစ်ဦးတို့သည် အတူအကွ မင်းပြုခဲ့ကြကုန်၏။ ထိုအခါ သိဒ္ဓတ္ထဘုရားရှင်သည် ထိုမင်းနှစ်ဦးတို့၏ မဂ်ဖိုလ်ရကြောင်း ရှေးကောင်းမှုကံကို မြင်တော်မူ၍ ထိုမင်းနှစ်ပါး အတူထကွ နန်းစိုက်ရာ အမရမြို့တော်သို့ ကြွသွားခဲ့သည်။ မြို့တော်အလယ်၌ ဆင်းသက်တော်မူ၍ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သော ခြေဖဝါးတော်တို့ဖြင့် ခြေတော်ရာ ပါဒစေတီတို့ကို ချထားခဲ့ကာ အမရဉယျာဉ်တော်သို့ ကြွသွားတော်မူခဲ့ပြီး ကျောက်ဖျာအပြင်ဝယ် သီတင်းသုံးနေတော်မူခဲ့သည်။ ထိုအခါ ညီနောင်မင်းနှစ်ပါးတို့သည် ခြေတော်ရာကို ဖူးမြင်ခဲ့ရ၍ ဘုရားရှင် သီတင်းသုံးရာ မင်းဉယျာဉ်တော်သို့ အခြံအရံ ပရိသတ်တို့နှင့်တကွ ချဉ်းကပ်ခဲ့ကြကုန်၏။ ဘုရားရှင်သည် ထိုမင်းနှစ်ပါး အမှူးထား၍ တရားဟောတော်မူခဲ့ရာ မင်းနှစ်ပါးနှင့်တကွ အခြံအရံ ပရိသတ်တို့သည် သဒ္ဓါတရားဖြစ်ပွားခဲ့ကြ၍ ရဟန်းပြုခဲ့ကြပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြလေသည်။ ထိုကုဋေတစ်ရာသော ရဟန်းတို့၏အလယ်၌ သီတင်းသုံးတော်မူလျက် ဘုရားရှင်သည် ဩဝါဒ ပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက် ဘုရားရှင်သည် ဝေဘာရမြို့တော် ဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောတော်မူပြီးသည်၏အဆုံး၌ ရဟန်းပြုခဲ့ကြကုန်သော ကုဋေကိုးဆယ်သော ရဟန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထို့နောက်တစ်ဖန် သုဒဿန ကျောင်းတိုက်ကြီးတွင် စုဝေးမိကြကုန်သော ကုဋေရှစ်ဆယ်သော ရဟန်းတို့၏ အလယ်၌ ဘုရားရှင်သည် သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်း

အဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

သိဒ္ဓတ္ထဘုရားရှင်သည် အနှစ်တစ်သိန်းတို့ကာလပတ်လုံး လောက၌ တည်နေတော်မူလျက် သတ္တဝါအနန္တတို့ကို ကယ်မစောင့်ရှောက်တော်မူခဲ့၏။ ဘုရားရှင်သည် တပည့်သာဝကတို့အား ပြန့်ပြောသော ကိုယ်တော်ရောင် ဉာဏ်တော်ရောင်တို့ကို ပြလျက် တပည့်သာဝကတို့ကို မဂ်ဖိုလ်တရား ကားကားစွင့်စွင့် ပွင့်စေတော်မူခဲ့ပြီး တပည့်သာဝကများနှင့်အတူ ပရိနိဗ္ဗာန် ပြုတော်မူခဲ့၏။

**စေတီတည်ထားကိုးကွယ်ကြခြင်း**

သိဒ္ဓတ္ထဘုရားရှင်သည် အနောမဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။ ထိုဥယျာဉ်တော်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထား ကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် လေးယူဇနာတိုင်တိုင် မြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ် မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီအတွင်း၌ ဌာပနာ သွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာ ခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# တိဿဗုဒ္ဓဝင်

သိဒ္ဓတ္ထဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားတစ်ဆူမျှ မပွင့်သော သုညကမ္ဘာတစ်ခု ဖြစ်ပေါ်ခဲ့သည်။ ထိုသုညကမ္ဘာကို လွန်မြောက်၍ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်နှစ်ကမ္ဘာအထက်၌ ဘုရားရှင်နှစ်ဆူ ပွင့်တော်မူသော မဏ္ဍကမ္ဘာ ဖြစ်ပေါ်ခဲ့သည်။ ထိုမဏ္ဍကမ္ဘာတွင် တိဿဘုရားရှင်နှင့် ဖုဿဘုရားရှင်တို့ ပွင့်တော်မူခဲ့ကြရာ ရှေးဦးစွာ ပွင့်သော ဘုရားရှင်သည် တိဿဘုရားရှင် ဖြစ်ခဲ့၍ လူတို့၏သက်တမ်း အနှစ်တစ်သိန်းတမ်းတွင် ပွင့်တော်မူခဲ့သည်။

## တိဿဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

တိဿဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် ချိန်တန်သင့်မြတ်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ခေမကနေပြည်တော် ဇနသန္ဓမင်းကြီး**၏ တောင်ညာစံဒေဝီ၊ အဂ္ဂမဟေသီ **ပဒုမာဒေဝီ** မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လစေ့ရောက်သောအခါ မယ်တော်မိဖုရားကြီးသည် အလောင်းတော်ကို အနောမအမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်မင်းသားကို ပညာရှိတို့နှင့် ဆွေတော်မျိုးတော် အပေါင်းတို့က "တိဿမင်းသား"ဟူ၍ အမည်မှည့်ခဲ့ကြကုန်၏။ အလောင်းတော်မင်းသား ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ တင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြသည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော်တိဿမင်းသားသည် အရွယ်တော်သို့ ရောက်သောအခါ **သုဘဒ္ဒါဒေဝီမင်းသမီးနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော ဂုဟာသေလ ရွှေနန်းဆောင်၊ နာရိသယ ရွှေနန်းဆောင်၊ နိသဘ ရွှေနန်းဆောင်ဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ သုဘဒ္ဒါမိဖုရားအမှူးရှိသော ရံရွေတော် သုံးသောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း ခုနစ်ထောင်တို့ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **အာနန္ဒမင်းသားဖြစ်ခဲ့၏။**

**တောထွက်တော်မူခြင်း**

အလောင်းတော်တိဿမင်းသားသည် ထိုသို့ စည်းစိမ်ကို ခံစားတော်မူနေစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူခဲ့ပြီး သုဘဒ္ဒါဒေဝီ မိဖုရားကြီးမှ သားတော်အာနန္ဒမင်းသားကို ဖွားမြင်သောအခါ သောနုတ္တရမည်သော **အာဇာနည်မြင်း**ကိုစီးလျက် တောထွက်ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတုလိုက် အားကျကာ တစ်ကုဋေသော ယောကျ်ားတို့လည်း လိုက်ပါရဟန်းပြုခဲ့ကြ၏။ အလောင်းတော်သည် ထိုရဟန်းတို့နှင့်အတူ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ ဝီရအမည်ရှိသော နိဂုံးနေ ဝီရသူဌေး၏သမီး လှူဒါန်းသော ယနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး ထိုအရပ်ရှိ ထင်းရှူးတောကြီး အတွင်းမှာပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ထင်းရှူးတောကြီးအတွင်း နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တစ်ပါးတည်း ကြွသွားတော်မူခဲ့သည်။ လမ်းခရီးအကြား၌ ဝိဇိတသင်္ဂါမကအမည်ရှိသော မုယောခင်းစောင့် လှူဒါန်းအပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍

**မဟာဗောဓိ (ပိတောက်)** ပင်ရင်း၌ ဖြန့်ခင်းလိုက်သည်နှင့်တစ်ပြိုင်နက် အတောင်လေးဆယ်ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့သည်။ ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်၍ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူခဲ့၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောက သုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့သည်။

## ဓမ္မစကြာတရားဦး ဟောကြားတော်မူခြင်း

တိဿဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော် မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ယသဝတီမြို့၌ နေကြကုန်သော တိဿဘုရားရှင်၏ (အဂ္ဂသာဝက)တပည့်မြတ် အလောင်းအလျာ ဗြဟ္မဒေဝမင်းသားနှင့် ဥဒယမင်းသားတို့ကို မြင်တော်မူခဲ့သည်။ ဘုရားရှင်သည် ထိုမင်းသားများရှိရာ ယသဝတီမြို့အနီး မိဂဒါယအမည်ရှိသော ဥယျာဉ်တော်သို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့၏။ ဥယျာဉ်တော်သို့ ရောက်လေလျှင် ဥယျာဉ်စောင့်ကို စေလွှတ်ကာ မင်းသားနှစ်ပါးတို့ကို ခေါ်စေတော်မူခဲ့သည်။ မင်းသားနှစ်ယောက်တို့သည် အခြံအရံပရိသတ်များနှင့်တကွ ဘုရားရှင်ထံ လာရောက်ခဲ့ကြ၏။ ထိုအခါ ဘုရားရှင်သည် မင်းသားနှစ်ပါးတို့ကို အမှူးထား၍ တရားနာရန် လာရောက်ကြကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော ဓမ္မစက္ကပဝတ္တနသုတ်တော်ကို ဟောတော်မူခဲ့သည်။ တရားဆုံးသောအခါ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

## ဂေါတမဘုရား အလောင်းတော် ဗျာဒိတ်ခံခြင်း

ဂေါတမဘုရားအလောင်းတော်သည် တိဿဘုရားရှင် ပွင့်တော် မမူမီကပင် ယသဝတီမြို့၌ **သုဇာတ** မည်သောမင်းဖြစ်ခဲ့၏။ အလောင်းတော်မင်းမြတ်သည် ၎င်းပိုင်သော ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြွေအရံပရိသတ်များကိုလည်းကောင်း မငဲ့မကွက် ရက်ရက်ကြီး စွန့်လွှတ်တော်မူ၍ ဇာတိဒုက္ခအစရှိသည်တို့မှ အလွန်ကြောက်လန့်သော စိတ်ရှိသဖြင့် တောထွက်ကာ ရှင်ရသေ့ပြု၍ နေခဲ့သည်။ အလောင်းတော် ရှင်ရသေ့သည် အလွန်တန်ခိုးကြီးခဲ့၏။ လောက၌ တိဿဘုရားရှင် ပွင့်တော်မူကြောင်း ကြားသိရသောအခါ ငါးမျိုးသော ပီတိဖြင့် တွေ့ထိပုံ့နှံ့၍ ဘုရားရှင်ထံ ချဉ်းကပ် ဝပ်လျိုးရှိခိုးခဲ့လေသည်။ တစ်ဖန်တန်ခိုးဣဒ္ဓိပါဒ်ဖြင့် နတ်ပြည်သို့ သွားရောက်ကာ စိတ္တလတာဥယျာဉ်သို့ ဝင်ရောက်၍ တစ်ဂါဝုတ်ခန့်ပမာဏ ရှိသော ရတနာပန်းခြင်းတောင်းကြီး၌ ပင်လယ်ကသစ်ပန်း၊ မန္ဒာရဝနတ်ပန်းများကို အပြည့်ထည့်၍ ဘုရားရှင်အား ပူဇော်ခဲ့၏။ ထိုမျှပင်မကသေး အရိုးကား ပတ္တမြား၊ အထွတ်ကား ရွှေ၊ အရွက်ကား ပတ္တမြားနီတို့ဖြင့်လည်းကောင်း၊ ကောင်းသောရနံ့ရှိသည့် ဝတ်ဆံတို့ဖြင့်လည်းကောင်း၊ ပြုလုပ်အပ်သည့်ထီးနှင့် တူသော ပဒုမာထီးတစ်လက်ကိုလည်း ဘုရားရှင်၏ ဦးခေါင်းတော်၌ ဆောင်းမိုးပူဇော်ခဲ့၏။ ထိုအခါ တိဿဘုရားရှင်က "ဤကမ္ဘာမှ နောက်ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ဤသုဇာတရသေ့သည် ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ့်"ဟု အလောင်းတော်အား ဗျာဒိတ်စကားမြွက်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ဘုရားရှင်၏ ဗျာဒိတ်စကားကြားရသောအခါ အလွန်ကြည်ညိုသော စိတ်ဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာဆောက်တည်တော်မူခဲ့သည်။

## တိဿဘုရားရှင်၏ တပည့်သာဝကများ

တိဿဘုရားရှင်၏(အဂ္ဂသာဝက)တပည့်မြတ်အစုံတို့မှာ အရှင်ဗြဟ္မဒေဝမထေရ်နှင့် အရှင်ဥဒယမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သမင် မထေရ်ဖြစ်ခဲ့၏။ အရှင်မ ဖုဿာထေရီနှင့် အရှင်မ သုဒတ္တာထေရီတို့မှာ ဘုရားရှင်၏(အဂ္ဂသာဝိကာ)မြတ်သော တပည့်မ

အစုံတို့ ဖြစ်ကုန်လျက် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်မှာ ပိတောက်ပင် ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက)မြတ်သော အလုပ်အကျွေးဒါယကာတို့မှာ သမ္ဗလသူဌေးနှင့် သိရိမာသူဌေးတို့ဖြစ်ခဲ့ကုန်၍(အဂ္ဂဥပဋ္ဌိကာ)မြတ်သော အလုပ်အကျွေး ဒါယိကာမတို့သည် ကိသာဂေါတမီဥပါသိကာမနှင့် ဥပသေနာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ တိဿဘုရားရှင်၏ အရပ်တော်မှာ အတောင်ခြောက်ဆယ် မြင့်လျက် ဟိမဝန္တာတောင်ကြီးအသွင် ဖူးမြင်ရသူတို့ ထင်ခဲ့ကြကုန်၏။

## (ဓမ္မာဘိသမယ)တရားပွဲကြီးများ

တိဿဘုရားရှင်၏ ယသဝတီမြို့အနီး မိဂဒါယဥယျာဉ်တော်ကြီး၌ အဂ္ဂသာဝက အလောင်းအလျာ ဗြဟ္မဒေဝမင်းသားနှင့် ဥဒယမင်းသားတို့ကို အမျှူးထား၍ သတ္တဝါတို့အား ဓမ္မစကြာတရားဦးကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ)တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်ရာသော လူနတ်ဗြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက် တိဿဘုရားရှင် အလောင်းတော်ဘဝ တောထွက်၍ ရဟန်းပြုတော်မူခဲ့စဉ်အခါက လိုက်ပါရဟန်းပြုခဲ့ကြကုန်သော ရဟန်းတို့သည် “ဘုရားရှင် ဓမ္မစကြာတရားတော်ကို ဟောတော်မူလေပြီ”ဟု ကြားသိရသောအခါ ဘုရားရှင် သီတင်းသုံးတော်မူရာ ယသဝတီမြို့အနီး မိဂဒါယဥယျာဉ်ကြီးသို့ ကြွလာခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ထိုရဟန်းတော်တို့အား တရားဟောတော်မူခဲ့၏။ ထိုတရားပွဲသည် ဒုတိယအကြိမ်မြောက်(ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌လည်း ကုဋေကိုးဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် သတ္တဝါများ ကြီးပွားကြောင်းခေါ် မင်္ဂလာတရားတော်နှင့် စပ်လျဉ်း၍ လူနတ်ဗြဟ္မာသတ္တဝါတို့ စုဝေးခဲ့ကြပြီး တိဿဘုရားရှင်အား လျှောက်ထားခဲ့ကြသည်။ ထိုအခါ ဘုရားရှင်က လူနတ်

ပြဟ္မာ သတ္တဝါအပေါင်းတို့အား မင်္ဂလာတရားတော်ကို ဟောကြားတော်မူခဲ့၏။ ထိုတရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေခြောက်ဆယ်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

တိဿဘုရားရှင်လက်ထက်တော်တွင် သာဝက (သန္နိပါတ)အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ယသဝတီမြို့တွင် ဘုရားရှင် ဝါကပ်တော်မူစဉ်က ဝါဦးတွင် ရဟန်းပြုခဲ့ကုန်၍ ဝါတွင်း၌ ရဟန္တာဖြစ်ခဲ့ ကြကုန်သော ရဟန္တာတစ်သိန်းတို့ ခြံရံလျက် တိဿဘုရားရှင်သည် သီတင်း ကျွတ်လပြည့်နေ့၌ ရဟန္တာချည်းသက်သက် ပုထုဇဉ် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန်းတို့ မရောယှက်သည့် ဝိသုဒ္ဓိပဝါရဏာပြု တော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ)အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထိုမှတစ်ဖန် နာရိဝါဟနမြို့၌ သုဇာတမင်းကြီး၏သား နာရိဝါဟနမင်းသည် တိဿဘုရားရှင် နာရိဝါဟနမြို့သို့ ဒေသစာရီကြွချီ ရောက်ရှိတော်မူခဲ့ကြောင်း ကြားသိခဲ့ရ၏။ အခြံအရံပရိသတ်နှင့် တကွ ခရီးဦးကြိုဆိုခဲ့ကုန်ပြီး ရဟန်းသံဃာနှင့် တကွသော ဘုရားရှင်ကို ပင့်ဖိတ်ကာ ခုနစ်ရက်ပတ်လုံး အသဒိသအလှူကြီးကို လှူဒါန်းခဲ့၏။ ထိုပြင်ဧင်းမင်းသည် ထီးနန်းစည်းစိမ်ကို သားတော်အား အပ်နှင်းခဲ့ပြီးနောက် အခြံအရံပရိသတ်နှင့်တကွ ဘုရားရှင် အထံတော်၌ ရဟန်းပြုခွင့်တောင်းခံခဲ့သည်။ ဘုရားရှင်သည် မင်းနှင့်တကွ အခြံအရံပရိသတ်တို့ကို ဧဟိဘိက္ခုခေါ်တော်မူရာ ရဟန်းပြုပေးတော်မူခဲ့၏။ ဧင်းအပြင် ထိုထိုအရပ်မှ လူများအပေါင်းသည် နာရိဝါဟန မင်းကို အတုလိုက်ကာ ရဟန်းပြုခဲ့ကြကုန်၏။ ထိုအခါ တိဿဘုရားရှင်သည် ရဟန်းအပေါင်းကိုးသန်းတို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက် အခါတစ်ပါးဝယ် ခေမကမြို့တော် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေးတွင် ဘုရားရှင် ဟောကြားတော်မူအပ်သော ဗုဒ္ဓဝင်ဒေသနာတော်ကို ကြားနာကြရကုန်၍ ရှစ်သန်းသော လူအပေါင်းတို့သည် ဘုရားရှင်၏အထံတော်၌ ရဟန်းပြုခဲ့ကြကုန်၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတို့ ခြံရံလျက် တိဿဘုရားရှင်သည် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

တိဿဘုရားရှင်သည် လောက၌ အနှစ်တစ်သိန်းတို့ ကာလပတ်လုံး တည်နေတော်မူလျက် သတ္တဝါတို့အား သံသရာဝဲစလုတ်မှ ကယ်ထုတ်တော်မူခဲ့သည်။ ဘုရားရှင်သည် လေကြောင့် ကင်းပျောက်ရသော မိုးတိမ်ကဲ့သို့လည်းကောင်း၊ နေကြောင့် ချုပ်ပျောက်ရသော ဆီးနှင်းပေါက်ကဲ့သို့လည်းကောင်း၊ ဆီမီးကြောင့် ကွယ်ပျောက်ရသော အမိုက်မှောင်ကဲ့သို့လည်းကောင်း တပည့်သာဝကနှင့်တကွ ပရိနိဗ္ဗာန်စံတော်မူ ခဲ့လေပြီ။

**စေတီတည်ထားကိုးကွယ်ကြခြင်း**

တိဿဘုရားရှင်သည် နန္ဒာရာမ ကျောက်တိုက်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် သုံးယူဇနာတိုင်တိုင် မြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ် မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓာတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်သည်။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာ ခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# ဖုဿဗုဒ္ဓဝင်

တိဿဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ထိုမဏ္ဍကမ္ဘာ၌ပင်လျှင် လူတို့၏အသက်တမ်း အနှစ်တစ်သိန်းမှ တဖြည်းဖြည်းဆုတ်ယုတ်ကာ ဆယ်နှစ်သက်တမ်းသို့ရောက်ခဲ့၏။ တစ်ဖန် တိုးတက်ပြန်ကာ အသင်္ချေယျတမ်းသို့ ရောက်ပြီးလျှင် နောက်ထပ်ဆုတ်ယုတ်ပြန်၍ လူတို့၏အသက်တမ်း ကိုးသောင်းတမ်းသို့ ရောက်သောအခါ ဖုဿဘုရားရှင် ပွင့်တော်မူခဲ့သည်။

**ဖုဿဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

ဖုဿဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်ရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်နတ်သားသည် နတ်ဗြဟ္မာတို့ တောင်းပန်မှုကြောင့် တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ကာသိက** နေပြည်တော် **ဇယသေန** အမည်ရှိသော မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **သိရိမာ** မိဖုရားကြီးဝမ်းတိုက်၌ ပဋိသန္ဓေ နေတော်မူခဲ့သည်။ ဆယ်လစေ့မြောက်သောအခါ မယ်တော်မိဖုရားကြီးမှ အလောင်းတော်မင်းသားကို သိရိမာအမည်ရှိသော ဥယျာဉ်တော်၌ ဖွားမြင်တော်မူခဲ့၏။ အလောင်းတော်ကို "ဖုဿမင်းသား" ဟူ၍ အမည် မှည့်ခဲ့ကြသည်။ အလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသော အခါတို့၌ နိမိတ်ကြီးများ၊ အံ့ဩဖွယ်ရာများ ထင်ရှားဖြစ်ပေါ်ခဲ့ကုန်၏။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် ဖုဿမင်းသားသည် အရွယ်ရောက်သောအခါ **ကိသာဂေါတမီ** မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်မျှအောင် ဆောက်လုပ်ထားသော ဂရုဠပက္ခ ရွှေနန်းဆောင်၊ ဟံသ ရွှေနန်းဆောင်၊ သုဝဏ္ဏဘာရ ရွှေနန်းဆောင်ဟူသော ရွှေနန်းပြာသာဒ် သုံးဆောင်တို့၌ ကိသာဂေါတမီ မိဖုရားအမှူးရှိသော

ရဲရွှေတော်သုံးသောင်း တို့၏ ဖျော်ဖြေ လုပ်ကျွေးခြင်းကို ခံယူလျက် မင်းစည်းစိမ်ကို ခံစားကာ ထီးနန်း စိုးစံတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ အနုပမ မင်းသား ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ဖုဿမင်းသားသည် ထီးနန်းစိုးစံတော်မူနေစဉ် နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူပြီး၍ ကိသာဂေါတမီ မိဖုရားကြီးမှ အနုပမအမည် ရှိသော သားတော်ကို ဖွားမြင်သောအခါ **ဆင်ယာဉ်ကိုစီးလျက်** တောထွက် ၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတု လိုက်အားကျကာ တစ်ကုဋေသော ယောကျ်ားတို့ ရဟန်းပြုခဲ့ကြသည်။ ဖုဿ ဘုရားအလောင်းတော်သည် ထိုရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာအောင် ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ မထင်ရှားသော သူဌေးတစ်ဦး၏သမီး သိရိဝဍ္ဎာလျှုဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီးနောက် ထိုအရပ်ရှိ ရင်းတိုက်တောအတွင်း မှာပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ရင်းတိုက်တော၌ နေခိုတော်မူပြီးနောက် ညနေချမ်း အချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါ၍ တစ်ပါးတည်း **မဟာဗောဓိ (သျှိသျှား)**ပင် ရှိရာသို့ ကြွတော်မူလေရာ လမ်းခရီးကြား၌ သိရိဝဍ္ဎအမည်ရှိသော ဥပါသကာ လှူဒါန်းသည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံ တော်မူခဲ့၍ မဟာဗောဓိ (သျှိသျှား)ပင်၏ အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင် နက် သုံးဆယ့်ရှစ်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာခဲ့သည်။ ထိုအပရာဇိတပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံတော်မူ၍ အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်ကာ တရားအားထုတ်တော် မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူပြီးနောက် ညဦး ယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ် တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယ ဉာဏ်တော်ကို

ရတော်မူကာ ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူပြီး "တဏှာယောက်ျား ဟယ်လက်သမား. . . ငါသည် သင်လက်သမား ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်တိုက်ကြီး၏ မိုးကာလွှမ်းအုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို အရဟတ္တမဂ်ဉာဏ် သန်လျက်ဖြင့် ခွါဖျက်လွှင့်ပစ်အပ်ကုန်ပြီ"စသော ဉဒါန်းကို ကျူးရင့်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ဖုဿဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူပြီးလျှင် အဋ္ဌမ သတ္တာဟသို့ ရောက်သောအခါ ပြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော် မူပြီး၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှု ဆင်ခြင် လေလျှင် ကိုယ်တော်မြတ်နှင့်အတူ တောထွက် ရဟန်းပြုခဲ့ကြသည့် တစ်ကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းများ ရှိရာ သက်သမြို့အနီး ဣသိပတန အမည်တွင်သော မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့သည်။ မိဂဒါဝုန်တောသို့ ရောက်သောအခါ ထိုတစ်ကုဋေသော ရဟန်းတို့ကို အမှူးထား၍ တရားနာရန် လာရောက်ကြကုန်သော လူနတ်ပြဟ္မာသတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော် မူခဲ့သည်။ ဒေသနာတော်၏အဆုံး၌ ကုဋေတစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ် တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ဖုဿဘုရားရှင် လက်ထက်တော်တွင် ဂေါတမမြတ်စွာဘုရားအလောင်း တော်သည် အရိန္ဒမပြည်၌ **ဝိဇိတာဝီမင်းကြီး** ဖြစ်ခဲ့သည်။ မင်းကြီးသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ဘုရားရှင်အား လွန်မင်းစွာ ကြည်ညို သွားသဖြင့် ကြီးစွာသောအလှူကို လှူဒါန်းခဲ့ရုံမျှမက တိုင်းပြည်ကြီးကိုပါ စွန့်လွှတ်ပြီး ရဟန်းပြုခဲ့သည်။ ရဟန်းဘဝဖြင့် ပိဋကသုံးပုံတို့ကို သင်ယူကာ ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ လူများအပေါင်းအား တရားဟောကြား ဆုံးမတော်မူလျက် သီလပါရမီကိုလည်း ကောင်းစွာဖြည့်ကျင့်တော်မူခဲ့သည်။

ထိုအခါ ဖုဿဘုရားရှင်က အလောင်းတော် ဝိဇိတာဝီ ရဟန်းတော်ကို "ဤကမ္ဘာမှနောက် ကိုးဆယ့်နှစ်ကမ္ဘာမြောက်၌ ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရလေလျှင် လွန်စွာဝမ်းမြောက်လှသဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူခဲ့သည်။

**ဖုဿဘုရားရှင်၏ တပည့်သာဝကများ**

ဖုဿဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်အစုံတို့မှာ အရှင်သုရက္ခိတမထေရ်နှင့် အရှင်ဓမ္မသေနမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သဘိယမထေရ် ဖြစ်ခဲ့သည်။ အရှင်မ စာလာထေရီနှင့် အရှင်မ ဥပစာလာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သောတပည့်မများ ဖြစ်ခဲ့ကြကုန်ပြီး ဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်မှာ သျှိသျှားပင်ဖြစ်ခဲ့သည်။ ဘုရားရှင်၏ (အဂ္ဂဥပဋ္ဌာက)မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ ဓနဥ္စယသူဌေးနှင့် ဝိသာခသူဌေးတို့ ဖြစ်ခဲ့ကြကုန်လျက် (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ ပဒုမာဥပါသိကာမနှင့် နာဂါဥပါသိကာမတို့ ဖြစ်ခဲ့ကြသည်။ ဖုဿ ဘုရားရှင်၏ အရပ်တော်သည် ငါးဆယ့်ရှစ်တောင်မြင့်တော်မူ၍ နေမင်းကဲ့သို့ တင့်တယ်တော်မူခဲ့ပြီး လမင်းကဲ့သို့ နှစ်သက်ဖွယ် အတိဖြစ်ခဲ့သည်။

**(ဓမ္မာဘိသယမ) တရားပွဲကြီးများ**

ဖုဿဘုရားရှင်၏ သက်ဿမြို့အနီး ကာသိပတန အမည်တွင်သော မိဂဒါဝုန်တော၌ ရဟန်းတော်တစ်ကုဋေတို့ကို အမျူးထား၍ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ဓမ္မစက္ကပဝတ္တန သုတ်တော်ကို ဟောတော်မူခဲ့သော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

တစ်ဖန် ဗာရာဏသီပြည် သိရိဝဍ္ဎအမည်ရှိသော မင်းသည် များစွာသော မင်းစည်းစိမ်ကို စွန့်ပယ်ကာ ရှင်ရသေ့ပြုခဲ့၏။ ထိုမင်းနှင့်အတူ ကိုးသန်းမျှသော

လူတို့သည်လည်း ရှင်ရသေ့ ပြုခဲ့ကြပြန်၏။ ထိုရသေ့တို့၏ နေရာသို့ ဖုဿ ဘုရားရှင် ကြွသွားတော်မူခဲ့ပြီး တရားဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရား ပွဲကြီး၌ ကိုးသန်းမျှသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ဖုဿဘုရားရှင်သည် သားတော်အနုပမမင်းသားအား တရားဟောတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက်(ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲ၌ ရှစ်သန်းသော သတ္တဝါတို့ သစ္စာလေးပါ တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

ဖုဿဘုရားရှင် လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေး ကြီးသုံးကြိမ် ဖြစ်ခဲ့သည်။ ကဏ္ဏကုဇ္ဇမြို့နေ ဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ် အလောင်းအလျာ ဖြစ်ခဲ့ကြကုန်သော သုရက္ခိတ မင်းသားနှင့် ဓမ္မသေနအမည်ရှိသော ပုရောဟိတ်၏ သားတို့သည် ဘုရားရှင်အား ပင့်ဖိတ်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးကို ပေးလှူခဲ့၏။ ဘုရားရှင်၏ တရားတော်ကို ကြားနာရသဖြင့် ကြည်ညိုသဒ္ဓါဖြစ်ကာ အခြံအရံ ယောကျ်ားပေါင်း ခြောက်သန်းတို့နှင့် အတူတကွ ရဟန်းပြုခဲ့ကြကုန်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ထိုခြောက်သန်းသော ရဟန္တာ အရှင်မြတ်တို့၏ အလယ်၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

တစ်ဖန် ကာသိကနေပြည်တော် ခမည်းတော် ဇေယျသေနမင်း အမှူးပြုသော မဆွေတော်မျိုးတော်တို့အား ဗုဒ္ဓဝင်ဒေသနာတော်ကို ဟောကြားတော် မူခဲ့သည်။ ထိုဒေသနာတော်ကို ကြားနာရသော သတ္တဝါများအနက် ငါးသန်းသော ယောကျ်ားတို့သည် ဧဟိဘိက္ခု ရဟန်းဖြစ်ခဲ့ကုန်၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြကုန်၏။ ထိုငါးသန်းသော ရဟန်းတော်တို့၏ အလယ်၌ ဘုရားရှင် သီတင်းသုံးနေတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်း အဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ)အစည်းအဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက်တစ်ဖန် သတ္တဝါများ ကြီးပွားကြောင်းခေါ် မင်္ဂလာတရားတော်ကို ဟောကြားပါရန် လူနတ်ဗြဟ္မာသတ္တဝါတို့က ဘုရားရှင်အား လျှောက်ထား တောင်းပန်ခဲ့ကြရာ ဘုရားရှင်က ထိုနတ်လူအပေါင်းတို့အား မင်္ဂလာတရား တော်ကို ဟောကြားတော်မူခဲ့သည်။ ထိုမင်္ဂလာတရားတော်ကို ကြားနာ ရ၍ လေးသန်းသော ယောက်ျားတို့သည် ရဟန်းပြုကြကုန်ပြီး အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတော်တို့၏ အလယ်၌ ဘုရားရှင်သည် သီတင်း သုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် တတိယ အကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ဖုဿဘုရားရှင်ပွင့်တော်မူရာ အသက်တမ်းသည် အနှစ်ကိုးသောင်းတမ်း ဖြစ်ခဲ့၍ ဘုရားရှင်သည် ထိုမျှလောက် အသက်တည်နေတော်မူလျက် များစွာသော သတ္တဝါအပေါင်းတို့ကို ကယ်တင်တော်မူခဲ့၏။ အခြံအရံ အကျော်အစော ရှိတော်မူသော မြတ်စွာဘုရားသည် တပည့်သာဝကများနှင့် အတူတကွ ပရိနိဗ္ဗာန် ပြုတော်မူခဲ့လေပြီ။

**ဓာတ်တော်များ ပျံ့နှံ့တည်ရှိခြင်း**

ဖုဿဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် "ငါဘုရားမရှိသည့်နောက် ခပ်သိမ်းသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန် ရောက်ကြစေရန် ငါဘုရား၏ ဓာတ်တော် တို့သည် သက်တော်ရှည် ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ် မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓာတ်တော် မဖြစ်စေဘဲ အစိတ်စိတ် အမွှာမွှာ ကွဲပြား ပျံ့နှံ့၍ တည်ကြပါစေသတည်း"ဟု ဓိဋ္ဌာန်တော်မူခဲ့ပြီး သေနာရာမကျောင်း တိုက်ကြီး၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့၏။ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ် ဗြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့ လေသတည်း။

# ဝိပဿီဗုဒ္ဓဝင်

ဖုဿဘုရားရှင်ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် ကိုးဆယ့်တစ်ကမ္ဘာ၌ လူတို့၏အသက်တမ်း အသင်္ချေယျ တမ်းမှ ဆုတ်ယုတ်ခဲ့၍ အနှစ်ရှစ်သောင်းတမ်းသို့ ရောက်သောအခါ ဝိပဿီ ဘုရားရှင် လောက၌ ပွင့်တော်မူခဲ့သည်။

## ဝိပဿီဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

ဝိပဿီဘုရား အလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး သည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ ဆင်းသက်ကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်း တော်သည် နတ်ဗြဟ္မာတို့ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ဗန္ဓုမတီ**မင်းနေပြည်တော် **ဗန္ဓုမ**အမည်ရှိသော မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ ဗန္ဓုမတီအမည်ရှိသော မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန် ရောက်သောအခါ သားသမင်တို့အား ဘေးမဲ့ပေးရာဖြစ်၍ ခေမအမည်ရှိသော မိဂဒါဝုန် ဥယျာဉ်တော်အတွင်း၌ မယ်တော်မိဖုရားကြီးမှ သားတော်အလောင်း မင်းသားကို ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်မင်းသားသည် ဖွားတော်မူ သည်မှ စ၍ မည်သည့်အခါမှ မျက်စိကို မှိတ်သည် မရှိခဲ့။ အမြဲဖွင့်သော မျက်စိ တို့ဖြင့်သာ ကြည့်ရှုတတ်သည်ကို အစွဲပြု၍ "ဝိပဿီ မင်းသား"ဟု အမည်တွင် တော်မူခဲ့သည်။ အလောင်းတော်မင်းသားသည် ယင်းမျက်စိတော်တို့ဖြင့် နေ့၌ဖြစ်စေ ညဉ့်၌ဖြစ်စေ ထက်ဝန်းကျင် တစ်ယူဇနာတိုင်တိုင် အဆီးအတား အပိတ်အပင်မရှိဘဲ မြင်နိုင်တော်မူခဲ့သည်။ အလောင်းတော်မင်းသား ပဋိသန္ဓေ နေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့ သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့ဩ ဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် ဝိပဿီမင်းသားသည် အရွယ်တော်သို့ ရောက်သော အခါ **သုဒဿနာမင်းသမီးနှင့်** ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော် မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော နန္ဒ ရွှေနန်းဆောင်၊ သုနန္ဒ ရွှေနန်းဆောင်၊ သိရိမာ ရွှေနန်းဆောင် ဟူသော ရွှေနန်း ပြာသာဒ်သုံးဆောင်တို့၌ သုဒဿနာမိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း တစ်သိန်းနှစ်သောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်း ရှစ်ထောင်တို့ ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **သမဝတ္တက္ခန္ဓမင်းသား** ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ဝိပဿီမင်းသားသည် ထိုသို့ထီးနန်းစည်းစိမ်ကို ခံစား တော်မူနေစဉ် နတ်တို့ဖန်ဆင်းပြသခဲ့သော နိမိတ်ကြီးလေးပါးတို့ကို မြင်တော် မူခဲ့ပြီး သုဒဿနာမိဖုရားကြီးမှ သားတော်သမဝတ္တက္ခန္ဓမင်းသားကို ဖွားမြင် တော်မူသည့်နေ့၌ပင် အာဇာနည်မြင်းကသော **ရထားယာဉ်ဖြင့်** တောထွက်၍ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်မင်းသား ရဟန်းပြုသည်ကို အတု လိုက်အားကျကာ ဗန္ဓုမတီပြည်သား ရှစ်သောင်းလေးထောင်သော ယောကျ်ား တို့သည်လည်း ရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းတော် များနှင့်အတူ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူခဲ့သည်။ ဘုရား ဖြစ်မည့် ကဆုန်လပြည့်နေ့၌ သုဒဿနသူဌေး၏ သမီးလှူဒါန်းခဲ့သော ဃနာ နို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူ၍ ထိုအရပ်ရှိ အင်ကြင်းတောအတွင်း ၌ပင် နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် အင်ကြင်းတောအတွင်း၌ နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တစ်ပါးတည်း ကြွသွားတော်မူခဲ့သည်။ လမ်းခရီးကြား၌ သုဇာတ အမည်ရှိသော မုယော ခင်းစောင့် လှူဒါန်းသည့် မြက်ရှစ်ဆုပ်တို့ကို အလှူခံတော်မူခဲ့၍ ဗောဓိ(သခွတ်)

ပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်လာခဲ့၏။ ထိုအပရာဇိတ ပလ္လင်တော်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည် တော်မူကာ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ် စစ်သည်တို့ကို အောင်မြင်တော်မူခဲ့၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ် တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ဝိပဿီဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင်အနီး မှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ပြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံ တော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူလေလျှင် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲ ခဏ္ဍမင်းသားနှင့် တိဿအမည်ရှိသော ပုရောဟိတ်သားတို့ကို မြင်တော်မူခဲ့သည်။ ထိုခဏ္ဍမင်းသားနှင့် ပုရောဟိတ်သားတိဿ တို့သည် ဘုရားရှင်၏ တပည့်မြတ်အစုံ (အဂ္ဂသာဝက) အလောင်းအလျာများ ဖြစ်ခဲ့ ကြသည်။ ဘုရားရှင်သည် ထိုမင်းသားနှင့် ပုရောဟိတ်သားရှိရာ ဗန္ဓုမတီ မြို့တော်အနီး သားသမင်တို့အား ဘေးမဲ့ ပေးရာဖြစ်၍ ခေမအမည်ရှိသော မိဂဒါဝုန်ဥယျာဉ်သို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့၏။ ဥယျာဉ်တော်သို့ ဘုရားရှင်ရောက်လျှင် ဥယျာဉ်မှူးကို စေလွှတ်၍ ထိုပုဂ္ဂိုလ် နှစ်ဦးကို ခေါ်စေခဲ့သည်။ ထိုဘုရားရှင်သည် ထိုပုဂ္ဂိုလ်နှစ်ဦး အမှူးထား၍ တရားနာရန် ရောက်လာကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါတို့အား ရှေးရှေး ဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော် မူခဲ့သည်။ ဓမ္မစကြာဒေသနာ ဆုံးသောအခါ မရေ မတွက် နိုင်သော လူနတ်ပြဟ္မာသတ္တဝါတို့ မဂ်ဖိုလ် တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း။**

ဝိပဿီဘုရားရှင်လက်ထက်တွင် ဂေါတမဘုရား အလောင်းတော်သည် တန်ခိုးအာနုဘော် ကြီးမားသော **အတုလနဂါးမင်း** ဖြစ်ခဲ့သည်။ အလောင်းတော် နဂါးမင်းသည် ကုဋေပေါင်းများစွာသော နဂါးတို့ခြံရံလျက် လောက၏ အကြီး အမျှူးဖြစ်တော်မူသော ဝိပဿီ ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်လျက် ရတနာ့ခုနစ်ပါးတို့ဖြင့် ပြီးသော မဏ္ဍာပ်တော်ကြီးအတွင်း၌ သီတင်းသုံးတော်မူကြစေပြီး ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကြီးကို ပေးလှူခဲ့၏။ ရတနာခုနစ်ပါးဖြင့် ခြယ်စီထားအပ်သော ရွှေအင်းပျဉ်ကိုလည်း ဘုရားရှင်အား လှူဒါန်းခဲ့သည်။ ထိုအခါ ဘုရားရှင်သည် အလောင်းတော် အတုလနဂါးမင်းကို "ဤအတုလ နဂါးမင်းသည် ဤကမ္ဘာမှ နောက်ကိုးဆယ့်တစ်ကမ္ဘာမြောက်၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ် ဖြစ်လတ့်"ဟူ၍ ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။ ဘုရားရှင်၏ ဗျာဒိတ်စကားကြားရလျှင် အလောင်းတော် အတုလနဂါးမင်းသည် ပါရမီ ဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်တော်မူခဲ့သည်။

**ဝိပဿီဘုရားရှင်၏ တပည့်သာဝကများ**

ဝိပဿီဘုရားရှင်၏ (အဂ္ဂသာဝက)တပည့်မြတ်တို့သည် အရှင်ခဏ္ဍမထေရ်နှင့် အရှင်တိဿမထေရ် ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင် အသောကမထေရ် ဖြစ်ခဲ့သည်။ အရှင်မ စန္ဒာထေရီနှင့် အရှင်မ စန္ဒမိတ္တာထေရီ တို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မတို့ ဖြစ်ကုန်၍ သခွတ်ပင်သည် ဘုရားရှင်၏ ပွင့်တော်မူရာ ဗောဓိပင်ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာတို့သည် ပုနဗ္ဗသုမိတ္တသူဌေးနှင့် နာဂသူဌေးတို့ ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ သိရိမာဥပါသိကာမနှင့် ဥတ္တရာဥပါသိကာမတို့ ဖြစ်ခဲ့ကြ ကုန်၏။ ဝိပဿီဘုရားရှင်၏ အရပ်တော်မှာ အတောင်ရှစ်ဆယ်မြင့်လျက် ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည် ထက်ဝန်းကျင် ခုနစ်ယူဇနာ တိုင်တိုင် ထွန်းလင်းတောက်ပတော်မူခဲ့သည်။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ဝိပဿီဘုရားရှင်၏ ဗန္ဓုမတီမြို့အနီး ခေမအမည်ရှိသော မိဂဒါဝုန် ဥယျာဉ်တော်၌ ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့ကို အမျူးထား၍ လူနတ် ပြဟ္မာသတ္တဝါတို့အား ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့၏။ ထိုတရားပွဲကြီး၌ မရေမတွက်နိုင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင် ခဲ့ကြလေသည်။

ထို့နောက် ဝိပဿီဘုရားရှင်သည် ဗန္ဓုမတီမြို့အနီး ခေမမိဂဒါဝုန်ဥယျာဉ် တော်၌ သီတင်းသုံးတော်မူ၍ ခဏ္ဍမင်းသားနှင့် တိဿလုလင်ကို တရားဟော ဆုံးမတော်မူသဖြင့် ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့ ရဟန်းပြုတော်မူခဲ့ကြ ကြောင်း ကြားသိကြကုန်သော ဗန္ဓုမတီမြို့သား ရှစ်သောင်းလေးထောင် တို့လည်း ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့ကို အတုလိုက်ကာ ရဟန်းပြုခဲ့ကြ ကုန်၏။ ထိုရဟန်းတော်တို့ကို အမျူးထား၍ ဘုရားရှင် ဟောကြားတော် မူခဲ့သော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့၏။ ထိုတရားပွဲကြီးတွင် ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက် တစ်ဖန် ဝိပဿီဘုရားအလောင်းတော် တောထွက်၍ ရဟန်း ပြုစဉ်အခါက လိုက်ပါရဟန်းပြုခဲ့ကြကုန်သော ရှစ်သောင်းလေးထောင်သော ရဟန်းတို့သည် ကဆုန်လပြည့် ဘုရားဖြစ်မည့်နေ့၌ အလောင်းတော် တစ်ပါးတည်း ဗောဓိမဏ္ဍိုင်သို့ ကြွသွားသောအခါ “အလောင်းတော်သည် အပေါင်းအသင်းဂိုဏ်းဂဏနှင့် နေခြင်း၌ ငြီးငွေ့တော်မူသဖြင့် တစ်ပါးတည်း သီတင်းသုံးနေတော်မူလိုဟန် ရှိသည်။ အလောင်းတော်ကို ဘုရားဖြစ် သောအခါမှ ငါတို့ဖူးမြင်ကြကုန်တော့အံ့”ဟု ကြံစည်ကြကာ ဇမ္ဗူဒိပ်ကျွန်း အတွင်းသို့ ရှေးရှုလှည့်လည် ဖဲသွားခဲ့ကြကုန်၏။ ထိုရဟန်းအပေါင်းတို့သည် “ဝိပဿီမင်းသား ဘုရားဖြစ်၍ ဓမ္မစကြာတရား ဟောတော်မူသည်”ဟု သတင်း စကားကြားကြရသော အခါမှသာ ဘုရားရှင်ရှိရာ ဗန္ဓုမတီနေပြည်တော်အနီး ခေမမိဂဒါဝုန်ဥယျာဉ်သို့ လာရောက်စည်းဝေးခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်ကို အတုလိုက်၍ ရဟန်းပြုခဲ့ကြသည့် ရဟန်းတော်တို့အား ဘုရားရှင်တရား

ဟောတော်မူခဲ့သော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသယမ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီးတွင် ရှစ်သောင်းလေးထောင်သော အတုလိုက် ရဟန်းပြုခဲ့ကြသည့် ရဟန်းတော်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

ဝိပဿီဘုရားရှင်လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်း အဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ ဝိပဿီဘုရားရှင်သည် ဗန္ဓုမတီနေပြည်တော် အနီး ခေမမိဂဒါဝုန်ဥယျာဉ်တော်အတွင်း ခဏ္ဍမင်းသားနှင့် တိဿလုလင်တို့ကို အတုလိုက် ရဟန်းပြုခဲ့ကြသည့် ရဟန်းပေါင်း ရှစ်သောင်းလေးထောင်နှင့် ကိုယ်တော်မြတ်ကို အတုလိုက်ရဟန်းပြုခဲ့ကြသည့် ရဟန်းပေါင်း ရှစ်သောင်း လေးထောင် နှစ်ရပ်ပေါင်း တစ်သိန်းခြောက်သောင်း ရှစ်ထောင်သော ရဟန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော် မူခဲ့သည်။ ထိုအစည်းအဝေးကား ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက် အခါတစ်ပါး၌ ဝိပဿီဘုရားရှင်သည် ရေမီးအစုံစုံသော တန်ခိုး ပြာဋိဟာ ပြတော်မူသည်ကို ဖူးမြင်ကြရ၍ ရဟန်းပြုကြကုန်သော တစ်သိန်းသော ရဟန်းတို့ အစည်းအဝေးသည် ဖြစ်ခဲ့၏။ ထိုအစည်းအဝေးသည် ဒုတိယ အကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီးဖြစ်၏။

ထို့နောက် တစ်ဖန် ဝိပဿီဘုရားရှင်၏ ဖတူမိကွဲ မင်းသားညီနောင် သုံးယောက်တို့သည် နယ်စွန်နယ်ဖျားက ထကြွသောင်းကျန်းခဲ့ကြသည့် သူပုန် သူကန်တို့ကို ငြိမ်းအေးငြိမ်သက်စေ၍ ပြန်လာခဲ့ကြရာတွင် ခမည်းတော် မင်းတရားကြီးက သားတော်သုံးပါးကို အားရကျေနပ်တော်မူ၍ လိုသောဆုကို တောင်းစေခဲ့သည်။ ထိုမင်းသား သုံးပါးသည် အခြားဆုကို မတောင်း။ နောင်တော်ဝိပဿီဘုရားရှင်အား လုပ်ကျွေးပြုစုခွင့်ဆုကိုသာ တောင်းခံ ခဲ့သည်။ မင်းတရားကြီးက ခွင့်ပြုလေလျှင် ၎င်းတို့၏ အပိုင်စား မြို့ရွာဌာနတို့သို့ ဘုရားရှင်ကို ပင့်ဖိတ်၍ ပူဇော်မှုပြုခဲ့ကြသည်။ ဘုရားရှင်က ထိုမင်းသားသုံးဦးကို အမှူးထား၍ တရားဟောတော်မူခဲ့ရာ ရှစ်သောင်းသောလူတို့သည်

ဇေဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။ ဘုရားရှင်သည် ခေမမိဂဒါဝုန် ဥယျာဉ်အတွင်း ထိုရှစ်သောင်းသော ရဟန်းတို့၏အလယ်၌ သီတင်းသုံး နေတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးကား တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူရာ အသက်တမ်းမှာ အနှစ်ရှစ်သောင်း တမ်းဖြစ်၍ ထိုမျှလောက် ကာလပတ်လုံး များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူခဲ့၏။ ထိုဘုရားရှင်သည် အလင်းရောင်ကိုပြ၍ အမြိုက်နိဗ္ဗာန်ကို ဟောကြားတော်မူပြီးလျှင် မီးပုံကြီးကဲ့သို့ ထွန်းလင်းတောက်ပ၍ တပည့် သာဝကနှင့်တကွ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

> "ဘုရားရှင်၏ မြတ်သော တန်ခိုးတော်သည်လည်းကောင်း၊ မြတ်သော ဘုန်းတော်သည်လည်းကောင်း၊ လက္ခဏာတော်တို့သည်လည်းကောင်း ထို အားလုံးတို့သည် ကွယ်ပျောက်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် တည်မြဲခြင်း အနှစ်မရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ကုန်လေစွ"

**စေတီတည်ထားကိုးကွယ်ခြင်း**

ဝိပဿီဘုရားရှင်သည် သုမိတ္တာရာမကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် ခုနစ်ယူဇနာ မြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်သည်။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# သိခီဗုဒ္ဓဝင်

ဝိပဿီဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားရှင်များ ပွင့်တော်မမူသည့် သုညကမ္ဘာ ငါးဆယ့်ကိုးကမ္ဘာ လွန်မြောက်ပြီး ဘုရားနှစ်ဆူ ပွင့်တော်မူသည့် မဏ္ဍကမ္ဘာတစ်ခု ပေါ်ပေါက်ခဲ့သည်။ ထိုမဏ္ဍကမ္ဘာသည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသော် သုံးဆယ့်တစ်ကမ္ဘာထက်၌ ဖြစ်ခဲ့သည်။ ပွင့်တော်မူခဲ့ကြသည့် ဘုရားရှင်နှစ်ဆူတို့မှာ သိခီဘုရားရှင်နှင့် ဝေဿဘူ ဘုရားရှင်တို့ဖြစ်ကြသည်။

## သိခီဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

သိခီဘုရားအလောင်းတော်သည် ထို**သုံးဆယ့်တစ်ကမ္ဘာ**ဝယ် လူတို့၏ အသက်တမ်း အသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့၍ **အနှစ်ခုနစ်သောင်းတမ်း**သို့ ရောက်သောအခါ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီး၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ပြဟ္မာတို့က အလောင်းတော်နတ်သားအား လောကသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေနေတော်မူရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ပြဟ္မာတို့ တောင်းပန် ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **အရုဏဝတီ** နေပြည်တော် **အရုဏ**အမည်ရှိသော မင်းကြီး၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **ပဘာဝတီ**အမည်ရှိသော မိဖုရားခေါင်ကြီး၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ နေတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်သို့ ရောက်သောအခါ "မယ်တော် မိဖုရားကြီးသည် အလောင်းတော်ကို **နိသဘ** အမည်ရှိသော ဥယျာဉ်တော်အတွင်း၌ ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ကို အမည် မှည့်အံ့သောနေ့၌ အလောင်းတော်မင်းသား၏ နဖူးသင်းကျစ်တော်သည် ဉဒေါင်းအမောက်ပမာ မြင့်တက်နေသောကြောင့် "သိခီမင်းသား"ဟု မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းတော် ပဋိသန္ဓေနေသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့် အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့သည်။

**ထီးနန်းစိုးစံတော်မူခြင်း**

အလောင်းတော် သိဒ္ဓိမင်းသားသည် အရွယ်တော်သို့ရောက်သောအခါ **သဗ္ဗကာမာဒေဝီ**မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံနေတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်လိုက်အောင် ဆောက်လုပ်ထားသော သုစန္ဒက ရွှေနန်းဆောင်၊ ဂိရိ ရွှေနန်းဆောင်၊ ဝဿာ ရွှေနန်းဆောင်ဟူသော နန်းပြာသာဒ် သုံးဆောင်တို့၌ သဗ္ဗကာမာဒေဝီမိဖုရား အမှူးပြုသော မောင်းမပေါင်း နှစ်သောင်း လေးထောင်တို့၏ ဖျော်ဖြေလုပ်ကျွေး ပြုစုယုယခြင်းကို ခံယူလျက် နှစ်ပေါင်း ခုနစ်ထောင်တို့ ကာလပတ်လုံး ထီးနန်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။

**တောထွက်တော်မူခြင်း**

အလောင်းတော်သိဒ္ဓိမင်းသားသည် ထိုသို့ထီးနန်းစည်းစိမ်ကို ခံစားတော်မူနေစဉ် နတ်တို့ဖန်ဆင်းပြခဲ့သည့် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး၍ သဗ္ဗကာမာဒေဝီ မိဖုရားကြီးမှ သားတော်**အတုလ**မင်းသားကို ဖွားမြင်သော အခါ **ဆင်ယာဉ်**ကို စီးလျက် တောထွက်ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော်မင်းသား ရဟန်းပြုတော်မူသည်ကို အတုလိုက်အားကျကာ ခုနစ်သန်းသော ယောကျ်ားတို့လည်း ရဟန်းပြုတော်မူခဲ့ကြသည်။ ထိုရဟန်းတော်တို့နှင့် အတူ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ သုဒဿနနိဂုံးနေ ပိယဒဿီသူဌေး၏သမီး လှူဒါန်းသည့် ယနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပြီး ထိုအရပ်ရှိ ရှားပင်ပျိုတောကြီး အတွင်း၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ရှားပင်ပျိုတော၌ နေခိုတော်မူပြီးနောက် ညနေချမ်း အချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တစ်ပါးတည်း ကြွသွား ခဲ့သည်။ လမ်းခရီးအကြား၌ အနောမဒဿီအမည်ရှိသော ရသေ့သည် လှူဒါန်း အပ်သည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ **မဟာဗောဓိ**သရက်ဖြူပင် အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် နှစ်ဆယ့်လေးတောင် ပမာဏ ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့သည်။ ထိုအပရာဇိတ

ပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်၍ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူခဲ့၍ ညဦးယံ၌ ပုဗ္ဗေနိဝါသ ဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ လောကသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောကြားတော်မူခြင်း**

သိဒ္ဓိဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့၏။ အဋ္ဌမ သတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို လက်ခံတော်မူ၍ တရားဟောရန် သတ္တလောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုဆင်ခြင်တော်မူ လေလျှင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုခဲ့ကြသည့် ခုနစ်သန်းသောရဟန်း တို့ကို မြင်တော်မူခဲ့၏။ ဘုရားရှင်သည် ထိုရဟန်းများရှိရာ အရုဏဝတီ မင်းနေပြည်၏အနီး မိဂဒါဝုန်ဉယျာဉ်တော်သို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွား တော်မူခဲ့သည်။ ဥယျာဉ်တော်သို့ ရောက်တော်မူသောအခါ ထိုရဟန်းတော် တို့ကို အမှူးထား၍ တရားနာရန် လာရောက်ကြကုန်သော နတ်လူဗြဟ္မာ သတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော် မူမြဲဖြစ်သော ဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူခဲ့သည်။ ဒေသနာတော်၏ အဆုံး၌ ကုဋေ တစ်သိန်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံယူခြင်း**

သိဒ္ဓိဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရား အလောင်းတော်သည် ပရိဘုတ္တမြို့တော်၌ အရိန္ဒမမင်းကြီးဖြစ်ခဲ့သည်။ သိဒ္ဓိဘုရားရှင် ပရိဘုတ္တ မြို့တော်သို့ ကြွရောက်တော်မူသောအခါ မင်းကြီးသည် အခြံအရံပရိသတ်နှင့် တကွ ဘုရားရှင်ကို ကြိုဆို၍ နန်းတော်သို့ ပင့်ဆောင်ကာ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကြီးကို ပေးလှူ၍ ဘုရားရှင်အား ဆည်းကပ်ကိုးကွယ် ခဲ့သည်။ ထိုမျှပင်မက အဝတ်အထည်ထားသော ဘဏ္ဍာတိုက်တို့ကို ဖွင့်၍ သံဃာတော်တို့အား အဖိုးထိုက်တန်သော အဝတ်ပုဆိုးတို့ကို ကပ်လှူပူဇော်

ခဲ့သည်။ ၎င်းစီးတော်ဆင်ကိုပင် ဘုရားရှင်အား လှူဒါန်း၍ ထိုဆင်၏တန်ဖိုးနှင့် ညီမျှသော ရဟန်းတို့အား အပ်စပ်သည့် ပစ္စည်းဝတ္ထုတို့ကို ဘုရားရှင်နှင့် သံဃာတော်တို့အား လှူဒါန်းခဲ့လေသည်။ ထိုအခါ သိခီဘုရားရှင်သည် "ဤအရိန္ဒမမင်းသည် ဤကမ္ဘာမှ နောက်သုံးဆယ့်တစ်ကမ္ဘာမြောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမအမည်ရှိသော ဘုရားစင်စစ်ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အရိန္ဒမမင်းကြီးသည် ဗျာဒိတ်စကားကို ကြားရသော အခါ လွန်စွာဝမ်းမြောက်လှသဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့၏။

## သိခီဘုရားရှင်၏ တပည့်သာဝကများ

သိခီဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်တို့မှာ အရှင်အဘိဘူမထေရ်နှင့် အရှင်သမ္ဘဝမထေရ်တို့ ဖြစ်ခဲ့ကြကုန်၏။ အလုပ်အကျွေး ရဟန်းတော်မှာ အရှင် ခေမင်္ကရမထေရ် ဖြစ်ခဲ့လေသည်။ အရှင်မ သခိလာထေရီနှင့် အရှင်မ ပဒုမာ ထေရီတို့မှာ ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့ ဖြစ်ခဲ့ ကုန်၍ ပွင့်တော်မူခဲ့ရာ ဗောဓိပင်မှာ သရက်ဖြူပင် ဖြစ်ခဲ့သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ သိရိဝဍ္ဎသူဌေးနှင့် နန္ဒသူဌေးတို့ ဖြစ်ခဲ့ကြကုန်၍ (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမတို့သည် စိတ္တာဥပါသိကာမနှင့် သုဂုတ္တာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ သိခီ ဘုရားရှင်၏ အရပ်တော်မှာ အတောင်ခုနစ်ဆယ် မြင့်တော်မူခဲ့၍ ရွှေတိုင်ကြီး နှင့်တူကာ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး တို့ဖြင့် အလွန်ပင် တင့်တယ်တော်မူခဲ့၏။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော်တို့သည် နေ့ရော ညဉ့်ပါ အကြားမလပ် သုံးယူဇနာတိုင်တိုင် ထိုထိုအရပ်တို့သို့ ပြေးသွားကွန့်မြူးလျက်ရှိခဲ့၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

သိခီဘုရားရှင်၏ အရုဏဝတီမင်းနေပြည်အနီး မိဂဒါဝုန်ဥယျာဉ်တော် အတွင်း ခုနစ်သန်းသော ရဟန်းတို့၏ အလယ်၌ တင့်တယ်စွာ သီတင်းသုံး နေထိုင်တော်မူ၍ တရားနာရန် လာရောက်ကြကုန်သော သတ္တဝါတို့အား ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော

(ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေ တစ်သိန်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ ကုန်၏။

ထိုမှတစ်ဖန် သိခီဘုရားရှင်သည် အရုဏဝတီ မင်းနေပြည်အနီး၌ပင် (အဂ္ဂသာဝက) တပည့်မြတ် အလောင်းအလျာများ ဖြစ်ကြကုန်သော အဘိဘူ မင်းသားနှင့် သမ္ဘဝမင်းသားတို့၏ အခြွေအရံပရိသတ်များနှင့်တကွ ထိုမင်းသား တို့အား ဟောသောတရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေကိုးသောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထိုမှနောက် အခါတစ်ပါးဝယ် သိခီဘုရားရှင်သည် သူရိယဝတီမြို့တံခါးအနီး စကားပင်အရင်း၌ တိတ္ထိတို့၏မာန်ကို နှိမ်နင်းချိုးဖွဲ့ရန်နှင့် လူအပေါင်းတို့အား ကိလေသာအနှောင်အဖွဲ့မှ ကင်းလွတ်စေရန်တို့အတွက် ရေမီးအစုံစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူပြီး ဟောတော်မူသော တရားပွဲသည် တတိယ အကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရား ပွဲကြီး၌ ကုဋေရှစ်သောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်း ဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ**

သိခီဘုရားရှင်လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီး သုံးကြိမ် ဖြစ်ခဲ့သည်။ သိခီဘုရားရှင်သည် အဘိဘူမင်းသား၊ သမ္ဘဝမင်းသား တို့နှင့် အတူတကွ ရဟန်းပြုကြသည့် ရဟန္တာ တစ်သိန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူ၍ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်သည်။

တစ်ဖန် သိခီဘုရားရှင်သည် အရုဏဝတီမြို့ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေးကြီး၌ ရဟန်းပြုခဲ့ကြသည့် ရှစ်သောင်းသော ရဟန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူ၍ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်း အဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက်တစ်ဖန် သိခီဘုရားရှင်သည် ဓနဥယျာဉ်မြို့၌ ဓနပါလက အမည်ရှိသော ဆင်ပြောင်ကြီးကို ဆုံးမတော်မူသောအခါ ရဟန်းပြုကြကုန်သော ခုနစ်သောင်းသော ရဟန်းတို့၏အလယ်၌ သီတင်းသုံးနေတော်မူကာ သြဝါဒပါတိမောက်ကို ပြတော်မူခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်၏။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

သိခီဘုရားရှင် အသက်တမ်းသည် အနှစ်ခုနစ်သောင်းတမ်း ဖြစ်ခဲ့၏။ ထိုမျှလောက်သော အသက်တော်တည်နေလျက် သတ္တဝါအပေါင်းတို့ကို သံသရာဝဲစလုတ်မှ ကယ်ထုတ်တော်မူခဲ့၏။ တရားတည်းဟူသော မိုးကို ရွာသွန်းဖြိုးလျက် သတ္တဝါတို့ကို ဘေးကင်းရာနိဗ္ဗာန်သို့ ရောက်စေခဲ့ပြီး တပည့်သာဝကများနှင့်တကွ ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ။

> "ဘုရားရှင်၏ လက္ခဏာတော်ရှစ်ဆယ်တို့သည် လည်းကောင်း၊ သုံးဆယ့်နှစ်ပါးသော လက္ခဏာကြီးတို့သည်လည်းကောင်း ထိုအားလုံးတို့သည် ကွယ်ပျောက်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် ခိုင်မြဲသော သဘောမရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ခဲ့ကုန်စွတကား"

**စေတီတည်ထား ကိုးကွယ်ကြခြင်း**

သိခီဘုရားရှင်သည် အဿာရာမကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် သုံးယူဇနာတိုင်တိုင် မြင့်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသ္ဓိဓာတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ ကြကုန်သည်။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# ဝေဿဘူဗုဒ္ဓဝင်

သိခီဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဘုရားနှစ်ဆူ ပွင့်တော်မူရာ ထိုမဏ္ဍကမ္ဘာ၌ပင် လူတို့၏ အသက်တမ်း အနှစ်ခုနစ်သောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်၍ ဆယ်နှစ်သက်တမ်း၊ ထိုမှတစ်ဖန် တိုးတက်ပြန်ကာ အသင်္ချေယျတမ်း၊ ထိုမှတစ်ဖန် ဆုတ်ယုတ်ပြန်ရာ အနှစ်ခြောက်သောင်းတမ်းသို့ ရောက်သောအခါ ဝေဿဘူဘုရားရှင် ပွင့်တော်မူခဲ့၏။

## ဝေဿဘူဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း

ဝေဿဘူဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါးတွင် ဘုရားဖြစ်ရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော် နတ်သားသည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **အနောမနေပြည်တော် သုပ္ပတီတမင်းကြီး**၏ တောင်ညာစံဒေဝီ အဂ္ဂမဟေသီ **ယသဝတီ** အမည်ရှိသော မိဖုရားခေါင်ကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ နေတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သော အခါ အနုပမအမည်ရှိသော ဥယျာဉ်တော်အတွင်း၌ မယ်တော်မိဖုရားကြီးမှ သားတော် အလောင်းမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ အလောင်းမင်းသား ဖွားမြင်တော်မူသောအခါ လူအများကို နှစ်သက်စေလျက် မြတ်သောအသံကို ပြုတော်မူခြင်းကြောင့် "ဝေဿဘူမင်းသား"ဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများနှင့် အံ့ဩဖွယ်ရာများ ထင်ရှားဖြစ်ပေါ်ခဲ့ ကုန်၏။

## ထီးနန်းစိုးစံတော်မူခြင်း

အလောင်းတော် ဝေဿဘူမင်းသားသည် အရွယ်ရောက်သောအခါ သုစိတ္တာဒေဝီ မင်းသမီးနှင့် ရွှေလက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူခဲ့သည်။

ဥတုသုံးလီ ရာသီနှင့်လိုက်အောင် စီမံဆောက်လုပ်ထားသော ရုစိ ရွှေနန်းဆောင်၊ သုရုစိ ရွှေနန်းဆောင်၊ ရတိဝမုန ရွှေနန်းဆောင်ဟူသော ရွှေနန်းပြာသာဒ် သုံးဆောင်တို့၌ သုစိတ္တာဒေဝီမိဖုရားကြီး အမှူးရှိသော မောင်းမအပေါင်း သုံးသောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူလျက် နှစ်ပေါင်းခြောက်သောင်း တို့ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **သုပ္ပဗုဒ္ဓမင်းသား** ဖြစ်ခဲ့၏။

## တောထွက်တော်မူခြင်း

အလောင်းတော် ဝေဿဘူမင်းသားသည် ထိုသို့ ထီးနန်းစည်းစိမ်ကို ခံစားတော်မူစဉ် နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး သုစိတ္တာဒေဝီမိဖုရားကြီးမှ သုပ္ပဗုဒ္ဓမင်းသားကို ဖွားမြင်သောအခါ **ရွှေထမ်းစင်ကိုစီးလျက်** ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့၏။ ဥယျာဉ်တော်သို့ ရောက်တော်မူလေလျှင် ဗြဟ္မာကြီး လှူဒါန်းအပ်သော သင်္ကန်းပရိက္ခရာတို့ကို ခံယူ၍ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော် ရဟန်းပြုတော်မူသည်ကို အတုလိုက် အားကျကာ သုံးသောင်းခုနှစ်ထောင်သော ယောကျ်ားတို့လည်း လိုက်ပါရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာအောင် ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ သုစိတ္တနိဂုံးသူ သိရိဝမုနာအမည်ရှိသော အမျိုးသမီး လှူဒါန်းသည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူလျက် ထိုအရပ်ရှိ အင်ကြင်းတော အတွင်း၌ နေခိုတော်မူခဲ့သည်။

## ဘုရားဖြစ်တော်မူခြင်း

အလောင်းတော်သည် အင်ကြင်းတော၌ နေခိုတော်မူပြီးနောက် ညနေချမ်း အချိန်သို့ ရောက်သောအခါ အခြံအရံ ရဟန်းတို့ကို စွန့်ခွါ၍ တစ်ပါးတည်း မဟာဗောဓိမဏ္ဍိုင်သို့ ကြွတော်မူလေရာ လမ်းခရီးအကြား၌ နရိန္ဒအမည်ရှိသော နဂါးမင်းလှူဒါန်းသည့် မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ **မဟာဗောဓိ (အင်ကြင်း)** ပင်အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် အတောင် လေးဆယ်ပမာဏရှိသော အပရာဇိတ ပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့သည်။

အလောင်းတော်သည် ထိုအပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်တော်မူကာ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူခဲ့၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူပြီး "တဏှာယောက်ျားဟယ် လက်သမား. . . ငါဘုရားသည် သင်လက်သမား ဆောက်လုပ်ခဲ့သော ခန္ဓာ အိမ်တိုက်ကြီး၏ မိုးကာလွှမ်းအုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ခွါဖျက်လွှင့်ပစ် အပ်ကုန်ပြီ" စသော ဥဒါန်းကို ကျူးရင့်တော်မူခဲ့လေသည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ဝေသာခီ ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိအင်ကြင်းပင်အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူပြီးလျှင် အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး ရှေးဦးစွာ တရားဟောရမည့်ပုဂ္ဂိုလ်ကို ကြည့်ရှု ဆင်ခြင်လေလျှင် ကိုယ်တော်မြတ်နှင့် ဖတူမိကွဲညီတော်များ ဖြစ်ကြ၍ (အင်္ဂုတ္တရဝက) တပည့်မြတ် အလောင်းအလျာများ ဖြစ်ကြသည့် သောဏမင်းသားနှင့် ဥတ္တရမင်းသားတို့ကို မြင်တော်မူခဲ့သည်။ ဘုရားရှင်သည် အနုပမမြို့တော်အနီး အရုဏာအမည်ရှိသော ဥယျာဉ်တော်သို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွတော်မူကာ ဥယျာဉ်တော်သို့ရောက်လေလျှင် ဥယျာဉ်မှူးအား ညီတော်မင်းသား နှစ်ပါးကို ခေါ်စေတော်မူခဲ့၏။ အခြံအရံ ပရိသတ်နှင့် တကွသော ညီတော် မင်းသားနှစ်ပါးတို့၏ အလယ်၌ သီတင်းသုံးတော်မူကာ ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူကြမြဲဖြစ်သည့် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော် မူခဲ့သည်။ ဒေသနာတော် ဆုံးသည့်အခါ ကုဋေရှစ်သောင်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

## ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံယူခြင်း

ဝေဿဘူဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရားအလောင်းတော်သည် **သရဘဝတီ** အမည်ရှိသောမြို့၌ **သုဒဿန** အမည်ရှိသောမင်းဖြစ်ခဲ့၏။ အလောင်းတော် သုဒဿနမင်းသည် သရဘဝတီမြို့သို့ ကြွလာတော်မူသော ဝေဿဘူဘုရားရှင်၏ တရားတော်ကို နာကြားရ၍ အလွန်ကြည်ညိုသော စိတ်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်တို့အား သက်န်းနှင့်တကွ ကြီးစွာသော အလှူဒါနကို ပေးလှူခဲ့၏။ ဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋိခေါ် ကျောင်းတော်ကြီးကို ဝန်းရံလျက် ရဟန်းတော်များ သီတင်းသုံးနေထိုင်ရန် ကျောင်းပေါင်းတစ်ထောင် တည်ဆောက်လှူဒါန်းခဲ့လေသည်။ ၎င်းအပြင် အလောင်းတော် သုဒဿနမင်းသည် မင်းစည်းစိမ်ကို စွန့်လွှတ်၍ ဘုရားရှင်အထံ၌ ရဟန်းပြုခဲ့၏။ ခုတင်တစ်ဆယ့်သုံးပါးတို့ကို ဆောင်တော်မူကာ ပါရမီကောင်းမှုတို့ကို ရှာမှီးခြင်း၌ နှစ်ခြိုက်မွေ့လျော်၍ သာသနာတော်၌ နေတော်မူခဲ့၏။ အလောင်းတော် ရဟန်းမြတ်၏ မဆုတ်နစ်သော ဝီရိယရှိသည်ကို မြင်တော်မူသော ဝေဿဘူဘုရားရှင်သည် "ဤရဟန်းသည် ဤကမ္ဘာမှ နောက်သုံးဆယ့်တစ်ကမ္ဘာမြောက်ဖြစ်သော ဘဒ္ဒကမ္ဘာ၌ ဂေါတမ အမည် ရှိသော ဘုရားစင်စစ်ဧကန်ဖြစ်လတ္တံ့"ဟု ဗျာဒိတ်စကား မိန့်ကြား တော်မူ ခဲ့သည်။ အလောင်းတော် ရဟန်းသည် ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရလေလျှင် အလွန်ဝမ်းမြောက်လှသဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက် ဖြည့်ကျင့်ရန် မြဲမြဲစွာ ဆောက်တည်တော်မူခဲ့သည်။

## ဝေဿဘူဘုရားရှင်၏ တပည့်သာဝကများ

ဝေဿဘူဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်တို့သည် အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ဖြစ်ကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်ဥပသန္တမထေရ် ဖြစ်ခဲ့သည်။ အရှင်မ ရာမာထေရီနှင့် အရှင်မ သမလာထေရီတို့သည် ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့ဖြစ်ကုန်၍ ပွင့်တော်မူရာ ဗောဓိပင်သည် အင်ကြင်းပင်ဖြစ်ခဲ့၏။ (အဂ္ဂဥပဋ္ဌာက)

မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ သောတ္တိကသူဌေးနှင့် ရမ္မာသူဌေးတို့ ဖြစ်ခဲ့ကုန်ပြီး (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး တပည့်မတို့သည် ဝေါတမီဥပါသိကာမနှင့် သိရိမာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏ အရပ်တော်မှာ အတောင် ခြောက်ဆယ်မြင့်လျက် ရွှေတိုင်ကြီးပမာ တင့်တယ် လှပေ၏။ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည် ညဥ့်အခါ၌ တောက်ပသော တောင်ထိပ်မီးကဲ့သို့ ထိုမှ ဤမှ ထွက်ပေါ်ကွန့်မြူးလျက် ရှိခဲ့ကုန်၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ဝေဿဘူဘုရားရှင်၏ အနုပမမြို့အနီး အရုဏဥယျာဉ်တော်ကြီး၌ သောဏမင်းသားနှင့် ဥတ္တရမင်းသားတို့ကို အမှူးထား၍ လူနတ်ဗြဟ္မာသတ္တဝါ တို့အား ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦး စွာသော (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေ ရှစ်သောင်းသော နတ်လူတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ ကုန်၏။

ထို့နောက် ဝေဿဘူဘုရားရှင်သည် မြို့ရွာအသီးသီးသို့ဒေသစာရီ ကြွချီတော်မူလျက် ထိုထိုအရပ်တို့၌ ဟောတော်မူခဲ့သော တရားပွဲများသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးများ ဖြစ်ခဲ့ကုန်၏။ ထိုတရားပွဲကြီးများ၌ ကုဋေခုနစ်သောင်းသော နတ်လူတို့ သစ္စာလေးပါး တရား သိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ဝေဿဘူဘုရားရှင်သည် အနုပမမြို့တော်၌ တိတ္ထိတို့၏ များယွင်းသော မိစ္ဆာအယူကို ပယ်ဖျောက်၍ မာန်တံခွန်ကို ချိုးနှိမ်လျက် ကိုးယူဇနာကျယ်ဝန်းသော အရပ်တွင် အတိုင်းအရှည်မရှိ များပြားသော လူနတ်ဗြဟ္မာတို့၏ အစုအဝေး၌ တန်ခိုးပြာဋိဟာပြလျက် ဟောတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေခြောက်ဆယ်သော နတ်လူတို့ သစ္စာလေးပါးတရား သိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီးများ

ဝေဿဘူဘုရားရှင် လက်ထက်တော်တွင် တပည့်သာဝကရဟန္တာ အစည်းအဝေးကြီး သုံးကြိမ်ဖြစ်ခဲ့သည်။ (အဂ္ဂသာဝက) တပည့်မြတ်အစုံ အလောင်းအလျာ အရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့၏ အစည်းအဝေးတွင် ရဟန်းပြုခဲ့ကြသော ကုဋေရှစ်သောင်းသောရဟန်းတို့၏ အလယ်၌ ဝေဿဘူဘုရားရှင်သည် ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

ထို့နောက် ဝေဿဘူဘုရားရှင် အလောင်းတော် တောထွက်တော်မူလေလျှင် အတုလိုက်အားကျကာ ရဟန်းပြုခဲ့ကြသည့် ရဟန်းတော်တို့သည် အလောင်းတော် ဗောဓိမဏ္ဍိုင်သို့ ကြွခဲ့စဉ်က ထိုရဟန်းတို့ကလည်း ဇမ္ဗူဒိပ်ကျွန်း အတွင်းပိုင်း သင့်လျော်သောအရပ်များသို့ ကြွသွားခဲ့ကြကုန်၏။ ဘုရားရှင် ဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူကြောင်း ကြားသိမှသာ ထိုရဟန်း သုံးသောင်း ခုနစ်ထောင်တို့သည် သောရေယျမြို့ ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ကြ ကုန်၏။ ထိုအခါ ဘုရားရှင်က ထိုရဟန်းတို့အား တရားဟောတော်မူပြီး ဧဟိဘိက္ခု ရဟန်းများ ဖြစ်စေတော်မူခဲ့၏။ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ထိုရဟန်းပရိသတ် အလယ်၌ ဘုရားရှင်သည် ဩဝါဒပါတိမောက် ပြခဲ့ပြန်သည်။ ထိုအစည်းအဝေးသည် ဒုတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

ထို့နောက် တစ်ဖန် ဝေဿဘူဘုရားရှင်သည် နာရိဝါဟနမြို့သို့ ဒေသစာရီ ကြွတော်မူခဲ့ရာ ဥပသန္တမင်းသည် အခြွေအရံပရိသတ်နှင့်တကွ ဘုရားရှင်အား ကြိုဆို၍ ကြီးစွာသော အလှူကြီးကို ပေးလှူခဲ့၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရသောအခါ လွန်မင်းစွာ ကြည်ညိုလှသဖြင့် မင်းစည်းစိမ်ကို စွန့်လွှတ်ပြီး ရဟန်းပြုခဲ့၏။ ဥပသန္တမင်း ရဟန်းပြုသည်ကို အတုလိုက်အားကျကာ မင်းချင်းယောက်ျား ခြောက်သောင်းတို့လည်း လိုက်ပါရဟန်းပြုခဲ့ကြကုန်၏။ ဥပသန္တမင်းနှင့်အတူ ထိုရဟန်းတော် ခြောက်သောင်းတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၍ ထိုရဟန်းတို့၏ အလယ်တွင် ဘုရားရှင်သည် သီတင်း သုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်း

အဝေးသည် တတိယအကြိမ်မြောက် သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ဝေဿဘူဘုရားရှင်၏ အသက်တမ်းသည် အနှစ်ခြောက်သောင်းတမ်း ဖြစ်ခဲ့၍ ထိုမျှလောက်သော ကာလပတ်လုံး သတ္တဝါတို့ကို သံသရာရေအလျဉ်မှ ကယ်တင်တော်မူခဲ့သည်။ ဘုရားရှင်သည် တရားတော်ကို ပျံ့နှံ့အောင် ပြုတော်မူလျက် တပည့်သာဝကတို့နှင့်တကွ ပရိနိဗ္ဗာန် စံတော်မူခဲ့သည်။

> "ဖူးမြော်ထိုက်သော ဘုရားရှင်နှင့်တကွ တပည့်သာဝကတို့သည်လည်းကောင်း၊ ဘုရားရှင်များ သီတင်းသုံးတော်မူရာ ကျောင်းတိုက်များသည်လည်းကောင်း ကွယ်ပျောက်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတို့သည် ခိုင်မြဲ သော အနှစ်မရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ခဲ့ကုန်စွ"

**ဓာတ်တော်များ ပျံ့နှံ့တည်ရှိခြင်း**

နတ်လူတို့၏ ဆရာဖြစ်တော်မူသော ဝေဿဘူဘုရားရှင်သည် ခေမာရာမ ကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်ခါနီးတွင် "ငါဘုရား မရှိသည့်နောက် ခပ်သိမ်းသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန် ရောက်ကြစေရန် ငါဘုရား၏ ဓာတ်တော်တို့သည် သက်တော်ရှည်ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္န ဓါတ်တော် မဖြစ်စေဘဲ အစိတ်စိတ် အမွှာမွှာ ကွဲပြားပျံ့နှံ့၍ တည်ကြပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူခဲ့၏။ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်း တစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ပြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသတည်း။

# ကကုသန္ဓဗုဒ္ဓဝင်

ဝေဿဘူဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး ထိုဘုရားရှင် ပွင့်တော်မူရာ ကပ်ကမ္ဘာကုန်ဆုံးပြီးနောက် ဘုရားပွင့်တော်မမူသည့် **သုညကမ္ဘာပေါင်း နှစ်ဆယ့်ကိုးကမ္ဘာခြားပြီးမှ** ဘုရားငါးဆူပွင့်တော်မူရာ ဤဘဒ္ဒကမ္ဘာသို့ ရောက်ခဲ့လေသည်။ ဤဘဒ္ဒကမ္ဘာ၌ ကကုသန္ဓမြတ်စွာဘုရား၊ ကောဏာဂမန မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား ဘုရားလေးဆူ ပွင့်တော်မူခဲ့ပြီ။ အရိမေတ္တေယျ မြတ်စွာဘုရား ပွင့်တော်မူရန် ကျန်သေးသည်။ ထိုဘုရားရှင် ငါးဆူတို့အနက် ကကုသန္ဓဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် ရှေးဦးစွာ ပွင့်တော်မူခဲ့သော ဘုရားရှင် ဖြစ်တော်မူသည်။

**ကကုသန္ဓဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

ဤဘဒ္ဒကမ္ဘာဝယ် ပထမအန္တရကပ်၌ပင် လူတို့၏အသက်တမ်း အသင်္ချေ တမ်းမှ ဆုတ်ယုတ်ခဲ့၍ **အနှစ်လေးသောင်း**တမ်းသို့ ရောက်သောအခါ ကကုသန္ဓ ဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်ဖြစ်၍ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူ ခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော်နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည် **ခေမဝတီ**နေပြည်တော် **ခေမမင်းကြီး၏ အဂ္ဂိဒတ္တပုရောဟိတ်ပုဏ္ဏားကြီး၏** ဇနီး ဝိသာခါပုဏ္ဏေးမ၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေ စံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သော အခါ မယ်တော်ပုဏ္ဏေးမကြီးသည် အလောင်းတော်ကို ခေမဝတီ ဥယျာဉ်တော် အတွင်း၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့၏။ အလောင်းတော် ပဋိသန္ဓေ နေတော်မူသောအခါ၊ ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့ဩဖွယ် ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။

**လှူစည်းစိမ်ကို ခံစားတော်မူခြင်း**

အလောင်းတော် ကကုသန္ဓပုဏ္ဏားလုလင်ပျိုသည် အရွယ်တော်သို့ ရောက်သောအခါ **ရောစိနီ**အမည်ရှိသော ပုဏ္ဏေးမငယ်နှင့် လက်ထပ်ကာ လှူစည်းစိမ်ကို ခံစားခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်မျှအောင် ဆောက်လုပ်ထားသော ကာမ မည်သော ပြာသာဒ်၊ ကာမဝဏ္ဏမည်သော ပြာသာဒ်၊ ကာမသုဒ္ဓိမည်သော ပြာသာဒ်ဟူသော ပြာသာဒ်သုံးဆောင်တို့၌ ရောစိနီ ပုဏ္ဏေးမ ဦးဆောင်သော ရံရွေတော် ပုဏ္ဏေးမအမျိုးသမီးပေါင်း သုံးသောင်းတို့၏ ဖျော်ဖြေလုပ်ကျွေးမှုကို ခံယူလျက် နှစ်ပေါင်းလေးထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော လှူစည်းစိမ် ချမ်းသာကို ခံစားတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ ဥတ္တရပုဏ္ဏားလုလင်ဖြစ်၏။

**တောထွက်တော်မူခြင်း**

အလောင်းတော် ကကုသန္ဓပုဏ္ဏားသည် လှူစည်းစိမ်ကို ခံစားနေစဉ် ကာလအတွင်း နတ်တို့ဖန်ဆင်းပြသော သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီး လေးပါးတို့ကို မြင်တော်မူပြီး ရောစိနီပုဏ္ဏေးမမှ ဥတ္တရအမည်ရှိသော သားတော်ကို ဖွားမြင်တော်မူသောအခါ **အာဇာနည်မြင်းကသော** ရထားကို စီးလျက် တောထွက်ကာ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော် ကကုသန္ဓ ပုဏ္ဏား ရဟန်းပြုသည်ကို အတုလိုက်အားကျကာ ယောကျာ်းပေါင်း လေးသောင်း တို့သည်လည်း လိုက်ပါရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်း တို့နှင့် အတူတကွ ဒုက္ကရစရိယာ ရှစ်လကြာအောင် ကျင့်တော်မူပြီး ဘုရားဖြစ် မည့် ကဆုန်လပြည့်နေ့၌ သုစိရိန္ဒ နိဂုံးနေ ဝဇိရိန္ဒပုဏ္ဏား၏ သမီး လှူဒါန်းသည့် ယနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူလျက် ထိုအရပ်ရှိ ရှားတော အတွင်း၌ နေခိုတော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ရှားတောအတွင်း၌ နေခိုတော်မူပြီးနောက် ညနေ ချမ်းအချိန်သို့ ရောက်သောအခါ မဟာဗောဓိမဏ္ဍိုင်သို့ တစ်ပါးတည်းကြွသွား တော်မူခဲ့၏။ လမ်းခရီးအကြား၌ မုယောခင်းစောင့် သုဘဒ္ဒ လှူဒါန်းသော

မြက်ရှစ်ဆုပ်ကို အလှူခံခဲ့၍ မဟာဗောဓိကုက္ကိုပင်ရင်း ဖြန့်ခင်းလိုက်သည်နှင့်တစ်ပြိုင်နက် နှစ်ဆယ့်ခြောက်တောင် ပမာဏရှိသော အပရာဇိတပလ္လင်တော်ပေါ်ပေါက်တော်မူခဲ့သည်။ ထိုအပရာဇိတ ပလ္လင်တော်ဝယ် ထက်ဝယ်ဖွဲ့ခွေစံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်ကာတရား အားထုတ်တော်မူခဲ့၏။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကိုအောင်မြင်တော်မူခဲ့၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက်အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့ပြီး "တဏှာ ယောက်ျား ဟယ် လက်သမား. . . ငါဘုရားသည်သင်လက်သမား ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်တိုက်ကြီး၏ မိုးကာလွှမ်းအုပ်အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ခွါဖျက်လွှင့်ပစ် အပ်ကုန်ပြီ" စသော ဥဒါန်း ကို ကျူးရင့်တော်မူ၏။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ကကုသန္ဓဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိကုက္ကိုပင်အနီး၌ သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူ၏။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ပြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး၍ ရှေးဦးစွာ တရားဟောရမည့်ပုဂ္ဂိုလ်ကို ကြည့်ရှု ဆင်ခြင်လေလျှင်ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ခဲ့ကြသော လေးသောင်းသောရဟန်းတို့ကို မြင်တော်မူခဲ့၏။ ထိုရဟန်းတို့နေရာ မကိလမြို့အနီး ဣသိပတနမိဂဒါဝုန်တောသို့ ကြွသွားတော်မူပြီး ထိုရဟန်းတို့၏အလယ်၌ သီတင်းသုံးနေတော်မူကာ ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သည့် ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ တရားဒေသနာ အဆုံးသို့ရောက်သောအခါ ကုဋေလေးသောင်းသော နတ်လူပြဟ္မာသတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်စံခြင်း**

ကကုသန္ဓဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရားအလောင်းတော်သည် ခေမမည်သောမင်း ဖြစ်ခဲ့၏။ ထိုခေမမင်းသည် ဘုရားအမျူး

ရှိသော သံဃာတော်တို့အား ကြီးစွာသော အလှူကြီးကို ပေးလှူပြီးနောက် ရဟန်း သံဃာတော်များ အလိုရှိရာ မျက်စဉ်းကျောက် စသော ဆေးပစ္စည်းများ ကိုလည်း လှူဒါန်းခဲ့၏။ ဘုရားရှင်၏ တရားတော်ကို နာကြားရသောအခါ ကြည်ညိုသဒ္ဓါ ဖြစ်၍ ဘုရားရှင်၏ အထံတော်၌ ရဟန်းပြုခဲ့တော့သည်။ ထိုအခါ ဘုရားရှင်က "ဤခေမရဟန်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ့်"ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော် ခေမရဟန်းသည် ဗျာဒိတ်စကားကို ကြားရသောအခါ အလွန်ကြည်လင်သော စိတ်ထားဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည် တော်မူခဲ့သည်။

**ကကုသန္ဓဘုရားရှင်၏ တပည့်သာဝကများ**

ကကုသန္ဓဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ် အစုံတို့မှာ အရှင်ဝိဓုရ မထေရ်နှင့် အရှင်သဉ္ဇီဝမထေရ်တို့ ဖြစ်ခဲ့ကုန်၏။ အလုပ်အကျွေး ရဟန်းတော်မှာ အရှင်ဗုဒ္ဓိဇမထေရ် ဖြစ်ခဲ့သည်။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မ အစုံတို့သည် အရှင်မ သာမာထေရီနှင့် အရှင်မ စမ္ပာထေရီတို့ ဖြစ်ခဲ့ကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်မှာ ကုက္ကိုပင်ဖြစ်သည်။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာတို့မှာ အစ္စုတသူဌေးနှင့် သုမနသူဌေးတို့ ဖြစ်ခဲ့ကုန်၍ (အဂ္ဂဥပဋ္ဌိကာ)မြတ်သော အလုပ်အကျွေး ဒါယိကာမတို့သည် နန္ဒာဥပါသိကာ မနှင့် သုနန္ဒာ ဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏ အရပ်တော်မှာ အတောင်လေးဆယ် မြင့်တော်မူ၍ ကိုယ်တော်မှထွက်သော ရောင်ခြည်တော် တို့သည် ထက်ဝန်းကျင် ဆယ်ယူဇနာတိုင်တိုင် ပျံ့နှံ့ကွန့်မြူးတော်မူခဲ့သည်။

**(ဓမ္မာဘိသမယ) တရားပွဲကြီးများ**

ကကုသန္ဓဘုရားရှင်၏ မကိလမြို့အနီး က္ကသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာတရား ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိ သမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေလေးသောင်းသော နတ်လူပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြ ကုန်၏။

ထို့နောက် ကကုသန္ဓဘုရားရှင်သည် ကဏ္ဏကုဇ္ဇမြို့တံခါးအနီး အင်ကြင်းပင်ကြီး အရင်း၌ ရေမီးအစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တရား ဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)ပွဲကြီး ဖြစ်ခဲ့၏။ ထိုတရားပွဲကြီး၌ ကုဋေသုံးသောင်းသော နတ်လူပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ခေမဝတီမြို့အနီးရှိ တစ်ခုသော နတ်ကွန်းဝယ် လူသား အစားကြူးသည့် နရဒေဝမည်သော နတ်ဘီလူးသည် လူအများတို့က ပူဇော်ပသ ချိန်ရောက်သောအခါ ထင်ရှားစွာ တွေ့မြင်ရသော လူ့ကိုယ်ဖြင့် ပူဇော်ပသ ခြင်းကို ခံယူခဲ့၏။ သို့သော် ထိုနတ်ဘီလူးသည် သွားလာခက်သော တောခရီးအလယ်ရှိ အိုင်ကြီးတစ်ခုသို့ အသွားအလာ ပြုကုန်သော လူတို့အား ဖမ်းယူစားသောက်၍ နေခဲ့၏။ တစ်နေ့သောအခါ ကကုသန္ဓဘုရားရှင်သည် နံနက်စောစော မဟာကရုဏာ သမာပတ်မှထ၍ ချွတ်ထိုက်သူရှိက ချွတ်တော် မူရန် သတ္တလောကကို ကြည့်ရှုတော်မူလေသော် နရဒေဝနတ်ဘီလူးကို မြင်တော်မူခဲ့၏။ ထိုနတ်ဘီလူးကို ချေချွတ်ရန်အတွက် ယင်း၏ ဘုံဗိမာန်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူခဲ့သည်။ နတ်ဘီလူးသည် ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူး၍ တင့်တယ်စွာ ကောင်းကင်ခရီးဖြင့် ကြွလာတော် မူသော ဘုရားရှင်ကို မြင်ခဲ့ရစဉ်ကပင် ကြည်ညိုသဒ္ဓါဖြစ်ခဲ့၏။ ၎င်း၏ အခြွေအရံဖြစ်ကုန်သော နတ်ဘီလူးတို့နှင့်တကွ ဟိမဝန္တာသို့သွားပြီး အဆင်းအနံ့ရှိကုန်သည့် ရေပန်း ကြည်းပန်းတို့ကို ဆောင်ယူကာ ဘုရားရှင်အား ပူဇော်ခဲ့လေသည်။ ထိုအခါ ဘုရားရှင်သည် လာရောက်ကြကုန်သော လူအပေါင်းနှင့်တကွ နရဒေဝနတ်ဘီလူးအား တရားဟောတော်မူခဲ့ရာ ထိုတရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးပင် ဖြစ်ခဲ့၏။ ထိုတရားပွဲ၌ အတိုင်းအရှည်မရှိ များလှစွာသော လူနတ်ပြဟ္မာ သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေး**

ကကုသန္ဓဘုရားရှင် လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်း အဝေး တစ်ကြိမ်သာ ဖြစ်ခဲ့သည်။ ကဏ္ဏကုဇ္ဇမြို့အနီး က္ကသိပတန မိဂဒါဝုန် တော၌ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ကုန်သော ရဟန္တာ

လေးသောင်းတို့၏ အလယ်၌ ဘုရားရှင် သီတင်းသုံးတော်မူကာ ဩဝါဒ ပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် ကကုသန္ဓဘုရားရှင် လက်ထက်၌ တစ်ကြိမ်တည်းသော သာဝက (သန္နိပါတ) အစည်းအဝေးဖြစ် ခဲ့၏။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ကကုသန္ဓဘုရားရှင် ပွင့်တော်မူရာကာလ၌ လူတို့၏ အသက်တမ်းသည် အနှစ် လေးသောင်းတမ်းဖြစ်၍ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားရှင် တည်နေတော်မူလျက် များစွာသော သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့၏။ လောက၌ သတ္တဝါတို့၏ အကျိုးငှာ တရားတည်းဟူသော ဈေးကိုဖြန့်ခင်း၍ ခြင်္သေ့မင်းအသံကဲ့သို့သော စကားတော်ကို မိန့်တော်မူပြီးလျှင် တပည့်သာဝကတို့ နှင့်တကွ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့လေပြီ။

"မြတ်စွာဘုရားရှင်သည်လည်းကောင်း၊ သာဝကအစုံတို့သည် လည်းကောင်း ကွယ်ပျောက်ခဲ့လေပြီ။ အားလုံးသော သင်္ခါရတရား တို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းအနှီးတို့သာ ဖြစ်ကုန်စွ"

**စေတီတည်ထား ကိုးကွယ်ကြခြင်း**

ကကုသန္ဓဘုရားရှင်သည် ခေမာရာမကျောင်းတိုက်၌ ပရိနိဗ္ဗာန်ပြုတော် မူခဲ့၏။ ထိုကျောင်းတိုက်ကြီး အတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ် တော်မူခဲ့ကြရာ စေတီတော်သည် ကောင်းကင်သို့ တစ်ဂါဝုတ်တိုင်အောင် မြင့်တက်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓါတ်တော်ကို ထိုစေတီတော် အတွင်း၌ ဌာပနာ သွင်းခဲ့ကြကုန်သည်။ ဇမ္ဗူဒိပ်ကျွန်းနေ လူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# ကောဏာဂမနဗုဒ္ဓဝင်

ကကုသန္ဓဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက် ဤဘဒ္ဒကမ္ဘာမှာပင် လူတို့၏ အသက်တမ်းအနှစ်လေးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ ဆယ်နှစ်သက်တမ်းသို့ ရောက်၍ တစ်ဖန်တိုးတက်ပြန်၏။ အသင်္ချေယျတမ်းသို့ ရောက်ပြီး နောက်ထပ်ဆုတ်ယုတ်ပြန်၍ လူတို့၏အသက် **အနှစ်သုံးသောင်းသို့** ရောက်သောအခါ ကောဏာဂမနဘုရားရှင် လောက၌ ပွင့်တော်မူခဲ့သည်။

**ကောဏာဂမနဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**

ကောဏာဂမနဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏ အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာ နတ်ပြည်၌ စံနေတော်မူခဲ့သည်။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေနေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်း တော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန် ချက်အရ တုသိတာ နတ်ပြည်မှ စုတေ၍ လူ့ပြည် **သောဘဝတီ** မင်းနေပြည်၌ **ယညဒတ္တပုဏ္ဏားး၏ဇနီး ဥတ္တရာပုဏ္ဏေးမ**၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ နေတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ မယ်တော် ပုဏ္ဏေးမကြီးသည် အလောင်းတော်ကို သုဘဝတီဥယျာဉ်တော်အတွင်း၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါ ဖွားမြင်တော်မူသော အခါတို့၌ နိမိတ်ကြီးများ ထင်ခဲ့သည့်အပြင် အလောင်းတော်ဟူသမျှတို့၌ ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း အံ့ဩဖွယ်ရာများ ဖြစ်ပေါ်ခဲ့ကြကုန်၏။ အလောင်းတော်ကို အမည်မှည့်သောနေ့၌ အလောင်းတော်သတို့သားကို ဖွားမြင်သောအခါက ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ရွှေမိုးကြီး သည်းထန်စွာ ရွာသွန်းဖြိုးခဲ့ခြင်းကြောင့် "ကောင်းကင်မှ ရွှေများ ရောက်လာရသည်"ဟူသော အတိတ်နိမိတ်ကိုယူ၍ အလောင်းတော်အား "ကောဏာဂမနသတို့သား"ဟု အမည်မှည့်ခေါ်ခဲ့ကြကုန်၏။

## **လှူစည်းစိမ်ကို ခံစားတော်မူခြင်း**

အလောင်းတော် ကောဏာဂမနသတို့သားသည် အရွယ်သို့ရောက်သောအခါ **ရုစိဂတ္တာ** အမည်ရှိသော ကြင်ဖက်တော် ပုဏ္ဏေးမနှင့် ရွှေလက်ထပ်၍ လူ့စည်းစိမ်ကို ခံစားခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်မျှအောင် ဆောက်လုပ်ထားသော တုသိတာပြာသာဒ်၊ သန္တုသိတပြာသာဒ်၊ သန္တုဋ္ဌပြာသာဒ် ဟူသော ပြာသာဒ်သုံးဆောင်တို့၌ ရုစိဂတ္တာ ပုဏ္ဏေးမအမျူးရှိသော ရံရွေတော် ပုဏ္ဏားသမီးပျိုပေါင်း တစ်သောင်းခြောက်ထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူကာ နှစ်ပေါင်းသုံးထောင်တို့ ကာလပတ်လုံး လူ့စည်းစိမ်ကို ခံစားနေတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **သတ္ထဝါဟ** ပုဏ္ဏားငယ် ဖြစ်၏။

## **တောထွက်တော်မူခြင်း**

အလောင်းတော်ကောဏာဂမန သတို့သားသည် လူ့စည်းစိမ်ကို ခံစားနေစဉ် ကာလအတွင်း နတ်တမန် သူအို၊ သူနာ၊ သူသေ ရဟန်း နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး ရုစိဂတ္တာ ပုဏ္ဏေးမမှ သတ္ထဝါဟ အမည်ရှိသော သားတော်ကို ဖွားမြင်သောအခါ **ဆင်ယာဉ်**ကို စီးလျက် တောထွက်၍ ရဟန်းပြုတော်မူခဲ့၏။ အလောင်းတော် ကောဏာဂမနပုဏ္ဏား ရဟန်းပြုသည်ကို အတုလိုက် အားကျကာ ယောက်ျားပေါင်းသုံးသောင်းတို့ ရဟန်းပြုခဲ့ကြကုန်၏။ အလောင်းတော်သည် ထိုရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခြောက်လကြာအောင် ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ အဂ္ဂိသောနပုဏ္ဏား၏သမီး ပုဏ္ဏေးမပျို လှူဒါန်းသော ဃနာနို့ဆွမ်းကိုဘုဉ်းပေးသုံးဆောင်တော်မူလျက် ထိုအရပ်ရှိ ရှားတောအတွင်း၌ နေခိုတော်မူခဲ့သည်။

## **ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ရှားတောအတွင်း နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ရောက်သောအခါ အဖော်ရဟန်းတို့ကို စွန့်ခွါ၍ တစ်ပါးတည်း ဗောဓိမဏ္ဍိုင်သို့ ကြွတော်မူခဲ့သည်။ လမ်းခရီးအကြား၌ မုယောခင်းစောင့် ဇဋ္ဌာတိန္ဒုက လှူဒါန်းသော မြက်ရှစ်ဆုပ်ကို ခံယူတော်မူခဲ့၍ ဗောဓိမဏ္ဍိုင် ရေသဖန်းပင်သို့ရောက်သောအခါ ထိုမြက်ရှစ်ဆုပ်ကို မဟာဗောဓိ **ရေသဖန်းပင်**

အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် အတောင်နှစ်ဆယ် ပမာဏ ရှိသော အပရာဇိတပလ္လင်တော် ပေါ်ပေါက်ခဲ့သည်။ ထိုပလ္လင်တော် အထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယကို ဆောက်တည်တော်မူကာ တရားအားထုတ်တော်မူခဲ့သည်။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူ၍ ညဥ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ် သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူခဲ့ပြီး "တဏှာယောက်ျား ဟယ်လက်သမား. . . ငါဘုရားသည် သင်ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်တိုက်ကြီး၏ ထွတ်ထိပ်ပမာ မိုးကာလွှမ်းအုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့်ခွါဖျက် လွှင့်ပစ်အပ်ကုန်ပြီ"စသော ဥဒါန်းကို ကျူးရင့်တော်မူခဲ့လေသည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ကောဏာဂမနဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိ ရေသဖန်းပင် အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူ ခဲ့သည်။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး၍ ရှေးဦးစွာ တရားဟောရမည့် ပုဂ္ဂိုလ်ကို ကြည့်ရှုဆင်ခြင် လေလျှင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက် ဖြစ်ခဲ့ကြကုန်သော သုံးသောင်းသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ထိုရဟန်းတော်များ နေထိုင်ရာ သုဒဿနမြို့အနီး က္လသိပတနမိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်းကြွသွားတော်မူခဲ့သည်။ မိဂဒါဝုန်တောသို့ ရောက်တော် မူလေလျှင် ထိုရဟန်းတို့၏ အလယ်၌ ဘုရားရှင် သီတင်းသုံးတော်မူလျက် ရှေးရှေး ဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သည့် ဓမ္မစကြာ ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။ ဒေသနာတော်အဆုံးသို့ ရောက်သောအခါ ကုဋေသုံးသောင်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံယူခြင်း**

ကောဏာဂမနဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရားအလောင်း တော်သည် မိထိလာမြို့တော်၌ ပဗ္ဗတအမည်ရှိသော မင်းဖြစ်ခဲ့၏။ ဘုရားရှင် မိထိလာမြို့သို့ ဒေသစာရီ ကြွချီတော်မူလာကြောင်း သတင်းစကား ကြားသိရ

လေလျှင် အလောင်းတော်မင်းကြီးသည် အခြံအရံ စစ်သည်ဗိုလ်ပါ တို့နှင့်တကွ ဘုရားရှင်အား ခရီးဦးကြိုဆို၍ ပင့်ဖိတ်ပြီး ကြီးစွာသော အလှူကြီးကို ပေးလှူခဲ့၏။ ထိုမြို့ မှာပင် ဝါကပ်တော်မူရန် ပင့်ဖိတ်၍ ဝါတွင်းသုံးလပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား ပြုစုလုပ်ကျွေးခဲ့၏။ အဝတ်ပုဆိုး၊ ရွှေခြေနင်းစသော လှူဖွယ်ဝတ္ထုများစွာကိုလည်း ပေးလှူပူဇော်ခဲ့၏။ ထိုအခါ ကောဏာဂမနဘုရားရှင်သည် "ဤပဗ္ဗတမင်းသည် ဤဘဒ္ဒကမ္ဘာ၌ပင် ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော်မင်းကြီးသည် ဘုရားရှင်၏ ဗျာဒိတ်စကား ကြားရသောအခါ အလွန်ကြည်လင်သော စိတ်ဖြင့် ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် ဆောက်တည်ခဲ့သည့်အပြင် မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ဘုရားရှင်အထံတော်၌ ရဟန်းလည်း ပြုတော်မူခဲ့သည်။

**ကောဏာဂမနဘုရားရှင်၏ တပည့်သာဝကများ**

ကောဏာဂမနဘုရားရှင်၏ (အဂ္ဂသာဝက) တပည့်မြတ်အစုံတို့မှာ အရှင်ဘိယျသောမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ဖြစ်ခဲ့ကြကုန်၍ အလုပ်အကျွေး ရဟန်းမှာ အရှင်သောတ္ထိဇမထေရ် ဖြစ်လေသည်။ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မ အစုံတို့မှာ အရှင်မ သမုဒ္ဒါထေရီနှင့် အရှင်မ ဥတ္တရာထေရီတို့ ဖြစ်ခဲ့ကုန်၍ ပွင့်တော်မူရာ ဗောဓိပင်မှာ ရေသဖန်းပင် ဖြစ်ခဲ့၏။ (အဂ္ဂဥပဋ္ဌာက) မြတ်သော အလုပ်အကျွေး ဒါယကာအစုံတို့သည် ဥဂ္ဂသူဌေးနှင့် သောမဒေဝသူဌေးတို့ ဖြစ်ခဲ့ကုန်ပြီး (အဂ္ဂဥပဋ္ဌိကာ) မြတ်သော အလုပ်အကျွေး ဒါယိကာမအစုံတို့မှာ သီဝလာဥပါသိကာမနှင့် သာမာဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်၏ အရပ်တော်မှာ အတောင်သုံးဆယ် မြင့်တော်မူလျက် ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တန်ဆာဆင်ကာ တင့်တယ်တော်မူလှပေ၏။

**(ဓမ္မာဘိသယမ) တရားပွဲကြီးများ**

ကောဏာဂမနဘုရားရှင်၏ သုဒဿနမြို့အနီး ဣသိပတနမိဂဒါဝုန်တော၌ ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုတော်မူခဲ့ကြသည့် သုံးသောင်းသော ရဟန်းတို့ကို အမှူးထား၍ လူနတ်ဗြဟ္မာသတ္တဝါတို့အား ဓမ္မစကြာဒေသနာ

တော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေသုံးသောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

တစ်ဖန် ကောဏာဂမနဘုရားရှင်၏ သုန္ဒရမြို့တံခါးအနီး အင်ကြင်းပင်ကြီးအရင်း၌ ရေမီးအစုံအစုံဖြစ်သော တန်ခိုးပြာဋိဟာကို ပြတော်မူ၍ မိစ္ဆာအယူကို နှိမ်နင်းလျက် ဟောတော်မူသော တရားပွဲသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေနှစ်သောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ဘုရားရှင်၏ တာဝတိံသာနတ်ပြည်သို့ ကြွကာ ဝါတွင်းသုံးလပတ်လုံး မယ်တော်ဖြစ်ခဲ့ဘူးသော နတ်သားကို အမှူးထား၍ နတ်ပြဟ္မာတို့အား အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ နတ်ပြဟ္မာကုဋေတစ်သောင်းတို့ သစ္စာလေးပါး၊ တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

**သာဝက (သန္နိပါတ) အစည်းအဝေးကြီး**

ကောဏာဂမနဘုရားရှင် လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေးကြီး တစ်ကြိမ်သာ ဖြစ်ခဲ့သည်။ သုန္ဒရဝတီမြို့အနီး သုရိန္ဒဒေဝ ဥယျာဉ်တော်ကြီး၌ ဘုရားရှင် သီတင်းသုံးနေတော်မူလျက် အခြံအရံပေါင်း သုံးသောင်းတို့နှင့်တကွ (အဂ္ဂသာဝက) တပည့်မြတ် အလောင်းအလျာများ ဖြစ်ကြသည့် ဘိယျသောမင်းသားနှင့် ဥတ္တရမင်းသား နှစ်ဦးတို့အား တရားဟောတော်မူ၍ ဧဟိဘိက္ခုခေါ်တော်မူသည်တွင် အခြံအရံပေါင်း သုံးသောင်းတို့နှင့်တကွ ထိုမင်းသားနှစ်ပါးပါ ဧဟိဘိက္ခုရဟန်းများ ဖြစ်ခဲ့ကြပြီး အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြကုန်၏။ ထိုရဟန်းတို့၏ အလယ်၌ ဘုရားရှင်သီတင်းသုံးတော်မူကာ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် တစ်ကြိမ်တည်းသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့သည်။

**ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ကောဏာဂမနဘုရားရှင် ပွင့်တော်မူရာ လူတို့၏ အသက်တမ်းသည် သုံးသောင်းဖြစ်၍ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားရှင်အသက်တော် တည်နေကာ သတ္တဝါအပေါင်းတို့ကို ကယ်တင်တော်မူခဲ့၏။ ဘုရားရှင်သည် ဗောဓိပက္ခိယတရားဟူသော ဓမ္မစေတီကို တည်ဆောက်ခဲ့၍ သစ္စာလေးပါး တရားတံခွန်ဖြင့် တန်ဆာဆင်သော တရားပန်းကုံးကို စီကုံးတော်မူခဲ့ပြီးလျှင် တပည့်သာဝကတို့နှင့်တကွ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့သည်။

> "တန်ခိုးဖြင့် ပြန့်ပြောခြင်းရှိကုန်သော တပည့်သာဝကတို့သည် လည်းကောင်း၊ ဘုရားရှင်သည်လည်းကောင်း ထိုအားလုံးတို့သည် ကွယ်ပျောက်ခဲ့ပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ခဲ့ကုန်စွ"

**ဓါတ်တော်များ ပျံ့နှံ့တည်ရှိခြင်း**

နတ်လူတို့၏ ဆရာဖြစ်တော်မူသော ကောဏာဂမနဘုရားရှင်သည် ပဗ္ဗတာရာမကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့၏။ ဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံခါနီးတွင် "ငါဘုရားမရှိသည့်နောက် ခပ်သိမ်းသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန် ရောက်ကြစေရန် ငါဘုရား၏ ဓါတ်တော်တို့သည် သက်တော်ရှည် ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲတစ်လုံး တစ်ခဲတည်းသော အသမ္ဘိန္န ဓါတ်တော်မဖြစ်စေဘဲ အစိတ်စိတ်အမြွာမြွာ ကွဲပြားပျံ့နှံ့၍ တည်ကြ ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြုတော်မူခဲ့၏။ ဘုရားရှင်၏ ဓါတ်တော်တို့သည် ဘုရားရှင်၏ အဓိဋ္ဌာန်အတိုင်း ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ပြဟ္မာသတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသတည်း။

# ကဿပဗုဒ္ဓဝင်

ကောဏာဂမနဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဤဘဒ္ဒကမ္ဘာမှာပင် လူတို့၏ အသက်တမ်း အနှစ်သုံးသောင်းမှ တဖြည်းဖြည်း ဆုတ်ယုတ်ကာ ဆယ်နှစ်သက်တမ်းသို့ ရောက်၍ တစ်ဖန်တိုးတက်ပြန်ရာ အသင်္ချေယျတမ်းသို့ ရောက်ခဲ့သည်။ ထိုမှတစ်ဖန် ဆုတ်ယုတ်ပြန်ရာ လူတို့၏ အသက်တမ်း အနှစ်နှစ်သောင်းတမ်းသို့ အရောက်တွင် ကဿပဘုရားရှင် ပွင့်တော်မူခဲ့၏။

**ကဿပဘုရား အလောင်းတော် ဖွားမြင်တော်မူခြင်း**

ကဿပဘုရားအလောင်းတော်သည် ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးသည်၏အဆုံး၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း တုသိတာနတ်ပြည်၌ စံနေတော်မူခဲ့၏။ ထိုသို့ စံနေတော်မူစဉ် နတ်ဗြဟ္မာတို့က အလောင်းတော် နတ်သားအား ဘုံသုံးပါး၌ ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်၍ လူ့ပြည်သို့ သက်ဆင်းကာ ပဋိသန္ဓေ နေတော်မူပါရန် တောင်းပန်ခဲ့ကြကုန်၏။ အလောင်းတော်သည် နတ်ဗြဟ္မာတို့၏ တောင်းပန်ချက်အရ တုတိသာနတ်ပြည်မှ စုတေ၍ လူ့ပြည် ကိကီမင်းကြီး စိုးစံရာ ဗာရာဏသီပြည် ဗြဟ္မဒတ္တပုဏ္ဏား၏ဇနီး ဓနဝတီပုဏ္ဏေးမ၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ ပဋိသန္ဓေ စွဲနေစံပျော် ကိန်းအောင်းတော်မူခဲ့သည်။ ဆယ်လစေ့မြောက် အချိန်ရောက်သောအခါ မယ်တော် ပုဏ္ဏေးမကြီးသည် အလောင်းတော်ကို ဣသိပတန မိဂဒါဝုန်တော၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော်ကို ကဿပအမျိုး အနွယ်မှ ဆင်းသက်လာသည်ကို အစွဲပြု၍ "ကဿပသတို့သား"ဟူ၍ မှည့်ခေါ်ခဲ့ကြကုန်၏။ အလောင်းတော် ပဋိသန္ဓေနေတော်မူသောအခါနှင့် ဖွားမြင်တော်မူသောအခါတို့၌ နိမိတ်ကြီးများအပြင် အံ့ဩဖွယ်ရာများလည်း ထင်ရှားဖြစ်ပေါ်ခဲ့လေသည်။

**စည်းစိမ်ကို ခံစားခြင်း**

အလောင်းတော်ကဿပ သတို့သားသည် အရွယ်တော်သို့ ရောက်သောအခါ သုနန္ဒာပုဏ္ဏေးမနှင့် လက်ထပ်၍ လူ့စည်းစိမ်ကို ခံစားတော်မူခဲ့သည်။ ဥတုသုံးလီ ရာသီနှင့်မျှအောင် ဆောက်လုပ်ထားသော ဟံသပြာသာဒ်၊ ယသ

ပြာသာဒ်၊ သိရိနန္ဒပြာသာဒ် ဟူသော ပြာသာဒ်သုံးဆောင်တို့၌ သုနန္ဒာပုဏ္ဏေးမ အမျိုးရှိသော ရံရွေတော်ပုဏ္ဏားသမီးပျိုပေါင်း လေးသောင်းရှစ်ထောင်တို့၏ ဖျော်ဖြေလုပ်ကျွေးခြင်းကို ခံယူကာ နှစ်ပေါင်းနှစ်ထောင်တို့ ကာလပတ်လုံး နတ်စည်းစိမ်နှင့်တူသော လူ့စည်းစိမ်ကို ခံစားနေတော်မူခဲ့သည်။ အလောင်းတော်၏ သားတော်မှာ ဝိဇိတသေန အမည်ရှိသော ပုဏ္ဏားငယ် ဖြစ်ခဲ့၏။

**တောထွက်တော်မူခြင်း**

အလောင်းတော်ကဿပပုဏ္ဏားသည် လူ့စည်းစိမ်ကို ခံစားနေစဉ်ကာလ အတွင်း နတ်တမန် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါးတို့ကို မြင်တော်မူပြီး သုနန္ဒာပုဏ္ဏေးမမှ ဝိဇိတသေနသားတော်ကို ဖွားမြင်သော အခါ သံဝေဂကြီးစွာဖြစ်လျက် “ငါသည် ယနေ့ပင် တောထွက်တော့အံ့”ဟု အကြံတော် ဖြစ်ပေါ်လာခဲ့၏။ အလောင်းတော် စိတ်အကြံဖြစ်သည်နှင့် တစ်ပြိုင်နက် အလောင်းတော်စံရာ ပြာသာဒ်သည် ကောင်းကင်သို့ပျံတက်ခဲ့သည်။ ထိုပြာသာဒ်သည် ကြယ်တာရာ အပေါင်းခြံရံကာ အလွန်နှစ်သက်ဖွယ်သော အရောင်ကိုပြုလျက် ပေါ်ထွန်းထွက်ပြူလာသော လမင်းကဲ့သို့ ဗောဓိမဏ္ဍိုင်သို့ သွားပြီးလျှင် ပညောင်ဗောဓိပင်ကို အလယ်ဗဟို ပြုကာ မြေ၌သက်ရောက်၍ တည်ခဲ့၏။ အလောင်းတော်သည် ပြာသာဒ်မှ ဆင်းသက်တော်မူ၍ မြေ၌ ရပ်တည်ပြီးလျှင် ဗြဟ္မာလှူဒါန်းသည့် သင်္ကန်းပရိက္ခရာကို ခံယူတော်မူကာ ရဟန်းပြုတော်မူခဲ့သည်။ အလောင်းတော်၏ ကြင်ရာတော်နှင့် မောင်းမမိဿံ အပေါင်းတို့သည် ဥသဘလေးဆယ် ဝေးကွာသော အရပ်သို့ သွားကြပြီးလျှင် ယာယီနေရာများ ဆောက်လုပ်ကာ နေထိုင်ခဲ့ကြကုန်၏။ အလောင်းတော်နှင့် အတူတကွ လိုက်ပါလာကြကုန်သော ယောကျ်ားတို့သည် အလောင်းတော် ရဟန်းပြုသည်ကို အတုလိုက် အားကျကာ ရဟန်းပြုခဲ့ကြသည်။ အလောင်းတော်သည် ထိုရဟန်းတို့နှင့် အတူတကွ ဒုက္ကရစရိယာ ခုနစ်ရက်ကြာ ကျင့်တော်မူပြီးလျှင် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ ကြင်ရာတော် သုနန္ဒာပုဏ္ဏေးမ လှူဒါန်းသည့် ယနာနို့ဆွမ်းကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး ထိုအရပ်ရှိ ရှားတောကြီးအတွင်းမှာ နေခို တော်မူခဲ့သည်။

**ဘုရားဖြစ်တော်မူခြင်း**

အလောင်းတော်သည် ရှားတောအတွင်း နေခိုတော်မူပြီးနောက် ညနေချမ်းအချိန်သို့ ရောက်သောအခါ ဗောဓိမဏ္ဍိုင်သို့ တစ်ပါးတည်း ကြွတော်မူခဲ့၏။ လမ်းခရီးအကြား၌ မုယောခင်းစောင့် **သောမ** လျှုဒါန်းသော မြက်ရှစ်ဆုပ်တို့ကို ခံယူတော်မူခဲ့၍ မဟာဗောဓိ ပညောင်ပင်အရင်း၌ ဖြန့်ခင်းလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ဆယ့်ငါးတောင် ပမာဏရှိသော အပရာဇိတ ပလ္လင်တော်ပေါ် ပေါက် ခဲ့သည်။ ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလျက် အင်္ဂါလေးပါးရှိသော ဝီရိယတော်ကို ဆောက်တည်၍ တရားအားထုတ်တော်မူခဲ့၏။ ထိုနေ့ နေမဝင်မီ မာရ်စစ်သည်တို့ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံနေအရုဏ် တက်သည်နှင့် တစ်ပြိုင်နက် အာသဝက္ခယဉာဏ်တော်ကို ရတော်မူကာ ဘုံသုံးပါး၌ ဘုရားစင်စစ် ဖြစ်တော်မူပြီး “တဏှာယောကျ်ားဟယ်လက်သမား. . . ငါဘုရားသည် သင်ဆောက်လုပ်ခဲ့သော ခန္ဓာအိမ်တိုက်ကြီး၏ ထွတ်ထိးပမာ မိုးကာလွှမ်းအုပ် အဝိဇ္ဇာတည်းဟူသော ခေါင်အုပ်ကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ခွါဖျက်လွှင့်ပစ်အပ်ကုန်ပြီ”စသော ဥဒါန်းစကားကို ကျူးရင့် တော်မူခဲ့သည်။

**ဓမ္မစကြာတရားဦး ဟောတော်မူခြင်း**

ကဿပဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် မဟာဗောဓိ ပညောင်ပင်အနီးမှာပင် သတ္တသတ္တာဟ-လေးဆယ့်ကိုးရက် စံနေတော်မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တောင်းပန်မှုကို ဝန်ခံတော်မူပြီး၍ ရှေးဦးစွာ တရားဟောရမည့် ပုဂ္ဂိုလ်ကို ကြည့်ရှုဆင်ခြင်လေလျှင် ကိုယ်တော်မြတ်နှင့်အတူ ရဟန်းပြုဖက်ဖြစ်ခဲ့ကြကုန်သော တစ်ကုဋေသော ရဟန်းတို့ကို မြင်တော်မူခဲ့၏။ ထိုရဟန်းတော်များ နေထိုင်ရာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်း ကြွသွားတော်မူခဲ့သည်။ မိဂဒါဝုန်တောသို့ ရောက်တော်မူလေလျှင် ထိုရဟန်းတို့၏ အလယ်၌ သီတင်းသုံးတော်မူကာ တရားနာရန် လာရောက်ကြကုန်သော လူ နတ်ဗြဟ္မာ သတ္တဝါတို့အား ရှေးရှေးဘုရားရှင်တို့ ဟောကြားတော်မူမြဲဖြစ်သော

ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူခဲ့၏။ ဒေသနာတော်၏ အဆုံးသို့ ရောက်သောအခါ ကုဋေနှစ်သောင်းသော သတ္တဝါတို့ မဂ်ဖိုလ်တရားထူးကို ရခဲ့ကြကုန်၏။

**ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း**

ကဿပဘုရားရှင် လက်ထက်တော်တွင် ဂေါတမဘုရား အလောင်းတော်သည် **ဇောတိပါလလုလင်ဖြစ်ခဲ့၏။** အလောင်းတော် ဇောတိပါလ လုလင်သည် ဗေဒင်သုံးပါးတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ခဲ့သည့် အပြင် မြေပြင်နှင့် စပ်၍ သိအပ်သော အကြောင်းအရာတို့၌ လည်းကောင်း၊ အာကာသ ကောင်းကင်နှင့်စပ်၍ သိအပ်သော အကြောင်းအရာတို့၌ လည်းကောင်း လိမ္မာသူဖြစ်ခဲ့၏။ ဃဋီကာရ အိုးထိန်းသည်နှင့် အလွန်ချစ်ကျွမ်း ဝင်သော မိတ်ဆွေလည်း ဖြစ်ခဲ့၏။ ထိုဃဋီကာရ အိုးထိန်းသည်နှင့်အတူ အလောင်းတော် ဇောတိပါလသည် ဘုရားရှင်ထံ ချဉ်းကပ်၍ ဘုရားရှင်၏ တရားတော်ကို နာကြားရသဖြင့် ဘုရားရှင်၏ အထံတော်၌ ရဟန်းပြုတော် မူခဲ့သည်။ ရဟန်းတော် ဇောတိပါလသည် အားထုတ်အပ်သော လုံ့လ ဝီရိယရှိသူဖြစ်လျက် ပိဋကတ်သုံးပုံတို့ကို သင်ယူပြီးလျှင် ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်တို့ကို အပြည့်အဝ ဖြည့်ကျင့်ပြီး ဘုရားရှင်၏ သာသနာတော်ကို တင့်တယ်စေတော်မူခဲ့သည်။ ထိုအခါ ဘုရားရှင်က ဇောတိပါလ ရဟန်းအား "ဇောတိပါလရဟန်း. . . သင်သည် ဤဘဒ္ဒကမ္ဘာ၌ပင် ဂေါတမမည်သော ဘုရားစင်စစ် ဖြစ်လတ့်"ဟု ဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့သည်။ အလောင်းတော် ဇောတိပါလရဟန်းသည် ဘုရားရှင်၏ ဗျာဒိတ်တော်ကို ကြားရလေလျှင် လွန်စွာရွှင်လန်း ဝမ်းမြောက်၍ ပါရမီဆယ်ပါးတို့ကို တိုးတက်ဖြည့်ကျင့်ရန် မြဲမြံစွာ ဆောက်တည်ခဲ့သည်။

**ကဿပဘုရားရှင်၏ တပည့်သာဝကများ**

အရှင်တိဿမထေရ်နှင့် အရှင်ဘာရဒွါဇမထေရ်တို့သည် ကဿပဘုရားရှင်၏ (အဂ္ဂသာဝက)တပည့်မြတ်အစုံတို့ ဖြစ်ခဲ့ကုန်၍ အလုပ်အကျွေးရဟန်းတော်မှာ အရှင်သဗ္ဗမိတ္တမထေရ် ဖြစ်ခဲ့သည်။ ကဿပ ဘုရားရှင်၏ (အဂ္ဂသာဝိကာ) မြတ်သော တပည့်မအစုံတို့မှာ အရှင်မ အနုဠာထေရီနှင့် အရှင်မ ဥရုဝေလာ

ထေရီတို့ ဖြစ်ခဲ့ကြကုန်ပြီး ပွင့်တော်မူရာ ဗောဓိပင်မှာ ပညောင်ပင် ဖြစ်ခဲ့၏။ ကဿပဘုရားရှင်၏ (အဂ္ဂဉပဋ္ဌာက)မြတ်သော အလုပ်အကျွေး ဒါယကာတို့သည် သုမင်္ဂလ သူဌေးနှင့် ယဋိကာရ အိုးထိန်းသည်တို့ ဖြစ်ခဲ့ကြ ကုန်၍ (အဂ္ဂဉပဋ္ဌိကာ)မြတ်သော အလုပ်အကျွေး ဒါယိကာမတို့မှာ ဝိဇိတသေနာဉပါသိကာမနှင့် ဘဒ္ဒါဉပါသိကာမတို့ ဖြစ်ခဲ့ကုန်၏။ ဘုရားရှင်၏ အရပ်တော်သည် အတောင်နှစ်ဆယ်မြင့်တော်မူ၍ ကောင်းကင်၌ တည်သော လျှပ်နွယ်ကဲ့သို့လည်းကောင်း၊ ဂြိုဟ်နက္ခတ်တို့ဖြင့် ခြံရံအပ်သော လမင်းကဲ့သို့လည်းကောင်း တင့်တယ်တော်မူခဲ့ပေ၏။

## (ဓမ္မာဘိသမယ) တရားပွဲကြီးများ

ကဿပဘုရားရှင်၏ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ တစ်ကုဋေသော ရဟန်းတို့နှင့်တကွ လူနတ်ပြဟ္မာသတ္တဝါတို့အား ဓမ္မစကြာဒေသနာတော်ကို ဟောတော်မူသော တရားပွဲသည် ရှေးဦးစွာသော (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေနှစ်သောင်းသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

တစ်ဖန် ကဿပဘုရားရှင်၏ လေးလတို့ပတ်လုံး ဒေသစာရီ လှည့်လည်တော်မူကာ လူ နတ်ပြဟ္မာ သတ္တဝါတို့အား ဟောကြားတော်မူခဲ့သော တရားပွဲများသည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးများ ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေတစ်သောင်းမျှသော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

ထို့နောက်တစ်ဖန် ကဿပဘုရားရှင်၏ သုန္ဒရမြို့တော် တံခါးအနီး ပိတောက်ပင်ကြီးအရင်း၌ ရေမီးအစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူလျက် လူနတ်ပြဟ္မာ သတ္တဝါတို့အား ဟောတော်မူသော တရားပွဲသည် တတိယအကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲကြီး ဖြစ်ခဲ့သည်။ ထိုတရားပွဲကြီး၌ ကုဋေငါးထောင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခဲ့ကြကုန်၏။

## သာဝက (သန္နိပါတ) အစည်းအဝေးကြီး

ကဿပဘုရားရှင် လက်ထက်တော်တွင် သာဝက (သန္နိပါတ) အစည်းအဝေး တစ်ကြိမ်သာ ဖြစ်ခဲ့သည်။ ဗာရာဏသီပြည် ပုရောဟိတ်၏ သားတိဿလုလင်သည် အလောင်းတော်ကဿပ သတို့သား၏ ကိုယ်၌ သုံးဆယ့်နှစ်ပါးသော ယောကျာ်းမြတ်တို့၏ လက္ခဏာများကို တွေ့မြင်ခဲ့ရသည့်အပြင် "ဤလက္ခဏာမျိုးသည် ဘုရားဖြစ်မည့် ပုဂ္ဂိုလ်တို့၌သာရှိသော လက္ခဏာများဖြစ်ကြောင်း" ဖခင် ပုရောဟိတ် ပုဏ္ဏားကြီးထံမှ စကားကိုလည်း ကြားခဲ့ရ၍ "ဤကဿပသတို့သားသည် တောထွက်၍ ဘုရားဖြစ်မည်မှာ သံသယမရှိသင့်၊ ငါသည် ထိုဘုရားရှင်၏ အထံ၌ ရဟန်းပြု၍ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေအံ့"ဟု ကြံစည်ပြီး အလောင်းတော် ကဿပသတို့သား တောမထွက်မီကပင် ဟိမဝန္တာသို့ သွားရောက်ကာ ရသေ့ဝတ်ခဲ့သည်။ ထိုတိဿရသေ့၏ အခြံအရံ ရသေ့တို့ကား နှစ်သောင်းအရေအတွက် ရှိခဲ့ကုန်၏။ တိဿရှင်ရသေ့သည် နောင်အခါ "အလောင်းတော် ကဿပသတို့သားသည် တောထွက်၍ ရဟန်းပြုပြီးလျှင် ယခုအခါ ဘုရားဖြစ်ပြီ" ဖြစ်ကြောင်း သိရသောအခါ ဘုရားရှင်ထံ အခြံအရံ ရသေ့များနှင့်အတူ လာရောက်၍ ၎င်းတို့အား ရဟန်း ပြုပေးရန် လျှောက်ထားတောင်းပန်ခဲ့ကြကုန်၏။ ထိုအခါ ကဿပဘုရားရှင်က ဧဟိဘိက္ခု ရဟန်းခေါ်တော်မူသည်တွင် အခြံအရံ ရသေ့များနှင့်တကွ ဧဟိဘိက္ခု ရဟန်းဖြစ်ကုန်၍ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ကြကုန်၏။ ထိုရဟန္တာတို့၏အလယ်၌ ဘုရားရှင် သီတင်းသုံးတော်မူကာ တပို့တွဲလပြည့်နေ့၌ ဩဝါဒပါတိမောက်ကို ပြတော်မူခဲ့သည်။ ထိုအစည်းအဝေးသည် တစ်ကြိမ်တည်းသော သာဝက (သန္နိပါတ) အစည်းအဝေးကြီး ဖြစ်ခဲ့၏။

## ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း

ကဿပဘုရားရှင်သည် မကောင်းမှုကို တားမြစ်နိုင်သော အရဟတ္တဖိုလ် သူတော်ကောင်းတရားဟူသော ထီးဖြူကို သတ္တဝါတို့အား ဆောင်းမိုးစေ၍ ဘေးမဲ့ရာသို့ရောက်ကြောင်း အဋ္ဌင်္ဂိကမဂ် ဟူသော ပန်းပွင့်ကို ဖန်ဆင်းပေးပြီးလျှင် တပည့်သာဝကတို့နှင့်တကွ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့လေပြီ။

"မန္တိုင်းယှဉ်အပ်သော ဂုဏ်နှင့်ပြည့်စုံတော်မူသော ဘုရားရှင်သည်လည်းကောင်း၊ ဘုရားရှင် ကောင်းစွာ ဟောကြားတော်မူထားအပ်သော တရားတော်သည်လည်းကောင်း၊ ကောင်းသောအကျင့်ရှိ တော်မူသော သံဃာတော်တို့သည်လည်းကောင်း ထိုအားလုံးတို့သည် ပျွယ်ပျောက်ခဲ့လေပြီ။ အလုံးစုံသော သင်္ခါရတရားတို့သည် ခိုင်မြဲသော အနှစ်မရှိကုန်။ အချည်းနှီးတို့သာ ဖြစ်ကုန်စွ"

**စေတီတည်ထား ကိုးကွယ်ကြခြင်း**

ကဿပဘုရားရှင်သည် သေတဗျာရာမကျောင်းတိုက်ကြီး၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ထိုကျောင်းတိုက်ကြီးအတွင်း၌ပင် စေတီတော်ကို တည်ထားကိုးကွယ်တော်မူခဲ့ကြရာ စေတီတော်သည် ကောင်းကင်သို့ တစ်ယူဇနာတိုင်တိုင် မြင့်တက်တော်မူခဲ့၏။ သက်တော်ရှည်ကြာသော ဘုရားရှင်တို့၏ ဓမ္မတာအရ အစိတ်စိတ်မကွဲ တစ်လုံးတစ်ခဲတည်းသော အသမ္ဘိန္နဓာတ်တော်ကို ထိုစေတီတော်အတွင်း၌ ဌာပနာသွင်းခဲ့ကြကုန်၏။ ဇမ္ဗူဒိပ်ကျွန်းနေလူအပေါင်းတို့သည် ရတနာခုနစ်ပါးဖြင့် ခြယ်လှယ်ကာ စေတီတော်ကို ပြီးဆုံးစေခဲ့ကြကုန်သတည်း။

# သုံးလောကထွတ်တင် ဂေါတမဗုဒ္ဓဝင်

## သုမေဓာဆုတောင်းခန်း

### လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအစ

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်း အထက်၌ ရှုချင်စဖွယ် ပျော်မွေ့ဖွယ်ကောင်းသော **"အမရဝတီ"** မြို့သည် ရှိခဲ့၏။ ထိုမြို့သည် စားသောက်ဖွယ် ထမင်း အဖျော်ယမကာတို့နှင့် ပြည့်စုံ၍ ဆင်သံ၊ မြင်းသံ၊ စည်ကြီးသံ၊ ခရုသင်းသံ၊ ရထားသံတို့အပြင် "စားကြကုန်၊ သောက်ကြကုန်" ဟူ၍ စားဖွယ်နှင့်စပ်သော ကြွေးကြော်သံ စသောအသံဆယ်ပါးတို့ဖြင့် တိတ်ဆိတ်ခြင်းမရှိခဲ့၊ မြို့အင်္ဂါအားလုံး ပြည့်စုံ၏။ လုပ်ငန်းဌာနတို့ဖြင့် စည်ကား၏။ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံ၏။ လူအမျိုးမျိုးတို့နှင့် ရောပွမ်းလျက် ကြက်ပျံမကျ စည်ကားလှ၏။ နတ်ပြည်ကဲ့သို့ ပြည့်စုံ၍ ဘုန်းရှင်ကံရှင်တို့၏ နေရာဖြစ်ခဲ့၏။ ပစ္စည်းဥစ္စာ ကုဋေများစွာ ကြွယ်ဝသော **သုမေဓာပုဏ္ဏား** သည် ထိုအမရဝတီမြို့၌ နေခဲ့သည်။ ပညာရှိသောကြောင့် သုမေဓာဟု ထင်ရှား ကျော်ကြားခဲ့သည်။ ထိုပုဏ္ဏားသည် လှပတင့်တယ် ရှုချင်ဖွယ်ဖြစ်ခဲ့၏။ လူတကာ၏ စိတ်ကို ရွှင်လန်းစေနိုင်သော ရုပ်ဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံ ၏။ အခြားတစ်ပါးသော အမှုကိစ္စကိုမပြု ပုဏ္ဏားတို့၏ အတတ်ပညာဖြစ်သော ဗေဒင်သုံးပုံတို့ကိုသာ သင်ယူခဲ့သည်။ ဗေဒင်ကို သရဇ္ဈာယ်တတ်၍ ဗေဒင်သုံးပုံတို့ကို ဆောင်ထားနိုင်၏။ ဗေဒင်တို့၌ ကျွမ်းကျင်လိမ္မာခဲ့၏။ လက္ခဏာကျမ်း၊ ဣတိဟာသကျမ်းတို့၌ အထွတ်အထိပ်သို့ ရောက်ခဲ့၏။

### ဘဝ၏ကျဉ်းကျပ်ဆင်းရဲမှုကို ဆင်ခြင်မိခြင်း

သုမေဓာသူဌေးသားသည် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်၍ "ဘဝသစ်၌ ဖြစ်ရခြင်းသည် ဆင်းရဲ၏။ စုတိပြတ်ကြွေ သေရခြင်းသည်လည်း ဆင်းရဲ၏။ ပဋိသန္ဓေနေရခြင်းသဘော၊ အိုရခြင်းသဘော၊ နာရခြင်းသဘောသည်ရှိ၏။ ထိုအိုခြင်း ကင်းရာ၊ နာခြင်း ကင်းရာ၊ သေခြင်း ကင်းရာ နိဗ္ဗာန်ကို ရှာမှီး

တော့အံ့။ ကျင်ကြီးကျင်ငယ် စသော အပုပ်အသိုး အမျိုးမျိုးတို့ဖြင့်ပြည့်သော ဤကိုယ်ကောင်ပုပ်ကို မငဲ့ကွက်ဘဲ စွန့်ပစ်၍သွားရမူ ကောင်းလေစွ။ ဘဝမှလွတ် မြောက်ကြောင်း လမ်းစဉ်သည် မရှိဘဲမနေရာ၊ မုချရှိရမည်။ ထိုလွတ်မြောက်ကြောင်း လမ်းစဉ်ကို ရှာမှီးတော့အံ့။ ဆင်းရဲရှိသော် ချမ်းသာရှိ့သကဲ့သို့ ဘဝရှိသော် ဘဝကင်းရာ နိဗ္ဗာန်ရှိရာ၏။ အပူရှိသော် အအေးရှိသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟမီး သုံးမျိုးရှိသော် ထိုမီးကင်းရာ နိဗ္ဗာန်လည်း ရှိသင့်၏။

မစင်လူးသော ယောက်ျားသည် ရေပြည့်နေသော ရေကန်ကို တွေ့ပါလျက် ထိုကန်ကို မရှာမှီးဘဲနေအံ့။ ထိုရေကန်၏ အပြစ် မဟုတ်ချေ။ ထို့အတူ ကိလေသာကို ဆေးကြောရာ နိဗ္ဗာန်ရှိပါလျက် ထိုနိဗ္ဗာန်ကို မရှာမှီးခြင်းသည် နိဗ္ဗာန်၏ အပြစ်မဟုတ်ချေ။ ရန်သူဝိုင်းခြင်း ခံထားရသော ယောက်ျားသည် ပြေးသွားစရာ လမ်းရှိပါလျက် မပြေးဘဲနေခြင်းသည် လမ်း၏ အပြစ်မဟုတ်ချေ။ ထို့အတူ ကိလေသာရန်သူ ဝိုင်းရံခြင်း ခံရသူသည် အေးငြိမ်းရာ နိဗ္ဗာန်ရှိပါလျက် ထိုနိဗ္ဗာန်သို့ သွားရာလမ်းခရီးကို အသုံးမပြုခြင်းသည် နိဗ္ဗာန်သို့သွားရာ လမ်းခရီး၏ အပြစ်မဟုတ်ချေ။ ယောက်ျားသည် ဆေးဆရာရှိပါလျက် အနာရောဂါကို မကုစား။ ထိုသို့မကုစားခြင်းသည် ဆေးဆရာ၏ အပြစ်မဟုတ်သကဲ့သို့ ထို့အတူပင် ကိလေသာအနာ နှိပ်စက်ခံရသူသည် ထိုကိလေသာ အနာကို ကုစားနိုင်သော ဆရာကို မရှာမှီးက ဆရာ၏ အပြစ်မဟုတ်။ မရှာမှီးသော ကိလေသာအနာရှိသူ၏ အပြစ်သာဖြစ်သည်။ လည်ပင်း၌ ဆွဲထားသော အကောင်ပုပ်ကို ဆွဲဖြုတ်ပြီး ချမ်းသာရာသို့ သွားသကဲ့သို့ ထို့အတူ ကျင်ကြီး ကျင်ငယ် စက်ဆုပ်ဖွယ် အပြစ်အမျိုးမျိုးတို့၏ စုဝေးရာ ဤကိုယ်ကောင်ပုပ်ကို စွန့်ပစ်၍ သွားပါတော့အံ့။ လှေပိုင်ရှင် လှေစီးသူ တို့သည် ရေယိုနေသော လှေကို စွန့်ပစ်၍ သွားသကဲ့သို့ ထို့အတူ ဒွါရကိုးပေါက် ရှိ၍ အမြဲမပြတ် ယိုစီးလျက်ရှိသော ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်ကို စွန့်ပစ်၍ သွားပါတော့အံ့။ သူခိုးဓါးပြတို့နှင့်အတူ ခရီးသွားသော ဘဏ္ဍာထုပ် ပိုင်ရှင်သည် ဘဏ္ဍာထုပ်ကို လုယက်မည် စိုးရိမ်၍ သူခိုးတို့ကို ဖယ်ရှောင် သွားသကဲ့သို့ ကုသိုလ်တရားကို လုယက် ဖျက်ဆီးတတ်သော ခန္ဓာကိုယ်ကို စွန့်ပစ်ကာ ဖယ်ရှောင်၍ သွားပါတော့အံ့”ဟု အကြံဖြစ်ခဲ့လေသည်။

## သုမေဓာပုဏ္ဏား တောထွက်တော်မူခြင်း

သုမေဓာပုဏ္ဏားသည် ဘဝဆင်းရဲနှင့် ဘဝဆင်းရဲမှ လွတ်မြောက်ရန် အမျိုးမျိုး အဖုံဖုံ တွေးတောပြီးနောက် စည်းစိမ်ဥစ္စာတို့၏ အနှစ်မပါ၊ အကာပြဲ့ပြဲ့ဖြစ်ပုံ၊ ကိုယ်မပိုင်ပါဘဲလျက် ကိုယ်ပိုင်ဟူ၍ လွဲမှားစွာခံယူထားပုံကို မြင်မိခဲ့ပြန်ပါသည်။ "ငါ့တွင်ရှိသော ကုဋေကုဋာမက များပြားလှသည့် ပစ္စည်းဥစ္စာများသည် မိဘက်ဖဘက် ဆွေမျိုးအဆက်ဆက်မှရခဲ့သော ပစ္စည်းဥစ္စာများဖြစ်ခဲ့သည်။ ငါ၏အမိအဖ အဖိုးအဖွားတို့သည် ဥစ္စာအစုတို့ကို ရှာဖွေစုဆောင်းထားခဲ့၏။ ထိုအမိအဖ အဖိုးအဖွားတို့ကား တမလွန်လောကသို့ သွားခဲ့ကြလေပြီ။ ထိုသူတို့သည် ထိုပစ္စည်းဥစ္စာများအနက်မှ အသပြာ တစ်ပြား တစ်ချပ်ကိုမျှ ယူဆောင်၍ မသွားနိုင်ခဲ့ကြပါတကား။ ငါသည်ကား သံသရာသို့ ယူဆောင်သွားနိုင်သည့် နည်းလမ်းကို ကျင့်သုံးမှ တော်တော့ မည်"ဟု ကြံစည်ပြီးလျှင် ကုဋေအရာမက များပြားလှသော ပစ္စည်းဥစ္စာတို့ကို ကိုးကွယ်ရာရှိသူ ကိုးကွယ်ရာမဲ့ သူတို့အား ပေးလှူခဲ့ပြီးလျှင် တစ်ယောက် ထီးတည်း အမရဝတီမြို့မှ ထွက်၍ ဟိမဝန္တာတောသို့ ဝင်ခဲ့လေသည်။ ဟိမဝန္တာတော အနီး ဓမ္မိကတောင်၌ သင်္ခမ်းကျောင်းကို ကောင်းစွာ ဆောက်လုပ်ခဲ့၏။ သစ်ရွက်မိုးကျောင်းကို ဖန်ဆင်းခဲ့၏။ အပြစ်ငါးပါး ကင်းသော စင်္ကြံကို စီစဉ်ထားခဲ့၏။ ဂုဏ်ကျေးဇူးရှစ်ပါးနှင့် ပြည့်စုံသော အဘိညာဉ်အားကို ဆောင်စေနိုင်သည့် ကျောင်းသင်္ခမ်းမျိုး ဖြစ်ခဲ့လေသည်။

ထိုကျောင်းသင်္ခမ်း၌ အပြစ်ကိုးပါးရှိသော အဝတ်ပုဆိုးကို စွန့်ပယ်၍ ဂုဏ်ကျေးဇူး တစ်ဆယ့်နှစ်ပါးနှင့် ပြည့်စုံသော လျှော်တေသက်န်းကို ဝတ်ဆင်လျက် ရသေ့ရဟန်းပြုခဲ့၏။ သုမေဓာရှင်ရသေ့သည် အပြစ်ရှစ်ပါး ရှိသော သင်္ခမ်းကျောင်းကို စွန့်ခဲ့ပြန်၍ ဂုဏ်ကျေးဇူးဆယ်ပါးနှင့် ပြည့်စုံသော သစ်ပင်ရင်းသို့ ချဉ်းကပ်၏။ စိုက်ပျိုးကြဲချသော ဆန်စပါးမှဖြစ်သော အစာအာဟာရကို ပယ်စွန့်၍ ဂုဏ်အပေါင်းနှင့် ပြည့်စုံသော အလိုလိုကြွေကျသည့် သစ်သီးအစာအာဟာရကိုသာ စားသုံးခဲ့လေသည်။ ထိုင်ခြင်း၊ ရပ်ခြင်း၊ စင်္ကြံကြွခြင်းဖြင့် ကမ္မဋ္ဌာန်းတရားကို အားထုတ်ခဲ့သဖြင့် ခုနစ်ရက်အတွင်း သမာပတ်ရှစ်ပါးနှင့်တကွ အဘိညာဉ်ငါးပါးကို ရတော်မူခဲ့လေသည်။

## ဒီပင်္ကရာဘုရားရှင် လောကၣ္စ ပွင့်တော်မူခြင်း

အလောင်းတော် သုမေဓာရှင်ရသေ့ သမာပတ်ချမ်းသာကို ခံစားနေစဉ် လောကသုံးပါး၏ အကြီးအမျှူးဦးစီးခေါင်းဆောင် ဖြစ်တော်မူသော **ဒီပင်္ကရာ မြတ်စွာဘုရားရှင်** ပွင့်တော်မူခဲ့သည်။ ထိုဒီပင်္ကရာမြတ်စွာဘုရား ပဋိသန္ဓေယူသောအခါ၊ ဖွားတော်မူသောအခါ၊ ဘုရားဖြစ်တော်မူသောအခါ၊ တရားဦးဟောတော်မူသောအခါတို့၌ လောကဓာတ်စကြဝဠာ တိုက်တစ်သောင်းသည် အောက်သို့သက်၍လှုပ်၏၊ အထက်သို့တက်၍လှုပ်၏။ အရှေ့ အနောက် တောင် မြောက် ဝဲယာ ယိမ်းနွဲ့ကာ လှုပ်၏။ သို့သော် သုမေဓာရှင်ရသေ့သည် စျာန် သမာပတ်ချမ်းသာ၌သာ ပျော်မွေ့နေခဲ့၍ ထိုနိမိတ်ကြီးများကို တွေ့မြင်သိရှိတော်မမူလိုက်ပေ။ ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် ရဟန္တာလေးသိန်း ခြံရံလျက် ဒေသစာရီကြွချီတော်မူခဲ့ရာ လွန်စွာမွေ့လျော် ပျော်ဖွယ်ရာကောင်းသော "ရမ္မာ" ပြည်သို့ ရောက်တော်မူခဲ့သည်။ ရမ္မာပြည် "သုဒဿန" ကျောင်းတော်၌ ကိန်းအောင်းစံပျော်တော်မူခဲ့၏။ ပြည်သူပြည်သား လူအများတို့သည် မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ယူဆောင်ကာ ပန်းနံ့သာတို့ကို လက်စွဲကုန်လျက် ရတနာသုံးပါးတို့၌ ကိုင်းညွတ်သောစိတ်ဖြင့် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ကြကုန်၏။ ဘုရားရှင် ဟောကြားတော်မူသော တရားဒေသနာတော်ကို နာယူကြကုန်ပြီးနောက် ဘုရားအမျှူးရှိသော သံဃာတော်များအား ဆွမ်းပင့်ဖိတ်ကြပြီးလျှင် ဘုရားရှင်အား လက်ယာရစ်လှည့် အရိုအသေပြုကာ ရှောင်ဖယ်သွားကြကုန်၏။

နောက်တစ်နေ့ရောက်သောအခါ အလှူကြီးကို စီစဉ်ရန် မြို့ကို တန်ဆာဆင်ကြကုန်၏။ တိုင်းစွန်ပြည်ဖျား၌ ဘုရားရှင်ကြွလာမည့်လမ်းကို မြေဖို့ခြင်း၊ မြေအညီအညွတ်ပြုခြင်း၊ သဲဖြူးခြင်း ရာဇမတ်ကာခြင်း၊ ပန်း ပေါက်ပေါက်တို့ ကြဲဖြန့်ခြင်း၊ တံခွန်ကုက္ကား မုလေးပွားတို့ကို စိုက်ထူခြင်း၊ ငှက်ပျောပင် စိုက်ခြင်း ရေပြည့်အိုး တည်ထားခြင်းတို့ကို ဝမ်းပမ်းတသာ ပြုကြကုန်၏။ ထိုအခါ သုမေဓာရှင်ရသေ့သည် သခ်မ်းကျောင်းမှထွက်၍ လျှော်တေ သက်န်းကို ခါလျက် ကောင်းကင်ခရီးဖြင့် သွားလေလျှင် "ရမ္မာ" ပြည်သူ ပြည်သားတို့ ဝမ်းမြောက်ဝမ်းသာ လမ်းပြင်နေကြသည်ကို တွေ့မြင်ရသည်။ ထိုအခါ

ကောင်းကင်မှ ဆင်းသက်၍ "အို အချင်းတို့ . . ရွှင်ရွှင် လန်းလန်း ဝမ်းပန်းတသာ မည်သူ၏ အကျိုးငှာ လမ်းခရီးကို သုတ်သင်နေ ကြပါ သနည်း"ဟု မေးလေလျှင် ပြည်သူပြည်သား လူအများတို့က "အို ရှင်ရသေ့. . . လောက၌ သစ္စာလေးပါး တရားကိုသိ၍ လောက၌ အမြတ်ဆုံး ဖြစ်တော်မူကာ လောက၏ရှေ့သွား ဒီပင်္ကရာမြတ်စွာဘုရားသည် လောက၌ ထင်ရှားပွင့် တော်မူလေပြီ။ ထိုဘုရားရှင်အလို့ငှာ လမ်းခရီးကို သုတ်သင် ကြပါကုန်၏"ဟု ဖြေကြားခဲ့ကြ၏။

သုမေဓာရှင်ရသေ့သည် ဘုရားဟူသော အသံကို ကြားရသောအခါ နှစ်သက်ခြင်းပီတိသည် တစ်ကိုယ်လုံး၌ ပျံ့နှံ့ခဲ့ရသည်။ 'ဘုရား ဘုရား' ဟုဆိုလျက် ဝမ်းမြောက်ခြင်း သောမနဿသည် ရင်တွင်း၌ တလှိုက်လှိုက် ဖြစ်ခဲ့၏။ ထိုနေရာ၌ရပ်လျက် "ငါသည် ထိုဘုရားထံ၌ ကုသိုလ် မျိုးစေ့တို့ကို စိုက်ပျိုးတော့အံ့၊ အခွင့်ကောင်းကို ယူတော့အံ့"ဟု ကြံစည်ခဲ့သည်။ "အို အချင်းတို့. . . သင်တို့သည် ဘုရားရှင်အတွက် လမ်းခရီးကို သုတ်သင်ပါမူ ငါ့အားလည်း တစ်နေရာပေးကြပါ။ ငါလည်းခရီးလမ်းကိုသုတ်သင်ပါမည်"ဟု တောင်းခံခဲ့လေသည်။

ထိုအခါ "ရမ္မာ" ပြည်သူပြည်သားတို့သည် သုမေဓာရှင်ရသေ့ တန်ခိုး အာနုဘော် ရှိကြောင်းကို သိကြသဖြင့် ရေနှင့်ဆက်စပ်၍ ရွှံ့ညွန်ပေါ်များပြီး မညီညွတ်သော နေရာတစ်ခုကိုပေးကြကုန်၏။ သုမေဓာရှင်ရသေ့သည် ဘုရားဂုဏ်ကို အာရုံယူ၍ 'ဘုရား ဘုရား'ဟု ဆင်ခြင်လျက် "ငါသည် ဤနေရာကို တန်ခိုးစွမ်းဖြင့် ပြင်ဆင်သုတ်သင်ရန် စွမ်းနိုင်၏။ သို့သော် ငြားလည်း ကိုယ်တိုင်ကိုယ်ကျသာ ကိုယ်ဖြင့်ကာယကံမြောက် ပြုလုပ်၍ ကုသိုလ်မျိုးစေ့ကို ရယူသင့်၏"ဟု ကြံစည်ပြီးလျှင် မြေမှုန့်တို့ကို ထမ်းယူ၍ မညီမညွတ်ရွှံ့ဗွက် နေရာကို ဖို့တော်မူခဲ့၏။

**ဒီပင်္ကရာဘုရားရှင် ကြွလာတော်မူခြင်း**

သုမေဓာရှင်ရသေ့၏ တာဝန်ကျရာနေရာကို ပြုပြင်ဖို့လုပ်၍ မပြီးသေးမီ ဒီပင်္ကရာဘုရားရှင်သည် အဘိညာဉ်ခြောက်ပါးကို ရရှိတော်မူကြကုန်၍ တာဒိဂုဏ်နှင့်ပြည့်စုံကာ ကိလေသာအညစ်အကြေး ကင်းစင်တော်မူကြ

ကုန်သော ရဟန္တာအရှင်သူမြတ် လေးသိန်းတို့ ခြံရံလျက် ကြွလာတော်မူသည်။ နတ်လူတို့သည် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုခဲ့ ကြ၏။ နတ်တို့သည် နတ်၌ဖြစ်သော ပန်းနံ့သာ အမွှေးအထုံတို့ကို ကြဲဖြန့်ကုန်လျက် နတ်၌ဖြစ်သော တူရိယာတို့ကို ပူဇော်တီးခတ်ကြကုန်၏။ လူတို့ကလည်း နတ်တို့နည်းတူ နံ့သာပန်းတို့ဖြင့် လည်းကောင်း၊ တူရိယာတို့ကို တီးမှုတ်ခြင်းဖြင့်လည်းကောင်း ပူဇော်ခဲ့ကြကုန်၏။ ကောင်းချီးကြွေးကြော် သာဓုခေါ်ကြကုန်၏။ ဘုရားရှင်သည် အနှိုင်းမဲ့သော ဘုရားရှင်၏ တင့်တယ် စံပယ်ခြင်းဖြင့် ရွှေဂူမှထွက်သော ခြင်္သေ့မင်းကဲ့သို့ ထိုတန်ဆာဆင် သုတ်သင်ထားသော လမ်းခရီးသို့ လှမ်းကြွတော်မူလာခဲ့သည်။ နတ်လူတို့သည် အချင်းချင်း မြင်ခဲ့ကြကုန်၏။ ထိုနတ်လူတို့သည် လက်အုပ်ချီလျက် ဘုရားရှင်၏ နောက်မှ အစဉ်လိုက်ခဲ့ ကြကုန်၏။

သုမေဓာရှင်ရသေ့သည် တန်ဆာဆင်ယင် သုတ်သင်ထားသော လမ်းမဖြင့် ကြွချီတော်မူလာသော ဘုရားရှင်ကို စတင်ဖူးမြင်ခဲ့ရသည်။ ဘုရားရှင်သည် သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာငယ်တို့ဖြင့် ရွှန်းရွှန်းအိအိ တင့်တယ်လှပါဘိ၏။ တစ်လံမျှ လောက်သော အမြဲမပြတ် တောက်ပသော ရောင်ခြည်တော်တို့ဖြင့် ဝန်းရံကာ လျှပ်စစ် လျှပ်နွယ် လျှပ်ပန်းတို့ ယှက်သန်းသည့်ပမာ ပြိုးပြိုးပြက်သော ရောင်ခြည်တော်ခြောက်ဆိုင်တို့ ကွန့်မြူးနေခဲ့သည်။ ရူပကာယတော်သည် တင့်တယ်ခြင်း အထွတ်အထိပ်သို့ ရောက်နေတော်မူခဲ့သည်။

သုမေဓာရှင်ရသေ့သည် "ယနေ့ ငါသည် ဒီပင်္ကရာ ဘုရားရှင်ထံတော်၌ အသက်ကိုစွန့်ရန် သင့်၏။ ဘုရားရှင်သည် ညွန်ပြောင်း၌ ဆင်းရဲစွာ နင်းကြွတော်မမူပါစေလင့်။ ပတ္တမြားပျဉ်တံတားကို နင်းကြွတော်မူသကဲ့သို့ ရဟန္တာ လေးသိန်းတို့နှင့်တကွ ငါ၏ကျောက်ကုန်း(ကျောပြင်) ကိုနင်း၍ ကြွတော်မူ ပါစေသတည်း။ ထိုသို့နင်းကြွတော်မူပါက ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးစီးပွားကို ဧကန်ရလတ္တံ့"ဟု ဆင်ခြင်ပြီးလျှင် ဆံကျစ်ကိုဖြေ၍ သစ်နက်လျှော်တေသင်္ကန်းကို ညွန်ပျောင်း၌ ဖြန့်ခင်းကာ အလျားမှောက် ခဲ့လေသည်။

**ဒီပင်္ကရာဘုရားရှင်ထံ ဆုပန်ခြင်း**

ထို့နောက် သုမေဓာရှင်ရသေ့သည် ညွှန်ပျောင်း၌ လျောင်းလျက်သာ မျက်စိကိုဖွင့်၍ ဘုရားရှင်၏ ကျက်သရေတော်ကို ဖူးမြော်ကြည်ညိုလျက် “ငါသည် အလိုရှိသော် ဤနေရာ၌ပင် ကိလေသာကုန်ခန်း ရဟန္တာဖြစ်နိုင်ရာ၏။ ဤဘုရားရှင်သာသနာတော်၌ မထင်ရှားသော အသွင်ဖြင့် တရားကို မျက်မှောက်ပြုကာ ကျွတ်တမ်းဝင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါသည် နတ်နှင့်တကွသော လောက၌ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ ဘုရားဖြစ်စေဦးအံ့။ ငါသည် စွမ်းအားရှိသော ယောကျ်ားဖြစ်ပါလျက် တစ်ယောက်တည်း သံသရာကို ကူးမြောက်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ သဗ္ဗညုတရွှေဉာဏ်တော်ကိုရ၍ နတ်နှင့်တကွသော လောကကို ကယ်တင်တော့အံ့။ သံသရာတည်းဟူသော ရေအလျင်ကိုဖြတ်၍ ဘဝသုံးပါးကို ဖျက်ဆီးပြီးလျှင် တရားတည်းဟူသော လှေသင်္ဘောသို့ တက်စီးလျက် နတ်နှင့်တကွသော လောကကို နိဗ္ဗာန်ဟူသော တစ်ဘက်ကမ်းသို့ ပို့ဆောင်အံ့”ဟု ဆုပန်ရန် ရည်ရွယ်ပြီး “ငါသည် လူသားဖြစ်ခြင်း၊ ယောကျ်ားအာဇာနည် ဖြစ်ခြင်း၊ အရဟတ္တဖိုလ်ကိုရနိုင်သည့် ကုသိုလ်အဆောက်အဦရှိပြီးဖြစ်ခြင်း၊ သက်တော်ထင်ရှား ဒီပင်္ကရာဘုရားရှင်ကို ဖူးတွေ့ရခြင်း၊ ရသေ့ ရဟန်းဖြစ်ခြင်း၊ စျာန်အဘိညာဉ်နှင့် ပြည့်စုံခြင်း၊ ဆုတောင်းခြင်း၊ အလွန်ပြင်းပြသော ဆန္ဒရှိခြင်း ဟူသော ဘုရားဆုပန်မှု၌ ပြီးမြောက်စေနိုင်သော အင်္ဂါရှစ်ပါးနှင့်လည်း ပြည့်စုံခဲ့သည်။ ထို့ကြောင့် ငါ၏ဘုရားဆုပန်ခြင်းသည် ပြီးပြည့်စုံနိုင်ရာ၏”ဟု ကြံစည်ခဲ့လေသည်။ ကြံစည်သည့်အတိုင်းပင် သုမေဓာရှင်ရသေ့သည် နှုတ်မှ ဖွင့်ဟ၍ ဒီပင်္ကရာဘုရားရှင်ရှေ့မှောက်၌ ဆုပန်ခဲ့လေသည်။

ထိုစဉ်က ယသောဓရာဒေဝီအလောင်းသည် ရမ္မာဝတီမြို့ဝယ် ပုဏ္ဏားမျိုး၌ ဖြစ်၍ သုမိတ္တာဟု ထင်ရှားသော အမျိုးသမီးဖြစ်ခဲ့သည်။ ထိုသုမိတ္တာသည် ဒီပင်္ကရာ ဘုရားရှင်အား ပူဇော်ခြင်းငှာ ကြာရှစ်ခိုင်ကိုယူ၍ သုမေဓာရှင်ရသေ့ ဘုရားဆုပန်မည့်နေရာဖြစ်သော ပြည်သူပြည်သားတို့၏ စုဝေးရာသို့ ချဉ်းကပ်ခဲ့၏။ ထိုလူစုလူဝေး၌ ကျောပြင်ကို တံတားအသွင်ပြု၍ ညွှန်ပျောင်း၌ လျောင်းနေသော သုမေဓာရှင်ရသေ့ကို တွေ့ရသည့်အခါ ကြာမြင့်စွာသော

ကာလပတ်လုံး အစဉ်တစိုက် ချစ်ခင်ကြင်နာခဲ့ရသော သံယောဇဉ်ဓာတ်ခံ အထုံဝါသနာကြောင့် သုမေဓာရှင်ရသေ့သည် သုမိတ္တာ၏ စိတ်ကို ဆွဲဆောင်နိုင်ခဲ့၏။ သုမိတ္တာ၏စိတ်တွင် "သုမေဓာရှင်ရသေ့ကို ဖူးမြင်ရသဖြင့် သူမ၏ အသက်ရှင်ခြင်းသည် အကျိုးရှိလေစွ"ဟု အောက်မေ့ ထင်မှတ်ခဲ့၏။ ကုသိုလ်ကောင်းမှု၌ တက်ကြွသော သုမေဓာရှင်ရသေ့ကို လွန်စွာကြည်ညိုခဲ့သည်။ "အရှင်ရသေ့. . . ဘုရားရှင်အား ပေးလှူရန် သင်၏လက်တွင် လှူဖွယ်ပစ္စည်းကို မမြင်ပါ၊ အရှင်ရသေ့အား ကြာပန်းငါးခိုင်ကို လှူပါ၏။ ကြာပန်းသုံးခိုင်သာ ကျွန်ုပ်အတွက်ဖြစ်ပါစေ။ အရှင်ရသေ့သည် အရှင်၏ သမ္မာသမ္ဗောဓိဉာဏ်ရရန် ဆောင်ရွက်နေသမျှ ကာလပတ်လုံး အရှင်ရသေ့နှင့် အတူတကွ ပေါင်းဆုံမိခြင်းဖြစ်ပါစေ"ဟု ပြောဆိုလျက် အရှင်ရသေ့၏ လက်သို့ ကြာငါးခိုင်ကို အပ်နှင်းလှူဒါန်းခဲ့လေသည်။

**ဒီပင်္ကရာဘုရားရှင်ထံ ဗျာဒိတ်ခံယူတော်မူခြင်း**

အဝေးမှဆောင်ယူလာသော လှူဖွယ်ပစ္စည်းဝတ္ထုကို ခံယူတော် မူထိုက်သော လောကသိမြင် ဒီပင်္ကရာဘုရားရှင်သည် အလောင်းတော် သုမေဓာရှင်ရသေ့၏ ဦးခေါင်းအနီး၌ မားမားမတ်မတ်ရပ်တော်မူလျက် ဤဗျာဒိတ်စကားကို မိန့်ကြားတော်မူခဲ့ပါသည်။

> "ဆံကျစ်ကို ထုံး၍ ထက်မြက်သော အကျင့်ရှိသည့် ညွန်ပျောင်း၌ ဝမ်းလျား မှောက်နေသော ဤရသေ့ကို ရှုကြည့်ကြကုန်လော့။ ဤရသေ့သည် ဘုရားဖြစ်ရန် ဆုတောင်း၍ ညွန်ပျောင်း၌ ဝမ်းလျားမှောက် လျောင်းလျက်ရှိ၏။ ထိုရသေ့၏ ဆုတောင်းသည် ပြည့်စုံလတ္တံ့။
>
> ဤကမ္ဘာမှ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအကြာ ဘဒ္ဒကမ္ဘာ၌ တစ်လောကလုံး၏ အမြတ်ဆုံး မြတ်စွာဘုရား ဖြစ်လတ္တံ့။ ကပိလဝတ် နေပြည်တော်သည် ဘုရားလောင်း၏ ပျော်မွေ့ဖွယ်ကောင်းသော ဇာတိချက်ကြွေ မွေးဖွားရာမြို့တော် ဖြစ်လတ္တံ့။ ထိုမြို့တော်မှ မြတ်သော တောထွက်တော်မူခြင်းဖြင့် တောထွက်တော်မူ၍ ကမ္ဘာန်း စီးဖြန်းခြင်း

လုံ့လကိုပြုလျက် ပြုနိုင်ခဲသော ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူလတ္တံ့။ ဆိတ်ကျောင်းညောင်ပင်ရင်း၌ ထိုင်တော်မူလျက် သုဇာတာမည်သော သတို့သမီးလှူဒါန်းသည့် နို့ဃနာဆွမ်းကို ခံယူ ၍ နေရဥ္စရာမြစ်ကမ်း၌ နို့ဃနာဆွမ်း ဘုဉ်းပေးပြီးလျှင် နတ်တို့ စီရင်သော မြတ်သောခရီးဖြင့် ဗောဓိပင်ရင်းသို့ ချဉ်းကပ်လတ္တံ့။

ထို့နောက် အတုမရှိ များစွာသော အခြံအရံရှိသော ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာ ဗောဓိမဏ္ဍိုင်ကိုလက်ယာရစ် လှည့်တော်မူ၍ ညောင်ဗုဒ္ဓဟေပင်ရင်း၌ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း သိမြင်တော်မူကာ ဘုရားဖြစ်တော်မူလတ္တံ့။

ထိုဘုရားရှင်၏ မွေးမိခင်သည် မယ်တော်မာယာဒေဝီဖြစ်၍ခမည်းတော်သည် သုဒ္ဓေါဒန မင်းကြီးဖြစ်လတ္တံ့။ ထိုဘုရားရှင်၏ဘွဲ့အမည်တော်ကား 'ဂေါတမ' ဖြစ်လတ္တံ့။

အာသဝေါ ကင်း၍ ရာဂမရှိ တည်ကြည်သော စိတ်ရှိကုန်သောအမြတ်ဆုံးတပည့် အဂ္ဂသာဝကတို့သည်ကား ဥပတိဿနှင့်ကောလိတတို့ဖြစ် ကုန်လတ္တံ့။ အလုပ်အကျွေး ရဟန်းသည်ကားအာနန္ဒာဖြစ်၍ ထိုဘုရားရှင်ကို လုပ်ကျွေးလတ္တံ့။ အာသဝေါမရှိရာဂကင်း၍ တည်ကြည်သော စိတ်ရှိကုန် သော အမြတ်ဆုံးတပည့်မအဂ္ဂသာဝိကာတို့သည်ကား ခေမာနှင့် ဥပ္ပလဝဏ်တို့ ဖြစ်ကုန်လတ္တံ့။

ထိုဘုရားရှင်၏ ဗောဓိပင်သည် ညောင်ဗုဒ္ဓဟေပင်ဖြစ်လတ္တံ့။ အမြတ်ဆုံး အလုပ်အကျွေးဒါယကာ အဂ္ဂဥပဋ္ဌာကဥပါသကာတို့သည်ကား စိတ္တနှင့် ဟတ္ထအာဠဝကတို့ ဖြစ်ကုန်လတ္တံ့။ အမြတ်ဆုံးအလုပ်အကျွေး ဒါယိကာမ အဂ္ဂဥပဋ္ဌာက ဥပါသိကာတို့သည်ကားဥတ္တရာနှင့် နန္ဒမာတာ တို့ဖြစ်ကုန်လတ္တံ့.”ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူခဲ့လေသည်။

## နတ်လူတို့ကြွေးကြော်၍ ဆုတောင်းကြခြင်း

နတ်လူတို့သည် အတုမရှိသော ဘုရားရှင်၏ ဗျာဒိတ်စကားတော်ကို ကြားနာရလျှင် "ဤရသေ့ကား ဘုရားအလောင်း၊ ဘုရားမျိုးစေ့၊ ဘုရားအညွန့် စင်စစ်ဖြစ်သတတ်"ဟု ဝမ်းမြောက်ဝမ်းသာ ကြွေးကြော်ကြကုန်၏။ လက်ပန်း ပေါက်ခတ်ကြကုန် ၏။ လောကဓာတ် တိုက်တစ်သောင်းရှိ နတ်လူတို့သည် လက်အုပ်ချီမိုး ရှိခိုးကြကုန်၏။ "မြစ်ကို ကူးကုန်သော သူတို့သည် မျက်နှာချင်းဆိုင် ဆိပ်ကမ်းကို ဖြောင့်ဖြောင့် မကူးနိုင်ဘဲ လွဲချော်ခဲ့သော် အောက်ဆိပ်ကမ်းကို ယူ၍ မြစ်ကို ကူးကုန်သကဲ့သို့ ဤအတူပင် ငါတို့သည်လည်း ဤဒီပင်္ကရာ မြတ်စွာဘုရား၏ သာသနာတော်၌ မဂ်ဖိုလ်မရ လွဲချော်ခဲ့သော် နောင်လာမည့် အနာဂတ် ကာလတွင် ပွင့်တော်မူမည့် ဂေါတမဘုရားရှင်၏ မျက်မှောက်၌ ကျွတ်တမ်း ဝင်ရပါလို၏"ဟု ဆုတောင်းမှုပြုကြကုန်၏။

ဒီပင်္ကရာ ဘုရားရှင်သည် သုမေဓာရှင်ရသေ့အား ဗျာဒိတ်စကား မိန့်ကြား တော်မူပြီးလျှင် လက်ယာခြေတော်ကို ကြွချီတော်မူခဲ့သည်။ ထိုအရပ်၌ ရှိကြ ကုန်သော ဒီပင်္ကရာဘုရားရှင်၏ သားတော် သံဃာတော် အရှင်မြတ်တို့သည် သုမေဓာရှင်ရသေ့ကို အရိုအသေပြုခဲ့ကြသည်။ နတ်၊ လူ၊ အသုရာတို့သည် ရိုသေစွာ ရှိခိုး၍ ဖဲသွားခဲ့ကြကုန်၏။ သုမေဓာရှင်ရသေ့သည် ဘုရားရှင်နှင့် သံဃာတော်များ ကြွသွားတော်မူသည်ရှိသော် ညွန့်ပျောင်း၌လျောင်းရာမှ ထ၍ တင်ပလ္လင်ခွေပြီး ထိုင်နေလျက်–

> "ငါသည် သုခဝေဒနာဖြင့် ချမ်းသာသူ၊ ပါမောဇ္ဇဖြင့် ဝမ်းမြောက်သူ၊ ပီတိဖြင့်နှစ်သက်ခြင်းရှိသူဖြစ်ခဲ့ပြီ။ ငါသည် စျာန်၌လေ့လာပြီးဖြစ်ခဲ့ပြီ၊ အဘိညာဉ် အပြီးအဆုံးသို့ ရောက်ခဲ့၏။ လောကဓာတ် တိုက်တစ် သောင်း၌ ငါနှင့်တူသူမရှိ"ဟု ကြံစည်လျက် ဝမ်းမြောက်ဝမ်းသာ စိတ်ချမ်းသာမှုကို ခံစားခဲ့ရလေသည်။

## သုဒ္ဓါဝါသဗြဟ္မာကြီးများ လာရောက်ချှောက်ထားကြခြင်း

သုမေဓာရှင်ရသေ့သည် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် ဝမ်းမြောက် ဝမ်းသာဖြစ်နေစဉ် တစ်သောင်းသော လောကဓာတ်ရှိ သုဒ္ဓါဝါသဗြဟ္မာကြီး

တို့သည် လာကြကုန်၍ ကြီးကျယ်သော ကြွေးကြော်သံကို ပြုခဲ့ကြကုန်၏။ “သုမေဓာရှင်ရသေ့. . . ရှေးအခါ ဘုရားလောင်းတို့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြသောအခါ ထင်ကုန်သော နိမိတ်တို့သည် ယခုအခါ၌လည်း ထင်ကုန်၏။ ထို့ကြောင့် ရှင်ရသေ့သည် မုချဧကန် ဘုရားဖြစ်ပါလိမ့်မည်။ ရှေးအခါက ဘုရားအလောင်းများ ဗျာဒိတ်ခံယူသောအခါကကဲ့သို့ပင် ဤအတိတ်နိမိတ်တို့ ထင်ကုန်၏။

- အချမ်းသည်ကင်းပျောက်၊ အပူသည်ငြိမ်းအေးခြင်းသို့ရောက်၏။
- လောကဓာတ် တိုက်တစ်သောင်းသည် အသံတိတ်ဆိတ်၍ အနှောင့်အယှက် ကင်းကုန်၏။
- ပြင်းထန်သော လေတို့ မတိုက်ခတ်ကုန်။
- မြစ်တို့ မစီးဆင်းဘဲ တည်ငြိမ်နေကြကုန်၏။
- ကုန်း၌ဖြစ်သောပန်း၊ ရေ၌ဖြစ်သောပန်းတို့သည် ပွင့်ကြကုန်၏။
- နွယ်ပင်၊ သစ်ပင်အားလုံးတို့သည် အသီးသီးကြကုန်၏။
- ကောင်းကင်၌တည်သော ရတနာတို့သည် အရောင်တောက်ပကြကုန်၏။
- လူ့ပြည်နတ်ပြည်ရှိ တူရိယာတို့သည် မတီးခတ်ဘဲ အလိုလိုမြည်ကုန်၏။
- ဆန်းကြယ်သော ပန်းမိုးတို့သည် ရွာကုန်၏။
- မဟာသမုဒ္ဒရာသည် ဝဲလည်၏။
- တစ်သောင်းသော လောကဓာတ် သည် တုန်လှုပ်၏။
- တစ်သောင်းသော လောကဓာတ်ရှိ ငရဲမီးတို့ သည် ငြိမ်းအေးကုန်၏။
- နေမင်းသည် အညစ်အကြေးကင်း၏။
- ကြယ်တာရာတို့ သည် ပေါ်ကုန်၏။
- နွေခေါင်ခေါင်၌ မြေမှရေသည် ပန်းထွက်ကုန်၏။
- ကြယ်တာရာနက္ခတ်အပေါင်းတို့ဖြင့် ကောင်းကင်၌ တင့်တယ်ကုန်၏။
- ဝိသာခါ နက္ခတ်သည် စန်းနှင့်ယှဉ်လျက် ရှိ၏။
- တွင်းအောင်းချောက်နေ သတ္တဝါတို့သည် အပြင်သို့ထွက်ကြကုန်၏။
- သတ္တဝါတို့သည် ပျော်မွေ့ကြကုန်လျက် တင်းတိမ် ရောင့်ရဲကြကုန်၏။

- သတ္တဝါတို့၏ အနာရောဂါတို့သည် ကင်းပျောက်ကြကုန်၏။
- သတ္တဝါတို့အား ကြောက်လန့်ဖွယ် ဘေးတို့မဖြစ်ခဲ့။
- မြူမှုန်များမထကြ။
- မကောင်းသော ရနံ့များ ကင်းကုန်၏။
- နတ်၌ဖြစ်သော ရနံ့များ လှိုင်နေကြ၏။
- အရူပဗြဟ္မာမှ တစ်ပါး အလုံးစုံသောနတ်၊ ဗြဟ္မာတို့ကို မြင်ကြကုန်၏။
- ငရဲအားလုံးတို့ကိုလည်း မြင်ရကုန်၏။
- နံရံ၊ တံတိုင်း၊ တံခါး၊ ကျောက်တောင်တို့သည် ဟင်းလင်းပွင့်ကုန်၏။
- ထိုခဏ၌ မွေးဖွားခြင်း၊ သေခြင်း အလျှင်းမရှိပါ။

ဤနိမိတ်များတို့သည် ယခုလည်း ထင်ပါကုန်၏။ ထို့ကြောင့် သင်ရသေ့ သည် မုချဧကန် ဘုရားဖြစ်ပါလိမ့်မည်။ ရှင်ရသေ့. . . သင်သည် ရှေ့သို့သာတက်ပါ။ နောက်မဆုတ်ပါနှင့်။ သင်သည် မုချဧကန် ဘုရားဖြစ်ပါလိမ့်မည်။ ဤအကြောင်းကို ငါတို့သိကြပါကုန် ၏”ဟု ကြီးကျယ်သော အသံကို ပြုခဲ့ကြလေသည်။

**မုချဘုရားဖြစ်မည်ဟု ဆင်ခြင်တော်မူခြင်း**

သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်၏ စကားတော်ကိုလည်းကောင်း၊ တစ်သောင်းသော လောကဓာတ်မှ နတ်ဗြဟ္မာတို့၏ ကြီးကျယ်သော အသံတို့ကိုလည်းကောင်း ကြားရလေလျှင် နှစ်သက်ရွှင်လန်းစွာဖြင့်—

"မြတ်စွာဘုရားတို့သည် မှားမှန်မတိကျ၊ နှစ်ခွသောစကားကို ဆိုလေ့မရှိကုန်။ ဘုရားရှင်တို့အား ချွတ်ယွင်းသောစကား၊ အချည်းနှီးသောစကားတော်သည် မရှိကြ။ ထို့ကြောင့် ငါသည် ဘုရားမုချဖြစ်ရမည်။ ကောင်းကင်သို့ပစ်တင်သော ခဲသည် မြေပြင်ပေါ်သို့ မုချ ပြန်ကျ သကဲ့သို့ ဘုရားရှင်တို့၏ စကားသည် မုချမချွတ် မှန်ကန်၏။ သတ္တဝါတို့၏ သေခြင်းသည် မုချမြဲသကဲ့သို့ ဘုရားရှင် တို့၏စကားတော်သည် မုချမြဲ၏။ ညဉ့်ကုန်လျှင် နေ့ဖြစ်သကဲ့သို့ ဘုရားရှင်တို့၏ စကားတော်သည် မုချမြဲ၏။ လိုဏ်ဂူအိပ်ယာမှ ထွက်လာသော ခြင်္သေ့မင်းသည် အမြဲဟောက်တတ်သကဲ့သို့ ဘုရားရှင် တို့၏စကားတော်သည် မုချ

မြဲ၏။ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မုချသားဖွားရသကဲ့သို့ ဘုရားရှင်တို့၏ စကားသည် မုချမြဲ၏။ ဘုရားရှင်တို့အား ချွတ်ယွင်းသော စကားသည် မရှိပါချေ။ ထို့ကြောင့် ငါသည် မုချဧကန် ဘုရားဖြစ်လိမ့်မည်"ဟု ဆင်ခြင်ခဲ့လေသည်။

**ဘုရားဖြစ်ရန် အကျင့်ကို ရှာမှီး၍ကျင့်တော်မူခြင်း**

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် မုချဧကန်ဘုရားဖြစ်မည်ကို ဆင်ခြင်ပြီးနောက် အရပ်ဆယ်မျက်နှာတို့၌ ရှိရှိသမျှ သဘောတရားတို့တွင် ဘုရားအဖြစ်ကို ပြုတတ်သော သဘောတရားတို့ကို ထိုမှ၍မှ စူးစမ်းဆင်ခြင်ခဲ့သည်။ ဒါနသီလစသည့် ပါရမီဆယ်ပါးတို့ကို ပြတ်သားစွာ တွေ့မြင်ခဲ့လေသည်။ တွေ့မြင်သည့်အတိုင်း ပါရမီဖြည့်ကျင့်ရန် ထက်သန်သော စိတ်ဓာတ်ဖြင့် ဆုံးဖြတ်ခဲ့လေသည်။ ရှေးဘုရားအလောင်းတို့၏ လေ့ကျက်အပ်သော လမ်းမသဖွယ်ဖြစ်သည့် ဒါနပါရမီကို ရှေးဦးစွာ တွေ့ခဲ့သည်။ အလောင်းတော်သည် အယုတ်အလတ်အမြတ်မရွေး တောင်းခံသူများကို တွေ့သော် ရေပြည့်အိုးကို မှောက်ချလိုက်သကဲ့သို့ တွယ်တာငဲ့ကွက်ခြင်း အလျဉ်းမရှိဘဲ အကြွင်းမဲ့ ပေးလှူကာ ဒါနပါရမီကို မြဲမြံစွာ ဆောက်တည်ရန်ဆုံးဖြတ်ခဲ့သည်။

အလောင်းတော်သည် "ဘုရားအဖြစ် ပြုတတ်ကုန်သော တရားတို့သည် ထိုဒါနပါရမီမျှသာမက အခြားလည်း ရှိနိုင်သေး၏"ဟု စူးစမ်းပြန်သော် သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သည့် နှစ်ခုမြောက်သော သီလပါရမီကို တွေ့ခဲ့ပြန်သည်။ စာမရီသားငှက်သည် ချုံနွယ်တစ်ခုခု၌ မြီးဆံငြိနေလတ်သော် အသက်ကိုသာ စွန့်၍ မြီးဆံကို စောင့်ရှောက်သကဲ့သို့ အခါခပ်သိမ်း သီလကို စောင့်ထိန်းကာ သီလပါရမီကို မြဲမြံစွာ ဖြည့်ကျင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။

တစ်ဖန်သမ္မာသမ္ဗောဓိဉာဏ်ကို ရင့်ကျက်စေတတ်သည့် တရားကို ရှာခဲ့ပြန်ပါသည်။ ကြာမြင့်စွာ ထောင်ကျသော သူသည် ထိုထောင်ကို အလို မရှိဘဲ လွတ်မြောက်ခြင်းကိုသာ ရှာမှီးသကဲ့သို့ ဘဝဟူသမျှကို ထောင်နှောင် အိမ်ဟု

မှတ်ယူကာ တောထွက်ခြင်း နေက္ခမ္မပါရမီကို မြဲမြံစွာ ကျင့်သုံးဆောက်တည်ရန် ဆုံးဖြတ်ခဲ့ပါသည်။ အလောင်းတော်သည် သမ္မာ သမ္ဗောဓိဉာဏ် ရင့်သန်ရေးအတွက် တစ်ခုပြီးတစ်ခု ဆက်လက်ရှာဖွေခဲ့ပါသည်။ ဆွမ်းခံသော ရဟန်းသည် အယုတ်၊ အလတ်၊ အမြတ်မရွေး အမျိုးတို့ အိမ်သို့ ဆွမ်းခံသော် ဆွမ်းအာဟာရကို ရသကဲ့သို့ ပညာရှိအသီးသီးကိုမေးပြီး ဆည်းကပ်သင်ယူလျက် ပညာပါရမီကို ဖြည့်ကျင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။

ထို့နောက် သားတို့သနင်း ခြင်္သေ့မင်းသည် ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းတို့၌ မတွန့်ဆုတ်သော ဝီရိယရှိလျက် အခါခပ်သိမ်း တက်ကြွနေသကဲ့သို့ ဘဝတိုင်းဘဝတိုင်း လုံ့လဝီရိယကို မြဲမြံစွာ ပင့်မြှောက်၍ ဝီရိယပါရမီကို ဖြည့်ကျင့်ရန် ဆုံးဖြတ်ခဲ့ပါသည်။ မြေကြီးသည် စင်ကြယ် မစင်ကြယ် အလုံးစုံပစ်ချသော အရာဝတ္ထုကို ခံယူသကဲ့သို့လည်းကောင်း၊ ထိုအရာဝတ္ထု အားလုံးတို့၌ မုန်းခြင်း၊ ချစ်ခြင်းအလျှင်းမရှိသကဲ့သို့လည်းကောင်း ထို့အတူ အလောင်းတော် သုမေဓာရှင်ရသေ့သည်လည်း သတ္တဝါအားလုံးတို့အား မြတ်နိုးခြင်း မထီမဲ့မြင်ပြုခြင်းတို့၌ သည်းခံလျက် ခန္တီပါရမီကို ဖြည့်ကျင့်ကာ သမ္မာသမ္ဗောဓိဉာဏ် ရရေးကိုသာ ရှေးရှုခဲ့ပါသည်။

သောကြာကြယ်သည် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါးတို့၌ သွားမြဲလမ်းမှ မဖဲမရွေ့သကဲ့သို့ အလောင်းတော်သည် မှန်ကန်သော သစ္စာစကားကို ပြောဆိုမြဲအတိုင်း မဖဲမရွေ့ ချိန်ခွင်သဖွယ် အလယ်တည့်တည့် မှန်ကန်စွာ ဆိုခဲ့သည်။ လိမ်လည်ပြောဆိုမှုကို လုံးဝမပြုမူဘဲ သစ္စာပါရမီကို မြဲမြံစွာ ဖြည့်ကျင့်တော်မူရန် ဆုံးဖြတ်ခဲ့သည်။ တုန်လှုပ်ခြင်းမရှိ ကောင်းစွာတည်သော ကျောက်တောင်သည် လေပြင်းမုန်တိုင်းတို့ကြောင့် မလှုပ်၊ တည်မြဲနေရာ၌ပင် ရပ်တည်သကဲ့သို့ ဘုရားဖြစ်ရေးအတွက် ပြုလုပ်ဆောင်ရွက်ရန် ဆုံးဖြတ် အဓိဋ္ဌာန်ပြုထားသည့် အတိုင်း ယိမ်းယိုင်တုန်လှုပ်မှုမရှိဘဲ အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်ရန် ဆုံးဖြတ်ခဲ့သည်။ ရေသည် ကောင်းသူမကောင်းသူတို့ကို အအေးဖြင့် အညီအမျှ တွေ့ထိ၍ အညစ်အကြေးတို့ကို မျှောသကဲ့သို့ အလောင်းတော်သည် အကျိုးကို ဆောင်သူ၊ မဆောင်သူတို့၌ အညီအမျှ မေတ္တာပွားကာ မေတ္တာပါရမီကို ဖြည့်ကျင့်ရန် ဆုံးဖြတ်ခဲ့သည်။

အလောင်းတော်သည် ဘုရားဖြစ်ဖို့ရန် သဘာဝ တရားတို့ကို ဆက်လက်စူးစမ်းရှာဖွေခဲ့ရာ ရှေးဘုရားအလောင်း သူတော်ကောင်း တို့ အမြဲမပြတ်မှီဝဲအပ်သော ပါရမီတစ်မျိုးကို တွေ့ခဲ့ပြန်သည်။ ထိုပါရမီကား ပါရမီဆယ်ပါးတို့တွင် နောက်ဆုံးပါရမီဖြစ်သည့် ဥပေက္ခာပါရမီပင် ဖြစ်လေသည်။ မြေကြီးသည်စင်ကြယ်သောအရာ၊ မစင်ကြယ်သော အရာတို့ကို ပစ်ချခံရသည်ရှိသော်ထိုအရာနှစ်မျိုးတို့၌ မုန်းခြင်း ချစ်ခြင်း အလျင်း မရှိဘဲ လျစ်လျူရှုသကဲ့သို့ထို့အတူ အလောင်းတော်သည် ချမ်းသာခြင်း၊ ဆင်းရဲခြင်းတို့၌ ချိန်ခွင်သဖွယ်ခံစားကာ ကောင်းဆိုးနှစ်တန်ကို လျစ်လျူရှုနိုင် သည့် ဥပေက္ခာပါရမီကို မြဲမြံစွာဖြည့်ကျင့်တော်မူရန် ဆုံးဖြတ်ခဲ့သည်။ လောက၌ သမ္မာသမ္ဗောဓိဉာဏ်ကိုရင့်ကျက်စေတတ်သည့် ပါရမီဆယ်ပါး အကျင့်တရားများကို သုံးသပ်ပြီးနောက်ဆုံးဖြတ်ချက်အတိုင်း အရိုးကြေကြေ အရေခန်းခန်း မလျှော့သောဇွဲလုံ့လဖြင့်ဖြည့်ကျင့်ခဲ့သော အလောင်းတော်၏ ကြိုးပမ်းမှု သည်ကား အံ့မခန်းပင်ဖြစ်ပါသည်။

# ပါရမီများ ဖြည့်ကျင့်တော်မူခန်း

## အလောင်းတော် ပါရမီဖြည့်ကျင့်တော်မူခြင်း

အလောင်းတော်သည် ဘုရားဖြစ်ရန်ဟူသော ကြီးမားသော ရည်ရွယ်ချက်၊ ကြီးမားသော ဆန္ဒ ရှိတော်မူခဲ့၏။ ထိုကြီးမားသော ရည်ရွယ်ချက်နှင့် ဆန္ဒတော် ပြည့်ဝစေရန် ကြီးမားသော လုပ်ငန်းလမ်းစဉ်ကို ကြီးမားသော ဇွဲဝီရိယတို့ဖြင့် ဘဝများစွာ ဆောင်ရွက်ခဲ့ရသည်။ ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌ နိယတဗျာဒိတ်ကို ခံတော်မူသည်မှစ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဒါန၊ သီလစသော ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်ခဲ့ရသည်။ နောက်ဆုံးလူသာမန်တို့ မလုပ်နိုင်သည့် အသက်ကိုပင် မငဲ့ကွက် မညှာတာဘဲ စွန့်လွှတ် လှူဒါန်း ဖြည့်ကျင့်ခဲ့ရသည်။ ဤသို့ဖြည့်ကျင့်ရာ၌ ဥစ္စာ သားမယား တိုင်းကား ပြည်ရွာတို့ကို ငဲ့ကွက် ညှာတာမှု မရှိဘဲ စွန့်လွှတ်လှူဒါန်း ဖြည့်ကျင့်ရသည့် ဒါနပါရမီ၊ မျက်စိ၊ နား၊ နှာ၊ အင်္ဂါ၊ ခြေလက်တို့ကို ငဲ့ကွက်ညှာတာမှု မရှိဘဲ စွန့်လွှတ်လှူဒါန်း ဖြည့်ကျင့်ရသည့် ဒါနဥပပါရမီ၊ နောက်ဆုံးလူသာမန်တို့ မလုပ်နိုင်ဘည့် အသက်ကိုပင် မငဲ့ကွက် မညှာတာဘဲ လှူဒါန်းဖြည့်ကျင့်ရသည့် အလွန်မွန်မြတ် သော ဒါနပရမတ္ထပါရမီတော်တို့ကို ပြင်းထန်စွာ ဇွဲ၊ မာန်အပြည့်ဖြင့် ဖြည့်ကျင့်ခဲ့သည်။ ဤသို့ အပင်ပန်းခံ ဇွဲမာန်အပြည့်ဖြင့် သူမတူအောင် ဖြည့်ကျင့်ခဲ့ခြင်းမှာ သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေ၍ သုံးလောကထွတ်ထား ဘုရားဖြစ်ဖို့ရန်ပင် ဖြစ်၏။ ဘဝများစွာ ဖြည့်ကျင့်ခဲ့သည့် ပါရမီများအနက် ဤဘဒ္ဒကမ္ဘာ၌ ဖြည့်ကျင့်ခဲ့ရသည့် ပါရမီတို့သည်ပင် မရေမတွက်နိုင်အောင် များပြားလှပါ၏။ မရေမတွက်နိုင်ပင် ဖြစ်ခဲ့၏။ ဘဝအချို့၌ ပါရမီဖြည့်ကျင့်ခဲ့ပုံ တို့ကို အောက်တွင် သာဓကအဖြစ် ဖော်ပြအပ်ပါသည်။

## ဒါနပါရမီကို ဖြည့်ကျင့်တော်မူခြင်း

အလောင်းတော်သည် **အကိတ္တိရှင်ရသေ့ဘဝဖြင့်** သစ်သီးသစ်ရွက် အစာအာဟာရတို့ကိုသာ သုံးဆောင်နေရာ တစ်နေ့တွင် သိကြားမင်းက

အလှူခံယောင်ဆောင်ကာ အလှူခံခဲ့သဖြင့် အစာမစားဘဲ သုံးရက်တိုင်တိုင် လှူဒါန်းပြီး ဒါနပါရမီကို ဖြည့်ကျင့်ခဲ့ပါသည်။ **သခ်ပုဏ္ဏားဘဝ၌** မဟာသမုဒ္ဒရာကိုကူးရန် သင်္ဘောဆိပ်သို့ ပူပြင်းသည့် သဲသောင်ပြင်ကိုဖြတ်၍ သွားစဉ် ခရီးရင်ဆိုင်၌ ဖိနပ်မပါဘဲ ကြွလာသော ပစ္စေကဗုဒ္ဓါကိုမြင်ရ၍ ၎င်းစီးထားသော ဖိနပ်ကိုချွတ်ကာ ထီးဖိနပ်ကို လှူဒါန်းခဲ့ပြီ၊ ၎င်းကမူ ဖိနပ်မပါ ထီးမရှိဘဲ ပူပြင်းသည့် သဲသောင်ပြင်ကို သွားခဲ့ခြင်းဖြင့် ဒါနပါရမီကို ဖြည့်ကျင့်ခဲ့သည်။ **ဓနဉ္စယမည်သော မင်းဘဝ၌** ဒုဗ္ဘိက္ခန္တရကပ်ဆိုက်နေသော တိုင်းခရိုင်ဇနပုဒ်သားတို့က အလှူခံသဖြင့် မင်္ဂလာဆင်တော်ကို လှူဒါန်းကာ ဒါနပါရမီ ဖြည့်ကျင့်ခဲ့သည်။ မှူးကြီးမတ်ရာ သေနာပတိတို့က မင်္ဂလာဆင်တော်ကို လှူသဖြင့် မင်းကြီးကို ငြူစူကြရာ မင်းကြီးက "အလှူခံရှိလျှင် မင်္ဂလာဆင်တော်သာမက မင်းစည်းစိမ်ကိုပါ လှူမည်။ သဗ္ဗညုတဉာဏ်တော်ကိုသာ ချစ်ခင်မြတ်နိုးပါသည်"ဟု ပြန်လည်ပြောကြားခဲ့သည်။

**မဟာသုဒဿနစကြဝတေးမင်းဘဝတွင်** အလှူခံတို့ အလိုရှိသော ပစ္စည်းဥစ္စာ ရတနာတို့ကို တွယ်တာငြိကပ်မှုမရှိဘဲ သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက်စေရန် ရည်စူးပြီး လှူဒါန်းကာ ဒါနပါရမီကို ဖြည့်ကျင့်ခဲ့သည်။ ဇမ္ဗူဒိပ်မင်းအားလုံးတို့၏ ပူဇော်ခြင်းခံရသော **ဂေါဝိန္ဒပုဏ္ဏားကြီးဘဝ၌** တစ်ဦးတစ်ယောက်မျှ မလုပ်နိုင်သော မဟာသမုဒ္ဒရာနှင့်တူသော ထမင်းရေချောင်းစီး အလှူကြီးကို ပေးလှူ၍ ဒါနပါရမီကို ဖြည့်ကျင့်ခဲ့သည်။**နိမိမင်းကြီးဘဝတွင်** မုခ်လေးခု၌၊ ဇရပ်လေးဆောင်ကို ဆောက်လုပ်ပြီး သား၊ ငှက်၊ တိရစ္ဆာန်နှင့်တကွ လူအပေါင်းတို့အား အဝတ်၊ အထည်၊ အိပ်ရာနေရာ၊ ထမင်း အဖျော်တို့ကို မပြတ်ပေးလှူကာ ဒါနပါရမီတို့ကို ဖြည့်ကျင့်၍ ဗောဓိဉာဏ် ရင့်သန်စေရန် အားထုတ်ခဲ့သည်။

**သိဝိမင်းကြီးဘဝ၌** သိကြားမင်းက ပုဏ္ဏားအိုယောင်ဆောင်၍ မျက်စိတစ်လုံး အလှူခံသည်ကို သဗ္ဗညုတဉာဏ်ကို ချစ်မြတ်နိုးသောကြောင့် သိဝိကဆေးဆရာကို မျက်စိနှစ်လုံးထုတ်စေ၍ ပုဏ္ဏားအား လှူဒါန်းကာ ဒါနဉပပါရမီကို ဖြည့်ကျင့်ခဲ့သည်။

**ဝေဿန္တရာမင်းဘဝ၌** ရတနာဆင်တော်ကို လှူမိ၍ မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ဝင်္ကပါတောင်တန်းသို့ ထွက်ခဲ့ရသည့်အပြင် လူသာမန်တို့ ပြုနိုင်ခဲသော သားတော်ဇာလီ၊ သမီးတော် ကဏှာဇိန်နှင့် ဇနီးသည် မဒ္ဒီမိဖုရားတို့ကိုပင် မငဲ့မကွက် မညှာမတာ လှူဒါန်းကာ ဒါနဥပပါရမီ ဖြည့်ခဲ့ပါသည်။ သစ်သီးသစ်ရွက်ကိုသာ စားတတ်၍ သူတစ်ပါးအား ညှင်းဆဲခြင်းကို ပြုလေ့မရှိသည့် **ယုန်ပညာရှိဘဝ၌မူ** "ငါ့ထံအလှူခံလာပါက သစ်သီး သစ်ရွက်သာပေးစရာရှိ၏။ အစာအာဟာရ အကျိုးငှာ အလှူခံလာသော သူအတွက် အကျိုးမရှိနိုင်၊ အလှူခံလာသူ၏ စိတ်အလိုပြည့်စေရန် ငါ၏ကိုယ်ကို လှူတော့အံ့"ဟု အကြံဖြစ်ခဲ့၏။ ထိုအကြံကို သိကြားမင်းသည် သိ၍ အလောင်းတော်၏ ပါရမီဖြည့်ကျင့်မှုကို စူးစမ်းရန် ပုဏ္ဏားအသွင် ဆောင်၍ အစာအာဟာရကို အလှူခံတော့၏။ ထိုအခါ ယုန်ပညာရှိသည် "အို ပုဏ္ဏား. . . ကျွန်ုပ်သည် ရှေးအခါက မလှူဖူးသေးသော အလှူကို လှူအံ့။ သင်ပုဏ္ဏားသည် သီလနှင့်ပြည့်စုံ၏။ သူတစ်ပါးအား ညှင်းဆဲမှုသည် သင့်အား မလျော်။ ထင်းကိုစု၍ မီးကိုသာ မွှေးပါလော့"ဟု ဆိုသည်။ မီးပုံသည် တောက်လောင်လျက် ဟူးဟူးမြည်၏။ ယုန်ပညာရှိသည် "အိုပုဏ္ဏား. . . ကျွန်ုပ်သည် ကျွန်ုပ်၏ ကိုယ်ကိုမီး၌ ကျက်စေအံ့။ သင်သည် ကျက်သော အသားကို စားပါလော့"ဟု ဆိုလျက် ကိုယ်ကိုခါကာ မီးပုံတွင်းသို့ ခုန်ဆင်း လေ၏။ ယုန်ပညာရှိသည် အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုး၊ ဟဒယဝတ္ထုကို ဖွဲ့သောနှလုံးသားနှင့်တကွ အလုံးစုံသော ကိုယ်ကို ပုဏ္ဏားအား အကြွင်းမဲ့လှူဒါန်း၍ လူတကာပြုနိုင်ခဲသော ဒါနပရမတ္ထပါရမီကို ဖြည့်ကျင့်ခဲ့ပါသည်။

**သီလပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် ဒါနပါရမီကိုသာမက ဒုတိယမြောက် သီလပါရမီကိုလည်း အသက်ကိုပဓာနမထား၊ သဗ္ဗညုတဉာဏ်ကိုသာ အဓိကထား ဖြည့်ကျင့်ခဲ့ပါသည်။ သီလပါရမီ ဖြည့်ကျင့်ပုံနှင့် စပ်လျဉ်း၍ အကျဉ်းမျှ ဖော်ပြလိုပါသည်။

အမိကိုလုပ်ကျွေးနေသော **သီလဝဆင်မင်းဘဝ** သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။ ထိုဆင်မင်းသည် ဖမ်းယူခြင်းငှာ ကပ်လာသူတို့ကို အမျက် ထွက်၍

ပြန်လည်တုံ့ပြန်ပါက ကပ်လာသောသူတို့ကို မဆိုထားဘိ၊ ၎င်းတို့၏ တစ်တိုင်းပြည်လုံးကိုပင် ကြေမှုန့်ပျက်စီးစေနိုင်သော အစွမ်းသတ္တိရှိ၏။ သို့သော် သီလကို ထိခိုက်မည်စိုး၍ မင်းကစေခိုင်းသဖြင့် လာဖမ်းသော မုဆိုးကို အမျက်မထွက်ဘဲ အသာတကြည် အဖမ်းခံကာ ၎င်း၏ကိုယ်ကို ပေးလှူခဲ့ပြီး သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။ တန်ခိုးကြီးသော ဘူရိဒတ္တနဂါးမင်းဘဝက "ငါ၏အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို ပြုဖွယ်ကိစ္စရှိပါက ယူကြပါစေ"ဟု အဓိဋ္ဌာန်လျက် တောင်ပို့ထိပ်၌ တက်နေခဲ့၏။ ကျေးဇူး မသိတတ်သော နေသာဒပုဏ္ဏား၏ လမ်းညွှန်မှုဖြင့် အလမ္ပာယ်ပုဏ္ဏားသည် ၎င်းကိုဖမ်း၍ ပခြုပ်၌ ထည့်သော်လည်း သီလပျက်မည် စိုးရိမ်၍ လုံးဝအမျက် မထွက်ခဲ့။ ၎င်း၏အသက်ကို စွန့်ရန် မြက်ပင်ထက်ပေါ့ပါး၍ သီလကျိုး ပျက်မည်ကို မြေကြီးကို လှန်ရသကဲ့သို့ ဝန်လေးခဲ့သည်ဟု ဉာဏ်၌ ထင်မြင် ခဲ့သည်။ ထို့ကြောင့် အလမ္ပာယ် သမားကို လုံးဝအမျက်မထွက်ဘဲ အဖမ်းခံ၍ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။

တန်ခိုးကြီးသော စမ္ပေယျနဂါးမင်း ဘဝကလည်း အလမ္ပာယ်သမားကို လုံးဝအမျက်မထွက်ခဲ့။ ထိုနဂါးမင်းသည် အမျက်ထွက်က ကုန်းကို ရေဖြစ် အောင်၊ ရေကို ကုန်းဖြစ်အောင် အလမ္ပာယ် သမားကို ပြာဖြစ်အောင် ပြုနိုင်စွမ်း ရှိသော်လည်း လုံးဝအမျက်မထွက်စေဘဲ ခန္ဓာကိုယ်ကို အပ်နှင်းကာ အဖမ်းခံ၍ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။အားကြီးသော တောကျွဲမင်းဘဝက လျှပ်ပေါ်လော်လည်သော မျောက်သည် တစ်နေ့လျှင် တစ်ကြိမ်၊ နှစ်ကြိမ် သုံးလေး ကြိမ်လောက်လာလတ်၍ ထိုကျွဲမင်း ၏ ပခုံး၊ နဖူး၊ မျက်နှာတို့၌ ကျင်ငယ်ကိုလည်း စွန့်၏။ ကျင်ကြီးကိုလည်း စွန့်၏။ လော်လည်သော မျောက်၏ ယုတ်ညံ့သော အပြုအမူကို သစ်ပင်စောင့် နတ်မင်းကပင် မနှစ်သက်၊ အမျက်ထွက်၏။ သို့သော် ကျွဲမင်းကမူ သီလပျက်မည်ကို ကြောက်၍ အမျက်မထွက်ဘဲ သည်းခံကာ သီလပါရမီကို ဖြည့်ကျင့်ခဲ့၏။

ဆတ်မင်းဘဝက ကြွေးရှင်တို့နှိပ်စက်၍ မြစ်အတွင်း ခုန်ဆင်း သေကြောင်း ကြံခဲ့သူကို ဆတ်မင်းက အသက်ကိုပဓာနမထားဘဲ မြစ်အတွင်း ဆင်းကာ ကယ်ခဲ့၏။ ထိုယောကျ်ားသည် ကျေးဇူးမသိတတ်ဘဲ ဆတ်မင်းရှိရာ နေရာကို

မင်းအားပြောခဲ့၏။ မင်းသည် ထိုဆတ်မင်းကို ဖမ်းယူအံ့သောငှာ လာလတ်သော် ဆတ်မင်းက ကျေးဇူးမသိတတ်သော ယောကျ်ား၏ အကြောင်းကို ပြောပြသဖြင့် မင်းသည် ကျေးဇူးမသိတတ်သူ ယောကျ်ားအား သတ်ရန် လှုံ့လပြုခဲ့သည်။ ထိုအခါ ဆတ်မင်းသည် ထိုယောကျ်ားကို အမျက်မထွက်မူ၍ ထိုယောကျ်ားအသက်ကို အလှူခံကာ မိမိကိုယ်တိုင် ဘုရင့်ထံ အဖမ်းခံပြီး သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။ **မာတင်္ဂရသေ့ဘဝကလည်း** ၎င်းအား ကျိန်ဆဲသော ဇာတိမန္တပုဏ္ဏားကို အမျက်မထွက်မူ၍ ထိုပုဏ္ဏား၏ထိပ်၌ ကျရောက်မည့် အသက်သေစေနိုင်သည့် ဘေးကိုပင် မိမိအစီအမံဖြင့် လွတ်စေကာ သီလကို လုံခြုံစွာ ဆောက်တည်၍ သီလပါရမီကို ဖြည့်ကျင့်ခဲ့၏။

**ဓမ္မဒေဝပုတ္တနတ်သားဘဝကလည်း** ၎င်းအားအမျက်ထွက်ကာ သူ၏ရထားဦးကို တိုက်ခိုက်၍ ခရီးရင်ဆိုင်ပြုခဲ့သော အဓမ္မနတ်သားကို အမျက်မထွက်ဘဲ သည်းခံခဲ့၏။ အကယ်၍ ဓမ္မနတ်သားသာ အမျက်ထွက်ခဲ့ပါက အဓမ္မနတ်သားသည် အခြံအရံနှင့်တကွ ပြာမှုန်ဖြစ်သွားနိုင်ခဲ့၏။ သို့သော် ဓမ္မနတ်သားသည် သီလကိုစောင့်ရှောက်လို၍ သည်းခံကာ ပါရမီကို ဖြည့်ကျင့်ခဲ့သည်။ ဇယဒ္ဒိသမင်း၏သားတော် **အလီနသတ္တုမင်း သားဘဝ** ကလည်း သီလကျိုးပျက်ခြင်းမှ ကြောက်ခြင်းကြောင့် သားစားဘီလူး စူဠပေါရိသာဒကို အနည်းငယ် ထိတ်လန့်ခြင်းကိုမျှ မပြုမူ၍ နှစ်သက်ဖွယ်သော စကားတို့ကိုသာ ပြောဆိုခဲ့ပြီး စားဖို့ရန် ကိုယ်ကိုအပ်နှင်းခဲ့လေသည်။ အလောင်းတော်သည် ဤသို့လျှင် အသက်ကိုပင် မစောင့်ရှောက်ဘဲ သီလကို စောင့်ရှောက်ကာ သီလပါရမီကို ဖြည့်ကျင့်ခဲ့သည်။ စူဠပေါရိသာဒသည် မင်းသားကို မစားမူ၍ အကျွတ်တရားပင် ရခဲ့လေသည်။ပြင်းထန်သော အဆိပ်ရှိသော **သင်္ခပါလ နဂါးမင်းဘဝကလည်း** ၎င်း၏ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးတို့ကို ပြုဖွယ်ကိစ္စရှိက ယူကြပါစေဟု အဓိဋ္ဌာန်လျက် လမ်းဆုံလမ်းခွ လမ်းမ၌ ဥပုသ်စောင့်သုံး၍ နေခဲ့သည်။ သနားခြင်း ကင်းမဲ့ကုန်သော မုဆိုးသားတို့သည် ထိုနဂါးမင်းကို ညှင်းဆဲလျက် ဆောင်ယူ သွားခဲ့ကြကုန်၏။ နဂါးမင်း သည် အမျက်ထွက်၍ တုံ့ပြန်လိုက သမုဒ္ဒရာ၊ တော၊ တောင်နှင့်တကွသော မြေကြီးကို နှာခေါင်းလေဖြင့် လောင်ကျွမ်း စေနိုင်၏။

သို့သော်လည်း တုံ့ပြန်ခြင်းမပြု၊ အမျက်မထွက်ဘဲ သီလကိုသာ စောင့်ရှောက်ကာ ပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

**နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန်အတွက် ဘဝများစွာ ကာမဂုဏ်မှ ခွါရှောင်ခြင်း၊ ကာမဝဋ်နှောင် လူ့ဘောင် လူ့ဘဝမှ ခွါရှောင် တောထွက်ခြင်း ဟူသော နေက္ခမ္မပါရမီကိုလည်း ကျင့်ခဲ့ပါသည်။ ထိုအကျင့်နှင့် စပ်လျဉ်း၍ အကျဉ်းချုပ် ဖော်ပြအပ်ပါသည်။

**ယုဓဉ္စယမင်းသားဘဝက** နေမထွက်မီ ပေါ်ပေါက်ခဲ့သော ဆီးနှင်းပေါက်တို့ နေထွက်လာသောအခါ ပျောက်ကွယ်ခြင်းကို သံဝေဂယူ၍ မင်းအဖြစ်ကိုစွန့်လွှတ်ကာ တောထွက်ခဲ့သည်။ **သောမနဿမင်းသားဘဝက** ရသေ့စဉ်းလဲကို ဆရာတင်ထားသော ခမည်းတော်မင်းကြီး၏ အမိန့်ဖြင့် သူသတ်တို့၏ နှောင်ဖွဲ့ခြင်းကိုခံရပြီး ခမည်းတော်မင်းကြီးသည် ရသေ့စဉ်းလဲ၏ အဖြစ်မှန်ကိုသိမှ သားတော်အား အပြစ်မှ ပလပ်ခဲ့သည်။ ထိုအခါ သားတော် သောမနဿမင်းသားသည် ကာမဂုဏ်အပြစ်ကိုမြင်ကာ မင်းစည်းစိမ်ကို စွန့်လွှတ်၍ တောထွက်ခဲ့သည်။ **အယောဃရမင်းသားဘဝက** ဘီလူးမ၏ အန္တရာယ်ကို ကြောက်၍ သံအိမ်အတွင်း မွေးဖွားခဲ့ရပြီး သံအိမ်၌ ကြီးပြင်းခဲ့ရလေသည်။ သံအိမ်၌ နေခဲ့ရပြီး ဘီလူးရန်မှ လွတ်သော်လည်း သေမင်းရန်မှ မလွတ်သေးဟု သံဝေဂယူ၍ မင်းစည်းစိမ်ကို စွန့်လွှတ်ကာ တောထွက်တော်မူခဲ့သည်။ **မဟာကဉ္စနသတို့သားဘဝက** အမိအဖ အပေါင်းအသင်းတို့က ကာမဖြင့် သိမ်းသွင်းခဲ့သော်လည်း ကာမကိုရွံမုန်းလျက် ထွက်မြောက်မှု၌သာ ပျော်မွေ့ခဲ့၍ တောထွက်ခဲ့သည်။ **သောဏသူဌေးသားဘဝက** "လူ့ဘောင် လူ့ဘဝကို အမိုက်မှောင် လွှမ်းမိုးသော အမိုက်တိုက် လောက"ဟု ရှုမြင်ခဲ့ပြီး အမိအဖဘက်မှလာသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်ကာ တောထွက်ခဲ့သည်။ ဤသို့အားဖြင့် ဘဝများစွာ တောထွက်ခြင်း နေက္ခမ္မပါရမီကို ဖြည့်ကျင့်တော်မူခဲ့လေသည်။

## ပညာပါရမီကို ဖြည့်ကျင့်ခြင်း

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန်အတွက် ပညာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့ပါသည်။ အလောင်းတော်သည် **သေနကအမတ်ဘဝ**က အလုံးစုံသော ပညာအရပ်ရပ်တို့ကို တတ်မြောက်သဖြင့် ဗာရာဏသီမင်းကြီးက ကြီးစွာသော စည်းစိမ်ဥစ္စာကို ပေး၍ အမတ်အရာ၌ထားကာ ချီးမြှောက်ခဲ့၏။ ထိုအခါ ပုဏ္ဏားအိုတစ်ယောက်သည် ငယ်ရွယ်သူကို ဇနီးမယားပြုခဲ့၍ ငယ်ရွယ်သူဇနီးမယားမှာ ကာမဂုဏ်၌ မရောင့်ရဲနိုင်ခဲ့သဖြင့် ငယ်ရွယ်သူ ပုဏ္ဏားတစ်ယောက်ကို လင်မြှောင်အဖြစ် ထားခဲ့၏။ ဇနီးသည်မှာ လင်မြှောင်နှင့် ပျော်ပါးနိုင်ရန်အတွက် ပုဏ္ဏားအိုကြီးကို အလှူခံထွက်ခိုင်း၏။ အလှူခံထွက်စဉ် လမ်းခရီးအကြား၌ အိပ်ကိုဖွင့်၍ မုန့်ကိုယူစားရာ အိပ်ကိုပြန်မပိတ်မိဘဲ ရေသွားသောက်၏။ မြွေသည် အိပ်ထဲဝင်နေသည်ကို မသိခဲ့။ ထိုသို့ အိပ်အတွင်း၌ မြွေဝင်နေသည်ကို သစ်ပင်စောင့်နတ်က သိ၍ "ပုဏ္ဏားကြီး. . . လမ်းခရီး အကြား၌ သင်နားနေလျှင် သင်သေမည်။ ယနေ့ အိမ်အရောက်သွားလျှင် မယားသေမည်"ဟု ပြောခဲ့သည်။ ပုဏ္ဏားကြီးသည် ပြောသူကိုလည်း မမြင်သဖြင့် ကြောက်လန့်ငိုကြွေးခဲ့၏။

ထိုအချိန်သည် သေနကအမတ်က တိုင်းသူပြည်သားတို့ကို တရားဟောနေချိန်ဖြစ်၍ ပုဏ္ဏားကြီးသည် ငိုလျက်ပင် တရားပွဲသို့ သွားခဲ့၏။ အလောင်းတော်သေနကအမတ်သည် ပုဏ္ဏားကြီးအား ငိုခြင်းအကြောင်းကို မေးရာ ပုဏ္ဏားအိုကြီးက သစ်ပင်စောင့်နတ် ပြောသည်ကို ပြန်လည်ပြောကြားခဲ့သည်။ ထိုအခါ အလောင်းတော် သေနကပညာရှိ အမတ်သည် ကျိုးကြောင်း ဆင်ခြင်တွေးတော၍ စုံစမ်းမေးမြန်းရာ အိပ်၌ မြွေရှိသည်ကို ဖော်ထုတ် နိုင်ခဲ့၏။ အလောင်းတော်၏ ကျိုးကြောင်းသိမြင်သော ပညာရှိမှုကြောင့် ပုဏ္ဏားဇနီးမောင်နှံတို့မှာ အသက်ဘေးမှ ချမ်းသာရာရခဲ့သည့်အပြင် ပုဏ္ဏားမငယ်၏ လင်မြှောင်ကိုပါ ဖေါ်ထုတ်ပေးခဲ့လေသည်။ ဤသို့လျှင် အလောင်းတော်သည် ပညာပါရမီကို ဖြည့်ကျင့်ခဲ့ပါသည်။ **ဝိဓုရသုခမိန်ဘဝ မဟောသဓာပညာရှိဘဝ** စသည့်ဘဝများစွာတို့၌လည်း မိမိပညာစွမ်းဖြင့် သတ္တဝါတို့အကျိုးကို ဆောင်ရွက်ပြီး ပါရမီ ဖြည့်ခဲ့လေသည်။

## ဝီရိယပါရမီကို ဖြည့်ကျင့်တော်မူခြင်း

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ်ရင့်သန်စေရန်အတွက် ဝီရိယပါရမီကိုလည်း ဖြည့်ကျင့်ခဲ့ပါသည်။ အလောင်းတော်သည် **မဟာဇနက မင်းသားဘဝက** အလောင်းတော်အပါအဝင် လူအများတို့သည် သင်္ဘော နစ်မြုပ်၍ သမုဒ္ဒရာရေပြင်၌ ကစဥ့်ကလျားဖြစ်ခဲ့ကြရာ အလောင်းတော်မှ တစ်ပါး ကျန်ပုဂ္ဂိုလ်များသည် ဝီရိယထားကာ ကူးခတ်ခြင်း မပြုခဲ့ကြရာ၍ ရေသတ္တဝါတို့၏ အန္တရာယ်နှင့် တွေ့ခဲ့ရသည့်အပြင် ဝဲဇလုပ်၌ နစ်မြုပ်ခဲ့ကြရ ရှာသည်။ အလောင်းတော် ဇနကမင်းသားမှာမူ "သေမှသာ သေစေတော့" ဟူသော စိတ်ထား ဖွဲလုံ့လအားဖြင့် ကူးခတ်ခဲ့၍ နတ်သမီး၏ အကူအညီကို ရကာ အသက်မသေခဲ့သည့်အပြင် ရှင်ဘုရင်ပင် ဖြစ်ခဲ့ရလေသည်။ ဤသည်ကို ထောက်ထား၍ အလောင်းတော်၏ ဝီရိယပါရမီ ဖြည့်ကျင့်မှုစွမ်းအားသည် ကြည်ညိုဖွယ်ရာပင် ဖြစ်လေသည်။ ဖွဲလုံ့လသန်သန် မှန်ကန်စွာဖြည့်ကျင့် ခဲ့ပါသဖြင့် သဗ္ဗညုတဉာဏ်တော်မြတ် အောင်ပန်းကို ဆွတ်လှမ်းတော် မူနိုင်ခဲ့ လေသည်။

## ခန္တီပါရမီကို ဖြည့်ကျင့်တော်မူခြင်း

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန်အတွက် ခန္တီပါရမီကိုလည်း အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့်ခဲ့ပါသည်။ အလောင်းတော်သည် **ခန္တီဝါဒီရသေ့ဘဝက** ဗာရာဏသီပြည့်ရှင် **ကလာဗုမင်းသည်** အမျိုးမျိုး နှိပ်စက်ခဲ့သည်။ သို့သော် အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ်အတွက် ခန္တီဝါဒကို လုံးဝမစွန့်လွှတ်။ အသက်ကိုသာ အသေခံခဲ့သည်။ ကလာဗုမင်းသည် ပထမဦးစွာ "ရှင်ရသေ့သည် အဘယ်အယူ ရှိသနည်း"ဟု မေး၏။ အလောင်းတော်က "ငါရသေ့သည် ခန္တီဝါဒီ-သည်းခံခြင်း အယူရှိ၏"ဟု ဖြေ၏။ ထိုအခါ ကလာဗုမင်းက သူသတ်တို့ကို ရသေ့အား ရိုက်ပုတ်စေခဲ့၏။ နောက်တစ်ဖန် အလောင်းတော်၏ လက်နှစ်ဖက် ခြေနှစ်ဖက် တို့ကို ဖြတ်ပစ်စေခဲ့၏။ အလောင်းတော်သည် သည်းခံခြင်းအယူကို မစွန့်လွှတ်။ နောက်တစ်ဖန် နားနှာခေါင်းတို့ကို ဖြတ်စေပြန်၏။ အလောင်းတော်ကား

မတုန်မလှုပ် သည်းခံတော်မူခဲ့၏။ ကလာဗုမင်းသည် "ရှင်ရသေ့. . . သင်၏ ခန္တီတရားကို သင်သည်ပင် ဦးထိပ်ထား၍ နေလေတော့"ဟု ဆိုလျက် အလောင်းတော်၏ ရင်ဝကို ခြေဖြင့်ကန်၍ သွားခဲ့၏။ အလောင်းတော်က "ကလာဗုမင်းသည် ငါ၏လက်ခြေတို့ကို ဖြတ်၏။ နားနှာခေါင်းတို့ကို ဖြတ်၏။ ထိုမင်းသည် အသက်ရှည်ပါစေ။ ငါကဲ့သို့သော ပညာရှိတို့သည် အမျက် မထွက်ကြပါ"ဟု ပြောဆို၍ သည်းခံတော်မူ၏။ အလောင်းတော်သည် ထိုနေ့၌ပင် ကလာဗုမင်း၏ နှိပ်စက်ညှင်းဆဲသည့် ဒဏ်ရာဒဏ်ချက်ဖြင့် အသက်ကုန်ခြင်းသို့ ရောက်ခဲ့၏။ အလောင်းတော်သည် သည်းခံခြင်း ခန္တီဥပပါရမီ၊ အသက်ကို စွန့်လွှတ်သည်းခံခြင်း ခန္တီပရမတ္ထပါရမီတော်တို့ကို အထွတ်အထိပ် ရောက်အောင် ဖြည့်ကျင့်ခဲ့သည်။ အလောင်းတော်၏ သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန်အတွက် ခန္တီပါရမီဖြည့်ကျင့်မှုကို ကြားရ မြင်ရသူတို့အဖို့ ကြက်သီးမွေးညင်းထသည်အထိ ကြည်ညိုဖွယ်ရာအတိပင် ဖြစ်ပါသည်။

**သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန် သစ္စာပါရမီ ကိုလည်း ဖြည့်ကျင့်ခဲ့ပါသည်။ အောက်ပါဖြစ်တော်စဉ်များကို ထောက်ရှု၍ အလောင်းတော်၏ သစ္စာပါရမီ ဖြည့်ကျင့်မှုမှာလည်း ကြည်ညိုဖွယ်ရာပင် ဖြစ်ပါသည်။

**မျောက်မင်းဘဝက** အလွန်ဆိုးသွမ်းသော မိကျောင်းတစ်ကောင်၏ နှောင့်ယှက်မှုကြောင့် မြစ်တစ်ဘက်ကမ်းသို့ မကူးနိုင်ခဲ့။ တစ်ချိန်သော် မိကျောင်းသည် မျောက်မင်းကိုမြင်၍ သူ့ထံလာရန် ပြောခဲ့၏။ မျောက်မင်းကလည်း "လာမည်"ဟု ဝန်ခံခဲ့၏။ မျောက်မင်းသည် သစ္စာပါရမီကို ဖြည့်လို၍ ဝန်ခံ ခဲ့သည့်အတိုင်း မိကျောင်းထံ ဖြောင့်မတ်စွာသွားကာ ထိုမိကျောင်း၏ ဦးထိပ်ကိုနင်းလျက် မြစ်၏ဟိုမှာဘက်ကမ်း၌ တည်ခဲ့လေသည်။ ဆိုခဲ့သည့် အတိုင်း မယွင်းမဖောက် သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့သည်။ **သစ္စမည်သော ရသေ့ဘဝက** သစ္စာစကားဖြင့် လောကကို စောင့်ရှောက်ခဲ့၏။ လူအပေါင်းကို ညီညွတ်အောင် ပြုခဲ့၏။ ဤသို့အားဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့၏။

အတောင်အလက် မစုံသေးသော ငုံးငယ်ဖြစ်စဉ်က အမိအဖ တို့နှင့်အတူ အသိုက်၌ရှိနေစဉ် တောမီးသည် အလျှံတပြောင်ပြောင် တောက်လောင်၍ လာခဲ့လေသည်။ ထိုအခါ အမိအဖတို့သည် ၎င်းတို့၏ အသက်ဘေးကြောင့် အလောင်းတော်ကို စွန့်ပစ်၍ ပြေးခဲ့ကြကုန်၏။ အလောင်းတော်သည် သီလဂုဏ်၊ သစ္စာဂုဏ်ကို အာရုံပြုကာ ရှေးဘုရားရှင်တို့ကို အောက်မေ့လျက် “ငါ့အား အတောင်တို့သည် ရှိပါ၏၊ သို့သော် မပျံနိုင်ကုန်။ ခြေတို့သည် ရှိပါကုန်၏။ မသွားနိုင်ကုန် အမိအဖတို့သည် သေဘေးကြောင့် ပြေးကြကုန်ပြီ။ ဤမှန်သော သစ္စာစကားကြောင့် ခဏ၌ တောမီးသည် နောက်သို့ ပြန်ဆုတ်ပါစေ”ဟု သစ္စာပြုသည့်ခဏ၌ တောမီးသည် ငြိမ်းခဲ့၏။ ကပ်ကမ္ဘာကာလ အခါသမယပတ်လုံး မပျက်မပြုန်းတည်နေမည့် အလောင်းတော်၏ သစ္စာပါရမီ ပါတည်း။

**ငါးမင်းဘဝဘဝက** နွေဥတုနေပူကြောင့် ရေအိုင်ရှိ ရေတို့သည် ခန်းကုန်၏။ အလောင်းတော်၏ ဆွေတော်မျိုးတော်တို့ကို ကျီးစသော သတ္တဝါတို့သည် ညှင်းဆဲသတ်ဖြတ် စားသောက်ကြပါကုန်၏။ အလောင်းတော်သည် ၎င်းနှင့်တကွ ဆွေတော်မျိုးတော်တို့၏ အကျိုးငှာ “ငါသည် မိမိကိုယ်ကို အောက်မေ့နိုင်သောအခါ သိကြားလိမ္မာသူ၏ အဖြစ်သို့ ရောက်သောအခါ မှစ၍ စေတနာဖြင့် တစ်ဦးတစ်ယောက်သော သတ္တဝါကိုမျှ မညှင်းဆဲခဲ့ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် မိုးသည် ရွာသွန်းပါစေ”ဟု သစ္စာပြုခဲ့သည်။ ထိုခဏ၌ မိုးသည်ရွာသွန်းခဲ့လေသည်။ ဤကား အလောင်းတော်၏ သစ္စာပါရမီပင် ဖြစ်ပါသည်။

**ကဏှဒီပါယနရသေ့ဘဝက** အနှစ်ငါးဆယ်ကျော်ကာလပတ်လုံး မပျော်မမွေ့ဘဲ ရသေ့ဘဝ၊ ရသေ့အကျင့်၌ နေခဲ့၏။ တစ်နေ့သောအခါ လူ့ဘဝက အဆွေဖြစ်ခဲ့သော ပုဏ္ဏားသည် ဇနီးနှင့်ယညဒတ္တမည်သော သားငယ်ကိုခေါ်၍ အလောင်းတော်၏ ကျောင်းသခ်မ်းသို့ ရောက်ခဲ့၏။ ယညဒတ္တမည်သော ကလေးငယ်သည် ဆော့ကစားစဉ် မြွေကိုက်ခံရ၍ မြွေဆိပ်တက်ကာ မူးမေ့နေခဲ့သည်။ ထိုအခါ အလောင်းတော်သည်–

"ငါသည် ရသေ့ဘဝဖြင့် ခုနစ်ရက်မျှသာ ကုသိုလ်ကို အလိုရှိ၍ ရသေ့အကျင့်ကို ကျင့်ခဲ့၏။ ရသေ့ဘဝဖြင့် ပျော်မွေ့၏။ ထိုမှနောက်၌ အနှစ်ငါးဆယ်တို့ပတ်လုံး အလိုမရှိဘဲ ရသေ့အကျင့်ကို ကျင့်ခဲ့ရ၏။ ရသေ့ ဘဝဖြင့် မပျော်ပိုက်ခဲ့။ ဤမှန်သော သစ္စာစကားကြောင့် ကလေး ယညဒတ္တသည် အဆိပ်ပြေပါစေသတည်း၊ ချမ်းသာရာ ရပါစေသတည်း"

ဟုသစ္စာပြုခဲ့လေသည်။ ထိုခဏ၌ပင် မြွေဆိပ်ကျ၍ ချမ်းသာရာရခဲ့သည်။ အလောင်းတော်သည် ပုဏ္ဏားတို့၏ ကြည်ညိုမှု လာဘသက္ကာရကို မငဲ့ကွက်။ ရသေ့ဘဝ၌ မပျော်ပိုက်ခဲ့သည်ကို မပျော်ပိုက်ကြောင်း မှန်ကန်သော သစ္စာ စကားကိုသာလျှင် ရဲဝံ့စွာ ဆိုခဲ့ပါသည်။

**သုတသောမမင်းဘဝက** ပေါရိသာဒ၏ ဖမ်းယူခြင်းကို ခံခဲ့ရသည်။ ပေါရိသာဒသည် အလောင်းတော်ကို "သူ့ထံပြန်လာ၊ မလာ သဘောအတိုင်း ပြုပါ" ဟု ပြောသည့်အခါ အလောင်းတော်က "ပြန်လာမည်"ဟု ဝန်ခံပြောဆို ခဲ့သည်။ အလောင်းတော်သည် မိမိနန်းစိုက်ရာ **ဣန္ဒပတ္တမြို့**သို့ပြန်၍ မယ်တော်ခမည်းတော်တို့အား မင်းအဖြစ်ကို အပ်နှင်းကာ ပေါရိသာဒသည် အလောင်းတော်အား သတ်မည် မသတ်မည်ကို လုံးဝမစဉ်းစားဘဲ 'ပြန်လာမည်'ဟု ဝန်ခံခဲ့သည့် စကားအတိုင်းသာ ပေါရိသာဒထံ ပြန်သွားခြင်းဖြင့် အလွန်မြတ်သော သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

**အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ်ရင့်သန်စေရန်အတွက် မိမိရည်ရွယ်မှန်းထား ဆုံးဖြတ်ထားသည့်အတိုင်း ဆောက်တည်ရသည့် အဓိဋ္ဌာန်ပါရမီကိုလည်း ဖြည့်ကျင့်ခဲ့၏။ **တေမိယမင်းသားဘဝက** အလောင်းတော်၏ ဖြည့်ကျင့်မှုသည် အံ့မခန်းပင်ဖြစ်၏။ အထွတ်အထိပ် ရောက်အောင် ဖြည့်ကျင့်ခဲ့၏။

ကာသိတိုင်းအရှင် ဘုရင်မင်းမြတ်၏ သားတော် တေမိမင်းသားသည် ထီးဖြူကိုမြင်၍ ထိုထီးဖြူကို ဆောင်းမိုးခဲ့ရခြင်းဟူသော အကြောင်းကြောင့်

ရှေးအခါက ငရဲသို့ လားခဲ့ရခြင်းကို မြင်တော်မူခဲ့သည်။ ထီးဖြူဆောင်း၍ မင်းလုပ်ရန် ကြောက်လန့်ခဲ့သည်။ ထိုအခါ အလောင်းတော် တေမိမင်းသားသည် အ-သူ၊ နားပင်းသူ၊ သွားလာခြင်းမှ ကင်းသည့် ဆွံ့သူအဖြစ် အဓိဋ္ဌာန်ကာ ဆောက်တည်၍ တစ်ဆယ့်ခြောက်နှစ်တို့ ကာလပတ်လုံး နေခဲ့သည်။ အဓိဋ္ဌာန်ဆောက်တည်ထားသော ဘုရားအလောင်းတော်ကို မြေမြှုပ်ရန်အထိ အနုနည်း အကြမ်းနည်း စမ်းသပ်မှုအမျိုးမျိုးတို့ဖြင့် စမ်းသပ်ခဲ့သော်လည်း အဓိဋ္ဌာန်ကို မဖျက်ခဲ့ပေ။ ဤသို့အားဖြင့် လူတကာ ပြုနိုင်ခဲသော အမြင့်မြတ်ဆုံး အထွတ်အထိပ်ဖြစ်သော အဓိဋ္ဌာန်ပါရမီကို ဖြည့်ကျင့်တော်မူခဲ့သည်။

## မေတ္တာပါရမီကို ဖြည့်ကျင့်တော်မူခြင်း

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန် အဖက်ဖက်မှ မလိုရအောင် သတိကြီးစွာထားပြီး မေတ္တာပါရမီကိုလည်း ဘဝများစွာ ဖြည့်ကျင့်ခဲ့ရပါ၏။ အောက်ပါ ဖြစ်တော်စဉ်အချို့မှာ အလောင်းတော်၏ မေတ္တာပါရမီ ဖြည့်ကျင့်မှု၏ သာဓကအချို့ပင် ဖြစ်ပါသည်။

ရွှေကဲ့သို့ ဝါဝင်းသောအဆင်းရှိ၍ **သာမမည်သော ရသေ့ပျိုဘဝက** တောအုပ်အတွင်း၌ အသားကို စားလေ့ရှိသော ခြင်္သေ့၊ ကျားသစ်၊ကျားတို့ကို သော်လည်း မေတ္တာစစ်စစ်ဖြင့် တရင်းတနှီး ကျင့်သုံးဆက်ဆံခဲ့၏။ အလောင်းတော်သည် ခြင်္သေ့၊ ကျား၊ သစ်၊ ဝံ၊ ကျွဲ၊ ချေ၊ စိုင်၊ ဆတ်၊ သမင်၊ တောဝက်တို့ဖြင့် ခြံရံကာ နေခဲ့၏။ ဤသို့ ကြမ်းတမ်းသော သတ္တဝါတို့ကို အပေါ်ပြု၍ နေနိုင်ခြင်းသည် အလောင်းတော်၏ မေတ္တာစွမ်းအား မေတ္တာပါရမီ၏ အထောက်အပံ့ပင် ဖြစ်ခဲ့ပါသည်။

**ဧကရာဇာမင်းဘဝက** အလောင်းတော်သည် မြတ်သောသီလကို ဆောက်တည်၍ ကာသိတိုင်းသူ တိုင်းသားတို့ကို ညင်သာစွာ ပြောဆို ဆုံးမခဲ့၏။ ဒဗ္ဗသေနမင်းသည် အလောင်းတော်၏ သီလရှိမှု၊ နူးညံ့သိမ်မွေ့မှု၊ မေတ္တာစိတ်ထားမှုတို့ကို အခွင့်ကောင်းယူကာ အလောင်းတော်၏ မင်းစည်းစိမ်ကို သိမ်းယူလျက် အလောင်းတော်အား တွင်း၌မြှုပ်၍ သတ်ခဲ့၏။ သို့သော် အလောင်းတော်သည် ထိုဒဗ္ဗသေနမင်းကို ရန်တုံ့မူခြင်း ပြန်လည်မပြုဘဲ

ချစ်လှစွာသော သားတစ်ယောက်ကဲ့သို့ ရှုကြည့်ကာ မေတ္တာအပြည့်အဝ ထားခဲ့သည်။ အလောင်းတော်သည် အသက်ကိုပင် မငဲ့ကွက် မညှာတာမူ၍ မေတ္တာပါရမီကို အထွတ်အထိပ်ရောက်အောင် ဖြည့်ကျင့်ခဲ့ပါသည်။

**ဥပေက္ခာပါရမီကို ဖြည့်ကျင့်တော်မူခြင်း**

အလောင်းတော်သည် သမ္မာသမ္ဗောဓိဉာဏ် ရင့်သန်စေရန် ဥပေက္ခာပါရမီ ကိုလည်း ချန်မထားဘဲ ဘဝများစွာ ဖြည့်ကျင့်ခဲ့ပါသည်။ **မဟာလောမဟံသ ရသေ့ဘဝက** ကျင့်ခဲ့သော အကျင့်သည် ဥပေက္ခာပါရမီ ဖြည့်ကျင့်ခဲ့ခြင်း၏ အဓိက သာဓက တစ်ရပ်ပင် ဖြစ်ပါသည်။

အလောင်းတော် မဟာလောမဟံသရသေ့သည် သုသာန်၌ သူသေကောင် အရိုးကို ခေါင်းအုံး၍ အိပ်ခြင်းကို ပြုခဲ့၏။ ထိုသုသာန်၌ ရသေ့အကျင့်ကို ကျင့်ခဲ့၏။ ရွာသူရွာသား သူငယ်အချို့သည် လာလတ်၍ ပြောင်လှောင်ကာ တံတွေးထွေးခြင်း၊ ကျင်ငယ်စွန့်ခြင်း စသည်ဖြင့် အလောင်းတော်ကို အမျိုးမျိုး ဆင်းရဲဒုက္ခကို ဖြစ်စေခဲ့ကြကုန်၏။ အချို့သော သူငယ်များကမူ ရှင်လန်း တက်ကြွသော စိတ်၊ ကြည်ညိုသောစိတ်တို့ဖြင့် ပန်းနံ့သာ၊ ဆွမ်းဘောဇဉ်တို့ကို ရိုရိုသေသေ လာရောက်လှူဒါန်းကြကုန်၏။ ထိုသူငယ်တို့သည် အလောင်း တော်အား ချမ်းသာသုခကို ဖြစ်စေကြကုန်၏။ သို့သော်လည်း အလောင်းတော်သည် သူငယ်အားလုံးတို့အား တူမျှသောစိတ် ထား၍ ချစ်ခြင်းမုန်းခြင်းအလျင်း မရှိခဲ့ပေ။ ဤကား အလောင်းတော်၏ ဥပေက္ခာပါရမီ ဖြည့်ကျင့်ခြင်းပင် ဖြစ်ပါသည်။

**စရိယာသုံးပါး**

ဘုရားအလောင်းတော်မြတ်သည် ဘဝများစွာ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ စရိယာသုံးပါးခေါ် ရည်ရွယ်ချက် ရည်မှန်းချက်ကြီး သုံးပါး ဦးထိပ်ထား၍ ဖြည့်ကျင့်ခဲ့သည်။ **လောကတ္ထစရိယာ**ခေါ် လောကသားအားလုံး ချမ်းသာရေး ဟူသော ရည်ရွယ်ချက်ဖြင့် လောကသားတို့ အကျိုးစီးပွားကို အသက်ခန္ဓာ ငဲ့ကွက်မှုမပါဘဲ အစွမ်းကုန် ကြိုးပမ်း ဖြည့်ကျင့်တော်မူခဲ့သည်။ **ဉာတတ္ထစရိယာ** ဟူသောရည်ရွယ်ချက်ဖြင့် ဆွေတော်မျိုးတော်တို့ အကျိုးစီးပွားအတွက်

မိမိအသက်ခန္ဓာကို စွန့်ကာ အားထုတ်ဆောင်ရွက်ခဲ့သည်။ **ဗုဒ္ဓတ္တစရိယာ** ဟူသော ပဓာနရည်ရွယ်ချက်တော်ကြီး အောင်မြင်ရေးအတွက်မူ ဘဝတိုင်း ဘဝတိုင်း ဆုတ်ဆိုင်းမရှိ မနေမနား စွန့်စားရဲဝံ့စွာ အားထုတ်ခဲ့သည်။

ဤသို့သော ရည်ရွယ်ချက် ရည်မှန်းချက် ကျင့်ဆောင်ချက်ကြီး သုံးပါးကို ဘဝမခြား မရပ်မနား စွမ်းအားအပြည့် ဖြည့်ကျင့်ခဲ့သဖြင့် နောက်ဆုံးဘဝဝယ် သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်ဘဝသို့ ရောက်တော်မူခဲ့သည်။ သုမေဓာရှင်ရသေ့ဘဝကပင် မိမိ၏ရည်ရွယ်ချက်ဖြစ်သော "တိဏ္ဏောတာရေယျံ ငါကိုယ်တိုင် သံသရာတစ်ဘက်ကမ်း ကူးသန်းလွတ်မြောက်ခဲ့လျှင် ဝေနေများစွာ သတ္တဝါတို့အားလည်း သံသရာဝဲဇလုပ်မှ ဆွဲထုတ်ကယ်တင် တော်မူအံ့" ဟူသော စိတ်အကြံပြည့်ဝသဖြင့် ဝေနေယျများစွာတို့အား ဆင်းရဲကင်းရာ နိဗ္ဗူတာသို့ ပို့ဆောင်နိုင်ခဲ့လေသည်။

**စွန့်ခြင်းကြီးငါးပါး(ပဉ္စမဟာပရိစ္စာဂ)**

ဘုရားအလောင်းတော်သည် ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူစဉ် ဒါနပါရမီအထူးကို ဖြည့်ကျင့်ခဲ့သည်။ ဒါနပါရမီသည် အခြေခံပါရမီကြီးဖြစ်သဖြင့် အလှူခံပုဂ္ဂိုလ်တို့၏ ဆန္ဒကိုဖြည့်ဆည်းဖို့ရာ လှူဖွယ်ဝတ္ထုအပေါ် မူတည်၍ အဆင့်ငါးဆင့် ခွဲခြားထားသည်။ ထိုစွန့်ခြင်းတို့သည် သာမန်စွန့်ခြင်းထက် ပိုမိုကြီးမားခက်ခဲသဖြင့် စွန့်ခြင်းကြီးငါးပါးဟု ခေါ်ကြသည်။ လူသာမန်တို့ ကျင့်ဆောင်ရန် ခက်ခဲလှလေသည်။ ပါဠိဘာသာအားဖြင့် ပဉ္စမဟာပရိစ္စာဂဟု အမည်သတ်မှတ်ခဲ့သည်။ ထိုစွန့်ခြင်းကြီးငါးပါးမှာ အောက်ပါတို့ ဖြစ်ကြသည်။

ဘုရားအလောင်းတော်မြတ်သည် သာမန်လူတို့ပြုနိုင်ခဲသော အတွင်းအပြင် ပစ္စည်းဥစ္စာရတနာတို့ကို ငြိကပ်တွယ်တာမှု အလျင်းကင်းစွာဖြင့် အလိုရှိသူတို့အား ပေးလှူခဲ့သည်။ ထိုသို့သော စွန့်လှူမှုကို **ဓနပရိစ္စာဂ**ဟု ဆိုကြသည်။ ထိုမှတစ်ဆင့်တက်၍ လူသားတိုင်း လိုလားတောင့်တ ခုံမင်မြတ်နိုး နှစ်သက်စွဲမက်လှသော တိုင်းပြည်နိုင်ငံ မြို့ရွာများကို လိုလားသူတို့အား စွန့်လှူခြင်းကို **ရဇ္ဇပရိစ္စာဂ**ဟု ဆိုသည် ထိုသို့သော ဓနပရိစ္စာဂ သို့မဟုတ် ရဇ္ဇပရိစ္စာဂတို့သည် ပစ္စည်းစွန့်လှူမှုတွင် အဆင့်အမြင့်ဆုံး စွန့်လှူမှုဖြစ်သည်။

ထိုသို့ပစ္စည်း ဥစ္စာစွန့်လှူနိုင်သော်လည်း မိမိ၏ရင်သွေးသည်းချာ သားသမီးရတနာများကို စွန့်လှူရန်မှု သာ၍ ခဲယဉ်းလှသည်။ မိမိအသက်ပမာ မြတ်နိုးရသော သားသမီးများကို စွန့်လှူမှုကို ဘဝများစွာဖြည့်ကျင့် ဆောင်ရွက်ခဲ့သည်။ သားသမီးများအား စွန့်လှူမှုကို **ပုတ္တပရိစ္စာဂ**ဟု ခေါ်ကြသည်။ သားသမီးထက် ဇနီးမယား ကြင်ဖေါ်သက်ထားကို စွန့်လှူမှုသည် သာ၍ ခက်ခဲပြန်သည်။ အသက်မက ချစ်မဝသည့် ဘဝကြင်ဖေါ် အလိမ္မာပြည့်ဝသည့် ဇနီးမယားများကိုလည်း သဗ္ဗညုတဉာဏ်တော် ရရှိရေး အတွက် စွန့်လှူပါရမီဖြည့်ခဲ့သည်။ ထိုသို့သော ဖြည့်ကျင့်မှုကို **ဘရိယပရိစ္စာဂ**ဟု ခေါ်ကြသည်။

ပစ္စည်းဥစ္စာ သားသမီးဇနီးကြင်ယာ စွန့်လွှတ်မှုသည် မိမိခန္ဓာကိုယ်နှင့် မပတ်သက်သဖြင့် စွန့်လှူနိုင်သည်ဟု ဆိုကောင်း ဆိုစရာရှိပါသည်။ အမှန်မှာမူ ဤသို့မဟုတ်ပါ။ ဘုရားအလောင်းတော်တို့သည် မိမိ၏ခန္ဓာကိုယ် အစိတ်အပိုင်း မျက်စိ၊ နား၊ နှာ၊ ကိုယ်အင်္ဂါ၊ ခြေလက်တို့ကို အလှူခံလာပါက အချိန်မရွေး တွန့်ဆုတ်မှုမရှိ ပေးလှူခဲ့သည်သာ ဖြစ်ပါသည်။ ထိုသို့ အင်္ဂါကြီးငယ် ခြေလက်မျက်စိ စသည်တို့ကို ပေးလှူမှုကို **အင်္ဂပရိစ္စာဂ** အင်္ဂါကြီးငယ် စွန့်လှူမှုဟု ခေါ်ပါသည်။ထိုထက် အခက် အခဲဆုံး အမက်မောဆုံး အရာမှာ အသက်ဖြစ်ပါသည်။ သတ္တဝါတိုင်းသည် အသက်ကို စုံမက်ကြပါသည်။ အသက်ခန္ဓာအတွက် အားလုံးကို စွန့်လွှတ် တတ်ကြမြဲဖြစ်ပါသည်။ ဘုရားအလောင်းတို့မှာမူ မြတ်နိုးတွယ်တာရာ အကောင်းဆုံး မိမိအသက်နှင့် ခန္ဓာကိုယ်ကို လိုလားသူတို့အား စွန့်လှူခဲ့ပါသည်။ ထိုသို့စွန့်လှူမှုကို ဇီဝိတပရိစ္စာဂဟု ဆိုပါသည်။

ထိုသို့ စွန့်ခြင်းကြီး ငါးပါးကို ဖြည့်ကျင့်ခဲ့ပြီး သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်ကို အရယူတော်မူခဲ့ပါသည်။

**ပါရမီဆယ်ပါး အပြားသုံးဆယ်**

ဒါန၊ သီလ၊ နေက္ခမ္မ၊ ပညာ၊ ဝီရိယ၊ ခန္တီ၊ သစ္စာ၊ အဓိဋ္ဌာန၊ မေတ္တာ၊ ဥပေက္ခာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာ၌ သာမန်အခြေအနေဖြင့် ဖြည့်ကျင့်လျှင် ပါရမီဟု ခေါ်သည်။ ခြေလက်အင်္ဂါ အနစ်နာခံ စွန့်လွှတ်ပြီး ဖြည့်ကျင့်လျှင်

ဥပပါရမီဟု ခေါ်သည်။ အသက်ခန္ဓာကို စွန့်၍ ဖြည့်ကျင့်လျှင် ပရမတ္ထပါရမီဟု ခေါ်သည်။

ပါရမီဆယ်ပါးကို ဖြည့်ကျင့်ပုံ အခြင်းအရာကိုလိုက်၍ သုံးမျိုးခွဲခြား ဖြည့်ကျင့်ခဲ့ကြသည်။ ဒါနပါရမီ၊ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ ဤနည်းအတိုင်း ခွဲခြားသတ်မှတ် ခေါ်ဆိုအပ်သဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ် ဖြစ်လာလေသည်။

ဤသို့လျှင် အလောင်းတော်သည် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း သမ္မာသမ္ဗောဓိဉာဏ်ရင့်သန်စေ၍ ဘုံသုံးပါး၌ ဘုရားဖြစ်ဖို့ရန် ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို သူမတူအောင်ဖြည့်ကျင့်ခဲ့ပါသည်။

# အလောင်းတော် ပဋိသန္ဓေယူတော်မူခန်း

## အလောင်းတော် သေတကေတုနတ်သားဖြစ်ခြင်း

အလောင်းတော်မြတ်သည် ဒီပင်္ကရာမြတ်စွာဘုရားအစ၊ ကဿပမြတ်စွာဘုရားအထိ နှစ်ကျိပ်လေးဆူကုန်သော ဘုရားရှင်တို့၏ အထံတော်၌ "ဘုရားစင်စစ် ဧကန်ဖြစ်မည်"ဟု နိယတဗျာဒိတ်ကို ခံယူရရှိခဲ့သည်။ အလောင်းတော်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းသော ကာလအတွင်း ပါရမီစာဂ စရိယကျင့်ဝတ်တို့ကို ပွားများအားထုတ်လျက် ပါရမီဖြည့်ရာကာလ ဘဝအားလုံးတို့၏ အဆုံးသတ်ဖြစ်သော **ဝေဿန္တရာမင်းဘဝ**သို့ ရောက်ခဲ့သည်။ ထိုဘဝ၌ အသက်မရှိသော မဟာပထဝီမြေကြီးကပင် ခုနစ်ကြိမ်တိုင်တိုင် ယိမ်းယိုင်ငြိမ့်ငြိမ့် တသိမ့်သိမ့်တုန်လှုပ်လျက် အလောင်းတော်၏ ဖြည့်ကျင့်အထပ်ထပ် ကျင့်စဉ်တော်မြတ်ကို ကောင်းချီးပေးခဲ့သည်။ ပါရမီဖြည့်ရာကာလ အဆုံးသတ်ဖြစ်သော ဝေဿန္တရာမင်းဘဝမှ စုတေ သောအခါ **တုသိတာ**နတ်ပြည်၌ အလောင်းတော်တို့၏ ဓမ္မတာအတိုင်း နတ်တကာတို့ထက် ထူးကဲသော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသော ဂုဏ်ကျေးဇူးဆယ်ပါးတို့ဖြင့် ပြည့်စုံသည့် **သေတကေတုနတ်သား**ဖြစ်ခဲ့သည်။

## ဘုရားပွင့်မည့်အကြောင်း ကောလာဟလဖြစ်ခြင်း

အလောင်းတော် သေတကေတုနတ်သားသည် တုသိတာနတ်ပြည်၌ နတ်တို့၏ သက်တမ်းပြည့် စည်းစိမ်ချမ်းသာတို့ကို ခံစားစံနေတော်မူခဲ့သည်။ နတ်သက်တမ်း ကုန်လုခါနီး လူတို့၏ အရေအတွက်အားဖြင့် နှစ်ပေါင်းတစ်သောင်းမျှရှိသောအခါ သုဒ္ဓါဝါသဗြဟ္မာကြီးတို့က ယနေ့မှနောက် နှစ်ပေါင်းတစ်သောင်း စေ့ရောက်သောအခါ လူ့ပြည်လောက၌ သဗ္ဗညုဘုရားပွင့်တော်မူမည့်အကြောင်း ကောင်းကင်မှနေ၍ ဟစ်အော် ကြွေးကြော်ခဲ့ကြသည်။ ထိုကြွေးကြော်မှုကြောင့် လူ့ပြည်လောက၌ "ဘုရား ပွင့်တော်မူတော့မည်၊ ဘုရားပွင့်တော်မူတော့မည်"ဟု အုတ်အုတ်ကျက်ကျက်

ပြောဆိုခြင်း ဟူသော ဗုဒ္ဓကောလာဟလသည် နှစ်ပေါင်း တစ်သောင်းကပင် ကြိုတင်၍ ဖြစ်နှင့်ခဲ့သည်။

## လူ့ပြည်၌ ပဋိသန္ဓေယူရန် နတ်ဗြဟ္မာတို့ တောင်းပန်ခြင်း

"ဘုရားပွင့်တော်မူတော့မည်"ဟူသော ဗုဒ္ဓကောလာဟလကို ကြားသိကြရကုန်သော စကြဝဠာ တိုက်တစ်သောင်းတို့၌ အသီးသီးနေထိုင်ကြသည့် စတုမဟာရာဇ်နတ်မင်း၊ သိကြားနတ်မင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း သုနိမ္မိတနတ်မင်း၊ ဝသဝတ္တိနတ်မင်း အသီးသီးတို့သည်လည်းကောင်း၊ မဟာဗြဟ္မာကြီး အသီးသီးတို့သည်လည်းကောင်း တစ်ခုတည်းသော ဤစကြဝဠာတိုက်၌ တစ်ပေါင်းတည်း အတူတကွ စုဝေးတိုင်ပင်ခဲ့ကြကုန်၏။ ယင်းသို့ တိုင်ပင်ကြကုန်ပြီးလျှင် နတ်သက်တမ်း စေ့ခါနီး လူတို့၏ အရေအတွက်အားဖြင့် ခုနစ်ရက်အလိုတွင် နတ်သက်ကြွေရန် ပုဗ္ဗနိမိတ်ငါးပါး ထင်ရှားဖြစ်ပေါ်နေခဲ့သည့် အလောင်းတော် သေတကေတုနတ်သား အထံသို့ လာရောက်ခဲ့ကြကုန်၏။ အလောင်းတော် နတ်သားထံ ရောက်သည့် အခါ လက်အုပ်ချီမိုး ရှိခိုးကြကုန်လျက်–

> "အလောင်းတော်နတ်သား. . . အရှင်သည် ပါရမီဆယ်ပါးတို့ကို အပြည့် အစုံ ဖြည့်ကျင့်တော်မူခဲ့ပါပြီ။ ထိုပါရမီတို့ကို ဖြည့်ကျင့်ခြင်းသည် သိကြားမင်း စည်းစိမ်စသော လောကီစည်းစိမ်ကို တောင့်တ၍ ဖြည့်ကျင့်ခဲ့သည် မဟုတ်ပါ။ လောကသုံးပါး၌ ဘုရားဖြစ်ရန်နှင့် သတ္တဝါတို့ကို ကယ်တင်ရန်အတွက် ဖြည့်ကျင့်ခဲ့ခြင်း ဖြစ်ပါသည်။
>
> အို. . . အလောင်းတော် နတ်သား၊ အရှင်နတ်သားသည် ဘုရားဖြစ်ရန် အချိန်တန်ပါပြီ။ လူ့ပြည်ဝယ် မယ်တော်၏ ဝမ်း၌ ပဋိသန္ဓေယူ၍ ဘုံသုံးပါးတွင် ဘုရားစင်စစ် ဖြစ်တော်မူကာ သတ္တဝါတို့ကို သံသရာမှ ကယ်တင်လျက် အမြိုက်တရားကို ဟောကြားတော် မူပါလော့"ဟု တောင်းပန်စကား လျှောက်ထား ကြကုန်၏။

## ကြည့်ခြင်းကြီးငါးပါးကို ကြည့်တော်မူခြင်း

အလောင်းတော်နတ်သားသည် နတ်ပြဟ္မာတို့က လျှောက်ထားလေလျှင် ချက်ချင်း ဝန်ခံချက် မပေးသေးဘဲ ရှေးရှေး ဘုရားအလောင်းတော်တို့ ကြည့်ရှုမြဲ ဓမ္မတာဖြစ်သည့်—

၁။ ဘုရားဖြစ်ရာကာလကို ကြည့်ရှုဆင်ခြင်ခြင်း၊

၂။ ဘုရားပွင့်ရာ ကျွန်းကို ကြည့်ရှုဆင်ခြင်ခြင်း၊

၃။ ဘုရားပွင့်ရာ ဒေသကို ကြည့်ရှုဆင်ခြင်ခြင်း၊

၄။ ဘုရားအလောင်းတော်တို့ ဖြစ်တော်မူရာ အမျိုးကို ကြည့်ရှု ဆင်ခြင်ခြင်း၊

၅။ မယ်တော်၏ အရွယ်တော်အသက်အပိုင်းအခြားကို ကြည့်ရှု ဆင်ခြင်ခြင်း—

ဟူသော ကြည့်ခြင်းကြီးငါးပါးကို ကြည့်ရှုဆင်ခြင်တော် မူခဲ့သည်။

အလောင်းတော်နတ်သားသည် ကာလကို ကြည့်ရှုဆင်ခြင်ရာ၌ လူတို့၏ အသက်တမ်း အနှစ်တစ်သိန်းထက်ကျော်ပါက သတ္တဝါတို့သည် အသက် ရှည်ကြာကြသဖြင့် ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲသည် မထင်ရှားကြကုန်။ ဘုရားရှင်တို့၏ တရားတော်သည် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့နှင့် ကင်းသည်ဟူ၍မရှိ။ ထိုအခါ ဘုရားရှင်တို့၏ တရားတော်သို့ မသက်ဝင် ကြကုန်ဘဲ သံသရာဝဋ်မှ လွတ်မြောက်ခြင်းဟူသော အကျိုး မပြီးစီး အချည်း နှီးသာ ဖြစ်လေရာ၏။ ထို့ကြောင့် အနှစ်တစ်သိန်းအထက် အသက်ရှည်သော ကာလသည် ဘုရားရှင်များ ပွင့်တော်မူရာ အခါကာလ မဟုတ်ပေ။

လူတို့၏ အသက်တမ်း အနှစ်တစ်ရာအောက် ဆုတ်ယုတ်သော ကာလ၌လည်း သတ္တဝါတို့သည် ကိလေသာ များပြား ထူပြောကြကုန်၏။ ထိုကိလေသာ ထူပြောကုန်သော သတ္တဝါတို့အား ဟောကြားသော ဘုရား၏ အဆုံးအမတော် သည် ရေပြင်၌ တုတ်ချောင်းဖြင့် ရေးခြစ်သော အရေးအသားပမာ ကြာရှည်စွာ

မတည်မြဲကြကုန်၊ ဘုရားအဆုံးအမသည် လျင်မြန်စွာသာလျှင် ကင်းပျောက်တတ်၏။ ထို့ကြောင့် အနှစ်တစ်ရာအောက်ယုတ်သော သက်တမ်း ကာလတွင်လည်း ဘုရားရှင်တို့ ပွင့်တော်မမူကြချေ။

**လူတို့၏အသက်တမ်း အနှစ်တစ်သိန်းအောက်နှင့် အနှစ်တစ်ရာတမ်း အကြားဖြစ်သော ကာလသည်သာ** ဇာတိ၊ ဇရာ၊ မရဏတရားကို ထင်လွယ်၊ မြင်လွယ်သည့်အပြင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာရေး သုံးပါးသံသရာမှ လွတ်မြောက်ကြောင်း တရားကိုလည်း သိလွယ်ကြကုန်၏။ ထို့ကြောင့် အလောင်းတော်နတ်သားသည် လက်ရှိလူတို့ သက်တမ်းဖြစ်သည့် ဤအနှစ်တစ်ရာ သက်တမ်းသည်ကား ဘုရားဖြစ်ရန် လျော်ကန်သော အခါကာလပင် ဖြစ်သည်ဟု သိမြင်တော်မူခဲ့သည်။

အလောင်းတော်သည် ဘုရားရှင်တို့ ပွင့်တော်မူရာ ကျွန်းကိုလည်း ကြည့်ရှု ဆင်ခြင်ခဲ့ပြန်သည်။ ကျွန်းငယ်ငါးရာစီ အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းအနက် ဇမ္ဗုသပြေပင်ပေါက်ရာ ဤဇမ္ဗူဒိပ်ကျွန်း၌သာလျှင် ရှေးဘုရားရှင်တို့ ပွင့်တော်မူခဲ့ကြကြောင်း သိရှိတော်မူ၍ **ဤဇမ္ဗူဒိပ်ကျွန်း** သည်သာ အသင့်တော်ဆုံးဖြစ်သည်ဟု ဆင်ခြင်မိခဲ့သည်။

ထိုနောက်"ဇမ္ဗူဒိပ်ကျွန်းသည် ယူဇနာပေါင်း တစ်သောင်းရှိ၍ အလွန်ကျယ်ဝန်း ကြီးမားလှ၏။ ရှေးဘုရားရှင်တို့ အဘယ်အရပ်၌ ပွင့်တော်မူကြသနည်း"ဟု ဆင်ခြင်သော် ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဖြစ်သော မဇ္ဈိမဒေသ၌သာ ပွင့်တော်မူကြကြောင်း သိတော်မူပြန်သဖြင့် **မဇ္ဈိမဒေသသည်** အသင့်တော်ဆုံးပင်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချခဲ့ပြန်သည်။

ထိုနောက် ဘုရားအလောင်းတော်တို့၏ နောက်ဆုံးဘဝ ပဋိသန္ဓေတည်နေရာအမျိုးကို ကြည့်ရှုခဲ့ပြန်ပါသည်။ ရှေးရှေးဘုရားရှင်တို့သည် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ ကုန်သည်မျိုး၊ သူဆင်းရဲမျိုးတို့၌ မဖြစ်ခဲ့ကြကုန်။ လူအပေါင်းတို့က အဦးအမြတ်ထားသည့် မင်းမျိုး၊ ပုဏ္ဏားမျိုးတို့၌သာ ဖြစ်တော်မူခဲ့ကြကုန်၏။ ထိုနှစ်မျိုးအနက်၌လည်း အချိန်ကာလကို လိုက်၍ လူအပေါင်းက မင်းမျိုးကို အဦးအမြတ်ထားက မင်းမျိုး၌ဖြစ်၍ ပုဏ္ဏားမျိုးကို

အဦးအမြတ်ထားက ပုဏ္ဏားမျိုး၌ ဖြစ်တော်မူခဲ့ကြလေသည်။ ယခုအခါ သုဒ္ဓေါဒနမင်းကြီးသည် မဟာသမ္မတမင်းမြတ်မှ သက်ဆင်းပြီး **အသမ္ဘိန္န ခတ္တိယရာဇ သကျမင်းမျိုး**၌ ဖြစ်သည့်အပြင် လူအားလုံးကလည်း အထွတ်အမြတ်ထားခဲ့ကြပေသည်။ ထို့ကြောင့် **သုဒ္ဓေါဒနမင်းကြီး**သည် ငါ၏ ခမည်းတော် ဖြစ်ရန် အသင့်တော်ဆုံးပင်ဖြစ်သည်”ဟု အမျိုးကိုလည်း သိမြင်ခဲ့လေသည်။

ထိုနောက် မယ်တော်နှင့် မယ်တော်၏ အသက်အပိုင်းအခြားကို ကြည့်ရှုဆင်ခြင်ခဲ့ပြန်သည်။ ဘုရားရှင်တို့၏ မယ်တော်သည်ကား လျှပ်ပေါ်လော်လည်ခြင်း မရှိ၊ သေရည်သောက်စားခြင်း အလျှင်း မရှိရ၊ မယ်တော်ဖြစ်ကြောင်း ကောင်းမှု ကုသိုလ်တို့ကို ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ကျင့်ခဲ့ပြီးသူ ဖြစ်ရ၏။ ယခုအခါ သုဒ္ဓေါဒနမင်းကြီး၏ တောင်ညာစံ ဒေဝီ မဟေသီမိဖုရားခေါင်ကြီး **သိရိမဟာမာယာဒေဝီ**သည် ငါ၏ မယ်တော်ဖြစ်ရန် သင့်တော်ပေသည်။ မယ်တော်၏ အသက်ကြွင်းသည်လည်း ဆယ်လနှင့် ခုနစ်ရက်သာလျှင် ကျန်တော့ကြောင်း ကောင်းစွာသိမြင်ခဲ့လေသည်။

**နတ်ဗြဟ္မာတို့အား ဝန်ခံကတိပြုတော်မူခြင်း**

ဤသို့အားဖြင့် ကြည့်ခြင်းကြီးငါးပါးတို့ကို ကြည့်ရှုဆင်ခြင်တော်မူပြီးနောက် “ငါကား လူ့ပြည်လောက၌ ပဋိသန္ဓေယူ၍ ဘုရားဖြစ်တော့အံ့”ဟု ကြံစည်ဆင်ခြင်လျက် လာရောက်တောင်းပန်ခဲ့ကြကုန်သည့် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာတို့အား “အို. . . အချင်းတို့၊ ငါသည် ဘုရားဖြစ်ဖို့ရန် အခါတန်ပေပြီ”ဟု ဝန်ခံကတိပြုခဲ့တော့သည်။

**မယ်တော်မာယာ နက္ခတ်ပွဲသဘင်ခံစားခြင်း**

အလောင်းတော် သေတကေတုနတ်သား စုတေရန် အချိန်စေ့ရောက်သောကာလ၌ မယ်တော် **သိရိမဟာမာယာဒေဝီ**သည် အရွယ်တော်အားဖြင့် ဒုတိယအရွယ်၏ သုံးခုမြောက်အသက်ပိုင်း **ငါးဆယ်ငါးနှစ်၊ လေးလခန့်** ရောက်ခဲ့ပေပြီ။ ထိုနှစ်၌ ကပိလဝတ်နေပြည်တော်ဝယ် ဥတ္တရာသဠ်နက္ခတ်ပွဲ

သဘင်နှင့် ကြံုကြိုက်၍ ပြည်သူပြည်သားတို့သည် ထိုနက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာ ကစားခဲ့ကြကုန်၏။ သီရိမဟာမာယာဒေဝီလည်း ထိုနက္ခတ်ပွဲသဘင်ကို ပျော်ရွှင်စွာခံစားတော်မူခဲ့သည်။ နက္ခတ်သဘင်ပွဲပြီးသည့် နောက်တစ်နေ့တွင် မဟာမာယာဒေဝီသည် နံနက်စောစောကပင် နံ့သာရေမိုး ချိုးပြီးလတ်သော် လေးသိန်းကုန်သော ဥစ္စာတို့ကိုစွန့်၍ ကြီးစွာသော အလှူတော်ကို ပေးပြီးလျှင် နံနက်ပွဲတော်စာကို တည်ခင်း သုံးဆောင်တော်မူခဲ့သည်။ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို ဆောက်တည်ခဲ့သည်။

**အိပ်မက်တော် မြင်မက်ခြင်း**

ထိုဥပုသ်နေ့ **ဝါဆိုလပြည့်နေ့ည**၏ နောက်ပိုင်း ပစ္ဆိမယံဝယ် ကျက်သရေရှိသော တိုက်ခန်း၌ လျောင်းစက်အိပ်ပျော်တော်မူလေလျှင် "စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့သည် အိပ်စက်ရာ သလွန်တော်နှင့် တကွ သီရိမဟာမာယာဒေဝီကို ပင့်ချီကြကုန်၍ ဟိမဝန္တာ အနဝတတ်အိုင်သို့ ဆောင်ယူခဲ့ကြပြီး ယူဇနာခြောက်ဆယ်ရှိသော ဆေးဒန်းမြင်းသီလာ ကျောက်ဖျာထက် အပြင် ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ကြီးအောက်၌ ထားခဲ့ကြသည်။ စတုမဟာရာဇ် နတ်မင်းကြီးများ၏ နတ်မိဖုရားကြီးများက လာရောက်ကြကုန်၍ အညစ်အကြေးသန့်စင်စေရန် အနဝတတ်အိုင်၌ ရေချိုးပေးကြကုန်၏။ နတ်အဝတ်အထည်တို့ကို ဝတ်ပေးကြကုန်၏။ နတ်နံ့သာတို့ကို လိမ်းကျံ၍ နတ်ပန်းတို့ကို ဆင်မြန်းပေးကြကုန်၏။ ထိုနောက် အနဝတတ်အိုင်မှ မနီးမဝေး၌ တည်ရှိသော ငွေတောင်ကြီး၏ အတွင်း ရွှေဗိမာန်တိုက်ခန်းဝယ် အရှေ့အရပ်သို့ ဦးခေါင်းပြု၍ မိဖုရားကြီးကို အိပ်စေကြကုန်၏။ ထိုအချိန်တွင် ဆင်ဖြူတော်တစ်စီးသည် မိဖုရားကြီး အိပ်စက်နေသော ငွေတောင်မှ မနီးမဝေးရှိ ရွှေတောင်၌ လှည့်လည် ကျက်စားပြီးလျှင် ထိုရွှေတောင်မှ ဆင်းသက်ခဲ့၍ ငွေတောင်ပေါ်သို့ တက်လာခဲ့ပြီး ရွှေဗိမာန်အတွင်း ဝင်ရောက်ခဲ့သည်။ ထိုနောက် သီရိမဟာမာယာဒေဝီ မိဖုရားကြီးကို လက်ယာရစ်လှည့်ပြီးမှ မိဖုရားကြီး၏ လက်ယာနံပါးကို ခွဲဖေါက်ဖွင့်လှပ်၍ ဝမ်းတိုက်အတွင်းသို့ ဝင်ခဲ့သည်"ဟု အိပ်မက် မြင်မက်တော်မူခဲ့သည်။

## အလောင်းတော် ပဋိသန္ဓေတည်နေတော်မူခြင်း

အိပ်မက် မြင်မက်သောကာလ ထိုခဏ၌ အလောင်းတော် **သေတကေတု** နတ်သားသည် **တုသိတာ**နတ်ပြည်မှ စုတေခဲ့၍ သီရိမဟာမာယာဒေဝီ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေစွဲယူ တည်နေတော်မူခဲ့၏။ အလောင်းတော် ပဋိသန္ဓေစွဲယူသည်နှင့် တစ်ပြိုင်နက် စကြဝဠာ ကမ္ဘာလောကဓာတ် တစ်သောင်းလုံးသည် ပြင်းထန်စွာ တုန်လှုပ်လေတော့၏။ ဘုရားအလောင်းတော်တို့ နောက်ဆုံးဘဝ ပဋိသန္ဓေတည်နေသောအခါ ဖြစ်ပေါ်လာမြဲ ဓမ္မတာအရ ပညာရှိတို့ "ဘုရားအလောင်းတော် ပဋိသန္ဓေနေပြီဖြစ်ကြောင်း" ကြိုတင် သိရှိနိုင်ရန် အလွန်ထူးခြားဆန်းကြယ် အံ့သြဖွယ်ကောင်းသော ပုဗ္ဗနိမိတ်ကြီး သုံးဆယ့်နှစ်မျိုးတို့သည် ထင်ရှားဖြစ်ပေါ်လာခဲ့ကြကုန်၏။

## မယ်တော်မာယာ၏ အိပ်မက်ကို ပုဏ္ဏားတို့ဖတ်ကြားခြင်း

မိဖုရားကြီးသည် နံနက်မိုးသောက် အလင်းရောက်၍ အိပ်စက်ရာမှ နိုးသော် မက်ခဲ့သော အိပ်မက်ကို သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထားခဲ့သည်။ သုဒ္ဓေါဒန မင်းကြီးသည်လည်း ပညာရှိပုရောဟိတ် ပုဏ္ဏားဖြူ ပုဏ္ဏားညို ခြောက်ဆယ့်လေးယောက်တို့ကို ဆင့်ခေါ်၍ မင်္ဂလာပူဇော်သကာ အဖြစ် ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်ထားသော မင်္ဂလာရှိသော မြေပြင်၌ နေစရာတို့ကို ခင်းကျင်းပြီး ထိုနေရာတို့၌ ပုဏ္ဏားတို့ကို နေစေခဲ့သည်။ ထောပတ် ပျားသကာတို့ဖြင့် ကောင်းစွာစီရင်ထားသော နို့ယနာတို့ကို ရွှေခွက်တို့၌ ထည့်လျက် ပုဏ္ဏားတို့ကို သုံးဆောင်စေခဲ့၏။ အဝတ်သစ်တို့ကို လည်းကောင်း၊ နို့စားနွားမများကိုလည်းကောင်း ပေးကာ နှစ်သက်စေတော်မူခဲ့၏။ ထို့နောက်မှ မင်းကြီးသည် ပုဏ္ဏားတို့အား မိဖုရားကြီး၏ အိပ်မက်ကို ဖတ်ကြား လျှောက် ထားစေခဲ့၏။ ထိုအခါ ပုဏ္ဏားတို့က သုဒ္ဓေါဒန မင်းကြီးအား မိဖုရားကြီး၏ အိပ်မက်နှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင့်ကြ ဖြစ်ရန် မလိုကြောင်း၊ မိဖုရားကြီး တွင် ပဋိသန္ဓေတည်နေပြီဖြစ်ကြောင်း၊ ပဋိသန္ဓေ နေလာသူကား မိန်းမမဟုတ်၊ ယောကျ်ားဖြစ်ကြောင်း၊ အရှင်မင်းကြီး၏ သားတော်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌နေလျှင် လေးကျွန်းသနင်း စကြာမင်း ဖြစ်၍

လူ့ဘောင်မှ ရှောင်ခွာ၍ ရဟန်းပြုခဲ့ပါလျှင် လောကသုံးပါး၌ ကိလေသာ အမိုးကိုပယ်ချိုး ဖွင့်လှစ်သော သဗ္ဗညုတ ဘုရားစင်စစ် ဖြစ်မည် ဖြစ်ကြောင်း နိမိတ်ဖတ်ကြား လျှောက်ထားခဲ့ကြကုန်၏။

**နတ်မင်းကြီးတို့ စောင့်ရှောက်ကြခြင်း**

ဘုရားအလောင်းတော် ပဋိသန္ဓေတည်နေတော်မူသည့် အချိန်မှစ၍ အလောင်းတော်နှင့် မယ်တော်တို့ကို ဤစကြဝဠာတိုက်၌ နေကုန်သော ဝေဿဝဏ်နတ်မင်း အစရှိကုန်သော စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် သန်လျက်ကိုယ်စီ စွဲကိုင်လျက် သီရိမဟာမာယာ ဒေဝီ၏ ကျက်သရေတိုက်ခန်းသို့ဝင်ကာ နေ့ည၌မပြတ် စောင့်ကြပ်ကြကုန်၏။ စကြဝဠာတိုက်တစ်သောင်းမှ လေးသောင်းကုန်သော စတုမဟာရာဇ် နတ်မင်းကြီးတို့သည် မြေဘုတ်ဘီလူး စသည်တို့ကို အရပ်တစ်ပါးသို့ ဖယ်ရှား စေကုန်၏။ သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည် စောင့်ကြပ်နေသော နတ်မင်းကြီးတို့ကို မြင်ရသော်လည်း အလောင်းတော်၏ ဘုန်းတန်ခိုး အာနုဘော်၊ မိဖုရားကြီး၏ ဘုန်းတန်ခိုးအာနုဘော်ကြောင့် လုံးဝ ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိခဲ့ပေ။ နန်းတွင်းသူ၊ နန်းတွင်းသားတို့ကို မြင်ရသကဲ့သို့ပင် ဖြစ်ခဲ့လေသည်။

**မယ်တော်ဝမ်းတိုက် စေတီထိုက်ခြင်း**

နောက်ဆုံးဘဝ ဘုရားအလောင်းတော်တို့၏ မယ်တော်တို့မည်သည် ပကတိအားဖြင့် သီလမြဲကြ၏။ ရာဂရမ္မက်၊ တပ်မက်ငြိစွန်းခြင်း အလျှင်း မရှိကြကုန်။ သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည်လည်း အလောင်းတော် ပဋိသန္ဓေ မတည်မီက ကာဠဒေဝိလ ရသေ့အထံ၌ သီလခံယူခဲ့သော်လည်း အလောင်းတော် ပဋိသန္ဓေတည်နေသော အခါမှစ၍ တစ်ပါးသူ၏ ခြေရင်း၌ ဝပ်စင်းရှိုးထုံးစံမရှိသဖြင့် သီလကို ဆင်ခြင်ရုံမျှသာ ဆင်ခြင်၍ သီလကို အမြဲဆောက်တည်ခဲ့သည်။ သီရိမဟာမာယာဒေဝီ မိဖုရားကြီး၏ ဝမ်းကြာ တိုက်ကား အလောင်းတော်၏ ကိန်းဝပ်ရာဖြစ်၍ အပူဇော်ခံရာ စေတီ အိမ်ပမာ ဖြစ်ခဲ့ပြီးလျှင် ဝရဇိန်ရွှဲ စိန်ခဲအတိ ပြည့်သကဲ့သို့ ရှိခဲ့လေသည်။

ဘုရားအလောင်းတော်များ ကိန်းအောင်းပြီးသော ဝမ်းကြာတိုက်သည် စေတီ အိမ်ပမာ ဖြစ်ခြင်းကြောင့် တစ်ပါးသောသူတို့ ကိန်းအောင်းခြင်းငှာ မတတ်ကောင်း။ ကိန်းအောင်းရိုး ထုံးစံ မရှိခဲ့ပေ။ ထို့ကြောင့် ဘုရားအလောင်းတော်၏ မယ်တော်သည် ဘုရားရှင်ကို ဖွားမြင်ပြီးနောက် ခုနစ်ရက် မြောက်လတ်သော် နတ်ရွာစံ ကံတော်ကုန်၍ တုသိတာနတ်ဘုံ၌ ဖြစ်ခဲ့ရသည်။

**ဝမ်းတွင်းရှိ ဘုရားအလောင်းတော်ကို မြင်ရခြင်း**

ဘုရားလောင်း မယ်တော်မှတစ်ပါး အခြားသော မိန်းမတို့သည် ကိုယ်ဝန်ကို ဆယ်လထက်အလွန်သော်လည်းကောင်း၊ ဆယ်လမရောက်မူ၍လည်းကောင်း ဆောင်ကြရကုန်ပြီး လျောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါးသော အနေအထားတို့တွင် တစ်ပါးပါးသော အနေအထားဖြင့် မွေးတတ်ကြကုန်၏။ ဘုရားလောင်း မယ်တော်တို့မှာမူ ဆယ်လအပြည့်သာ ကိုယ်ဝန်ကို ဆောင်ကြရကုန်ပြီး ရပ်လျက် အနေအထားဖြင့်သာ ဖွားမြင်ကြရိုး ဓမ္မတာဖြစ်ပါသည်။ မယ်တော်သည် အလောင်းတော်ကို ကိုယ်ဝန်ဆောင်ထားစဉ်အတွင်း ဝမ်းတွင်း၌ ကိန်းအောင်း တည်နေတော်မူသော ဘုရားအလောင်း သားတော်ကို ပကတိမျက်စိဖြင့် ဝမ်းရေပြင်ကို ဖေါက်ထွင်း၍ ထင်ရှားစွာ မြင်ခဲ့သည်။

# အလောင်းတော် ဖွားမြင်တော်မူခန်း

## မဟာမာယာဒေဝီ ဒေဝဒဟသို့ ကြွချီခြင်း

သီရိမဟာမာယာဒေဝီ မိဖုရားကြီးသည် ဆီကို သပိတ်ဖြင့် ဆောင်သကဲ့သို့ ဘုရားအလောင်းတော်ကို ဆယ်လပတ်လုံး ဝမ်း၌ လွယ်ခဲ့ရသည်။ ကိုယ်ဝန် ရင့်မာခြင်းသို့ ရောက်လတ်သော် မိဘဆွေမျိုးတို့နေရာ ဒေဝဒဟ ပြည်သို့ သွားလိုသော ဆန္ဒ ဖြစ်ပေါ်ခဲ့၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထား လေရာ သုဒ္ဓေါဒနမင်းကြီးက ခွင့်ပြုခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးသည် ကပိလဝတ် ပြည်မှ ဒေဝဒဟပြည်သို့တိုင်အောင် ခရီးလမ်းကို ညီညွတ်စွာ ပြင်ဆင်စေ၍ ငှက်ပျောပင်စိုက်ခြင်း၊ ရေပြည့်အိုးတည်ခြင်း၊ တံခွန် ကုက္ကား၊ မုလေးပွားတို့ဖြင့် တန်ဆာဆင်ခြင်းကို လမ်းတလျှောက် ပြုပြင်ထားခဲ့သည်။ မိဖုရားကြီးကို ရွှေထမ်းစင်ပေါ်၌ ထိုင်စေလျက် အမတ်ပေါင်း တစ်သောင်းတို့ဖြင့် ပင့်ချီ စေကာ များသော အခြံအရံ ထည်ဝါခမ်းနားသော အစီအစဉ်ဖြင့် ပို့စေခဲ့သည်။

## လုမ္ဗိနီအင်ကြင်းတော

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်တို့၏ အကြား၌ လူအများတို့ အသုံးပြုခြင်းငှာ ထိုက်သော လုမ္ဗိနီမည်သော အင်ကြင်း တောသည် ရှိခဲ့၏။ မဟာမာယာဒေဝီ မိဖုရားကြီးသည် ထိုအင်ကြင်းတောသို့ ဆိုက်ရောက်သောအခါ အင်ကြင်းပင်တို့သည် ပင်ရင်း ပင်ခြေမှ အစပြု၍ အခက်အဖျားတိုင်အောင် အပင်တိုင်း ပင်လုံးကျွတ် ပွင့်နေခဲ့ကြကုန်၏။ အင်ကြင်းပင်တို့၏ အပွင့်၊ အခက်၊ အလက်ကြားတို့၌ အဆင်းငါးမျိုး အရောင်ငါးသွယ်ရှိကုန်သော ပျား၊ ပိတုန်းအုပ်စုတို့သည်လည်းကောင်း၊ အမျိုးမျိုးသော ငှက်အပေါင်းတို့သည်လည်းကောင်း ချိုမြိန်သာယာ နာပျော်ဖွယ် ရှိကုန်သော အသံတို့ဖြင့် ဝဲပျံကွန့်မြူး တွန်ကျူးလျက်ရှိခဲ့ကုန်၏။ ထိုအင်ကြင်းတောတစ်ခုလုံးသည် သိကြားမင်း၏ စိတ္တလတာမည်သော ဥယျာဉ်နှင့် မခြားခဲ့။ ပျော်မွေ့ဖွယ်ရာ ဆန်းကြယ်စွာ ဖြစ်ခဲ့၏။ ထိုသို့ လွန်လွန် ကဲကဲ ပျော်မွေ့ဖွယ်ကောင်းသော အင်ကြင်းတောကို မြင်၍ မိဖုရားကြီး၌ သက်ဝင်ခိုနား ကစားရွှင်မြူးလိုသော စိတ်သည် ဖြစ်ခဲ့သည်။ အမတ်တို့သည်

မဟာမာယာဒေဝီမိဖုရားကြီးကို ခေါ်ဆောင်ကြကာ အင်ကြင်းတောသို့ ဝင်ခဲ့ကြသည်။ မဟာမာယာဒေဝီမိဖုရားကြီး အင်ကြင်း တောသို့ ဝင်တော်မူသည့် ခဏ၌ပင် စကြဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာ အပေါင်းတို့သည် ယနေ့ အလောင်းတော်သူမြတ်သည် မယ်တော်၏ ဝမ်းကြာတိုက်မှ မီးရှူးသန့်စင် ဖွားမြင်တော် မူမည်ဖြစ်ကြောင်း အုတ်အုတ် ကျက်ကျက် ပွဲတင်ထပ်သော အသံကို ဖြစ်စေခဲ့ကြကုန်၏။ အလောင်းတော်၏ ဖွားမြင်ခြင်း ဝိဇာတမင်္ဂလာကို ပူဇော်သကာပြုသည့် အနေဖြင့် ကောင်းကင်ဝယ် နတ်ထီးဖြူတို့ကို လွှမ်းဖုံး မိုးကာ၍ မင်္ဂလာသီချင်းတို့ကို သီဆိုခဲ့ကြကုန်၏။ နတ်၌ဖြစ်သော တူရိယာသံ၊ ခရုသင်းသံတို့ ဘဝဂ်လျှံမျှ ဖြစ်ခဲ့ကုန်၏။

## အလောင်းတော် ဖွားမြင်တော်မူခြင်း

မဟာမာယာဒေဝီ မိဖုရားကြီးသည် အင်ကြင်းပင်ရင်းသို့ ကပ်ရောက်၍ အင်ကြင်းခက်ကို ကိုင်လိုစိတ်ဖြစ်ပေါ်ခဲ့၏။ အင်ကြင်းခက်သည် ကောင်းစွာ ပြုတ်ထားသော ကြိမ်ညွှန့်ကဲ့သို့ အောက်သို့ ညွတ်ကိုင်းလာကာ မိဖုရားကြီး၏ လက်အနီးသို့ ကပ်ရောက်လာ၏။ မိဖုရားကြီးသည် လက်ကို ဆန့်တန်း၍ အင်ကြင်းခက်ကို ဆွဲကိုင်ခဲ့၏။ အင်ကြင်းခက်ကို ဆွဲကိုင်သော ခဏ၌ပင် မိဖုရားကြီးအား ကမ္မဇလေသည် တုန်လှုပ်လာခဲ့သည်။ ထိုအခါ မောင်းမ မိဿံ ခြွေရံပရိသတ်တို့သည် တင်းတိမ် ကန့်လန့်ကာတို့ကို ကာရံကြကုန်၍ အများစုသည် အပါးမှ ဖဲခဲ့ကြကုန်၏။ မင်္ဂလာအင်ကြင်းခက်ကို ဆွဲကိုင်လျက် ရပ်တည်စဉ်ပင် အလောင်းတော်ကို ပီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ ဖွားမြင်ပြီးခဏ၌ ကိလေသာမှ အထူး စင်ကြယ်ကုန်သော မဟာဗြဟ္မာကြီး လေးယောက်တို့သည် ရွှေကွန်ရက်ဖြင့် ဘုရားအလောင်းကို ခံယူကြကုန်၍ မယ်တော်ရှေ့မှ ရပ်တည်ကာ "အရှင်မိဖုရား. . . ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလော့၊ အရှင်မိဖုရား ဖွားမြင်သော သားတော်သည် တန်ခိုးအာနုဘော် ကြီးပါ၏"ဟု ပြောကြားကြလေကုန်၏။

ဘုရားအလောင်းတော်မှ တစ်ပါး အခြားသော သတ္တဝါတို့သည် အမိဝမ်းမှ ဖွားမြင်ကြကုန်သည်ရှိသော် စက်ဆုပ်ဖွယ်ရှိသော အညစ်အကြေးတို့ဖြင့် လိမ်းကျံကုန်သည်ဖြစ်၍ ဖွားမြင်ခဲ့ကြကုန်၏။ ဘုရားအလောင်းတော်မှာမူ

ထိုကဲ့သို့ မဟုတ်မူဘဲ တရားဟောပလ္လင်မှ သက်ဆင်းသော တရားဟော ဓမ္မကထိကကဲ့သို့လည်းကောင်း၊ ရောင်ခြည်တစ်ထောင်ဆောင်သော နေမင်းသည် ရွှေတောင်ကိုဖောက်၍ ထွန်းလင်း ထွက်ပြူလာသကဲ့သို့ လည်းကောင်း ကြောက်လန့်ခြင်းကင်း ရဲတင်းစွာဖြင့် မျက်လုံးတော်တို့ကို ဖွင့်၊ ခြေတော်တို့ကို ဆန့်၊ လက်ဝါးတော်တို့ကို ဖြန့်လျက် ငြိမ်သက်ချမ်းသာစွာ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့၏။

**အလောင်းတော် ရဲရဲတောက်စကား ကြုံးဝါးတော်မူခြင်း**

ဘုရားအလောင်း ဖွားမြင်သည်ရှိသော် ဘုရားအလောင်းနှင့် ဘုရားအလောင်းမယ်တော်တို့အား အရိုအသေပြုခြင်းငှာ ကောင်းကင်မှ ရေအလျဉ်နှစ်သွယ်တို့သည် ထွက်လာ၍ ဘုရားအလောင်းနှင့် ဘုရားအလောင်းမယ်တော်တို့၏ ကိုယ်၌ အပူအအေးမျှတမှုကို ပြုကြကုန်၏။ ထိုအခါ ဘုရားအလောင်းကို ရွှေကွန်ရက်ဖြင့် ခံ၍ တည်ကုန်သော မဟာဗြဟ္မာကြီးတို့၏ လက်မှ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက် တို့သည် သိမ်မွေ့သော အတွေ့ရှိသည့် သစ်နက်ရေဖြင့် ခံယူခဲ့ကြကုန်၏။ ထိုနတ်မင်းကြီး လေးယောက်တို့လက်မှ လူတို့က ဘွဲ့ဖြူပုဆိုးဖြင့် အလောင်းတော်ကို ခံယူခဲ့ကြကုန်၏။ အလောင်းတော်သည် လူတို့၏ လက်မှ လွတ်၍ မြေကြီး၌ တည်လျက် အရှေ့ အရပ်မျက်နှာကို ကြည့်ခဲ့၏။ အထောင်မက များစွာကုန်သော စကြဝဠာတို့သည် တစ်ပြင်တည်း ဖြစ်ကုန်၏။ အရှေ့အရပ်၌ ရှိသော နတ်လူတို့သည် နံ့သာပန်းတို့ဖြင့် ပူဇော်ကုန်လျက် "အို ယောကျာ်းမြတ် အရှေ့အရပ်၌ အရှင်နှင့် တူသူမရှိ၊ အရှင်သည်သာ အမြတ်ဆုံးဖြစ်ပါ၏"ဟု ကြွေးကြော်ခဲ့ကြကုန်၏။ အရှေ့အရပ်မျက်နှာအတူ အရပ်မျက်နှာတို့ကို အလောင်းတော်သည် အစဉ်အတိုင်းကြည့်တော်မူခဲ့၍ အရပ်ဆယ်မျက်နှာရှိ နတ်လူတို့က ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ အမြတ်ဆုံးယောကျာ်းဖြစ်ကြောင်း ကြွေးကြော်ခဲ့ကြသည်။ အရပ်ဆယ်မျက်နှာတို့၌ အရှင်မြတ်နှင့်တူသူ တစ်စုံတစ်ယောက်ကိုမျှ မြင်တော်မမူသောကြောင့် အလောင်းတော်သည် မြောက်မျက်နှာအရပ်သို့ မျက်နှာတူရူ ခုနစ်ဖဝါး လှမ်းကြွတော်မူ၍ ခုနစ်ဖဝါး မြောက်၌ ရပ်တော်မူကာ—

"အဂ္ဂေါဟမသ္မိ လောကဿ= ငါသည် လူသုံးပါးတို့တွင် အမြတ်ဆုံး။
ဇေဋ္ဌောဟမသ္မိ လောကဿ= ငါသည် လူသုံးပါးတို့တွင် အကြီးဆုံး။
သေဋ္ဌောဟမသ္မိ လောကဿ= ငါသည် လူသုံးပါးတို့တွင် ချီးမွမ်းအပ်ဆုံး။
အယမန္တိမာ ဇာတိ= ယခုဘဝသည် နောက်ဆုံး ပဋိသန္ဓေနေခြင်းဖြစ်၏။
နတ္ထိဒါနိ ပုနဗ္ဘဝေါ= တစ်ဖန်ဘဝသစ် ဖြစ်ရခြင်းမရှိတော့"

ဟုစကြဝဠာ တိုက်ပေါင်း တစ်သောင်းလုံးကို အလောင်းတော်၏ အသံတော်ဖြင့် ရဲရဲတောက်စကား ကြုံးဝါးကျူးရင့်တော်မူခဲ့သည်။ အလောင်းတော် မြောက်အရပ်သို့ ခုနစ်ဖဝါး လှမ်းကြွတော်မူသောအခါ မဟာဗြဟ္မာမင်းက ထီးဖြူကို ဆောင်းမိုး၍ သုယာမနတ်မင်းက သားမြီးယပ်ကို ကိုင်ဆောင်လျက် ကျန်နတ်တို့က ရွှေခြေနင်း၊ သံလျက် စသော မင်းမြောက်တန်ဆာ ငါးပါးတို့ကို ကိုင်ဆောင်ကာ ဘုရားလောင်းနောက်မှ လိုက်ပါခဲ့ကြကုန်၏။

**ဖွားဖက်တော်ခုနစ်ဦး**

အလောင်းတော်ကို ဖွားမြင်တော်မူသောကာလ ထိုခဏ၌ပင်

၁။ ဘဒ္ဒကစ္စာနာမည်သော ရာဟုလာမယ်တော် ယသောဓရာမင်းသမီး

၂။ အာနန္ဒာမင်းသား

၃။ ဆန္နအမတ်

၄။ ကာဠုဒါယီအမတ်

၅။ ကဏ္ဍကမြင်းတော်

၆။ မဟာဗောဓိပင်

၇။ ရွှေအိုးကြီးလေးလုံး—

၎င်းခုနစ်ပါးတို့သည်လည်း တစ်ပြိုင်နက် ဖွားမြင်ဖြစ်ပေါ်လာခဲ့ကြကုန်၏။ အလောင်းတော်နှင့် အတူတကွ ဖွားဖော်ဖွားဖက်ဖြစ်လာသောကြောင့် ဖွားဖက်တော်ခုနစ်ပါးဟု ခေါ်ဆိုကြကုန်၏။ ထိုရွှေအိုးကြီးလေးလုံးတို့အနက် တစ်လုံးကား သင်္ခအမည်ရှိ၍ တစ်ဂါဝုတ်ပမာဏရှိ၏။ တစ်လုံးကား ဧလအမည်ရှိ၍ နှစ်ဂါဝုတ်ပမာဏရှိ၏။ တစ်လုံးကား ဥပ္ပလအမည်ရှိ၍ သုံးဂါဝုတ်ပမာဏရှိ၏။ တစ်လုံးကား ပုဏ္ဍရိကအမည်ရှိ၍ လေးဂါဝုတ် (တစ်ယူဇနာ) ပမာဏရှိ၏။

**ကာဠဒေဝီလရသေ့ကြီး**

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည် နှစ်ပြည်ထောင်နေ လူအပေါင်းတို့သည် မိဖုရားကြီးမဟာမာယာဒေဝီနှင့် ဘုရားအလောင်းတော် မင်းသား တို့ကို ယူဆောင်၍ ကပိလဝတ်ပြည်သို့သာလျှင် သွားကြကုန်၏။ ကပိလဝတ်ပြည်သို့ ရောက်သောနေ့၌ပင် သိကြားမင်းနှင့်တကွ တာဝတိံသာနတ်အပေါင်းတို့သည် တာဝတိံသာနတ်ပြည်၌ "ကပိလဝတ်ပြည်တွင် သုဒ္ဓေါဒနမင်းကြီးအား သားတော်ဖွားမြင်ပြီ။ ထိုသားတော်သည် ဗောဓိပင်ရင်း၌ ဘုရားဖြစ်လတ္တံ့"ဟု ရွှင်လန်းဝမ်းမြောက်ကြကုန်လျက် အဝတ်ပုဆိုးတို့ကို မြှောက်ကာ မြူးတူးပျော်ပါး၍ နေခဲ့ကြကုန်၏။

ထိုအချိန်ကား သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင် ဝင်ထွက်သွားလာကာ အစဉ်အဆက် စံနေခဲ့သော အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ရသည့် **ကာဠဒေဝီလရသေ့ကြီး**သည် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်၌ ဆွမ်းကိစ္စပြီးသော် နေ့သန့်ရန်အလို့ငှာ တာဝတိံသာနတ်ပြည်သို့ ကြွနေချိန် ဖြစ်သည်။ တာဝတိံသာနတ်ပြည်၌ သမာပတ်ချမ်းသာဖြင့် နေ့သန့်ပြီးနောက် ထိုင်နေတော်မူစဉ် မြူးတူးပျော်ပါးနေကြသော တာဝတိံသာနတ်များကို မြင်၍ မေးကြည့်ခဲ့ရာ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးအား သားတော်တစ်ပါး ဖွားမြင်ရရှိကြောင်း၊ ထိုသားတော်သည် ဗောဓိမဏ္ဍိုင်၌ ဘုရားစင်စစ် ဧကန်ဖြစ်တော်မူ၍ ဓမ္မစကြာတရားဦးကို ဟောတော်မူမည် ဖြစ်ကြောင်း၊ ထိုဘုရားရှင်၏ အဆုံးအပိုင်းအခြားမရှိသော ဘုရား၏ တင့်တယ်ခြင်းကို ဖူးမြင်ရမည်ဖြစ်၍ တရားတော်ကို နာရမည်ဖြစ်သောကြောင့် ပျော်ပါးနေကြ ကြောင်း ပြောကြား လျှောက်ထားကြလေသည်။ ကာဠဒေဝီလရသေ့ကြီးသည် ထိုနတ်တို့ စကားကို ကြား၍ တာဝတိံသာနတ်ပြည်မှ အလျင်အမြန် ပြန်လာခဲ့ပြီးလျှင် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်သို့ ဝင်၍ ခင်းထားသော နေရာ၌ ထိုင်၏။ ထိုနောက် သုဒ္ဓေါဒနမင်းကြီးအား "မင်းကြီး. . . သင် မင်းကြီးသည် သားတော်ဖွားမြင်ရရှိလေသလော။ ထိုသားတော်ကို ရှုမြင်လိုပါ၏"ဟု ဆိုခဲ့လေသည်။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်မင်းသားငယ်ကို တန်ဆာဆင်လျက် ရသေ့ကြီးအား ရှိခိုးစေရန် ရသေ့ကြီးထံ ရှေးရှုဆောင်ခဲ့၏။ ထိုအခါ

ဘုရားအလောင်း မင်းသားငယ်၏ ခြေနှစ်ဖက်တို့သည် ရသေ့ကြီး၏ ဦးခေါင်းထက် ဆံကျစ်တို့အပေါ်၌ ရပ်တည်ခဲ့ကြသည်။ ဘုရားအလောင်း တော်မှာ ထိုနောက်ဆုံးဘဝအနေဖြင့် ရှိခိုးထိုက်သော တစ်ပါးသော သူမည်သည် မရှိခဲ့။ အလောင်းတော်၏ ဦးခေါင်းကို ရသေ့၏ ခြေရင်း၌ ထားမိခဲ့ငြားအံ့။ ရသေ့၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲသွားနိုင်ရာ၏။ ရသေ့သည် "ငါ၏ ကိုယ်ကို ဖျက်ဆီးခြင်းငှာ မသင့်"ဟု ကြံစည်လျက် ထိုင်ရာမှ ထကာ အလောင်းတော်မြတ်ကို လက်အုပ်ချီခဲ့၏။

မင်းကြီးလည်း ထိုအံ့ဖွယ်သရဲကို မြင်ရ၍ သားတော် အလောင်းမင်းသားကို ရှိခိုးလေတော့၏။ ကာဠဒေဝီလရသေ့ကြီးသည် ရှေးလွန်လေပြီးသော ကမ္ဘာလေးဆယ်၊ နောင်လာလတ္တံ့သော ကမ္ဘာလေးဆယ်၊ ရှေ့နောက် ကမ္ဘာ ရှစ်ဆယ်တို့ကို အောက်မေ့ သိမြင်နိုင်၏။ အလောင်းတော်၏ လက္ခဏာ ပြည့်စုံမှုကို မြင်၍ ဘုရားဖြစ်မည်၊ မဖြစ်မည်ကို စူးစမ်း ဆင်ခြင်သော် ဘုရား စင်စစ် ဖြစ်မည်ဟု အနာဂတံသဉာဏ်ဖြင့် သိမြင်ခဲ့၍ "ဤမင်းသားငယ်သည် အံ့ဖွယ်သရဲ ယောကျ်ားမြတ်ပေတည်း"ဟူ၍ ပြုံးရယ်ခြင်းကို ပြုခဲ့၏။ ထိုနောက် ဘုရားဖြစ်သော ဤယောကျ်ားမြတ်ကို မိမိဖူးမြင်ခွင့်ရ, မရ ဆင်ခြင်ပြန်သော် ဖူးမြင်ခွင့် ရမည်မဟုတ်။ ဘုရားမဖြစ်မီ အကြား၌သာ စုတေ၍ သစ္စာလေးပါး တရားကို သိခြင်းငှာ မတတ်နိုင်ဘဲ အရူပဗြဟ္မာ့ဘုံ၌သာ ဖြစ်ရမည်ကို သိမြင်ခဲ့သဖြင့် "ငါ့အား စင်စစ် ကြီးစွာသော ဆုံးရှုံးခြင်းသည် ဖြစ်ပါပေ၏"ဟု စဉ်းစားမိကာ ငိုကြွေးခဲ့လေသည်။

## နာလကလုလင် ရဟန်းပြုခြင်း

ကာဠဒေဝီလရသေ့သည် "ငါ၏ ဆွေမျိုးတို့၌ တစ်စုံတစ်ယောက်သော သူသည် ဤအလောင်းတော်မင်းသားဖြစ်သော ဘုရားကို ဖူးတွေ့ခြင်းငှာ ရနိုင်သလော"ဟု ဆင်ခြင်သည်ရှိသော် မိမိ၏ တူဖြစ်သော **နာလကလုလင်**ကို မြင်သဖြင့် ခေါ်ယူ၍ မိမိထံရောက်လာသော် "တူမောင် နာလက. . . သုဒ္ဓေါဒန မင်းကြီး၏ နန်းတော်၌ သားတော်တစ်ပါး ဖွား၏။ ထိုသားတော်သည် ဘုရားညွန့်လျာ ဖြစ်သည်။ ထိုသားတော်သည် အသက် သုံးဆယ့်ငါးနှစ် ပြည့်လျှင် မချွတ်ဧကန် ဘုရားဖြစ်မည်။ ထိုဘုရားရှင်ကို

ဖူးမြင်ရခြင်းငှာ ယခုပင် ရဟန်း ပြုလေလော့”ဟု တိုက်တွန်း ပြောဆိုခဲ့သည်။ နာလကလုလင်သည်လည်း သင်္ကန်း သပိတ် ပရိက္ခရာတို့ကို ရှာမှီး၍ ရဟန်းပြုကာ ဘုရားအလောင်း တော်ရှိရာသို့ လက်အုပ်ချီလျက် ဟိမဝန္တာတောသို့ ဝင်ကာ ရဟန်းတရားကို ရှေးဦးစွာ ကျင့်တော်မူခဲ့၏။

## အမည်မှည့်မင်္ဂလာနှင့် လက္ခဏာနိမိတ်ဖတ်ကြားခြင်း

သုဒ္ဓေါဒနမင်းကြီးသည် အလောင်းတော်မင်းသား မွေးဖွားပြီးနောက် ငါးရက်မြောက်သောနေ့၌ “ခေါင်းဆေးမင်္ဂလာပြု၍ အမည်မှည့်အံ့”ဟု ရွှေနန်းတော်ကို နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံခဲ့သည်။ ပေါက်ပေါက်နှင့် တကွပန်းငါးမျိုးတို့ကို ကြဲဖြန့်ကာ တန်ဆာဆင်ခဲ့သည်။ ရေမရောသော နို့ယနာထမင်းကို ချက်စေခဲ့သည်။ ထို့နောက် ဗေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်း ရောက် တတ်မြောက်ကုန်သော ပုဏ္ဏားပညာရှိ တစ်ရာ့ရှစ်ယောက်တို့ကို ပင့်ဖိတ်၍ ကောင်းမွန်စွာ စီစဉ်ထားသော နို့ယနာထမင်းကို ကျွေးမွေးခဲ့၏။ ယင်းသို့ ကျွေးမွေးပြီးသော် ကြီးစွာသော ပူဇော်သက္ကာရကို ပြုပြီး အလောင်းတော်မင်းသား၏ လက္ခဏာတော်တို့ကို ဖတ်ကြား လျှောက်ထား စေခဲ့၏။

ထိုတစ်ရာ့ရှစ်ယောက်သော ပုဏ္ဏားတို့တွင် ရာမပုဏ္ဏား၊ ဓဇပုဏ္ဏား၊ လက္ခဏပုဏ္ဏား၊ ဇောတိမန္တပုဏ္ဏား၊ ယညပုဏ္ဏား၊ သုဘောဇပုဏ္ဏား၊ သုယာမပုဏ္ဏား ဤပုဏ္ဏားပညာရှိ ခုနစ်ယောက်တို့က အလောင်းမင်းသား၏ လက္ခဏာတော်တို့ကို စိစစ်ကြည့်ရှုပြီးလျှင် လက်နှစ်ချောင်းစီ ထောင်ခဲ့ကြ ကုန်၏။ “ဤမင်းသားငယ်သည် အိမ်ရာတည်ထောင် လူ့ဘောင်၌ နေခဲ့လျှင် လေးကျွန်းသနင်း စကြာမင်း ဖြစ်လိမ့်မည်။ လူ့ဘောင်ကို ခွါ၍ ရဟန်းပြုခဲ့လျှင် ဘုံသုံးပါး၌ ဘုရားဖြစ်လိမ့်မည်”ဟု တစ်ခုခုကို ယတိပြတ် မဆုံးဖြတ်နိုင်ကြဘဲ နိမိတ်ဖတ်ခဲ့ကြကုန်၏။ အသက်အရွယ်အငယ်ဆုံး ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားကမူ အလောင်းမင်းသား၏ မဟာပုရိသလက္ခဏာတို့နှင့် အလုံးစုံ ပြည့်စုံမှုကို မြင်သိခဲ့၍ “အလောင်းမင်းသားသည် လူ့ဘောင်၌ နေရန် အကြောင်းမရှိ။ ဧကန်စင်စစ် ကိလေသာအမိုးကို ဖျက်ချိုးဖွင့်လှစ်သည့်

ဘုရား ဧကန် ဖြစ်လတ္တံ့”ဟု ပြောဆိုကာ လက်တစ်ချောင်းကိုသာ ထောင်လျက် အပြီးအပြတ် ဆုံးဖြတ်ကာ နိမိတ်ဖတ်ကြားခဲ့သည်။

အလောင်းတော်မင်းသားအား “ဘုရားစင်စစ်ဖြစ်လိမ့်မည်”ဟု နိမိတ်ဖတ်ကြားခဲ့ကြပြီးနောက် အလောင်းတော်မင်းသား၏ အမည်ကို မှည့်ခေါ်ကြရန် ဆင်ခြင်ကြပြန်သော် အလုံးစုံသော လောက၏ အကျိုးစီးပွား ပြီးစီးအောင် ဆောင်ရွက်နိုင်စွမ်းရှိမည့် အကြောင်းနိမိတ်ကို အစွဲပြုကာ “**သိဒ္ဓတ္ထ**” ဟူသော အမည်ကို မှည့်ခဲ့ကြကုန်၏။

**နိမိတ်ကြီးလေးပါးကို မမြင်ရန် အစီအမံပြုခြင်း**

သုဒ္ဓေါဒနမင်းကြီးသည် “ငါ၏ သားတော်သည် အဘယ်ကို မြင်၍ ရဟန်းပြုမည်နည်း”ဟု ပုဏ္ဏားတို့ကို မေးခဲ့သည်။ ပုဏ္ဏားတို့က “အလောင်းတော်မင်းသားသည် **သူအို၊ သူနာ၊ သူသေ၊ ရဟန်း**-ဟူသော နိမိတ်ကြီးလေးပါးတို့ကို မြင်၍ ရဟန်းပြုမည်ဖြစ်ကြောင်း သုဒ္ဓေါဒနမင်းကြီးအား ပြန်လည် လျှောက်ထားခဲ့ကြသည်။ ထိုအခါ သုဒ္ဓေါဒနမင်းသည် “ဤနေ့မှစ၍ ဤသို့ သဘောရှိကုန်သော နိမိတ်တို့ကို ငါ၏ သားတော်အလောင်းမင်းသားထံ မကပ်ရောက်စေလင့်။ ငါ၏ သားတော်အား ဘုရားဖြစ်ရန် အလိုမရှိပါ။ ကျွန်းငယ်နှစ်ထောင် အခြံအရံရှိသော ကျွန်းကြီးလေးကျွန်းတို့ကို အစိုးရသည့် စကြာမင်းသာဖြစ်စေလျက် သုံးဆယ့်ခြောက်ယူဇနာ အဝန်းအဝိုင်း ရှိသော ပရိသတ်ဖြင့် ခြံရံကာ ကောင်းကင်ပြင်၌ စကြာရတနာဖြင့် လှည့်လည် သွားလာသည်ကိုသာ မြင်လိုသည်”ဟု မိန့်ဆိုတော်မူခဲ့သည်။ ထို့နောက် သုဒ္ဓေါဒနမင်းကြီးသည် **သူအို၊ သူနာ၊ သူသေ၊ ရဟန်း**-ဟူသော နိမိတ်တို့ကို အလောင်းမင်းသား မြင်နိုင်သော အရပ်သို့ မကပ်ရောက်စေရန် တစ်ဂါဝုတ်၊ တစ်ဂါဝုတ်သော အရပ်တို့၌ အစောင့်အရှောက်ကို ချထားစေခဲ့၏။

အလောင်းမင်းသား ခေါင်းဆေးမင်္ဂလာပြုသော အခမ်းအနားသို့ လာရောက်ကြကုန်သော ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့သည် “ဤမင်းသားသည် ဘုရားပင် ဖြစ်စေ၊ သို့မဟုတ် စကြဝတေးမင်းပင် ဖြစ်စေ၊

ငါတို့သည် ဤမင်းသား၏ အခြံအရံအဖြစ် တစ်ယောက်စီ တစ်ယောက်စီသော သားကို ပေးကြကုန်အံ့၊ ဤမင်းသား ဘုရားဖြစ်လျှင် မင်းသားရဟန်း အပေါင်းခြံရံလျက်သာ့လျှင် လှည့်လည်သွားလာရလတ္တံ့။ အကယ်၍ စကြာမင်း ဖြစ်ခဲ့ပါမူ မင်းသားလူပျိုတော်တို့ ခြံရံကုန်လျက် လှည့်လည် သွားလာရလတ္တံ့"ဟု တစ်ယောက်စီ တစ်ယောက်စီသော သားကို ပေးရန် ဝန်ခံစကား ပြောခဲ့ကြကုန်၏။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထမင်းသားအား အဆင်းအင်္ဂါနှင့် ပြည့်စုံကုန်၍ အပြစ်အနာအဆာ ကင်းကုန်သော နို့ထိန်းတို့ကိုသာ ခယလုပ်ကျွေးစေခဲ့၏။ အလောင်းတော် မင်းသားသည် များစွာသော အခြံအရံ ပရိသတ်ဖြင့်လည်းကောင်း၊ ကြီးမြတ်သော အသရေ၏ တင့်တယ်ခြင်းဖြင့်လည်းကောင်း ကြီးပွားခဲ့ရ၏။

**မယ်တော်နတ်ရွာစံ ကံတော်ကုန်ခြင်း**

အလောင်းတော်မင်းသားကို ဖွားမြင်တော်မူပြီးနောက် ခုနစ်ရက် မြောက်သောနေ့ ရောက်သောအခါ မယ်တော် မဟာမာယာဒေဝီမိဖုရားကြီးသည် သေလွန်ရအံ့သော ကာလအပိုင်းအခြားသို့ ရောက်ခဲ့ပြီဖြစ်၍ စုတိပြတ် ကြွေ သေလွန်ခဲ့ပြီးလျှင် တုသိတာနတ်ပြည်၌ **"သန္တုသိတ"** နတ်သား ဖြစ်ခဲ့လေသည်။ မယ်တော်မိဖုရားကြီး နတ်ရွာစံသောအခါ မိထွေးတော် မဟာပဇာပတိဂေါတမီ ဒေဝီသည် မိမိသားရင်း နန္ဒကို အထိန်းတော်များထံ အပ်နှံပြီး အလောင်းတော် မင်းသားကို သားရင်းနှင့်မခြား နို့ချိုတိုက်ကျွေး၍ မွေးမြူခဲ့လေသည်။

# လယ်ထွန်မင်္ဂလာပြုခန်း

## လယ်ထွန်မင်္ဂလာပြုခြင်း

တစ်နေ့သောအခါ သုဒ္ဓေါဒနမင်းကြီး၏ ရာသီအလိုက် နှစ်စဉ်ကျင်းပမြဲ ဖြစ်သော လယ်ထွန်မင်္ဂလာသဘင်သည် ဖြစ်ခဲ့၏။ ထိုနေ့၌ ကပိလဝတ် မင်းနေပြည်တစ်ခုလုံးကို နတ်ဗိမာန်ကဲ့သို့ တန်ဆာဆင်ခဲ့ကြကုန်၏။ အလုပ်သမားများမှအစ အလုံးစုံသော ပြည်သူပြည်သားတို့သည် အဝတ်သစ်များကို ဝတ်ဆင်ခဲ့ကြကာ အမွှေးနံ့သာတို့ လိမ်းကျံပန်ဆင်ကုန်၍ မင်းရင်ပြင်၌ စုဝေးကြကုန်၏။ လယ်ထွန်မင်္ဂလာ ကျင်းပမည့်နေရာ၌ ထွန်တုံးပေါင်း တစ်ထောင်ကို ပြင်ဆင်ထားခဲ့ကြကုန်၏။ ထိုထွန်တုံး တစ်ထောင်အနက် ထွန်တုံးရှစ်ရာမှာ မင်းကြီးနှင့် မင်းညီမင်းသားများ အတွက် ပြင်ဆင်ထား ခဲ့ကြပြီး ထွန်တုံးနှစ်ရာကို လယ်တော်သားများအတွက် ပြင်ဆင်ထားခဲ့ ကြသည်။ သုဒ္ဓေါဒနမင်းကြီး မောင်းနှင်မည့် မင်္ဂလာ ထွန်တုံးတော်ကို နီမြန်းသော ရွှေဖြင့် အလုံးစုံ တန်ဆာဆင်၍ ထားကြကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် မှူးကြီးမတ်ရာ သေနာပတိ ကိုယ်ရံတော်တို့ ခြံရံလျက် မင်းခမ်းမင်းနား အစီအရင်ဖြင့် ကပိလဝတ်နေပြည်တော်မှ လယ်ထွန်မင်္ဂလာ ကျင်းပမည့်နေရာသို့ ထွက်တော်မူသည်ရှိသော် သားတော် အလောင်းမင်းသားကိုလည်း ဆောင်ယူတော်မူခဲ့သည်။ လယ်ထွန်မင်္ဂလာ သဘင် ဆင်ယင်ကျင်းပရာ နေရာအနီး၌ ထူးခြားလွန်ကဲစွာ မွေ့လျော်ဖွယ် ရှိ၍ အရွက်အခက် ပြည့်သိပ် အေးမြသောအရိပ်ရှိသော ဇမ္ဗူသပြေပင် အောက်၌ ကမ္ဗလာခင်းနှီးကို ကောင်းစွာ ခင်းကျင်းခဲ့၏။ အထက်မှလည်း နီမြန်းသော ကမ္ဗလာမျက်နှာကြက်ကို ဖွဲ့ယှက်တပ်ဆင်၍ တင်းတိမ်ကန့်လန့် ကာတို့ဖြင့် ထက်ဝန်းကျင် ဝန်းရံကာ လုံခြုံစွာ အစောင့်အကြပ်တို့ကို ချထားခဲ့၏။ ထိုနေရာ၌ သားတော်အလောင်းမင်းသားကို အထိန်းအယတို့ဖြင့် ထားတော် မူပြီး မှူးမတ်အပေါင်း ခြံရံလျက် မင်္ဂလာ လယ်တော်သို့ ကြွချီတော် မူခဲ့သည်။ မင်္ဂလာလယ်တော်သို့ ရောက်သော် သုဒ္ဓေါဒနမင်းကြီးသည် မိမိအတွက် စီစဉ်ထားသော ရွှေထွန်ဇောင်ကို စီးနင်း မောင်းနှင်တော်မူခဲ့၏။ မင်္ဂလာ အခမ်းအနားပါ မှူးမတ်အပေါင်း ခုနစ်ရာကိုးဆယ့်ကိုးယောက် တို့သည် ၎င်းတို့အတွက် စီစဉ်ထားသော ငွေထွန်တုံးများကိုလည်းကောင်း၊ လယ်တော်သား

နှစ်ရာတို့သည် ထွန်တုံးနှစ်ရာတို့ကိုလည်းကောင်း အသီးသီး စီးနင်း မောင်းနှင်ခဲ့ကြကုန်၏။ ထိုလယ်ထွန်မင်္ဂလာ အခမ်းအနားကား အလွန်ပင် စည်ကားကြီးကျယ်ခဲ့လေသည်။

**အလောင်းတော် အာနာပါနပဥ္စမဈာန်ကို ရတော်မူခြင်း**

ထိုအခါ အလောင်းတော်မင်းသားကို ခြံရံစောင့်ရှောက်နေကြကုန်သော အထိန်းအယ အစောင့်အရှောက်တို့သည် လယ်ထွန်မင်္ဂလာကျင်းပနေသော မင်းကြီး၏ အသရေတော်ကို ကြည့်လိုခဲ့ကြ၍ တင်းတိမ်ကန့်လန့်ကာ အတွင်းမှ အပြင်သို့ ထွက်သွားခဲ့ကြကုန်၏။ ထိုအခိုက် အလောင်းတော် မင်းသားသည် ကိုယ်တော်မြတ်၏ အနီးအပါး၌ တစ်စုံတစ်ယောက်သော သူကိုမျှ မမြင်ရ၍ နေရာမှ လျင်စွာ ထပြီးလျှင် တည်ကြည်သော ဣန္ဒြေတော်ဖြင့် တင်ပလ္လင်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ဝင်လေထွက်လေတို့ကို အာရုံ ပြုကာ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတော်မူခဲ့သဖြင့် ရူပါဝစရပဥ္စမဈာန်ကို ရတော်မူ ခဲ့လေသည်။ အလောင်းတော်မင်းသား စံနေတော်မူသော ဇမ္ဗုသပြေပင်၏ အရိပ်သည် မွန်းလွဲသော်လည်း ပြောင်းလဲခြင်းမရှိဘဲ အလောင်းတော် မင်းသားကို ထားစအခါကကဲ့သို့ပင် အဝန်းအဝိုင်း အနေအားဖြင့် ထူးခြားစွာ တည်နေခဲ့သည်။ အလောင်းမင်းသား စံနေသော ဇမ္ဗုသပြေပင်မှတစ်ပါး ကျန်သစ်ပင်များ၏ အရိပ်များမှာကား ရွေ့ရှား ပြောင်းလဲလျက် မွန်းလွဲသော အခါ အရိပ်များ အရှေ့ဘက်သို့ ရောက်၍ နေခဲ့ကြကုန်၏။

**သုဒ္ဓေါဒနမင်းကြီး သားတော်ကို နှစ်ကြိမ်မြောက်ရှိခိုးခြင်း**

အထိန်းတော်တို့သည် ထိုအကြောင်းကို မင်းကြီးအား လျှောက်တင် ကြသောအခါ သုဒ္ဓေါဒနမင်းကြီးသည် လျင်စွာ လာလတ်၍ တင်းတိမ် ကန့်လန့်ကာတို့ကို ဖွင့်၍ကြည့်သော် အသရေရှိသော နေရာထက်၌ အလောင်းတော်မင်းသား တင်ပလ္လင်ဖွဲ့ခွေ ငြိမ်သက်စွာ စံနေတော်မူသည်ကို လည်းကောင်း သပြေပင်အရိပ် မရွေ့မရှား ပကတိအတိုင်း အဝန်းအဝိုင်း ပြုလျက် တည်နေသည်ကိုလည်းကောင်း အံ့ဩဖွယ်ရာ ထူးခြားစွာ မြင်ရ သည်ရှိသော်—

"အို. . . ချစ်သားမြတ်၊ သင်ချစ်သားမြတ်အား ခမည်းတော်၏ ဤယခု အကြိမ်ရှိခိုးခြင်းသည် နှစ်ကြိမ်မြောက် ရှိခိုးခြင်းပါတည်း"ဟု နှုတ်မြွက် ပြောဆိုကာ သားတော်ကို ရှိခိုးခဲ့သည်။

**နန်းပြာသာဒ်သုံးဆောင် ဆောက်လုပ်ခြင်း**

အလောင်းတော်မင်းသားသည် အလွန်ကြီးကျယ်သော သုခချမ်းသာဖြင့် အစဉ်အတိုင်း ကြီးပွားခဲ့ရာ သက်တော်တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်တော်မူခဲ့သည်။ သုဒ္ဓေါဒနမင်းကြီးသည် သားတော်စံနေရန် ပြာသာဒ် သုံးဆောင် ဆောက်လုပ်လိုသော အကြံရှိတော်မူ၍ နေပြည်တော်အတွင်းရှိ ဗိသုကာ၊ လက်သမား၊ ပန်းရန်၊ ပန်းပု၊ ပန်းချီအတတ်သည်တို့ကို ဆင့်ခေါ် စည်းဝေးစေပြီးလျှင် သားတော်စံမြန်းရန် ဆောင်း၊ နွေ၊ မိုး ဥတုသုံးလီ လျော်ညီသင့်မြတ် နန်းပြာသာဒ်သုံးဆောင်တို့ကို ဆောက်လုပ်စေခဲ့၏။ ဆောင်းရာသီ၌ စံမြန်းတော်မူရန် ရမ္မနန်းပြာသာဒ်ဆောင်ကိုလည်းကောင်း၊ နွေရာသီ၌ စံမြန်းတော်မူရန် သုရမ္မနန်းပြာသာဒ်ဆောင်ကိုလည်းကောင်း၊ မိုးရာသီ၌ စံမြန်းတော်မူရန် သုဘနန်းပြာသာဒ်ဆောင်ကိုလည်းကောင်း ထိုသုံးဆောင်လုံးကို အလျား၊ အနံ၊ အမြင့် ပမာဏညီမျှကြစေကုန်လျက် ရမ္မနန်းပြာသာဒ်ဆောင်ကို ဘုံကိုးဆင့်၊ သုရမ္မနန်းပြာသာဒ်ဆောင်ကို ဘုံခုနစ်ဆင့်၊ သုဘနန်းပြာသာဒ်ဆောင်ကို ဘုံငါးဆင့်ထား၍ ဆောက်လုပ် စေခဲ့၏။ နန်းပြာသာဒ်သုံးဆောင် ဆောက်လုပ်ပြီးသောအခါ သားတော် မင်းသားကို နေစေလျက် ကချေသည်ရံရွေတော် လေးသောင်းတို့ကို လုပ်ကျွေးစေခဲ့၏။ အလောင်းတော်သည် နတ်သမီးအပေါင်းတို့နှင့် တင့်တယ်သော နတ်ပြည်ကဲ့သို့ တန်ဆာဆင်သော ကချေသည်တို့ဖြင့် ခြံရံလျက် နတ်နန်းတမျှ ခံစားခဲ့၏။ ယောကျ်ားတစ်ယောက်မျှမပါဘဲ အမျိုးသမီး ကချေသည် တို့သည်သာ အတီးအမှုတ် တူရိယာတို့ဖြင့် အလောင်းတော် မင်းသားကို ဖျော်ဖြေခဲ့ကြကုန်၏။ အလောင်းတော်သည် ကြီးစွာသော စည်းစိမ်ချမ်းသာကို ဥတုသုံးပါး အလှည့်အားဖြင့် ပြာသာဒ် သုံးဆောင်တို့၌ လှည့်လည်ကာ ခံစားနေထိုင်ခဲ့လေသည်။

## လေးတော်တင်ခန်း

### လေးအတတ်ပညာကို ပြခြင်း

သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏ သားတော် သိဒ္ဓတ္ထမင်းသားသည် ယခုအခါ အရွယ်တော်မြောက် တစ်ဆယ့်ခြောက်နှစ်သို့ ရောက်ခဲ့ပေပြီ။ ငါ့သားတော်ကို မင်းအဖြစ်၌ တည်စေတော့အံ့။ သာကီဝင်မင်း အပေါင်းတို့သည် မိမိတို့၏ နန်းအိမ်၌ အရွယ်ရောက်ပြီးကုန်သော သမီးကညာတို့ကို ငါ၏ စံနန်းတော်သို့ အရောက်ပို့ဆက်ကြကုန်လော့"ဟု သဝဏ်လွှာ အသီးသီးကို ပေးပို့တော်မူခဲ့သည်။

သာကီဝင်မင်းအပေါင်းတို့သည် "သိဒ္ဓတ္ထမင်းသားသည် ပညာမတတ်၊ ရုပ်အဆင်းနှင့် ပြည့်စုံသူသက်သက်သာ ဖြစ်ချေသည်။ သား မယားတို့အား ကျွေးမွေးထိန်းသိမ်းရန်တာဝန်ကို ဆောင်ရွက်နိုင်မည့်သူ မဟုတ်။ ထို့ကြောင့် သမီးတော်များကို မပို့နိုင်ကုန်"ဟု ငြင်းဆန်သောစကား ဆိုခဲ့ကြကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည် သာကီဝင်မင်းတို့ ပြန်ကြားသော စကားကို သားတော် သိဒ္ဓတ္ထမင်းသားအား ပြောပြခဲ့ရာ အလောင်းတော်မင်းသားက "ခမည်းတော်မင်းကြီး. . . သားတော်မှာ အတတ်ပညာသင်ကြားဖွယ် မလိုပါ။ ဆွေတော်မျိုးတော်တို့ကို အဘယ်အတတ်ပညာကို ပြသင့်ပါသနည်း"ဟု မေးလျှောက်ရာ မင်းကြီးက "သားတော်. . . လေးအတတ်ကို ပြသင့်သည်"ဟု မိန့်ခဲ့လေသည်။ အလောင်းတော်မင်းသားက ယနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဆွေတော်မျိုးတော်တို့အား လေးအတတ်ကို ပြပါမည်။ လေးအတတ် ပြမည့်အကြောင်း မြို့တော်အတွင်း၌ စည်ကို လည်စေတော်မူပါလော့"ဟု လျှောက်တင်ခဲ့သဖြင့် သုဒ္ဓေါဒနမင်းကြီးကလည်း ကပိလဝတ်မြို့အလုံး၌ စည်လည်စေတော်မူခဲ့သည်။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ခုနစ်ရက်မြောက်သော နေ့၌ နေရာအသီးသီးတို့တွင် မင်းနှင့်တကွ မှူးမတ်ပရိသတ်တို့ စုံညီသောအခါ မင်းချင်းယောက်ျားတို့ ဆက်သသည့် ဗိုလ်ခြေတစ်ထောင် တင်ချရသော လေးကို ရတနာပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက်ပင်

လေးတော်ကို တင်ချ ပြခဲ့သည်။ သာကီဝင်မင်းပေါင်း ရှစ်သောင်းတို့သည် အလောင်းတော်မြတ် လေးကြိုးကို ညှိခတ်၍ ပြလျှင်ပင် ရွှင်လန်းဝမ်းမြောက် လက်ပန်းပေါက် ခတ်ခဲ့ကြကုန်၏။ အလောင်းတော်မြတ် ဗောဓိသတ်သည် ကပိလဝတ်နေပြည်တော်အတွင်း နာမည်ကြီးကာ ကျော်စောထင်ရှား ကုန်သော **အက္ခဏဝေဓိ၊ ဝါလဝေဓိ၊ သရဝေဓိ၊ သဒ္ဒဝေဓိ** အမည်ရှိကုန်သော လေးဆရာကြီးတို့ကို ခေါ်တော်မူ၍ မင်းရင်ပြင်၌ စုဝေးစေပြီးသော် သုံးသောင်း သုံးသောင်းစီသော မြားတို့ကို အသီးသီးပေးအပ်၍ အလောင်းတော် မူကား ဝဇိရစိန်စဉ်းသွားတပ်ထားသော လေးတော်ကို စွဲကိုင်ခဲ့သည်။ ၎င်းနောက် ထိုလေးဆရာကြီးတို့ကို တစ်ညီတညွတ်တည်း၊ တစ်ပြိုင်နက်တည်း အလောင်းတော်ကို ပစ်ကြရန် အမိန့်ပေးခဲ့သည်။

ထိုအခါ လေးဆရာကြီး တို့က "အရှင့်သား. . . အကျွန်ုပ်တို့ကား လျှပ်တစ်ပြက်အတွင်း အချက် များစွာ မှန်အောင် ပစ်နိုင်သော **အက္ခဏဝေဓိ**၊ သားမြီးမွေးမျှင်ကိုပင် ထက်ဝက်ဗဟို ဖောက်ထွင်းအောင် ပစ်နိုင်သော **ဝါလဝေဓိ**၊ ရှေ့ပစ်သော မြားကို နောက်မြားဖြင့် မှန်အောင် ပစ်နိုင်သော **သရဝေဓိ**၊ မျက်စိဖြင့် မကြည့်ရှုရဘဲ အသံကို နားထောင်၍ မှန်အောင် ပစ်နိုင်သော **သဒ္ဒဝေဓိ** လေးဆရာကြီးများ ဖြစ်ကြပါသည်။ အရှင့်သားကား အသက်နုနယ် ပျို့ရွယ်သူ ဖြစ်ပါသည်။ အကျွန်ုပ်တို့ မပစ်ရက်ပါကုန်"ဟု လျှောက်ဆိုခဲ့ကြကုန်၏။

အလောင်းတော်မင်းသားက "မစိုးရိမ်ကြကုန်လင့်၊ သင်တို့ မှန်အောင်သာ ပစ်ကြပါကုန်"ဟု ပြန်လည် အမိန့်ရှိကာ မင်းရင်ပြင်အလယ်၌ ရွှေခြသေ့မင်း ကဲ့သို့ မကြောက်မရွံ့ ရပ်တည်ခဲ့သည်။ လေးဆရာကြီးတို့သည် အလောင်းတော်ကို စွမ်းအားရှိသမျှ မှန်အောင် ပစ်ကြသော်လည်း မြားတစ်စင်းတည်းဖြင့် မြားသွားအချင်းချင်း၊ မြားမြီးအချင်းချင်း၊ မြားတံ အချင်းချင်း၊ မြားရွက် အချင်းချင်း တစ်စင်းကို တစ်စင်းထပ်ကာ ကျစေ၍ **သရဂဗ္ဘ**ခေါ် မြား တိုက်ခန်းကြီးဖြစ်အောင် ပြုတော်မူခဲ့လေသည်။ လေးဆရာကြီးတို့၏ မြားပေါင်း သုံးသောင်းစီကား ကုန်ခဲ့လေပြီ။ အလောင်းတော်မင်းသားသည် မြားတိုက်ခန်းကြီးကို မပျက်စီးစေမူဘဲ ခုန်လွှားပျံတက်၍ အပြင်သို့ ထွက်တော်

မူခဲ့သည်။ အလောင်းတော်မင်းသားက မြားအတတ်ကို ပြသသောအခါ ဆွေတော်မျိုးတော်တို့သည် အလောင်းမင်းသားအပေါ်၌ သံသယ ကင်းပျောက် လေးစားချစ်ခင်ခြင်းသို့ ရောက်ခဲ့ကြကုန်၏။

## နန်းတက်တော်မူခြင်း

ဆွေတော်မျိုးတော်တို့သည် အလောင်းတော်၏ အံ့မခန်းသော ပညာစွမ်းရည်ကို မြင်ကြရ၍ အားရနှစ်သက်ကြကုန်သဖြင့် သာကီဝင် မင်းသမီးကညာတို့ကို တင့်တယ်စွာ တန်ဆာဆင်ယင်ကြပြီး အလောင်းတော် သိဒ္ဓတ္ထမင်းသားထံ ပို့ဆောင်အပ်နှံခဲ့ကြကုန်၏။ မင်းသမီးကညာအပေါင်း တို့ကား လေးသောင်းအရေအတွက် ရှိခဲ့သည်။ ထိုလေးသောင်းသော သာကီဝင်မင်းသမီးများအနက် ထိပ်ခေါင်တင် အထွတ်အဖျား တောင်ညာစံ ဒေဝီ အဂ္ဂမဟေသီ မိဖုရားကြီးကား ဘဒ္ဒကစ္စာနာ ယသောဓရာပင် ဖြစ်ခဲ့ သည်။ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး အမှူးပြုသော ကပိလဝတ်ပြည် သာကီဝင်မင်းအပေါင်း ရှစ်သောင်းသော ဆွေတော်မျိုးတော်တို့သည် ကြီးမြတ်ခမ်းနားသော နန်းတက်မင်္ဂလာသဘင် ဆင်ယင်ကျင်းပကြ၍ အလောင်းတော်မြတ် သိဒ္ဓတ္ထမင်းသားအား ယသောဓရာကို တောင်ညာစံ ဒေဝီ မဟေသီအဖြစ် ထားစေလျက် ထီးဖြူတော်ကို စိုက်ထောင်ဆောင်းမိုးပြီး ရာဇာဘိသိက်ရေချမ်း သွန်းဖြန်းကြကုန်၏။

# အလောင်းတော် တောထွက်တော်မူခန်း

## မင်္ဂလာဥယျာဉ်တော်သို့ ထွက်တော်မူခြင်း

သိဒ္ဓတ္ထအလောင်း မင်းသားသည် သက်တော် တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ကပိလဝတ်ထီးနန်းကို သိမ်းမြန်း စိုးစံတော်မူကာ ယသောဓရာ အမှူးရှိသော မင်းသမီး လေးသောင်းတို့၏ အပြုအစု အယုအယကို ခံတော်မူလျက် တစ်ဆယ့်သုံးနှစ်တို့ ကာလပတ်လုံး မင်းစည်းစိမ်ကို ခံစားခဲ့၏။ တစ်နေ့သောအခါ ဥယျာဉ်တော်သို့ ကစားရန် ထွက်တော်မူလိုသဖြင့် ကုမုဒြာကြာပန်းအတူ ဖြူစင်သော အဆင်းရှိသော အာဇာနည်မြင်း လေးကောင် ကသည့် မင်္ဂလာရထားဖြင့် ဥယျာဉ်တော်သို့ ရှေးရှု ထွက်တော် မူခဲ့သည်။ အလောင်းတော် မင်းသား လမ်းခရီးအကြားသို့ ရောက်သောအခါ နတ်တို့သည် "သိဒ္ဓတ္ထ မင်းသား ဘုရားဖြစ်ရန် အချိန်နီးကပ်ခဲ့လေပြီ။ ထို မင်းသားအား တောထွက်၍ ရဟန်းပြုကြောင်း ရှေ့ပြေးပုဗ္ဗနိမိတ်ကို ပြကြကုန်အံ့"ဟု တိုင်ပင်ကြကုန်၏။

## သူအိုနိမိတ်ကို မြင်တော်မူခြင်း

နတ်သားတစ်ယောက်ကို ဆံကဖြူ သွားကပြုန်း၊ ခါကကုန်း၍ တောင်ဝှေးကို လက်စွဲကာ တုန်တုန်ရီရီဖြစ်၍ နေသော သူအိုပုံဟန်ဖန်ဆင်း၍ ပြစေကြကုန်၏။ ထိုသူအိုနိမိတ်ကို ဘုရားအလောင်းနှင့် ရထားထိန်းတို့သာ မြင်ကြရကုန်၏။ အခြားသူတို့ မမြင်ခဲ့ကြရကုန်။ အလောင်းတော်မင်းသား သည် သူအိုကို မြင်ရသောအခါ—

> "အချင်းရထားထိန်း. . . ထိုသူ၏ ဆံပင်များသည် အခြားသူ၏ ဆံပင်များနှင့် မတူကုန်။ ဖွေးဖြူလျက်ရှိကုန်၏။ ကိုယ်မှာလည်း သွားကကြွေ၊ အသားအရေကနည်းပါး၊ ခါးကလည်းကုန်း၊ တုန်တုန်ရီရီဖြစ်၍ နေ၏၊ ထိုသူကား အဘယ် အမည်ရှိသော သူနည်း"

ဟု မေးလေလျှင် ရထားထိန်းက "အရှင် မင်းသား. . . ဤသူကား သူအိုပါတည်း"ဟု ပြန်ကြား လျှောက်ထား ခဲ့လေသည်။ သူအိုဟူသော စကားကိုမျှ မကြား ဖူးသော အလောင်းတော်မင်းသားသည်—

"အချင်း ရထားထိန်း. . . ငါသည်လည်း အိုခြင်းသဘောရှိသလော"ဟု မေးလေလျှင် ရထားထိန်းက "အရှင်မင်းသား. . . အရှင်မင်းသားရော ကျွန်ုပ်တို့ပါ ခပ်သိမ်းသော သူတို့သည် အိုခြင်းသဘော ရှိပါကုန်၏"ဟု ပြန်ကြားလျှောက် ထားလေ၏။ အလောင်းတော်မင်းသားသည် "ပဋိသန္ဓေ တည်နေမှုဇာတိ တရားရှိလျှင် အိုမင်းခြင်းဇရာတရားသည် မုချဧကန်အမှန် ဖြစ်ပေမည်"ဟု ထိတ်လန့်ခြင်းသံဝေဂ ဉာဏ်ဖြစ်ခဲ့၍ ထိုသူအိုကို မြင်ရာအရပ်မှပင် ပြန်လှည့်၍ နန်းတော်သို့သာ ပြန်ခဲ့သည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးက သားတော်အလောင်းမင်းသားသည် လမ်းခရီးအကြားတွင် သူအိုကိုမြင်၍ ဥယျာဉ်တော်သို့ ရောက်အောင် မသွားဘဲ သူအိုကိုမြင်ရာအရပ်မှ ပြန်လှည့်လာခဲ့ကြောင်း သိရလေလျှင် အလောင်းတော်အား ရဟန်းပြုရန် အမှတ်မရစေရေးအတွက် ကာမဂုဏ်စည်းစိမ်တို့ကို ရှေးယခင် ကထက် တိုး၍ စီမံပေးခဲ့သည့်အပြင် အစောင့်အရှောက်တို့ကိုလည်း တိုးမြှင့်၍ အရပ်လေးမျက်နှာတို့၌ နှစ်ဂါဝုတ် နှစ်ဂါဝုတ်တိုင် စီမံချထားပေးခဲ့သည်။

**သူနာနိမိတ်ကို မြင်တော်မူခြင်း**

ထိုသို့ သူအိုနိမိတ်ကိုမြင်ပြီးနောက် လေးလပြည့်မြောက်တစ်ရက်သော နေ့ရောက်ပြန်သော် အလောင်းတော်မင်းသားသည် ရှေးနည်းအတူပင် အာဇာနည်မြင်းက,သော ရထားဖြင့် ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့ပြန်သည်။ လမ်းခရီးကြားအရောက် နတ်တို့ဖန်ဆင်းထားသော ရောဂါဖိစီးနေသည့် သူနာယောကျ်ားကို မြင်ခဲ့ပြန်သည်။ ထိုအခါ ရထားထိန်းကို မေးခဲ့ပြန်၏။ ရထားထိန်းကလည်း သူနာဖြစ်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။ ထိုအခါ အလောင်းတော်မင်းသားက "အချင်းရထားထိန်း. . . ငါသည်လည်း နာဖျားခြင်း သဘောရှိသလော"ဟု မေးလေလျှင် ရထားထိန်းက "အရှင်မင်းသား အရှင်မင်းသားရော အကျွန်ုပ်တို့ပါ ခပ်သိမ်းသော သူတို့သည် နာဖျားခြင်း သဘောရှိကြပါကုန်၏"ဟု ပြန်ကြားလျှောက်ထားခဲ့သည်။ ထိုအခါ အလောင်း တော်မင်းသားသည် "ပဋိသန္ဓေတည်နေမှု ဇာတိတရားရှိလျှင် အိုမင်းခြင်း ဇရာတရား၊ နာဖျားခြင်း ဗျာဓိတရားသည် မုချဧကန်အမှန်ဖြစ်ပေမည်"ဟု

ထိတ်လန့်ခြင်းသံဝေဂ ဉာဏ်ဖြစ်ခဲ့၍ ထိုသူနာကို မြင်ရာအရပ်မှပင် ပြန်လှည့်၍ နန်းတော်သို့သာ ပြန်ခဲ့လေသည်။

ခမည်းတော်သုဒ္ဓေါဒနမင်းကြီးသည် သားတော်အလောင်းမင်းသားသည် လမ်းခရီးအကြားတွင် သူနာကိုမြင်၍ ဥယျာဉ်တော်သို့ ရောက်အောင် မသွားဘဲ သူနာကိုမြင်ရာအရပ်မှ ပြန်လှည့် လာခဲ့ကြောင်း သိရလေလျှင် ရှေးယခင်သူအိုကို မြင်ခဲ့စဉ် ပြန်လှည့်ခဲ့သည့် အတိုင်းပင် အလောင်းတော်အား ရဟန်းပြုရန် အမှတ်မရစေရေးအတွက် ကာမဂုဏ်စည်းစိမ်တို့ကို ရှေးယခင်ကထက် တိုး၍ စီမံပေးခဲ့သည့်အပြင် အစောင့်အရှောက်တို့ကိုလည်း တိုးမြှင့်၍ အရပ်လေးမျက်နှာတို့၌ သုံးဂါဝုတ် သုံးဂါဝုတ်တိုင် စီမံချထားပေးခဲ့သည်။

**သူသေနိမိတ်ကို မြင်တော်မူခြင်း**

ထိုသို့ သူနာနိမိတ်ကို မြင်ပြီးနောက် လေးလပြည့်မြောက် တစ်ရက်သော နေ့ရောက်ပြန်သော် အလောင်းတော်မင်းသားသည် ရှေးနည်းအတူပင် အာဇာနည်မြင်းက,သော ရထားဖြင့် ဥယျာဉ်တော်သို့ ထွက်တော်မူခဲ့ပြန်သည်။ ထိုအခါ၌လည်း နတ်တို့ဖန်ဆင်းထားသော သူသေကို မြင်ခဲ့ပြန်၏။ ထိုအခါ ရထားထိန်းကို မေးခဲ့ပြန်၏။ ရထားထိန်းကလည်း လူသေဖြစ်ကြောင်းနှင့် ထိုသူသေကို သုသာန်သို့ပို့၍ မီးသင်္ဂြိုဟ်မှုပြုရန်အတွက် လူအများစုဝေးဝိုင်းအုံကာ ထမ်းစင်ပြုလုပ်နေကြခြင်း ဖြစ်ကြောင်း ပြန်လည်လျှောက်ထားခဲ့သည်။ ထိုအခါ အလောင်းတော်မင်းသားက "အချင်းရထားထိန်း. . . ငါလည်း သေခြင်း သဘောရှိသလော"ဟု မေးလေလျှင် ရထားထိန်းက "အရှင်မင်းသား၊ အရှင်မင်းသားရော အကျွန်ုပ်တို့ပါ ခပ်သိမ်းသောသူတို့သည် သေခြင်းသဘောရှိပါကုန်၏။ သတ္တဝါတိုင်းသည် သေခြင်းမှ မလွတ်နိုင်ကြပါကုန်"ဟု ပြန်လည်လျှောက်ထားခဲ့လေသည်။ အလောင်းတော်မင်းသားသည် "ပဋိသန္ဓေတည်နေမှု ဇာတိတရား ထင်ရှားရှိသူသည် အိုမင်း ရင့်ရော်မှု ဇရာတရား၊ နာဖျားမှု ဗျာဓိတရား၊ စုတိပြတ်ကြွေသေလွန်မှုမရဏတရားထင်ရှားရှိမည်သာ ဖြစ်ပေစွတကား"ဟု ထိတ်လန့်မှုသံဝေဂဉာဏ် ဖြစ်ကာ မျက်နှာမရွှင် မကြည်မလင် ဖြစ်ခဲ့ပြီး ထိုသူသေ မြင်ရာအရပ်မှပင် ပြန်လှည့်၍ နန်းတော်သို့သာ ပြန်ခဲ့သည်။

ခမည်းတော်မင်းကြီးသည် သားတော်အလောင်းမင်းသား သူသေကိုမြင်၍ ဥယျာဉ်တော်သို့ ရောက်အောင် မသွားဘဲ သူသေကို မြင်ရာအရပ်မှ ပြန်လှည့်လာခဲ့ကြောင်း သိရလေလျှင် ရှေးယခင်က သူအို သူနာတို့ကို မြင်ခဲ့၍ ပြန်လှည့်ခဲ့သည့်အတိုင်းပင် အလောင်းတော်အား ရဟန်းပြုရန် အမှတ်မရစေရေးအတွက် ကာမဂုဏ်စည်းစိမ်တို့ကို တိုး၍ တိုး၍သာ စီမံပေးခဲ့သည့် အပြင် အစောင့်အရှောက်တို့ကိုလည်း အရပ်လေးမျက်နှာတို့၌ တစ်ယူဇနာတစ်ယူဇနာခန့် ရှိသော အရပ်တို့တွင် တိုး၍ ချထားပေးခဲ့သည်။

**ရဟန်းနိမိတ်ကို မြင်တော်မူခြင်း**

ထိုသို့လူသေနိမိတ်ကို မြင်ပြီးနောက် လေးလပြည့်မြောက် တစ်ရက်သောနေ့သို့ရောက်ပြန်သော် ရှေးယခင်ကကဲ့သို့ အာဇာနည် မြင်းကသော ရထားဖြင့် ဥယျာဉ်တော် ကစားထွက်ခဲ့ပြန်သည်။ ထိုအကြိမ်၌လည်း လမ်းခရီးအကြား၌ နတ်တို့ဖန်ဆင်းထားသော ဆံမုတ်ဆိတ်ကို ပယ်ပြီး ဦးပြည်းတုံးကာ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ရုံထားသည့် ရဟန်းအသွင်ကို မြင်ခဲ့ပြန်သည်။ ရထားထိန်းကို မေး၍ ရထားထိန်း၏ လျှောက်တင်ချက်အရ ဤဖန်ရည်စွန်းသော အဝတ်ကို ဝတ်ထားသူသည် ရဟန်းဖြစ်ကြောင်း၊ ဒါနစသော ကုသိုလ်တရားတို့ကို ပြုကျင့်၍ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ဆင်ကာ လူ့အဖြစ် လူ့ဘဝမှ လွတ်မြောက်လာသူဖြစ်ကြောင်း ရဟန်း၏ ဂုဏ်ကျေးဇူးတို့ကို သိရလေလျှင် ရဟန်းအဖြစ်ကို နှစ်သက်တော်မူကာ "ငါသည်ယနေ့ပင် ရဟန်းပြုပေအံ့"ဟု ဆောက်တည်တော်မူပြီးလျှင် ဥယျာဉ်တော်သို့ ရောက်အောင်ကြွသွားခဲ့၏။

ထိုနေ့တွင် မင်္ဂလာဥယျာဉ်တော်၌ မြူးပျော် ကစားကာ စည်းစိမ်ခံစားပြီးနောက် မင်္ဂလာရေကန်၌ ရေချိုးခဲ့၏။ နေဝင်ခါနီး အချိန်ကာလ၌ မင်္ဂလာကျောက်ဖျာပေါ်တွင် တင့်တယ်စွာ ထိုင်နေခဲ့၏။ အလောင်းမင်းသားသည် ကိုယ်ကို တန်ဆာဆင်လိုသော ဆန္ဒဖြစ်ပေါ်ခဲ့သည်။ ထိုအခါ သိကြားမင်းသည် အလောင်းတော်၏ ဆန္ဒကိုသိခဲ့၍ ဝိသကြုံနတ်သားကို ခေါ်ကာ—

"ဝိသကြုံနတ်သား. . . အလောင်းတော်သည် တန်ဆာဆင်လိုသော ဆန္ဒဖြစ်ပေါ်နေ၏၊ အလောင်းတော်၏ ဤအကြိမ်တန်ဆာဆင်ခြင်းသည်

လူ့လောကတွင် နောက်ဆုံးတန်ဆာဆင်ခြင်း ဖြစ်ပါ၏။ သင်သွား၍ တန်ဆာဆင် ပေးပါလော့"

ဟု စေခိုင်းခဲ့သည်။ ဝိသကြုံနတ်သားသည် အလောင်းတော်၏ အသုံးတော်ခံ ဆတ္တာသည်ဟန် တူစွာ ဖန်ဆင်း၍ နတ်၌ဖြစ်သော အဝတ်ပုဆိုးတို့ဖြင့် တန်ဆာဆင်ပေးခဲ့သည်။

**သားတော်ရာဟုလာ ဖွားမြင်ခြင်း**

အလောင်းတော်သည် ရွှေနန်းတော်သို့ပြန်ရန် မြတ်သော ရထားထက်သို့ တက်စီးတော်မူလေလျှင် နန်းတော်မှ မင်းချင်းယောကျ်ားတို့သည် လျင်စွာ လာလတ်၍ "အဂ္ဂမဟေသီယသောဓရာ" မိဖုရားသည် သားတော်ကို ဖွားမြင်ကြောင်း လျှောက်ထားကြကုန်၏။ ထိုအခါ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် "ငါ့ကိုဖမ်းစားမည့် ရာဟုအသူရိန်ကား ဖွားမြင်ခဲ့လေပြီ။ အနှောင်အဖွဲ့ကြီးကား ဖြစ်ခဲ့လေပြီ"ဟု မိန့်တော်မူခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "ငါ့သားတော် အလောင်းမင်းသားက အဘယ်စကားကို ပြောကြားလိုက်သနည်း"ဟု မေးလေလျှင် မင်းချင်းတို့က အလောင်းတော် မင်းသား ပြောကြားလိုက်သော စကားကို ပြန်လည် လျှောက်တင်ခဲ့ကြ၍ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက "ဤအချိန်မှစ၍ ငါ၏မြေးတော်သည် **ရာဟုလာမင်းသား**ဟု အမည်တွင်စေ"ဟု မိန့်ဆိုခဲ့လေသည်။

**သာကီဝင်မင်းသမီး ကိသာဂေါတမီ အငြိမ်းကဗျာ ကျူးရင့်ခြင်း**

အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တန်ဆာဆင်ထားသည့် ရထားကို စီးလျက် များစွာသော အခြံအရံ အလွန်နှစ်သက်ဖွယ်ရှိသော အသရေတော်၏ တင့်တယ်ခြင်း အထွတ်အထိပ်ဖြင့် ကပိလဝတ် နေပြည်တော်သို့ ပြန်ဝင်တော်မူခဲ့သည်။ ထိုအခါ အဆင်းအသရေ ဂုဏ်နေကြွကြွ ကြီးကျယ် မြင့်မြတ်သော ကိသာဂေါတမီအမည်ရှိသော သာကီဝင်မင်းသမီးပျိုသည် အလောင်းတော် မင်းသား၏ ကိုယ်ရေရွှန်းအိ အသရေတော်ရှိမှုကို တွေ့မြင်ရသဖြင့် နှစ်သက်ခြင်းဖြစ်ကာ—

"အလှတွင်အယဉ်ဆင့်, ကျက်သရေတင့်လှသည့် အလိမ္မာထွတ်ဖူး ဤသို့သော သားထူးကို မွေးဖွားခဲ့ကြ, သားကောင်းမိခင်ခေါ်တွင်ခံရသည့် ဘုန်းရှင်ကံရှင် ထိုမိခင်သည် ကြည်သာရွှင်ပြုံး, နှလုံးပီတိ, ဂွမ်းဆီထိသို့ ငြိမ်းအေးဘိစွတကား။ အလှတွင် အယဉ်ဆင့်, ကျက်သရေတင့်လှသည့် အလိမ္မာထွတ်ဖူး ဤသို့သော သားထူးကို မွေးမြူခဲ့ကြ သားကောင်း ဖခင်ခေါ်တွင်ခံရသည့် ဘုန်းရှင်ကံရှင် ထိုသို့သောဖခင်သည် ကြည်သာရွှင်ပြုံး နှလုံးပီတိ, ဂွမ်းဆီထိသို့ ငြိမ်းအေးဘိ စွတကား။ ယောကျ်ားပီသ ဂုဏ်ရည်ဝသည့် အလှတွင် အယဉ်ဆင့် ကျက်သရေ တင့်လှသည့် အလိမ္မာထွတ်ဖူး ဤသို့သော သခင်ထူးကို ချစ်ကြင်စွာလှ ပေါင်းဖက်ရသည့် ဘုန်းလှကံလှ ထိုသို့သော အိမ်ရှင်မသည် ကြည်သာရွှင်ပြုံး နှလုံးပီတိ ဂွမ်းဆီထိသို့ ငြိမ်းအေးဘိစွတကား"ဟူသော ကဗျာကို သီဆိုကျူးရင့်ခဲ့လေသည်။

ကိသာဂေါတမီ မင်းသမီးပျိုသည် ကိလေသာအာရုံ ကာမဂုဏ်ကို တိမ်းညွှတ်သည့် ရည်ရွယ်ချက်ဖြင့် အငြိမ်းကဗျာကို သီဆိုခဲ့သော်လည်း အလောင်းတော် မင်းသားကမူ ကိလေသာအာရုံကာမဂုဏ်မှ ငြိမ်းရာ(နိဗ္ဗာန)ကို စွဲယူသရုပ်ဖော်ခဲ့သည်။ "ငါ၏ညီမတော် သာကီဝင်မင်းသမီးပျို ကိသာဂေါတမီသည် တင့်တယ်လှပသော ကိုယ်ကာယပိုင်ရှင်၏ အမိအဖ ကြင်ယာနှမတို့၏ စိတ်နှလုံးရွှင်ပြုံးငြိမ်းချမ်းစွဟု အငြိမ်းကဗျာကို သီဆိုကျူးရင့်ခဲ့ပေသည်။ အဘယ်တရားများ ငြိမ်းအေးမှ နှလုံးစိတ်ဝမ်း ဧကန်အမှန် ငြိမ်းချမ်းပါမည်နည်း" ဟု ဆင်ခြင်ကြံဆခဲ့သည်။

ကိလေသာအာရုံ ကာမဂုဏ်တို့၌ ငြီးငွေ့နေခဲ့သော အလောင်းတော်သည် ရာဂ, ဒေါသ စသော ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းမှ စင်စစ်ဧကန် အမှန် ငြိမ်းပေမည်။ ကိသာဂေါတမီ မင်းသမီးပျိုသည် ငါ့အား အငြိမ်းဓာတ်နှင့် ဆက်စပ်သော စကားကို ပြောဆိုခဲ့လေသည်။ ငါကား ဒုက္ခခပ်သိမ်း ငြိမ်းရာ အမှန် နိဗ္ဗာန်ပရမတ်ကို ရှာမှီးနေသူဖြစ်ခဲ့၏။ ယနေ့ပင် ငါသည် အိမ်ရာ တည်ထောင် လူ့ဘောင်ကို ခွါစွန့်၍ ရဟန်းပြုပြီးလျှင် နိဗ္ဗာန်တရားမြတ် အအေးဓာတ်ကို ရှာမှီးသင့်လေပြီ"ဟု တောထွက်တော်မူရန် အကြံဖြစ်ခဲ့သည်။

ငါဝတ်ဆင်ထားသော ဤပုလဲသွယ်သည် ငါ့အား နိဗ္ဗုတိ အငြိမ်းဓာတ်ကို အရရှာရန် သတိပေးသည့် ကိသာဂေါတမီ မင်းသမီးအတွက် ဆရာစား ဖြစ်ပါစေ”ဟု မိန့်ဆိုကာ တစ်သိန်းထိုက်တန်သော ရတနာလည်ဆွဲ ပုလဲသွယ် တန်ဆာကို လည်ပင်းတော်မှ ဖြုတ်၍ ကိသာဂေါတမီထံ ပို့စေခဲ့၏။ ကိသာဂေါတမီ မင်းသမီးကမူ “မောင်တော် သိဒ္ဓတ္ထမင်းသားကား ငါ့အပေါ် တိမ်းညွတ်သော စိတ်ရှိတော်မူ၍ လက်ဆောင်ပဏ္ဏာပေးပို့ခြင်း ဖြစ်ပေသည်”ဟု အထင်တော်ရောက် လွန်စွာ ဝမ်းမြောက်ခဲ့လေသည်။

**အလောင်းတော်သံဝေဂရ၍ တောထွက်တော်မူခြင်း**

အလောင်းတော်မင်းသားသည် နန်းတော်သို့ရောက်သော် ကြီးကျယ် များမြတ်သော အသရေတော်ဖြင့် စံနန်းပြာသာဒ်သို့ တက်ကာ သလွန်တော် ပေါ်၌ လျောင်းစက်တော်မူခဲ့၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့၌ ကျွမ်းကျင် လိမ်မာကုန်သော ရံရွေတော်ကချေသည် အပေါင်းတို့သည် အလောင်းတော် မင်းသားအား ငါးဖြာအာရုံ ကာမဂုဏ်တို့၌ ပျော်ပါးမွေ့လျော်စေရန်အတွက် တီးမှုတ်ကခုန်၊ သီဆိုဖျော်ဖြေခဲ့ကြကုန်၏။ အလောင်းတော် မင်းသားသည် ကိလေသာအာရုံ ကာမဂုဏ်တို့၌ ငြီးငွေ့သော စိတ်ရှိတော်မူ၍ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့၌ အလျှင်းပင်ပျော်မွေ့တော်မမူသဖြင့် တစ်ခဏမျှဖြင့်ပင် အိပ်ပျော်ခြင်းသို့ ရောက်တော်မူခဲ့၏။ အလောင်းတော် အိပ်ပျော်တော် မူလေလျှင် ကချေသည် ရံရွေအပေါင်းတို့သည်လည်း တူရိယာတို့ကို ဖိလျက် အိပ်စက်ခဲ့ကြကုန်၏။

အလောင်းတော်မင်းသားသည် စက်ရာမှ နိုး၍ သလွန်ပေါ်တွင် ထိုင်နေတော် မူလျက် ကြည့်ရှုလေသော် အချို့သော ကချေသည်များက ပါးစပ်ကိုဟ သွားရည် များ ကျလျက်၊ အချို့သော ကချေသည်များက သွားများကို တကျိကျိကြိတ်လျက်၊ အချို့သောကချေသည်များက မြည်တမ်းယောင်ယမ်းလျက်၊ အချို့သော ကချေသည်များက ပါးစပ်ခံတွင်း ဟင်းလင်းပွင့်ကာ ဆံပင်ဗရပွေ ပြေကျ ကုန်လျက်၊ အချို့ကချေသည်တို့က ခါးဝတ်ကကင်း ဟင်းလင်းဖြစ်ကြကုန်လျက် သုသာန်တစ သင်းချိုင်းဝန်ယ် စက်ဆုပ်ဖွယ်ရာ အိပ်ပျော်နေကြသည်ကို

မြင်တော်မူခဲ့သည်။ ထိုသို့မြင်ရလေလျှင် ရှေးယခင်ကထက် တိုး၍ ကာမဂုဏ်တို့ အပေါ်၌ တပ်ခြင်းကင်းသော စိတ်ဖြစ်တော်မူခဲ့၏။

အလောင်းတော်မင်းသားသည် "ယနေ့ပင် ငါသည် တောထွက်ဖို့ သင့်ပြီ"ဟု ကြံစည်တော်မူကာ အသရေရှိသော အိပ်ရာတော်မှ ထလျက် တံခါး အနီးသို့ သွားလေလျှင် တံခါးခုံ၌ ခေါင်းဆိုက်၍ အိပ်နေသော ဆန္နအမတ်ကို မြင်ခဲ့သည်။ ဆန္နအမတ်ကို အိပ်ရာမှ နှိုး၍ "ဆန္န. . . ငါ ယနေ့ တောထွက်တော် မူလိုသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသိမပေးဘဲ လျင်မြန်သော အဟုန်နှင့်ပြည့်စုံသော အာဇာနည်သိန္ဓောမြင်းတစ်ကောင်ကို အမြန်သွား၍ ကကြိုးတန်ဆာဆင်ပါလေ"ဟု စေခိုင်းခဲ့၏။ ဆန္နအမတ်သည်လည်း နံ့သာ၊ ဆီမီးတို့ တညီးညီးတောက်ပလျက် မြတ်လေးပန်း မျက်နှာကြက် အောက်တွင် အိပ်၍နေသော ကဏ္ဍကမြင်းတော်ကို တွေ့မြင်ရ၍ ကဏ္ဍကမြင်းတော်ကို ကကြိုးတန်ဆာစုံလင်စွာ ပြင်ဆင်ခဲ့သည်။ ကဏ္ဍက မြင်းတော်ကလည်း ယနေ့ငါ့ကို ကကြိုးတန်ဆာ ဆင်ခြင်းသည် ရှေးယခင်နှင့်မတူ ထူးခြားလှ၏။ ယနေ့ညဉ့် အရှင့်သားတော်သည် ငါ့ကိုစီး၍ မြတ်သောတောထွက်ခြင်းကို ပြုတော်မူလိမ့်မည်ဟု သိတော်မူ၍ အလွန်အားရ နှစ်သက်စွာဖြင့် ပြင်းထန်စွာ မြည်ဟီးခဲ့လေသည်။ ထိုမြင်းဟီသံကို မည်သူကမှ မကြားရအောင် နတ်များက ပိတ်ပင်ထားခဲ့သည်။

ဆန္နအမတ်သည် ကဏ္ဍကမြင်းတော်ကို ယူရန်သွားနေစဉ် အလောင်းတော်သည် တောမထွက်မီ သားတော်ကို ကြည့်ရှုရန် ရာဟုလာမယ်တော် ယသောဓရာ တိုက်ခန်းသို့ သွား၍ ကန့်လန့်ကာကြာခြည်ကို လှပ်လိုက် လေလျှင် ဒေဝီမဟော် မယ်ယသော်က စိတ်တော် မချသဖြင့် သားလူလှကို ရင်ဝတွင် ချီပိုက်လျက် အိပ်ပျော်ခိုက် ဖြစ်လေသည်။ ယသောဓရာ၏ လက်ကို ဖယ်ကာ သားတော်ကို ချီပွေ့ပါက ယသောဓရာ နိုးခဲ့လျှင် ငါ့အား တောထွက်ခြင်း အန္တရာယ်ဖြစ်တော့မည်။ ဘုရားဖြစ်ပြီးမှသာ သားတော်ကို ကြည့်တော့မည်ဟု စိတ်ကို ဆုံးဖြတ်လျက် ဇနီးကြင်ရာ သားသက်လျာကို ပယ်ခွါရက်ရက် စွန့်ပစ်ခဲ့ပြီး ရွှေနန်းပြာသာဒ်ထက်မှ ဆင်းသက်ခဲ့တော့သည်။ ကဏ္ဍက မြင်းတော်အနီးသို့ ရောက်သော် "အမောင်. . . ကဏ္ဍက ငါသည် သင့်ကို

အမှီပြု၍ တောထွက်ကာ ဘုရားဖြစ်တော်မူပြီးလျှင် နတ်နှင့်တကွသော သတ္တလောက ကို သံသရာရေအလျဉ်မှ ကယ်တင်တော့အံ့”ဟု မိန့်ကြားတော်မူပြီးနောက် ကဏ္ဍကမြင်းတော်ကို တက်စီးလျက် တောထွက်တော်မူခဲ့လေသည်။

## ဝသဝတ္တီမာရ်နတ်သားဟန့်တားခြင်း

အလောင်းတော်သည် ကဏ္ဍကမြင်းကို စီးလျက် မြင်းမြီးဆွဲအမတ်မောင်ဆန်နှင့်အတူ သုံးဦးသော သူတို့မှာ အလောင်းတော်သူမြတ်၏ ဘုန်းကံကြောင့် တံခါးစောင့်နတ်တို့က ဖွင့်လှစ်ထားသော နန်းမြို့တော်တံခါးမကြီးမှ ထွက်ခဲ့ကြသည်။ ထိုသို့ထွက်တော်မူစဉ်ပင် သံသရာဝဋ်အတွင်းမှ သတ္တဝါတို့ လွတ်မြောက်ခြင်းကို အလျှင်းပင် မနှစ်သက် ကန့်ကွက်တတ်သော ဝသဝတ္တီမာရ် နတ်သားသည် ကောင်းကင်၌ ရပ်တည်လျက် “ကျွန်းငယ်နှစ်ထောင်အခြံအရံ ရှိသော လေးကျွန်းသနင်း စကြာမင်း ဖြစ်တော်မူလိမ့်မည်။ ပြန်လှည့်တော်မူပါ အရှင်မင်းသား”ဟု ဟန့်တားပြောဆို လာခဲ့သည်။ ထိုအခါ အလောင်းတော်က—

“အိုမာရ်နတ်သား. . . စကြာရတနာ ဆိုက်ရောက် လာမည့် အကြောင်းကို သင်၏ အလျင် စောစောကပင် ကြိုတင်၍ ငါသိခဲ့ပါ၏။ ငါသည် လေးကျွန် သနင်း စကြာမင်းအဖြစ်ကို လုံးဝအလိုမရှိပါ။ ဟယ် မာရ်နတ်. . . သင်သည် ဖယ်ပါလော့၊ ငါနှင့် နီးစပ်၊ ငါ့ရှေ့ရပ်၍ ဟန့်တားပိတ်ကာ မရပ်ပါနှင့်။ ငါသည် သတ္တဝါဗိုလ်ခြေ များဝေနေတို့ကို အောင်မြင်ကွန်းထောက် နိဗ္ဗာန်အရောက် ပို့မည့် ဘုရားရှင်ဖြစ်အောင် လုံးလကြိုးကုတ် အားထုတ်ပေအံ့”ဟု ရဲရဲတောက် စကားပြန်လည် မိန့်ကြားတော်မူခဲ့သည်။

## နတ်ဗြဟ္မာတို့ အနော်မာမြစ်သို့ ပို့ကြခြင်း

အလောင်းတော်ကြွချီရာ လမ်းတစ်လျှောက်၌ ရှေ့နောက်ဝဲယာ လေးမျက်နှာမှ နတ်ဗြဟ္မာအပေါင်း ခြောက်သောင်းစီ ခြောက်သောင်းစီတို့သည် မီးရှူးမီးတိုင်တို့ကို ညှိထွန်းကိုင်ဆောင်ကာ နောက်ပါးမှ လိုက်လာ ပူဇော်ခဲ့

ကြကုန်၏။ အမွှေးနံ့သာအထုံ ပန်းမျိုးစုံတို့ဖြင့်လည်းကောင်း၊ တံခွန် ကုက္ကား မုလေးပွားတို့ဖြင့်လည်းကောင်း ဝန်းရံပူဇော်ကြကုန်လျက် နတ်တူရိယာ အမျိုးမျိုးတို့ကို တီးမှုတ် လိုက်ပါခဲ့ကြကုန်၏။ အလောင်းတော်သည် တစ်ညဥ့်ချင်းဖြင့်ပင် သာကီယ၊ ကောဠိယ၊ မလ္လ သုံးပြည်ထောင်တို့ကို ကျော်လွန်ကာ ယူဇနာ သုံးဆယ်ရှိသော ခရီးပေါက်၍ အနောမာမြစ်ကမ်းသို့ ဆိုက်ရောက်တော်မူခဲ့၏။

# ဆံတော်ပယ်၍ ရဟန်းပြုတော်မူခန်း

## ဆံတော်ပယ်၍ အဓိဋ္ဌာန်ပြုကာ ကောင်းကင်သို့ မြှောက်ခြင်း

အနော်မာမြစ်ကမ်းသို့အရောက် ဖနှောင့်ဖြင့် မြင်းတော်ကိုခတ်လျက် မြစ်ကိုကူးရန် အချက်ပေးလိုက်လေလျှင် ကဏ္ဍကမြင်းတော်သည် ဤမှာဘက်ကမ်းမှ ခုန်၍ရှစ်ဥသဘကျယ်ပြန့်သော အနော်မာမြစ်၏ ဟိုမှာဘက်ကမ်းသို့ ရောက်ခဲ့၏။ အလောင်းတော်သည် မြင်းပေါ်မှ ဆင်းတော်မူကာ သဲသောင်ပြင်၌ ရပ်တော်မူလျက် "အချင်းဆန္န . . သင်သည် ငါ၏အဆင်တန်ဆာတို့နှင့်တကွ ကဏ္ဍကမြင်းကို ယူဆောင်၍ တိုင်းတော်ပြည်တော်သို့ ပြန်လေတော့။ ငါကား ဤအရပ်၌ ရဟန်းပြုတော့အံ့"ဟု မိန့်ကြားတော်မူခဲ့သည်။ ဆန္နအမတ်က ပြုစုလုပ်ကျွေးရန် အခွင့်တောင်းသည်ကို ခွင့်ပေးတော်မမူဘဲ တိုင်းပြည်သို့ပြန်ရန်သာ မိန့်တော်မူပြီးလျှင် အဆင်တန်ဆာတို့နှင့်တကွ ကဏ္ဍကမြင်းတော်ကို ဖွားဖက်တော် ဆန္နအမတ်အား လွှဲအပ်တော်မူခဲ့သည်။ ထို့နောက်အလောင်းတော်သည် လက်ယာလက်ဖြင့် သံလျက်ကို စွဲကိုင်ကာ လက်ဝဲလက်ဖြင့် မကိုဋ်နှင့် တကွသော ဆံထုံးကို ကိုင်၍ ဖြတ်ပယ်တော်မူခဲ့၏။ ဆံတော်တို့သည် လက်နှစ်သစ်ပမာဏ အညီအမျှ ကြွင်းကျန်ခဲ့၍ အလောင်းတော်၏ အသက်ထက်ဆုံးပင် အသစ်တစ်ဖန် မရိတ်မပယ်ရတော့ဘဲ တည်ရှိနေခဲ့၏။ ဆံတော်ကို ပယ်သည်နှင့် မုတ်ဆိတ်ကျင်စွယ်တို့လည်း ပယ်ပြီးသား ဖြစ်ကာ ဆံတော်ကဲ့သို့ပင် တစ်သက်တာလုံး တင့်တယ်သပ္ပါယ်စွာ တည်ရှိခဲ့ကြကုန်၏။ အလောင်းတော်သည် ပယ်ပြီးသော ဆံတော်ကို ကိုင်ကာ "ငါသည် အကယ်စင်စစ် ဘုရားဖြစ်မည့်သူမှန်က ဤဆံတော်တို့သည် ကောင်းကင်၌ တည်ပါစေသတည်း"ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ ပစ်တင်ခဲ့ရာ ဆံတော်သည် ကောင်းကင်တစ်ယူဇနာအထက်၌ ပန်းဆိုင်းကို ဆွဲထားသည့် ပမာ တည်ရှိခဲ့ပါ၏။ ထိုအခါ သိကြားမင်းသည် ထိုဆံတော်ကို ယူ၍ ၎င်းစံရာ တာဝတိံသာ နတ်ပြည်၌ "**စူဠာမဏိစေတီတော်**"ကို တည်ထားကိုးကွယ်ခဲ့သည်။

## ဃဋိကာရဗြဟ္မာ လှူဒါန်းသော ပရိက္ခရာဖြင့် ရဟန်းပြုတော်မူခြင်း

ထို့နောက် အလောင်းတော်သည် "ငါ၏ ကာသိတိုင်းဖြစ် ပုဆိုးသည် အဖိုးများစွာ ထိုက်တန်၏။ ရဟန်းတို့နှင့် မသင့်လျော်"ဟု ဆင်ခြင်တော်

မူပြန်၏။ ထိုအခါ ကဿပဘုရားရှင် လက်ထက်က မိတ်ဆွေတော်ဖူးသော "ဃဋိကာရ ပြဟ္မာကြီးသည် အလောင်းတော်၏ ဆင်ခြင်မှုကို သိတော်မူ၍ ရဟန်းတို့၏ အသုံးအဆောင် ရှစ်ပါးသော ပရိက္ခရာတို့ကို လာရောက် လှူဒါန်းခဲ့သည်။ အလောင်းတော်သည် ဃဋိကာရပြဟ္မာကြီး လှူဒါန်းသော သင်္ကန်းတို့ကို လဲလှယ်ဝတ်ရုံ၍ ဝတ်လဲတော်အစုံကို ကောင်းကင်သို့ မြှောက်တင်ခဲ့ပြန်လေသည်။ ဃဋိကာရပြဟ္မာကြီးသည် အလောင်းတော် ပစ်မြှောက်လိုက်သော ဝတ်လဲတော်အစုံကို ယူဆောင်၍ ပြဟ္မာ့ပြည်၌ "**ဒုဿစေတီ**"ကို တည်ထား ကိုးကွယ်ခဲ့လေသည်။

## ဆန္နအမတ် ပြည်တော်ပြန်ခြင်းနှင့် ကဏ္ဍကမြင်းတော် ရင်ကွဲနာကျခြင်း

ဆန္နအမတ်သည် အလောင်းတော်၏ အမိန့်တော်အရ အလောင်းတော်၏ တန်ဆာရတနာတို့နှင့် ကဏ္ဍကမြင်းကို ယူဆောင်၍ ပြည်တော်သို့ အပြန်တွင် ကဏ္ဍကမြင်းတော်သည် "ယခုမှ နောက် ငါ၏အရှင်သခင်အား တစ်ဖန် ဖူးမြင်ရခြင်းသည် မရှိပြီ"ဟု တသလွမ်းဆွတ်လျက် အလောင်းတော် မျက်စိဖြင့် မြင်လောက်သော အရပ်ကို လွန်လေလျှင် အလွန်ချစ်ခင်လှသော အလောင်းတော်နှင့် ကွေကွင်းရခြင်းကြောင့် ဖြစ်ပေါ်လာသော သောကကို အောင့်အည်းသည်းခံခြင်းငှာ မစွမ်းနိုင်ရှာဘဲ ရင်ကွဲနာကျ သေဆုံးခဲ့ရ၏။ ထိုဖွားဖက်တော် မြင်းဘဝမှ စုတေသော် တာဝတိံသာနတ်ပြည်၌ "**ကဏ္ဍက**" မည်သော နတ်သားဖြစ်ခဲ့တော့သည်။

## ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခြင်း

အလောင်းတော်သည် ရဟန်းပြုပြီးလတ်သော် ထိုအရပ်အနီး၌ တည်ရှိသော **အနုပိယ**မည်သော သရက်တော၌ ခုနစ်ရက်တိုင်တိုင် ရဟန်း ချမ်းသာဖြင့် နေတော်မူခဲ့သည်။ ခုနစ်ရက်ပြည့်သောအခါ ယူဇနာသုံးဆယ် ဝေးကွာသော ရာဇဂြိုဟ်ပြည်သို့ ခြေလျင်ကြွတော်မူခဲ့သည်။ ရာဇဂြိုဟ်ပြည် ရောက်ပြီးနောက် ဆွမ်းခံဝင်ရန်အတွက် မြို့၏ အရှေ့တံခါး၌ ရပ်ကာ "ငါသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရကိုကြားသိစေခဲ့သော် ဗိမ္ဗိသာရမင်းကြီးသည် ငါ့အား ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန၏သားတော် သိဒ္ဓတ္ထမင်းသား ဟူသော

အမြင်ဖြင့် အလေးဂရုပြုကာ များစွာသော ပစ္စည်းတို့ကို ပို့ပေးလိမ့်မည်။ ရဟန်းဖြစ်သောငါသည် ဗိမ္ဗိသာရမင်းကို အကြောင်းကြားသိစေ၍ ပစ္စည်းလေးတန် ခံယူရန်မသင့်ချေ။ ယခုပင်ဆွမ်းခံ လှည့်လည်ပေအံ့”ဟု ကြံစည်တော်မူလျက် ပံ့သကူသင်္ကန်းကို ဝတ်ရုံတော်မူကာ သပိတ်တော်ကို စွဲကိုင်၍ အရှေ့တံခါးဖြင့်ပင် မြို့တွင်းသို့ ဝင်ကာ အိမ်စဉ်အတိုင်း ဆွမ်းခံ ကြွတော်မူခဲ့သည်။

**ဗိမ္ဗိသာရမင်းနှင့် တွေ့တော်မူခြင်း**

အလောင်းတော် ဆွမ်းခံဝင်သည်ရှိသော် ဗိမ္ဗိသာရမင်းသည် အလွန် ငြိမ်သက်စွာသော ဣန္ဒြေဖြင့် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံဝင်တော် မူလာသည့် ဘုရားအလောင်းတော်ကို မြင်တော်မူခဲ့သည်။ ပြည်သူပြည်သား လူအများကလည်း အလောင်းတော်၏ အတုမရှိသော အဆင်းတော်ကို ဖူးမြော် တွေ့မြင် ကြရသဖြင့် ရာဇဂြိုဟ်တစ်မြို့လုံး အုံးအုံးကြွက်ကြွက် လှုပ်လှုပ်ရွရွ ဖြစ်ခဲ့ကြ သည်။ သူတစ်မျိုး ငါတစ်ဖုံ အချင်းချင်း ပြောဆိုခဲ့ကြသည်။ မင်းချင်းယောကျ်ား များကလည်း ဗိမ္ဗိသာရမင်းကြီးထံမှောက် သွားရောက်ကြပြီးလျှင် “အရှင် မင်းကြီး. . . အံ့ဩဖွယ်ရှိသော ရဟန်းတစ်ပါးသည် ရာဇဂြိုဟ်ပြည်တွင်း၌ ဆွမ်းခံလှည့်လည် နေပါသည်”ဟု လျှောက်တင်လေလျှင် ဗိမ္ဗိသာရမင်းကြီးက “အချင်းတို့. . . ထိုအံ့ဩဖွယ်ကောင်းသော ရဟန်းကို စုံစမ်းကြကုန်။ ထိုရဟန်း သည် ဘီလူးဖြစ်က မြို့ပြင်သို့ အရောက် ကွယ်ပျောက်လိမ့်မည်။ နတ်ဖြစ်က ကောင်းကင်ခရီးဖြင့် သွားလိမ့်မည်။ လူသားစင်စစ်ဖြစ်က မိမိရသော ဆွမ်းကို တစ်နေရာရာ၌ စားသုံးပေလိမ့်မည်”ဟု ပြောဆို စေလွှတ်ခဲ့သည်။ အလောင်းတော် သည် အနီးအဖြူ အကြောင်းအကြား၊ အကြမ်းအနု ရောပြွမ်းသည့် မိဿက ဆွမ်းကို မျှတလောက်ရုံသာ ခံတော်မူပြီးလျှင် အရှေ့တံခါးဖြင့်ပင် မြို့တွင်းမှ ပြန်ထွက်ခဲ့သည်။ မြို့အနီး **ပဏ္ဍဝ**တောင်ထိပ်၌ အရှေ့၌ မျက်နှာမူသော ဂူဝဝယ် အရှေ့သို့ မျက်နှာမူကာ ထိုင်နေတော်မူ၍ အနုအကြမ်း ရောပြွမ်းသော ဆွမ်းကို ဘုဉ်းပေးတော်မူခဲ့၏။

ဗိမ္ဗိသာရမင်းကြီး လွှတ်ထားသော မင်းချင်းယောကျ်ား သုံးယောက်အနက် တစ်ယောက်သော မင်းချင်းယောကျ်ားသည် ဗိမ္ဗိသာရမင်းကြီးထံ ပြန်၍

ပဏ္ဍဝတောင်ခြေ၌ ထိုင်လျက် ရဟန်းတော်သည် ဆွမ်းဘုဉ်းပေးလျက် ရှိကြောင်း လျှောက်တင်ခဲ့သည်။ ဗိမ္ဗိသာရမင်းကြီးသည် ရထားဖြင့် အလောင်းတော်ရှိရာ ပဏ္ဍဝတောင်သို့ လာခဲ့၍ ရဟန်းတော်နှင့် ဝမ်းမြောက်စကား ပြောကြားခဲ့လေသည်။ ဗိမ္ဗိသာရမင်းကြီးက—

"အဆွေတော်. . . သင်ကား အသက်အရွယ်နုနယ် ပျိုမြစ်ပါသေး၏။ အလုံး အရပ် အဆင်းသဏ္ဍာန်ကြန်အင် လက္ခဏာနှင့်လည်း ပြည့်စုံ၏။ ဇာတ်နှင့် ပြည့်စုံသူ ခတ္တိယနွယ် စင်ကြယ်သူတစ်ယောက်ဟုလည်း အကျွန်ုပ်ယူဆ၏။ အကျွန်ုပ်စိုးပိုင်သည့် အင်္ဂတိုင်း၊ မဂဓတိုင်းတို့၌ မင်းစည်းစိမ်ကို ပေးပါ၏။ ထီးနန်းအုပ်ချုပ်မင်းလုပ်တော်မူပါ။ အရှင်၏ အမျိုးဇာတ်အနွယ်ကိုလည်း မိန့်ကြားတော်မူပါ"ဟု ဖိတ်ကြားတော်မူခဲ့သည်။

ထိုအခါ အလောင်းတော်က ကိုယ်တော်မြတ် လာခဲ့သော အရပ်မျက်နှာကို ညွှန်းပြတော်မူလျက် သာကီဝင်မင်းမျိုးမှ ရဟန်းပြုခဲ့သူ ဖြစ်ကြောင်း၊ ဝတ္ထုကာမတို့ကို လုံးဝတောင့်တမှု မရှိကြောင်း၊ နိဗ္ဗာန်ကိုသာ ရည်သန် တောင့်တ ရဟန်းဘဝကို ရယူခဲ့ပါကြောင်း၊ နိဗ္ဗာန်ကို လျင်စွာရဖို့ရန်အတွက် ယခုပင် တောအရပ်သို့ ချဉ်းကပ်၍ ဒုက္ကရစရိယာကို ကျင့်တော့မည်ဖြစ်ကြောင်း ပြန်လည်မိန့်ကြားတော်မူခဲ့သည်။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးက အရှင်၏ နေက္ခမ္မဓာတ်ခံစိတ်ဆန္ဒမှန်ကို ကိုယ်တိုင် သိခွင့်ရသဖြင့် အရှင်သည် မုချဧကန် ဘုရားဖြစ်မည်ကို ယုံကြည်ပါကြောင်းနှင့် ဘုရားဖြစ်ပါက ရှေးဦးစွာ ရာဇဂြိုဟ်သို့ ကြွရောက်စေလိုကြောင်း လျှောက်ထားတောင်းပန်ခဲ့လေသည်။

**အာဠာရဂိုဏ်းဆရာကြီးထံ နည်းခံခြင်း**

အလောင်းတော်သည် ဗိမ္ဗိသာရမင်းကြီးအား ဝန်ခံစကားပြောကြားပြီးနောက် နိဗ္ဗာန်ချမ်းသာကို ဖွေရှာအံ့သောငှာ ဒေသစာရီခရီး အစဉ်အတိုင်း ကြွချီလတ်သော် **ကာလာမအနွယ်ဖြစ်၍ အာဠာရမည်သော ဂိုဏ်းဆရာကြီး**ထံသို့ ရောက်တော်မူခဲ့သည်။ အာဠာရဂိုဏ်းဆရာကြီး၏ ခွင့်ပြုချက်အရ ထိုအာဠာရဆရာကြီးတို့၏ အကျင့်လမ်းစဉ်ကို နာယူသင်ကြားတော်မူခဲ့သည်။ အလောင်းတော်သည် ပညာဉာဏ် အလွန်ကြီးမြတ်သူ ဖြစ်၍ အကျင့်လမ်းစဉ်ကို

သင်ယူရန် နှုတ်တော်ကို လှုပ်ကာမျှဖြင့် "ထိုအကျင့်လမ်းစဉ်ကို ငါသိပြီ" ဟူသော အခြေရောက်အောင် လွယ်ကူစွာ တတ်မြောက် သိမြင်တော်မူခဲ့သည်။ အာဠာရဂိုဏ်းဆရာကြီးသည် အာကိဉ္စညာယတနတိုင်အောင်သော လောကီသမာပတ် စျာန်ခုနစ်ရပ်သို့ ဆိုက်ရောက် မျက်မှောက်ပြုသကဲ့သို့ အလောင်းတော်သည်လည်း ကသိုဏ်းပရိကံများကို ကြိုးစားအားထုတ်တော်မူခဲ့ရာ နှစ်ရက် သုံးရက်ဖြင့်ပင် ထိုလောကီသမာပတ် စျာန်ခုနစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ခဲ့ပြီး ထိုသမာပတ်ချမ်းသာကို ဝင်စား၍ နေတော်မူခဲ့သည်။

အာဠာရဂိုဏ်းဆရာကြီးကား သူတော်ကောင်းကြီးတစ်ဦး ဖြစ်သည်။ သူတစ်ပါး ကြီးပွား၍ ကောင်းစားသည်ကို မနာလိုဝန်တိုသော ဣဿာ တရားမှလည်း ကင်းလှသည်။ အလောင်းတော်၏ လောကီသမာပတ် စျာန်ခုနစ်ရပ်ကို ရသောအဖြစ်ကို သိရလေလျှင် ဂိုဏ်းဆရာကြီးသည် လွန်စွာဝမ်းမြောက် လှသဖြင့် "အရှင်မြတ်ကဲ့သို့ ထက်မြက်သော ပညာရှင် သီတင်းသုံးဖော်ကို တွေ့မြင်ကြရ၍ အကျွန်ုပ်တို့ကား အရတော်လှပါဘိ" ဟူ၍ပင် ဝမ်းမြောက် စကားကို အားပါးတရ ပြောကြားခဲ့လေသည်။ ထိုမျှသာမက အလောင်းတော်အား ၎င်း၏ တပည့်ဂိုဏ်းပရိသတ်ကို ထက်ဝက်ခွဲ၍ အပ်နှင်းခြင်း၊ ဒါယကာ ဒါယိကာမတို့ကို အလောင်းတော်အား သွားရောက် ပူဇော်စေခြင်း၊ ရရှိလာ သော ပစ္စည်းဝတ္ထု ညောင်စောင်းအင်းပျဉ် စသည်ကို အလောင်းတော်အား ရှေးဦးစွာ သုံးစွဲစေ၍ ကြွင်းကျန်မှသာ မိမိက သုံးစွဲခြင်းဖြင့် စိတ်သဘောထား ကြီးမား မြင့်မြတ်သူပီပီ အလောင်းတော်မြတ်ကို အမြတ်တနိုး ပူဇော်မှုကို ပြုခဲ့လေသည်။

**အာဠာရဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း**

အလောင်းတော်သည် မိမိရရှိခံစားနေသော လောကီသမာပတ် စျာန်ခုနစ်ရပ်၏ အကျိုးများကို စဉ်းစားဆင်ခြင်တော်မူခဲ့လေသည်။ လောကီ သမာပတ် စျာန်ခုနစ်ရပ်သည် တမလွန်ဘဝ၌ အာကိဉ္စညာယတနပြဟ္မာ့ဘုံ၌ ပဋိသန္ဓေ ကျိုးပေးမည့် အခြင်းအရာကို ကောင်းစွာ သိမြင်ခဲ့လေသည်။ ထိုအခါ လောကီသမာပတ် စျာန်ခုနစ်ရပ်သည် ဝဋ်ဆင်းရဲ၌ အကျိုးဝင်သော

တရားများသာ ဖြစ်ခဲ့၍ ဝဋ်ဆင်းရဲမှ လွတ်ရန်၊ တပ်ခြင်းကင်းရန်၊ ကိလေသာ ခပ်သိမ်းချုပ်ငြိမ်းရန် မဖြစ်နိုင်ခဲ့ချေ။ ထိုစျာန်၏ အကျိုးပေးရာ အာကိဉ္စညာယတနပြဟ္မာ့ဘုံမှာလည်း ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးတို့မှ မလွတ်သော ဌာနသာ ဖြစ်၍ သေမင်းကျော့ကွင်းဖြင့် ဝန်းရံနှောင်ချုပ် ထားဆဲပင် ဖြစ်ချေသည်ဟု ဆင်ခြင်စဉ်းစားခဲ့လေသည်။ ထိုသို့ ဆင်ခြင်စဉ်းစား ပြီးနောက် လောကီသမာပတ်စျာန်ခုနစ်ရပ်ကို လေ့လာသုံးစွဲရန် စိတ်မရှိတော့ဘဲ အာဠာရဂိုဏ်းဆရာကြီးထံမှ အလောင်းတော်သည် ဖဲခွါတော်မူခဲ့လေသည်။

## ဥဒကဂိုဏ်းဆရာကြီးထံ ရောက်ပြန်ခြင်း

အလောင်းတော်သည် အာဠာရဆရာကြီးထံမှ ဖဲခွါခဲ့ပြီးနောက် နိဗ္ဗာန်ချမ်းသာကို ရှာမှီးရန် အစဉ်သဖြင့် ကြွချီတော်မူခဲ့ရာ ရာမ၏သားဖြစ်သူ ဥဒကဂိုဏ်းဆရာကြီးထံ ရောက်ခဲ့ပြန်သည်။ ဥဒကဂိုဏ်းဆရာကြီး၏ ကျင့်စဉ်သည် နေဝသညာနာသညာယတန လောကီစျာန် ရသည့်တိုင်အောင် သင်ရိုးဟောစဉ်ဖြစ်ခဲ့သည်။ အလောင်းတော်သည် ထိုအကျင့်လမ်းစဉ်ကိုလည်း အာဠာရဂိုဏ်းဆရာကြီး၏ အကျင့်လမ်းစဉ်ကို သင်ယူသကဲ့သို့ နှုတ်တော်ကို လှုပ်ကာမျှဖြင့်ပင် လွယ်ကူစွာ တတ်မြောက် သိမြင်ခဲ့သည်။ ထိုနောက် ကသိုဏ်းပရိကံများကို ကြိုးစားအားထုတ်တော်မူခဲ့ရာ မကြာမီ နှစ်ရက်သုံးရက်အတွင်းမှာပင် နေဝသညာနာသညာယတနစျာန်တိုင်အောင်သော လောကီသမာပတ် စျာန်ရှစ်ရပ်တို့ကို ကိုယ်တိုင်မျက်မှောက် ဆိုက်ရောက်သိမြင်ကာ ထိုသမာပတ်စျာန်ချမ်းသာကို ဝင်စား၍ နေထိုင်တော်မူခဲ့လေသည်။

ဥဒကဂိုဏ်းဆရာကြီးသည်လည်း အာဠာရဂိုဏ်းဆရာကြီးကဲ့သို့ပင် သူတော်ကောင်းကြီးတစ်ဦး ဖြစ်သည်။ အလောင်းတော်သည် လောကီသမာပတ် စျာန်ရှစ်ရပ်သို့ ဆိုက်ရောက်မျက်မှောက်ပြုကြောင်း သိရသောအခါ ဥဒကဂိုဏ်းဆရာကြီးမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့လေသည်။

ဥဒကဂိုဏ်းဆရာကြီးသည်လည်း အာဠာရဂိုဏ်းဆရာကြီးကဲ့သို့ပင် ကာလာမဂ္ဂရိယ အညစ်အကြေးကင်းဝေးသူပီပီ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရုံသာမက "အသင်ယောက်ျားမြတ်. . . အကျွန်ုပ်၏ဖခင် ရာမဆရာကြီး သိသောတရားတို့ကို အသင်ယောက်ျားမြတ်လည်း ကုန်စင်ဆိုက်ရောက် တတ်မြောက်

ရရှိခဲ့ပါပေပြီ။ ကျွန်ုပ်၏ ဖခင် ရာမဆရာကြီးကဲ့သို့ အသင်ယောကျ်ားမြတ်လည်း သမာပတ်ရှစ်ပါးလုံး ရရှိသူ ဖြစ်ပါပေသည်။ ယောကျ်ားမြတ်သာ ဤဂိုဏ်းကြီးကို ထိန်းသိမ်း စောင့်ရှောက်တော်မူပါလော့”ဟု တပည့်ဂိုဏ်းပရိသတ်တစ်ခုလုံးကို အလောင်းတော်အား လွှဲအပ်ကာ မိမိ၏ဆရာအရာ၌ တင်ထားတော်မူခဲ့လေသည်။

## ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါခဲ့ခြင်း

အလောင်းတော်သည် “နေဝသညာနာသညာယတနတိုင်အောင်သော လောကီသမာပတ် ဈာန်ရှစ်ရပ်ရရှိထားသူသည် ဤဘဝမှ စုတေ၍ တမလွန်ဘဝတွင် နေဝသညာနာသညာယတနပြဟ္မာ့ဘုံ၌ ပဋိသန္ဓေနေရမည်”ကို ကောင်းစွာ သိမြင်တော်မူခဲ့သည်။ “နေဝသညာ နာသညာယတနဘုံသည် ဘဝဂ်ခေါ် သော ဘုံဖြစ်စေကာမူ ပဋိသန္ဓေနေခြင်း ဇာတိဘေး၊ အိုခြင်းဇရာဘေး၊ သေခြင်း မရဏဘေးတို့မှ မလွတ်မြောက်နိုင်သေး၊ သေမင်း၏ ကျော့ကွင်းဖြင့် ဝန်းရံထားဆဲပင် ဖြစ်သေးသည်”ဟု ဆင်ခြင်မိ၍ လောကီ သမာပတ် ဈာန်ရှစ်ရပ်တို့၌ ငြီးငွေ့တော်မူကာ ထိုဥဒကဂိုဏ်းဆရာကြီး ထံမှ ဖဲခွါတော်မူခဲ့လေသည်။

# ဒုက္ကရစရိယာ ကျင့်တော်မူခန်း

## ဥရုဝေလတောအုပ်သို့ ကြွတော်မူခြင်း

အလောင်းတော်သည် ဥဒကဂိုဏ်းဆရာကြီးထံမှ ဖဲခွါခဲ့ပြီးနောက် နိဗ္ဗာန်တရားကို ရှာမှီးတော်မူရန် မဂဓတိုင်း၌ အစဉ်သဖြင့် ဒေသစာရီ လှည့်လည်တော်မူခဲ့ရာ သေနာနိဂုံးသို့ ဆိုက်ရောက်တော်မူခဲ့သည်။ ထိုသေနာနိဂုံး၏ အနီး၌ **ဥရုဝေလတောအုပ်**ရှိခဲ့သည်။ ထိုဥရုဝေလတောအုပ်၌ ပဓာနအလုပ်ကို လုပ်ရန် သင့်မသင့်ကို အလောင်းတော်သည် လေ့လာခဲ့သည်။ ထိုဥရုဝေလတောအုပ်၌ သူတော်သူမြတ်တို့ မွေ့လျော်လောက်သည့် မြေနေမြေထား၊ စိတ်ကြည်နူးဖွယ် ကောင်းသောတောအုပ်၊ စင်ကြယ်သော ရေအလျဉ်၊ တသွင်သွင် စီးဆင်းနေသော နေရဉ္ဇရာမြစ်၊ သာယာသော သဲသောင်ပြင်၊ တောနေရဟန်းတို့ ဆွမ်းခံရန် အဆင်ပြေမည့် ပတ်ဝန်းကျင်ရှိ ရွာငယ်ကလေးများကို တွေ့မြင်ခဲ့ရသည်။ "ဤအရပ်သည် နိဗ္ဗာန်ကို လိုလားသော ငါ့အဖို့ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်ရန် စွမ်းဆောင်နိုင်မည့် နေရာဖြစ်ချေသည်" ဟု အကြံကောင်းရကာ သစ်ရွက်မိုး သင်္ခမ်းကျောင်းကလေးကို ဆောက်လုပ်၍ ပဓာနအလုပ် အားထုတ်ရန် နေတော်မူခဲ့လေသည်။

## ဥပမာသုံးမျိုး ထင်လာခြင်း

ထိုအခါ အလောင်းတော်၏ ဉာဏ်၌ ရှေးကမကြားဖူးသော အံ့ဩဖွယ်ရာ ဥပမာသုံးမျိုးတို့ ထင်လာခဲ့ကုန်၏။

ရေ၌ချထားကာ အစေးရှိသော ထင်းစိုကြီးကို မီးအလိုရှိသော ပုဂ္ဂိုလ်သည် မီးပွတ်ခုံကိုယူ၍ မည်မျှပင် ပွတ်စေကာမူ မီးကိုမရနိုင်သကဲ့သို့ အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း၊ လိုချင်တောင့်တမှု ကာမတဏှာဟူသော အစေးဓာတ် မကင်းမူ၍ ဝတ္ထုကာမ တည်းဟူသော ရေမှကင်းလွတ်ရာအရပ်၌ မနေသေးဘဲ မည်မျှပင် ကိလေသာ ကုန်ရန် ဆင်းရဲစွာကျင့်ကြံ ကြိုးကုတ် အားထုတ်ကြသော်လည်း ထိုသမဏဗြာဟ္မဏ တို့သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ထိုးထွင်း၍ မသိနိုင် ကြကုန်ဘဲ ဆင်းရဲရုံမျှသာ

ဖြစ်ကြလိမ့်မည်။ ဤဥပမာသည် အလောင်းတော်၏ ဉာဏ်၌ ရှေးဦးပဌမ ထင်လာခဲ့သည်။

အလောင်းတော်အား မကြုံစဖူး အလွန်ထူးသော ဒုတိယဥပမာသည် ထင်လာခဲ့ပြန်သည်။ ရေနှင့်ဝေးကွာ ကုန်းပေါ်၌ထားသော အစေးရှိသော ထင်းတုံးကြီးကို မီးအလိုရှိသော ပုဂ္ဂိုလ်သည် မီးပွတ်ခုံကိုယူ၍ မည်မျှပင် ပွတ်စေကာမူ မီးကိုမရနိုင်သကဲ့သို့ အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ လိုချင်တောင့်တမှု ကာမတဏှာတည်းဟူသော အစေးခါတ်မကင်းသေးပါဘဲ ဝတ္ထုကာမတည်း ဟူသော ရေမှ ကိုယ်စိတ်တို့ဖြင့် ဖဲခွါ၍နေပြီး မည်မျှပင် ကိလေသာကုန်ရန် ဆင်းဆင်းရဲရဲ ကျင့်ကြံကြိုးကုတ်အားထုတ်ကြသော်လည်း ထိုသမဏ ဗြာဟ္မဏတို့သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ထိုးထွင်း၍ မသိနိုင်ကြကုန်ဘဲ ဆင်းရဲရုံမျှသာ ဖြစ်ကြလိမ့်မည်ဟု ဒုတိယဥပမာ ထင်လာခဲ့ပြန်သည်။

ရေ၌ဝေးကွာ ကုန်းပေါ်မှာထား၍ အစေးကင်းကွာ ခြောက်သွေ့နေသော ထင်းတုံးကို မီးအလိုရှိသော ပုဂ္ဂိုလ်သည် မီးပွတ်ခုံကိုယူ၍ ပွတ်သည်ရှိသော် မီးကိုရရှိနိုင်သကဲ့သို့ အချို့သော သမဏဗြာဟ္မဏတို့သည် ကိုယ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း လိုချင်တောင့်တမှုတဏှာဟူသော အစေးခါတ်လည်း ကင်း၍ ဝတ္ထုကာမတည်းဟူသော ရေမှလည်း ကိုယ်စိတ် တို့ဖြင့် ဖဲခွါ၍နေကာ ကိလေသာကုန်ရန် ဆင်းဆင်းရဲရဲ မှန်ကန်သော ရဟန်းတရားကို အားထုတ်လျှင်သော်လည်းကောင်း၊ မပင်မပန်း သက်သက် သာသာဖြင့် မှန်ကန်သော ရဟန်းတရားကို အားထုတ်လျှင်သော် လည်းကောင်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ထိုးထွင်းသိမြင်နိုင်ကြကုန်၏ ဟု မကြုံစဖူး အလွန် ထူးကဲသော တတိယမြောက် ဥပမာသည် အလောင်းတော် ၏ ဉာဏ်၌ ထင်လာခဲ့ပြန်၏။

**ပဉ္စဝဂ္ဂီငါးဦး**

အလောင်းတော်ကို အမည်မှည့်သော မင်္ဂလာအခမ်းအနား၌ လက္ခဏာ ဖတ်ခဲ့ကြသော ပညာရှိပုဏ္ဏား ရှစ်ယောက်အနက် ကောဏ္ဍညပုဏ္ဏားမှ တစ်ပါး ကျန်ခုနစ်ဦးသော ပုဏ္ဏားတို့သည် အသက်အတိုင်း တည်နေခဲ့ကြ၍

အလောင်းတော် တောမထွက်မီကပင် စုတေခဲ့ကြကုန်ပြီ။ ကောဏ္ဍညပုဏ္ဏား သည်သာ အလောင်းတော်မင်းသား တောထွက်၍ ရဟန်းပြုကြောင်း ကြားသိခဲ့ရသဖြင့် ပုဏ္ဏားခုနစ်ဦးတို့၏ သားတို့ထံသွားကာ "သိဒ္ဓတ္ထမင်းသား သည် ဘုရားဧကန် ဖြစ်မည်ဖြစ်ကြောင်း၊ အမောင်တို့သည် ရဟန်းပြုလိုက လာကြကုန်"ဟု ပြောလေလျှင် ပုဏ္ဏားသားခုနစ်ယောက်အနက် လေးယောက်သာ သဘောတူခဲ့ကြ၍ ကောဏ္ဍညပုဏ္ဏား ရှေ့သွားပြုကာ ရဟန်းပြုခဲ့ကြသည်။ ရဟန်းငါးပါးအစုရှိသော ထိုပုဏ္ဏားသား ပဉ္စဝဂ္ဂီငါးဦးတို့သည် ရွာနိဂုံး စသည်တို့၌ အစဉ်သဖြင့် လှည့်လည်ကာ အလောင်းတော်ကို ရှာဖွေခဲ့ကြရာမှ ဥရုဝေလတောအုပ်၌ အလောင်းတော်ကို တွေ့ခဲ့ကြရသည်။ အလောင်းတော်ကို "ဘုရားဖြစ်တော့မည်၊ ဘုရားဖြစ်တော့မည်"ဟူသော မျှော်လင့်ချက်ဖြင့် အလောင်းတော်၏ သခ်မ်းကျောင်းတို့ကို တံမြက်လှည်းခြင်း၊ ရေပူရေချမ်း ကမ်းလှမ်းခြင်း စသည်ဖြင့် ပြုစုလုပ်ကျွေးခဲ့ကြကာ အလောင်းတော်၏ အနီးအပါးမှာပင် လှည့်လည်နေခဲ့ကြသည်။

**ပဓာနအလုပ် ဒုက္ကရစရိယာ ကျင့်တော်မူခြင်း**

အလောင်းတော်သည် ဥရုဝေလတောအုပ်၌ အရေမျှကြွင်းပါစေ အကြောမျှ ကျန်ပါစေ၊ အရိုးမျှရှိပါစေ၊ အသွေးအသားတို့ ခန်းခြောက်သွားပါစေ မလျှော့သောဇွဲ၊ ပြင်းထန်သော လုံ့လဖြင့် သဗ္ဗညုတရွှေဉာဏ်မြတ်ကို ရဖို့ရန်အတွက် ပဓာနအလုပ်၊ လူသာမန်တို့ ကျင့်ရန်ခဲယဉ်းသော ဒုက္ကရစရိယာအကျင့်ကို ကျင့်ခဲ့လေသည်။ သဗ္ဗညုတဉာဏ်ကို မရမချင်း တစ်ဆတစ်ဆတိုး၍ ကျင့်ခဲ့သည်။ သေနာနိဂုံးသို့ ဆွမ်းခံဝင်ပြီး မေတ္တာဘာဝနာကို ပွားများခဲ့သည်။

**ကြွေကျသော သစ်သီးဖြင့် မျှတခြင်း**

အစာအာဟာရကို အဝစားပြီး မေတ္တာပွားရုံမျှဖြင့် သဗ္ဗညုတဉာဏ်ကို မရနိုင်ကြောင်း သိပြန်သဖြင့် အလိုလို ကြွေကျသော သစ်သီးကြီးငယ်တို့ကိုသာ စားပြီး ကမ္မဋ္ဌာန်းအလုပ်ကို ကြိုးစားအားထုတ်ခဲ့ပြန်သည်။ အလိုလို ကြွေကျသော သစ်သီးကို ရှာဖွေရခြင်းသည် ကြောင့်ကြခြင်းတစ်မျိုးပင်ဖြစ်၍

သစ်သီးရှာဖွေခြင်းမပြုတော့ဘဲ မိမိမှီ၍ ကမ္မဋ္ဌာန်းအလုပ်လုပ်နေသော သစ်ပင်မှ ကြွေကျသော သစ်သီးမျှဖြင့်သာ မျှတခဲ့ပြန်သည်။

**လက်ကတီးကြားမှ ချွေးများယိုထွက်ခဲ့ခြင်း**

အလောင်းတော်သည် အစာအာဟာရကို လျှော့၍လျှော့၍ စားသုံးကာ ကျင့်ခဲ့သလို ကာမဝိတက် စသည်တို့နှင့်တကွဖြစ်သော အကုသိုလ်စိတ် မဖြစ်စေရန် သွားဖြင့် သွားကိုကြိတ်၍ လျှာဖြင့်အာစောက်ကိုထိကာ ကုသိုလ်စိတ်ဖြင့် အကုသိုလ်စိတ်ကို ဖိနှိပ်ခဲ့၏။ ဖျစ်ညှစ်ခဲ့၏။ ပင်ပန်းစေခဲ့၏။ ထိုအခါ လက်ကတီးကြားမှ ချွေးတို့သည် ယိုထွက်ခဲ့ကုန်၏။ အလောင်းတော်၏ ဝီရိယကား အလွန်ပြင်းထန်လှ၏။ တွန့်ဆုတ်မှု လုံးဝမရှိခဲ့။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်ခဲ့သဖြင့် အလောင်းတော်၏ ကိုယ်တွင် ပူလောင်မှုဖြစ်ခဲ့သည်။ ငြိမ်းအေးမှုကား မရရှိခဲ့။

**နားတော်မှ လေတို့ ပြင်းထန်စွာ တိုးထွက်ကုန်ခြင်း**

အလောင်းတော်သည် ထွက်လေဝင်လေနှစ်ပါးကို အောင့်ချုပ်၍ ထားလျှင် စျာန်ကိုဖြစ်စေလိမ့်မည်ဟူသော ယူဆချက်ဖြင့် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှလည်းကောင်း၊ ထွက်လေဝင်လေတို့ မထွက်မဝင်နိုင်အောင် ချုပ်ကည်း၍ အောင့်ထားခဲ့သည်။ ထိုအခါ လေတို့သည် ခံတွင်းနှင့် နှာခေါင်းမှ ထွက်ခွင့်မရသဖြင့် နားပေါက်မှ တိုး၍ထွက်ခဲ့ကြကုန်၏။ နားမှ တိုး၍ထွက်သော လေ၏အသံသည် ပန်းပဲသမား တို့၏ ဖားဖိုမှ လေထွက်သကဲ့သို့ အလွန်ပြင်းထန် လှကုန်၏။ သို့သော် အလောင်းတော်ကား ဆုတ်နစ်မှု လုံးဝမဖြစ်ခဲ့။ ဆင်းရဲစွာ အားထုတ်မှုက တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်ခဲ့သဖြင့် အလောင်းတော်၏ ကိုယ်တွင် ပူလောင်မှုဖြစ်ခဲ့သည်။ ငြိမ်းအေးမှုကား မရှိခဲ့။

**ဦးခေါင်းကို ချွန်းဖြင့် ထိုးဆွသကဲ့သို့ ခံစားရခြင်း**

တစ်ဖန် အလောင်းတော်သည် ခံတွင်းမှလည်းကောင်း၊ နှာခေါင်းမှ လည်းကောင်း၊ နားပေါက်တို့မှလည်းကောင်း ထွက်လေဝင်လေတို့ကို မထွက်မဝင်နိုင်အောင် ချုပ်တည်း၍ အောင့်ထားခဲ့ပြန်သည်။ ထိုအခါ

လေတို့သည် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်ခွင့်မရကြသဖြင့် ဦးခေါင်းသို့တက်၍ တိုးဝှေ့ထိုးဆွခဲ့ကြကုန်၏။ အားကြီးသော ယောက်ျားသည် ထက်လှစွာသော ချွန်းဖြင့် ဦးခေါင်း၌ ထိုးဆွဖိနှိပ်သကဲ့သို့ ခေါင်းကိုက် ခေါင်းခဲသော ဝေဒနာသည် ပြင်းထန်စွာဖြစ်၏။ အားကြီးသော ယောက်ျား တစ်ယောက်သည် သားရေကြိုးဖြင့် ဦးခေါင်းကို ရစ်ပတ်၍ တင်းကြပ်စွာ ဆွဲသောအခါ ပြင်းထန်သော ဝေဒနာကို ခံစားရသကဲ့သို့ ဆင်းရဲကြီးစွာ ခံစားရသည်။ ထိုအခါ၌လည်း အလောင်းတော်၏ ဝီရိယကား ပြင်းထန်မြဲ ပြင်းထန်ခဲ့သည်။ ဆုတ်နစ်ခြင်း အလျှင်းမရှိခဲ့။ သို့သော် ထိုဆင်းရဲစွာ အားထုတ်ခဲ့ခြင်းက အလောင်းတော်၏ တစ်ကိုယ်လုံးကို ထိုးဆွသကဲ့သို့ ဖြစ်ခဲ့ရကား ပူလောင်မှု ဖြစ်ခဲ့ရသည်။ ငြိမ်းအေးမှုကို မရရှိခဲ့။

**ဝမ်းဗိုက်ကို ဓားမယ်နှင့် ခွဲသကဲ့သို့ ခံစားရခြင်း**

တစ်ဖန် အလောင်းတော်သည် ထွက်သက်ဝင်သက် မရှိသော ဈာန်ကို ဖြစ်စေရန် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်လေဝင်လေမရှိအောင် ချုပ်တည်းမြဲချုပ်တည်း၍ အောင့်မြဲ အောင့်ထားခဲ့ပြန်သည်။ ထိုအခါ လေတို့သည် ဝမ်းဗိုက်ကို ဖြတ်တောက်နေသကဲ့သို့ လွန်စွာထိုးကျင့်ခဲ့ကုန်၏။ နွားသတ် သမားသည် ထက်စွာသော သားလှီးဓားဖြင့် ဝမ်းဗိုက်ကို ဖြတ်လှီး နေသကဲ့သို့ ဖြစ်ခဲ့၏။ ထိုသို့ ခံစားရသော်လည်း အလောင်းတော်သည် ဆုတ်နစ်ခြင်း အလျှင်းမရှိခဲ့။ ဝီရိယကား အလွန်ပြင်းထန်မြဲ ပြင်းထန်လျက်ပင် ရှိခဲ့၏။ ပြင်းထန်စွာ အားထုတ်မှုကြောင့် အလောင်းတော်၏ ခန္ဓာကိုယ်သည် ပူလောင်မှုဖြစ်ခဲ့ရသည်။ ငြိမ်းအေးမှုကို မရရှိခဲ့သေး။

**မီးကျီးတွင်း၌ မီးကင်သကဲ့သို့ ပူလောင်မှု ခံစားရခြင်း**

အလောင်းတော်သည် “ဈာန်ကို ထပ်မံဖြစ်စေအံ့”ဟု မလျှော့သော ဇွဲလုံ့လဖြင့် ခံတွင်း၊ နှာခေါင်း၊ နားပေါက်တို့မှ ထွက်လေ ဝင်လေတို့ မထွက် မဝင်အောင် ချုပ်တည်းမြဲချုပ်တည်း၊ အောင့်မြဲအောင့်၍ ထားခဲ့ပြန်၏။ ထိုအခါ အလောင်းတော်၏ တစ်ကိုယ်လုံး၌ ပူလောင်ခြင်းသည် ပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာခဲ့တော့သည်။ အားရှိသော ယောက်ျားနှစ်ယောက်တို့က

အားနည်းသော ယောက်ျားတစ်ယောက်ကို လက်ဝဲလက်ယာ လက်မောင်းကို ဆွဲကိုင်ပြီး မီးကျီးတွင်း၌ အပြန်ပြန် အလှန်လှန် ကင်ကြသကဲ့သို့ အလောင်းတော်၏ ကိုယ်သည် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူခဲ့သည်။ ထိုအခါ၌လည်း အလောင်းတော်၏ အားထုတ်မှုသည် ဆုတ်ယုတ်ခြင်းမရှိ ပြင်းထန်လှဘိ၏။ ထိုပဓာနအလုပ်ပြင်းထန်စွာ အားထုတ်မှုဖြင့် ငြိမ်းအေးမှုကား မရခဲ့သေးချေ။

## စင်္ကြံအတွင်း လဲကျခဲ့ခြင်း

ထိုသို့အလောင်းတော်သည် ပဓာနအလုပ်ကို ပြင်းထန်စွာ လုပ်ခဲ့လေသောကြောင့် ကိုယ်တွင်းပူနာဖြစ်ပွားလာပြီး စင်္ကြံအတွင်းမှာပင် မူးမေ့သွားကာ ထိုင်လျက်သာလျှင် တိမ်းလဲသွားခဲ့ရှာသည်။ စင်္ကြံအနီးရှိ နတ်တို့က ဘုရားအလောင်းတော်ကို မြင်လေလျှင် အချို့နတ်တို့က "ရဟန်းဂေါတမ သေပြီ"ဟု လည်းကောင်း၊ အချို့နတ်တို့က "ရဟန်းဂေါတမသည် သေအံ့မူးမူး ဖြစ်နေသည်"ဟူ၍လည်းကောင်း၊ အချို့နတ်တို့က "ရဟန်းဂေါတမသည် သေပြီးလည်းမဟုတ်၊ သေအံ့မူးမူးလည်းမဟုတ် ရဟန္တာဖြစ်သွားပြီ။ ဤသို့နေခြင်းကား ရဟန္တာ၏ နေပုံမျိုးပင်ဖြစ်သည်"ဟု လည်းကောင်း ထင်ကြေးပေးခဲ့ကြကုန်၏။

## အစာကိုလျှော့၍ စားသုံးခြင်း

အလောင်းတော်သည် "ငါသည်အစာအာဟာရကို လုံးဝဖြတ်တောက်၍ ကျင့်ပါမူ ကောင်းလိမ့်မည်"ဟု အကြံဖြစ်တော်မူခဲ့ပြန်သည်။ ထိုအခါ နတ်တို့သည် အလောင်းတော်ထံ ချဉ်းကပ်၍ "အို အရှင်သူမြတ်. . . သင်သည် အစာ အာဟာရကို လုံးဝ ဖြတ်တောက်တော်မမူပါလင့်။ သင်သည် အစာအာဟာရကို လုံးဝ ဖြတ်တောက်၍ ကျင့်တော်မူပါလျှင် ငါတို့သည် သင်၏ကိုယ်တွင်းသို့ မွေးညင်းပေါက်တို့မှ နတ်သြဇာကို ထည့်သွင်းကြရပါလိမ့်မည်"ဟု ပြောဆို လျှောက်ထား ခဲ့ကြလေသည်။ ထိုအခါ အလောင်းတော်က "ငါသည် အစာ အာဟာရကို လုံးဝမစားဟု ဝန်ခံပြီးမှ နတ်တို့မွေးညင်းပေါက်မှ သွင်းသော နတ်သြဇာဖြင့် မျှတ၍ နေခဲ့ပါမူ ငါသည်

မုသားစကားကို ပြောသကဲ့သို့ ဖြစ်ပေတော့မည်”ဟု ဆင်ခြင်ပြီးလျှင် နတ်တို့အား နတ်ဩဇာမသွင်းရန် တားမြစ်၍ မျှတရုံလောက်သော အစာအာဟာရကို သုံးဆောင်ကာ တရားကို ကျင့်မည် ဖြစ်ကြောင်း ပြန်လည် မိန့်တော်မူခဲ့သည်။ ထိုအခါမှ စ၍ အလောင်းတော်သည် တစ်လက်ခုပ် တစ်လက်ခုပ်မျှ လောက်သော ပဲနောက်ရည်ကို ဖြစ်စေ၊ ပဲပိစပ်ရည်ကိုဖြစ်စေ၊ ကုလားပဲရည်ကို ဖြစ်စေ၊ စားတော်ပဲရည်ကို ဖြစ်စေ အနည်းငယ် အနည်းငယ်သော အစာအာဟာရကို ဝါးမျို မှီဝဲ ခဲ့လေသည်။

**အရိုးပြိုင်းပြိုင်း ကျတော်မူခြင်း**

အလောင်းတော်သည် အနည်းငယ် အနည်းငယ်မျှသော အစာအာဟာရကိုသာ မှီဝဲခဲ့၍ ကိုယ်ကာယတော်သည် ပိန်ကြုံခြင်းသို့ ရောက်ခဲ့သည်။ အစာအာဟာရနည်းပါးမှုကြောင့် အင်္ဂါကြီးငယ်တို့သည် ကန်စွန်းနွယ်၏ အဆစ်ကဲ့သို့လည်းကောင်း၊ နွယ်ပုပ်နွယ်ငန်း၏ အဆစ်ကဲ့သို့လည်းကောင်း ဖြစ်ပေါ်လာခဲ့ကုန်၏။ ကျောက်ကုန်းရိုးသည် ပုတီးကုန်းကဲ့သို့ အနိမ့်အမြင့် ဖြစ်ပေါ်ခဲ့ကုန်၏။ နံရိုးတို့သည် ဖရိုဖရဲ အထက်တင်အောက်ကျ ပျက်စီး၍ ကျနေသော ဇရပ်အို၏ အခြင်ရနယ်တို့ကဲ့သို့ ဖရိုဖရဲ အထက်တင် အောက်ကျဖြစ်ခဲ့ကြကုန်၏။ နက်သောရေတွင်း၌ ရေဝန်းသည် နက်ရှိုင်း၍ အောက်သို့ဝင်နေသည်ဟု ထင်ရသကဲ့သို့ အလောင်းတော်၏ မျက်ကွင်း၌ မျက်လုံးတော်တို့သည် နက်ရှိုင်း၍ အောက်သို့ဝင်နေခဲ့ကြကုန်၏။ ဗူးခါးသီးနုနုကို ခူးကာ နေလှန်းထား၍ ရှုံ့တွနေသကဲ့သို့ အလောင်းတော်၏ ဦးခေါင်းတော်သည် ရှုံ့တွ၍နေခဲ့၏။ အလောင်းတော်၏ ဝမ်းရေနှင့် ကျောသား ကပ်၍နေခဲ့ပြီ။ ဝမ်းရေကို စမ်းလိုက်လျှင် ကျောသားကိုပါ ကိုင်မိတော့၏။ ကျောသား ကို စမ်းလိုက်လျှင် ဝမ်းရေကိုပါ ကိုင်မိတော့၏။ ကျင်ကြီး ကျင်ငယ်ကို စွန့်မည်ဟု ထိုင်လိုက်သော အခါ အစာအာဟာရဓာတ်က ဝမ်းထဲ၌ မရှိသောကြောင့် ကျင်ငယ်က လုံးဝမထွက်ခဲ့။ ကျင်ကြီးသော်မူ ကွမ်းသီးတစ်လုံးစာမျှသာ အနည်းငယ် ခဲယဉ်းစွာ ထွက်ခဲ့၏။ တစ်ကိုယ်လုံးမှ ချွေးများ ယိုစီးကျလာခဲ့၏။ ထိုနေရာမှာပင် မှောက်ခုံ လဲခဲ့တော့၏။ အလောင်းတော်သည် ကိုယ်ကာယကို သက်သာ

စေလို၍ လက်တော်ဖြင့် ပွတ်သပ်လိုက်လျှင် အမြစ်ဆွေးနေကုန်သော အမွေးတို့ ကိုယ်မှ ကျွတ်ကျကာ လက်တွင် ကပ်ငြိ၍ ပါလာခဲ့ကုန်၏။

**ကိုယ်ရေအဆင်း ပျက်စီးကုန်ခြင်း**

အလောင်းတော်၏ ပင်ကိုယ်ပကတိ ကိုယ်ကာယတော်၏ အဆင်းသည် သိင်္ဂနိက် ရွှေစင်အဆင်းကဲ့သို့ ဝါဝင်း၍ ရှိခဲ့၏။ သို့သော် ပဓာနအလုပ် ဒုက္ကရစရိယာ ကျင့်နေသော အချိန်၌ မြင်ရသူလူတချို့က "ရဟန်းဂေါတမသည် အသားမဲ၏"၊ တချို့ကမူ "ရဟန်းဂေါတမသည် အသားညိုး၏" တချို့ကမူ "ရဟန်းဂေါတမသည် ရွှေသောအဆင်းရှိ၏" တချို့က"ရဟန်းဂေါတမသည် ကြမ်းပိုး၏ ကျောက်ကုန်းကဲ့သို့ မွဲပြာသော အရေအဆင်းရှိ၏"ဟု အသီးသီး ပြောဆိုရလောက်အောင်ပင် ပင်ကိုယ် ဝါဝင်းနေသော အရေအဆင်း တို့ကား အလွန်ပျက်စီး၍ နေခဲ့လေပြီ။

# ဘုရားဖြစ်တော်မူခန်း

## အကျင့်ပြောင်း၍ ကျင့်ရန် ကြံစည်တော်မူခြင်း

ထိုအချိန်၌ အလောင်းတော်၏ စိတ်သန္တာန်ဝယ် "အတိတ်ကာလက တရားအားထုတ်ခြင်းကြောင့် ဖြစ်ကုန်သော အလွန်ကြမ်းတမ်း ခါးသီးသော ဆင်းရဲကို ခံစားခဲ့ကြကုန်သည့် သမဏဗြာဟ္မဏတို့သည် ငါခံစားခြင်းလောက်သာလျှင် ဖြစ်ခဲ့၏။ ငါခံစားရသော ဆင်းရဲဒုက္ခထက် မပိုနိုင်။ အနာဂတ်ကာလ၌လည်း တရားအားထု တ်ခြင်းကြောင့် ဖြစ်ကုန်သော ပြင်းထန်သည့် ဆင်းရဲဒုက္ခကို ခံစားကြမည့် သမဏဗြာဟ္မဏတို့သည် ငါခံစားရခြင်းမျှလောက်သာ ဖြစ်လိမ့်မည်။ ငါခံစားရသော ဆင်းရဲဒုက္ခထက် မပိုနိုင်။ ယခုပစ္စုပ္ပန်ကာလ၌ တရားအား ထုတ်ခြင်းကြောင့် ဖြစ်ကုန်သော အလွန်ကြမ်းတမ်း စပ်ရှားသော ဆင်းရဲကို ခံစားနေကြကုန်သည့် သမဏဗြာဟ္မဏတို့သည်လည်း ယခု ငါခံစားနေရသော ဆင်းရဲဒုက္ခမျှလောက်သာ ဖြစ်လိမ့်မည်။ ငါခံစားနေရသော ဆင်းရဲဒုက္ခထက် မပိုနိုင်။ ငါသည် အလွန်ပြင်းထန်စပ်ရှား၍ လူသာမန်တို့ ကျင့်နိုင်ဘို့ဝေး ကြံတွေးရုံမျှနှင့်ပင် ကြက်သီးထလောက်သည့် အကျင့်ကို မဆုတ်မနစ် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော်လည်း လူတကာတို့၏ ကုသိုလ် ကမ္မပထတရားထက် သာလွန်သော အရိယာဖြစ်နိုင်သည့် ဉာဏ်အမြင် အထူးကို မရခဲ့။ သစ္စာလေးပါးကို သိရန် အခြားလမ်းစဉ် ရှိနိုင်သေးသလော"ဟု အကြံသည် ဖြစ်ခဲ့၏။

အလောင်းတော်သည် ထိုအခါ ငယ်စဉ်ကလေးဘဝက သပြေရိပ်၌ ရရှိခဲ့သော ပဌမစျာန်ကို ပြန်၍သတိရခဲ့၏။ ခမည်းတော်သုဒ္ဓေါဒန သာကီဝင်မင်းကြီး လယ်ထွန်မင်္ဂလာပြုချိန် အေးမြသော သပြေရိပ်ဝယ် ထိုင်လျက် ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင် ကြံစည်ခြင်း ဝိတက်၊ သုံးသပ်ဆင်ခြင်ခြင်း ဝိစာရနှင့်တကွ ဖြစ်သော နှစ်သိမ့်ခြင်းပီတိ၊ ချမ်းသာခြင်းသုခရှိသော အာနာပါန ပဌမစျာန်ကို ရခဲ့ဖူးသည်ကို အမှတ်ရခဲ့၏။ ထိုပဌမစျာန် လမ်းကြောင်း အကျင့်သည်ပင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရဖို့ရန် အကျင့်မှန် ဧကန်ဖြစ်ပေမည်ဟု သိမြင်တော်မူခဲ့သည်။ ထို့နောက် တစ်ဖန် စဉ်းစားဆင်ခြင်

မိပြန်သည်မှာ "ငါသည် ဤမျှလောက် ပင်ပန်းနွမ်းနယ်ခြင်းသို့ ရောက်၍ နေသော ကိုယ်ဖြင့် ထိုအာနာပါနပဥ္စမဈာန်ကို ရဖို့ရန် အားထုတ်နိုင်မည် မဟုတ်။ ထမင်းမုန့်ကြမ်း အစာရေစာကိုလှမ်း၍ ခန္ဓာကိုယ်ကို တစ်ဖန်လန်းဆန်း စေပြီးမှ ထိုအာနာပါနပဥ္စမဈာန်ကို ရအောင် ကြိုးစားအားထုတ်ရမူ ကောင်းလေစွ"ဟု စဉ်းစားဆင်ခြင်မိခဲ့သည်။ အလောင်းတော်သည် သပိတ်ကို ယူတော်မူ၍ သေနာနိဂုံးသို့ ဆွမ်းခံဝင်ကာ ရရှိခဲ့သော အစာ အာဟာရကြမ်း ရောရောနှောနှောဆွမ်းကို ဘုဉ်းပေး၍ ညှိုးနွမ်းသော ကိုယ်ကာယတော်ကို မျှတစေတော်မူခဲ့သည်။ နှစ်ရက် သုံးရက်အတွင်းမှာပင် ကိုယ်ကာယတော်သည် ပြည့်ဖြိုး၍ မဟာပုရိသလက္ခဏာတော်ကြီးများ ပေါ်လာကာ အသားအရေ စိုပြေ၍ လာခဲ့တော့သည်။

## ပဉ္စဝဂ္ဂီတို့ ဘုရားအလောင်းတော်ကို စွန့်ခွါကြခြင်း

ပဉ္စဝဂ္ဂီငါးဦးတို့သည် "ရဟန်းဂေါတမသည် ရသောတရားကို ငါတို့အား ပြောကြားလိမ့်မည်"ဟူသော မျှော်လင့်ချက်ဖြင့် အလောင်းတော်ကို လုပ်ကျွေး နေခဲ့ကြကုန်၏။ အလောင်းတော်သည် အစာအာဟာရ မစား မသောက်ဘဲ ကျင့်နေခဲ့ရာမှ အစာအာဟာရကြမ်း ရောရောနှောနှောဆွမ်းကို ဘုဉ်းပေးနေ သည်ကို မြင်ရလေလျှင် "ရဟန်းဂေါတမသည် ပစ္စည်း လာဘ် လာဘများရန် ကျင့်သူ ကမ္ဗဿာန်းလူထွက် ဖြစ်ခဲ့ပေပြီ"ဟု အလောင်းတော်ကို စွန့်ခွါကာ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ ဖဲကြွတော်မူခဲ့ကြ ကုန်၏။

## အိပ်မက်ကြီးငါးပါး မြင်မက်တော်မူခြင်း

အလောင်းတော်သည် ပဉ္စဝဂ္ဂီငါးဦးတို့ ဖဲခွါသွားပြီးနောက် ကိုယ်တော်မြတ် တစ်ပါးတည်း ဆိတ်ငြိမ်မှု အထူးရသောကြောင့် တရားအားထုတ်ရာ၌ သမာဓိသည် အထူးတိုးတက်၍ လာခဲ့သည်။ တစ်ဆယ့်ငါးရက်ခန့် ကြာသော တစ်နေ့၌ ညသန်းခေါင်ကျော် မိုးသောက်ဘက်သို့ အရောက်တွင် အိပ်မက်ကြီး ငါးပါးတို့ကို မြင်မက်တော်မူခဲ့သည်။

-မြေအပြင်ကို အိပ်ရာပြုလျက် ဟိမဝန္တာကို ခေါင်းအုံးပြု၍ အရှေ့ သမုဒ္ဒရာ၌ လက်ဝဲလက်၊ အနောက်သမုဒ္ဒရာ၌ လက်ယာလက်ကို

ထားကာ တောင်သမုဒ္ဒရာ၌ ခြေတော်နှစ်ဖက်ကို ထားပြီး အိပ်စက်ခဲ့ရခြင်း။

-တိရိယာမည်သော မြက်ပင်မျိုးသည် ထမ်းပိုးခန့်ပမာဏရှိ၍ နီမြန်းသော ရိုးတံဖြင့် ကိုယ်တော်၏ ချက်တော်မှ ဖောက်ထွက်၍ တဖြည်းဖြည်း မြင့်တက် သွားကာ မိုးကောင်းကင်ကို ထိလျက် တည်နေခဲ့ခြင်း။

-ကိုယ်လုံးဖြူ၍ ဦးခေါင်းနက်သော ပိုးလောက်တို့သည် ခြေသည်းတော်များမှ ပုဆစ်ဒူးဝန်းအထိ တရွရွတက်ရောက် ဖုံးလွှမ်းခဲ့ကြခြင်း။

-ညို၊ ရွှေ၊ နီ၊ ရော် အဆင်းလေးမျိုးရှိသည့် ငှက်လေးမျိုးတို့သည် အရပ် လေးမျက်နှာမှ ပျံလာခဲ့ကြ၍ ကိုယ်တော်၏ ခြေတော်ရင်း၌ ဝပ်စင်းမိသောအခါ ငှက်အားလုံးသည် ကိုယ်လုံး ဆွတ်ဆွတ်ဖြူခဲ့ကြကုန်ခြင်း။

-ကြီးစွာသော မစင်တောင်ကြီး၏ အထက်၌ ထိုမစင်ဖြင့် မလိမ်းကျံဘဲ လူးလာတုံ့ခေါက် စင်္ကြံလျှောက်ခဲ့ရခြင်း—

ဟူသော အိပ်မက်ငါးပါးကို မြင်မက်တော် မူခဲ့လေသည်။ အလောင်းတော်သည် ထိုမြင် မက်ခဲ့သော အိပ်မက်များအရ "ငါသည် ယနေ့ပင် မချွတ်ဧကန်ဘုရားဖြစ်မည်မှန်၏"ဟု ဆုံးဖြတ်မှုပြုတော်မူခဲ့သည်။

**သုဇာတာ ဃနာနို့ဆွမ်းကပ်လှူခြင်း**

အလောင်းတော်သည် နံနက်မိုးသောက် အလင်းရောက်သော် ကိုယ်လက်တို့ကို သုတ်သင်၍ ထိုအရပ်မှ ထွက်ခဲ့ပြီးလျှင် သုဇာတာသူဌေးသမီး နှစ်စဉ်အပူဇော် အပသရောက်သော ညောင်ပင်ရင်း၌ ဆွမ်းခံအချိန်ကို ငံ့လင့်တော်မူကာ အရှေ့အရပ်သို့ မျက်နှာမူထိုင်နေတော်မူခဲ့၏။

ထိုအခါက ဥရုဝေလတောအုပ်အနီး သေနာနိဂုံးတွင် သေနာနီသူကြွယ်အိမ်၌ မွေးဖွားသောကြောင့် သုဇာတာမည်သော သူကြွယ်သမီးသည် အရွယ်သို့ ရောက်လတ်သော် ထိုညောင်ပင်ရင်း၌ "အကျွန်ုပ်သည် အမျိုး

ဇာတ်တူ သူဌေး အိမ်သို့ရောက်၍ သားဦးယောကျ်ားလေး မွေးပါက အရှင်ညောင်ပင် စောင့်နတ်မင်းအား နှစ်စဉ် အဖိုးတစ်သိန်းတန်သော နို့ဃနာဖြင့် ပူဇော်မှုကို ပြုပါမည်”ဟု ဆုတောင်းခဲ့လေသည်။ ထိုသုဇာတာသည် ဆုတောင်းတိုင်း ပြည့်စုံခဲ့၏။ ထိုကြောင့် နှစ်စဉ် ထိုညောင်ပင်၌ နို့ဃနာဖြင့် ဗလိနတ်စာ ပူဇော်ပသမှုဖြစ်ခဲ့သည်။ သုဇာတာသည် ညောင်ပင်၌ ဗလိနတ်စာ နို့ဃနာဖြင့် ပူဇော်မှုပြုသည့် အချိန်သည် အလောင်းတော်မြတ် ဒုက္ကရစရိယာ ကျင့်ခဲ့သော ကာလ ခြောက်နှစ်ပြည့်မြောက်ခဲ့ပြီး ဆွမ်းခံကြွကာ ဆွမ်းအာဟာရ မျှတသည့် အချိန်နှင့် တိုက်ဆိုင်ခဲ့လေသည်။ သုဇာတာ သူဌေးကတော်သည် “ကဆုန် လပြည့်နေ့၌ စောစောပင် ဗလိနတ်စာ နို့ဃနာဖြင့်ပူဇော်မှုပြုပေအံ့”ဟု ကြံစည်ကာ စောစောထ၍ နွားမရှစ်ကောင်မှ နို့ကို ညှစ်သောအခါ သားငယ်ဖြစ်သော နွားကလေးများသည် အမိနို့စားနွားမ၏ နို့တိုင်အနီးသို့ မကပ်ရောက်ခဲ့ကုန်။ နို့ခံခွက်ကို နို့တိုင်အနီးသို့ ထည့်သွင်းခံယူလိုက်လျှင် မညှစ်ရဘဲ အလိုလို နို့ရည်များစီးကျလာခဲ့၏။ ထိုအံ့ဖွယ်ကို မြင်ရ၍ သုဇာတာ သူဌေးကတော်သည် မိမိလက်ဖြင့် နွားနို့ရည်ကို ယူ၍ အိုးသစ်၌ ထည့်ပြီးလျှင် မိမိလက်ဖြင့် မီးကို မွှေး၍ နို့ဃနာကို ကျိုချက်ခဲ့သည်။

## နတ်ဗြဟ္မာတို့ ကူညီကြခြင်း

သုဇာတာသူဌေးကတော်သည် နို့ဃနာကို ကျိုချက်သည်ရှိသော် ကြီးကုန်ကြီးကုန်သော အမြှုပ်ကြီးများထ၍ လက်ယာရစ်လှည့်လည်ကုန်၏။ နို့တစ်ပေါက်မှ အပြင်သို့ မကျရောက်ခဲ့။ မီးခိုးသည် ခုံလောက်အထက် အနည်းငယ်မျှပင် မတက်ခဲ့။ လောကကို စောင့်သော လောကပါလ နတ်မင်းကြီးလေးယောက် တို့သည် ခုံလောက်တို့၌ အစောင့်အရှောက်ကို ယူခဲ့ကုန်၏။ မဟာဗြဟ္မာကြီးက ထီးကို မိုးပေးခဲ့၏။ သိကြားမင်းက မီးစများကို ညီအောင်ညှိလျက် မီးကို တောက်စေခဲ့၏။ နတ်တို့သည် ကျွန်းငယ်နှစ်ထောင်အရံရှိသော ကျွန်းကြီး လေးကျွန်းတို့၌ နတ်လူများ သုံးစွဲကောင်းသော သြဇာကို မိမိတို့၏ နတ်တန်ခိုးဖြင့် တုတ်တံ၌ စွဲနေသော ပျားလပို့ကို ညှစ်၍ ပျားရည်ကို ယူသကဲ့သို့ ဆောင်ယူ ကြကုန်၍ ထိုနို့ဃနာအိုး၌ ထည့်ခဲ့ကြကုန်၏။

သူဌေးကတော် သုဇာတာသည် နို့ယနာကျို့ချက်ရာ၌ အံ့ဖွယ်များစွာကို တွေ့ခဲ့ရ၍ ပုဏ္ဏာမည်သော ကျွန်မကို ခေါ်ကာ "ပုဏ္ဏာ. . . ငါတို့၏ ညောင်ပင် စောင့်နတ်သည် ယနေ့ စိတ်ကြည်လင်ပုံရ၏။ ငါသည် အနှစ်နှစ်ဆယ်ကျော် ကာလအတွင်း ဤကဲ့သို့သော အံ့ဖွယ်မျိုးကို မမြင်စဖူး။ လျင်မြန်စွာ သွား၍ နတ်မင်း၏ နေရာညောင်ပင်ကို ရှင်းလင်းသုတ်သင်ပါလေ"ဟု ပြောဆို စေခိုင်း ခဲ့၏။ ပုဏ္ဏာကျွန်မသည် ညောင်ပင်သို့ရောက်သော် ညောင်ပင်ရင်း၌ အရှေ့ လောကဓာတ်ကို မျက်နှာပြုကာ ထိုင်နေတော်မူသော အလောင်းတော်ကို လည်းကောင်း၊ အလောင်းတော်၏ ကိုယ်မှထွက်သော အရောင်တို့ဖြင့် ညောင်ပင်တစ်ပင်လုံး ရွှေရောင်အဆင်း ဝါဝင်းနေသည်ကိုလည်းကောင်း တွေ့မြင်ခဲ့ရ၍ "ယနေ့ ငါတို့၏ ညောင်စောင့်နတ်မင်းသည် ညောင်ပင်မှ ဆင်းသက်၍ မိမိလက်ဖြင့်ပင်လျှင် ပူဇော်သက္ကာ ဗလိနတ်စာကို ခံယူရန် ထိုင်နေသည်"ဟု ထင်ခဲ့၏။ ထိတ်လန့် တုန်လှုပ်သွားခဲ့၏။ အိမ်သို့ လျင်မြန်စွာ ပြန်ခဲ့၍ သုဇာတာသူဌေးကတော်အား ထိုအကြောင်းကို ပြောကြားခဲ့လေ၏။

သုဇာတာသူဌေးကတော်သည် ကျွန်မ၏စကားကို ကြားရသောကြောင့် အလွန်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ "ပုဏ္ဏာ. . . သင်သည် ယနေ့မှစ၍ သမီးကြီးအရာ၌ တည်စေသတည်း"ဟု ပြောဆို၍ သမီးအား ထိုက်တန်သော အလုံးစုံသော တန်ဆာတို့ကို ပေးခဲ့သည်။ သုဇာတာသည် အဖိုးတစ်သိန်း ထိုက်တန်သော "ရွှေခွက်၌ နို့ယနာကို ထည့်အံ့"ဟု စိတ်အကြံဖြစ်ခဲ့သည်။ တစ်သိန်းတန်သော ရွှေခွက်ကို ထုတ်ယူ၍ ကျက်ပြီးသော နို့ယနာကို လောင်းထည့်ခဲ့၏။ အလုံးစုံသော နို့ယနာသည် ပဒုမ္မာကြာရွက်မှ ရေသည် လျှောကျသကဲ့သို့ လျှောကျကာ ရွှေခွက်၌ တည်ခဲ့၏။ ရွှေခွက်တစ်ခွက် ပြည့်ရုံမျှသာ ဖြစ်ခဲ့သည်။

သုဇာတာသူဌေးကတော်သည် ထိုနို့ယနာရွှေခွက်ကို အခြားရွှေခွက် တစ်ခွက်ဖြင့် ဖုံးအုပ်၍ ဖြူစင်သော အဝတ်ဖြင့် တန်ဆာဆင်ခဲ့၏။ ထို့နောက် ရွှေခွက်ကို ဦးခေါင်းထက်၌ ထား၍ ကြီးကျယ်သော အခမ်းအနားဖြင့် ညောင်ပင်ရင်းသို့ ကပ်ခဲ့၏။ ညောင်ပင်ရင်းသို့ ရောက်၍ အလောင်းတော်ကို မြင်ရသော် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ "ညောင်ပင်စောင့်နတ်မင်း" ဟူသော

အမှတ်သညာဖြင့် မြင်ရာအရပ်မှစ၍ ကိုယ်ကိုညွတ်လျက် သွားခဲ့၏။ ဦးခေါင်းမှ ရွှေခွက်ကိုချ၍ ဖွင့်ကာ ရွှေကရားဖြင့် နံ့သာမျိုးစုံ ထုံထားသော ရေကိုယူ၍ အလောင်းတော်ထံသို့ ချဉ်းကပ် ရပ်တည်ခဲ့လေသည်။ ယဋ္ဌိကာရဖြဟ္မာကြီး လှူဒါန်းသော သပိတ်တော်သည် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်နေစဉ် တစ်လျှောက် ပျောက်ကွယ်ခြင်းသို့ ရောက်ခဲ့လေသည်။ အလောင်းတော် သည် သပိတ်တော်ကို မမြင်ရသော် လက်ျာလက်ကို ဆန့်တန်း၍ ရေကိုခံယူခဲ့၏။ သုဇာတာသည် အလောင်းတော်၏ ကြည့်သောအခြင်းအရာကို မှတ်သား၍ "အို အရှင်. . . အကျွန်ုပ်သည် အရှင်တို့အား ရွှေခွက်နှင့်တကွသော နို့ဃနာကို လှူအပ်ပါပြီ။ ထိုရွှေခွက်ကို ခံတော်မူ၍ အလိုရှိသည့်အတိုင်း ပြုတော်မူပါ။ အကျွန်ုပ်တို့၏ စိတ်နှလုံးအလိုဆန္ဒသည် ပြည့်စုံပြီးမြောက် သကဲ့သို့ ထို့အတူ အရှင်တို့၏ စိတ်နှလုံးဆန္ဒသည်လည်း ပြီးမြောက်ပါစေ သတည်း"ဟု ပြောဆို ဆုတောင်း၍ ပြန်သွားခဲ့လေသည်။

**နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း**

အလောင်းတော်သည် ထိုင်နေရာမှ ထတော်မူ၍ ညောင်ပင်ကို လက်ယာရစ် လှည့်လည်မှုကို ပြုလျက် ရွှေခွက်ကို ယူပြီး နေရဉ္စရာမြစ်ကမ်းသို့ ကြွတော်မူခဲ့၏။ ထိုမြစ်၌ ရှေးက များစွာသော ဘုရားအလောင်းတော်တို့၏ ဘုရားဖြစ်မည့်နေ့၌ ဆင်းသက်၍ ရေချိုးရာဌာနဖြစ်သော "သုပတိဋ္ဌိတ" မည်သော ရေချိုးဆိပ် သည် ရှိခဲ့၏။ နေရဉ္စရာမြစ်ကမ်း၌ ရွှေခွက်ကို ချထား၍ သုပတိဋ္ဌိတရေဆိပ်သို့ ဆင်းသက်၍ ရေချိုးပြီးလျှင် သင်္ကန်းကို ဝတ်ရုံပြီး အရှေ့အရပ်သို့ မျက်နှာမူကာ ထိုင်တော်မူပြီးနောက် သုဇာတာ လှူဒါန်းသော ဃနာနို့ဆွမ်းကို ထန်းသီးမှည့် စေ့ခန့်ပမာဏရှိသော လေးဆယ့်ကိုးလုတ်ကို ဘုဉ်းပေးတော်မူခဲ့၏။ ထိုလေးဆယ့်ကိုးလုတ်သော နို့ဃနာဆွမ်းသည် ဘုရားဖြစ်တော်မူပြီးနောက် လေးဆယ့်ကိုးရက်ပတ်လုံး ဗောဓိပင်အနီး၌ သီတင်းသုံးနေထိုင်တော်မူသော ဘုရားရှင်အတွက် အာဟာရကိစ္စ ပြီးပြည့်စုံခဲ့၏။ ထိုလေးဆယ့်ကိုးရက် အတွင်း အခြားအာဟာရသည် မရှိခဲ့။ ရေချိုးခြင်း၊ မျက်နှာသစ်ခြင်း၊ ကိုယ်လက် သုတ်သင်ခြင်းတို့သည်လည်း မရှိကုန်။ ဈာန်မဂ်ဖိုလ် သမာပတ် ချမ်းသာဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သည်။

## ရွှေခွက် မျှောတော်မူခြင်း

အလောင်းတော်သည် ထိုနို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးသောအခါ ရွှေခွက်ကိုယူ၍ "ငါသည် ယနေ့ အကယ်၍ ဘုရားဧကန်ဖြစ်ပါမူ ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၍ ရွှေခွက်ကို မြစ်ရေကြောသို့ မျှောခဲ့၏။ ထိုရွှေခွက်သည် ရေအလျဉ်ကို ဖြတ်လျက် မြစ်လယ်သို့ သွားကာ မြစ်၏အလယ်၌သာလျှင် အဟုန်နှင့်ပြည့်စုံသော မြင်းကဲ့သို့ အတောင်ရှစ်ဆယ်ခန့်ရှိသော ရေညာအရပ်သို့ ဆန်တက်ကာ ရေဝဲဇလုပ်၌ နစ်မြုပ်ခဲ့ပြီး ကာဠနဂါးမင်း၏ဘုံဗိမာန်သို့ရောက်ခဲ့၏။ ထိုနဂါးမင်း၏ဘုံဗိမာန်၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားသုံးဆူတို့ ဘုရားဖြစ်မည့်နေ့၌ အသုံးပြုခဲ့သော ရွှေခွက်သုံးလုံးတို့ကို ထိ၍ "ကလိ၊ ကလိ"ဟု မြည်ကာ ထိုရွှေခွက်သုံးလုံးတို့၏ အောက်၌တည်ခဲ့၏။ ကာဠနဂါးမင်းသည် ထိုရွှေခွက်ထိသံကို ကြားရ၍ ယမန်နေ့က ဘုရားတစ်ဆူပွင့်၍ ယနေ့လည်း ဘုရားတစ်ဆူပွင့်ပြန်ပြီ"ဟု ပြောဆို၍ များစွာသော ပုဒ်တို့ပါရှိသည့် ဂါထာတို့ဖြင့် ချီးမွမ်းထောမနာပြုကာ ထခဲ့၏။

အလောင်းတော်သည် နေရဥ္စရာမြစ်ကမ်းနား၀ယ် အလွန်မွှေးကြိုင်ရန့်လှိုင်သော ပန်းတို့ပွင့်လျက် စိမ်းလဲ့ညိုမှိုင်း မြင်သူတိုင်း နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော အင်ကြင်းတော၌ နေ့သန့်တော်မူကာ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်တော်မူ၍ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေတော်မူခဲ့သည်။ ညနေချမ်းအချိန်သို့ ရောက်သောအခါ နတ်ဗြဟ္မာတို့ တန်ဆာဆင်ထား၍ ရှစ်ဥသဘကျယ်သော နတ်လမ်းမဖြင့် ခြင်္သေ့မင်းကဲ့သို့ တင့်တယ်သပ္ပါယ်သော အသွင်ဖြင့် မဟာဗောဓိပင်သို့ ရှေ့ရှုကြွတော်မူခဲ့သည်။ ထိုအခါ နတ်နဂါး၊ ဘီလူး၊ ဂန္ဓဗ္ဗနတ်တို့သည် နတ်၌ဖြစ်သော ပန်းနံ့သာ အမွှေးအထုံတို့ဖြင့် ကြဲဖြန့်ပူဇော်ခဲ့ကြကုန်၏။ နတ်သီချင်းတို့ကိုလည်း သီဆိုခဲ့ကြကုန်၏။ စကြဝဠာပေါင်း တိုက်တစ်သောင်းလုံးလည်း နတ်ဗြဟ္မာတို့၏ ကြွေကြော်ဟစ်ကြွေး၊ ကောင်းချီးပေးသော အသံတို့ဖြင့် ဖုံးလွှမ်းခဲ့၏။

## သောတ္ထိယ မြက်ထမ်းပုဏ္ဏားထံမှ မြက်ရှစ်ဆုပ်အလှူခံခြင်း

ထိုအခါ သောတ္ထိယမည်သော မြက်ထမ်းယောကျာ်းသည် မြက်တို့ကို ထမ်း၍ ခရီးလမ်းရင်ဆိုင်လာသည်ရှိသော် အလောင်းတော်သူမြတ်၏ အခြင်းအရာကို သိ၍ မြက်ရှစ်ဆုပ်ကို ပေးလှူတော်မူခဲ့၏။ အလောင်းတော် သူမြတ်သည် မြက်ရှစ်ဆုပ်တို့ကို ယူဆောင်တော်မူ၍ မဟာဗောဓိပင်၏ တောင်ဘက်မှ မြောက်ဘက်အရပ်သို့ မျက်နှာမူ ရပ်တော်မူခဲ့သည်။ ထိုခဏ၌ စကြဝဠာတောင်ပိုင်းသည် အောက်သို့နိမ့်ရှိုင်းကာ မဟာအဝီစိသို့ ထိအံ့ သကဲ့သို့ တည်ခဲ့၏။ စကြဝဠာမြောက်ပိုင်းကား ဘဝဂ်သို့ ခိုက်အောင် ပျံတက်အံ့သကဲ့သို့ မြင့်တက်ခဲ့လေ၏။ ထိုအခါ အလောင်းတော်သည် "ဤအရပ်သည်ကား အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်သို့ ရောက်ရန် အရပ်မဟုတ်နိုင်"ဟု ဆင်ခြင်ကာ ဗောဓိပင်ကို လက်ျာရစ်လှည့်တော်မူခဲ့၏။ တစ်ဖန် အနောက်မျက်နှာသို့ ကြွခဲ့၍ အရှေ့အရပ်သို့ ရှေးရှုမျက်နှာမူကာ ရပ်တော်မူခဲ့ပြန်သည်။ ထိုသို့ရပ်သည့်အခါ၌လည်း စကြဝဠာ အနောက်ဘက်သည် နိမ့်ရှိုင်း၍ အရှေ့ပိုင်းသည် မြင့်တက်ခဲ့ပြန်သည်။ ဤအရပ်သည်လည်း သဗ္ဗညုတဉာဏ်၏ ကြည်ရာအရပ်မဟုတ်ဟု ဆင်ခြင်၍ ဗောဓိပင်ကို လက်ယာရစ်လှည့်၍ ကြွသွား ခဲ့ပြန်သည်။ တစ်ဖန်မြောက်မျက်နှာ အရပ်သို့ ကြွသွားခဲ့၍ တောင်ဘက်သို့ မျက်နှာမူရပ်တော်မူခဲ့ပြန်သည်။ ထိုသို့ ရပ်သည့် အချိန်၌လည်း ရှေ့ကအရပ်များ အတိုင်းပင် မြောက်ဘက်က နိမ့်ရှိုင်း၍ တောင်ဘက်ကမြင့်တက်ခဲ့ပြန်ပါသည်။ အလောင်းတော်မြတ်သည် ဗောဓိပင်ကို ဆက်လက်၍ လက်ယာရစ်လှည့်ကာ အရှေ့အရပ်သို့ ကြွသွားတော်မူပြီး အနောက်အရပ်သို့ ရှေးရှုမျက်နှာမူကာ ရပ်တော်မူခဲ့သည်။

## ပလ္လင်တော်၌ ထိုင်နေတော်မူခြင်း

မဟာဗောဓိပင်၏ အရှေ့အရပ်ဝယ် ခပ်သိမ်းသော ဘုရားရှင်တို့၏ **အပရာဇိတပလ္လင်**ပေါက်ရာ အရပ်သည် **အဝိဇဟိတ ဌာန**ဖြစ်သောကြောင့် မတုန်မလှုပ် တည်နေခဲ့သည်။ အလောင်းတော်သူမြတ်သည် "ဤအရပ်သည်ကား ခပ်သိမ်းသော ဘုရားရှင်တို့၏ ကိလေသာတို့ကို ဖြိုဖျက်ရာ အောင်မြေ အရပ် မှန်ပေသည်"ဟု သိရှိတော်မူ၍ ယူဆောင်ခဲ့သော မြက်ရှစ်ဆုပ်တို့ကို

အဖျားမှကိုင်ကာ ကြဲဖြန့်တော်မူခဲ့၏။ ထိုသို့ ကြဲဖြန့်လိုက်သော ခဏာ၌ပင် တစ်ဆယ့်လေးတောင်ပမာဏရှိသော အပရာဇိတပလ္လင်တော်သည် ဖြစ်ပေါ်၍ လာခဲ့လေသည်။ ဘဝများစွာ ဖြည့်ကျင့်ခဲ့သည့် ပါရမီတော်အစွမ်းကြောင့် ထိုမြက်ရှစ်ဆုပ်တို့သည် မြက်အသွင်ကွယ်ပျောက်၍ ပန်းချီပန်းပုဆရာတို့ ထုလုပ်ခြင်းငှာ မစွမ်းသာသော အလွန်အံ့ဩဖွယ်ကောင်းသည့် ပလ္လင်သဏ္ဌာန် ပေါ်ပေါက်လာတော့သည်။ အလောင်းတော် သူမြတ်သည် မဟာဗောဓိပင်ကို ကျောထောက်နောက်ခံထား၍ အရှေ့အရပ်သို့ ရှေးရှု မျက်နှာပြုတော်မူလျက် မြဲမြံသော စိတ်ထားဖြင့်—

> "အရေမျှ ကျန်လိုက ကျန်စေ၊ အကြောမျှ ကျန်လိုက ကျန်စေ၊ အရိုးမျှ ကျန်လိုက ကျန်စေ၊ အသား အသွေးအားလုံး ခြောက်၍ သွားလိုကသွားပါစေ၊ ငါသည် ဘုရားမဖြစ်က ဤယခု ဖွဲ့ခွေထားသော တင်ပလ္လင်ကို အဘယ်နည်း နှင့်မျှ မဖျက်တော့"

ဟုအင်္ဂါလေးပါးရှိသော ဝီရိယဖြင့် ဆောက်တည်ကာ အရာအထောင်သော မိုးကြိုးစက်တို့ စုပေါင်းကျရောက်သော်လည်း မပျက်စီးဘဲ ရန်သူတို့ကို အောင်ပွဲယူမည့် အပရာဇိတ ပလ္လင်ထက်၌ တင်ပလ္လင်ခွေ ထိုင်နေတော် မူခဲ့လေသည်။

**မာရ်နတ်စစ်သည်တို့ ချီတက်လာခြင်း**

အလောင်းတော်သည် မဟာဗောဓိပင်ရင်းရှိ အပရာဇိတပလ္လင်တော်၌ သဗ္ဗညုတဉာဏ်ကို ရယူရန် ထိုင်နေတော်မူသည်။ သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကိုမှုတ်၍ ပူဇော်ရပ်တည်လာခဲ့၏။ ပဉ္စသိခ နတ်သားသည် ဗေဠုဝစောင်းကိုတီးလျက်၊ သုယာမနတ်မင်းသည် သားမြီးယပ်ကိုခပ်လျက်၊ သန္တုဿိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကိုခပ်လျက်၊ သဟမ္ပတိဗြဟ္မာမင်း သည် သုံးယူဇနာရှိသော ထီးဖြူကို မိုးလျက်၊ ကာဠနဂါးမင်းသည် ကချေသည် နဂါးမရှစ်သောင်းခြံရံကာ ချီးမွမ်းထောမနာ ဂါထာများကို သီဆိုရင့်ကျူးလျက် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့သည် အမွှေးနံ့သာ အခိုး အထုံတို့ကို ကြဲဖြန့်လျက် ပူဇော်ရပ်တည် လာခဲ့ကြကုန်၏။

ထိုအခါ မာရ်နတ်သည် "ဤသိဒ္ဓတ္ထမင်းသားသည် ငါ၏ နယ်ပယ် ဘုံသုံးပါးမှ လွန်မြောက်ရန် ကြိုးစားအားထုတ်နေလေပြီ၊ ဘုံသုံးပါးတည်းဟူသော နယ်ပယ်မှ လွန်မြောက်ရန် အခွင့်အရေး ဘယ်နည်းနဲ့မျှ မပေးနိုင်"ဟု ကြံစည်ကာ မိမိနေထိုင်ရာ ဝသဝတ္တီနတ်ပြည်သို့သွား၍ မာရ်စစ်သည် ဗိုလ်ပါတို့ကို စုဝေးစေပြီး "အချင်းတို့ . . . ကြောက်မက်ဖွယ်ကောင်းသော အဆင်းကို ဖန်ဆင်းကြကုန်၍ တစ်ဦးတစ်ဦးလျှင် လက်နက်တစ်မျိုးစီ ကိုင်ဆောင်ကာ သိဒ္ဓတ္ထမင်းသား ရှိရာအရပ်သို့ သွားရောက်ဖျက်ဆီးကြကုန်" ဟု စေခိုင်းခဲ့သည်။ ၎င်းကမူ ယူဇနာတစ်ရာ့ငါးဆယ်ရှိသော ဂိရိမေခလာဆင်ကို စီး၍ လက်တစ်ဖက်လျှင် လက်နက်တစ်မျိုးစီဖြင့် လက်နက်မျိုးပေါင်း တစ်ထောင်ကို ကိုင်စွဲ လိုက်ပါလာခဲ့သည်။ အလောင်းတော်ထံ ချီတက်လာသော မာရ်နတ်စစ်တပ် ကြီးကား မာရ်နတ်၏ရှေ့မှ တစ်ဆယ့်နှစ်ယူဇနာ၊ လက်ယာဘက်မှ တစ်ဆယ့်နှစ် ယူဇနာ၊ လက်ဝဲဘက်မှ တစ်ဆယ့်နှစ်ယူဇနာ၊ အထက်၌ ကိုးယူဇနာရှိ၍၊ နောက်မျက်နှာကမူ စကြဝဠာတိုက် အဆုံးတိုင်အောင် များပြားခဲ့၏။

ဤသို့ မာရ်နတ်စစ်တပ်ကြီး ဗောဓိမဏ္ဍိုင်သို့ ရှေးရှုချီတက် လာလေလျှင် အလောင်းတော်အား ပူဇော်လျက်ရှိကြကုန်သော နတ်ဗြဟ္မာတို့သည် တစ်ဦးတစ်ယောက်မျှ ကြံ့ကြံ့ခံ ရပ်တည်နိုင်ခြင်း မရှိခဲ့ကြကုန်။ မျက်နှာမူရာ အရပ်သို့ ထွက်ပြေးခဲ့ကြကုန်၏။ ဗောဓိပင်၏ အနီးအပါး၌ ရပ်တည်၍ နေဝံ့သူ၊ တစ်စုံတစ်ယောက်မျှ မရှိခဲ့တော့ချေ။ ထိုအချိန်၌ အလောင်းတော် သူမြတ်သည် ဆိတ်ငြိမ်သော ဗိမာန်အတွင်း၌ ဗြဟ္မာမင်းကြီးတစ်ဦးတည်းသာ နေသကဲ့သို့ တစ်ပါးတည်းသာလျှင် နေတော်မူခဲ့လေသည်။ အလောင်းတော်သည် မာရ်နတ်၏ စစ်သည်တို့ ရှေးရှုလာသည်ကို မြင်လေလျှင် "ဤမျှများပြားသော မာရ်နတ်၏ စစ်သည်တို့သည် ငါတစ်ဦးတည်းကို ရည်စူးကာ ကြီးစွာသော လုံ့လပြုခဲ့ကြကုန်၏။ ဤအရပ်၌ ငါ၏ အမိ၊ အဖ၊ ညီအစ်ကို မောင်နှမ ဆွေမျိုးသားချင်း မရှိခဲ့၊ ငါဆည်းပူးခဲ့သော ပါရမီဆယ်ပါး တရားတို့သည် သာလျှင် ငါ၏ အခြံအရံပရိသတ် ဖြစ်ချေသည်။ ငါ၏ ပါရမီ ဆယ်ပါး ရဲမက်များကိုသာ အားကိုးအားထားပြု၍ ပါရမီ လက်နက်ဖြင့်ပင် မာရ်နတ်၏

စစ်သည်တို့ကို ဖျက်ဆီး၍ အနိုင်ယူရတော့မည်” ဟု နှလုံးသွင်းကာ ပြုခဲ့သော ပါရမီတော်တို့ကို စဉ်းစားဆင်ခြင်၍ နေတော်မူခဲ့လေသည်။

**လက်နက်ကြီး ကိုးမျိုးဖြင့် တိုက်ခိုက်ခြင်း**

## (က) လေမုန်တိုင်းလက်နက်

မာရ်နတ်သားသည် အလောင်းတော်သူမြတ်အား လက်နက်ကြီး ကိုးမျိုးဖြင့် ပစ်လွှင့်တိုက်ခိုက်ခဲ့ရာ ရှေးဦးစွာ လေမုန်တိုင်းကို တိုက်ခတ်စေခဲ့၏။ ထိုခဏ၌ အရှေ့အနောက်တောင်မြောက် ဝဲယာမှ လေတို့ သည် ဖြစ်ပေါ် ထကြွလာခဲ့ကြ ကုန်၏။ ထိုလေမုန်တိုင်းသည် တစ်ယူဇနာမှ သုံးယူဇနာအထိ ပမာဏရှိသော တောင်ထွတ်တောင်ရံတို့ကို ဖြိုခွဲဖောက်ထွင်းကာ တော၊ တောင်၊ ချုံနွယ်ပိတ်ပေါင်းနှင့်တကွ ရွာနိဂုံးတို့ကို ပြားပြားဝပ်အောင် တိုက်ခတ် နိုင်စွမ်းရှိသော်လည်း အလောင်းတော်သူမြတ်၏ ကောင်းမှုရှိန်စော် တန်ခိုးတော်ကြောင့် သင်္ကန်းနားကိုမျှပင် တုန်လှုပ်စေခြင်းငှာ မစွမ်းနိုင်ခဲ့။

## (ခ) ရေအလျဉ်လက်နက်

မာရ်နတ်သားသည် လေမုန်တိုင်းဖြင့် အလောင်း တော်ကို ချောက်ချားမှု မပြုနိုင်ခဲ့၍ နှလုံးမသာမယာဖြစ်ကာ “ကြီးစွာသော ရေအလျဉ်ဖြင့် သတ်အံ့” ဟု ကြံစည်လျက် မိုးတိမ်တို့ကို ခဏချင်းတက်စေကာ မိုးကြီးသည်းစွာ ရွာသွန်း စေခဲ့သည်။ ထိုရေအလျဉ်သည် မဟာပထဝီမြေကြီးကို အပေါက်ကြီး များဖြစ် အောင် တောဖျား တောင်ဖျား သစ်ပင်ဖျားတို့ကို တိုက်စားလွှမ်းမိုးအောင် စွမ်းဆောင်နိုင်သော်လည်း အလောင်းတော်သူမြတ်အား သင်္ကန်းတော် ချည်တစ်မျှင်ကိုမျှ စိုစွတ်အောင် မစွမ်းဆောင်နိုင်ခဲ့။

## (ဂ) ကျောက်ခဲမိုးလက်နက်

မာရ်နတ်သားသည် လေ၊ ရေတို့ဖြင့် အလောင်းတော်ကို နှိပ်စက်သော် လည်း အလောင်းတော်၏ ပါရမီရှိန်စော် အာနုဘော်ကြောင့် ထိခိုက်မှုမရှိ။ ပကတိ ချမ်းမြေ့စွာ သီတင်းသုံးနေတော် မူသည်ကို မြင်ပြန်သော် စိတ်နှလုံး မသာမယာဖြင့် ကျောက်ခဲမိုးကို ရွာစေခဲ့ပြန်သည်။ ကြီးစွာသော ကျောက်ခဲ တုံးကြီးများသည် တော၊ ဘွတ်ကြီး များပမာ အခိုးအလျှံထွက်ကာ ကောင်းကင်

ခရီးဖြင့် လိမ့်လာခဲ့ကြကုန်၍ အလောင်းတော်အနီးသို့ ရောက်သောအခါ နတ်၌ဖြစ်သော ပန်းကုံးပန်းလုံး ကြီးများ အဖြစ်သို့ ရောက်ခဲ့ပြန်လေသည်။

## (ဃ) ဓားစသောလက်နက် (လက်နက်မိုး)

ထို့နောက် မာရ်နတ်သားသည် လက်နက်မိုးကို ရွာသွန်းစေခဲ့ပြန်သည်။ တစ်ဖက်အသွား၊ နှစ်ဖက်အသွားရှိသော ဓားလှံစသော လက်နက် အမျိုးမျိုးတို့သည် အခိုးအလျှံလွှတ်ကာ ကောင်းကင်မှလာခဲ့ကြကုန်၍ အလောင်းတော်၏ အထံသို့ရောက်သော် မဟာဗောဓိမဏ္ဍိုင်အဝန်း၌ မုလေးပန်းစသည် အဖြစ် ကျရောက်လာခဲ့ကြကုန်၏။

## (င) မီးကျီးခဲမိုးလက်နက်

ထိုနောက်မှ တစ်ဖန် မာရ်နတ်သားသည် မီးကျီးခဲမိုးကို ရွာစေခဲ့ပြန်သည်။ ပေါက်ပန်းပွင့် အသွင်ရှိသော မီးကျီးခဲတို့သည် ကောင်းကင်ခရီးဖြင့် လာခဲ့ကြပြီးလျှင် ဘုရားအလောင်းတော်၏ ခြေတော်ရင်း၌ နတ်၌ဖြစ်သော ပန်းအသွင်ဖြင့် ဖရိုဖရဲကြဲပြန့်ခဲ့ကြကုန်၏။

## (စ) ပြာပူမိုးလက်နက်

ထိုနောက် တစ်ဖန် ပြာပူမိုးကို ရွာစေခဲ့ပြန်သည်။ မီး၏အဆင်းရှိ၍ အလွန်ပူပြင်းသော ပြာပူသည် ကောင်းကင်ခရီးဖြင့် လာပြီးလျှင် အလောင်းတော်၏ ခြေတော်ရင်း၌ စန္ဒကူးမှုန့် အသွင်ဖြင့် ကျရောက်ခဲ့လေသည်။

## (ဆ) သဲပူမိုးလက်နက်

ထိုနောက်မှတစ်ဖန် သဲပူမိုးကို ရွာစေခဲ့ပြန်သည်။ အလွန်သိမ်မွေ့နူးညံ့သော သဲမှုန့်တို့သည် အခိုးအလျှံ လွှတ်ကာ ကောင်းကင်မှလာပြီးလျှင် ဘုရားအလောင်းတော်၏ ခြေတော်ရင်း၌ နတ်ပန်းများအသွင်ဖြင့် ကျရောက်ခဲ့ကြကုန်သည်။

## (ဇ) ညွန်မိုးလက်နက်

ထို့နောက် တစ်ဖန် ညွန်မိုးကို ရွာသွန်းစေခဲ့ပြန်သည်။ ထို့ရွှံ့ညွန်သည်လည်း အခိုးအလျှံလွှတ်ကာ ကောင်းကင်မှ လာရောက်ခဲ့၍ အလောင်းတော် မြတ်၏ ခြေတော်ရင်း၌ နတ်၌ဖြစ်သော နံ့သာပျောင်းဖြစ်ကာ ကျရောက်ခဲ့ကြပြန်သည်။

## (ဈ) အမိုက်မှောင်လက်နက်

မာရ်နတ်သားသည် ၎င်းပစ်လွှတ်ခဲ့သော လက်နက်များသည် အလောင်းတော်သူမြတ်ကို ထိခိုက်မှုမရှိခဲ့သည့်အပြင် ပန်းပေါက်ပေါက်များ အသွင်ဖြင့် ဘုရားအလောင်းထံမှောက် ရောက်ခဲ့ကြကုန်၍ အမိုက်မှောင်ဖြင့် ချောက်လှန့်၍ ပြေးစေတော့အံ့ဟု ကြံရွယ်ပြီး အမိုက်မှောင်ကြီးကို ဖြစ်စေခဲ့၏။ ထိုမာရ်နတ်မင်း ဖန်ဆင်းခဲ့သော အမိုက်မှောင်ကြီးသည် လကွယ်မိုးမှောင် သန်းခေါင် တောလယ် အင်္ဂါလေးပါးရှိသော အမိုက်မှောင်ကြီးကဲ့သို့ ဖြစ်၍ အလောင်းတော်ထံမှောက် ရောက်သော် အမှောင်ကိုခွင်း အလင်းကို ဆောင်သည့် နေရောင်နှင့် တွေ့ထိရသကဲ့သို့ အမိုက်မှောင်သည် ပျောက်ကွယ်ခဲ့တော့သည်။

**မာရ်နတ်သား စက်လက်နက်များ လွှတ်ပြန်ခြင်း**

မာရ်နတ်သားသည် လက်နက်ကြီး ကိုးမျိုးတို့ကို လွှတ်၍ တိုက်ဖျက်သော်လည်း အရာမရောက်သဖြင့် နောက်ထပ်တစ်ဖန် ဥက္ကာကျအောင် ပြုခဲ့ပြန်သည်။ ဥက္ကာကျခြင်းကြောင့် စကြဝဠာတိုက်တစ်သောင်းလုံး အခိုးတွေ ဖုံး၍ နေကုန်၏။ ကောင်းကင်တစ်ခုလုံး မိုးတိမ်မရှိဘဲ မိုးချုန်းနေခဲ့သည်။ မိုးကြိုးပေါင်း မြောက်မြားစွာတို့ ကျရောက်ခဲ့ကုန်၏။ သို့သော် ဘုရားအလောင်းကို တစ်စုံ တစ်ရာ မထိခိုက်ခဲ့။ သိဒ္ဓတ္ထမင်းသား၏ ဦးခေါင်းကို ထောင်းထောင်း ပြတ်ကြွေ မြေသို့ ခစေရမည်ဟု ကြံစည်၍ စက်လက်နက်ကို တစ်ဖန်လွှတ်ခဲ့ပြန်၏။ ထိုစက်လက်နက်သည် မြေ၌ ပစ်လွှင့်က တစ်ဆယ့်နှစ်နှစ်ကြာ မြက်မပေါက်၊ ကောင်းကင်၌ ပစ်လွှင့်က တစ်ဆယ့်နှစ်နှစ်ပတ်လုံး မိုးရေမကျ၊ မိုးခေါင်၏။ မြင်းမိုရ်တောင်ကို ပစ်လွှတ်က မြင့်မိုရ်တောင် နှစ်ခြမ်းကွဲ ကျနိုင်သည်။ ထိုစက်လက်နက်သည် ကောင်းကင်မှ မိုးကြိုးထစ်ချုန်းသကဲ့သို့ လာပြီးလျှင် ဘုရားရှင်၏ ခြေရင်း၌ ခွေ၍ကျခဲ့လေသည်။

**မာရ်စစ်သည်တို့ကို တိုက်ခိုက်စေရန် တိုက်တွန်းခြင်း**

ထိုအခါ မာရ်နတ်သားသည် အလောင်းတော်ကို ပြေးစေခြင်းငှာ မတတ်နိုင်သဖြင့် လွန်မင်းစွာ အမျက်ထွက်ပြီးလျှင် "အချင်းတို့ အဘယ့်ကြောင့်

တည်နေ ကြကုန်သနည်း၊ ဤသိဒ္ဓတ္ထမင်းသားကို ဖမ်းကြကုန်လော့၊ သတ်ကြကုန်လော့၊ ပြေးစေကြပါကုန်လော့”ဟု သူ၏ စစ်တပ်ကို စေခိုင်းခဲ့၏။ မာရ်နတ်ကိုယ်တိုင်လည်း ဂိရိမေခလာဆင်ကို တက်စီးကာ ဘုရား အလောင်းတော်သို့ ကပ်ရောက်ပြီးလျှင် “အို သိဒ္ဓတ္ထမင်းသား. . . ဤရတနာ ပလ္လင်မှ ထသွားပါလော့။ ဤပလ္လင်တော်သည် သင့်အတွက်မဟုတ်။ ငါ၏ အတွက်သာ ဖြစ်ချေသည်”ဟု ကြိမ်းဝါး ပြောဆိုခဲ့လေသည်။ အလောင်းတော် သူမြတ်သည် မာရ်နတ်၏ စကားကို ကြားရသောအခါ “အို မာရ်နတ်သား. . . သင်သည် ပစ္စည်းဥစ္စာ၊ ပြည်ရွာသားမယားတို့ကို ပေးလှူခြင်းဟူသော ပါရမီဆယ်ပါး၊ ဇီဝိန်အသက်ကိုပင် ပေးလှူခြင်းဟူသော ပရမတ္ထပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်ခဲ့သူမဟုတ်။ ဖြည့်ကျင့်ရန်လည်း သင်အားမထုတ်ခဲ့။ ငါသည်သာလျှင် ထိုပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဘဝပေါင်းများစွာ အရိုးကြေကြေ အရေခန်းခန်း ဖြည့်ကျင့်အားထုတ်ခဲ့ပါ၏။ အလွန်တရာ ပြုနိုင်ခဲသည့် ကိုယ်ခန္ဓာနှင့် ပြည်ရွာသားမယားဥစ္စာအားဖြင့် ငါးပါးသော စွန့်ခြင်းကြီးတို့ကိုလည်း မငဲ့ကွက် မညှာတာ စွန့်လှူခဲ့ပါသည်။ ဤပလ္လင်တော် သည် ပါရမီတော်တို့ကြောင့်သာ ဖြစ်ပေါ်လာသော ပလ္လင်ဖြစ်၍ သင်နှင့် မထိုက်။ ငါနှင့်သာ ထိုက်ပါသည်။ ဤပလ္လင်သည် သင့်အတွက်မဟုတ်။ ငါ့အတွက်သာ ဖြစ်ပါသည်”ဟု မေတ္တာရှေ့ထား ပြောကြားခဲ့လေသည်။

အလောင်းတော်သည် ဆက်လက်၍ မာရ်နတ်သားအား မေးမြန်းခဲ့ပါသည်။ “ဟယ် မာရ်နတ်. . . သင်သည် ပါရမီတော်တို့ကြောင့် အလိုလို ပေါက်လာသော ဤပလ္လင်ကို သင့်ပလ္လင်ဟု ဆိုချေ၏။ သင်သည် ဒါနစသော ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ သင့်အား သက်သေအထောက်အထား ရှိပါ သလား”ဟု မေးခဲ့လေသည်။ ထိုအခါ မာရ်နတ်က “ဤမျှလောက် ရှိကုန်သော မာရ်စစ်သည်ဗိုလ်ပါအပေါင်းတို့သည် ငါ၏သက်သေဖြစ်၏”ဟု ပြောဆို၍ မာရ်နတ်သည် မာရ်စစ်သည်ဗိုလ်ပါတို့သို့ ရှေးရှုလက်ကို တန်းခဲ့၏။ ထိုခဏ၌ မာရ်နတ်၏ စစ်တပ် ပရိသတ်သည် “ငါတို့သည် သက်သေ ဖြစ်ကြောင်း” ဝန်ခံပြောဆိုသောအသံသည် မြေပြိုသောအခါ ဖြစ်ပေါ်လာသော အသံကဲ့သို့ ဖြစ်ခဲ့လေသည်။ ထိုအခါ မာရ်နတ်သားသည် အလောင်းတော်မြတ်ကို “သိဒ္ဓတ္ထမင်းသား. . . သင်သည် ဒါနစသော ပါရမီတို့ကို ဖြည့်ကျင့်လှူဒါန်း

ခဲ့သည်ဟု ဆိုခဲ့သည်။ ထိုသို့ ဖြည့်ကျင့်လျှဒါန်းမှု၌ သင့်မှာလည်း သက်သေရှိပါသလော”ဟု မေးခဲ့လေသည်။ အလောင်းတော် သူမြတ်သည် “ဟယ် မာရ်နတ်. . . သင်ကား သင့်ပရိသတ်ကို မတရား သက်သေခံ စေခဲ့ လေပြီ၊ ဤမြေကြီးကား သင့်အားလည်းကောင်း၊ ငါ့အား လည်းကောင်း သမာသမတ်ညီမျှသော မြေကြီးဖြစ်ချေသည်။ စေတနာလည်း မရှိ၊ သင်နှင့်ငါ့အဖို့ သမာသမတ်ညီမျှ၍ လုံးဝစေတနာ မရှိသော ဤမြေကြီးသည် ယခုပင်လျှင် ငါ၏သက်သေဖြစ်ပါလိမ့်မည်”ဟု မိန့်တော်မူကာ လက်ယာ လက်တော်ကို သင်္ကန်းတွင်းမှထုတ်လျက် မဟာပထဝီ မြေကြီးကို ရှေးရှု ညွှန်ပြတော်မူခဲ့လေသည်။

**မဟာပထဝီမြေကြီးက သက်သေပြုခြင်း**

ထိုခဏမှာပင် မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်လည်ကာ သည်းထန်စွာ မြည်ဟည်းခဲ့၏။ မြေကြီး၏ အသံသည် ကောင်းကင်တစ်ခွင်လုံး မိုးချုန်းသကဲ့သို့ ဖြစ်ခဲ့လေသည်။ မြင်းမိုရ်တောင်ကိုရံ၍ တည်သော တောင်စဉ်ခုနစ်ထပ်နှင့်တကွ ဟိမဝန္တာတောင်စသည် တို့သည် လည်းကောင်း၊ စကြဝဠာတိုက်အလုံးသည်လည်းကောင်း၊ ကြောက်လန့်ဘနန်း ကြောက်မက်ဖွယ် ထစ်ချုန်း၍ မီးပေါက်မီးပွား တဖွားဖွား၊ တဖြုန်းဖြုန်းကျလာခဲ့ကုန်၏။ မာရ်နတ်သားသည် အားထားကိုးကွယ်ရာမရှိ၊ အလွန်အမင်း ကြောက်လန့်ရကား စစ်တံခွန်ကြီးကိုလှဲကာ ထိုနေရာမှာပင် လက်နက်တစ်ထောင်ကိုလည်း စွန့်ပစ်ခဲ့၍ ဆင်ကြီးကိုလည်း ပြန်မကြည့်ဘဲ ဦးတည်ရာသို့ ရှေးရှုအားသွန်ပြေးခဲ့လေတော့သည်။ မာရ်နတ်ပြေးလျှင် မာရ်စစ်တပ်ကြီးသည်လည်း ဖရိုဖရဲပြိုကွဲပျက်စီးကာ ဝသဝတ္တီနတ်ပြည်သို့ ပြန်ပြေးကြကုန်၏။

**နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခြင်း**

မြတ်စွာဘုရား အလောင်းတော်သည် ကဆုန်လပြည့် နေမဝင်မီပင် ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူခဲ့သည်။ ထိုခဏ၌ မာရ်နတ်လာစဉ်က ပြေးကြကုန်သော နတ်ဗြဟ္မာတို့သည် မာရ်နတ်စစ်တပ်ကြီး ဖရိုဖရဲပြိုကွဲပျက်စီးသွားသည်ကို တွေ့မြင်ကြရလေလျှင် “မာရ်နတ်ကား ရှုံးလေပြီ၊

သိဒ္ဓတ္ထမင်းသားကား အောင်လေပြီ၊ အောင်ပွဲ ပူဇော်မှုကို ငါတို့ပြုကြကုန်အံ့" ဟု နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်တို့နှင့်တကွ နတ်ပြဟ္မာအပေါင်းတို့သည် ကောင်းချီး ပေးကာ ကြွေးကြော် ကြကုန်လျက် နံ့သာပန်းစသည်တို့ကို လက်စွဲကုန်ပြီး အလောင်းတော်စံရာ မဟာဗောဓိပလ္လင်သို့ တညီတညွတ်တည်း စုဝေး ရောက်လာခဲ့ကြကုန်၏။

**နတ်ပြဟ္မာတို့က ကြွေးကြော်ခြင်း**

မဟာဗောဓိပလ္လင်သို့ စုဝေးရောက်ရှိလာကြကုန်သော နဂါး၊ ဂဠုန်၊ ဂုမ္ဘဏ်၊ အသုရာ၊ နတ်ပြဟ္မာစသည်တို့သည် "ဤယနေ့ ဤအောင်ပွဲသည် အသရေတော်ပြည့်ဝ မြတ်ဗုဒ္ဓ၏ ပါရမီဓာတ်ခံ ရင့်သန်မှုကြောင့် ရရှိခဲ့သော ခြိမ့်ခြိမ့်သဲသဲ မြတ်အောင်ပွဲတည်း။ စိတ်ထားယုတ်မာ ပညာကန်းပုပ် မာရ်နတ်ယုတ်၏ ဘုန်းရှိန်ကိုကြောက် တပ်ကိုခေါက်ကာ ပြေးခဲ့ရရှာသည့် စစ်ရှုံးပွဲတည်း"ဟူ၍ ကဆုန်လပြည့် ဒေဝပုတ္တမာရ်ကို အောင်မြင်ခဲ့သည့်နေ့က အပရာဇိတအောင်ခန်း ပလ္လင်နန်းဝယ် နတ်နဂါးအပေါင်းတို့ကလည်းကောင်း၊ ဂဠုန်မင်းအပေါင်းတို့ကလည်းကောင်း၊ နတ်မင်းအပေါင်းတို့ကလည်းကောင်း၊ ပြဟ္မာအပေါင်းတို့ကလည်းကောင်း အသီးသီး အုပ်စုအလိုက် ဘုရားရှင်၏ ကောင်းတင်းခြိမ့်ညံ အောင်ပွဲသံကို စကြဝဠာတိုက် သောင်းလုံးခိုက်အောင် ကြွေးကြော်ခဲ့ကြကုန်၏။

**ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း**

ဤသို့လျှင် မြတ်စွာဘုရားအလောင်းတော်သည် **မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့** နေမဝင်မီပင် ဒေဝပုတ္တမာရ်ဟူသော ဝသဝတ္တီ မာရ်နတ်ကို အောင်မြင်တော်မူ၍ ထိုနေ့ ညဦးယံဝယ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံဝယ် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံဝယ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာဉာဏ်သုံးပါးတို့ကို အစဉ်အတိုင်း ရတော်မူကာ သုံးလောကထွတ်ထား ဘုရား အဖြစ်သို့ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ရောက်ရှိတော်မူခဲ့လေသည်။

## ဘုရားဖြစ်တော်မူသောအခါ အံ့ဩဖွယ်တို့ ဖြစ်ပေါ်လာခြင်း

အလောင်းတော်မြတ်သည် နေအရုဏ်တက်ချိန်၌ သဗ္ဗညုတဉာဏ်တော်ကိုရ၍ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လောကဓာတ် စကြဝဠာအပေါင်း တိုက်တစ်သောင်းလုံး အလှဆုံး တန်ဆာဆင်ပြီးသား ဖြစ်နေခဲ့၏။ အရှေ့ဖျား စကြဝဠာ အနားရေး၌ စိုက်ထောင်ထားကုန်သော တံခွန်၊ ကုက္ကားတို့၏ အရောင်သည် အနောက်ဖျား စကြဝဠာ အနားရေးသို့လည်းကောင်း၊ အနောက်ဖျား စကြဝဠာအရေး၌ စိုက်ထောင်ထားကုန်သော တံခွန်၊ ကုက္ကားအရောင်တို့သည် အရှေ့ဖျားစကြဝဠာ အနားရေးသို့လည်းကောင်း၊ တောင်အရပ်ဖျား စကြဝဠာအနားရေး၌ စိုက်ထောင်ထားသော တံခွန်၊ ကုက္ကားတို့၏ အရောင်တို့သည် မြောက်အရပ်ဖျား စကြဝဠာ အနားအရေးသို့လည်းကောင်း၊ မြောက်အရပ်ဖျား စကြဝဠာ အနားရေးမ၌ စိုက်ထောင် ထားသော တံခွန်၊ ကုက္ကားတို့၏ အရောင်တို့သည် တောင်အရပ်ဖျား စကြဝဠာ အနားရေးသို့ လည်းကောင်း၊ မြေပြင်၌ စိုက်ထောင်ထားကုန်သော တံခွန်ကုက္ကား အရောင်တို့သည် ဗြဟ္မာ့ပြည်ကိုလည်းကောင်း၊ ဗြဟ္မာပြည်၌ ဖွဲ့ယှက်ထားကုန်သော တံခွန်ကုက္ကား အရောင်များသည် မြေအပြင်ကို လည်းကောင်း ထိခိုက်၍ တည်နေခဲ့ကြကုန်၏။ စကြဝဠာတိုက်ပေါင်း တိုက်တစ်သောင်းတို့၌ အပွင့်ပွင့်သော သစ်ပင်အမျိုးမျိုးတို့သည် ရာသီမလင့် တစ်ပြိုင်နက်တည်း ပွင့်ခဲ့ကြကုန်၏။ အသီးသီးသော သစ်ပင်အမျိုးမျိုးတို့သည် ရာသီမလင့် တစ်ပြိုင်နက်တည်း အခိုင်လိုက် အပြွတ်လိုက် သီးခဲ့ကြကုန်၏။

ပင်စည်ပန်း၊ အခက်ပန်း၊ အနွယ်ပန်းတို့သည် အဆန်းတကြယ် ပွင့်ခဲ့ကြကုန်၏။ ကောင်းကင်မှ အပင်ကို မမြင်ရဘဲ ပန်းခိုင်များ တွဲလျားကျနေ ခဲ့ကြကုန်၏။ အောက်မြေအလွှာကျောက်ဖျာကြီးများကို ဖောက်ခွဲ၍ အဆင့်ဆင့် ခုနစ်ထပ်စီ ခုနစ်ထပ်စီ ကြာပွင့်များပမာပေါ်လာခဲ့ကြကုန်၏။ စကြဝဠာ အပေါင်း တိုက်တစ်သောင်းသည် မြေတသိမ့်သိမ့် တငြိမ့်ငြိမ့် တုန်လှုပ်လျက် ရှိခဲ့၏။ ၎င်းအပြင် အလောင်းတော် ဖွားမြင်စဉ်က ဖြစ်ခဲ့သော နိမိတ်ကြီး သုံးဆယ့်နှစ်ပါးတို့သည်လည်း ထင်ရှားဖြစ်ပေါ်လာခဲ့ကြကုန်၏။

## ဥဒါန်းကျူးရင့်တော်မူခြင်း

လူနတ်ပြဟ္မာသတ္တဝါတို့၏ ပူဇော်အထူးကို ခံယူတော်မူလျက် အသရေတော် တင့်တယ်ခြင်းဖြင့် တင့်တယ်ခြင်းရှိတော်မူသော သဗ္ဗညုတ ဘုရားရှင်သည် ရှေးရှေးအခါက ပွင့်တော်မူခဲ့ကြ ကုန်ပြီးသော အသိန်းမက များပြားလှစွာကုန်သော ဘုရားရှင်တို့သည် ဥဒါန်းကျူးရင့်တော်မူသကဲ့သို့ပင် ဥဒါန်း ကျူးရင့်တော်မူလေသည်။

"အို ခန္ဓာတည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမား. . . သင်တဏှာယောက်ျား လက်သမားကို ရှာနေသော ငါသည် သဗ္ဗညုတဉာဏ်ကို မရခဲ့၍ ဘဝများစွာ သံသရာကာလ ပတ်လုံး မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော တဏှာယောက်ျားလက်သမား. . . အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်းသည် ပင်ပန်းဆင်းရဲလှပါဘိ။ သင်တဏှာယောက်ျား လက်သမားသည် ခန္ဓာတည်းဟူသော အိမ်ကို နောက်တစ်ဖန် ဆောက်ရန် မရှိပြီ"

"အို ခန္ဓာတည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမား. . . ဘုရားဖြစ်သော ယခုအခါ၌ သင်တဏှာ ယောက်ျား လက်သမားကို ငါသည် သဗ္ဗညုတဉာဏ်ကို ရသဖြင့် ဒိဋ္ဌထင်ထင် မြင်ခဲ့ရပြီ။ သင်တဏှာ ယောက်ျားလက်သမားသည် ဒုက္ခယှက်လိမ် ခန္ဓာကိုယ်တည်း ဟူသော အိမ်ကို သင်ဆောက်လုပ်နိုင်တော့မည်မဟုတ်။ သင်တဏှာယောက်ျား လက်သမား၏ ခန္ဓာတည်းဟူသော အိမ်၌ ထုတ်လျှောက်ဒိုင်းမြား ကိလေသာ တရားတို့ကို စိစိကြေညက် ငါချိုးဖျက်ခဲ့ ပေပြီ။ အဝိဇ္ဇာတည်း ဟူသော အိမ်၏ အထွတ်ကို မှုန့်မှုန့်ကြေမွ ငါဖျက်ချခဲ့ ပေပြီ။ သံသရာ စက်ကွင်းမှ လွတ်ကင်းရာ အမှန် နန်းနိဗ္ဗာန်သို့ ငါဆိုက်ရောက်ခဲ့ ပေပြီ။ တဏှာကုန်ပျောက်၊ အရဟတ္တဖိုလ်သို့ ငါမျက်မှောက်ပြုခဲ့ပေပြီ"ဟု ဥဒါန်း ကျူးရင့် တော်မူလေသည်။

## သတ္တဋ္ဌာန စံနေတော်မူခန်း

### ပလ္လင်္ကသတ္တာဟ

### အပရာဇိတပလ္လင်တော်၌ ခုနစ်ရက်သီတင်းသုံးတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူ၍ အပရာဇိတပလ္လင်တော်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူစဉ်–

> "ငါသည် ဤအပရာဇိတပလ္လင်တော်ကို ရဖို့ရန် ပါရမီဆယ်ပါးတို့ကို သူမတူအောင် ဖြည့်ကျင့်လျက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ကျင်လည်ခဲ့ရပါ၏။ ဤပလ္လင်တော်ကို ရရှိဖို့ရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး တန်ဆာဆင်အပ်ပြီးသော ဦးခေါင်းတော်များ၊ မျက်လုံးတော် အစုံများ၊ နှလုံးသားများ၊ ဇာလီမင်းသားကဲ့သို့သော သားတော်များ၊ ကဏှာဇိန်ကဲ့သို့သော သမီးတော်များ၊ မဒ္ဒီဒေဝီကဲ့သို့သော ဇနီးမယားများကို အလှူခံပုဂ္ဂိုလ်တို့၏ အလိုကျ အသုံးပြုနိုင်ရန် လှူခဲ့ပေါင်းများလှပြီ။ ဤပလ္လင်သည် ငါဘုရား၏ မာရ်ငါးပါးကို တစ်စမကြွင်း ပယ်ရှင်းအောင်မြင်ရာ ပလ္လင်လည်း ဖြစ်ခဲ့သည်။ ဘုန်းကျက်သရေရှိကာ အလွန်မြင့်မြတ်သော ပလ္လင်လည်း ဖြစ်ခဲ့သည်။ ဤအပရာဇိတပလ္လင်တော်၌ ထိုင်နေတော်မူစဉ်ပင် ငါသည်ဘုရားဖြစ်ရန် ကြံစည်တောင့်တ လိုလားအပ်သမျှတို့ ပြည့်စုံခဲ့ကုန်ပြီ။ ဤမျှ ကျေးဇူးများသော ပလ္လင်တော်မှ ငါမထသေး"

ဟုကြံစည်လျက် ကုဋေအသိန်းမက များလှစွာသော အရဟတ္တဖိုလ် စတုတ္ထဈာန်သမာပတ် တို့ကို ဝင်စားလျက် ဝိမုတ္တိသုခကို ခံစားသုံးဆောင်တော်မူကာ ဤအပရာဇိတ ပလ္လင်တော်ပေါ်တွင် ခုနစ်ရက်ကြာ သီတင်းသုံး ထိုင်နေတော်မူခဲ့သည်။ ထိုအပရာဇိတပလ္လင်တော်၌ ထိုင်နေတော်မူစဉ် ပဋိစ္စသမုပ္ပါဒ်တရားတို့ကို အနုလုံ၊ ပဋိလုံ အပြန်ပြန် အလှန်လှန် အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူခဲ့သည်။

## အနိမိသ သတ္တာဟ

## ဗောဓိပင်နှင့် ပလ္လင်တော်ကို ခုနစ်ရက် စူးစိုက်ကြည့်နေတော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ခုနစ်ရက်ပတ်လုံး အပရာဇိတ ပလ္လင်ထက်၌ အရဟတ္တဖိုလ်ချမ်းသာကို ခံစားသုံးဆောင် နေတော်မူစဉ် ခုနစ်ရက်မြောက်သောနေ့၌ အချို့သော နတ်ပြဟ္မာတို့က "ဘုရားရှင်သည် ယခုထက်တိုင် ပလ္လင်တော်မှ ထတော်မမူသေး။ ပလ္လင်တော်၌ တပ်မက်ခြင်း တဏှာကို မစွန့်လွှတ်။ ယခုရရှိပြီးသော ဂုဏ်ကျေးဇူးမှတစ်ပါး အခြား ဘုရား ဖြစ်အောင် ပြုနိုင်သေးသည့် ဂုဏ်ကျေးဇူးများ ရှိနိုင်သေးသလော"ဟု ယုံမှား သံသယဖြစ်ပေါ်လာခဲ့ကြသည်။ ရှစ်ရက်မြောက်သော နေ့၌ အရဟတ္တဖိုလ် သမာပတ်မှ ထတော်မူ၍ နတ်ပြဟ္မာ အချို့၏ သံသယကို သိတော်မူသဖြင့် ထိုသံသယကို ပယ်ဖျောက်အံ့သောငှာ ကောင်းကင်သို့ပျံတက်၍ ရေမီးအစုံ အစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့လေသည်။ ထိုသို့ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက် ကောင်းကင်မှ ဆင်းသက်၍ အပရာဇိတပလ္လင်မှ အနည်းငယ် အရှေ့အရပ်သို့ ယွန်းသော မြောက်အရပ်၌ ရပ်တော်မူ၍ "ငါသည် ဤအပရာဇိတပလ္လင် ပေါ်၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရအပ်ပြီ" ဟု ဆင်ခြင်တော်မူခဲ့သည်။ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဖြည့်ကျင့်တော်မူခဲ့သော ပါရမီတော်တို့၏ အင်အားဖြစ်သော အရဟတ္တ မဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် တို့ကို ရတော်မူရာ အပရာဇိတပလ္လင်တော်နှင့် မဟာဗောဓိပင်တို့ကို မမှိတ်သော မျက်လုံးတော်ဖြင့် ကြည့်တော်မူလျက် ခုနစ်ရက်ပတ်လုံး သီတင်းသုံး နေတော်မူခဲ့သည်။ ထိုအရပ်သည် **"အနိမိသစေတီ"**ဟု အမည်တွင်ခဲ့၏။

## စင်္ကမသတ္တာဟ

## စင်္ကြံကြွ၍ ခုနစ်ရက် နေတော်မူခြင်း

တတိယသတ္တာဟသို့ရောက်သောအခါ မြတ်စွာဘုရားရှင်သည် အပရာဇိတ ပလ္လင်တော်နှင့် အနိမိသစေတီတို့အကြား အရှေ့အနောက် အလျားရှိသော နတ်ပြဟ္မာတို့ ဖန်ဆင်းထားသည့် ရတနာစင်္ကြံ၌ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားပြီး လူးလာတုံ့ခေါက် စင်္ကြံလျှောက်လျက် ခုနစ်ရက်ကို

ကုန်လွန်စေတော်မူခဲ့သည်။ ထိုအရပ်သည် **"ရတနာစင်္ကြံစေတီ"**ဟူ၍ အမည်တွင်ခဲ့လေသည်။

**ရတနာဃရသတ္တာဟ**

**ရတနာဃရရွှေအိမ်၌ ခုနစ်ရက် စံနေတော်မူခြင်း**

စတုတ္ထသတ္တာဟသို့ ရောက်သောအခါ မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်ဝယ် နတ်ပြဟ္မာတို့ ဖန်ဆင်းအပ်သော **ရတနာဃရရွှေအိမ်**၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူခဲ့သည်။ အဘိဓမ္မာတရားတော်ကို ဆင်ခြင်တော်မူပြီး အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူသောအခါ ဘုရားရှင်၏ သန္တာန်တော်၌ အလွန်နှစ်သက်ဝမ်းမြောက်ခြင်းပီတိ ဖြစ်ပွားလာခဲ့သည်။ ပီတိတရားပွားသောကြောင့် အသွေးတော် ကြည်လင်ခဲ့၏။ အသွေးတော် ကြည်လင်ခြင်းကြောင့် အရေတော်ကြည်လင်ခဲ့၏။ အရေတော် ကြည်လင်ခြင်းကြောင့် ကိုယ်တော်မှ ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးလာခဲ့ကုန်၏။

**အဇပါလသတ္တာဟ**

**ဆိတ်ကျောင်းညောင်ပင်၌ ခုနစ်ရက်သီတင်းသုံးတော်မူခြင်း**

ဘုရားရှင်သည် မဟာဗောဓိပင်အနီး၌ ခုနစ်ရက်လေးလီ သီတင်းသုံးနေတော်မူပြီးနောက် ပဥ္စမသတ္တာဟသို့ ရောက်သောအခါ ဗောဓိပင်မှ အရှေ့အရပ်၌ တည်ရှိသော ဆိတ်ကျောင်းသားတို့ ခိုနားရာ အဇပါလညောင်ပင်ရင်းသို့ ကြွတော်မူပြီး ခုနစ်ရက်ပတ်လုံး တရားကိုဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားသီတင်းသုံး နေတော်မူခဲ့သည်။

ထိုအခါ မာရ်နတ်သားသည် ဘုရားနောက် တကောက်ကောက် လိုက်လျက် ဘုရားရှင်၏ အပြစ်ကို ရှာခဲ့သော်လည်း နှမ်းစေ့ပေါက်မျှ မတွေ့ရ၍ ဤသိဒ္ဓတ္ထမင်းသားသည် "ငါ၏ အလိုနိုင်ငံ ဘုံသုံးဖာန်ကို ကော်လွန်လွန်မြောက်သွားခဲ့လေပြီ"ဟု ဘုရားရှင်နှင့် မနီးမဝေးသော လမ်းမကြီးပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ တစ်ဆယ့်ခြောက်ကြောင်းသော အရေးကို ရေးခြစ်

ဆွဲငင်ခဲ့လေသည်။ "ငါသည် သိဒ္ဓတ္ထမင်းသားကဲ့သို့ ရှေးရှေးဘဝတို့က ဒါနပါရမီကို မဖြည့်ကျင့်ခဲ့။ ထို့ကြောင့် ထိုအလောင်းမင်းသားနှင့် တူသူ မဖြစ်နိုင်ဟု ပထမအရေးအကြောင်းကို ဆွဲခဲ့၏။ ထိုနောက် သီလပါရမီ အတွက် တစ်ကြောင်း၊ နေက္ခမ္မပါရမီအတွက် တစ်ကြောင်း၊ ပညာပါရမီ အတွက် တစ်ကြောင်း၊ ဝီရိယပါရမီအတွက် တစ်ကြောင်း၊ ခန္တီပါရမီအတွက် တစ်ကြောင်း၊ သစ္စာပါရမီအတွက် တစ်ကြောင်း၊ အဓိဋ္ဌာန်ပါရမီအတွက် တစ်ကြောင်း၊ မေတ္တာပါရမီအတွက် တစ်ကြောင်း၊ ဥပေက္ခာပါရမီအတွက် တစ်ကြောင်း၊ ဣန္ဒြိယပရောပရိယတ္တိဉာဏ်ကိုရရန် ကောင်းမှုဆယ်လီ ပါရမီ တို့ကို မကျင့်ခဲ့မှုအတွက် တစ်ကြောင်း၊ အာသယာနုဉာဏ်ရရန် မကျင့်ခဲ့မှု အတွက် တစ်ကြောင်း၊ မဟာကရုဏာသမာပတ္တိဉာဏ်ရရန် မကျင့်ခဲ့မှု အတွက် တစ်ကြောင်း၊ ယမကပါဋိဟာရိယ ဉာဏ်ရရန် မကျင့်ခဲ့မှု အတွက် တစ်ကြောင်း၊ အနာဝရဏဉာဏ်ရရန် မကျင့်ခဲ့မှုအတွက် တစ်ကြောင်း၊ သဗ္ဗညုတဉာဏ်ရရန် မကျင့်ခဲ့မှုအတွက် တစ်ကြောင်း ဒါနပါရမီတွင် စဉ်းစားဆင်ခြင်သကဲ့သို့ စဉ်းစားဆင်ခြင်ကာ အကြောင်းအရေး တစ်ဆယ့် ခြောက်ကြောင်းတို့ကို ရေးခြစ်မှိုင်တွေ နေခဲ့လေသည်။

**မာရ်နတ်၏သမီးသုံးယောက် လာရောက်ဖြားယောင်းခြင်း**

**တဏှာ၊ အရတီ၊** ရဂါအမည်ရှိ မာရ်နတ်သမီးသုံးယောက်တို့သည် ဖခင်ကို မတွေ့ရ၍ ရှာကြည့်ခဲ့ကြသော် နှလုံးမသာမယာဖြင့် မြေကြီးပေါ်တွင် အရေး အကြောင်း ရေးခြစ်နေသည့် ဖခင်ကို တွေ့ခဲ့ရသည်။ ဖခင် မာရ်နတ်၏ ပြောပြချက်အရ ဘုရားရှင်သည် သူ၏အလိုနိုင်ငံ ဘုံသုံးတန်မှ လွန်ပြီး ဖြစ်ကြောင်းနှင့် ဘုရားရှင်၌ အပြစ်တစ်စုံတစ်ရာ မတွေ့ရ၍ စိတ်မချမ်းမသာ ဖြစ်နေကြောင်းကို သိရသောအခါ မာရ်နတ်၏ သမီးသုံးယောက်တို့က "ဖခင်. . . ကျွန်ုပ်တို့သည် ရဟန်းကြီးဂေါတမကို ရာဂကျော့ကွင်း စသည်ဖြင့် ဖွဲ့ချည်၍ ခေါ်ဆောင်ခဲ့ပါအံ့။ ဖခင်. . . စိတ်မချမ်းမသာ မဖြစ်ပါနှင့်"ဟု ပြောဆိုခဲ့ကြပြီး ဘုရားရှင်ထံ ချဉ်းကပ်၍ "အရှင်ရဟန်း. . . အရှင်မြတ်၏ ခြေရင်း၌ လုပ်ကျွေး ပြုစုပါရစေ"ဟု ပြောခဲ့ကြကုန်၏။

ဘုရားရှင်သည် ထိုနတ်သမီး သုံးယောက် တို့၏ ပြောစကားကို စိတ်၌ မညွတ်။ မျက်လုံးတော်မျှကိုပင် ဖွင့်မကြည့်ခဲ့ပါ။ ဥပမိကုန်ရာ အရဟတ္တဖိုလ်

ချမ်းသာကိုသာ ခံစားနေတော်မူခဲ့၏။ မာရ်နတ်၏ သမီးသုံးယောက်တို့သည် ဘုရားရှင်ကို အဆင်း၊ အရွယ်၊ အနံ့၊ အမူအရာတို့ဖြင့် အမျိုးမျိုး သဏ္ဍာန်လုပ် သရုပ်ဆောင်ကာ ဖြားယောင်းခဲ့ကြပါကုန်သော်လည်း ဘုရားရှင်ကား အနည်းငယ်မျှပင် တုန်လှုပ်ခြင်းမရှိခဲ့ပါပေ။ ဘုရားရှင်က ထိုနတ်သမီး သုံးယောက်တို့အား–

> "သင်တို့သည် ဖဲကြကုန်လော့၊ သွားကြကုန်လော့။ ဘယ်အကျိုးကို မြင်၍ သင်တို့ ဤသို့အားထုတ်ခဲ့ကြကုန်သနည်း။ သင်တို့ ပြုလုပ်သော အမူမျိုးသည် ရာဂစသည် မကင်းသေးသူတို့၏ရှေ့၌ ပြုလုပ်ခြင်းငှာသာ သင့်၏။ ငါဘုရားသည်ကား ရာဂ၊ ဒေါသ၊ မောဟတရားတို့ကို အကြွင်းမဲ့ ပယ်ခဲ့ပြီးပြီ"

ဟုပြောဆိုကာ တရားဟောတော် မူခဲ့၏။ ထိုအခါ နတ်သမီးသုံးယောက်တို့သည် "ဤရဟန်းကြီး ဂေါတမသည် ပုဇော်အထူးကို ခံတော်မူထိုက်သော အရဟံဂုဏ်ရှင်၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော သုဂတဂုဏ်ရှင် ဖြစ်၍ လောက၌ ရာဂစသည်ဖြင့် သွေးဆောင်ဖြားယောင်းရန် လွယ်ကူသူ မဟုတ်"ဟု ပြောဆိုကြကာ ဖခင် မာရ်နတ်ထံသို့ ပြန်ခဲ့ကြကုန်၏။

**မုစလိန္ဒာသတ္တာဟ**

**မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ ခုနစ်ရက် သီတင်းသုံးနေတော်မူခြင်း**

ဘုရားရှင်သည် အဇပါလ ညောင်ပင်ရင်း၌ ခုနစ်ရက်ပြည့်မြောက်သော အခါ ထိုအဇပါလ ညောင်ပင်ရင်းမှ ဖဲခွါခဲ့ပြီးလျှင် မဟာဗောဓိပင်မှ အရှေ့တောင်ဘက် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းသို့ ကြွတော်မူကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားတော်မူ၍ ခုနစ်ရက်လွန်မြောက်စေခဲ့သည်။ ထိုကျည်းပင်ရင်း၌ သီတင်းသုံးနေတော်မူစဉ် အခါမဲ့မိုးကြီး ရွာသွန်းဖြိုးခဲ့သည်။ ဤမိုးသည် စကြာမင်း ပေါ်ထွန်းသောအခါ၊ ဘုရားရှင်များ ပွင့်ထွန်း ပေါ်ပေါက်သောအခါ၌သာ ရွာသွန်းမြဲမိုးကြီး ဖြစ်ခဲ့သည်။ ထိုအခါ မုစလိန္ဒာ အိုင်၌ရှိသော နဂါးမင်းသည် ဘုရားရှင်ကို အအေး၊ အချမ်း အစရှိသည်တို့ မထိပါးစေရန် အခွေခုနစ်ထပ်တို့ဖြင့် ရစ်ပတ် ကာရံလျက် မကျဉ်းမြောင်းသော ကုဋီတိုက်၌ နေထိုင်ရသကဲ့သို့ ဘုရားရှင်ကို နေစေခဲ့သည်။ ဘုရားရှင်သည်

အရဟတ္တဖိုလ်ချမ်းသာဖြင့်သာလျှင် ထိုအရပ်၌ ခုနစ်ရက်ကို လွန်မြောက်စေခဲ့သည်။

**ရာဇာယတနသတ္တာဟ**

**လင်းလွန်းပင်ရင်း၌ ခုနစ်ရက် သီတင်းသုံးနေတော်မူခြင်း**

ဘုရားရှင်သည် မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်း၌ ခုနစ်ရက်လွန်မြောက်ခဲ့ပြန်သော် မဟာဗောဓိပင်၏ တောင်မျက်နှာ လင်းလွန်းပင်ရင်းသို့ ကြွသွားတော်မူ၍ ထိုအရပ်၌လည်း အရဟတ္တဖိုလ် ချမ်းသာဖြင့်သာ ခုနစ်ရက်ကို လွန်မြောက်ခဲ့ပါသည်။

ဤသို့အားဖြင့် ခုနစ်ရက်ခုနစ်လီ (၇×၇=၄၉) လေးဆယ့်ကိုးရက် ပြည့်ခဲ့လေပြီ။ ဤလေးဆယ့် ကိုးရက်အတွင်း၌ ဘုရားရှင်သည် ခံတွင်းတော်ဆေးခြင်း၊ မျက်နှာတော် သစ်ခြင်း၊ ကိုယ်လက်သုတ်သင်ခြင်း၊ ဆွမ်းဘုဉ်းပေးတော်မူခြင်း မရှိခဲ့ပါ။ ဈာန်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့်သာလျှင် သီတင်းသုံးနေတော်မူခဲ့ပါသည်။ ရက်ပေါင်းလေးဆယ့်ကိုးရက် ပြည့်သောအခါ ဘုရားရှင်သည် ထိုလင်းလွန်းပင်ရင်း၌ သီတင်းသုံးလျက်ပင် မျက်နှာတော်သစ်လိုသော စိတ်အကြံ ဖြစ်ပေါ်ခဲ့၏။ ထိုအခါ သိကြားမင်းသည် ဆေးကြစုသီးကို လည်းကောင်း၊ နဂါးပြည်၌ ဖြစ်သော ကွမ်းရိုးဒန်ပူကိုလည်းကောင်း၊ အနောတတ္တရေအိုင်မှ ရေကိုလည်းကောင်း ဆောင်ယူ၍ ဘုရားရှင်ထံ ဆက်ကပ်ခဲ့လေသည်။ ဘုရားရှင်သည် ခံတွင်းဆေးကြောခြင်း၊ ကိုယ်လက် သုတ်သင်ခြင်း၊ မျက်နှာတော်သစ်ခြင်းကိစ္စ ပြီးလတ်သော် ထိုလင်းလွန်းပင်ရင်း၌သာ သီတင်းသုံး ထိုင်နေတော်မူခဲ့သည်။

**တပုဿနှင့် ဘလ္လိက ဒွေဝါစိက သရဏဂုံတည်ခြင်း**

ဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ စံနေတော်မူသောအခါ **တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်** နှစ်ယောက်တို့သည် မုန့်ကြွက်ကျစ်နှင့် ပျားဆုပ်မုန့် တို့ကို ယူဆောင်၍ ဘုရားရှင်ထံ ချဉ်းကပ်ကာ လှူဒါန်းပူဇော်ခဲ့ကြသည်။ ထိုကုန်သည်ညီနောင် နှစ်ယောက်တို့သည် လှည်းအစီးပေါင်း ငါးရာဖြင့် ဥက္ကလာပဇနပုဒ်မှ မဇ္ဈိမဒေသသို့ ကုန်ကူးသန်းမှုပြုရန် သွားခဲ့

ကြရာ ထိုကုန်သည်ညီနောင်နှစ်ယောက်နှင့် ရှေးရှေးဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်၏ လမ်းညွှန်ချက်အရ ဘုရားပွင့်မှန်းသိကာ ဘုရားရှင်ထံ ချဉ်းကပ်ခဲ့ကြခြင်း ဖြစ်သည်။ ဘုရားရှင်သည် ထိုကုန်သည် ညီနောင်လှူဒါန်းသော မုန့်တို့ကို ခံယူဖို့ရန် ယင်္ဒိကာရဖြဟ္မာလှူဒါန်းသော သပိတ်တော်သည် ကွယ်ခဲ့ပြီးဖြစ်သောကြောင့် "ရှေးရှေးသော ဘုရားတို့ လက်တော်ဖြင့် ဆွမ်းကို မခံယူကြကုန်။ အဘယ်အရာဝတ္ထုဖြင့် အလှူခံရပါမည်နည်း"ဟု ကြံစည်ခဲ့လေသည်။ ထိုအခါ နတ်မင်းကြီး လေးပါးတို့သည် မြတ်စွာဘုရား၏ စိတ်အကြံကို သိ၍ ဣန္ဒနီလာ ပတ္တမြားညို ကျောက်သပိတ်တော် လေးလုံးကို ဆက်ကပ်လာကြရာ ဘုရားရှင်သည် ပယ်တော်မူခဲ့၏။ တစ်ဖန် ပဲနောက်အဆင်းရှိသော ကျောက်သပိတ်လေးလုံးတို့ကို လှူဒါန်းခဲ့ကြပြန်၏။ ဘုရားရှင်သည် နတ်မင်းကြီးလေးဦးတို့၏ သဒ္ဓါ ကြည်ညိုမှုကို ငဲ့ကွက်၍ လေးလုံးစလုံးကိုပင် အလှူခံတော်မူ၍ တစ်လုံးပေါ် တစ်လုံးထပ်လျက် ဆင့်လျက် လက်တော်ဖြင့်ဖိ၍ သုံးသပ်လေလျှင် အနားလေးရစ်ပါ အလယ်အလတ် ပမာဏရှိသည့် သပိတ်တော်တစ်လုံး ဖြစ်ခဲ့သည်။

ထိုသပိတ်တော်ဖြင့် ကုန်သည်ညီနောင် လှူဒါန်းသော မုန့်တို့ကို ခံယူလျက် ထိုညီနောင်နှစ်ယောက် တို့အား အနုမောဒနာတရား ဟောကြားတော်မူခဲ့သည်။ ထိုညီနောင်နှစ်ယောက်တို့သည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ကိုးကွယ်ရာ လည်းလျောင်းရာဟူ၍ ဆည်းကပ်ခြင်းသို့ ရောက်ကုန်၍ ဒွေဝါစိကသရဏဂုံတည် ဉပါသကာများ ဖြစ်ခဲ့ကြကုန်၏။ ထိုကုန်သည်ညီနောင်တို့သည် ဘုရားရှင်ထံ အမြဲဆည်းကပ်ပူဇော်ရန် အတွက် အရာဝတ္ထုတစ်ခုခုကို ပေးပါရန် တောင်းခံလျှောက်ထားရာ ဘုရားရှင်က လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ ဆံတော်ခတ်တော်တို့ကို ချီးမြှောက် ပေးသနားတော်မူခဲ့သည်။ ထိုဆံတော်ခတ်များကို ရွှေကြုတ်ဖြင့် ဆောင်ယူကာ မိမိတို့၏ မြို့ရွာ၌ **ဥက္ကလာပစေတီ** တည်ထား ကိုးကွယ်ခဲ့လေသည်။

# တရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူခန်း

## ဘုရားရှင်သည် တရားတော်၏ နက်နဲပုံကို ဆင်ခြင်တော်မူခြင်း

ဘုရားရှင်သည် လင်းလွန်းပင်ရင်း သီတင်းသုံးနေရာမှ ထတော်မူပြီးလျှင် တစ်ဖန် အဇပါလ ညောင်ပင်ရင်းသို့ ကြွတော်မူခဲ့၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူခဲ့ပြန်၏။ ထိုသို့ တစ်ပါးတည်း ထိုင်နေတော်မူခဲ့စဉ် "ငါဘုရား ထိုးထွင်းသိမြင်ခဲ့သော ဤသစ္စာလေးပါး တရားသည် နက်နဲလှ၏။ မြင်နိုင်ခဲ၏။ လွန်စွာသိနိုင်ခဲ၏။ ငြိမ်းချမ်းလှ၏။ မွန်မြတ်လှ၏။ သိမ်မွေ့လှ၏။ အတွေးအခေါ်သမားတို့ သက်ဝင်ကျက်စားသည့် တရားမဟုတ်။ အကျင့်မှန်ကို ကျင့်ကုန်သော ပညာရှိတို့သာ သိမြင်သော တရားဖြစ်၏။ ငါဘုရား ထိုးထွင်း၍သိတော်မူခဲ့သော အကြောင်းအကျိုး ဆက်စပ်ဖြစ်ပွားသည့် ပဋိစ္စသမုပ္ပါဒ်တရားသည် သိမြင်နိုင်ခဲလှ၏။ ခပ်သိမ်းသော သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ၊ ဥပဓိအလုံးစုံကို အကုန်ပယ်စွန့်ရာ၊ တဏှာအားလုံးတို့၏ ကုန်ခန်းရာ၊ တစ်ထောင့်ငါးရာ ကိလေသာရာဂတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကား သာ၍ပင် မြင်နိုင်ခဲလှ၏။ ငါဘုရားသည် ထိုမျှလောက်နက်နဲသော တရားကို ဟောကြားငြားအံ့။ ငါဘုရား၏ တရားကို မသိမြင်နိုင်၊ နားမလည်နိုင် ကြလျှင်ငါဘုရားအဖို့ ပင်ပန်းနွမ်းနယ်ရုံသာ ဖြစ်လေရာ၏"ဟု ဆင်ခြင်၍တရားမဟောရန် အကြံဖြစ်တော်မူခဲ့သည်။ ကြောင့်ကြမဲ့နေတော်မူရန် စိတ်ဖြစ်ပေါ်တော်မူခဲ့သည်။

## သဟမ္ပတိဗြဟ္မာကြီး တရားဟောရန် တောင်းပန်လာခြင်း

ဘုရားရှင်သည် သတ္တဝါတို့အား တရားဟောဖို့ရန် အားမထုတ်လိုသော စိတ်ညွတ်ကြောင်းကို သဟမ္ပတိဗြဟ္မာကြီး သိသောအခါ "အို အချင်းတို့ လောကကြီးသည် ပျက်စီးတော့မည်တကား။ လောက၌ တရားအလုံးစုံကို သိတော်မူသော သုံးလောကထွတ်ထား ဘုရားရှင်၏ စိတ်နှလုံးတော်သည် တရားမဟောရန် ညွတ်ခဲ့လေပြီ တကား"ဟု စိတ်အကြံဖြစ်ပြီးလျှင် တစ်သောင်းသော စကြဝဠာတိုက်မှ သိကြားမင်း၊ သုယာမနတ်မင်း၊ သန္တုသိတနတ်မင်း၊ နိမ္မာနရတိနတ်မင်း၊ ဝသဝတ္တီနတ်မင်း၊ မဟာဗြဟ္မာအပေါင်းတို့ကို

ခေါ်ဆောင်၍ ဘုရားရှင်ထံ ချဉ်းကပ်ကာ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . . ဘုရားရှင်၏ တရားတော်များကို သဘောပေါက် သိမြင်နိုင်သော ပုဂ္ဂိုလ်များလည်း ရှိပါသေးသည်။ မြတ်စွာဘုရားသည် တရားတော်ကို ဟောကြားတော် မူပါလော့"ဟူ၍ တရားဟောဖို့ရန် တောင်းပန်လျှောက်ထား ခဲ့လေသည်။

## ဘုရားရှင် သတ္တလောကကို ကြည့်တော်မူခြင်း

ဘုရားရှင်သည် သဟမ္ပတိဗြဟ္မာကြီး၏ တောင်းပန်မှုကို လက်ခံတော်မူပြီး ဗြဟ္မာကြီးအား တရားဟောဖို့ရန် ဝန်ခံပြီး နောက် "ငါဘုရားသည် အဘယ် သူအား ရှေးဦးစွာ တရားကို ဟောရပါအံ့နည်း"ဟု ကြံစည်ဆင်ခြင်ခဲ့၏။ "အာဠာရရသေ့ဂိုဏ်း ဆရာကြီးသည် ပညာရှိခဲ့၏။ ထိုဆရာကြီးသည် ဤတရားတော်ကို ဆောလျင်စွာ ထိုးထွင်း၍ သိလတ္တံ့"ဟု စိတ်အကြံဖြစ်၍ ကြည့်ရှုသည်ရှိသော် အာဠာရသေ့ ဂိုဏ်းဆရာကြီးသည် ခုနစ်ရက်မြောက်က သေလွန်ခဲ့သည်ကို မြင်တော်မူခဲ့သည်။ ထိုနောက် ဥဒကရသေ့ကို ကြည့်ရှု ခဲ့ပြန်သည်။ ထိုဥဒကရသေ့သည်လည်း ညဉ့်ဦးယံ အချိန်ကပင် သေလွန်ခဲ့ကြောင်း ဉာဏ်၌ထင်ကာ သိခဲ့ပြန်သည်။ ထိုနောက်တစ်ဖန် "ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ငါဘုရားအပေါ် လွန်စွာကျေးဇူး များခဲ့ကြ၏။ ထိုပဉ္စဝဂ္ဂီငါးဦးတို့သည် ယခုအခါ ဘယ်အရပ်မှာ ရှိနေခဲ့ကြကုန်သနည်း"ဟု ဆင်ခြင်ခဲ့ပြန်သော် ဗာရာဏသီပြည်အနီး ဣသိပတနမည်သော မိဂဒါဝုန်တော၌ နေကြကြောင်းကို မြင်တော်မူခဲ့၏။ "ဝါဆိုလပြည့်နေ့၌ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွ၍ ပဉ္စဝဂ္ဂီငါးဦးတို့ကို ဓမ္မစကြာ တရားထူးကို ဟောအံ့"ဟု နံနက်စောစော ကပင်ထ၍ သပိတ်သင်္ကန်းကို ယူဆောင်ကာ တစ်ဆယ့်ရှစ်ယူဇနာ ကွာဝေးသော ခရီးကိုကြွတော်မူခဲ့၍ ထိုနေ့ ညနေချမ်းအချိန်ဝယ် ဣသိပတနမိဂဒါဝုန် တောသို့ ဆိုက်ရောက်တော်မူခဲ့သည်။

## ဘုရားရှင်နှင့် တွေ့သော်လည်း ဘုရားမှန်းမသိသော ဥပက

ဘုရားရှင်သည် မဟာဗောဓိမှ ဗာရာဏသီပြည်သို့ မြေပြင်မှ ခြေလျင် ကြွသွားတော်မူလတ်သော် မဟာဗောဓိနှင့် ဂယာအကြား ခရီးရှည်သွားသော

ဘုရားရှင်ကို **ဥပကအာဇီဝက တက္ကတွန်းက** တွေ့မြင်ခဲ့လေသည်။ ထိုအခါ ဥပကတက္ကတွန်းက ဘုရားရှင်ကို "ငါ့ရှင်. . . သင်၏ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်ကုန်၏။ အရေအဆင်းသည် စင်ကြယ်၏။ ဖြူစင်၏။ ငါ့ရှင်. . . သင်သည် အဘယ်သူကို ရည်ညွှန်း၍ ရဟန်းပြုသနည်း။ သင်၏ ဆရာကား အဘယ်သူနည်း။ သင်သည် အဘယ်သူ၏ တရားကို နှစ်သက်သနည်း"ဟု မေးမြန်းခဲ့သည်။

"ဥပက. . . ငါသည် အလုံးစုံကို လွှမ်းမိုးနိုင်၏။ အလုံးစုံကိုသိ၏။ ကိလေသာ ဖြင့် မလိမ်းကျံ။ အလုံးစုံကို စွန့်အပ်ပြီ။ တဏှာ၏ကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၏။ အလုံးစုံသော ကိလေသာမှလွတ်၏။ ကိုယ်တိုင် အထူးသိမြင်ပြီးဖြစ်၍ အဘယ်သူကို ဆရာအဖြစ် ညွှန်းရပါအံ့နည်း။ ဥပက. . . ငါ့အား ဆရာမရှိ၊ ငါနှင့်တူသူမရှိ၊ နတ်နှင့်တကွသော လောက၌ ငါ့အား ဖက်ပြိုင်နိုင်သော ပုဂ္ဂိုလ်လည်းမရှိ။ ငါသည် လောက၌ ရဟန္တာတည်း။ အတုမရှိသော သူတည်း။ နတ်လူတို့၏ ဆရာတည်း။ အလုံးစုံသော တရားတို့ကို ကိုယ်တိုင် သိတော်မူသော တစ်ဆူတည်းသော ဘုရားတည်း။ ကိလေသာမီးမရှိ၍ ငြိမ်းချမ်းလှ၏။ ငါသည် ဓမ္မစကြာဒေသနာတော်ကို ဟောခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည်သို့ သွားအံ့။ အမြိုက်စည်ကြီးကို တီးခတ်အံ့"

ဟုအမိန့်ရှိတော်မူခဲ့သည်။ ထိုအခါ ဥပကက "ငါ့ရှင်. . . သင်ဝန်ခံသည့် အတိုင်းဆိုလျှင် အဆုံးမရှိသော ဉာဏ်နှင့်ပြည့်စုံကာ မာရ်ငါးပါးကို အောင်တော်မူသော ဘုရားဖြစ်ထိုက်ပေ၏"ဟု ဆိုခဲ့လေသည်။ ဘုရားရှင်က ဆက်လက်၍ "ဥပက. . . အာသဝေါတရား ကုန်ခြင်းသို့ ရောက်ပြီးသော ငါကဲ့သို့သော ပုဂ္ဂိုလ်သည် စင်စစ် **ဇိနမည်၏**"ဟု မိန့်တော်မူ ပြန်သည်။ ထိုအခါ ဥပကသည် ဘုရားရှင်နှင့် တွေ့ပါလျက် ဘုရားမှန်း မသိဘဲ "ငါ့ရှင်. . . ဤသို့လည်း ဖြစ်နိုင်ရာ၏။ ဟုတ်ပေရာ၏။ ဟုတ်ချင်လည်း ဟုတ်မှာ ပါလေ"ဟုဆိုကာ ဦးခေါင်းကို ငြိမ့်လျက် လမ်းဖယ်၍သွားခဲ့လေ၏။

## သတ္တဝါတို့အား ချေချွတ်တော်မူခန်း

### ဘုရားရှင် ဓမ္မစကြာတရားဦးကို ဟောတော်မူခြင်း

ပဉ္စဝဂ္ဂီငါးဦးတို့သည် ဘုရားရှင်ကြွလာတော်မူသည်ကို အဝေးမှပင် မြင်ခဲ့ကြ၍ "ငါ့ရှင်တို့. . . ရဟန်းကြီး ဂေါတမသည် ပစ္စည်းလေးပါး ပေါများ စေရန် မြို့ရွာသို့ လှည့်လည်ခဲ့၍ ပြည့်ဖြိုးသောကိုယ်၊ ကြည်လင်သောဣန္ဒြေ၊ ရွှေနှင့်တူသောအဆင်း ရှိသည်ဖြစ်၍ ဤအရပ်သို့ ကြွလာတော်မူခဲ့၏။ ဤရဟန်းကြီးဂေါတမသည် ကမ္မဋ္ဌာန်းလူထွက်ဖြစ်ခဲ့ပြီ။ ဤရဟန်းကြီး ဂေါတမအား သပိတ်သင်္ကန်း လှမ်းယူခြင်း ခရီးဦးကြိုဆိုခြင်း မပြုကြကုန်အံ့"ဟု ကတိကဝတ်ထားခဲ့ကြပြီး နေထိုင်ရန်နေရာကိုမူ ခင်းပေးထား ခဲ့ကြကုန်၏။ ဘုရားရှင်သည် စကြဝဠာအနန္တရှိ အနန္တသတ္တဝါတို့အပေါ်၌ ဖြန့်ကြက် ပို့လွှတ်ထားတော်မူသော အနောဓိသမေတ္တာဓာတ်တော်ကို ပဉ္စဝဂ္ဂီ ငါးဦးတို့အပေါ် စုပြုံထားရှိပြီး ဩဓိသမေတ္တာဓာတ်ဖြင့် ပို့လွှတ်တော်မူ၏။ ဘုရားရှင် ပို့လွှတ်တော်မူသော ဩဓိသမေတ္တာဓာတ်၏ စွမ်းအားကြောင့် ပဉ္စဝဂ္ဂီငါးဦးတို့သည် ထားခဲ့သော မိမိတို့၏ ကတိကဝတ်ကို ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်ဘဲ မိမိတို့အလိုလိုသာလျှင် ဘုရားရှင်အပေါ် ပြုရမည့်ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုကြကုန်၏။ ခရီးဦး ကြိုဆိုခြင်း၊ သပိတ်သင်္ကန်းတို့ကို လှမ်းယူခြင်း၊ ရှိခိုးခြင်းအစရှိသည် တို့ကို ပြုခဲ့ကြကုန်၏။

ဘုရားရှင်အား သဗ္ဗညုဘုရားရှင်အဖြစ်ကို မသိခဲ့ကြကုန်၍ **ရဟန်းဂေါတမ** ဟူသော အမည်ဖြင့်လည်းကောင်း၊ **ငါ့ရှင်**ဟူသော ပြောကြား ခြင်းဖြင့် လည်းကောင်း ပြောဆိုသုံးစွဲခဲ့ကြကုန်၏။ ထိုအခါ ဘုရားရှင်က ပဉ္စဝဂ္ဂီ ငါးဦးတို့ကို "ရဟန်းတို့. . . ငါဘုရားကို 'ရဟန်း ဂေါတမ'ဟူသော အမည်ဖြင့် လည်းကောင်း၊ 'ငါ့ရှင်'ဟူသော ပြောကြားခြင်းဖြင့်လည်းကောင်း ပြောဆို သုံးစွဲခြင်း မပြုကြကုန်လင့်။ ပူဇော်အထူးကို ခံယူတော်မူထိုက်၍ ရှေးဘုရားတို့ ကဲ့သို့ လာခြင်းကောင်းတော်မူသော သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ဘုရားစင်စစ် ငါဖြစ်တော်မူခဲ့ပြီ"ဟု ဘုရားအဖြစ်ကို သိစေခဲ့၏။ ထိုနောက် ခင်းထားအပ်သော မြတ်သော ဘုရားရှင်နေရာ၌ ထိုင်တော်မူ၍ ဝါဆိုလပြည့်နေ့

နေအဝင် လအထွက် အချိန်တွင် ပဉ္စဝဂ္ဂီငါးဦးတို့အား အတုမရှိ မြတ်တော်မူသော ဓမ္မစက္ကပဝတ္တနသုတ္တန်ကို ဟောတော်မူခဲ့သည်။

ထိုပဉ္စဝဂ္ဂီငါးဦးတို့တွင် **ကောဏ္ဍညသည်** ဒေသနာတော်၏အဆုံး၌ နတ်ပြဟ္မာတစ်ဆယ့်ရှစ်ကုဋေတို့နှင့် အတူတကွ သောတာပတ္တိဖိုလ်၌ တည်ကာ ဧဟိဘိက္ခု ဖြစ်တော်မူခဲ့သည်။ ဘုရားရှင်သည် ထိုမိဂဒါဝုန်တောအ၌သာ ဝါကပ်တော်မူ၍ နှစ်ပါးသော ရဟန်းတို့ကို ဆုံးမသော် ကျန်သုံးပါးသော ရဟန်းတို့က ဆွမ်းအလို့ငှာ လှည့်လည်၍ ခြောက်ဦးသားတို့ မျှတခဲ့ကြကုန်၏။ ရဟန်းသုံးပါးတို့ကို ဆုံးမလျှင် ကျန်ရဟန်းနှစ်ပါးတို့က ဆွမ်းခံခဲ့ကြသည်။ ကောဏ္ဍညမထေရ် သောတာပန်တည်ပြီး နောက်တစ်နေ့ **ဝပ္ပ** သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်။ နောက်တစ်နေ့ **ဘဒ္ဒိယ**၊ နောက်တစ်နေ့ **မဟာနာမ်**၊ နောက်တစ်နေ့ **အဿဇိ**တို့ သောတာပတ္တိဖိုလ်၌ တည်ကာ ဧဟိဘိက္ခုရဟန်းများ ဖြစ်ခဲ့ကြလေသည်။ ပဉ္စဝဂ္ဂီငါးဦးလုံး သောတာပတ္တိဖိုလ်၌ တည်ကြ ကုန်ပြီးနောက် ဝါဆိုလပြည့်ကျော် (၅)ရက်နေ့တွင် အနတ္တလက္ခဏာ သုတ္တန်ကို ဟောတော်မူရာ ပဉ္စဝဂ္ဂီမထေရ်ငါးဦးလုံး အာသဝေါကင်းကွာ ရဟန္တာ အရှင်မြတ်ကြီးများ ဖြစ်ခဲ့ကြသည်။

**ယသသူဌေးသား ရဟန်းပြုတော်မူခြင်း**

ပဉ္စဝဂ္ဂီရဟန်းငါးဦးတို့နှင့် အရှင်နာလကမထေရ်တို့အား ဓမ္မစက္ကပဝတ္တနသုတ္တန်၊ အနတ္တလက္ခဏာသုတ္တန်၊ နာလကသုတ္တန်တို့ကို ဟောကြားချေချွတ်တော်မူ၍ ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် သေနာနိဂုံးသူ နို့ယနာဆွမ်းလှူခဲ့သည့် သူဌေးကတော်ကြီး သုဇာတာ၏သား **ယသအမျိုးကောင်းသား**သည် ကိလေသာရွံမုန်း၍ အိမ်ကို စွန့်ကာ တောထွက်လာသည်ကို မြင်တော်မူသောအခါ "ချစ်သား ယသ. . . လာခဲ့လော။ ငါဘုရားသည် သင်ချစ်သားအား နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ဟောပြတော်မူအံ့"ဟု ဖိတ်ခေါ် မိန့်ကြားတော်မူခဲ့သည်။ ထိုညဉ့်၌ပင် ယသ အမျိုးကောင်းသားသည် သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။ ထိုနောက် အထက်မဂ် အထက်ဖိုလ်များသို့ အဆင့်ဆင့်တက်ကာ ရဟန္တာ ဖြစ်ခဲ့သည်။ ယသသတို့သား၏ အဆွေခင်ပွန်းဖြစ်ကုန်သော **ငါးဆယ့်လေး**

ယောက်သော အမျိုးကောင်းသားတို့လည်း ဧဟိဘိက္ခုရဟန်းအဖြစ်ဖြင့် ရဟန်းပြုခဲ့ကြပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ကြကုန်၏။

## ရဟန္တာခြောက်ကျိပ်တို့ကို သာသနာပြု စေလွှတ်တော်မူခြင်း

ထိုအခါ ဘုရားရှင်နှင့် ရဟန္တာခြောက်ကျိပ်တို့သည် ဣသိပတန မိဂဒါဝုန်တော၌ ဝါကပ်တော် မူခဲ့ကြသည်။ ဘုရားရှင်သည် ဝါကျွတ်သောအခါ ပဝါရဏာပြု၍ ရဟန်းခြောက်ကျိပ်တို့ကို "ရဟန်းတို့. . . ဒေသစာရီ လှည့်လည် ကြကုန်လော့"ဟု အရပ်လေးမျက်နှာတို့သို့ စေလွှတ်၍ ကိုယ်တော်တိုင်ကမူ ဥရုဝေလတောအုပ်သို့ ကြွတော်မူခဲ့သည်။

## ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို ဆုံးမတော်မူခြင်း

ဘုရားရှင်သည် ဥရုဝေလ တောအုပ်သို့ကြွစဉ် လမ်းခရီးအကြား၌ ကပ္ပါသိက တောအုပ်အတွင်းဝယ် ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို ဆုံးမတော်မူခဲ့၏။ ထိုဘဒ္ဒဝဂ္ဂီမင်းသားသုံးကျိပ်တို့တွင် ဂုဏ်အားဖြင့် အငယ်ဆုံးသောတာပန်ဖြစ်၍ အမြင့်ဆုံး အနာဂါမ်ပုဂ္ဂိုလ်တို့ ဖြစ်ခဲ့ကြကုန်၏။ ထိုမင်းသား သုံးကျိပ်တို့ကိုလည်း "ဧဟိဘိက္ခု" ရဟန်းများအဖြစ် ရဟန်းပြုပေးပြီးလျှင် အရပ်လေးမျက်နှာသို့ သာသနာပြုစေလွှတ်၍ ဘုရားရှင်ကမူ ဥရုဝေလ တောအုပ်သို့ ဆက်လက်ကြွချီတော်မူခဲ့သည်။

## ရသေ့ညီနောင်သုံးဦးတို့ကို ချေချွတ်တော်မူခြင်း

ဘုရားရှင်သည် ဘဒ္ဒဝဂ္ဂီမင်းသား သုံးကျိပ်တို့ကို ရဟန်းပြုတော် မူပေးပြီးနောက် ခရီးဆက်၍ ကြွချီခဲ့ရာ ဥရုဝေလတောအုပ်သို့ ရောက်ခဲ့သည်။ ထိုအချိန်၌ ဥရုဝေလတောအုပ်တွင် **ဥရုဝေလကဿပ** အစ်ကိုကြီးသည် တပည့်ရသေ့ငါးရာနှင့် အတူနေခဲ့၍ ညီလတ် **နဒီကဿပ**ရသေ့သည် တပည့် ရသေ့ သုံးရာ၊ ညီငယ် **ဂယာကဿပ**ရသေ့သည် တပည့်ရသေ့ နှစ်ရာနှင့်အတူ နေခဲ့ကြသည်။ ထိုဥရုဝေလတောအုပ်၌ ရှင်တော်ဘုရားသည် တန်ခိုးပြာဋိဟာ သုံးထောင့်ငါးရာ တစ်ဆယ့်ခြောက်တို့ကိုပြ၍ ရသေ့အခြံအရံရှိကုန်သော ညီနောင်သုံးယောက်တို့ကို ၎င်းတို့၏ တပည့်အခြံ အရံများနှင့်အတူ ဆုံးမတော်မူလျက် "ဧဟိဘိက္ခု" ရဟန်းအဖြစ်ဖြင့် ရဟန်း ပြုပေးတော်

မူခဲ့သည်။ ထိုရဟန်းတို့ကို ဂယာသီသ၌ အာဒိတ္တပရိယာယ သုတ္တန်ကို ဟောတော်မူ၍ အရဟတ္တဖိုလ်၌ အသီးသီးတည်စေတော်မူခဲ့သည်။

## ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရသေ့ညီနောင် ရဟန္တာတစ်ထောင်ခြံရံလျက် ဗိမ္ဗိသာရမင်းအား ပေးထားခဲ့သော ကတိစကားအတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူခဲ့၏။ ရာဇဂြိုဟ်ပြည်ရောက်သောအခါ ဘုရားရှင်နှင့် ရဟန္တာများသည် ရာဇဂြိုဟ်ပြည် အနီးဝန်းကျင် ထန်းတောဥယျာဉ်၌ သီတင်းသုံးနေတော်မူခဲ့၏။ ဗိမ္ဗိသာရမင်းသည် ဥယျာဉ်စောင့်၏ လျှောက်တင်ချက်အရ ဘုရားရှင်ကြွလာကြောင်း ကြားသိရသောအခါ တစ်သိန်းနှစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့ ခြံရံလျက် ဘုရားရှင်ထံချဉ်းကပ်ခဲ့၏။ ပုဏ္ဏားသူကြွယ်တို့သည် ဘုရားရှင်နှင့် ရဟန္တာများကို ဖူးတွေ့ရသော် ၎င်းတို့၏စိတ်၌ "ရဟန်းဂေါတမသည် ဥရုဝေလကဿပထံတွင် မြတ်သောအကျင့်ကို ကျင့်သလော၊ သို့မဟုတ် ဥရုဝေလကဿပက ရဟန်းဂေါတမထံတွင် မြတ်သော အကျင့်ကို ကျင့်သလော" ဟု အကြံသည်ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်သည် ပုဏ္ဏား သူကြွယ်တို့ ၏ စိတ်အကြံကိုသိ၍ ဥရုဝေလကဿပကို "ဥရုဝေလတော ၌နေသော ချစ်သားကဿပ. . . သင်သည် အကျင့်ဖြင့်ကြံလှီသော ကိုယ်ရှိသော ရသေ့တို့ကို ဆုံးမတတ်သော ဆရာဖြစ်ပါလျက် အဘယ်အပြစ်ကိုမြင်၍ မီးပူဇော်ခြင်းကို စွန့်ပယ်ခဲ့ပါသနည်း"ဟု စသည် ဖြင့်မေးသည်ရှိသော် ဥရုဝေလကဿပက ဘုရားရှင်၏ အလိုကိုသိ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဆင်းအနံ့စသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကိုလည်းကောင်း၊ မိန်းမတို့ကိုလည်းကောင်း ယဇ်ပူဇော်ခြင်းဖြင့် ပြည့်စုံကုန်၏"ဟု ဆိုကြကုန်၏။ ထိုအလုံးစုံသော ကာမဂုဏ်တို့သည် ခန္ဓာဟူသော ဥပဓိတို့၌ ကပ်ငြိသော အညစ်အကြေးသာ ဖြစ်ခဲ့ပါသည်။ ထိုသို့ဖြစ်သည်ကို သိသောကြောင့် ယဇ်ပူဇော်ခြင်းကို မနှစ်သက်ပါ၊ မမွေ့လျော်ခဲ့ပါ"ဟု စသည် ဖြင့် ပြန်လည်လျှောက်တင် ခဲ့ပါသည်။ ယင်းသို့ လျှောက်ထားပြီးနောက် မိမိ၏ သာဝကအဖြစ်ကို ပြခြင်းငှာ ဘုရားရှင်၏ ခြေဖမိုးတော်၌ ဦးခေါင်းကို ထားလျက် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . . အရှင်ဘုရားသည်

အကျွန်ုပ်၏ ဆရာဖြစ်ပါသည်။ အကျွန်ုပ်သည် တပည့်ဖြစ်ပါ၏”ဟူ၍ လျှောက်ထားကာ ထန်းခုနစ်ဆင့်ခန့်တိုင်အောင် အထက်ကောင်းကင်သို့ ပျံတက်၍ တန်ခိုးပြခဲ့၏။ ထိုသို့ ခုနစ်ကြိမ်တိုင်တိုင် ကောင်းကင်သို့ ပျံတက်ကာ တန်ခိုးပြ ပြီးနောက် ကောင်းကင်မှ ဆင်းသက်ကာ မြတ်စွာဘုရားရှင်ကို ရှိခိုးလျက် တင့်အပ် လျောက်ပတ်သော အရပ်၌နေခဲ့သည်။

ပုဏ္ဏားတို့သည် ဥရုဝေလကဿပ၏ တန်ခိုးပြာဋိဟာကို မြင်ကြရသောအခါ “သြ. . . မြတ်စွာဘုရားသည် တန်ခိုးအာနုဘော် ကြီးမားတော်မူပါပေ၏။ မိစ္ဆာဒိဋ္ဌိ အယူရှိလျက် မိမိကိုယ်ကို ရဟန္တာဟု မှတ်ထင်နေသော ဥရုဝေလကဿပကိုပင် ဒိဋ္ဌိကွန်ရက်ကို ချိုးဖျက်တော်မူကာ မြတ်စွာဘုရားရှင်သည် ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပါပေ၏”ဟု မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းပြောဆိုခဲ့ကြကုန်၏။

**ဘုရားရှင် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းစားကြွတော်မူခြင်း**

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းစားကြွတော်မူကာနီးအချိန်၌ ဘုရားရှင်ကို လာရောက်ဖူးမြော်ကြသူ ရာဇဂြိုဟ်ပြည်သား လူအများတို့သည် သုံးဂါဝုတ်မျှရှိသော လမ်းခရီး၌ ပြည့်လျှံလျက်ရှိကုန်၏။ ဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်လည်းကောင်း၊ ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့်လည်းကောင်း တင့်တယ်လှပ အသရေတော်ပြည့်ဝနေသည့် ရူပကာယတော်ကို ဖူးမဝဖြစ်ခဲ့ကြသည်။ ဥယျာဉ်တစ်ခုလုံး လမ်းတစ်လျှောက်လုံး ဘုရားဖူးသူ လူအပေါင်းနှင့် ပြည့်နေခဲ့၍ ရဟန်းတော်တစ်ပါး ထွက်နိုင်လောက်သော အရပ်ပင်မရှိဖြစ်ခဲ့ရသည်။ ထိုအခါ သိကြားနတ်မင်းသည် နိဗ္ဗာန်ဆော် လုလင်ပျို သဏ္ဌာန်ဖြင့် ဘုရားရှင်နှင့် သံဃာတော်များ ကြွနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ရသည်။

**ဗိမ္ဗိသာရမင်းကြီး ဝေဠုဝန်ဥယျာဉ်ကို လှူဒါန်းတော်မူခြင်း**

ဘုရားရှင်သည် နတ်တို့သနင်း သိကြားမင်း နိဗ္ဗာန်ဆော်လုလင်ပျို စီစဉ်ပေးသော ခရီးဖြင့် ရဟန်းပေါင်း တစ်ထောင်ခြံရံကာ ရာဇဂြိုဟ်ပြည်တွင်းသို့

ဝင်တော်မူခဲ့၏။ ဗိမ္ဗိသာရမင်းကြီးသည် နန်းတော်သို့ပင့်ကာ ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့၏။ ဆွမ်းကိစ္စပြီးသော် ဗိမ္ဗိသာရမင်းကြီး သည် ဘုရားရှင်ထံ ချဉ်းကပ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရတနာသုံးပါးနှင့်ကင်းကွာ၍ မနေနိုင်ပါ။ အခါဟုတ် မဟုတ် ဘုရားရှင်ထံမှောက် လာရောက်လိုပါ၏။ ယခုအရှင်ဘုရား သီတင်း သုံးတော်မူရာ ထန်းပင်ဥယျာဉ်သည် မြို့နှင့်ဝေးလွန်းလှပါသည်။ ဝေဠုဝန် ဥယျာဉ်သည်ကား မြို့နှင့် မဝေးလွန်း၊ မနီးလွန်းဖြစ်ပါသည်။ သွားလမ်း လာလမ်း နှင့်လည်း ပြည့်စုံပါ၏။ ဝေဠုဝန်ဥယျာဉ်ကို အလှူခံတော်မူပါ"ဟု လျှောက် ထားခဲ့လေသည်။ ထိုနောက် မင်းကြီးသည် ဘုရားရှင်၏လက်တော် ၌ ရေစက်ကိုကျစေကာ ဥယျာဉ်တော်ကို ဘုရားရှင်နှင့်တကွ သံဃာတော်များ အား လှူဒါန်းခဲ့လေသည်။ ထိုအခါ မဟာပထဝီမြေကြီးသည် "မြတ်စွာ ဘုရားရှင်၏ အဆုံးအမ သာသနာတော်၏ အမြစ်တို့သည် တွယ်ငြိ ကုန်ပြီ" ဟု ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးသည့်အလား သွက်သွက်ခါ တုန်လှုပ် လေတော့သည်။ အစိန္တေယျ သုံးလောကထွတ်ထား မြတ်စွာဘုရား ရှင်သည် ရာဇဂြိုဟ်ပြည်သို့ ရောက်သည့်နေ့၌ပင် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရ မင်းကြီးနှင့်တကွ အခြံအရံပုဏ္ဏားတစ်သိန်းတစ်သောင်းတို့သည် သောတာ ပတ္တိဖိုလ်၌ တည်ခဲ့ကြကုန်၏။

## အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ဘုရားရှင်ထံ ရောက်လာခြင်း

ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပတိဿခေါ် အရှင်သာရိပုတ္တရာနှင့် ကောလိတခေါ် အရှင်မဟာမောဂ္ဂလာန် ပရိဗိုဇ် ရဟန်းနှစ်ဦးတို့သည် ရာဇဂြိုဟ်မြို့ကို ဂေါစရဂါမ် ပြု၍ မသေရာ အမြိုက်နိဗ္ဗာန်တရားကို ရှာမှီးကုန်လျက် နေထိုင်ခဲ့ကြကုန်၏။ အရှင်သာရိပုတ္တရာ အလောင်းဥပတိဿသည် ဆွမ်းအလို့ငှာ မြို့တွင်းသို့ဝင်လာသော အရှင်အဿဇိ မထေရ်ကို လမ်းတွင်မြင်၍ ကြည်ညိုသော စိတ်ဖြစ်ကာ အနီးသို့ချဉ်းကပ်ပြီးလျှင် "ယေဓမ္မာ ဟေတုပ္ပဘဝါ = ခန္ဓာငါးပါး အကြောင်းဒုက္ခသစ္စာတရားတို့သည် သမုဒယသစ္စာ တဏှာလောဘလျှင် အကြောင်းရင်း ရှိကုန်၏" ဟူသော

ဂါထာရှေ့ထက်ဝက်ကို ကြားနာရ၍ သောတာပတ္တိဖိုလ်၌ တည်ခဲ့လေ၏။ ဥပတိဿသည် မိမိ၏ အဆွေခင်ပွန်းဖြစ်သော ကောလိတခေါ် အရှင်မောဂ္ဂလာန် အလောင်းအားလည်း ထိုဂါထာဝက်ကိုသာလျှင် တစ်ဖန်ပြန် ဟောပြခဲ့၍ ထိုကောလိတသည်လည်း သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်။

ထိုဥပတိဿနှင့် ကောလိတနှစ်ဦးတို့သည် မိမိတို့၏ ဆရာဖြစ်သော သိဉ္စည်းဆရာကြီးထံသွား၍ အကြောင်းစုံကို ပြောပြပြီးလျှင် ဆရာကြီးကိုပါ လိုက်ခဲ့ရန် ခေါ်သော်လည်း ငြင်းဆန်ခဲ့သဖြင့် ၎င်းတို့၏ တပည့်ပရိသတ် ပရိဗိုဇ်ရဟန်းများနှင့်အတူ ဘုရားရှင်ထံသို့ သွား၍ ဘုရားရှင်၏ အဆုံးအမကို ရယူကာ ထိုဘုရားရှင်အထံ၌ ရဟန်းပြုခဲ့ကြလေသည်။ ထိုနှစ်ဦးတို့တွင် အရှင်မဟာမောဂ္ဂလာန်သည် ရဟန်းဖြစ်သည့် နေ့မှ ခုနစ်ရက်မြောက်သော နေ့၌ ရဟန္တာဖြစ်၍ အရှင်သာရိပုတ္တရာမှာမူ တစ်ဆယ့်ငါးရက်မြောက်သော နေ့၌ ရဟန္တာဖြစ်ခဲ့ကြသည်။ အရှင်သာရိပုတ္တရာမထေရ် ရဟန္တာဖြစ်သော နေ့၌ ဘုရားရှင်သည် သာဝကအစည်းအဝေးကို ပြုတော်မူ၍ အရှင် သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် နှစ်ပါးတို့ကို အဂ္ဂသာဝကအရာ၌ ထားတော်မူကာ လက်ယာနှင့် လက်ဝဲရံ ထားတော်မူခဲ့သည်။

**သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားကို ပင့်တော်မူခြင်း**

ဘုရားရှင်သည် ထိုဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူသော အခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် "ငါ၏သားတော်သည် ခြောက်နှစ် ပတ်လုံး ပြုနိုင်ခဲသော ဒုက္ကရစရိယာကို ကျင့်တော်မူ၍ လွန်မြတ်သော သဗ္ဗညုတဉာဏ်သို့ ရောက်ကာ ဘုရားဖြစ်တော်မူခဲ့၏၊ တစ်ဖန် မြတ်သော ဓမ္မစကြာတရားတော်ကို ဟောတော်မူပြီးနောက် ရာဇဂြိုဟ်ပြည် ကို ဂေါစရဂါမ်ပြုကာ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူခဲ့၏"ဟု ကြားသိ ခဲ့ရသည်။ သုဒ္ဓေါဒနမင်းကြီးသည် အမတ်တစ်ယောက်ကို ခေါ်တော်မူ၍ "အချင်းအမတ်. . . သင်သည် ယောကျ်ားတစ်ထောင်ခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ သွားပါ။ ငါ၏စကားဖြင့် 'အရှင်ဘုရား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး သည် ဖူးမြင်လိုပါ၏'ဟု လျှောက်ထား၍ သားတော်ကို ပင့်ဆောင်ကာ ပြန်လာခဲ့လော့"ဟု မိန့်ဆို၏။ ထိုအမတ်သည် မင်းချင်းယောကျ်ား

တစ်ထောင်ခြံရံလျက် ယူဇနာခြောက်ဆယ်ခရီးကို သွားပြီး ဘုရားရှင် ပရိသတ်လေးပါး အလယ်၌ ထိုင်ကာ တရားဟောနေတော်မူသော အချိန်တွင် ဝေဠုဝန်ကျောင်းတော်သို့ ရောက်ခဲ့၏။ မင်းချင်းတို့နှင့်တကွ အမတ်သည် ပရိသတ်အစွန်း၌ ထိုင်လျက် တရားဒေသနာတော်ကို ကြားနာခဲ့ရာ ဒေသနာတော်အဆုံး၌ မင်းချင်းတို့နှင့်တကွ အမတ်သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့သဖြင့် ဘုရားရှင်ထံ ရှင်ရဟန်းအဖြစ်ကို တောင်းခဲ့တော့သည်။

ဘုရားရှင်က "ရဟန်းတို့. . . လာကြကုန်"ဟု လက်ျာလက်တော်ကို ဆန့်တန်း တော်မူခဲ့၏။ ထိုခဏ၌သာလျှင် အမတ်နှင့်တကွ မင်းချင်း ယောက်ျားတို့သည် တန်ခိုးဖြင့်ပြီးသော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို ဆောင်ကုန်လျက် ဝါခြောက်ဆယ်ရ မထေရ်ကြီးများကဲ့သို့ ဖြစ်ခဲ့ကုန်၏။ အရိယာပုဂ္ဂိုလ်တို့ မည်သည် လောကီရေးရာတို့၌ လျစ်လျူရှုမြဲ ဓမ္မတာဖြစ်၍ မင်းကြီးစေလွှတ်ခဲ့ သော သတင်းစကားကို ဘုရားရှင်အား လျှောက်ထားခြင်း မပြုခဲ့ကြတော့ချေ။ သုဒ္ဓေါဒနမင်းကြီးသည် စေလွှတ်လိုက်သော အမတ်လည်း ပြန်မလာ။ သတင်းစကားလည်း မကြားခဲ့ရသဖြင့် အကြိမ်ကြိမ်ပင် ခိုင်းခဲ့ လေသည်။ မင်းချင်းယောက်ျားပေါင်း တစ်ထောင်စီ၊ တစ်ထောင်စီ အခြံအရံရှိသော အမတ်ပေါင်းကိုးယောက်တို့ကို ကိုးကြိမ်တိုင်တိုင် စေလွှတ်ခဲ့ပါသော်လည်း ၎င်းတို့သည် အရဟတ္တဖိုလ်ကိစ္စ ပြီးကုန်ခဲ့ကြ၍ ဝေဠုဝန်ကျောင်းတော်၌သာ နေထိုင်ခဲ့ကြသည်။

နောက်ဆုံးအကြိမ်တွင် ကာဠုဒါယီအမတ်ကို စေခိုင်းခဲ့သည်။ ကာဠုဒါယီ အမတ်သည် သုဒ္ဓေါဒနမင်းကြီး၏ အတွင်းလူယုံတော်လည်း ဖြစ်၏။ အလွန် အကျွမ်းဝင်သော အမတ်လည်း ဖြစ်၏။ ဘုရားရှင်၏ ဖွားဖက်တော်လည်း ဖြစ်ခဲ့၏။ ဘုရားရှင် အလောင်းတော်ဘဝက ကစားဖော်သူငယ်ချင်းလည်း ဖြစ်ခဲ့၏။ ထိုအမတ်ကို မင်းချင်းယောက်ျားတစ်ထောင်နှင့်အတူ စေလွှတ်ခဲ့ ပြန်သည်။ ကာဠုဒါယီအမတ်သည် "ရဟန်းပြုခွင့်ရက ဘုရားရှင်အား ပါအောင်ပင့်ဆောင် ပေးပါမည်"ဟု ဝန်ခံလျက် ဘုရားရှင်ထံသွားခဲ့ လေသည်။ ကာဠုဒါယီအမတ်နှင့် မင်းချင်းယောက်ျား တစ်ထောင်တို့လည်း

"ဗေဟိဘိက္ခု" ရဟန်းများဖြစ်ခဲ့ကြကုန်၏။ ကာဠုဒါယီမထေရ် ရောက်ပြီးနောက် ခုနစ်ရက် ရှစ်ရက်မြောက်သောနေ့၌ ဆောင်းဥတုလွန်မြောက်၍ နွေဦးအချိန်သို့ ရောက်စဖြစ်ခဲ့၏။ ကာဠုဒါယီမထေရ်သည် အချိန်ကာလကို ငံ့လင့်၍ နေခဲ့၏။ သင့်တင့်လျောက်ပတ်သော အချိန်သို့ရောက်သော် ဘုရားရှင်ထံ ချဉ်းကပ်၍ ဂါထာပေါင်းခြောက်ဆယ်တို့ဖြင့် ကပိလဝတ်ပြည်သို့ ခရီးသွားခြင်း၏ ကျေးဇူးကို ချီးမွမ်းလျှောက်ထားခဲ့၏။ ထိုအခါ ဘုရားရှင်က "ချစ်သား ကာဠုဒါယီ. . . အဘယ့်ကြောင့် ချိုမြိန်သာယာသော အသံဖြင့် ခရီးသွားခြင်း၏ အကျိုးကျေးဇူးကို ချီးမွမ်းပါသနည်း"ဟု မေးလေလျှင် "အရှင်မြတ်ဘုရား အရှင်ဘုရား၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အရှင်ဘုရားတို့ကို ဖူးမြော်လိုပါ၏။ ဆွေတော်မျိုးတော်တို့ကို ချီးမြှောက်တော် မူပါ ဘုရား"ဟု လျှောက်ထား၏။

## မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

ဘုရားရှင်သည် ရဟန္တာပေါင်း နှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်ကာ တစ်နေ့လျှင် တစ်ယူဇနာနှုန်းဖြင့် ကြွတော်မူခဲ့၏။ ရာဇဂြိုဟ်ပြည်မှ ယူဇနာခြောက်ဆယ်ရှိသော ကပိလဝတ်ပြည်သို့ နှစ်လတို့ဖြင့် ရောက်ရန် ရည်မှန်း၍ အတုရိတဒေသစာရီခေါ် မမြန်လွန်း၊ မနှေးလွန်းသော ဒေသစာရီကို ကြွတော်မူခဲ့၏။ ကာဠုဒါယီမထေရ်သည် နေ့စဉ်နေ့တိုင်း အာကာသကောင်းကင် ခရီးဖြင့် သုဒ္ဓေါဒနမင်းကြီးထံကြွကာ ဘုရားရှင်သည် ကပိလဝတ်ပြည်သို့ ကြွလာပြီဖြစ်ကြောင်း၊ ယနေ့ဘုရားရှင်သည် ဤမျှသော ခရီးကို ရောက်ပြီ ဖြစ်ကြောင်း မိန့်ကြားလျက် သုဒ္ဓေါဒနမင်းကြီး လှူသော ဆွမ်းကို အလှူခံကာ ဘုရားရှင်အား ဆက်ကပ်ခဲ့၏။ ဘုရားရှင်ကလည်း လမ်းခရီး အကြားတစ်လျှောက် သုဒ္ဓေါဒနမင်းကြီး လှူသောဆွမ်းကိုသာ ဘုဉ်းပေးတော် မူခဲ့၏။ ကာဠုဒါယီမထေရ်သည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားတို့ဖြင့် သာကီဝင်မင်းမျိုးတို့ကို ဟောကြားပြောဆိုကာ ဘုရားရှင်အား မဖူးမြင်ရသေးဘဲ ဘုရားရှင်ကို ကြည်ညိုစေခဲ့၏။

## နိဂြောဓသာကီဝင်မင်းဥယျာဉ်၌ သီတင်းသုံးတော်မူခြင်း

သုဒ္ဓေါဒနမင်းကြီးအမှူးပြုသော သာကီဝင်မင်းအပေါင်းတို့သည် ဘုရားရှင် ကပိလဝတ်ပြည်သို့ ရောက်တော်မူလျှင် သီတင်းသုံးရန်အတွက် "နိဂြောဓသာကီဝင်မင်း၏ အရံဥယျာဉ်သည် နှလုံးမွေ့လျော်ပျော်ဖွယ်ရာဖြစ်၏။ ဘုရားရှင်နှင့် ရဟန်းတော်များအတွက် သင့်လျော်လျောက်ပတ်သောနေရာဖြစ်၏"ဟု စုဝေးဆုံးဖြတ်ကာ ထိုဥယျာဉ်၌ သုတ်သင်ရှင်းလင်းခြင်း၊ နေရာထိုင်ခင်းတို့ကို စီစဉ်ပေးခြင်း ပြုခဲ့ကြကုန်၏။ ဘုရားရှင် ကပိလဝတ်သို့ ရောက်တော်မူသောအခါ နံ့သာပန်းတို့ကို လက်စွဲကုန်လျက် ခရီးဦးကြိုဆိုခြင်းကို ပြုခဲ့ကြကုန်၏။ ဘုရားရှင်ကို ပင့်ဆောင်၍ နိဂြောဓဥယျာဉ်သို့ သွားခဲ့ကြကုန်၏။ ထိုဥယျာဉ်အရံ၌ ဘုရားရှင်သည် ရဟန္တာအပေါင်း နှစ်သောင်းခြံရံလျက် သီတင်းသုံး နေတော်မူခဲ့သည်။

## တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

သာကီဝင်မင်းတို့သည် ဇာတိမာန် ခက်ထန်သူများ ဖြစ်ကုန်၏။ "သိဒ္ဓတ္ထမင်းသားသည် ငါတို့အောက် အလွန်ငယ်သူဖြစ်၏။ ငါတို့၏ ညီငယ်၊ ငါတို့၏တူငယ်၊ ငါတို့၏သား၊ ငါတို့၏မြေးဖြစ်သည်"ဟု စိတ်ရှိခဲ့ကြကုန်လျက် ငယ်ကုန်ငယ်ကုန်သော မင်းသားမင်းသမီးတို့ကိုသာ ရှိခိုးစေကုန်၍ ကြီးသူတို့ကမူ နောက်မှ နေခဲ့ကြကုန်၏။ ထိုဆွေတော်မျိုးတော်တို့သည် ဤသို့ မရှိခိုးဘဲနေကြသည်ကို ဘုရားရှင် သိတော်မူသောအခါ အဘိညာဉ်၏ အခြေခံဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူ၍ ထိုစျာန်မှထသည်ရှိသော် ကောင်းကင်သို့ပျံတက်ပြီး ထိုလူအပေါင်း၏ ဦးခေါင်းထက်၌ ခြေဖဝါး အစုံမှ ပါလာသော မြေမှုန့်တို့ကို ကြွချဘိသကဲ့သို့ ရေမီးအစုံအစုံတည်းဟူသော တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့၏။

သုဒ္ဓေါဒနမင်းကြီးသည် ထိုအံ့ဖွယ်သရဲ ထူးကဲမှုကို ဖူးမြင်ရ၍ "အရှင်မြတ်ဘုရား. . . အရှင်ဘုရားကို ဖွားမြင်သောနေ့၌ ကာဠုဒေဝီလရသေ့အား ရှိခိုးရန် ဆောင်ယူခဲ့စဉ် အရှင်ဘုရား၏ ခြေတော်အစုံတို့သည် လည်၍ ကောင်းကင်သို့ ပျံတက်ကာ ရှင်ရသေ့၏ ဦးခေါင်းထက်၌ တည်သည်ကို

တွေ့မြင်ခဲ့ရ၍ အကျွန်ုပ်တို့သည် အရှင်ဘုရား၏ ခြေတော်အစုံကို ရှိခိုးခဲ့ပါ၏။ ဤရှိခိုးခြင်းသည် အကျွန်ုပ်၏ ပထမအကြိမ် ရှိခိုးခြင်းဖြစ်ပါသည်။ လယ်ထွန်မင်္ဂလာဆင်ယင်ကျင်းပသော နေ့၌လည်း သပြေရိပ်ဝယ် မြတ်သော နေရာ၌ သိပ်၍ထားစဉ် အရှင်ဘုရား၏နေရာ သပြေရိပ်သည် မပြောင်း မရွေ့ဘဲ နေသည်ကို လည်းကောင်း၊ အရှင်ဘုရားသည် ပလ္လင်ခွေဖြင့် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေတော်မူသည်ကိုလည်းကောင်း မြင်ခဲ့ရ၍ အရှင်ဘုရား၏ ခြေတော်အစုံတို့ကို ရှိခိုးခဲ့ပါ၏။ ယင်းသို့ ရှိခိုးခြင်းသည် အကျွန်ုပ်၏ ဒုတိယအကြိမ် ရှိခိုးခြင်းဖြစ်ပါသည်။ ယခုအခါ၌ကား ရှေးကမမြင်ဖူး ထူးကဲသော တန်ခိုးပြာဋိဟာကို မြင်ရပြန်၍ အရှင်ဘုရား၏ ခြေတော်အစုံ တို့ကို ရှိခိုးပါ၏။ ဤယခု ရှိခိုးခြင်းသည် အကျွန်ုပ်၏ သုံးကြိမ်မြောက် ရှိခိုးခြင်းဖြစ်ပါသည်”ဟု ဘုရားရှင်အား လျှောက်ထားခဲ့လေသည်။

သုဒ္ဓေါဒနမင်းကြီး ရှိခိုးသည်ရှိသော် ဘုရားရှင်အား မရှိခိုးဘဲ ရပ်တည်သူ တစ်စုံတစ်ယောက်မျှ မရှိခဲ့တော့ပေ။ အားလုံးသော သာကီဝင်မင်းတို့သည် ဘုရားရှင်အား ရှိခိုးခဲ့ကြကုန်တော့သည်။ ဘုရားရှင်သည် တန်ခိုးပြာဋိဟာ ပြတော်မူပြီးနောက် ကောင်းကင်မှ သက်ဆင်းကာ ခင်းထားသော နေရာ ထက်၌ ထိုင်နေတော်မူစဉ် အထွတ်အထိပ်သို့ရောက်သော အလွန်စည်ကား သော ဆွေတော်မျိုးတော်တို့၏ အစုအဝေးသည် ဖြစ်ခဲ့၏။ ထိုအခါ ပေါက္ခရဝဿ မိုးကြီးသည် ရွာချခဲ့လေသည်။ နီမြန်းသော မိုးရေအလျဉ်သည် အောက်၌ မြည်ဟီးလျက် စီးဆင်းသွားခဲ့၏။ ထိုမိုးသည် စိုစွတ်လိုသော စိတ်ရှိသူကိုသာ စိုစွတ်၍ စိုစွတ်ရန် စိတ်မရှိသော သူကို မစိုစွတ်ခဲ့ပေ။ ထိုအံ့ဖွယ်ဖြစ်သော မိုးကိုမြင်ရပြန်သောအခါ ဆွေတော်မျိုးတော်တို့သည် “အံ့ဖွယ်သရဲဖြစ်ပါပေစွ၊ မဖြစ်စဖူး အထူးဖြစ်ပါပေစွ”ဟု ချီးမွမ်း အံ့ဩစကား ပြောဆိုခဲ့ကြလေသည်။

ဘုရားရှင်သည် “ယခုအခါ၌သာ ဆွေတော်မျိုးတော်တို့၏ အစုအဝေး၌ ပေါက္ခရဝဿမိုး ရွာသွန်းဖြိုးသည်မဟုတ်။ ရှေးအခါကလည်း ရွာသွန်းဖြိုး ခဲ့ပြီ”ဟု မိန့်တော်မူကာ ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူခဲ့၏။ ဝေဿန္တရာဇာတ်တော်ကို နာယူကြပြီးနောက် ဆွေတော်မျိုးတော်တို့သည်

နေရာမှထကြကာ မြတ်စွာဘုရားကို ရှိခိုး၍ ပြန်သွားခဲ့ကြကုန်၏။ ဘုရားရှင်နှင့် သံဃာတော်တို့အား "နက်ဖြန် တပည့်တော်တို့၏ ဆွမ်းကို အလှူခံပါ"ဟူ၍ ဖိတ်ကြားသွားသူ တစ်စုံတစ်ယောက်သောသူမျှ မရှိခဲ့ပေ။

**ဘုရားရှင် ကပိလဝတ်ပြည်တွင်း ဆွမ်းခံဝင်တော်မူခြင်း**

ဘုရားရှင်သည် နောက်တစ်နေ့၌ ရဟန္တာပေါင်းနှစ်သောင်း ခြံရံလျက် ကပိလဝတ်ပြည်တွင်း ဆွမ်းခံဝင်တော်မူခဲ့၏။ မြတ်စွာဘုရားကို ဆွေတော်မျိုးတော် တစ်ဦးတစ်ယောက်မျှ သွား၍ မပင့်ဖိတ်ခဲ့။ သပိတ်တော်ကို စောင့်ကြိုယူသူ မည်သူမျှမရှိခဲ့။ ဘုရားရှင်သည် တံခါးခုံ၌ ရပ်တော်မူလျက် "ရှေးဘုရားရှင်တို့သည် ဆွေတော်မျိုးတော်တို့ပြည်၌ ဆွမ်းအလို့ငှာ အဘယ်သို့ ကြွတော်မူသနည်း။ အိမ်စဉ်ကို ပယ်ဖျက်၍ အစိုးရကုန်သော မင်းတို့၊ လူတို့၏အိမ်သို့ကြွခဲ့ကုန်သလော။ သို့မဟုတ် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်ကုန်သလော" ဟုဆင်ခြင်တော်မူခဲ့၏။ ရှေးအခါက တစ်ဆူသော ဘုရားရှင်သော်မျှ အိမ်စဉ်ကို ဖျက်သဖြင့် ဆွမ်းခံကြွခြင်းကို မြင်တော်မမူ၍ ယခုအခါ ငါသည်လည်း ရှေးဘုရားတို့အတိုင်းသာ အိမ်စဉ်လျှောက်ခြင်းဖြင့် ချီးမြှောက်လတ္တံ့။ နောင်အခါ ငါ၏ တပည့်သားတို့သည် ငါဘုရားကို အတုယူ၍ ဆွမ်းခံဝတ်ကို ဖြည့်ကျင့်ကုန်လတ္တံ့." ဟုဆုံးဖြတ်တော်မူကာ အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးသည် ဘုရားရှင်နှင့် သံဃာတော်များ ဆွမ်းခံကြွကြောင်း ကြားသိရသောအခါ ထိတ်လန့်သော စိတ်နှလုံးရှိသည်ဖြစ်၍ ပုဆိုးတော်ကို လက်တော်ဖြင့် မ,လျက် အဆောတလျင် နန်းတော်မှ ထွက်ခဲ့၏။ ဘုရားရှင်၏ ရှေ့တော်၌ ရပ်လျက် "အရှင်မြတ်ဘုရား. . . အဘယ့်ကြောင့် တပည့်တော်တို့ကို အရှက်ရစေကုန်သနည်း။ ဤမျှလောက်သော ရဟန်းတို့အား ဆွမ်းကိုရခြင်းငှာ မတတ်နိုင်ဟူ၍ စိတ်ထားကာ ဆွမ်းခံကြွပါ သလော"ဟု လျှောက်ထားခဲ့၏။

ထိုအခါ ဘုရားရှင်က "မြတ်သော ခမည်းတော်မင်းကြီး. . . ဤသို့ဆွမ်းခံသွားခြင်းသည် ငါတို့အနွယ်၏ အလေ့ အကျင့်ဖြစ်၏"ဟု မိန့်တော်မူခဲ့၏။

ထိုအခါ မင်းကြီးက "အရှင်ဘုရား တပည့်တော်တို့၏ အနွယ်သည် **မဟာသမ္မတမင်း**၏ အနွယ်ဖြစ်ပါသည်။ ဤမဟာသမ္မတမင်းမျိုး၌ တစ်ယောက်သော မင်းသည်လည်း ဆွမ်းခံသွားသည် မရှိခဲ့ပါ"ဟူ၍ ပြန်လည်လျှောက်ထားခဲ့၏။ ထိုအခါ ဘုရားရှင်က "မြတ်သောမင်းကြီး၊ မဟာသမ္မတမင်းမျိုး ဟူသော အမည်သည် အသင်မင်းကြီး၏ အနွယ်ဖြစ်၏။ ငါဘုရား၏အနွယ် ဒီပင်္ကရာစသော ရှေးဘုရားရှင်တို့သည် ဆွမ်းခံသွားသဖြင့်သာ အသက်မွေးကုန်၏"ဟု မိန့်တော်မူ၍ လမ်းခရီးမ၌ ရပ်လျက်သာလျှင်—

"မြတ်သောမင်းကြီး. . . ဆွမ်းခံ အကျင့်၌ မမေ့မလျော့ရာ။ ကောင်းစွာကျင့်အပ်သော ဆွမ်းခံသွားခြင်း စသော အကျင့်ကို ကျင့်ရာ၏။ ဆွမ်းခံ သွားခြင်းစသော အကျင့်ကိုကျင့်သော သူသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သော လောက၌ ကောင်းစွာနေရ၏"

ဟုတရားဟောတော်မူခဲ့၏။သုဒ္ဓေါဒနမင်းကြီးသည် တရားအဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ခဲ့ သည်။ တစ်ဖန် ဘုရားရှင်သည် "မြတ်သောမင်းကြီး ကောင်းစွာ ကျင့်အပ် သောတရားကို ကျင့်ရာ၏။ မကောင်းသောတရားကို မကျင့်ရာ။ တရားကို ကျင့်သော သူသည် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝ၌ ချမ်းသာစွာ အိပ်ရ၏"ဟု ဆက်၍ဟောခဲ့ပြန်သည်။ ထိုအခါ သုဒ္ဓေါဒနမင်းကြီးသည် သကဒါဂါမိဖိုလ်၌ တည်တော်မူခဲ့၏။ ဓမ္မပါလဇာတ်တော်ကို ကြားနာရသော အခါ အနာဂါမိဖိုလ်၌ တည်တော်မူပြီးလျှင် သေခါနီးကာလ၌ ထီးဖြူတော် အောက် အသရေရှိသော အိပ်ရာထက်ဝယ် ရဟန္တာအဖြစ်သို့ရောက်ကာ ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။

သုဒ္ဓေါဒနမင်းကြီးသည် သောတာပတ္တိဖိုလ်၌ မျက်မှောက်ပြုလေလျှင် ဘုရားရှင်၏ သပိတ်တော်ကိုယူ၍ သံဃာတော်နှင့်တကွ ဘုရားရှင်ကို နန်းတော်ပြာသာဒ်ဆောင်သို့ ပင့်ဆောင်တော်မူ၍ မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ်တို့ဖြင့် လုပ်ကျွေးခဲ့၏။ ဆွမ်းကိစ္စ ပြီးသောအခါ ရာဟုလာ၏ မယ်တော် ယသောဓရာမိဖုရားကိုထား၍ အားလုံးသော မောင်းမမိဿံ ခြွေရံပရိသတ်နှင့်တကွ မိဖုရားတို့သည် လာရောက်ကြကုန်၍ ဘုရားရှင်ကို

ရှိခိုးကြကုန်၏။ ရာဟုလာမယ်တော်ကား "အရှင်မ. . . သွားလော။ အရှင့်သားကို ရှိခိုးလော့"ဟု လျှောက်ထားလေလျှင် "အကယ်၍ ငါ့အား ကျေးဇူးရှိသည် ဖြစ်အံ့။ ကိုယ်တိုင်သာလျှင် အရှင့်သားသည် ငါ့ထံလာလတ္တံ့။ ငါ့ထံသို့ ကြွလာမှသာလျှင် အရှင့်သားဖြစ်သော ဘုရားရှင်ကို ငါရှိခိုးတော့အံ့" ဟု ပြောဆိုခဲ့လေသည်။

**ဘုရားရှင် ယသောဓရာတိုက်ခန်းသို့ ကြွတော်မူခြင်း**

ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို သပိတ်တော်ကို ယူစေ၍ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် နှစ်ပါးတို့နှင့်အတူတကွ ယသောဓရာမိဖုရား၏ ကျက်သရေတိုက်ခန်းသို့ ကြွတော်မူခဲ့သည်။ ယသောဓရာမိဖုရားသည် ဆောလျင်စွာလာလတ်၍ ခင်းထားသောနေရာ၌ ထိုင်နေတော်မူသော ဘုရားရှင်၏ ခြေဖမျက်တော် နှစ်ဖက်တို့ကို ကိုင်၍ ခြေဖမိုးထက်၌ ဦးခေါင်းကိုတင်ကာ ဘယ်ညာပြောင်းလှန် ပွတ်၍ အားရအောင် ရှိခိုးခဲ့၏။ သုဒ္ဓေါဒနမင်းကြီးသည် မင်းသမီး၏ ဘုရားရှင် အပေါ်၌ ချစ်ခြင်း မြတ်နိုးခြင်းရှိပုံ ဂုဏ်ကျေးဇူးတို့ကို လျှောက်ထားပြောဆိုခဲ့သည်။

> "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . သမီးယသောဓရာသည် အရှင်ဘုရားတို့ ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်သည်ဟုကြားလျှင် သမီးတော် သည် ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်ခဲ့ပါသည်။ အရှင်ဘုရားတို့ ဆွမ်းတစ်ထပ်သာစားသည်ဟု ကြားသိလျှင် သမီးတော်သည် ထမင်း တစ်ထပ်သာ စားခဲ့ပါသည်။ အရှင်ဘုရားတို့သည် မြင့်သော မြတ်သော နေရာကို စွန့်သည်ဟု ကြားသိလျှင် သမီးတော်သည် ကြိုးပြားဖြင့် ရက်သော ညောင်စောင်း ၌သာ အိပ်ခဲ့ပါ၏။ အရှင်ဘုရားတို့ ပန်းနံ့သာစသည်တို့မှ ရှောင်ကြဉ်ကြောင်း ကြားသိရသော် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းတို့မှ ရှောင်ကြဉ်ခဲ့ပါ သည်။ အကျွန်ုပ် သမီးတော်သည် တစ်စုံတစ်ယောက်သော ဆွေမျိုး ကိုမျှ သူမအား လုပ်ကျွေးစေရန် ပြန်၍မကြည့်ဘဲ နေခဲ့ပါသည်"

ဟု ယသောဓရာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျှောက်ထားခဲ့လေသည်။ "ခမည်းတော် မင်းကြီး. . . သင်မင်းကြီးစောင့်ရှောက်ထားသော မင်းသမီးသည်

ဉာဏ်ပညာ ရင့်ကျက်လျက် ယခုအခါ၌ မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် အံ့ဩဖွယ်မဟုတ်သေး။ ပညာဉာဏ် မရင့်ကျက်သေးသောရှေးအခါက စန္ဒတောင်ခြေရင်းဝယ် သူတစ်ပါး အစောင့်အရှောက်မရှိပါဘဲ မိမိကိုယ်ကို စောင့်ရှောက်ခဲ့ပြီ”ဟု စန္ဒကိန္နရီဇာတ်တော်ကို ဟောတော်မူကာ နေရာမှ ထတော်မူ၍ နိဂြောဓာရုံကျောင်းသို့ ပြန်ကြွတော်မူခဲ့သည်။

**ညီတော်နန္ဒမင်းသား ရဟန်းပြုခြင်း**

နောက်တစ်နေ့ နန္ဒမင်းသားအား အဘိသိက်သွန်း မင်္ဂလာ၊ အိမ်သစ်တက် မင်္ဂလာ၊ လက်ထပ်ထိမ်းမြားခြင်း မင်္ဂလာတို့သည် ဖြစ်ခဲ့သည်။ ဘုရားရှင်သည် နန္ဒမင်းသား၏ အိမ်သို့ ကြွတော်မူ၍ မင်္ဂလာတရား ဟောကြားတော်မူပြီးလျှင် နန္ဒမင်းသားကို သပိတ်တော်ယူစေ၍ ကျောင်းတော်သို့ ပြန်ကြွတော်မူခဲ့၏။ ဇနပဒကလျာဏီမင်းသမီးသည် နန္ဒမင်းသား ဘုရားရှင်နှင့် ပါသွားသည်ကို မြင်၍ “အရှင့်သား. . . လျင်မြန်စွာ ပြန်လာခဲ့ပါလော”ဟု မှာကြားခဲ့သည်။ ညီတော် နန္ဒမင်းသားသည် မြတ်စွာဘုရားကို “သပိတ်တော်ကိုယူတော်မူပါ”ဟု ဘုရားရှင်အား မလျှောက်ထားဝံ့၍ ကျောင်းတော်သို့ ရောက်လာခဲ့၏။ ဘုရားရှင်သည် နန္ဒမင်းသား အလိုမရှိဘဲ နန္ဒမင်းသားကို ရဟန်းပြုပေးခဲ့သည်။

**သားတော်ရာဟုလာ အမွေတောင်းခြင်း**

ခုနစ်ရက်မြောက်သောနေ့၌ ရာဟုလာမယ်တော် ယသောရောမိဖုရားသည် သားတော်ရာဟုလာကို တန်ဆာဆင်၍ မြတ်စွာဘုရားထံသို့ စေလွှတ်ခဲ့၏။ “ချစ်သားရာဟုလာ. . . ထိုနှစ်သောင်းသော ရဟန္တာတို့ဖြင့် ခြံရံကုန်သော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ထိုရဟန်းကြီးကို ရှုပါလော့။ ဤရဟန်းကြီးသည် သင်၏ဖခမည်းတော် ဖြစ်၏။ ထိုရဟန်းကြီးတွင် ကြီးကုန်သော ရွှေအိုးကြီးလေးလုံးတို့သည်လည်း ရှိခဲ့ကုန်၏။ ထိုရဟန်းကြီး တောထွက်သောနေ့မှစ၍ ထိုရွှေအိုးကြီးလေးလုံးတို့သည် ပျောက်ခဲ့ကုန်၏။ သင်ချစ်သားသည် သွား၍ ထိုအမွေကို တောင်းခံပါလော့။ ‘ခမည်းတော် ငါသည် ဖခင်၏သားငယ်ဖြစ်၍ အဘိသိက်သွန်းခြင်းသို့ရောက်ကာ စကြဝတေးမင်း ဖြစ်ချင်ပါ၏။ ငါသည် ဥစ္စာကိုအလိုရှိပါ၏။ သားတော်အား

ဥစ္စာပေးပါလော၊ သားသည် အဖဥစ္စာ၏ အရှင်ဖြစ်ပါသည်'ဟု လျှောက်ထားပါလော့"ဟု သွန်သင်၍ ဘုရားရှင်ထံ စေလွှတ်ခဲ့၏။

ရာဟုလာမင်းသားသည်လည်း မြတ်စွာဘုရားရှင်ထံ သွား၍ အဖ၏ချစ်ခြင်းကို ရသဖြင့် နှစ်သက်သောစိတ်ဖြစ်ကာ "ရဟန်းကြီး. . . သင်၏အရိပ်သည် အေးမြလှ၏"ဟု ပြောဆို၍လည်းကောင်း၊ အခြားတွတ်တီးတွတ်တာ ပြောဆို၍လည်းကောင်း ဘုရားရှင်၏ ရှေ့တွင်ရပ်နေခဲ့၏။ ဘုရားရှင်သည် ဆွမ်းကိစ္စပြီးသောအခါ အနုမောဒနာတရား ချီးမြှင့်၍ နေရာမှထကာ ဖဲကြွတော်မူခဲ့၏။ ရာဟုလာ မင်းသားသည်လည်း "ရဟန်းကြီးကျွန်ုပ်အား အမွေပေးပါ၊ အမွေပေးပါ"ဟု အမွေတောင်း၍ ဘုရားနောက်ကတကောက်ကောက်လိုက်ခဲ့တော့၏။ ရာဟုလာသည် ဘုရားရှင်နှင့်အတူကျောင်းတော်သို့ ရောက်ခဲ့တော့သည်။ ဘုရားရှင်သည် 'ရာဟုလာအားလောကီအမွေပေးက ဆင်းရဲလှ၏။ ရာဟုလာအား လောကုတ္တရာအမွေသာပေးတော့အံ့'ဟု ကြံစည်၍ "ချစ်သား သာရိပုတ္တရာ. . . ရာဟုလာအားရှင်ပြုပေးလိုက်ပါ"ဟု အမိန့်ရှိခဲ့သည်။ အရှင်သာရိပုတ္တရာကလည်းရာဟုလာအား ရှင်ပြုပေးခဲ့တော့၏။

**ဘုရားရှင် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူခြင်း**

ဘုရားရှင်သည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကို ဖိုလ်သုံးပါးတို့၌တည်စေ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် တစ်ဖန်သာလျှင် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွကာ ရင်းတိုက်တော၌ သီတင်းသုံးတော်မူခဲ့သည်။

**ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူခြင်း**

အနာထပိဏ်သူဌေးသည် လှည်းငါးရာတို့ဖြင့် အရင်းအနှီးဥစ္စာကိုယူ၍ရာဇဂြိုဟ်ပြည်သို့ သွားပြီးလျှင် မိမိ၏ အဆွေခင်ပွန်းဖြစ်သော သူဌေးအိမ်သို့သွားခဲ့၏။ ထိုအိမ်၌ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံသော ဘုရားရှင်သည်လောက၌ပွင့်တော်မူသည့်အကြောင်းကို သိရ၍ အနာထပိဏ်သူဌေးသည်လင်းအားကြီးအခါ၌ နတ်တို့၏ တန်ခိုးအာနုဘော်ဖြင့် ပွင့်သောတံခါးမှထွက်ကာ ဘုရားရှင်ကို ချဉ်းကပ်ခဲ့၏။ ဘုရားရှင်၏ တရားတော်ကို နာရ၍

သောတာပတ္တိဖိုလ်၌ တည်ခဲ့၏။ ဒုတိယမြောက်ဖြစ်သော နောက်တစ်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့အား ကြီးစွာသော အလှူကိုပေး၍ သာဝတ္ထိပြည်သို့ ကြွလာရန် ဘုရားရှင်ထံမှ ဝန်ခံချက်ကို ယူကာ သာဝတ္ထိပြည်သို့ ပြန်ခဲ့၏။

ရာဇဂြိုဟ်မှ လေးဆယ့်ငါးယူဇနာရှိသော သာဝတ္ထိပြည်သို့ အပြန်ခရီးလမ်း၌ အသပြာတစ်သိန်းတန်ကျောင်းကို တစ်ယူဇနာတစ်ကျောင်းကျစီ ဆောက်လုပ်စေခဲ့၏။ သာဝတ္ထိပြည်၌ ဇေတဝန်ဥယျာဉ်ကို ဇေတမင်းသားထံမှ ရွှေဒင်္ဂါး အသပြာချင်း အစွန်းထိအောင်ခင်း၍ တစ်ဆယ့် ရှစ်ကုဋေသော ရွှေဒင်္ဂါး အသပြာတို့ဖြင့်ဝယ်ကာ ၁၈-ကုဋေအကုန်ခံ၍ ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းခဲ့၏။ ကျောင်းတော်ကြီး ဆောက်လုပ် ပြီးသောအခါ ဘုရားရှင်ကိုပင့်၍ ဘုရားအမှူးရှိသော အရပ်လေးမျက်နှာ၌ ရှိသည့် ရဟန်းသံဃာတော် တို့အား ရည်စူးကာ ၁၈-ကုဋေအကုန်ခံ၍ ကျောင်းလှူပွဲကြီး၊ ကျင်းပပြီးလျှင် ၅၄-ကုဋေသော အသပြာကို စွန့်လှူ၍ ဇေတဝန်ကျောင်းတော်ကို လှူဒါန်းပူဇော်ခဲ့လေသည်။

## သတ္တလောက၏ အကျိုးစီးပွားကို ဆောင်ရွက်တော်မူခြင်း

ဘုရားရှင်သည် မဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားစင်စစ် ဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်ပြုရာ ညောင်စောင်း၌ လျောင်းတော်မူသည့်တိုင်အောင် လေးဆယ့်ငါးဝါသော ကာလပတ်လုံး သတ္တလောက၏ အကျိုးစီးပွားကို မနားမနေ ဆောင်ရွက်တော်မူခဲ့သည်။ ဘုရားရှင်၏ ဘဝဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်လျှင်ပင် အလွန့်အလွန် ကြည်ညိုဖွယ်ရာများကို ကြည်ညိုခွင့် ရကြသည်။ ဘုရားရှင်သည် မင်းမျိုးမှဖြစ်၍ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနနှင့် မယ်တော်မာယာ မိဖုရားတို့မှ မွေးဖွားခဲ့သည်။ နှစ်ဆယ့်ကိုးနှစ်အရွယ်အထိ ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့သည်။ မြတ်သော နန်းပြာသာဒ်သုံးဆောင်မှာ ရာဟုလာ၏မယ်တော် ဘဒ္ဒကစ္စာနာယသောဓရာနှင့်အတူ မောင်းမပေါင်း လေးသောင်းတို့နှင့် တကွ စည်းစိမ်ကို ခံစားခဲ့သည်။ သားတော် ရာဟုလာကိုပင် ရခဲ့သည်။ သို့သော် ထိုစည်းစိမ်ကို ကြာရှည်စွာ မခံစား။ သတ္တလောက၏ အကျိုးစီးပွားအတွက် ထိုစည်းစိမ်

တို့ကို စွန့်လွှတ်ကာ မြင်းယာဉ်ဖြင့် တောထွက်တော်မူခဲ့၏။ ခြောက်နှစ်ပတ်လုံး ပြင်းထန်သော အကျင့်ကို အသားအရေများ ခန်းခြောက် သည့်တိုင်ကျင့်တော်မူ၍ မဟာဗောဓိမဏ္ဍိုင်၌ သဗ္ဗညုတရွှေဉာဏ်တော်ကို ရကာသတ္တဝါတို့၏ ကိုးကွယ်ရာ ဘုရားဖြစ်တော်မူခဲ့သည်။ ပြဟ္မာမင်း တောင်းပန်၍ ဓမ္မစကြာတရားတော်ကို ဟောတော်မူသော် တစ်ဆယ့်ရှစ် ကုဋေသော လူနတ်ပြဟ္မာတို့ သစ္စာလေးပါး တရားကိုသိကာ ကျွတ်တမ်း ဝင်ခဲ့ကြကုန်၏။ နတ်လူတို့၏ အစည်းအဝေး၌ တရားဟောပြန်သော် အရေအတွက်အားဖြင့် ပြောဆိုတွက်ချက်ခြင်းငှာ မစွမ်းနိုင်သော သတ္တဝါတို့ ဒုတိယအကြိမ် သစ္စာလေးပါးကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြပြန်သည်။ ရာဟုလာကို ဆုံးမတော်မူစဉ်ကလည်း မရေမတွက်နိုင်သော သတ္တဝါများ တတိယအကြိမ် သစ္စာလေးပါးတရားကိုသိကာ ကျွတ်တမ်းဝင်ခဲ့ကြ ပြန်သည်။ အညစ်အကြေးကင်းလျက် တင့်တယ်တော်မူသော ဘုရားရှင်သည် အလိုခပ်သိမ်းကို ပေးတတ်သော စိန္တာမဏိပတ္တမြားကဲ့သို့ လူနတ်ပြဟ္မာ သတ္တဝါအားလုံးတို့ တောင့်တသော အရာအားလုံးကို ပေးတော်မူခဲ့၏။

**ဘုရားရှင် နေ့စဉ်ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းများ**

ဘုရားရှင်သည် သီတင်းသုံးသမျှ ဒေသတို့ဝယ် အောက်ပါလုပ်ငန်းငါးရပ်တို့၌ နေ့စဉ်အမြဲမပြတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းငါးရပ်မှာ-

(က) နံနက်ခင်း ဆောင်ရွက်သည့် လုပ်ငန်းရပ်များ
(ခ) ဆွမ်းစားပြီးနောက် ဆောင်ရွက်သည့် လုပ်ငန်းရပ်များ
(ဂ) ညဉ့်ဦးယံပိုင်း ဆောင်ရွက်သည့် လုပ်ငန်းရပ်များ
(ဃ) သန်းခေါင်ယံပိုင်း ဆောင်ရွက်သည့် လုပ်ငန်းရပ်များ
(င) မိုးသောက်ယံပိုင်း ဆောင်ရွက်သည့် လုပ်ငန်းရပ်များ-ဖြစ်ပါသည်။

**နံနက်ခင်း ဆောင်ရွက်မြဲဖြစ်သော လုပ်ငန်းရပ်များ**

ဘုရားရှင်သည် စောစောစီးစီး ထတော်မူ၍ အလုပ်အကျွေးရဟန်းတို့ကို ချီးမြှောက်တော်မူရန်နှင့် ရုပကာယကိုယ်တော် ချမ်းသာတော်မူစေရန်အတွက် မျက်နှာတော်သစ်ခြင်းစသော ကိုယ်လက်သုတ်သင်မှုကို ပြုတော်မူပါသည်။ ထို့နောက် ဆွမ်းခံဝင်ချိန်ကို ငံ့လင့်၍ ဆိတ်ငြိမ်ရာအရပ်၌

ဖလသမာပတ်ကို ဝင်စားကာ သီတင်းသုံးနေတော်မူသည်။ ဆွမ်းခံချိန် ကျရောက်သောအခါ သင်းပိုင်ကို ပြင်ဝတ်၍ ခါးပန်းကြိုးကိုဖွဲ့ကာ သင်္ကန်းကို ဝတ်ရုံပြီး သပိတ်တော်ကို ယူလျက် မြို့ရွာနိဂုံးအတွင်းသို့ ဆွမ်းခံဝင်တော်မူ၏။ ဆွမ်းခံဝင်တော်မူရာတွင် တစ်ခါတစ်ခါ တစ်ပါးတည်း၊ တစ်ခါတစ်ရံ တပည့် ရဟန်းအပေါင်းခြံရံလျက် ကြွတော်မူသည်။ တစ်ခါတစ်ရံ ပကတိသော ကြွဝင်ခြင်းဖြင့် ကြွတော်မူ၍ တစ်ခါတစ်ရံ များသော တန်ခိုးပြာဋိဟာတို့ဖြင့် ကြွတော်မူတတ်ပါသည်။

ဘုရားရှင်ဆွမ်းခံကြွလေလျှင် ဘုရားရှင်၏ရှေ့တော်မှ လေပြေ လေညင်း တို့သည် သာသာယာယာ တိုက်ခတ်ကာ ဆွမ်းခံလမ်းတစ်လျှောက် မြေပြင်ကို စင်ကြယ်စေသည်။ အာကာတစ်ခွင် ကောင်းကင်ပြင်မှ မိုးသားတိမ်တိုက် တို့သည် ရေပန်းရေပွားတို့ကို တစ်ဖွားဖွားကျစေကုန်လျက် လမ်းတစ်လျှောက်ရှိ မြူမှုန်များကို သိပ်စေကြကုန်၏။ ကိုယ်တော်မြတ်၏ အထက်၌ ဗိတာန် မျက်နှာကြက်သဖွယ် လိုက်ပါကြကုန်၏။ အရပ်လေးမျက်နှာမှ လာသော လေတို့သည် ထိုထိုအရပ်တို့တွင် ရာသီအလိုက် ပွင့်ကုန်သော စံပယ်၊ ကြက်ရုံး၊ စသော ပန်းများကို သယ်ဆောင်ခဲ့၍ ပန်းခင်းသော လမ်းဖြစ်အောင် ကြဲဖြန့် ထားကြကုန်၏။ ပန်းရနံ့တို့သည် လမ်းတစ်လျှောက် သင်းပြန့်ကြိုင်လှိုင်လျက် ရှိကုန်၏။ မြင့်မောက်သော မြေတို့သည် အလိုလိုနိမ့်ကျကုန်၍ နိမ့်ကျနေသော မြေတို့သည် အလိုလို မြင့်တက်လာကာ တစ်ညီတစ်ညွတ်တည်း ဖြစ်ကြ ကုန်၏။ ကျောက်တုံး၊ ကျောက်ခဲ၊ အိုးခြမ်းကွဲများ၊ သစ်ငုတ်၊ ဆူး၊ ငြောင့်များ အလိုလို ပယ်ရှားနှင့်ကြကုန်၏။ ဆွမ်းခံဝင်မည့် မြို့ရွာနိဂုံး အဝင် တံခါးခုံ အတွင်း လက်ယာခြေတော်ကို ချမိလျှင်ပင် ကိုယ်တော်မှ ညို၊ ရွှေ၊ ဖြူ၊ နီ၊ မောင်းရည်၊ ပြိုးပြက်၊ တစ်ခဲနက်သော ရောင်ခြည်တော် ခြောက်သွယ်တို့ ကွန့်မြူး ထွက်ပေါ်လာကြကုန်၏။ မြို့ရွာအတွင်းရှိ အဆောက်အအုံများ တိုက်တာအိုးအိမ်များကို ရွှေရောင်ဖြင့် သွန်းလောင်း သကဲ့သို့ အရောင် ပြိုးပြက် တစ်လက်လက်ထွက်၍ နေကြကုန်၏။ ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့သည် လည်းကောင်း၊ ကျေးငှက် သာရကာတို့သည် လည်းကောင်း သတ္တဝါ မှန်သမျှတို့သည် နေရာဌာနတို့၌ တည်နေကြကုန်လျက်ပင် သာယာ

ချိုမြိန်သော အသံကိုပြုကြကုန်၏။ တွန်မြည်ကြကုန်၏။ တူရိယာအမျိုးမျိုးတို့သည် အလိုလိုအသံမြည်ကြကုန်၏။ တီးခတ်သံတို့ ပဲ့တင်ထပ်မျှ ပြန့်တက်လာကြကုန်၏။ ထိုအမှတ် သညာတို့ဖြင့် ပြည်သူပြည်သားလူအများတို့သည် "ငါတို့မြို့ရွာနိဂုံးသို့ ဘုရားရှင် ဆွမ်းခံ ဝင်လာချေပြီ"ဟု သိရှိကြကုန်၏။

ပြည်သူပြည်သားတို့ကလည်း ကောင်းမြတ်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကြကုန်လျက် ပန်းနံ့သာတို့ကို လက်စွဲကာ ဆွမ်း၊ ဆွမ်းဟင်းလျာ၊ လျှုဖွယ်ဝတ္ထုအဖြာဖြာတို့ကို သယ်ယူ၍ မြို့လယ်လမ်းမသို့ တစ်စုတစ်ရုံးတည်း သွားရောက် စုဝေးကြကုန်၏။ ပျော်တစ်ပြုံးပြုံး အုံးအုံးကျွက်ကျွက်ဖြစ်ကြကုန်၏။ ဘုရားရှင်နှင့် ရဟန်းသံဃာတို့အား ပင့်ဖိတ်၍ နေရာထိုင်ခင်း စီစဉ်လှူဒါန်းပြီး ၎င်းတို့ တတ်စွမ်းသမျှ ဆွမ်းအလှူဒါနများ ပြုကြကာ လုပ်ကျွေးပြုစုကြကုန်၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးဆုံး လတ်သော် လူအများ၏ အတွင်းအဇ္ဈာသယဓာတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ကြည့်ရှုတော်မူလျက် အချို့သရဏဂုံသုံးပါး၌၊ အချို့ ငါးပါးသီလ၌၊ အချို့အောက်မဂ် အောက်ဖိုလ်တစ်ပါးပါး၌၊ အချို့အရဟတ္တမဂ် အရဟတ္တဖိုလ်၌ တည်စေရန် တရားပြဆုံးမတော်မူသည်။ ဤသို့ဖြင့်ဆွမ်းခံဝင်စဉ်ပင် သတ္တဝါတို့အား တရားပြကာ ချေချွတ်တော်မူသည်။

ထို့နောက်ဘုရားရှင်သည် အပိုစကားကို မိန့်ကြားတော်မမူဘဲ အလွန်သိမ်မွေ့စွာ နေရာမှ ထတော်မူ၍ ကျက်သရေ ရှိလှစွာဖြင့် ကျောင်းတော်သို့ ပြန်ကြွတော်မူသည်။ ကျောင်းတော်သို့ ရောက်လေလျှင် ခင်းထားအပ်သော ဘုရားရှင်၏ နေရာတော်၌ သံဃာတော်များ၏ ဆွမ်းကိစ္စပြီးဆုံးချိန်ကို ငံ့လင့်တော်မူကာ ထိုင်နေတော်မူသည်။ အလုပ်အကျွေးရဟန်းက သံဃာတော်များ ဆွမ်းကိစ္စပြီးဆုံးကြောင်းနှင့် ဂန္ဓကုဋီ ကြိယာပထ မျှတတော်မူရန် အချိန်တန်ပါကြောင်း ဘုရားရှင်အားလျှောက်ထားတော်မူလေလျှင် ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတော်သို့ဝင်ရန် ကြွတော်မူလေသည်။ ဤသည်တို့ကား ဘုရားရှင်၏ နံနက်ခင်းဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ ဖြစ်ပေသည်။

## ဆွမ်းစားပြီးနောက် ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ

ဘုရားရှင်သည် နံနက်ခင်း ဆွမ်းကိစ္စပြီးသော် ဂန္ဓကုဋီတိုက်သို့ ဝင်ရန် ကြွသွားစဉ် ဂန္ဓကုဋီတိုက်အတွင်း အလုပ်အကျွေးရဟန်း ခင်းထားသော နေရာ၌ ထိုင်တော်မူကာ ခြေတော်တို့ကို ဆေးကြောတော်မူ၏။ ခြေဆေး အင်းပျဉ်၌ ရပ်တော်မူလျက် ရဟန်းသံဃာတို့ကို–

“ - ရဟန်းတို့ . . မမေ့မလျော့သော သတိတရားဖြင့် သိက္ခာသုံးပါးကို ပြည့်စုံအောင်အားထုတ်ကြ။
- လောက၌ ဘုရားပွင့်တော်မူခြင်းသည် ရခဲ၏။
- လူ့အဖြစ်သည်လည်း ရခဲ၏။
- သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည်လည်း ရခဲ၏။
- ရှင်ရဟန်းအဖြစ်သည်လည်းရခဲ၏။
- သူတော်ကောင်းတရားနာကြားရခြင်းသည်လည်းရခဲ၏”

ဟုဒုလ္လဘတရား ငါးပါးကိုပြ၍ နှေ့စဉ် ဆုံးမတော်မူလေသည်။

ထိုခြေဆေးအင်းပျဉ်၌ ရပ်နေစဉ်ပင် အချို့သောရဟန်းတို့က ကမ္မဋ္ဌာန်း တရားကို လျှောက်ထားတောင်းခံကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတို့အား စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းကို ပေးတော်မူလေသည်။ ရဟန်းအားလုံး တို့သည် ဘုရားရှင်ကို ရိုသေစွာ ရှိခိုးကြပြီးနောက် နေ့သန့်ရာဌာန၊ ညဉ့်သန့်ရာ ဌာနများသို့ အသီးသီးဖဲခွါသွားကြကုန်၏။ အချို့ရဟန်းတို့က တောအရပ်သို့၊ အချို့ရဟန်းတို့က သစ်ပင်ရင်းသို့၊ အချို့ရဟန်းတို့က တောင်ကြား တောင်ဝှမ်းစသည်သို့၊ အချို့ရဟန်းတို့က စတုမဟာရာဇ်၊ တာဝတိံသာစသော ကာမာဝစရ နတ်ပြည် ခြောက်ထပ်သို့ အသီးသီး ကြွသွား တော်မူကြလေသည်။

ထို့နောင်မှ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်သို့ ဝင်တော်မူ၍ အလိုရှိတော်မူပါက လက်ယာနံတောင်းဖြင့် သတိတရားမလွတ်ဘဲ တစ်ခဏမျှ မြတ်သောလျောင်းစက်မှုကို ပြုတော်မူ၏။ လျောင်းတော်မူခြင်းဖြင့် ကိုယ်ကာယတော်ကို သက်သာစေပြီးနောက် လျောင်းတော်မူရာမှ ထတော် မူကာ ကျန်သောနေ့အချိန်ကို နှစ်ပိုင်းပိုင်းတော်မူ၍ နေ့၏ ကျန်ရှေ့ပိုင်း

အချိန်၌ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူ၏။ နေ့၏ ကျန်နောက်ပိုင်း အချိန်၌မူ လူပရိသတ်အား အခွင့်အရေး ပေးတော်မူလေသည်။ ဆွမ်းခံရာ ဒေသဖြစ်သော ထိုထိုမြို့ရွာတို့၌နေသူ လူအပေါင်းတို့သည် နံနက်ခင်း အလှူပေးကြပြီးနောက် မွန်းလွဲသောအခါ ဝတ်ကောင်း တန်ဆာများကို ဝန်ဆင်ကြကုန်၍ ပန်းနံ့သာတို့ကို လက်စွဲကြကုန်လျက် ဟရားနာရန် ကျောင်းတိုက်အတွင်းသို့ စုဝေးရောက်ရှိလာကြကုန်၏။ ထိုအခါ ဘုရားရှင်သည် ဆိုက်ရောက်လာသော ပရိသတ်အား တရားဟောကြားတော်မူ၏။ တရား ဆုံးသောအခါ ပရိသတ်သည် ဘုရားရှင်ကို မခွဲနိုင်မခွါရက် မြတ်နိုးတနာ ယုံကြည်မှုသဒ္ဓါဖြင့် အကြိမ်ကြိမ်ရှိခိုးပြီး တရားအရသာကို သံသယရှင်း ဉာဏ်အမြင်လင်းအောင် ခံစားရသဖြင့် ပီတိစိမ့်၍ နှစ်သိမ့်စွာ ပြန်သွား ကြကုန်၏။ ဤကား ဘုရားရှင်၏ ဆွမ်းစားပြီးနောက် နေ့ပိုင်း ဆောင်ရွက် တော်မူမြဲဖြစ်သည့် လုပ်ငန်းရပ်များ ဖြစ်ပါသည်။

**ညဉ့်ဦးယံပိုင်း ဘုရားရှင်ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ**

ဘုရားရှင်သည် နေ့ပိုင်းလုပ်ငန်းရပ်များကို ဆောင်ရွက်တော်မူပြီးနောက် ကိုယ်တော်ကို ရေသုံးသပ်တော်မူလိုလျှင် နေရာမှ ထတော်မူ၍ အလုပ် အကျွေးရဟန်း ချီးတော်ရေစီမံရာဌာန ရေချိုးအိမ်သို့ ကြွတော်မူလို၍ ရေသုံးသပ်တော်မူလေသည်။ ရေသုံးသပ်တော်မူပြီးက သင်္ကန်းတော်ကို သေသပ်စွာ ဝတ်တော်မူ၍ အလုပ်အကျွေးရဟန်း ခင်းထားသော ဘုရား နေရာသို့ ကြွတော်မူပြီး တစ်ခဏမျှ အပန်းဖြေ ထိုင်နေတော်မူလေသည်။ ထိုအခါ ရဟန်းသံဃာများ ဘုရားရှင်ထံ ချဉ်းကပ်ရန် အခွင့်ရကြသည်။ ထိုအချိန်သည် ရဟန်းသံဃာတို့၏ အလှည့်ဖြစ်သည်။ ရဟန်းတို့သည် ထိုထိုနေ့သန့်ရာ ညဉ့်သန့်ရာအရပ်တို့မှ အသီးသီး လာရောက်ကြကာ ဘုရားရှင်အား ဆည်းကပ်ခစားကြသည်။ အချို့သော ရဟန်းတို့က ပြဿနာ မေးလျှောက်ကြသည်။ အချို့သော ရဟန်းတို့က ကမ္မဋ္ဌာန်း အတွေ့ အကြုံများကို မေးလျှောက်ကြလေသည်။ မရှင်းလင်းသော အချက်အလက်များကို မေးလျှောက်ကြသည်။ အချို့သော ရဟန်းတို့က တရားဟောရန် လျှောက် ထားတောင်းပန်ကြပြန်သည်။ ဘုရားရှင်သည် ရဟန်းအားလုံးတို့၏ လိုလား တောင့်တချက်များကို ပြည့်စုံအောင် ချီးမြှောက်တော်မူလျက် ညဉ့်ဦးယံ အချိန်ကာလကို ကုန်လွန်စေခဲ့သည်။

## သန်းခေါင်ယံပိုင်း ဆောင်ရွက်တော်မူမြဲဖြစ်သော လုပ်ငန်းရပ်များ

ညဥ့်ဦးယံပိုင်း အချိန်ကုန်လွန်ခဲ့သဖြင့် ရဟန်းတော်များသည် ဘုရားရှင်ကို ရှိခိုးဝတ်ပြု၍ ဖဲသွားကြလေသော် နတ်ဗြဟ္မာတို့ အခွင့်ရကြပြန်သည်။ ဇာတိခေတ် စကြဝဠာတိုက်တစ်သောင်း၌ နေကြကုန်သော နတ်ဗြဟ္မာတို့က ဘုရားရှင်ထံ ရောက်လာကြပြန်၍ ပြဿနာများကို မေးလျှောက်ကြသည်။ ဘုရားရှင်သည် နတ်ဗြဟ္မာတို့ မေးသမျှ ပြဿနာများကို တစ်ခုမကျန် ဖြေရှင်းပေးတော် မူရ၏။ ဤသို့ဖြင့်ပင် သန်းခေါင်းယံ အချိန်သည် ကုန်ခဲ့ရသည်။

## မိုးသောက်ယံပိုင်း ဘုရားရှင် ဆောင်ရွက်တော်မူမြဲဖြစ်သည့် လုပ်ငန်းရပ်များ

ဘုရားရှင်သည် နံနက်အချိန်မှစကာ ထိုင်၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့သဖြင့် ရူပကာယကိုယ်တော်သည် နွမ်းနယ်လှသည်။ ထိုနွမ်းနယ်မှုကို ပြေပျောက်စေရန် မိုးသောက်ယံအချိန်ကို သုံးပိုင်းပိုင်းကာ မိုးသောက်ယံပထမ အချိန်ကို စင်္ကြံကြွတော်မူ၍ ကုန်လွန်စေ၏။ ဒုတိယပိုင်းအချိန်၌ ဂန္ဓကုဋီတိုက်သို့ဝင်၍ လက်ယာနံစောင်းဖြင့် သတိမလွတ်စေဘဲ မြတ်သောလျောင်းစက်ခြင်းကို ပြုတော်မူသည်။ တတိယပိုင်းအချိန်သို့ ရောက်သောအခါ လျောင်းတော်မူရာမှ ထတော်မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး အရဟတ္တဖိုလ်သမာပတ်ကိုလည်းကောင်း၊ မဟာကရုဏာသမာပတ်ကို လည်းကောင်း ဝင်စားတော်မူ၍ ချေချွတ်ထိုက်သော သတ္တဝါတို့ကို ဗုဒ္ဓစက္ခုတော်စသည်ဖြင့် ကြည့်ရှုတော်မူလေသည်။ ချေချွတ်ထိုက်သော သတ္တဝါတို့ကို ရွှေဉာဏ်တော်ကွန်ရက်တွင် မြင်တော်မူပါက မည်မျှပင်ဝေးကွာသော ခရီးဖြစ်စေ၊ မည်မျှပင် ကြမ်းတမ်းသော ခရီးဖြစ်စေ အရောက်ကြွကာ ချေချွတ်တော်မူလေသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သီတင်းသုံးတော်မူရာ ထိုထိုအရပ်တို့၌ အထက်ဖော်ပြပါလုပ်ငန်းရပ်များကို နေ့စဉ်မပြတ် ဆောင်ရွက်တော်မူခဲ့သည်။ ကြောင့်ကြမဲ့နေသည့် အချိန်ဟူ၍ မရှိခဲ့။ သတ္တလောက၏ အကျိုးငှာ တစ်နေ့လျှင် စက်နာရီအားဖြင့် နှစ်ဆယ့်လေးနာရီ ရှိသည့်အနက် ကိုယ်တော်

အတွက် အပန်းဖြေချိန် လျှောင်းစက်ချိန်သည် တစ်နာရီမျှသာ ဖြစ်ပါသည်။ မဟာကရုဏာစာတ် ကြီးမြတ်တော်မူလှပေသည်။

**ဂေါတမဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်ခဲ့သော အရေအတွက်**

ဂေါတမဘုရားရှင်လက်ထက် ကျွတ်တမ်းဝင်ခဲ့သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအရေအတွက်သည်ကား အမှန်းအဆ ဂဏန်းမပြနိုင်အောင် များပြားလှပါသည်။ ဘုရားရှင်သည် ဗောဓိမဏ္ဍိုင်၌ ဘုရားဖြစ်သည်မှ ပရိနိဗ္ဗာန်စံသည်တိုင်အောင် အနှစ်လေးဆယ့်ငါးဝါတို့ ကာလပတ်လုံး မနေမနား ကြိုးစားအားထုတ်တော်မူလျက် လူ၊နတ်၊ ဗြဟ္မာ သတ္တဝါတို့အား သံသရာဝဲဇလုပ်မှ ကယ်ထုတ်တော်မူခဲ့၏။

ဘုရားဖြစ်ပြီးနောက် သဟမ္ပတိဗြဟ္မာမင်းကြီး၏ တောင်းပန်ချက်အရ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦး အမျှူးထား၍ ဓမ္မစကြာတရားဦး ဟောတော်မူသည်။ ရှေးဦးစွာ (ဓမ္မာဘိသမယ) တရားပွဲကြီး၌ တစ်ဆယ့်ရှစ်ကုဋေသော လူနတ်ဗြဟ္မာ သတ္တဝါတို့ ကျွတ်တမ်းဝင်ခဲ့ကြသည်။

ထို့နောက် စကြဝဠာတိုက်တစ်သောင်းမှ လာရောက်ကြသော နတ်၊ လူတို့၏ ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး၌ တရားတော်ကို ဟောကြားတော်မူ၍ သတ္တဝါတို့ကို ချေချွတ်တော်မူခဲ့ရာ မင်္ဂလသုတ်ဒေသနာတော်အဆုံး၌ ကျွတ်တမ်းဝင်ခဲ့ကြသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့၏ အရေအတွက်သည် ဂဏန်းပြ၍ပင် မရနိုင်လောက်အောင် အရေအတွက်အားဖြင့် များပြားခဲ့ပါသည်။

တစ်ဖန်သားတော်ရာဟုလာ အရွယ်တော်မြောက် ဉာဏ်ပညာ ရင့်ကျက်ချိန်သို့ ရောက်သောအခါ ကပိလဝတ်နေပြည်တော်၌ပင် သားတော်ကို အမျှူးထားပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ဟောကြားတော်မူခဲ့သည့် သုံးကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီး၌လည်း ရာဟုလောဝါဒသုတ်တော်အဆုံးတွင် ကျွတ်တမ်းဝင်ခဲ့ကြသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ အရေအတွက်သည် ဒုတိယအကြိမ်မြောက် (ဓမ္မာဘိသမယ) တရားပွဲကြီးမှာကဲ့သို့ မရေမတွက်နိုင်လောက်အောင် များပြားလှပါသည်။

(ဓမ္မာဘိသမယ) တရားပွဲကြီး သုံးကြိမ်အပြင် အကြောင်းအားလျော်စွာ ကာလမရွေး ဒေသမရွေး ပုဂ္ဂိုလ်၊ သတ္တဝါမရွေး ကျွတ်ထိုက်သူမှန်သမျှ တရားဟောပြခဲ့ရာ တစ်သောင်းသော သတ္တဝါ၊ နှစ်သောင်းသော သတ္တဝါ၊ သုံးသောင်းသော သတ္တဝါတို့ ကျွတ်တမ်းဝင်ခဲ့ကြသည်။ တစ်ဦးစီ နှစ်ဦးစီ ကျွတ်တမ်းဝင်ခဲ့ကြသော သတ္တဝါတို့ကား ဂဏန်းအားဖြင့် ဖော်ပြ၍ မရနိုင်လောက်အောင် များပြားခဲ့ပါသည်။

ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့အား ဝဋ္ဋဒုက္ခအပေါင်းမှ ကယ်တင်လိုသော အာသီသဖြင့် ပါရမီများကို ဖြည့်ခဲ့သည်။ သုမေဓာရသေ့ဘဝ ဘုရားဆုကို ပန်ဆင်စအခါက သန္နိဋ္ဌာန်ချခဲ့သော "သန္တာရေသံ သဒေဝကံ=နတ်လူပြဟ္မာ သတ္တဝါတို့ကို သံသရာဝဲဇလုပ်မှ ကယ်တင်အံ့"ဟူသော ရည်ရွယ်ချက်အတိုင်း သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိတော်မူသောအခါ ဘုရားရှင်သည် ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ သတ္တဝါတို့အတွက် သစ္စာလေးပါး တရားဒေသနာတော်များကို နားချိန်မယူ ဟောတော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဓမ္မစက္ကပဝတ္တနခေါ် တရားဦးဒေသနာ ဓမ္မစကြာသုတ်တော်ကို ဟောပြတော်မူကာ ပထမဆုံးသော **ဓမ္မရတနာ**ကို စတင် ထုတ်ဖော်တော်မူခဲ့သည်။ သုတ်တော်ပြီးဆုံးချိန်တွင် အရှင်ကောဏ္ဍညမထေရ်နှင့် (၁၈)-ကုဋေသော နတ်ပြဟ္မာတို့ သစ္စာလေးပါး တရားသိမြင် အရိယာသူတော်စင်ဘဝသို့ ရောက်ကြသဖြင့် ပထမဆုံးသော **သံဃရတနာ** ပေါ်ပေါက်လာလေသည်။ ထိုနှစ် ဝါဆိုလပြည့်ကျော် (၅)-ရက်နေ့တွင် ပဉ္စဝဂ္ဂီသောတာပန် မထေရ်ငါးပါးတို့အား အနတ္တလက္ခဏသုတ်တော်ကို ဟောပြတော်မူခဲ့ရာ ဒေသနာတော် အဆုံး၌ မထေရ်ငါးပါးလုံး ရဟန္တာဖြစ်ကြသဖြင့် ဘုရားရှင် သာသနာဝယ် ပထမဆုံး **ရဟန္တာမထေရ်မြတ်**တို့ ပေါ်ပေါက်လာတော့သည်။

ဤသို့ဖြင့် ဘုရားဖြစ်ပြီးစ ပထမဝါတော် အချိန်အတွင်းမှာပင် ဗုဒ္ဓရတနာ၊ ဓမ္မရတနာ၊ သံဃရတနာ ရတနာမြတ်သုံးပါးကို အခိုင်အမာ ထွန်းတောက်စေတော်မူပြီးနောက် သစ္စာလေးပါးတရား ဒေသနာတော်များကို ဆက်လက် ဟောတော်မူခဲ့ရာ အရှင်ယသထေရ် စသော သံဃာတော်များ တိုးပွားလာ

ခဲ့သည်။ ပထမဝါကျွတ်တော်မူပြီးနောက် ခြောက်ကျိပ်သော သံဃာတော် အပါး(၆၀)တို့အား သာသနာပြုကြွကြရန် စေလွှတ်တော်မူပြီး ဗုဒ္ဓသာသနာ တော်ကြီး ကျယ်ပြန့်အောင် ဆောင်ရွက်တော်မူခဲ့သည်။

ဘုရားရှင်ကိုယ်တော်တိုင်နှင့် အရိယာသံဃာတော်မြတ်တို့၏ အားထုတ် ကြိုးပမ်းမှုကြောင့် ဗုဒ္ဓသာသနာတော်သည် မဇ္ဈိမဒေသတစ်ခွင် ပြန့်နှံ့လာသည်။ ဝေးလံသော ဒေသများသို့ပင် သာသနာတော် ရောက်ရှိခဲ့သည်။ ဗိမ္ဗိသာရမင်း၊ ကောသလမင်း၊ ပုက္ကုသာတိမင်း၊ စဏ္ဍပဇ္ဇောတမင်း၊ ဥတေနမင်း၊ မဟာကပ္ပိနမင်း၊ သုဒ္ဓေါဒနမဟာရာဇ စသော မင်းအပေါင်းနှင့် ပေါက္ခရသာတိ၊ ဗြဟ္မာယု စသော မင်းဆရာဗြာဟ္မဏကြီးများပင် ဗုဒ္ဓသာသနာ တော်အပေါ် ယုံကြည် သက်ဝင်လာကြသဖြင့် ဗုဒ္ဓဓမ္မလင်းရောင်ခြည်သည် မဇ္ဈိမဒေသကြီး တစ်ခုလုံးကို လွှမ်းခြုံလာသည်။ လူတန်းစားလေးရပ် ဖြစ်သော ခတ္တိယ၊ ဗြာဟ္မဏ၊ ဝေဿ၊ သုဒ္ဒတို့ဖြင့် အခြေခံခွဲခြား တည်ထောင်ထားသော မဇ္ဈိမ ဒေသကြီးသို့ လူတန်းစားခွဲခြားမှု ကင်းစင်သော ဗုဒ္ဓသာသနာတော် ရောက်ရှိ နာကြားရသောအခါ နိုင်ငံတော်၏ လူများစု ပြည်သူတို့သည် ဗုဒ္ဓဓမ္မ အနှစ်သာရများကို နှစ်သက်လက်ခံလာကြသည်။

သာသနာ့ဝန်ထမ်း ရဟန်းဘဝသို့ ဝင်ရောက်လာသောအခါ ဇာတ်ကွဲပြားမှု၊ ဆင်းရဲချမ်းသာကွဲပြားမှု၊ ပညာတတ် မတတ် ကွဲပြားမှု၊ အသိုင်းအဝိုင်း ပေါ,မပေါ ကွဲပြားမှု စသည်တို့ ချုပ်ငြိမ်း၍ သာကီဝင်မင်းသား ဘုရားသားတော် သကျပုတ္တဟူသော အသွင်သို့ အားလုံးသက်ဝင်ကြလေသည်။ သာသနာ တော်တွင် သိက္ခာဝါကြီးသူကို ငယ်သူက အရိုအသေပေး ရှိခိုးရသည့် အလေ့အထ ထွန်းကားလာတော့သည်။ အမျိုးသမီးများသည်လည်း အမျိုးသားများနှင့်အတူ သစ္စာလေးပါးတရား သိမြင်နိုင်ကြသောကြောင့် ယောကျ်ား မိန်းမ အယူအစွဲသည် ဗုဒ္ဓသာသနာတော်တွင် မရှိတော့သဖြင့် မဟာပဇာပတိဂေါတမီ၊ ယသောဓရာ၊ ခေမာ၊ ဥပ္ပလဝဏ်၊ နန္ဒာစသော ထေရီမ တို့ ပေါ်ထွက်လာတော့သည်။ လူကြီးများကဲ့သို့ပင် လူငယ်လူရွယ် လူမမယ် လေးများပင် သစ္စာတရားသိမြင်နိုင်လာကြသဖြင့် လူကြီးလူငယ် အရွယ်မရွေး သာသနာတော်၏ ဝန်ကို ထမ်းဆောင်လာကြသည်။

ဘုရားရှင်သည် နေ့စဉ်နေ့တိုင်း သတ္တဝါတို့အတွက် တရားဟောတော်မူသကဲ့သို့ပင် မဇ္ဈိမဒေသအနှံ့ ဒေသစာရီကြွချီ၍ တရားဟောတော်မူခဲ့သည်။ လူသတ္တဝါများအတွက် ထိုသို့ဆောင်ရွက်သကဲ့သို့ပင် နတ်ဗြဟ္မာများအတွက်လည်း တရားဟောတော်မူခဲ့သည်။ လူနတ်ဗြဟ္မာတို့အတွက် ထူးမြတ်သော ဒေသနာတော်များကို မပြတ်ဟောပြ အကျိုးဆောင်၍ နေသော်လည်း လောကီဂုဏ်သိန် ကျော်ကြားမှု ထင်ပေါ်မှုကို လိုလားကြသော ဣဿာ မစ္ဆရိယ ဒေသမာန်မာန အယူအဆမတူ လွဲမှားကြသူတို့၏ အတိုက်အခံ ပြုမှုကိုလည်း ခံယူတော်မူရသည်။

ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်မင်း၊ ဗြဟ္မာ့ပြည်မှ ဗကဗြဟ္မာစသော နတ်ဗြဟ္မာများ၊ လူ့လောကမှ အင်္ဂုလိမာလ၊ ဒေဝဒတ္တ၊ နိဂဏ္ဌနာဋပုတ္တ၊ သစ္စကပရိဗိုဇ်စသော တိတ္ထိဆရာကြီးများ၊ စိဉ္စမာဏဝိကာ၊ သုန္ဒရီစသော သူများ၊ နာဠာဂိရိဆင်၊ နန္ဒောပနန္ဒနဂါး၊ အာဠာဝကဘီလူး စသော တိရစ္ဆာန်ရိုင်း များကို ယဉ်ပါးလိမ္မာ သစ္စာသိမြင် ကျွတ်တမ်းဝင်သည်အထိ မေတ္တာစိတ်ဖြင့် အောင်ပွဲ ခံယူတော်မူနိုင်ခဲ့သည်။ ဘုရားရှင်သည် လူသားတို့ အကျိုးအတွက် ဆောင်ရွက်တော်မူသကဲ့သို့ သတ္တမမြောက်ဝါတွင် အဘိဓမ္မာဒေသနာတော်ကို အကျယ်အပြန့် ဟောပြတော်မူရန်အတွက် တာဝတိံသာနတ်ပြည်သို့ ကြွရောက်တော်မူခဲ့သည်။

ဤသို့လျှင် ဘုရားရှင်သည် သက်တော်(၈၀) ဝါတော်(၄၅) ကာလကြာ အောင် သာသနာတော်သုံးရပ် တည်ရှိရေးအတွက် ဟောပြဆုံးမတော်မူခဲ့ သဖြင့် ဝေနေယျများစွာ သတ္တဝါတို့သည် သစ္စာလေးပါး တရားအရသာကို သိမြင်ခွင့် ရခဲ့ကြသည်။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် အဂ္ဂသာဝကနှစ်ပါး ဦးထိပ်ထား၍ အသီတိမဟာသာဝကတပည့်ကြီး အပါး(၈၀)၊ တေဒဂ်ဘွဲ့ထူးရ မထေရ်ကြီးများ၊ ထေရီမကြီးများ၊ ဥပါသကဒါယကာကြီးများ၊ ဆဠဘိညာ, တေဝိဇ္ဇပဋိသမ္ဘိဒါပတ္တရဟန္တာမထေရ်မြတ်ကြီးများ၊ ရဟန္တာ၊ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်အရိယာများ၊ သီလဝန္တ ကလျာဏပုထုဇဉ်များဖြင့် စည်ပင် ပြန့်ပွားထွန်းကားအောင် ဆောင်ရွက် တော်မူနိုင်ခဲ့သည်။

ဘဝများစွာ ကုသိုလ်ပါရမီမျိုးစေ့စိုက်ပျိုးခဲ့ကြသော အမျိုးကောင်းသား အမျိုးကောင်းသမီး အသီးသီးတို့သည် မိမိတို့၏ အထုံဝါသနာအလျောက်

သာသနာတော်သို့ ဝင်ရောက်လာကြသဖြင့် ဗုဒ္ဓသာသနာတော်သည် ထေရ, ထေရီ, ဥပါသက, ဥပါသိကာ ပရိသတ်လေးပါးတို့ဖြင့် မြင့်မားတက်ကြွ တောက်ပလှသည်။

သာသနာရှေ့ဆောင် ဧတဒဂ်ဘွဲ့ထူးရ မထေရ်ကြီးများဖြစ်ကြသော –

အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဘဒ္ဒိယ၊ အရှင်လကုဏ္ဍက ဘဒ္ဒိယ၊ အရှင်ပိဏ္ဍောလဘာရဒွါဇ၊ အရှင်မန္တာဏီပုတ္တပုဏ္ဏ၊ အရှင်မဟာ ကစ္စာန၊ အရှင်မဟာပန္ထက၊ အရှင်စူဠပန္ထက၊ အရှင်သုဘူတိ၊ အရှင်ခဒိရ ဝနိယရေဝတ၊ အရှင်ကင်္ခါရေဝတ၊ အရှင်သောဏကောဠိဝိသ၊ အရှင်သောဏ ကုဋိကဏ္ဏ၊ အရှင်သီဝလိ၊ အရှင်ဝက္ကလိ၊ အရှင်ရာဟုလာ၊ အရှင်ရဋ္ဌပါလ၊ အရှင်ကုဏ္ဍဓာန၊ အရှင်ဝင်္ဂီသ၊ အရှင်ဥပသေနဝင်္ဂန္တပုတ္တ၊ အရှင်ဒဗ္ဗမလ္လပုတ္တ၊ အရှင်ပိလိန္ဒဝစ္ဆ၊ အရှင်ဗာဟိယဒါရုစိရိယ၊ အရှင်ကုမာရ ကဿပ၊ အရှင်မဟာကောဋ္ဌိတ၊ အရှင်အာနန္ဒာ၊ အရှင်ဥရုဝေလကဿပ၊ အရှင်ကာဠုဒါယီ၊ အရှင်ဗာကုလ၊ အရှင်သောဘိတ၊ အရှင်ဥပါလိ၊ အရှင်နန္ဒက၊ အရှင်နန္ဒ၊ အရှင်မဟာကပ္ပိန၊ အရှင်သာဂတ၊ အရှင်ရာဓ၊ အရှင်မောဃရာဇ စသောမထေရ်တို့ကြောင့် သာသနာတော်၏ ကျက်သရေသည် တက်နေဝန်းပမာ လင်းရောင်ဖြာခဲ့သည်။

မဟာပဇာပတိဂေါတမီထေရီ၊ ခေမာထေရီ၊ ဥပ္ပလဝဏ္ဏာထေရီ၊ ပဋာစာရာထေရီ၊ ဓမ္မဒိန္နာထေရီ၊ နန္ဒာထေရီ၊ ဗဟုပုတ္တိကသောဏာထေရီ၊ ဗကုလာထေရီ၊ ဘဒ္ဒါကုဏ္ဍလကေသာထေရီ၊ ဘဒ္ဒါကာပိလာနီထေရီ၊ ဘဒ္ဒါကစ္စာနာ ယသောဓရာထေရီ၊ ကိသာဂေါတမီထေရီ၊ သိင်္ဂါလက မာတာထေရီ စသော ရဟန္တာထေရီမြတ်များကြောင်လည်း သာသနာနေဝန်း ထွန်းလင်းခဲ့ပြန်သည်။

တပုဿဘလ္လိကညီနောင်၊ အနာထပိဏ်သူဌေးကြီး၊ စိတ္တသူကြွယ်၊ ဟတ္ထကာဠဝက သီတင်းသည်၊ မဟာနာမသာကီဝင်မင်း၊ ဥဂ္ဂသူဌေး၊ ဥဂ္ဂတသူဌေး၊ သူရမ္ဗဋ္ဌသူဌေး၊ ဇီဝကဆေးဆရာ၊ နကုလပိတုသူဌေး စသော ဧတဒဂ်ရ ဥပါသကာ ဒါယကာတို့နှင့် သီဟသေနာပတိ၊ ဃောသက၊

သူဌေးဥပါလိသူကြွယ်၊ ဇောတိက၊ ဇဋိလ၊ ကာဠဝဠိယစသော သူကြွယ်တို့ကြောင့် ကျောင်းအာရမ် ပစ္စည်းလေးပါး ပေါများခဲ့သည်။

သုဇာတာသူဌေးကတော်၊ ဝိသာခါကျောင်းအမကြီး၊ ခုဇ္ဇုတ္တရာ၊ သာမာဝတီ မိဖုရားကြီး၊ ဥတ္တရာနန္ဒမာတာ၊ သုပ္ပဝါသာ သာကီဝင်မင်းသမီး၊ သုပ္ပိယာဥပါသိကာ၊ ကာတိယာနီ ဥပါသိကာ၊ နကုလမာတာ ဥပါသိကာ၊ ကာဠီဥပါသိကာ စသော ဧတဒဂ်ရ ဥပါသိကာ ဒါယိကာမကြီးတို့နှင့် မလ္လိကာဒေဝီ, ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာစသော ဥပါသိကာမကြီးတို့ကြောင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မပင်မပန် သာသနာပြုနိုင်ခဲ့ကြသည်။

သာကီဝင်မင်းမျိုးမှ ရဟန်းဖြစ်သော ဘုရားရှင်၏ ကောင်းစွာသန့်ရှင်းသော အဆုံးအမ သာသနာသည် ပြန့်နှံ့၍ နေခဲ့ပြီ။ များစွာသော သတ္တဝါတို့လည်း သိခဲ့ကြပြီ။ ပြည့်စုံစည်ကားလျက် ကောင်းစွာပွင့်လင်းခဲ့ပေပြီ။ ဥပတိဿနှင့် ကောလိတ ရဟန်းနှစ်ပါးသည် အဂ္ဂသာဝက၊ စိတ္တနှင့် ဟတ္ထာဠဝကတို့သည် အလုပ်အကျွေး ဥပသကာ၊ နန္ဒမာတာနှင့် ဥတ္တရာတို့သည် အလုပ်အကျွေး ဥပါသိကာမတို့ ဖြစ်ခဲ့ကြကုန်၏။ ဘုရားရှင်သည် တစ်ဆယ့်ခြောက်တောင် မြင့်၍ တစ်လံမျှသော ရောင်ခြည်တော်သည် အမြဲခပ်သိမ်းရှိခဲ့၏။ အသက်တမ်းသည် အနှစ်တစ်ရာ အနည်းငယ်မျှသာရှိ၏။ ဘုရားရှင်သည် အသက်ရှစ်ဆယ်ပြည့် တည်နေ၍ များစွာသော သတ္တဝါအပေါင်းကို ကယ်တင်တော်မူခဲ့၏။ တရားတည်းဟူသော မီးရှူးတိုင်ကို နောင်လာနောက်သား သတ္တဝါတို့အတွက် စိုက်ထားတော်မူခဲ့ပြီ။ မီးစာ ကုန်ခြင်းကြောင့် ငြိမ်းသောမီးကဲ့သို့ မကြာသောကာလတွင် ဘုရားရှင်သည် တပည့်သားသာဝက သံဃာတို့ကို စွန့်လွှတ်ကာ ဤလောက၌ ပရိနိဗ္ဗာန် ပြုပေတော့မည်။ အတုမရှိသော တန်ခိုးတော်၊ အားတော်၊ သုံးဆယ့် နှစ်ပါးသော လက္ခဏာတော်၊ ရောင်ခြည်တော်တို့အားလုံးသည် မကြာသော ကာလတွင် ကွယ်ပျောက်ကြပေတော့မည်။

# ဘုရားရှင် ပရိနိဗ္ဗာန်စံခန်း

## ဘုရားရှင် အိုမင်းရင့်ရော်ချိန် ကြွရောက်ခဲ့သော ခရီးစဉ်

ဘုရားရှင်သည် နှစ်တစ်ရာသက်တမ်း၌ ဇရာပိုင်းရောက်နေသည့် သက်တော်ခုနစ်ဆယ့်ကိုး၊ ရှစ်ဆယ် ပတ်ဝန်းကျင်ရောက်သည့်တိုင်အောင် လူနတ်ဗြဟ္မာသတ္တဝါတို့အတွက် အလုပ်လုပ်ဆဲပင် ဖြစ်ခဲ့သည်။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ဝေဒေဟီမိဖုရား၏ သားတော် မဂဓတိုင်းရှင် ဘုရင်အဇာတသတ်၏ အမတ်ကြီး ဝဿကာရပုဏ္ဏားကို အကြောင်းပြု၍ မင်းတို့ မဆုတ်ယုတ်ကြောင်း အပရိဟာနိယတရားကို ဟောတော်မူခဲ့သည့်အပြင် ရဟန်းတို့အားလည်း အပရိယာနိယတရားများကို ဟောတော်မူခဲ့သည်။ ရာဇဂြိုဟ်ပြည်၌ ဘုရားရှင် အလိုရှိသမျှ နေတော်မူပြီးနောက် ရဟန်းသံဃာများနှင့်တကွ အမ္ဗလဋ္ဌိကာဥယျာဉ်သို့ ကြွရောက် သီတင်းသုံးခဲ့ပြန်သည်။ ထိုဥယျာဉ်၌ သီတင်းသုံးနေတော်မူစဉ် သီလ၊ သမာဓိ၊ ပညာနှင့် စပ်လျဉ်း၍ ထပ်ခါတလဲလဲ ဟောကြားတော်မူခဲ့သည်။ အမ္ဗလဋ္ဌိကာ ဥယျာဉ်မှ တစ်ဖန် နာဠန္ဒမြို့သို့ ချဉ်းကပ်ခဲ့ပြန်သည်။ ထိုမြို့၌ နေတော်မူစဉ် စိတ်ကို ညစ်ညူးစေတတ်သည့် နီဝရဏတရား ငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်တရား လေးပါးတို့ကို ပွားများ၍ နေကြရန် ဟောခဲ့ပြန်သည်။ နာဠန္ဒမြို့ ပါဝါရိက သရက်ဥယျာဉ်၌ သီတင်းသုံးတော်မူပြီးနောက် ပါဋလိရွာသို့ ချဉ်းကပ်ခဲ့ပြန်သည်။ ပါဋလိရွာသား ဒါယကာ၊ ဒါယိကာမများကို သီလကို အဓိကထား၍ သီလပျက်ခြင်း၌ အပြစ်၊ သီလပြည့်စုံခြင်း၌ အကျိုး စီးပွားကို ဆောင်ရွက်ကြောင်း ဟောကြားတော်မူခဲ့သည်။

ထိုအချိန်က ပါဋလိရွာကို မဂဓတိုင်းအမတ်ကြီး သုနိဓနှင့် ဝဿကာရ ပုဏ္ဏားတို့သည် မြို့တည်လျက်ရှိ၏။ ဘုရားရှင်သည် သုနိဓနှင့် ဝဿကာရ တို့၏ ဆွမ်းကို အလှူခံ၍ အနုမောဒနာပြုပြီးနောက် ဂင်္ဂါမြစ်ကို ကူးအံ့သောငှာ ဂင်္ဂါမြစ်သို့ ကြွသည်ရှိသော် ဂင်္ဂါမြစ်ရေက ပြည့်နေခဲ့သည်။ ထိုအခါ ဘုရားရှင်သည် အားရှိသော ယောက်ျားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ ဆန့်သောလက်ကို ကွေးသကဲ့သို့ ဂင်္ဂါမြစ်၏ ဤမှာဘက်ကမ်းမှ ကွယ်၍ ဟိုမှာဘက်ကမ်းသို့ ရောက်ခဲ့၏။ ကမ်းတစ်ဖက်သို့ သွားရောက်လိုသူ

အချို့တို့သည် လှေဖောင်တို့ကို ရှာ၍ နေခဲ့ကြကုန်၏။

ထိုအခါ ဘုရားရှင်က—

"နက်နဲကျယ်ဝန်းလှစွာသော တဏှာမြစ်ကို ကူးသော အရိယာပုဂ္ဂိုလ်သည် အရိယာမဂ်တံတားကို ဆောက်၍ ကိလေသာ ညွန်ပျောင်းတို့ကို ပယ်စွန့်လျက် ကူးသွားကုန်၏။ လူအပေါင်းသည်ကား မြစ်ကိုကူးရန် ဖောင်ဖွဲ့ကြရ ၏။ တဏှာမြစ်ကို ကူးပြီးသော ပညာရှိ အရိယာပုဂ္ဂိုလ်ကား ဖောင်ကိုဖွဲ့ရန် မလိုတော့ပေ"ဟု ဥဒါန်းကျူးရင့်တော်မူခဲ့၏။

တစ်ဖန် ဘုရားရှင်သည် သံဃာတော်များနှင့်အတူ ပါဋလိရွာမှ ကောဋိရွာသို့ ကပ်ခဲ့ပြန်သည်။ ထိုရွာ၌လည်း သစ္စာလေးပါး တရားကိုလည်းကောင်း၊ သီလ၊ သမာဓိ၊ ပညာနှင့်စပ်သော တရားတော်များကိုလည်းကောင်း ဟောခဲ့ပြန်သည်။ ကောဋိရွာမှ တစ်ဖန် နာတိကရွာသို့ ကြွတော်မူခဲ့ပြန်သည်။ နာတိကရွာ၌ ဘုရားရှင်သည် "ဓမ္မာဒါသ-ဓမ္မပရိယာယ=လူတစ်ဦး သေဆုံးပါက မည်သည့်ဘုံသို့ ရောက်နိုင်သည်ကို သိရှိရန် ထိုသူပြုလုပ်ခဲ့သည့် ကုသိုလ်အကုသိုလ်ကံကို မှန်သဘွယ်ကြည့်၍ ဆုံးဖြတ်နိုင်ကြောင်း ကြေးမုံတရား"ကို ဟောတော် မူခဲ့သည့်အပြင် သီလ၊ သမာဓိ၊ ပညာနှင့် စပ်လျဉ်းသော တရားတော်တို့ကို ထပ်ခါတလဲလဲ ဟောကြားတော်မူခဲ့သည်။ တစ်ဖန် နာတိကရွာမှ ဝေသာလီပြည်သို့ကြွကာ အမ္ဗပါလီသရက်ဥယျာဉ်၌ သီတင်းသုံးလျက် သတ္တဝါတို့ကို တရားဟော၍ ချေချွတ်တော်မူခဲ့သည်။ ထိုအချိန်ထိ ဘုရားရှင်သည် ကျန်းမာဆဲပင်ဖြစ်ခဲ့၏။ အိုမင်းရင့်ရော်ခြင်း ဇရာတရား၏ ဒဏ်ချက်ကြောင့် ကိုယ်ပင်ပန်းမှုမျှသာ ဖြစ်ခဲ့သည်။

**ဝေဠုဝရွာ၌ ဝါဆိုတော်မူခြင်း**

ဘုရားရှင်သည် အမ္ဗပါလီ၏ ဥယျာဉ်၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာကို ခေါ်၍ ရဟန်းသံဃာတို့နှင့်အတူ ဝေဠုဝရွာသို့ ကြွတော်မူခဲ့၏။ တပည့်သာဝက ရဟန်းသံဃာတို့အား ဝေသာလီပြည်၏ ပတ်ဝန်းကျင်တွင် မိတ်ဆွေ၊ အသိအကျွမ်းများ ရှိရာ၌ ဝါကပ်စေပြီးလျှင် ဘုရားရှင်သည် ဝေဠုဝရွာ၌ ဝါကပ်တော်မူခဲ့၏။ ဝါဆိုပြီးသောအခါ ဘုရားရှင်သည် အိုမင်း

ရင့်ရော်ခြင်းဇရာတရား၏ ဒဏ်ချက်ကိုသာမက ဗျာဓိတရား၏ ဒဏ်ချက်ကိုပါ ခံခဲ့ရတော့သည်။ ဘုရားရှင်အား သေလောက်အောင် ပြင်းထန်သည့် ဝေဒနာများဖြစ်ခဲ့သည်၊ ဘုရားရှင်သည် သတိထားဆင်ခြင်လျက် ပင်ပန်းမှုကို သည်းခံတော်မူခဲ့ရှာသည်။ အလုပ်အကျွေးရဟန်းသံဃာတို့ကို မသိစေဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မသင့်ကြောင်း ဆင်ခြင်တော်မူမိ၍ ရောဂါဝေဒနာကို ဘာဝနာ ဝီရိယဖြင့် ပယ်လျက် အသက်ရှည်စေနိုင်သော သမာပတ်ကို ဝင်စားကာ နေတော်မူခဲ့၏။ မကြာမီ ရောဂါသည် ပျောက်ကင်းခဲ့၏။ တစ်နေ့သောအခါ ဘုရားရှင်သည် ကျောင်းမှထွက်၍ ကျောင်းအာရာမ် အတွင်း ခင်းထားသော နေရာထက်၌ ထိုင်နေတော်မူခဲ့သည်။ အရှင်အာနန္ဒာသည် ဘုရားရှင်ထံ ချဉ်းကပ် ၍ "အရှင်ဘုရား. . . တပည့်တော်သည် အရှင်ဘုရား၏ ကျန်းမာချမ်းသာတော်မူခြင်းကို တွေ့မြင်ရ၍ စိတ်အေး ရပါ၏။ အရှင်ဘုရား မကျန်းမာခြင်းကြောင့် တပည့်တော်သည် အရပ်မျက်နှာများပင်မကွဲပြား၊ သတိပဋ္ဌာန်တရား စသည်တို့လည်း မထင်ခဲ့ပါကုန်။ ဘုရားရှင်သည် တစ်စုံတစ်ရာ မှာထားချက်ကို မပြုသေးသမျှ ပရိနိဗ္ဗာန် စံဝင်လိမ့်မည် မဟုတ်ဟု အောက်မေ့မိသောကြောင့်သာ တပည့်တော်မှာ သက်သာရာ ရခဲ့ပါသည်"ဟု လျှောက်ထားခဲ့လေသည်။

ထိုအခါ ဘုရားရှင်က—

"အာနန္ဒာ. . . ရဟန်းသံဃာသည် ငါဘုရားထံမှ ဘယ်အရာကို မျှော်လင့်နေသေးသနည်း။ ငါဘုရားသည် အတွင်းအပြင် မထားဘဲ တရားကို ဟောခဲ့ပြီးပြီ။ တရား၌ ဆရာစား မချန်ခဲ့။ လျှို့ဝှက်ချက် မထားခဲ့။ ငါဘုရားသည် ရဟန်းသံဃာကို ငါဘုရားပိုင်သိမ်းယူ၍ ငါဘုရားကို သာလျှင် အားကိုးကြစေဟုလည်း တောင့်တမှုမရှိခဲ့ပါ။ ထိုသို့ တောင်တမှု မရှိသော ငါဘုရားသည် အဘယ်သို့သော် မှာထားချက်ကို ပြုရပါ အံ့နည်း"ဟု အမိန့်ရှိခဲ့သည်။

ထိုမှတစ်ဖန် ဘုရားရှင်က ဆက်လက် အမိန့်ရှိပြန်သည်မှာ—

"အာနန္ဒာ. . . ယခုငါဘုရားသည် အိုမင်းကြီးရင့်၍ အရွယ်လွန်နေပါပြီ။ အသက်အဆုံးပိုင်းသို့ ရောက်၍ အနှစ်ရှစ်ဆယ်ရှိပါပြီ။

ယခုအခါ ငါဘုရား၏ ဘဝနေဝင်ချိန် ဖြစ်ပါသည်။ လှည်းအိုသည် ဖွဲ့စည်းတုပ်နှောင်ခြင်းကြောင့် တည်တံ့နေသကဲ့သို့ ငါ၏ ခန္ဓာကိုယ်သည်လည်း ဖွဲ့စည်းတုပ်နှောင်ခြင်းနှင့် တူသော ဖလသမာပတ်ကြောင့်သာ တည်တံ့နေခြင်းဖြစ်ပါသည်။ အာနန္ဒာ. . . သင်တို့သည် သတိပဋ္ဌာန်တရားလေးပါးကို အဖန်ဖန်အထပ်ထပ် ရှုပွားဆင်ခြင်၍ လောက၌ ဖြစ်တတ်သော လိုချင်တပ်မက်ခြင်းနှင့် နှလုံးမသာယာခြင်းကို ပယ်ဖျောက်၍နေပါ။ ယခုအချိန်၌ဖြစ်စေ၊ ငါဘုရား ကွယ်လွန်သော အခါ၌ ဖြစ်စေ၊ မိမိတို့၏ ကိုယ်ကိုသာ မှီခိုရာပြု၍ တရားကိုသာ ကိုးကွယ်ရာပြုပြီး နေကြပါ။ ထိုသို့နေခဲ့ပါလျှင် အကျင့်သိက္ခာကို လိုလားကုန်သော ရဟန်းတို့တွင် အမြတ်ဆုံးရဟန်းအဖြစ်သို့ ရောက်ကြပါလိမ့်မည်”ဟု မိန့်တော်မူခဲ့ပြန်ပါသည်။

**အရိပ်အယောင် ပြတော်မူခြင်း**

ဘုရားရှင်သည် နံနက်အချိန်၌ ဝေသာလီပြည်တွင်း ဆွမ်းခံလှည့်လည်၍ ဆွမ်းစားပြီးနောက် အရှင်အာနန္ဒာအား ထိုင်ရာအခင်းကို ယူလာစေ၍ စာပါလစေတီသို့ နေ့သန့်စင်ခြင်းငှာ ချဉ်းကပ်တော်မူခဲ့၏။ ခင်းထားသော နေရာထက်၌ ထိုင်နေတော်မူပြီးနောက် ရှိခိုး၍ ထိုင်နေသော အရှင်အာနန္ဒာအား—

“အာနန္ဒာ. . . ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရှိ၏။ ဥဒေနစေတီ၊ ဂေါတမကစေတီ၊ သတ္တမ္ဗစေတီ၊ ဗဟုပုတ္တကစေတီ၊ သာရန္ဒဒစေတီ၊ စာပါလစေတီတို့သည်လည်း ပျော်မွေ့ဖွယ်ကောင်း၏။ အာနန္ဒာ. . . တစ်စုံတစ်ယောက်သောသူသည် ပြီးစီးခြင်း၏ အခြေခံ ‘ဣဒ္ဓိပါဒ်’ တရားလေးပါး တို့ကို ပွားများထား၏။ လေ့ကျင့် ထား၏။ ယာဉ်ကဲ့သို့ ပြုထား၏။ တည်ရာကဲ့သို့ ပြုထား၏။ ဆောက်လုပ်ထား၏။ ကောင်းစွာဆည်းပူးထား၏။ ကောင်းစွာ အားထုတ်ထား၏။ ထိုသူသည် အလိုရှိခဲ့သော် အသက်တမ်း အာယုကပ်ပတ်လုံး ဖြစ်စေ၊ အသက်တမ်းအာယုကပ်ထက် ကျော်လွန်၍ ဖြစ်စေ တည်နေ နိုင်၏။ အာနန္ဒာ. . . ငါဘုရားသည် ပြီးစီးခြင်း၏ အခြေခံ ‘ဣဒ္ဓိပါဒ်’ တရား

လေးပါးတို့ကို ပွားများ ထားပြီး ဖြစ်၏။ လေ့ကျင့်ထားပြီး ဖြစ်၏။ ယာဉ်ကဲ့သို့ ပြုထားပြီး ဖြစ်၏။ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်၏။ ဆောက်တည်ထားပြီး ဖြစ်၏။ ကောင်းစွာဆည်းပူးထားပြီး ဖြစ်၏။ ကောင်းစွာ အားထုတ် ထားပြီး ဖြစ်၏။ သို့ဖြစ်၍ ငါဘုရား အလို ရှိခဲ့သော် အသက်တမ်း ပတ်လုံး ဖြစ်စေ အသက်တမ်းထက် ကျော်လွန်၍ ဖြစ်စေ တည်နေနိုင်ပါ၏" ဟု မိန့်ဆိုတော်မူခဲ့သည်။

ဘုရားရှင်သည် ထင်ရှားသော အရိပ်အယောင်ကို ဤသို့ပင်ပြသော်လည်း အရှင်အာနန္ဒာသည်ကား သဘောမပေါက်ခဲ့။ "အရှင်ဘုရား. . . နတ်လူတို့၏ အစီးအပွားအကျိုးငှာ လောကကို စောင့်ရှောက်ရန် ဘုန်းကြီးသော အရှင်ဘုရားသည် အာယုကပ်ပတ်လုံး တည်တော်မူပါလော့"ဟု ဘုရားရှင်ကို မတောင်းပန်မိခဲ့။ အရှင်အာနန္ဒာသည် မာရ်နတ်နှောင့်ယှက်ခံရသော စိတ်ရှိသကဲ့သို့ ဖြစ်ခဲ့ချေ၏။ ဘုရားရှင်သည် သုံးကြိမ်တိုင်တိုင် ပြောဆို၍ အရိပ်အယောင်ပြခဲ့သော်လည်း အရှင်အာနန္ဒာကား သဘောမပေါက်နိုင်၍ တောင်းပန်မှုကိုလည်း မပြုနိုင်ခဲ့ပါ။ အရှင်အာနန္ဒာကသာလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား. . . လူနတ်တို့၏ အကျိုးစီးပွား အလို့ငှာ အာယုကပ်ပတ်လုံး တည်နေတော်မူပါ"ဟု လျှောက်ထားမိခဲ့ပါလျှင် ထိုအချိန်၌ ဘုရားရှင်သည် အာယုသင်္ခါရကို လွှတ်မည်မဟုတ်သေးပေ။

**မာရ်နတ်တောင်းပန်ခြင်း**

အရှင်အာနန္ဒာ ဖဲသွား၍ မကြာမြင့်မီ ယုတ်မာသော မာရ်နတ်သည် ဘုရားရှင်ထံ ချဉ်းကပ်ခဲ့၏။ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူပါလော့။ ယခုအခါ ပရိနိဗ္ဗာန် ပြုတော်မူပါလော့။ ပရိနိဗ္ဗာန် ပြုချိန်တန်ပါပြီ။ အရှင်ဘုရားသည် ဤသို့သော စကားကို မိန့်တော်မူဖူးပါသည်။ "မာရ်နတ်. . . ငါဘုရား၏ တပည့်ပရိသတ် လေးပါးသည် တတ်သိလိမ္မာသည့် အချိန်၊ လောကုတ္တရာ တရားနှင့် လျော်သောအကျင့်ကို ကျင့်နိုင်သော အချိန်သို့ မရောက်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မပြုနိုင်"ဟု မိန့်တော်မူဖူးပါသည်။ ယခုအခါ အရှင်ဘုရား၏ တပည့်ပရိသတ်လေးပါး တို့သည် တတ်သိလိမ္မာကြပါပြီ။ လောကုတ္တရာ

တရားနှင့် လျော်သော အကျင့်ကို ကျင့်နိုင်ကြပါပြီ။ ထို့ကြောင့် ဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုချိန် တန်ပါပြီ”ဟု လျှောက်ထားခဲ့သည်။ ထို့အပြင် မာရ်နတ်က ဆက်လက်၍ လျှောက်ထားခဲ့သည်မှာ “မာရ်နတ်. . . ငါဘုရား၏ မြတ်သော အကျင့်ဟု ဆိုအပ်သော ဤသာသနာတော်သည် မပြည့်စုံသေး၊ မစည်ပင်သေး၊ မပြန့်ပွားသေးသမျှ ပရိနိဗ္ဗာန်မပြုနိုင်ပါ”ဟု မိန့်ခဲ့ဖူးပါသည်။ ယခုအခါ အရှင်ဘုရား၏ မြတ်သောအကျင့်ဟု ဆိုအပ်သော သာသနာတော် သည် ပြည့်စုံပါပြီ။ စည်ပင်ပါပြီ။ ပြန့်ပွားပါပြီ။ ထို့ကြောင့် အရှင်ဘုရားသည် ပရိနိဗ္ဗာန်ပြုရန် အချိန်တန်ပါပြီ”ဟု လျှောက်ထားခဲ့လေသည်။

**အာယုသင်္ခါရ လွှတ်တော်မူခြင်း**

ဘုရားရှင်သည် စာပါလစေတီ၌ နေစဉ် သတိရှိကာ ပညာနှင့်ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှု “အာယုသင်္ခါရ”ကို စွန့်လွှတ်တော်မူခဲ့၏။ ဘုရားရှင် အာယုသင်္ခါရကို စွန့်လွှတ်လိုက်သောအခါ ကြောက်မက်ဖွယ် မြေငလျင် အပြင်းအထန် လှုပ်လေတော့၏။ တော်လည်းသံတို့လည်း တခြိမ့်ခြိမ့် မြည်ဟည်းကုန်၏။ ထိုအခါ ဘုရားရှင်သည် “ငါဘုရားသည် အတုမဲ့နိဗ္ဗာန်နှင့် အဖန်ဖန်ဖြစ်မှု ဘဝကို နှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ။ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ တည်ကြည်သောစိတ် ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်၌ ကိလေသာ ကွန်ရက်ကို ဖျက်ဆီးခဲ့လေပြီ”ဟု ကျူးရင့်တော်မူခဲ့၏။

**မြေငလျင် ပြင်းစွာလှုပ်ခြင်းအကြောင်းကို မေးမြန်းလျှောက်ထားခြင်း**

အရှင်အာနန္ဒာသည် မြေငလျှင်ကြီးစွာလှုပ်ခြင်း၏ အကြောင်းကို ဘုရားရှင်အား လျှောက်ထားခဲ့၏။ “ဘုန်းတော်ကြီးသော မြတ်စွာဘုရား အံ့ဩဖွယ်ရှိပါပေစွ၊ ကြက်သီးမွေးညင်း ထလောက်အောင် ကြောက်မက်ဖွယ် ကောင်းသော ဤမြေငလျင် လှုပ်ခြင်းသည် အလွန်ကြီးကျယ်ပါပေစွ။ တော်လည်းသံတို့သည်လည်း တခြိမ့်ခြိမ့် မြည်ဟည်းသွားပါကုန်၏။ အရှင်ဘုရား. . . မြေငလျင်လှုပ်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း ဘုရား”ဟု မေးမြန်းလျှောက်ထားခဲ့၏။ ထိုအခါ ဘုရားရှင်က အာနန္ဒာအား

မြေလျှင်လှုပ်ခြင်း အကြောင်းရှစ်ပါး၊ ပရိသတ်ရှစ်ပါး၊ အဘိဘာယတန ရှစ်ပါး၊ ဝိမောက္ခရှစ်ပါး တို့ကို ဆက်လက်ဟောကြားတော်မူခဲ့သည်။

ထိုနောက် ဘုရားရှင်က ဆက်လက် အမိန့်ရှိခဲ့ပြန်သည်။ "ချစ်သား အာနန္ဒာ. . . မာရ်နတ်သည် ဘုရားဖြစ်ခါစ ဥရုဝေလတော၌ သီတင်းသုံး နေတော်မူသည်မှ စ၍ ယခု စာပါလစေတီ၌ နေတော်မူသည့် အခါ တိုင်အောင် ငါဘုရားကို ပရိနိဗ္ဗာန်ပြုပါရန် အစဉ်တစိုက် လျှောက်ထား ခဲ့လေပြီ။ မာရ်နတ်၏ ထိုလျှောက်ထားချက်အရ ယနေ့မှ နောက်သုံးလ လွန်မြောက်သောအခါ ငါဘုရား ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်းကို မာရ်နတ်သားအား ဝန်ခံကတိပြုခဲ့လေပြီ။ အာနန္ဒာ. . . ယနေ့ပင် အသက် ရှည်ရန် ပြုပြင်မှုအာယုသင်္ခါရကို စွန့်လွှတ်တော်မူခဲ့လေပြီ"ဟု မိန့်တော်မူခဲ့ လေသည်။

**အရှင်အာနန္ဒာ လျှောက်ထားတောင်းပန်ခြင်း**

ထိုအခါ အရှင်အာနန္ဒာသည် ဘုရားရှင်အား "အရှင်ဘုရား. . . လူနတ်တို့၏ အကျိုးစီးပွားနှင့် လောကကို စောင့်ရှောက်ခြင်းငှာ အရှင်ဘုရားသည် အာယုကပ်ပတ်လုံး တည်နေတော်မူပါဘုရား"ဟု လျှောက်ထားတောင်းပန်ခဲ့၏။ ဘုရားရှင်က "ချစ်သားအာနန္ဒာ. . . တော်လောက်ပြီ။ယခုမှ မတောင်းပန် နှင့်တော့။ ငါဘုရားကို တောင်းပန်ရန် အခါမဟုတ်ပြီ"ဟု မိန့်တော်မူခဲ့၏။ အရှင်အာနန္ဒာသည် သုံးကြိမ်တိုင်တိုင် လျှောက်ထား တောင်းပန်ခဲ့သည်။ ချစ်သားအာနန္ဒာ. . . သင်သည် ငါဘုရား၏ ဗောဓိဉာဏ်ကို ယုံကြည်ပါလျက် အဘယ့်ကြောင့် သုံးကြိမ်တိုင်အောင် နှိပ်စက်ဘိသနည်း"ဟု မိန့်တော်မူခဲ့၏။ တစ်ဖန် အရှင်အာနန္ဒာက ပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရားလေးပါးတို့ကို အားထုတ်ပြီးသော အရှင်ဘုရားသည် အာယုကပ်ပတ်လုံးဖြစ်စေ၊ အာယုကပ်ထက် ကျော်လွန်၍ ဖြစ်စေ အလိုရှိက တည်နိုင်ကြောင်းကို ကြားနာရဖူးပါကြောင်း ပြန်လည် လျှောက်ထားခဲ့သည်။

ဘုရားရှင်က အရှင်အာနန္ဒာအား "အာနန္ဒာ. . . သင်သည် ဣဒ္ဓိပါဒ်တရား လေးပါးကို ယုံကြည်ပါလျက် ငါဘုရားရှင် ထင်ရှားသည့် အရိပ်အယောင်ကို ပြသောအခါ သင်သည် မတားမြစ်ခဲ့။ ငါဘုရားသည် ဣဒ္ဓိပါဒ်တရားလေးပါးကို

ပွားများပြီးဖြစ်၍ အလိုရှိက အာယုကပ်ပတ်လုံး တည်နေနိုင်ကြောင်း သင်ချစ်သားအား ငါအမိန့်ရှိခဲ့သည်။ သို့သော် သင်ချစ်သားသည် ငါဘုရား ပြောသော စကားကို သဘောမပေါက်နိုင်ခဲ့၊ ငါဘုရားအား တောင်းပန်ခြင်း မပြုနိုင်ခဲ့ပေ။ ဤသို့မတောင်းပန်ခြင်းသည် သင်၏ အပြစ်သာလျှင် ဖြစ်သည်။ ထိုအချိန်က ငါဘုရားအား တောင်းပန်လျှောက်ထားခဲ့ပါမူ နှစ်ကြိမ်သာ ငြင်းပယ်၍ သုံးကြိမ်မြောက် တောင်းပန်ပါမူ သင်ချစ်သား၏ တောင်းပန် လျှောက်ထားချက်ကို ငါဘုရား လက်ခံခဲ့ရာ၏။ ငါဘုရားသည် ထင်ရှားသော အရိပ်အယောင်ကို စာပါလစေတီတွင် သီတင်းသုံးစဉ်ကသာ မိန့်ခဲ့သည် မဟုတ်။ ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ် တောင်ထိပ်၊ ဂေါတမကပညောင်ပင်၊ စောရပပါတ ချောက်ကမ်းပါး၊ ဝေဘာရတောင်နံပါး သတ္တပဏ္ဏိလိုဏ်ဂူ၊ ကာ္လသိဂိလိတောင်နံပါး ကျောက်ညိုလိုဏ်ဂူအရပ်၊ ရင်းတိုက်တော၊ မြွေပါးပျဉ် နှင့်တူသော တောင်ဝှမ်း၊ တပေါဒါရုံကျောင်း၊ ရှဉ့်စာကျွေးရာ ဝေဠုဝန်ကျောင်း၊ ဇီဝက၏ သရက်ဥယျာဉ်၊ မဒ္ဒကုစ္ဆိအရပ် မိဂဒါဝုန်တော အသီးသီးတွင် သီတင်းသုံး နေတော်မူစဉ်ကလည်း အရိပ်အယောင်ကိုပြ၍ ငါဘုရားသည် မိန့်ခဲ့ဖူးပါ၏။

ဘုရားရှင်သည် အရှင်အာနန္ဒာအား ဆက်လက်အမိန့်ရှိခဲ့ပြန်သည်။ "အရှင်အာနန္ဒာ. . . ချစ်သောသူအားလုံးတို့နှင့် ရှင်လျက်ကွဲကွာခြင်း၊ သေ၍ကွဲကွာခြင်း၊ ဘဝခြားလျက်ကွဲကွာခြင်းတို့ကို ရှေးမဆွကပင် ငါဘုရား ဟောကြားခဲ့ပါပြီ။ ဖြစ်ခြင်းသဘော၊ ပြုပြင်ပေးရခြင်းသဘောရှိ၍ ပျက်စီးခြင်းသဘောရှိသော တရားကို မပျက်စီးပါစေလင့်ဟု တောင့်တ၍ မရစကောင်းပေ။ မုချဧကန် အမှန်ပျက်စီးမည်ဖြစ်ပါသည်။ ငါဘုရားသည် အသက်ရှည်ရန် ပြုပြင်မှု "အာယုသင်္ခါရ"ကို စွန့်လိုက်ပြီ။ သုံးလလွန်လျှင် ပရိနိဗ္ဗာန်စံတော့မည်ဟူသော စကားကို အမှန်ပင်ပြောဆိုအပ်ပြီ။ ထိုစွန့်လွှတ်အပ်ပြီးသော အာယုသင်္ခါရနှင့် ပြောဆိုအပ်ပြီးသော ထိုစကားကို ငါဘုရားသည် အသက်ဟူသော အကြောင်းကြောင့်သော်မှလည်း ပယ်ဖျက် တော့မည် မဟုတ်"ဟု မိန့်တော်မူခဲ့လေသည်။

**သာသနာ အရှည်တည်တံ့ရေး သုံးဆယ့်ခုနစ်ပါး**

ဘုရားရှင်သည် အရှင်အာနန္ဒာအား ပြောကြားမိန့်ဆိုပြီးနောက်၊ ရဟန်းတို့အား စုဝေးစေ၍ သာသနာအရှည် တည်တံ့ရေးတရား သုံးဆယ့်ခုနစ်ပါးကို ဟောကြားတော်မူခဲ့ပါသည်။ ငါဘုရားသည် ထူးခြားသော ဉာဏ်ဖြင့်သိ၍ ဟောခဲ့သော တရားတို့မှာ သတိပဋ္ဌာန်လေးပါး၊ သမ္မပဓာန်လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတို့ဖြစ်၍ ဤတရားတို့ကို ပွားများလေ့လာ သည်ရှိသော် သာသနာ အရှည်တည်တံ့ပြီး လူနတ်တို့၏ စီးပွားချမ်းသာ ဖြစ်လေရာ၏”ဟု မိန့်တော်မူ ခဲ့သည်။ ထိုနောက် ရဟန်းတို့ကို ဆက်လက် မိန့်တော်မူခဲ့ပြန်ပါ သည်။ “ချစ်သားတို့ . . ယခု သင်တို့ကို ငါဘုရား မိန့်မှာဦးမည်။ ပြုပြင်ပေးရသော သင်္ခါရတရားတို့သည် ပျက်စီးတတ်ခြင်းသဘောရှိ၍ မမြဲကြကုန်။ မမေ့သော သတိဖြင့် ကိစ္စပြီးအောင် အားထုတ်ကြ။ ငါဘုရား သည် မကြာမီ ပရိနိဗ္ဗာန် ပြုတော့မည်။ ဤနေ့မှ သုံးလလွန်သောအခါ ငါဘုရားသည် ပရိနိဗ္ဗာန် ပြုပါတော့အံ့”ဟု မိန့်ခဲ့ပြန်ပါသည်။ တစ်ဖန်ဆက်၍—

> “ရဟန်းတို့ . . . ငါဘုရား၏ အရွယ်သည် ရင့်ရော်လှပြီ။ ဇရာဒုဗ္ဗလအချိန် ဖြစ်သည်။ အသက်ကြွင်းသည် နည်းလှလေပြီ။ သင်တို့ကို စွန့်၍ သွားရတော့မည်။ ငါဘုရားသည် မိမိ၏ ကိုးကွယ်ရာကို ပြုပြင်ပြီးပြီ။ ရဟန်းတို့ . . မမေ့မလျော့ သတိနှင့် နေရစ်ကြ။ ကောင်းသော သီလစင်ကြယ်သူတို့ ဖြစ်ကြကုန်လော့။ သမာဓိတရား ကောင်းစွာထား၍ ကောင်းသော အကြံရှိသူတို့ ဖြစ်ကြ ကုန်လော့။ မိမိစိတ်ကို အစဉ်မပြတ် စောင့်ရှောက်ကြ ကုန်လော့။ ငါဘုရား၏ သာသနာတော်၌ မမေ့မလျော့ သတိနှင့် နေကြပါမူ သံသရာကို စွန့်ပယ်၍ ဒုက္ခ၏အဆုံးကို ပြုနိုင်ကြပေ လိမ့်မည်”ဟု မှာထားပြောဆိုခဲ့လေသည်။

**ဝေသာလီကို နောက်ဆုံးကြည့်တော်မူခြင်း**

ဘုရားရှင်သည် ဝေသာလီပြည်သို့ ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးတော် မူပြီးနောက် ဆွမ်းစားရာမှ ဖဲခဲ့ပြီးသော် ဝေသာလီပြည်ကို ဆင်ပြောင်ကြီး

ကဲ့သို့ ပြန်၍လှည့်ကြည့်တော်မူခဲ့လေသည်။ "အာနန္ဒာ. . . ဤယခု ငါဘုရား ရှုကြည့်ခြင်းသည် ဝေသာလီပြည်ကို နောက်ဆုံးကြည့်ရှုခြင်းပေတည်း"ဟု မိန့်တော်မူခဲ့၏။ ဘုရားရှင်သည် ရဟန်းသံဃာတို့နှင့်အတူ အရှင်အာနန္ဒာကို ခေါ်၍ ဘဏ္ဍုရွာသို့ ကြွရောက်တော်မူခဲ့သည်။ ဘဏ္ဍုရွာ၌ သီတင်းသုံးတော်မူစဉ် ရဟန်းတော်တို့ကို တရားဟောခဲ့ပြန်၏။

"ရဟန်းတို့. . . မြတ်သော အရိယသီလ၊ အရိယသမာဓိ၊ အရိယပညာ၊ လွတ်မြောက်မှု အရိယဝိမုတ္တိ၊ ဤလေးပါးသော တရားတို့ကို လျော်ကန်စွာ မသိခြင်းကြောင့် ရှည်လျားလှစွာသော ဤသံသရာတစ်လျှောက် ကျင်လည်မျောပါး ပြေးသွားခဲ့ကြရကုန်၏။ ရဟန်းတို့ ငါဘုရားသည် ယခုအခါ ဤတရားလေးပါးတို့ကို မှန်ကန်စွာ သိခဲ့ပြီ။ ဘဝ၌တပ်မက်ခြင်း ဘဝတဏှာကုန်ပြီ။ ဘဝသစ်၌ တစ်ဖန်ဖြစ်ခြင်း မရှိတော့ပြီ။ ဤသို့ ငါဘုရားသည် မှန်ကန်စွာသိသော တရားတို့ကို တပည့် သာဝကတို့အား ဟောပြခဲ့ပြီးလေပြီ။ လူနတ်တို့၏ဆရာ ငါဘုရားသည် ကိလေသာမီး လုံးဝ ငြိမ်းသည်ဖြစ်၍ ဒုက္ခ၏အဆုံးကို ပြုလေပြီ"ဟု ဟောတော်မူခဲ့ပါသည်။

**ကိုးကားပြောဆိုသော တရားစကားတို့ကို အမှားအမှန်**
**ဝေဖန်ဆုံးဖြတ်ရန် နည်းလမ်းဥပဒေများ**

ဘုရားရှင်သည် ဘဏ္ဍုရွာ၌ အလိုရှိသမျှ နေတော်မူပြီးလျှင် အရှင်အာနန္ဒာကိုခေါ်၍ ရဟန်းသံဃာများနှင့်အတူ ဟတ္ထိရွာ၊ အမ္ဗရွာနှင့် ဘောဂမြို့သို့ ချဉ်းကပ်တော်မူခဲ့ပြန်သည်။ ဘောဂမြို့ အာနန္ဒာစေတီ၌ သီတင်းသုံးနေတော်မူစဉ် "မဟာပဒေသလေးပါး" ခေါ် ဂုဏ်ရှိသူတို့ကို ကိုးကားပြောဆိုသော တရားစကားတို့ကို အမှားအမှန် ဝေဖန်ဆုံးဖြတ်တတ်ရန် နည်းလမ်းများကို ရဟန်းတို့အား ဟောတော်မူခဲ့ပြန်သည်။ ဘုရားရှင်၏ သတ္တဝါများအပေါ် သနားခြင်း မဟာကရုဏာတော်သည် ကြီးမားလှပါဘိ။ တပည့်သာဝကများသည် သူတစ်ပါးပြောသည့် ဓမ္မဝိနယနှင့် မညီသော စကားတို့ကို နာယူမိ၍ အကျင့်စောင်းကာ အကျိုးယုတ်မည်ကို စိုးရိမ်တော်မူရှာခဲ့သည်။

သူတစ်ပါး ပြောတိုင်း လက်မခံဘဲ၊ ဓမ္မဝိနယနှင့် ကိုက်ညီမှသာ လက်ခံကြရန် ဆုံးမခဲ့ခြင်းဖြစ်သည်။

(၁) "ရဟန်းတို့ . . ငါသည် ဤတရားစကားကို ဘုရားရှင်၏ မျက်မှောက်တော်မှ ကြားနာခဲ့ရ၏"ဟု ဆိုသော်လည်း ထိုတရားတော်ကို အလွယ်တကူ လက်မခံရန်၊

(၂) "ငါသည် ဤမည်သော ကျောင်းမှ အကြီးအမှူး မထေရ်ကြီးနှင့် တကွသော သံဃာတော်များထံမှ ဤတရားစကားကို ကြားနာခဲ့ရ၏"ဟု ဆိုသော်လည်း ထိုတရားတော်ကို အလွယ်တကူ လက်မခံရန်၊

(၃) ဤမည်သော ကျောင်းမှ အကြားအမြင်များကာ ပါဠိတော်များကို နှုတ်ငုံဆောင်ကုန်သော သံဃာများထံမှ ဤတရားစကားကို ကြားနာခဲ့ရ၏ဟု ဆိုသော်လည်း အလွယ်တကူလက်မခံရန်၊

(၄) ဤမည်သောကျောင်းမှ ပါဠိတော်များကို နှုတ်ငုံဆောင်၍ အကြားအမြင်များသော မထေရ်ထံမှ ဤတရားစကားကို ကြားနာခဲ့ရ၏ဟု ဆိုသော်လည်း ထိုတရားတော်ကို အလွယ်တကူ လက်မခံရန်၊

အထက်ပါ ကိုးကား ပြောဆိုသော တရားစကားများကို အလွယ်တကူ လက်မခံသည့်နည်းတူ ပယ်လည်းမပယ်သေးဘဲ သုတ္တန်တရားတော်၌ သွင်းကြည့်ရမည်။ ဝိနည်းတော်၌ နှီးနှောကြည့်ရပါမည်။ သုတ္တန်တရားတော်၌ သက်ဝင်ခြင်း၊ ဝိနည်းတော်နှင့် နှီးနှောမိခြင်း မရှိပါက ထိုကိုးကားသော တရားစကားများသည် ဘုရားရှင်၏ တရားစကား စစ်စစ်မဟုတ်ပါ။ မှားယွင်းစွာ သင်ယူထားသော တရားစကားသာ ဖြစ်ချေသည်"ဟု ဆုံးဖြတ်ချက် ချရမည် ဖြစ်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

**စုန္ဒရွှေပန်းတိမ်သည်၏ ဝက်ပျိုသားကို ဘုဉ်းပေးတော်မူခြင်း**

ဘုရားရှင်သည် အရှင်အာနန္ဒာကိုခေါ်၍ ရဟန်းသံဃာများနှင့်အတူ ဘောဂမြို့မှ ထွက်ခွာတော်မူကာ ပါဝါပြည် ရွှေပန်းတိမ်သည်၏သား စုန္ဒ၏

သရက်ဥယျာဉ်သို့ ချဉ်းကပ်တော်မူခဲ့ပြန်သည်။ စုန္ဒသည် မိမိ၏ သရက်ဥယျာဉ်၌ ဘုရားရှင်နှင့် သံဃာတော်များ သီတင်းသုံးနေတော်မူကြောင်း ကြားသိရသောအခါ ဘုရားရှင်ထံ သွားရောက်၍ ရှိခိုးပူဇော်ပြီးလျှင် ရဟန်းသံဃာနှင့်တကွ ဘုရားရှင်အား နက်ဖြန်ဆွမ်းအလှူခံရန် ပင့်ဖိတ်ခဲ့သည်။ စုန္ဒသည် မိမိ၏နေအိမ်၌ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်နှင့် နူးညံ့သော ဝက်ပျိုသား (သူကရမဒ္ဒဝ)တို့ကို စီရင်ချက်ပြုတ်ပြီးလျှင် ဘုရားရှင်နှင့် သံဃာတော်တို့အား ဆွမ်းကပ်ခဲ့လေသည်။ ထိုအခါ ဘုရားရှင်က "ချစ်သားစုန္ဒ သင်စီရင်ထားသော နူးညံ့သည့် ဝက်ပျိုသားဖြင့် ငါဘုရားအား လုပ်ကျွေး၍ အခြားခဲဖွယ်ဘောဇဉ်ဖြင့် သံဃာတော်များကို လုပ်ကျွေးပါလေ"ဟု စုန္ဒအား မိန့်တော်မူခဲ့သည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ စုန္ဒကို ခေါ်ပြန်၍ "ချစ်သားစုန္ဒ. . . သင်၏ကြွင်းကျန်သော နူးညံ့သည့် ဝက်ပျိုသားကို တွင်းတူး၍ ထိုတွင်း၌ မြှုပ်နှံလော့။ နတ်နှင့်တကွသော ခပ်သိမ်းသော လောက၌ ထိုနူးညံ့သော ဝက်ပျိုသားကို စားမိခဲ့လျှင် ငါဘုရားမှတစ်ပါး ကောင်းစွာ အစာကြေအံ့သော ပုဂ္ဂိုလ်ကို ငါဘုရား မြင်တော်မမူ"ဟု မိန့်ဆိုတော် မူခဲ့ပါသည်။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးဆုံးသော် စုန္ဒကို တရားဟောတော်မူ၍ ကြွတော်မူခဲ့သည်။

ဘုရားရှင်သည် ရွှေပန်းတိမ်သည်၏သား စုန္ဒ၏ဆွမ်းကို ဘုဉ်းပေးပြီးသောအခါ ဘုရားရှင်အား ကြမ်းတမ်းသော ဝေဒနာ သေလောက်အောင် ပြင်းထန်သော ဝမ်းသွေးသွန်ရောဂါသည် ဖြစ်ပေါ်လာခဲ့သည်။ ဘုရားရှင်သည် ယိုဝေဒနာကို သတိဖြင့် ဆင်ခြင်လျက် ပင်ပန်းသည်ဟု မမှတ်ထင်ဘဲ သည်းခံတော်မူခဲ့၏။

**သောက်ရေ ဆောင်စေတော်မူခြင်း**

ဘုရားရှင်သည် အရှင်အာနန္ဒာကိုခေါ်၍ ရဟန်းသံဃာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွတော်မူခဲ့သည်။ ထိုသို့ကြွတော်မူစဉ် တစ်ခုသော သစ်ပင်ရင်းသို့ ချဉ်းကပ်မိသောအခါ "အာနန္ဒာ. . . ငါဘုရား၏ ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးပါ။ ငါဘုရား ပင်ပန်းလှပြီ။ ထိုင်ဦးအံ့"ဟု အရှင်အာနန္ဒာအား မိန့်တော်မူသည်။ ဘုရားရှင်သည်

အရှင်အာနန္ဒာခင်းပေးသော နေရာ၌ ထိုင်တော်မူ၏။ "အာနန္ဒာ. . . ရေကို ဆောင်ပါလေ၊ ငါဘုရားမွတ်သိပ်လှပါ၏။ ရေသောက်ပါအံ့"ဟု မိန့်တော်မူလေလျှင် အရှင်အာနန္ဒာက "အရှင်ဘုရား. . . လှည်းအစီးငါးရာတို့ ယခုပင် ဖြတ်ကူးသွားကြပါကုန်၏။ ချောင်းသည် ရေနည်းသည်ဖြစ်၍ နောက်ကျုလျက်ရှိပါသည်။ ကကုဓမြစ်သည် မဝေးလှတော့ပါ။ ထိုမြစ်ရေသည် ကြည်လင်ပါ၏။ ချိုမြိန်ပါ ၏။ အေးမြပါ၏။ ညွန်ကင်းသော ရေဖြစ်ပါ၏။ ကောင်းသောဆိပ်ကမ်းလည်း ရှိပါ၏။ မွေ့လျော်ဖွယ်လည်း ဖြစ်ပါ၏။ ထိုမြစ်၌ ဘုရားရှင်သည် ရေကိုလည်း သောက်တော်မူရပါမည်။ ကိုယ်တော်ကိုလည်း အေးမြအောင် ပြုတော်မူရပါမည်"ဟု လျှောက်ထားခဲ့သည်။ ဘုရားရှင်သည် အရှင်အာနန္ဒာအား သောက်ရေဆောင်ယူရန် ဒုတိယအကြိမ် စေခိုင်းတော်မူပြန်သည်။ အရှင်အာနန္ဒာကလည်း ရှေးနည်းအတိုင်း ဘုရားရှင်အား လျှောက်ထားခဲ့သည်၊ ဘုရားရှင်သည် အရှင်အာနန္ဒာအား တတိယအကြိမ် စေခိုင်းတော်မူသောအခါ အရှင်အာနန္ဒာလည်း "ကောင်းပါပြီ" ဟု ဝန်ခံကာ သပိတ်တော်ကိုယူ၍ ထိုချောင်းဆီသို့ ချဉ်းကပ်ခဲ့တော့သည်။

ထိုအခါ လှည်းများဖြတ်ကူးထားသောကြောင့် နောက်ကျုလျက် စီးဆင်းနေသော ထိုချောင်းရေ အနည်းငယ်သည် အရှင်အာနန္ဒာချဉ်းကပ်သွားသောအခါ ကြည်လင်သန့်ရှင်း၊ နောက်ကျုခြင်းကင်း၍ စီးဆင်းနေခဲ့သည်။ အရှင်အာနန္ဒာသည် ထိုသို့သော အံ့ဖွယ်အခြင်းအရာကို တွေးတောဆင်ခြင်လျက် သပိတ်တော်ဖြင့် သောက်ရေကို ခပ်ယူကာ ဘုရားရှင်ထံပြန်လာခဲ့၍ "ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အရှင်ဘုရား၏ တန်ခိုးအာနုဘော်ကြီးမားပါပေစွ။ အံ့ဩဖွယ် ရှိပါပေစွ။ မဖြစ်ဖူးမြဲ ဖြစ်ပါပေစွ။ ယခုပင် လှည်းများ ဖြတ်ကူးထားသောကြောင့် နောက်ကျုကာ စီးဆင်းနေသော ရေသည် တပည့်တော်ချဉ်းကပ်သွားသောအခါ ကြည်လင်သန့်ရှင်း နောက်ကျုခြင်း ကင်းလျက် စီးနေခဲ့ပါသည်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . သောက်ရေကို သုံးဆောင်တော်မူပါလော့"ဟု လျှောက်ထားကာ ရေကိုဆက်ကပ်ခဲ့လေသည်။ ထိုအခါ ဘုရားရှင်သည် သောက်တော်ရေကို သုံးဆောင်တော်မူခဲ့၏။

## ပုက္ကုသမလ္လမင်းသားနှင့် တွေ့ဆုံခြင်း

ကာလာမအနွယ် အာဠာရ၏တပည့် မလ္လမင်းသား ပုက္ကုသသည် ကုသိနာရုံမှ ပါဝါပြည်သို့အသွား သစ်ပင်ရင်း၌ ထိုင်နေတော်မူသော ဘုရားရှင်ကို တွေ့မြင်ရ၍ ဘုရားရှင်ထံချဉ်းကပ်ကာ ရှိခိုးပြီးနောက် "အံ့ဖွယ်ရှိပါပေစွ။ မဖြစ်စဖူး ဖြစ်ပါပေစွ။ အရှင်ဘုရား. . . ရဟန်းတို့သည် ငြိမ်သက်သော သမာပတ်ဖြင့် နေတော်မူကြပါပေစွတကား"ဟု လျှောက်ထား ပြောဆို၏။ ထိုနောက် ပုက္ကုသသည် သူ၏ဆရာ အာဠာရ၏အကြောင်းကို ဆက်လက်၍လျှောက်ထားခဲ့ပြန်သည်။ တစ်ချိန်သောအခါက အာဠာရအနီးမှ လှည်းငါးရာ ဖြတ်သွားရာ သမာပတ်ချမ်းသာဖြင့် နေခဲ့၍ မသိခဲ့ကြောင်း လျှောက်ထားသည်။ ထိုအခါ ဘုရားရှင်က "ပုက္ကုသ. . . အခါတစ်ပါး၌ ငါဘုရားသည် အာတုမမြို့ ကောက်ရိုးတဲတစ်ခု၌ သီတင်းသုံးနေခဲ့၏။ မိုးရွာပြီး ထစ်ချုန်း၍ မိုးများ ခြိမ်းကာ လျှပ်စစ်များပြက်၍ မိုးကြိုးပစ်သောကြောင့် ကောက်ရိုးတဲအနီး နွားလေးကောင်နှင့် လယ်သမားညီနောင် နှစ်ယောက်တို့ သေခဲ့ကြ၏။ သို့သော် ငါဘုရားသည် မိုးရွာသံ၊ မိုးချုန်းသံ၊ မိုးကြိုးပစ်သံတို့ကို မကြားလည်း မကြားခဲ့။ မမြင်လည်း မမြင်ခဲ့၊ ငါဘုရား၏ စိတ်သညာလည်း ရှိနေခဲ့ပါသည်ဟု ပြန်လည်အမိန့်ရှိခဲ့သည်။ ထိုအခါ ပုက္ကုသသည် လွန်မင်းစွာနှစ်သက်သွားပြီး သဒ္ဓါတရားပေါက်ကာ ဘုရားရှင် အား ရွှေအဆင်းရှိသော အဝတ်ချောပုဆိုးအစုံကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ထိုနောက် ဘုရားရှင်သည် များစွာသော ရဟန်းသံဃာနှင့်အတူ ကကုဓာမြစ်သို့ ချဉ်းကပ်တော်မူ၍ ထိုမြစ်သို့ သက်ဆင်းလျက် ရေချိုးတော်မူ၊ သောက်တော်မူခဲ့၏။ မြစ်မှပြန်တက်ပြီးလျှင် သရက်တောသို့ ချဉ်းကပ်၍ "စုန္ဒ. . . ငါဘုရား၏ ဒုကုဋ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ခင်းပေးလော့။ ငါဘုရား ပင်ပန်းလှ၏။ လျောင်းစက်ဦးမည်"ဟု အရှင်စုန္ဒကမထေရ်ကို မိန့်တော်မူခဲ့၏။ ဘုရားရှင်သည် သတိရှိဆင်ခြင်လျက် လက်ယာနံတောင်းဖြင့် မြတ်သောလျောင်းစက်ခြင်းကိုပြုကာ အနားယူခဲ့ရပြန်၏။ ခရီးစဉ် တစ်လျှောက် မကြာခဏ အနားယူကာ ဝေဒနာကို သည်းခံခဲ့ရရှာ၏။ ရာဂ

မကင်းသေးသော အရှင်အာနန္ဒာကဲ့သို့သော တပည့်သာဝကများအဖို့ ရင်ထုမနာ ဖြစ်ခဲ့ရမည်မှာ အမှန်ပင်ဖြစ်သည်။

**မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ကြွတော်မူခြင်း**

ဘုရားရှင်သည် ရဟန်းသံဃာနှင့်တကွ အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဟိရညဝတီမြစ်၏ ဟိုမှာဘက်ကမ်း၊ **ကုသိနာရုံမြို့**အဝင် တံခါးအနီး လမ်းကွေ့၊ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ အင်ကြင်းယျာဉ်သို့ ရောက်လျှင်ပင် "အာနန္ဒာ. . . အင်ကြင်းပင်အစုံတို့၏ အကြား၌ မြောက်အရပ်ကို ဦးခေါင်းပြုကာ ညောင်စောင်းကိုခင်းပါလေ။ အာနန္ဒာ. . . ငါဘုရား ပင်ပန်းလှပြီ၊ လျောင်းစက်ပါရစေ"ဟု မိန့်တော်မူခဲ့၏။ အရှင်အာနန္ဒာသည် ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ညောင်စောင်းကို ခင်းခဲ့၏။ ထိုအခါ ဘုရားရှင်သည် လက်ယာခြေတော်ပေါ်၌ လက်ဝဲခြေတော်ကို အနည်းငယ်ကျော်လွန်အောင် တင်ထား၍ သတိဖြင့် ဆင်ခြင်လျက် လက်ယာ နံတောင်းဖြင့် မြတ်သော လျောင်းစက်ခြင်းကို ပြုတော်မူခဲ့၏။ အင်ကြင်းပင် အစုံတို့သည် အခါမဲ့ပွင့်သော ပန်းတို့ဖြင့် ပင်လုံးကျွတ် ပွင့်လျက်ရှိကုန်၏။ ထိုအင်ကြင်းပန်းတို့သည် ဘုရားရှင်ကို ပူဇော်သည့် အနေဖြင့် ဘုရားရှင်၏ ကိုယ်တော်ထက်သို့ အဆက်မပြတ် ပန်းများကျနေခဲ့ကြ၏။ ကြဲဖြန့်သကဲ့သို့ ဖြစ်ခဲ့၏။ ကိုယ်တော်အပေါ် ပန်းများလွှမ်းကုန်၏။ နတ်တူရိယာတို့သည်လည်း ဘုရားရှင်ကို ပူဇော်သည့်အနေဖြင့် ကောင်းကင်၌ တီးမှုတ်လျက် ရှိခဲ့ကုန်၏။ နတ်သီချင်းသံတို့သည်လည်း ကောင်းကင်၌ သာယာငြိမ့်ညောင်းစွာ ပြန့်လွင့်၍ အလိုလိုမြည်ကြကုန်၏။ ဝမ်းနည်းဖွယ် လွမ်းဆွတ် တသဖွယ်ကောင်းသည့် မြင်ကွင်းမျိုးပင်ဖြစ်ခဲ့သည်။

ထိုအခါ ဘုရားရှင်က အရှင်အာနန္ဒာအား "အာနန္ဒ. . . အင်ကြင်းပင် အစုံတို့ သည် ပင်လုံးကျွတ် အခါမဲ့ပွင့်လျက် ငါဘုရား၏ကိုယ်တော်ထက်သို့ မပြတ်မစဲ ကြဲဖြန့်ခြင်း၊ မန္ဒာရဝနတ်ပန်းတို့ ကောင်းကင်မှ ကျလျက် ပူဇော်နေ ကြခြင်း၊ နတ်၌ဖြစ်သော စန္ဒကူးနံ့သာမှုန့်တို့ ကောင်းကင်မှကျကာ ငါဘုရား ကိုယ်တော်ပေါ် ကြဲဖြန့်သကဲ့သို့ ပူဇော်နေကြခြင်း၊ နတ်တူရိယာတို့ ကောင်းကင်၌ တီးမှုတ်နေကြခြင်း၊ နတ်သီချင်းသံတို့ ကောင်းကင်၌ သာယာ

ငြိမ့်ငြောင်းစွာ ဖြစ်ပေါ်နေကြခြင်းဖြင့် ငါဘုရားရှင်ကို ပူဇော်နေခဲ့ကြ၏။ ဤမျှလောက်ပူဇော်ကာမျှဖြင့် ဘုရားရှင်အား ပူဇော်သည် မမည်။ အရိုအသေပြုသည် မမည်။ အလေးပြုသည် မမည်။ မြတ်နိုးသည် မမည်။ အာနန္ဒာ. . . ဤသာသနာတော်၌ လောကုတ္တရာတရားနှင့်အညီ ကျင့်ကြံနေထိုင် ကြပါမှ ငါဘုရားကို ပူဇော်သည်မည်၏။ အရိုအသေပြုသည်မည်၏။ အလေးပြုသည် မည်၏။ ဤသို့နှလုံးသွင်းလျက် သင်တို့ကျင့်ကြံအားထုတ်နေထိုင်ကြရမည်”ဟု မိန့်တော်မူခဲ့သည်။

**အရှင်ဥပဝါဏမထေရ်အား ဖယ်ခိုင်းခြင်း**

အရှင်ဥပဝါဏမထေရ်သည် ဘုရားရှင်၏ အလုပ်အကျွေးတစ်ပါး ဖြစ်ခဲ့၏။ ဘုရားရှင်အား ယပ်ခပ်လျက် ဘုရားရှင်၏ ရှေ့တော်၌ ရပ်တည်နေခဲ့သည်။ ထိုအခါ ဘုရားရှင်က “ရဟန်း. . . ဖယ်သွားပါလေ။ ငါဘုရားရှေ့၌ ရပ်မနေလင့်”ဟု မိန့်တော်မူကာ အရှင်ဥပဝါဏရဟန်းအား ဖယ်စေတော်မူခဲ့၏။ ထိုသို့ ဖယ်ခိုင်းခြင်း အကြောင်းကို အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားသောအခါ ဘုရားရှင်က “တစ်သောင်းသော လောကဓာတ်ရှိ နတ်အပေါင်းတို့သည် ငါဘုရားကို ဖူးမြော်ရန် စုဝေးကာ လာရောက်ခဲ့ကြကုန်၏။ မလ္လမင်း တို့၏ ဥယျာဉ်၏ထက်ဝန်းကျင် တစ်ဆယ့်နှစ်ယူဇနာအတွင်း တန်ခိုးကြီးသော နတ်တို့သည် ပြည့်နေခဲ့၏။ သားမြီးဖျားထိုးလောက်ရုံမျှသော အရပ်သည်ပင် မရှိခဲ့။ နတ်တို့က “ငါတို့သည် ဘုရားရှင်ကို ဖူးမြင်ရန် အဝေးမှ လာခဲ့ကြရ ကုန်၏။ ဘုရားရှင်တို့သည် လောက၌ တစ်ခါတစ်ရံသာ ပွင့်တော်မူကုန်၏။ ဘုရားရှင်သည် ယနေ့ညဉ့်နောက်ဆုံးယံ၌ ပရိနိဗ္ဗာန်စံတော့အံ့။ ထိုတန်ခိုးကြီးသော ဥပဝါဏရဟန်းသည် ဘုရားရှင်၏ ရှေ့တော်၌ကွယ်၍ ရပ်နေဘိ၏။ ငါတို့သည် နောက်ဆုံးအချိန်၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့် ရရှိတော့မည် မဟုတ်”ဟု ဥပဝါဏရဟန်းကို ကဲ့ရဲ့နေခဲ့ကြ၏။ ထို့ကြောင့် ငါဘုရားသည် ဥပဝါဏရဟန်းကို ဖယ်ခိုင်းခြင်းဖြစ်သည်”ဟု ပြန်လည် မိန့်တော်မူခဲ့သည်။

**သံဝေဂရစေတတ်သော ဌာနလေးပါး**

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အရပ်လေးမျက်နှာ၌ ဝါဆိုဝါကပ် ပြုတော်မူကြကုန်သော ရဟန်းသံဃာတို့သည် ဝါလကင်းလွတ် သီတင်းကျွတ် သည့်အခါ ဘုရားရှင်ထံ လာရောက်ဖူးမြော်လေ့ ရှိခဲ့ကြပါကုန်၏။ အရှင်ဘုရား ပရိနိဗ္ဗာန်စံပြီးသော အခါ၌ကား ထိုရဟန်းတို့သည် ဖူးမြော်ခွင့် ရကြတော့မည် မဟုတ်ပါ"ဟု အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်ထားခဲ့လေသည်။ ထိုအခါ ဘုရားရှင်က "အာနန္ဒာ. . . သဒ္ဓါတရားရှိသောသူသည်–

(၁) ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်၊
(၂) အမြတ်ဆုံး သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူရာ မဟာဗောဓိပင်၊
(၃) အမြတ်ဆုံး ဓမ္မစကြာတရားကို ဟောတော်မူရာ မိဂဒါဝုန်တော၊
(၄) ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုရာ ကုသိနာရုံ–

တို့ကို အောက်မေ့လျက် လာရောက်ကုန်ပြားအံ့။ ထိုသို့ စေတီပုထိုးကို ဖူးမြော်ရန် လှည့်လည်သွားလာသူတို့သည် သေသည်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ လားရောက်ကြလိမ့်မည်"ဟု မိန့်တော်မူခဲ့သည်။

**အရှင်အာနန္ဒာ၏ မေးမြန်းချက်များ**

အရှင်အာနန္ဒာသည် စိတ်ထဲ၌ မရှင်းလင်းသော အချက်များကို ဘုရားရှင်အား မေးမြန်းခဲ့ပြန်ပါသည်။ "ဘုန်းတော်ကြီးသော အရှင်ဘုရား တပည့်တော်များသည် မာတုဂါမနှင့် စပ်လျဉ်း၍ အဘယ်သို့ ကျင့်သုံးရမည်နည်း"ဟု မေးလျှောက်ခဲ့ပါသည်။ ထိုအခါ ဘုရားရှင်က–

"အာနန္ဒာ. . . မတွေ့မြင်ရအောင် ကျင့်သုံးနေထိုင်ရပါမည်။ အကယ်၍ တွေ့မြင်ပါက စကားမပြောဘဲ နေရပါမည်။ မလွဲသာ၍ စကားပြောရသောအခါ အမိ အရွယ်တို့၌ အမိ၊ နှမအရွယ်တို့၌ နှမစသည်ဖြင့် အမှတ်ထား၍ ပြောရပါ မည်"ဟု မိန့်ကြားတော်မူခဲ့ပါသည်။

တစ်ဖန်ဆက်၍ အရှင်အာနန္ဒာက "ဘုန်းတော်ကြီးသော မြတ်စွာဘုရား ဘုရားရှင်များ ပရိနိဗ္ဗာန်ပြုပါက ထိုဘုရားရှင်၏ အလောင်းတော်ကို အဘယ်သို့ စီစဉ်ဆောင်ရွက်ရပါမည်နည်း"ဟု မေးလျှောက်ခဲ့ပြန်ပါသည်။ ထိုအခါ ဘုရားရှင်က—

"အာနန္ဒာ. . . ဘုရားရှင်၏ အလောင်းတော်ကို ပူဇော်မှု၌ သင်တို့ ကြောင့်ကြ မစိုက်ကြကုန်လင့်။ အာနန္ဒာ. . . ငါဘုရား တိုက်တွန်းပါ၏။ မြတ်သောအကျင့်၌သာ အားထုတ်ကြကုန်သော မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုး ပညာရှိတို့သည် ဘုရားရှင်၏ အလောင်းတော် အား ပူဇော်မှုကို ပြုကြပါလိမ့်မည်။ စကြဝတေးမင်း၏ အလောင်းတော်၌ ဆောင်ရွက်သကဲ့သို့ ဘုရားရှင်၏ အလောင်းတော်၌ ဆောင်ရွက်အပ်ပါသည်။ စကြဝတေးမင်း၏ အလောင်းတော်ကို ကာသိတိုင်းဖြစ် အဝတ်သစ် ဖြင့် ရစ်ပတ်ရမည်။ ပြီးလျှင် ကာသိတိုင်းဖြစ် အဝတ်သစ်ဖြင့် ထပ်မံ ရစ်ပတ်ရမည်။ ဤနည်းအတိုင်း ပုဆိုးအစုံ ငါးရာတို့ဖြင့် ရစ်ပတ် ပြီးလျှင် ဆီနှင့်တကွသော ရွှေတလား၌ထည့်၍ အခြားရွှေတလားဖုံးဖြင့် ဖုံးအုပ် ပြီးသော် အလုံးစုံသော နံ့သာထင်း တို့ကို ထင်းပုံပြု၍ စကြဝတေးမင်း၏ အလောင်းကို မီးသင်္ဂြိုဟ်ရပါ မည်။ ဤသို့ စကြဝတေးမင်း၏ အလောင်း၌ ဆောင်ရွက်သကဲ့သို့ ဘုရားရှင်၏ အလောင်းတော်၌လည်း ဆောင်ရွက် အပ်ပါပေသည်။ လမ်းလေးခွဆုံရာ၌ မြတ်စွာဘုရားရှင်၏ စေတီကို တည်ထား အပ်ပါ ပေသည်။ ထိုစေတီ၌ ပန်းနံ့သာတို့ကို ပေးလှူပူဇော်ခြင်း၊ ရှိခိုးခြင်း၊ စိတ်ဖြင့်ကြည်ညိုခြင်း ပြုကြကုန်သော သူတို့အား အကျိုးစီးပွား ဖြစ်စေကြ ပါလိမ့်မည်"ဟု ပြန်လည်မိန့်တော်မူ၏။

**စေတီထိုက်သော ပုဂ္ဂိုလ်များ**

ဘုရားရှင်သည် "ချစ်သား အာနန္ဒာ. . .

(၁) ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား၊

(၂) ပစ္စေကသမ္ဗုဒ္ဓါ၊

(၃) ဘုရားရှင်၏တပည့် အရိယာသာဝက၊

(၄) စကြာဝတေးမင်း– ဤလေးမျိုးသော ပုဂ္ဂိုလ်တို့သည် စေတီထိုက်ကြကုန်၏”ဟု ဟောတော်မူခဲ့သည်။

## အရှင်အာနန္ဒာ စိုးရိမ်ငိုကြွေးခြင်း

အရှင်အာနန္ဒာသည် ဘုရားရှင်ဟောတော်မူသော တရားစကားကို ကြားနာပြီးနောက် ကျောင်းတွင်းသို့ဝင်၍ တံခါးတိုင်ကို ကိုင်ပြီးလျှင် “ငါသည် ကျင့်ဆဲပုဂ္ဂိုလ်သာဖြစ်၍ အထက်မဂ်၊ အထက်ဖိုလ်အတွက် ပြုဖွယ်ကိစ္စများ ရှိသေး၏။ ငါ့အား အစဉ်သနား စောင့်ရှောက်တတ်သော ဆရာဘုရားသည် ပရိနိဗ္ဗာန်ပြုချေတော့မည်”ဟု ငိုကြွေးရပ်တည်နေခဲ့၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ အရှင်အာနန္ဒာကို ခေါ်ခိုင်းတော်မူခဲ့သည်။ ဘုရားရှင်သည် အရှင်အာနန္ဒာအား–

“အာနန္ဒာ. . . မစိုးရိမ်လင့်။ မငိုကြွေးလင့်။ ချစ်သောသူနှင့် ရှင်ကွဲ ကွဲခြင်း၊ သေကွဲ ကွဲခြင်း၊ ဘဝခြား၍ ကွဲကွာခြင်းများကို ရှေးမဆွကပင် ငါဘုရားဟောတော်မူခဲ့ပြီ မဟုတ်ပါလား။ သင်္ခါရတရား မှန်သမျှသည် ပျက်စီးခြင်းသဘောရှိ၏။ ထိုပျက်စီးခြင်း သဘော ရှိသည့် သင်္ခါရတရားကို မပျက်စီးပါစေလင့်ဟု တောင့်တ၍ အဘယ်မှာ ရပါမည်နည်း”ဟု တရားချကာ အငိုတိတ်စေခဲ့သည်။

## ကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်မပြုရန် အရှင်အာနန္ဒာ လျှောက်ထားခြင်း

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား. . . အရှင်ဘုရားသည် ဤကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်။ အခြားရာဇဂြိုဟ်၊ သာဝတ္ထိ၊ ဗာရာဏသီစသော မြို့ကြီးများ၌ ပရိနိဗ္ဗာန်ပြုတော်မူပါ၊ ထိုမြို့ ကြီးများ၌ အရှင်ဘုရားကို အလွန်ကြည်ညိုကြကုန်သည့် သူဌေးသူကြွယ်များ ရှိခဲ့ကြပါကုန်၏။ ထိုပုဂ္ဂိုလ်များက အရှင်ဘုရား၏ အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်”ဟု ဘုရားရှင်အား အရှင်အာနန္ဒာက လျှောက်ထားခဲ့သည်။ ထိုအခါ ဘုရားရှင်က–

“အာနန္ဒာ. . . ဤကုသိနာရုံမြို့သည် ရှေးအခါက လေးကျွန်းသနင်း မဟာသုဒဿန စကြာဝတေးမင်း၏ ကုသဝတီ မည်သော နေပြည်တော်

ဖြစ်ခဲ့ပါသည်”ဟုမိန့်ဆိုကာ မဟာသုဒဿနသုတ္တန်ကို ဟောတော်မူခဲ့သည်။

**မလ္လမင်းတို့ကို အကြောင်းကြားစေခြင်း**

ဘုရားရှင်သည် မဟာသုဒဿနသုတ္တန်ကို ဟောတော်မူပြီးနောက် “အာနန္ဒာ. . . သင်သွားပါလေ၊ ကုသိနာရုံပြည်သို့ ဝင်ပြီးလျှင် မလ္လမင်းတို့အား ပြောပါ။ ယနေ့ညဥ့်သန်းလွဲ ပစ္ဆိမယံ၌ ဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုလိမ့်မည်။ မလ္လမင်းတို့ လာကြကုန်လော့။ ‘ငါတို့၏ နယ်ပယ်အတွင်း၌ ဘုရားရှင် ပရိနိဗ္ဗာန်ပြုပါလျက် ငါတို့သည်နောက်ဆုံး ကာလ၌ ဘုရားရှင်ကို ဖူးမြော်ခွင့် မရလိုက်ကြ’ဟု နောင်အခါ နောင်တမရကြပါစေလင့်ဟူ၍ ကုသိနာရုံပြည်သား မလ္လမင်းတို့အား သွားရောက်ပြောကြားရန် အရှင်အာနန္ဒာကို ခိုင်းစေတော်မူခဲ့သည်။ ထိုအခါ အရှင်အာနန္ဒာသည် အဖော်ရဟန်း တစ်ပါးနှင့်အတူ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်ပရိက္ခရာကိုယူကာ သွားရောက် သတင်းကြားခဲ့လေသည်။

**မလ္လမင်းတို့ ဘုရားရှင်အား လာရောက်ရှိခိုးခြင်း**

မလ္လမင်းတို့သည် တစ်စုံတစ်ခုသောကိစ္စဖြင့် မင်းကွန်း၌ စည်းဝေးနေကြစဉ် အရှင်အာနန္ဒာ၏စကားကို ကြားကုန်သည်ရှိသော် မလ္လမင်းတို့သည်လည်းကောင်း၊ မလ္လမင်းတို့၏ သမီးသားနှင့် ဇနီးမယားတို့သည်လည်းကောင်း အလွန်ကြေကွဲ ဝမ်းနည်းခဲ့ကြကုန်၏။ “ဘုန်းတော်ကြီးသော ဘုရားရှင်သည် အလွန်လျင်မြန်စွာ ပရိနိဗ္ဗာန်ပြုတော်မူတော့မည်။ လောကမှ ကွယ်ပျောက်တော်မူတော့မည်”ဟု အချို့သော သူတို့သည် ငိုကြွေးခဲ့ကြကုန်၏။ မလ္လမင်းတို့သည် ဘုရားရှင်အား ဖူးမြော်ရန် လာခဲ့ကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာက မလ္လမင်းတို့အား တစ်ယောက်စီ တစ်ယောက်စီ ကန်တော့စေလျှင် ဤညကုန်ဆုံးသည့်တိုင် ပြီးမည်မဟုတ်။ မလ္လမင်းတို့ကို အမျိုးတူ အစုလိုက် အစုလိုက် ကန်တော့စေမှသာ အချိန်မီ ပြီးစီးနိုင်မည့်အကြောင်းကို သိတော်မူခဲ့၏။ ထို့ကြောင့် ဤမည်သော မင်း၏ သားသမီး သားမယား အမတ်ပရိသတ်နှင့်တကွ အစုလိုက်အစုလိုက် ကန်တော့စေ၍ ထိုနေ့ည ညဥ့်ဦးယံ၌ပင် ပြီးဆုံးခဲ့လေ၏။

## သုဘဒ္ဒပရိဗိုဇ်၏ သံသယကို ပယ်ဖျောက်တော်မူခြင်း

ထိုအချိန်က သုဘဒ္ဒပရိဗိုဇ်သည် ကုသိနာရုံပြည်၌ တည်းခိုလျက် နေခဲ့၏။ ရဟန်းဂေါတမသည် ယနေ့ညဉ့် သန်းလွဲ ပစ္ဆိမယံတွင် ပရိနိဗ္ဗာန်ပြုမည့် အကြောင်း ကြားသိခဲ့သည်။ ထိုအခါ သုဘဒ္ဒပရိဗိုဇ်သည် "ဆရာဖြစ်ကုန်သော ပရိဗိုဇ်တို့၏ ပြောစကားအရ 'ပူဇော်အထူးကို ခံတော်မူထိုက်၍ တရားအလုံးစုံကို သိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တစ်ရံ တစ်ခါသာ ပွင့်တော်မူကြကုန်၏'ဟု ကြားဖူး၏။ ရဟန်းဂေါတမသည်လည်း ဘုရားဟု ဝန်ခံ၏။ ထိုရဟန်းဂေါတမသည် ယနေ့ညဉ့်သန်းလွဲ ပစ္ဆိမယံတွင် ပရိနိဗ္ဗာန်စံတော့မည်။ ရဟန်းဂေါတမ ပရိနိဗ္ဗာန်မစံမီ ငါ၏ယုံမှား သံသယကို ဖျောက်ပေးနိုင်ကောင်း ဖျောက်ပေးနိုင်ပါလိမ့်မည်"ဟု အကြံဖြစ်ခဲ့ သည်။ ထိုနောက် ဘုရားရှင်ရှိရာ မလ္လမင်းတို့၏ ဥယျာဉ်သို့သွား၍ အရှင်အာနန္ဒာအား ဘုရားရှင်ကို တရားစကားလျှောက်ထားခွင့် ပြုရန်နှင့် ဖူးမြော်ခွင့်ပြုရန် တောင်းပန်ခဲ့၏။ အရှင်အာနန္ဒာကလည်း သုဘဒ္ဒပရိဗိုဇ်အား ခွင့်မပြုနိုင်ပါကြောင်း၊ ဘုရားရှင်သည် အလွန်ပင်ပန်းလျက် ရှိတော်မူကြောင်း၊ ယခုအချိန်မျိုးတွင် ဘုရားရှင်ကို မညှင်းဆဲသင့်ပါကြောင်း ပြန်ကြား ခဲ့လေသည်။ သုဘဒ္ဒပရိဗိုဇ်က အရှင်အာနန္ဒာအား နှစ်ကြိမ်မြောက်တောင်းပန်၏။ အရှင်အာနန္ဒာကလည်း နှစ်ကြိမ်မြောက်တားမြစ်ခဲ့၏။ သုဘဒ္ဒကလည်း အလျှော့ မပေးဘဲ သုံးကြိမ်မြောက် တောင်းပန်ခဲ့၏။ အရှင်အာနန္ဒာကလည်း သုံးကြိမ်မြောက် တားမြစ်ခဲ့၏။ ထိုအချိန်၌ ဘုရားရှင် သည် အလွန်ပင်ပန်း နွမ်းနယ်နေခဲ့သော်လည်း သတ္တဝါတို့၏ အကျိုးကိုသာ ကြည့်တတ်သည့် မဟာကရုဏာတော်ရှင် ဘုရားသခင်သည် သုဘဒ္ဒပရိဗိုဇ်နှင့် အရှင်အာနန္ဒာတို့ အပြန်အလှန်ပြောနေသော စကားကို ကြားတော်မူခဲ့သည်။ ထိုအခါ ဘုရားရှင်သည် အရှင်အာနန္ဒာအား "အာနန္ဒာ. . . သုဘဒ္ဒကို မတားမြစ်ပါလင့်။ ငါဘုရားကို ဖူးမြော်ခွင့် ပေးလိုက်ပါ။ ငါဘုရားကို မေးသမျှသည် ငါဘုရားကို ညှင်းဆဲလို၍ မဟုတ်ဘဲ သိလို၍မေးမြန်းခြင်းသာ ဖြစ်ပါလိမ့်မည်။ ငါဘုရား ဖြေကြားလိုက်က သုဘဒ္ဒအလျင်အမြန် သိပါလိမ့်မည်"ဟု အမိန့်ရှိခဲ့လေ သည်။ ထိုအခါ အရှင်အာနန္ဒာသည် သုဘဒ္ဒပရိဗိုဇ်အား ဘုရားရှင်က ခွင့်ပြုကြောင်း ပြောခဲ့သည်။

သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ထံ အလျင်အမြန်သွား၍ တစ်ခုသော နေရာ၌ ထိုင်လျက် "အရှင်ဂေါတမ. . . ပုရာဏကဿပ၊ မက္ခလိဂေါသာလ စသော သမဏဗြာဟ္မဏတို့သည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံကြကုန်၏။ ဂိုဏ်းဆရာလည်းဖြစ်ကြကုန်၏။ ထင်ရှားကျော်ကြားကုန်၏။ တရားအားလုံး ကိုလည်းသိသည်ဟုလည်း ဝန်ခံကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် ၎င်းတို့ ဝန်ခံချက်အတိုင်း သိပါကုန်သလော၊ မသိဘဲ နေကုန်ပါသလော၊ အချို့က သိ၍ အချို့က မသိပါသလော"ဟု သူ၏သံသယကို ဘုရားရှင်အား ထုတ်ဖော် လျှောက်ထားခဲ့၏။ ထိုအခါ ဘုရားရှင်က—

> "သုဘဒ္ဒ. . . ဤအမေးကို ထားပါဦး။ သင့်ကို ငါဘုရား တရားဟောအံ့။ သုဘဒ္ဒ. . . အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အရိယမဂ် မရှိသော သာသနာ၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဟူသည် မရှိနိုင်။ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အရိယမဂ်ရှိသည့် သာသနာတော် ၌သာ သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်၊ ရဟန္တာတို့ ရှိကုန်၏။ သုဘဒ္ဒ. . . ဤသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာနှင့် အာရဒ္ဓဝိပဿကရဟန်းတို့သည် မဂ္ဂင်ရှစ်ပါး အကျင့်တရားကို ကောင်းစွာကျင့်ကြ ပွားများနေသည်ရှိသော် ကမ္ဘာလောကသည် ရဟန္တာတို့မှ မဆိတ်သုဉ်းနိုင်ပေ"

ဟုဟောလိုက်သည်နှင့် သုဘဒ္ဒသည် သဘောပေါက်သွားကာ ဘုရားရှင်အား ရှင်ရဟန်းပြုပေးရန် တောင်းပန်ခဲ့တော့သည်။ သုဘဒ္ဒပရိဗိုဇ်သည် ဘုရားရှင်ထံ၌ ရှင်အဖြစ်ကို ရလေ၏။ ရဟန်းအဖြစ်ကိုလည်း ရလေ၏။ မကြာမီ ယခုဘဝ၌ပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၍ ဘုရားရှင်၏ **နောက်ဆုံးမျက်မှောက်တပည့်**တစ်ဦးဖြစ်ခဲ့လေသည်။ မဟာကရုဏာရှင် ဘုရားသခင်သည် နောက်ဆုံးအချိန်လေး၌ပင် နားနေတော်မမူဘဲ သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့လေသည်။ ဘုရားရှင်ကား စင်စစ် မဟာကရုဏာ တော်ရှင်ကြီးပါတကား။

**ဘုရားရှင်၏ နောက်ဆုံးစကားတော်နှင့် ပရိနိဗ္ဗာန်ပြုတော်မူခြင်း**

ဘုရားရှင်သည် သုဘဒ္ဒကို တရားဟောတော်မူပြီးနောက် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဆက်လက်အမိန့်ရှိခဲ့ပြန်ပါသည်။ အရှင်အာနန္ဒာအား

ယခုအကြိမ်ပြောသော စကားတော်များသည် ဘုရားရှင်၏ နောက်ဆုံး စကားတော်များ ဖြစ်ခဲ့ပါသည်။

> "အာနန္ဒာ. . . 'တရားစကားတော်များသည် ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ။ ငါတို့၏ဆရာ ဘုရားသည် မရှိတော့ပြီ'ဟု သင်တို့ ထင်မှတ်ကောင်း ထင်မှတ်ကြပါလိမ့်မည်။ သို့သော် ထိုသို့ သင်တို့ မထင်မှတ်သင့်ပါ။ အာနန္ဒာ. . . ငါဘုရားဟောကြား ပညတ်ထားခဲ့သော တရားတို့နှင့် ဝိနည်းတော်တို့သည် ငါဘုရား ကွယ်လွန်သည့်အခါ၌ သင်တို့၏ ဆရာ ဘုရားပင်ဖြစ်ပါသည်"ဟု မိန့်ကြားတော်မူသည်။

ထိုနောက် ရဟန်းသံဃာတော်တို့အား "ရဟန်းတို့. . . ဘုရားရှင်၌ဖြစ်စေ၊ တရားတော်၌ဖြစ်စေ၊ သံဃာတော်တို့၌ဖြစ်စေ၊ မဂ်၌ဖြစ်စေ၊ အကျင့်ပဋိပတ်၌ ဖြစ်စေ ယုံမှားတွေးတောခြင်းသည် တစ်စုံတစ်ယောက်သော ရဟန်းအား ဖြစ်သည် ရှိငြားအံ့။ ရဟန်းတို့. . . ငါဘုရားအား မေးကြကုန်လော့၊ ဘုရားရှင်သည် ငါတို့၏ မျက်မှောက်၌ ထင်ရှား ရှိပါလျက်၊ ဘုရားရှင်ကို ကိုယ်တိုင် ကိုယ်ကျ ဖူးမြော်လိုက်ရပါလျက် မမေးခဲ့ရပါတကားဟု နောင်တ တစ်ဖန်၊ ပူပန်ခြင်း မဖြစ်ကြစေကုန်လင့်"ဟု မိန့်တော်မူခဲ့ပါသည်။

ရဟန်းတို့က ပြန်လည်မေးလျှောက်ခြင်း မရှိဘဲ ဆိတ်ဆိတ်နေခဲ့ ကြလေလျှင် ဘုရားရှင်က—

> "ရဟန်းတို့. . . ငါဘုရားသည် သင်တို့အား နောက်ဆုံး မှာတော်မူ ခဲ့မည်။ ပြုပြင်ပေးရ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘော၊ မမြဲခြင်းသဘော ရှိကုန်၏။ မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြပါကုန်လော့"ဟု မိန့်မှာတော်မူခဲ့လေသည်။

ဤကား ဘုရားရှင်၏ **နောက်ဆုံးမိန့်မှာခဲ့သော မိန့်ခွန်းတော်**ပါတည်း။ ထိုသို့ မိန့်မှာတော်မူပြီးနောက် မည်သူနှင့်မျှ စကားပြောတော်မမူတော့ဘဲ ဈာန်သမာပတ်ကို အပြန်ပြန်အလှန်လှန် ဝင်စားတော်မူကာ စတုတ္ထဈာန်မှ ထတော်မူပြီးသည်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူကာ အေးငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကြွသွားတော်မူလေ သတည်း။

## ရာဂမကင်းသေးသောသူများ ငိုကြွေးကြခြင်းနှင့် ရာဂကင်းသူများ သံဝေဂယူကြခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်ပြုသည်နှင့်တစ်ပြိုင်နက် ကြက်သီးမွေးညင်း ထလောက်အောင် ကြောက်မက်ဖွယ်ရာ ကြီးစွာသော မြေလျင်ကြီး လှုပ်ခဲ့လေ၏။ တော်လည်းသံတို့သည်လည်း တခြိမ့်ခြိမ့်မြည်ဟည်းကုန်၏။ လူနတ်ပြဟ္မာတို့သည် ဝမ်းနည်းပက်လက် ဖြစ်ခဲ့ကြရကုန်၏။ ရာဂကင်းပြီးသော အရိယာပုဂ္ဂိုလ်များက "သင်္ခါရတရားတို့သည် မမြဲလေစွ"ဟု ဆင်ခြင်သည်းခံ နိုင်ခဲ့ကြကုန်သော်လည်း ရာဂမကင်းကုန်သေးသော တပည့်သာဝကရဟန်းတော်များနှင့်တကွ လူနတ်ပြဟ္မာတို့မှာ "ငါတို့မှာ အားကိုးရာမဲ့လေပြီ။ ရွှေတောင်ကြီး ပြိုလေပြီ"ဟု အော်ဟစ်ငြီးငြူကာ၊ ဝမ်းနည်းတသ ငိုကြွေးခဲ့ကြကုန်၏။ ထိုအခါ သဟမ္ပတိပြဟ္မာကြီးက—

"အလုံးစုံသော တရားတော်ကို ကိုယ်တိုင်သိမြင်တော်မူ၍ အားဆယ်ပါး နှင့် ပြည့်စုံတော်မူသော ဤသို့ သဘောရှိသည့် ဆရာသခင် အတုမဲ့ ဘုရားရှင်သော်မှလည်း ပရိနိဗ္ဗာန် ပြုတော်မူရသေးလျှင်၊ သတ္တလောကရှိ သတ္တဝါ အားလုံးတို့သည် ရုပ်နာမ် နှစ်ခုအတ္တဘောအစုကို စွန့်ပစ်ကြရကုန် မည်သာ"ဟု လည်းကောင်း၊

နတ်တို့ သနင်း သိကြားမင်းက—"ဖြစ်ခြင်း၊ ပျက်ခြင်းသဘောရှိ၍ ပြုပြင်ကြရ၊ သင်္ခါရ တရားတို့သည် မမြဲလေကုန်စွ။ ဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်လေ ကုန်စွ။ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည်သာလျှင် ချမ်းသာပေလိမ့်မည်တကား"ဟု လည်းကောင်း၊

အရှင်အနုရုဒ္ဓါ ကိုယ်တော်ကြီးက— "တဏှာကင်းပြီးသော ဘုရားရှင်သည် အေးငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ပရိနိဗ္ဗာန် ပြုတော်မူ လေပြီ။ ကောင်းဆိုးနှစ်တန် အတူထားလျက် ရှုစားနိုင်သော ဘုရားရှင်၏ ထွက်လေ၊ ဝင်လေတို့သည် မရှိတော့ပြီ။ ဆီမီးလျှံ ငြိမ်းသကဲ့သို့ သံသရာမှ လွတ်မြောက်တော် မူလေပြီ"ဟု လည်းကောင်းအသီးသီး သံဝေဂယူတော်မူခဲ့ကြသည်။

## မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ကြခြင်း

ကုသိနာရုံပြည် မလ္လမင်းတို့သည် ပန်းနံ့သာတို့ကိုလည်းကောင်း၊ အတီးအမှုတ် တူရိယာတို့ကို လည်းကောင်း၊ ပုဆိုးအစုံ ငါးရာတို့ကို လည်းကောင်း ယူဆောင်၍ ဘုရားရှင်၏ အလောင်းတော်ရှိရာ အင်ကြင်း ဥယျာဉ်သို့ လာခဲ့ကြကုန်၏။ ထိုနောက် ဘုရားရှင်၏ အလောင်းတော်ကို ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့် လည်းကောင်း ပူဇော်ခဲ့ကြကုန်၏။ အရိုအသေ ပြုခဲ့ကြကုန်၏။ အဝတ် ဗိတာန် မျက်နှာကြက်တို့ကို ပြုကုန်၍ တန်ဆောင်းဝန်းကို ဆောက်လုပ်ကာ တန်ဆာဆင်ခဲ့ကြကုန်၏။ မလ္လမင်းတို့သည် ခုနစ်ရက်မြောက်သောနေ့၌ "ငါတို့သည် ဘုရားရှင်၏ အလောင်းတော်ကို ပူဇော်မှုအမျိုးမျိုးတို့ဖြင့် ပူဇော်ကြကုန်လျက် မြို့၏ အပြင် တောင်ဘက်လမ်းဖြင့် မြို့၏အပြင် တောင်ဘက် အရပ်သို့ ဆောင်ယူ၍ မီးသင်္ဂြိုဟ်ကြကုန်အံ့"ဟု ဆုံးဖြတ်ကြကာ မလ္လမင်းတို့၏ အကြီးအမှူး ရှစ်ယောက် တို့သည် ချီမခဲ့ကြကုန်၏။ ထိုအခါ အလောင်းတော်ကို ကြွချီခြင်းငှာ မစွမ်းနိုင်ခဲ့ကြ။

မလ္လမင်းတို့သည် အရှင်အနုရုဒ္ဓါကိုယ်တော်ကြီးကို မေးကြလေလျှင် အရှင်အနုရုဒ္ဓါ ကိုယ်တော်ကြီးက "မလ္လမင်းတို့. . . အသင်တို့ အလိုကား တစ်မျိုး၊ နတ်တို့အလိုကား တစ်မျိုး ဖြစ်နေခဲ့၏"ဟု ပြန်လည်အမိန့် ရှိခဲ့လေသည်။ နတ်တို့၏အလိုသည် ဘုရားရှင်၏ အလောင်းတော်ကို ပူဇော်မှုအမျိုးမျိုးတို့ဖြင့် ပူဇော်ကြကုန်လျက် မြို့၏ မြောက်ဘက်လမ်းဖြင့် မြို့၏မြောက်ဘက်သို့ ဆောင်ယူပြီးလျှင် မြို့၏ မြောက်ဘက်တံခါးမှ မြို့တွင်းသို့သွင်းလျက် မြို့လယ်လမ်းမဖြင့် မြို့လယ်သို့ ဆောင်ယူကာ မြို့အရှေ့ တံခါးမှထွက်၍ မြို့၏အရှေ့ဘက် မလ္လမင်းတို့ အဘိသိက် ခံသောအခါ မင်္ဂလာဆောင်းခြင်းစသည်ဖြင့် တန်ဆာဆင်ရာ မကုဋဗန္ဓန မည်သော စေတီဌာန၌ မီးသင်္ဂြိုဟ်ခြင်းအမှုကို ပြုလိုကုန်၏။ မလ္လမင်းတို့၏ ကုသိနာရုံပြည်ဝယ် အိမ်ခြံဝင်းစပ်၊ အညစ်အကြေးစွန့်ရာ၊ တံမြက်ချေးစွန့်ရာ အရပ်များပါမကျန် မန္ဒာရဝ နတ်ပန်းစသည်တို့ဖြင့် ဒူးဆစ်မြုပ်မျှ ဖြန့်ခင်းထားလျက် ရှိကုန်၏။ မလ္လမင်းတို့နှင့်တကွ နတ်လူတို့သည် နတ်တို့၏ အလိုအတိုင်း အလောင်းတော်ကို ဆောင်ယူ၍ မကုဋဗန္ဓနစေတီဌာန၌ ချထားပူဇော်ခဲ့ကြကုန်၏။

မလ္လမင်းတို့သည် အရှင်အာနန္ဒာအား ဘုရားရှင်၏အလောင်းတော်ကို မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို မေးလျှောက်ခဲ့ကြကုန်၏။ ထိုအခါ အရှင်အာနန္ဒာက ဘုရားရှင်အမိန့်ရှိတော် မူခဲ့သည့်အတိုင်း စကြဝတေးမင်း၏ အလောင်းတော်ကို စီရင်ကုန်သကဲ့သို့ ဘုရားရှင်၏ အလောင်းတော်ကို အသစ်စက်စက်အဝတ်ဖြင့် တစ်ပတ်၊ ဝါဂွမ်းနုဖြင့်တစ်ပတ်၊ နောက် အသစ်စက်စက် အဝတ်ဖြင့်တစ်ပတ်၊ ဤသို့အားဖြင့် အဝတ်အသစ်စက်စက် အစုံငါးရာ ကုန်သည်အထိ ရစ်ပတ်ပြီးလျှင် ဆီနှင့်တကွသော ရွှေတလား၌ ထည့်၍ အခြားရွှေတလားအဖုံးဖြင့် ဖုံးအုပ်ပြီးသော် နံ့သာမျိုးစုံတို့ကို ထင်းပုံပြု၍ ထိုထင်းပုံပေါ်၌ ရွှေတလားကို တင်ထားခဲ့ကြကုန်၏။

တစ်ဖန် မလ္လမင်း အကြီးအမှူးလေးယောက်တို့သည် ဘုရားရှင်၏ ထင်းပုံကို မီးတိုက်ကုန်သော်လည်း မီးလောင်စေခြင်းငှာ မစွမ်းနိုင်ဖြစ်ခဲ့ကြပြန်သည်။ ထိုအခါ မလ္လမင်းတို့သည် အရှင်အနုရုဒ္ဓါကို မေးလျှောက်ကြပြန်ရာ အရှင် အနုရုဒ္ဓါမထေရ်ကြီးက နတ်တို့၏ အလိုအားဖြင့် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းငါးရာနှင့်တကွ အရှင်မဟာကဿပ ကြွလာတော်မူလျက်ရှိ၏။ ဘုရားရှင်၏ ခြေတော်တို့ကို အရှင်မဟာကဿပ ဦးခိုက်၍ ရှိခိုးပြီးမှသာ နံ့သာထင်းပုံ မီးစွဲမည်ဖြစ်ကြောင်း ပြန်လည်အမိန့်ရှိခဲ့လေသည်။ အရှင်မဟာ ကဿပထေရ်ကြီးသည် ရဟန်းငါးရာနှင့်အတူ ဘုရားရှင်၏ အလောင်းတော် တင်ထားရာ နံ့သာထင်းပုံသို့ ရောက်ခဲ့ကြပြီး သင်္ကန်းကို လက်ဝဲတစ်ဖက် ပုခုံးထက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လက်ယာရစ် သုံးပတ်လှည့်ခဲ့၏။ ထို့နောက် ဘုရားရှင်၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးခဲ့၏။ နောက်ပါ ရဟန်းငါးရာတို့သည်လည်း အရှင်မဟာ ကဿပထေရ်ကြီးနည်းတူ ရှိခိုးခဲ့ကြသည်။ ထိုအခါ နံ့သာထင်းပုံသည် အလိုလို မီးစွဲလောင်ခဲ့တော့သည်။ အလောင်းတော်ကို မီးသင်္ဂြိုဟ်မှု ပြီးသောအခါ ကောင်းကင်မှ ရေအလျဉ်သည် ထင်ရှား ဖြစ်ပေါ်လာပြီး နံ့သာထင်းပုံကို ငြိမ်းစေခဲ့သည်။ မလ္လမင်းတို့ကလည်း နံ့သာရေတို့ဖြင့် ပက်ဖြန်းငြိမ်းသတ်ခဲ့ကြသည်။ ထိုနောက် ဘုရားရှင်၏ သရီရဓာတ်တော် တို့ကို မကုဋဗန္ဓနမင်းကွန်း၌ထားကာ ပူဇော်မှုကို ပြုခဲ့ကြကုန်၏။

## သရီရဓာတ်တော်များ ခွဲဝေခြင်း

ဓာတ်တော်များ ခွဲဝေခြင်းကိစ္စနှင့်ပတ်သက်၍ ရှစ်ပြည်ထောင်မင်းများ အချင်းချင်း စစ်ဖြစ်ပွားမည့် အခြေအနေသို့ရောက်လာသောအခါ **ဒေါဏ ပုဏ္ဏား**သည် မင်းအပေါင်းတို့အား "ဓာတ်တော်များကို ခွဲဝေရယူရေး၌ စစ်မက်မဖြစ်ပွားသင့်ပါ။ ဘုရားရှင်သည် သည်းခံသော ဝါဒရှိပါသည်။ အရှင်တို့သည် တစ်ပေါင်းတည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်လျက် သရီရဓာတ်တော်တို့ကို ရှစ်ဖို့ ရှစ်စုခွဲ ဝေယူကြ၍ စေတီပုထိုးများ အနှံ့အပြား တည်ကြပါကုန်"ဟု ပြောဆိုညှိနှိုင်းပေးခဲ့သည်။ ထိုနောက် သရီရဓာတ်တော်တို့ကို ပြည်တောင်းဖြင့်ခြင်ကာ ရှစ်ဖို့ရှစ်စုပြုလျက်—

- ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် ဘုရင်ရှအဇာတသတ်အား တစ်ဖို့တစ်စု၊
- ဝေသာလီပြည် လိစ္ဆဝီမင်းတို့အား တစ်ဖို့တစ်စု၊
- ကပိလဝတ်ပြည် သာကီဝင်မင်းသားတို့အား တစ်ဖို့တစ်စု၊
- အလ္လကပ္ပပြည် ဗုလိမင်းတို့အား တစ်ဖို့တစ်စု၊
- ရာမရွာသား ကောဠိယမင်းတို့အား တစ်ဖို့တစ်စု၊
- ဝေဌဒီပတိုင်းသား ပုဏ္ဏားတို့အား တစ်ဖို့တစ်စု၊
- ပါဝါပြည်သား မလ္လမင်းတို့အား တစ်ဖို့တစ်စု၊
- ကုသိနာရုံပြည်သား မလ္လမင်းတို့အား တစ်ဖို့တစ်စု—

ခွဲဝေပေးခဲ့ပြီးနောက် မိမိကမူ ဓာတ်တော်ခြင်သော ပြည်တောင်းကိုသာ ယူ၍ ကိုးကွယ်ခဲ့လေသည်။ ပိပ္ပလိဝနတိုင်းသား မောရိယမင်းတို့မှာကား ဓာတ်တော်အဖို့အစုတောင်းခံမှု နောက်ကျကြသဖြင့် သရီရဓာတ်တော် အဖို့အစုကို မရကြတော့ဘဲ ဘုရားရှင်၏ အလောင်းတော်အား မီးသင်္ဂြိုဟ်ရာ အရပ်မှ မီးသွေးခဲတို့ကိုသာ ယူဆောင်၍ ကိုးကွယ်ခဲ့ကြကုန်သတည်း။

## ကျမ်းညွှန်းစာရင်း

၁။ အပဒါနပါဠိ ပထမတွဲ -ဒုတိယတွဲ
၂။ ဗုဒ္ဓဝံသပါဠိ
၃။ မဇ္ဈိမပဏ္ဏာသပါဠိ
၄။ မဟာဝဂ္ဂပါဠိ
၅။ ထေရဂါထာ
၆။ ထေရီဂါထာ
၇။ အင်္ဂုတ္တရပါဠိ ပထမတွဲ
၈။ အပဒါန အဋ္ဌကထာ ပထမတွဲ
၉။ ဗုဒ္ဓဝံသ အဋ္ဌကထာ
၁၀။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ
၁၁။ သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ
၁၂။ မဟာဝဂ္ဂ အဋ္ဌကထာ
၁၃။ အင်္ဂုတ္တရ အဋ္ဌကထာ ပထမတွဲ
၁၄။ အဋ္ဌသာလိနီ အဋ္ဌကထာ
၁၅။ ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ပ- ဒု- တ- စ
၁၆။ သောတတ္ထကီ

# အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။
တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ဓမ္မပဒ)

## ဓမ္မဒါနကုသိုလ်ရှင်

ဖခင်ကြီး (ဦးတင်လှ) နှင့် မိခင်ကြီးဒေါ်စန်းရီ ကို
အမှူးထား၍
ဒေါက်တာခင်ခင်ရီ မိသားစု ကောင်းမှု။

## အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓဝင်နှင့် ဓမ္မစကြာ (၁၉၉၆)

၂။ ဗုဒ္ဓ၏ ပုံတော်နှင့် ဂုဏ်တော်များ (၁၉၉၉)

၃။ မိဘမေတ္တာ (၁၉၉၉)

၄။ ဘဝငြိမ်းချမ်းအောင် နေမယ် (၂၀၀၀)

၅။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၁) (၂၀၀၁)

၆။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၂) (၂၀၀၁)

၇။ ဓမ္မလက်ဆောင် (၂၀၀၁)

၈။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
မူလပဏ္ဏာသ (၁) (၂၀၀၁)

## ဓမ္မဗိမာန်ထုတ် ကျမ်းစာများ

၁။ ဂါထာသူစိ (၂၀၀၂)

၂။ ဗုဒ္ဓဘာသာအရေး ဓမ္မဒေသန အတွေးအမြင်များ (၂၀၀၃)

၃။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (၂၀၀၃)

## ဘုရားရှင်၏ ကျေးဇူးတော်

ဘုရားရှင်တော်
မပွင့်ပေါ်လျှင်
လူတော်အများ
စိတ်ကောင်းထားလည်း
ဤကား ကုသိုလ်
အကုသိုလ်နှင့်
ထိုထို ဘုံဘဝ
မသိရ
များလှ အပြစ်တွေ။

ဘုရားရှင်တော်
ပွင့်ထွန်းပေါ်၍
ဟောဖော် ညွှန်ကြား
မြတ်တရားကြောင့်
ဤကား ကုသိုလ်
အကုသိုလ်နှင့်
ထိုထို ဘုံဘဝ
သိကြရ
များလှ ကျေးဇူးတွေ။

အရှင်ဇနကာဘိဝံသ